
www.burmeseclassic.com




# TALES BY JAPANESE SOLDIERS

# ဂျပန်စစ်သည်တို့ကပြောပြသည့်ဇာတ်လမ်းများ

KAZUO TAMAYAMA AND
JOHN NUNNELEY

တောင်ခိုး

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## Four Political Objectives

* Stability of the State, community peace and tranquillity, prevalence of law and order.
* National reconsolidation.
* Emergence of a new enduring State Constitution.
* Buildingof a new modern developed nation in accord with the new State Constitution.

## Four Economic Objectives

* Development of agriculture as the base and all-round development of other sectors of the economy as well.
* Proper evolution of the market-oriented economic system.
* Developement of the economy inviting participation in terms of technical know-how and investments from sources inside the country and abroad.
* The initative to shape the national economy must be kept in the hands of the State and the national peoples.

## Four Social Objectives

* Uplift of the morale and morality of the entire nation.
* Uplift of national prestige and integrity and preservation and safeguarding of cultural heritage and national character.
* Uplift of dynamism of patriotic spirit.
* Uplift of health, fitness and education standards of the entire nation.

စစ်မှုပညာရပ်ဆိုင်ရာ စာအုပ်

# TALES BY JAPANESE SOLDIERS

KAZUO TAMAYAMA

AND

JOHN NUNNELEY

# ဂျပန်စစ်သည်တို့က ပြောပြသည့် ဇာတ်လမ်းများ

တောင်ဆိုး

ပြည့်စုံစာအုပ်တိုက်
အမှတ် (၇၈)၊ မြေညီထပ်နှင့် ပထပထပ်
လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း — ၇၀၆၀၈၂၊ ၂၂၄၃၇၅

www.burmeseclassic.com

စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာ မှတ်တမ်း

၂၀၀၃–ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်၊

အုပ်ရေ (၁၀၀၀)

**စာမူခွင့်ပြုချက်အမှတ်**

[၅၄ / ၂၀၀၃ (၇)]

**မျက်နှာဖုံးခွင့်ပြုချက်**

[၆၂ / ၂၀၀၃ (၉)]

❑

**မျက်နှာဖုံးဒီဇိုင်း**

ဆုပြည့်

❑

**မျက်နှာဖုံးကာလာခွဲ**

Alpha

❑

**ပုံနှိပ်သူ**

ဦးမြတ်ကျော်၊ စာလုပ်ငန်းပုံနှိပ်တိုက် (၀၅၅၅)

၁၉၄၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**

ဦးပြုံးမောင်မောင်၊ အင်းဝစာအုပ်တိုက်၊ ယာယီ (၅၁၃)

၂၃၂၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❑

**စာစီ** – KMK, NNY

**အတွင်းဖလင်** – စာလုပ်ငန်း

**စာအုပ်ချုပ်** – ကိုမြင့်နှင့် ညီများ

❑

**စာမူ မူပိုင်** © – စံလွင်နှင့် ပြည့်စုံ

**မျိုးအောင် (ရက္ခဓမ္မ)၏ စီစဉ်ထုတ်လုပ်မှု**

[ တန်ဖိုး – ၁၅၀၀ ကျပ် ]



## မာတိကာ


| | | |
|---|---|---|
| | မိတ်ဆက်စကား | ၁ |
| ၁ | ရန်ကုန်သို့ (၁၉၄၂ ခုနှစ် ဇန်နဝါရီလမှမတ်လ) | ၂၃ |
| | ၁။ တရုတ်ပြည်မှ မြန်မာပြည်သို့ | ၂၄ |
| | ၂။ ထားဝယ်သို့ချီစစ် | ၃၀ |
| | ၃။ လှံစွပ်ထိုးညတိုက်ပွဲ | ၃၇ |
| | ၄။ ဘီးလင်းတိုက်ပွဲ | ၄၀ |
| | ၅။ စစ်တောင်းတံတား | ၄၇ |
| | ၆။ စစ်တောင်းတံတား<br>ဝိုးမိုးတောင်ကုန်းကိုသိမ်းခြင်း | ၅၀ |
| | ၇။ ရန်ကုန်မြို့ထဲသို့ ပထမဝင်သူ | ၅၃ |
| | ၈။ ရန်ကုန်သို့ အပြင်းနှင်ခန်း | ၅၆ |
| | ၉။ ရန်ကုန်မှ ဦးဆုံးပို့သည့်ကြေးနန်း | ၆၀ |
| | ၁၀။ နောက်ဆုံးရထားကိုတိုက်ခြင်း | ၆၁ |
| | ၁၁။ ပဲခူးတွင် ဘေးသင့်ခြင်း | ၆၉ |
| | ၁၂။ သန်လျင်မြို့မှ ဂျပန်အမျိုးသမီး | ၇၇ |
| ၂ | ချီစစ် (၁၉၄၂ ခုနှစ်၊ မတ်လမှ ဇွန်လအထိ) | ၈၁ |
| | ၁၃။ မြောက်ဘက်ဆန်တက်သည့်ချီစစ် | ၈၂ |
| | ၁၄။ တိုက်ပွဲစပြီ | ၈၅ |
| | ၁၅။ သတ္တိဒွေးအပြည့်နှင့် ရန်သူစစ်သည် | ၈၈ |
| | ၁၆။ တင့်ထိုးစစ် | ၉၀ |
| | ၁၇။ ရန်သူ့တင့်ကားများ၏ အတက်နှင့်အဆုတ် | ၉၂ |
| | ၁၈။ သတိုးတန်း၌ အပြင်းအထန်တိုက်ပွဲ | ၉၆ |
| | ၁၉။ ကုက္ကိုခြွ တိုက်ပွဲ | ၁၀၃ |

www.burmeseclassic.com




၂၀။ ကုက္ကိုခြံတွင် ရှုံးပွဲ ၁၀၈
၂၁။ ရေနံချောင်းအဝင် ၁၁၀
၂၂။ ပူပူနွေးနွေး နံနက်စာ ၁၁၃.
၂၃။ ရက်ရက်စက်စက်တိုက်ပွဲတစ်ပွဲ ၁၁၄
၂၄။ စစ်ဆိုင်းအလံ ၁၁၇
၂၅။ ရေနံချောင်းလမ်းမပေါ်တွင် ၁၁၉
၂၆။ ရေနံချောင်းကိုစစ်ကူလိုက်ကြ ၁၂၂
၂၇။ မုံရွာတိုက်ပွဲ ပထာမ ၁၂၄
၂၈။ အမြောက်နှင့်တင့်ကား စီးချင်းထိုးပွဲ ၁၂၆
၂၉။ ရွှေကျင်သို့ချီစစ်ဆင်ခြင်း ၁၃၀
၃၀။ ပြင်းပြင်းထန်ထန်တိုက်ပွဲ ၁၃၂
၃၁။ မြို့ရွှေမန်းလမ်းပေါ်တွင် ၁၃၅
၃၂။ ကာလဝမ်းရောဂါ ၁၄၀
၃၃။ ဗိုးရိုးနှင့် ဟာရီကိန်း ၁၄၂

၃ သိမ်းဆိုက်အုပ်ချုပ်သည့်ကာလ (၁၉၄၂ ဇူလိုင်မှ ဒီဇင်ဘာ) ၁၄၉
၃၄။ တူညီဝတ်စုံဖြူနှင့်နတ်မိမယ်ကလေးများ ၁၅၀
၃၅။ ငါးဖမ်းခြင်း ၁၅၅
၃၆။ အကူရဲဘော် ၁၅၉
၃၇။ တပ်များအားရေပေးဝေခြင်း ၁၆၄
၃၈။ တောင်ကြီးမှ ကလေးဝသို့ ၁၇၂
၃၉။ ဗိုလ်ချုပ်ကြီးဆာကူရိုင်း ၁၇၇
၄၀။ ခြိဒ်စ်တပ် နောက်လိုက်စစ် ၁၈၇





၄ ရခိုင်စစ်ဆင်ရေး (၁၉၄၃ ခုနှစ် ဇန်နဝါရီမှ ၁၉၄၄ ခုနှစ် မတ်) ၁၉၅
၄၁။ စစ်တွေသို့ ၁၉၆
၄၂။ ဒုံပိုက် ၁၉၉
၄၃။ အင်းဒင်သို့ တိုက်ပွဲများ ၂၁၀
၄၄။ မြင်းခွာတောင်ကုန်း ၂၁၆
၄၅။ ရန်သူ အရာရှိ လက်နက်ချခြင်း ၂၂၄
၄၆။ မိမိတပ်၏ကျည်သင့်၍ ဆုံးပါးရသူ ၂၂၉
၄၇။ မြေအောက် စစ်ဆင်မှု ၂၃၅
၄၈။ အလှည့်အပြောင်းဖြစ်သည့်
ဆင်စွယ်ရတိုက်ပွဲ ၂၃၉
၄၉။ ဘူးသီးတောင်သို့ခရီးကြမ်း ၂၄၈

၅ အင်ဟားနှင့်ကိုဟီးမား(၁၉၄၄ ခုနှစ် မတ်လမှ ဇွန်လ) ၂၅၁
၅၀။ ဆင်ဂျယ်တိုက်ပွဲ ၂၅၂
၅၁။ ဆန်ရှုတ်နှင့် ကိုဟီးမား ၂၆၀
၅၂။ တပ်ရင်း တစ်ရင်းအတွက်စားနပ်ရိက္ခာ ၂၈၂
၅၃။ ချင်းတွင်း အစုန် ခရီးကြမ်း ၂၉၄
၅၄။ မြင်း နှင့် နွား ၃၂၁
၅၅။ ဧရာဝတီမြစ်ဝကျွန်းပေါ်မှ
ကင်းစောင့်ရေတပ်ဖွဲ့ ၃၃၂
၅၆။ ဘုရားမျက်နှာတော်လွှဲလိုက်တဲ့ လူတစ်စု ၃၄၀


www.burmeseclassic.com

www.burmeseclassic.com



၆ ဆုတ်စစ် (၁၉၄၄ ခုနှစ်၊ ဩဂုတ်မှ ၁၉၄၅ ခုနှစ် ဩဂုတ်) ၃၆၃
၅၇။ ရောကမ်းမှတိုက်ပွဲ ၃၆၄
၅၈။ မော်ချီးလမ်းမ ၃၇၆
၅၉။ ဗိုလ်ချုပ်ကြီးနှင့်စစ်သားကလေးတစ်ဦး ၃၈၂
၆၀။ ရဲသားလက်မှ ထွက်လာရသည့် သူနာပြုဆရာမလေးများ ၃၈၇
၆၁။ ဗြိတိသျှဆေးရုံရောက် ဂျပန်သူနာပြုဆရာမကလေးများ ၄၀၄
၆၂။ ဟူးကောင်းတောင်ကြားနှင့် မိတ္ထီလာ ၄၁၅

မြန်မာ့ပြည်တိုက်ပွဲစဉ် မှတ်စု
အပိုင်း(၁) ၄၂၁
အပိုင်း(၂) ၄၂၅
အပိုင်း(၃) ၄၂၈
အပိုင်း(၄) ၄၃၀
အပိုင်း(၅) ၄၃၂
အပိုင်း(၆) ၄၃၅

BURMESE CLASSIC



## မြန်မာပြန်သူ၏ ပဏာမ စကား

ဤစာအုပ်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်တို့က မြန်မာပြည်တွင်းသို့ ဝင်ရောက်ခဲ့သည်မှ ဂျပန်နိုင်ငံနှင့် စစ်ပြီးသွားသည်အထိကာလတွင်း ဗြိတိသျှ–အိန္ဒိယတပ်များနှင့် ဖြစ်ပွားသည့် တိုက်ပွဲစဉ်များကို အကယ်ပါဝင်ခဲ့သည့် အရာရှိစစ်သည်တို့က ကိုယ်တွေ့ပြန်လည် ပြောပြချက်များအရ အစီစဉ်တကျပြုစုထားသော Tales by Japanese Soldiers အမည်ရှိ စာအုပ်ကို မြန်မာပြန်ထားခြင်းဖြစ်ပါသည်။ ဂျပန်စစ်သားတို့က ပြန်လည်ပြောပြသည့် ပုံပြင်များဟု ဆိုသော်လည်း နောက်ပိုင်းတွင် ဂျပန်ကြက်ခြေနီအသင်းမှ သူနာပြုဆရာမကလေးများ၏ ကိုယ်တွေ့ဖြစ်စဉ်များလည်းပါသည်။ ၎င်းတို့ ပြန်ဖောက်သည်ချသော အတွေ့အကြုံများကို အဓိကထားကာ တွေ့ဆုံမေးမြန်းရာမှရရှိသည့် အချက်များနှင့်အားဖြည့်၍ တပ်များ၏ စစ်သမိုင်းမှတ်တမ်းများ၊ ကိုယ်ရေးမှတ်တမ်းများ၊ စစ်ပြန်အဖွဲ့များက ထုတ်ဝေသည့် စာစောင်များ စသဖြင့် သတင်းရရှိနိုင်မည့်နေရာဌာနမျိုးစုံမှရသည့် အချက်များနှင့် တိုက်ဆိုင် စိစစ်ထားသည်ဟုသိရပါသည်။

ထူးခြားသည့်နောက်တစ်ချက်မှာ ဤစာအုပ်သည် ဂျပန်တစ်ဦးနှင့် ဗြိတိသျှတစ်ဦးတို့က ပူးပေါင်းပြုစုထားသည့် စာအုပ်တစ်အုပ်ဖြစ်ပြီး ၎င်းတို့မှာ ဂျပန်နှင့်ဗြိတိန်နှစ်နိုင်ငံ ချစ်ကြည်

www.burmeseclassic.com

www.burmeseclassic.com



သင့်မြတ်ရေးကို ရှေးရှုသည့် အသင်းအဖွဲ့များတွင်ပါဝင်သူများ ဖြစ်ကြပါသည်။ တိုက်ပွဲများတွင် ပါဝင်ခဲ့သူများနှင့် တွေ့ဆုံမေးမြန်းခြင်း အချက်အလက်များကို ဂျပန်ကဗျာမှ သုတေသနပြုခြင်း လုပ်ငန်းကို ဒေါက်တာ ကာဇုအို တာမာယာမာက ဆောင်ရွက်လျက် မူကြမ်းအားလုံးကိုလည်း ရေးသား၍ မြန်မာပြည်တိုက်ပွဲများ၌ ခြေလျင်တပ်အရာရှိတစ်ဦးအဖြစ် ၁၉၄၄ ခုနှစ်တွင် ဗြိတိသျှတပ်များ မြန်မာပြည်ကိုပြန်သိမ်းရန် ထိုးစစ်ဆင်လာရာ၌ ဂျပန် "ကျားဖြူတပ်"ခေါ် တပ်မ(၃၃)မှ အမှတ်(၂၁၄) ခြေလျင်တပ်ရင်းကြီးနှင့် ကဘော်ချိုင့်ဝှမ်းအတွင်း ဖြစ်ပွားသော တိုက်ပွဲ၌ ဒဏ်ရာရရှိခဲ့သူ၊ ခြေလျင်တပ်မှူးအဖြစ် ဗြိတိသျှတို့၏ သူရဲကောင်းမှတ်တမ်းဝင် ဘွဲ့ချီးမြှင့်ခြင်းခံရသူ ဂျွန်နွန်နဲလီက ဒေါက်တာ တာမာယာမာ၏ အင်္ဂလိပ်စာအရေးအသားကို မူရင်းဂျပန်ဆန်ဆန် ရေးဟန်ကို မပျက်စေရဘဲ တည်းဖြတ်ပေးခဲ့သည်ဟု ဖော်ပြထားပါသည်။

ဒေါက်တာ တာမာယာမာသည် ၁၉၄၁ ခုနှစ်တွင် ဟိုကိုင်ဒိုတက္ကသိုလ်မှ ဘွဲ့ယူပြီးနောက် နောင်တွင် အမေရိကန်ပြည်ထောင်စု ကာနေဂျီမယ်လွန် တက္ကသိုလ်မှ မဟာဘွဲ့ယူကာ ဟိုကိုင်ဒိုတက္ကသိုလ်မှ ပါရဂူဘွဲ့ယူခဲ့သူ ဖြစ်ပါသည်။ ၁၉၄၁ ခုနှစ်မှ ၁၉၄၇ခုနှစ်အတွင်း၌ ဂျပန်ပြည်တွင် ကျောက်မီးသွေးမှဓာတ်ဆီထုတ်ရေး စီမံကိန်းတွင် လုပ်ကိုင်ခဲ့သည်၊ အမေရိကန်ဆေးထုတ်လုပ်ရေးကုမ္ပဏီ တစ်ခုတွင်လည်း လုပ်ကိုင်ခဲ့ဖူးသည့်ပြင် ဗြိတိသျှကုမ္ပဏီတစ်ခု၏ ဥက္ကဋ္ဌအဖြစ်လည်း ဂနှစ်ကြာမျှ ထမ်းဆောင်ခဲ့သူဖြစ်ကာ ဗြိတိသျှ အင်ပါယာ သင်္ဂဟအဖွဲ့၌ ဂုဏ်ထူးဆောင်အဖွဲ့ဝင် တစ်ဦးလည်းဖြစ်သည်။

BURMESE CLASSIC .com



ဂျပန်တို့သည် ၁၉၄၂ခုနှစ်တွင် အင်အား တစ်သိန်းခန့်ဖြင့် စတင်ဝင်ရောက်ကာ ဗြိတိသျှနှင့် ဗြိတိသျှကိုလိုနီတပ်များကို တိုက်ခိုက်မောင်းထုတ်ခဲ့ရာမှ ၁၉၄၄ ခုနှစ်ခန့်တွင် ၃၀၅,၅၀၀ အထိရှိလာသည်။ ၎င်းတို့အနက်မှ စစ်ပြီး၍ ၁၉၄၇ ခုနှစ်အထိ ဂျပန်ပြည်သို့ ပြန်ရောက်သည့် ဦးရေမှာ ၁၁၈,၃၅၂ ဖြစ်၍ ၆၁ ရာခိုင်နှုန်းမျှသာ ရှိသည်။ ဤမျှကြီးမားသော ဆုံးရှုံးမှုပမာဏတွင် တိုက်ပွဲကျ၊ ဒဏ်ရာဖြင့်သေဆုံးခြင်းစသော စစ်သားတို့အတွက် မဆန်းလှသော သေရခြင်းအကြောင်းရင်းများသာမက ဖျားနာ၍၊ အာဟာရချို့တဲ့၍၊ အစာရေစာပြတ်၍ဟူသော သေရခြင်း အကြောင်းရင်းများလည်း ပါဝင်နေပေရာ စားနပ်ရိက္ခာပစ္စည်း လွန်လွန်ကဲကဲပြတ်လပ်မှု၊ ဂျပန်ဗိုလ်ချုပ်ကြီးများ၏ ခေါင်းမာမှုနှင့် စီမံရေးရာ ညံ့ဖျင်းမှုတို့ကြောင့် ဖြစ်ရသည် ဟုဖော်ပြထားပါသည်။ ဤကား စာရင်ဇယားချုပ်လိုက်လျှင် လူ့အသက် ထောင်ပေါင်းများစွာ ဆုံးရှုံးခဲ့သည်ဟူသော ငြင်းမလွှတ်နိုင်သည့် အချက်ပေါ် သုံးသပ်ချက်ပင်ဖြစ်သည်ဟု ဆိုရပေမည်။ ဤသို့ မြန်မာနိုင်ငံနှင့် စစ်မက်ယှဉ်ပြိုင်ဘက်တို့၏ ထိုစဉ်က ယေဘုယျ အခြေအနေနှင့်တိုက်ပွဲစဉ်အားလုံးကို ခြုံငုံ၍ ရှေ့ပိုင်း မိတ်ဆက်စကားတွင်လည်းကောင်း အချိန်အပိုင်းအခြားအလိုက် စစ်ပွဲ၏အဆင့်တို့ကို နောက်ပိုင်းရှိ မြန်မာပြည် တိုက်ပွဲစဉ် မှတ်စုတွင်လည်းကောင်း ဖတ်ရှုရမည် ဖြစ်ပါသည်။

ဤစာအုပ်၏ နှလုံးသည်းပွတ်သဖွယ်ဖြစ်သည့် ကိုယ်တွေ့ဓာတ်လမ်းများကို ပြန်ပြောပြသူတို့မှာကား တပ်သားအဆင့်၊ အကြပ်အဆင့်၊ အရာရှိငယ်အဆင့်တို့သာ အများစုဖြစ်ကြသည်။ မျက်နှာတွင် ဒဏ်ရာပွန်းနေ၍ တစ်ခေါင်းလုံး ပတ်တီးစည်း

www.burmeseclassic.com

www.burmeseclassic.com



ထားရကာ အစာပင် မဝါးနိုင်သော်လည်း ဆက်လက်ကွပ်ကဲ၍ တိုက်ပွဲဝင်သူ၊ တင့်ကားကို ဓာတ်ဆီဗုံးနှင့်ပစ် မိုင်းဝင်ကပ်၍ တိုက်ခိုက်ပုံများ၊ ကျည်ကုန်သွားစဉ် ချဉ်းကပ်လာသော ရန်သူ့ ချေမှုန်းရေးတပ်ကို အော်ဟစ် မောင်းထုတ်ပုံ၊ ကျည်ရှင်းထားသော ရိုင်ဖယ်တွင် လှံစွပ်သက်သက်ဖြင့် ဂျပန်တို့၏ ညတိုက်ပွဲတိုက်နည်းမှသည် ကြက်ခြေနီသူနာပြုဆရာမကလေး ဆယ်ဦးက ရန်သူ့လက်တွင်း အကျမခံ ဗုံးခွဲ၍အားလုံး တစ်ပြိုင်တည်း သေပွဲဝင်မည်ဟူသော ကြိုးပမ်းချက်တို့ဖြင့် ဆက်မြက်သော စိတ်ဓာတ်၏ သဘောကို ထင်လင်းစေသည့် ဖြစ်စဉ်မျိုးက များသည်။

ထို့ပြင် အင်္ဂလိပ် တိုက်လေယာဉ်နှင့် ဂျပန်တိုက်လေယာဉ်တို့ စီးချင်းထိုးတိုက်ပွဲ၊ ပိတ်မိနေသည့် ရန်သူကို လက်နက်ချခိုင်းရန်ပြောရသည့်အခါ ရန်သူ့ရှေ့ ရပ်ပြရမည်ထက် အင်္ဂလိပ်လိုပြောရာတွင် အထာမကျမည်ကိုပိုစိုးရိမ်မိနေသော တပ်စုမှူးကလေး၊ ကာလဝမ်းကျသည်ကို အုန်းစိမ်းရေသွင်း၍ ကုသပုံ၊ မိမိတပ်အတွက် စီမံချက်စနစ်တကျချ၍ ငါးဖမ်းကျွေးသည့် တပ်ခွဲမှူး၊ မြစ်ဝကျွန်းပေါ် ချောင်းဆွယ်မြောင်းဆွယ်များထဲ ညအခါ ရေယာဉ်ဖြင့်သွားစဉ် တစ်ပင်လုံး လျှပ်စစ်မီးထွန်းညှိထားသကဲ့သို့ လင်းထိန်နေသောသစ်ပင်ကြီး၊ ချင်းတွင်းမြစ်ထဲမှ ဝဲသြဃကြီးထဲသို့ ငါးဖောင်ဖြင့် ဝင်ခဲ့ရသည့် အတွေ့အကြုံ၊ တပ်ခွဲတစ်ခွဲ စခန်းချထားရာသို့ဝင်ပြီး မိမိဘက်သို့ ကူးပြောင်းအောင် နှစ်ယောက်တည်းဝင်၍ စည်းရုံးသိမ်းသွင်းပုံ အစရှိသော ထောင့်ပေါင်းစုံမှ ရှုကွင်းရှုကွက်များကိုလည်း တွေ့ကြုံရသည်။



ဤစိတ်ဝင်စားဖွယ် စာအုပ်ကလေးကို ပေးရုံမက မြန်မာပြန်စာအုပ်အဖြစ်ပုံနှိပ် ထုတ်ဝေနိုင်ရန်စီစဉ်ဆောင်ရွက်ပေးသည့် ဦးမျိုးအောင်(ရက္ခ) ပြည့်စုံစာပေကိုလည်းကောင်း၊ စာစီပေးသည့် မြန်ကွန်စာပေအကျိုးဆောင်အဖွဲ့ကိုလည်းကောင်း ၊မူကြမ်းများကို စိတ်ရှည်လက်ရှည်ဖတ်ပြီး စာကျ စာရိုက်မှားများကို ရှာဖွေစစ်ပေးသော သမီးမာလာထွေးအား လည်းကောင်း ကျေးဇူးတင်လျက်။

**တောင်နိုး**


**သက္ကရာဇ် ၁၃၆၄ခု ဝါဆိုလဆန်း (၁၁)ရက်၊ စနေနေ့။**

**ခရစ်နှစ် ၂၀၀၂ခုနှစ် ဇူလိုင် (၂၀) ရက်။**

www.burmeseclassic.com

www.burmeseclassic.com








ဂျပန်တပ်များထိုင်းနိုင်ငံမှ မြန်မာပြည်တွင်းသို့
ချီလာစဉ်။

www.burmeseclassic.com


www.burmeseclassic.com



ဂျပန် စစ်သေနာပတိချုပ်
တောဂျူချီ



ဗိုလ်ချုပ်ကြီး
ဆေရှိရို ဣတာဂါကီ



အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်နှင့် တရုတ်ဗိုလ်ချုပ်များဖြစ်သည့် ဆွန်းလီယင်နှင့် လိုချိုယင်။

www.burmeseclassic.com




တပ်မ(၁၅) တပ်မှူး ဒုဗိုလ်ချုပ်ကြီး
မာဆာပူမိ ယာမာဥချိ



တပ်မ(၃၁) တပ်မှူး၊ ဒုဗိုလ်ချုပ်ကြီး
ကိုတုကု ဆာတို

ရန်ကုန်မြို့သိမ်းအပြီးတွင် ဆိပ်ကမ်း၌ရောက်ရှိနေသော ဂျပန်စစ်တပ်ဖွဲ့



www.burmeseclassic.com



စင်ကာပူရှိ ဗြိတိသျှဗိုလ်ချုပ်ကြီးပါစီဗယ်လ် လေဆိပ်ရောက်ရှိခြင်း



စင်ကာပူသို့ ဂျပန်ထိုးစစ် ချဉ်းကပ်လာချိန်တွင် မိန်းမနှင့်ကလေးများ ပြေးလွှားကြခြင်း




အမှတ်(၁၅) တပ်မတော်၏ တပ်မှူး
ဒုတိယဗိုလ်ချုပ်ကြီး ရေညာမူတာဂူချီ



မြန်မာပြည်ဂျပန်တပ်မတော်တပ်မှူး
ဗိုလ်ချုပ်ကြီး မာဆာကာဇု ကာဝါဘီ




မြန်မာရွာတစ်ရွာကို ဖြတ်သန်းချီတက်လျက်ရှိသည့် ဂျပန်တပ်ဖွဲ့




ဂျပန်တပ်မတော် (၁၅)မှ တပ်များ ချင်းတွင်းမြစ်ကို ဖြတ်ကူးကြစဉ်

ဂျပန်တပ်ကို မြန်မာပြည်သူလူထုက ဝိုင်းဝန်းကြိုဆိုနေကြစဉ်



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးဘူတာရုံကို ဂျပန်တပ်က ဗုံးကြဲဖျက်ဆီးပုံ

ချဉ်ဖလေသွဝဋ္ဌလေဒ္ဒဂါပ် ဦးဥစီဝါကြီးလာခဲ့ပြီ



www.burmeseclassic.com



ချောင်း၊တွင်းမြစ်ဖြတ်ရန် ပြင်နေသည့် ဂျပန်တပ်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com




[illegible] ခဲ့သည်



တိုက်ပွဲဝင်ရန် ချီတက်နေသည့် အမြောက်တပ်ဖွဲ့

www.burmeseclassic.com



လေကြောင်းမှတိုက်ခိုက်ပြီးနောက် ကမ်းထိုးရေယာဉ်များ ရန်ကုန်မြစ်ကို ဆန်တက်နေပုံ။



ဂျပန်စစ်မြေပြင်အင်ဂျင်နီယာစစ်သည်များ ယာယီတံတားကို ထောက်မထားပုံ။

www.burmeseclassic.com



ဒုဗိုလ်ချုပ်ကြီး မူတာဂုချိရှေ့တန်းသို့လာရောက်စဉ် စစ်သည်တစ်ဦးက ဗိုလ်ချုပ်ကြီး၏ ခမောက်ကို ၎င်း၏သံခမောက်ပေါ်ဆင့်၍ဆောင်းထားပုံ

မြို့တော်ရန်ကုန်သို့ ဦးတည်ချီတက်နေသော ဂျပန်တပ်။



www.burmeseclassic.com




မြို့အဝင်မြေပြင့်ပိုင်းမှ ရန်ကုန်မြို့တွင်းသို့ ကူပစ်ပေးရန် ဂျပန်တပ်က အမြောက်များဆင်ထားပြီးပုံ။

ဗိနီယာကပ်မှ ၂၅ ထံ ဂျပန်အရာရှိများ လက်နက်ချမှုပုံ



www.burmeseclassic.com




ခုခံမှုမဆိုစလောက်မျှသာ ကြုံရပြီး ရန်ကုန်မြေပေါ် ခြေချနိုင်ခဲ့ကြသည်



ရခိုင်ရိုးမတောတွင်း၌ နေသားတကျဖြစ်နေသော ဂျပန်တပ်ဖွဲ့တစ်ဖွဲ့

www.burmeseclassic.com



တရုတ်–မြန်မာစစ်မျက်နှာအတွက် အိန္ဒိယသို့ ရောက်လာသော အမေရိကန်စစ်လက်နက်ပစ္စည်းများ။


[illegible]



www.burmeseclassic.com



တောရာဥချိုက မောင်ဘက်တန်ထံ ဋင်းဓါးရှည်ပေးအပ်နေပုံ




အမေရိကန် လေတပ်မတော်မှ "သန်ဒါဘိုလ်"(မိုးကြိုးသွား) တိုက်လေယာဉ်များကို ရှိုင်းစစ်မျက်နှာရှေ့တန်း တစ်နေရာ၌တွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တန်း ခြေလျင်နှင့် ကိုက်ပွဲဝင်လျက်ရှိသော ဂျပန်တင့်ကား။



၁၉၄၂ခု—မြန်မာလယ်မကြီးကို စိုးမိုးလျက်ရှိသော
သံလွင်မြစ်ကျဉ်းတောင်ယံမှ။

www.burmeseclassic.com

www.burmeseclassic.com



ချီတက်ဝင်လာသည့် ဂျပန်တပ်များ



# မိတ်ဆက်စကား

## မြန်မာနိုင်ငံ ဝထဝီဝင်အနေအထား၊ နိုင်ငံသားများနှင့် မြန်မာပြည်စစ်ပွဲ

ဗိုလ်မှူး အယ်လင် အောတီ ဟစ္စကောက်ခ်၊ အမှတ်(၇၀)
စစ်မြေပြင်အင်ဂျင်နီယာတပ်ခွဲ၊
ဘုရင့်အင်ဂျင်နီယာတပ်ဖွဲ့၊ ပဉ္စမကျော့ဘုရင်မင်းမြတ်၏ ဘင်္ဂါလီ
ဆက်ပါ–မိုင်းနားတပ်
အမှတ်(၁၇)အိန္ဒိယ ခြေလျင်တပ်မ– အမှတ်(၃၃) တပ်မကြီး

ရန်ကုန်၊ ပြည်၊ မကွေး၊ မိတ္ထီလာ၊ ရွှေကျင်၊ ကလေးဝ

၁၉၄၅ ခုနှစ်မှ ၄၅ ခုနှစ်အတွင်း ဂျပန်နှင့် တိုက်ခိုက်ခဲ့ရာ ဒေသများမှာ ငှက်ဖျား မင်းမူရာ တောကြီးမျက်မည်းဒေသများဟု အများကသိနေသော်လည်း မြန်မာပြည်သည် ထိုသို့သောအဝန်းအဝိုင်းတို့ထက် များစွာကျယ်ဝန်းသည်သာမက ပိုမိုလေးနက် ထွေပြားသော သဘောလည်း ရှိပေသည်။ ထို့ပြင်နှစ်ပေါင်း ၂,၅၀၀ခန့် သမိုင်းရှည်သည့် ယဉ်ကျေးမှု သမိုင်းအစဉ်ရှိသော နိုင်ငံလည်း ဖြစ်သည်။

ဤနိုင်ငံ၏ စုစုပေါင်း မြေပြင် အကျယ်အဝန်းမှာ ၂၁၆,၀၀၀ စတုရန်းမိုင် ကျော်ကျော် ရှိသဖြင့် ဂျပန်နိုင်ငံထက် ၁.၈ ဆ၊ ဂရိတ်ဗြိတိန်ထက် ၂.၃ ဆမျှ ပိုကြီးသည်။ အရှည်ဆုံးသောမြစ်ဖြစ်သည့် ဧရာဝတီမြစ်သည် တိဗက်နှင့် နယ်စပ်

www.burmeseclassic.com

www.burmeseclassic.com



အနီးမှ မိုင် ၁,၃၅၀ကို ဖြတ်သန်း၍ ကပ္ပလီပင်လယ်ထဲသို့ စီးဝင်သည်။

မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်တို့နှင့် ဆက်စပ်၍ ကမ်းခြေ အလျားမိုင် ၁,၂၀၀ ရှိသည်။ ယင်း၏ ကုန်းပိုင်းနယ်စပ်ဒေသမှာ တရုတ်နှင့်နယ်ခြား ၁,၃၅၇ မိုင်၊ ထိုင်းနှင့် ၁,၂၀၀ မိုင်၊ အိန္ဒိယနှင့် မိုင် ၉၀၀ ရှိရာ ကမ္ဘာတွင် အရေးပါဆုံး ယဉ်ကျေးမှုများအနက် သုံးရပ်သော ယဉ်ကျေးမှုတို့နှင့် မြေချင်းတစ်စပ်တည်း ထိစပ်လျက်ရှိသည်။ လွန်လေပြီးသော ရာစုနှစ်များအတွင်း၌ ယင်းယဉ်ကျေးမှု သုံးရပ်တို့၏သက်ရောက်မှုကို တော်တော်များများ ကြုံရသည့်ပြင် ယခင်တစ်ချိန်က ပြင်သစ် အင်ဒိုချိုင်းနားတွင် ပါဝင်ခဲ့သော လာအိုနိုင်ငံနှင့် နယ်စပ် ၁၄၅ မိုင်ရှိကာ၊ ယခင်တစ်ချိန်က အရှေ့ဘင်္ဂလားဟု တွင်ခဲ့သော ဘင်္ဂလားဒက်ရှ်နိုင်ငံနှင့် နယ်စပ်မိုင် ၁၂၀ ရှိ၍ ယင်းတို့ထံမှလည်းဆိုပြီးခဲ့သလောက် မများသော သက်ရောက်မှုရှိခဲ့သည်။

တစ်ဖက်စာမျက်နှာရှိ မြေပုံကိုကြည့်လိုက်လျှင် မြန်မာပြည်သည် မြောက်မှတောင်သို့ စီးဆင်းလျက်ရှိသော ဧရာဝတီနှင့်ချင်းတွင်း ပင်မမြစ်နှစ်မြွာတို့၏ရှည်လျားသော မြစ်ဝှမ်းကြီးအဖြစ် အဓိကအားဖြင့် ရှုမြင်နိုင်ပါမည်။ ယင်းတို့လောက် စီးပွားရေးအရ အရေးမပါလှသော စစ်တောင်းနှင့် သံလွင်မြစ်တို့သည်လည်း အကြမ်းအားဖြင့် မြောက်မှ တောင်သို့ စီးဆင်းလျက် ရှိကြသည်။

သံလွင်မြစ်သည် မြစ်ဖျားခံရာ ဟိမဝန္တာတောင်မှ မြန်မာပြည်အရှေ့ပိုင်းကို ဖြတ်သန်း၍ မုတ္တမပင်လယ်ကွေ့ထဲသို့



မော်လမြိုင်မြို့မှစီးဝင်သည်။ ယင်းသည် ဧရာဝတီမြစ်လောက်ပင် ရှည်လျားသော်လည်း ရှမ်းကုန်းပြင်မြင့်၏ ချောက်ကမ်းပါးစောက်များကို ဖြတ်သန်းစီးဆင်းရာ၌ အန္တရာယ်ကြီးမားလှသော ရေစီးကြောင်းများ ထူပြောမှု၊ ရေအနက် ထူးကဲစွာ အပြောင်းအလဲ ပေါ်ပေါက်တတ်မှုတို့ကြောင့် ကုန်သွယ်စီးပွားရေးနှင့် စိုက်ပျိုးရေး ရှုထောင့်တို့အရ အရေးမပါလှပေ။ သံလွင်မြစ်သည် ချင်းပြည်နယ်တွင် ပေတစ်သောင်းကျော် မြင့်မား၍ ထိုမှ မြောက်နှင့် အရှေ့မြောက်တို့တွင် ပေ၁၉,၂၉၀မြင့်သော ခါကာဗိုရာဇီတောင် အပါအဝင်ဖြစ်သည့် တရုတ်ပြည်နှင့် ပိုင်းခြားထားသော တောင်တံတိုင်းကြီးများ၊ အရှေ့ဘက်တွင် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် ပိုင်းခြားထားသည့် တောင်တန်းများ ရှိသည်။ ဤတောင်တန်းအထုကို မြင်းခွာပုံအဖြစ် နှိုင်းနှုန်း တင်စားခြင်းခံရလေ့ရှိပြီး “မြင်းခွာ”၏ အပေါ်ပိုင်းသည် ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် မုတ္တမပင်လယ်ကွေ့များအဖြစ် လည်းကောင်း၊ ထိုမှတစ်ဆင့် အိန္ဒိယသမုဒ္ဒရာနှင့် ကပ္ပလီပင်လယ်သို့ လမ်းပွင့်နေသည်ကိုလည်းကောင်း တွေ့ရပေမည်။ ရခိုင်ပြည်နယ်သည် ထိုမြင်းခွာပုံတောင်စွယ်တောင်တန်း၏ အပြင်ဘက်၌ ကျရောက်နေသော ကုလားတန် စသည့်မြစ်မချောင်းငယ် အသွယ်သွယ် ယှက်သန်းနေသော ရေဆင်း စနစ်တစ်ရပ်အဖြစ်တည်ရှိ၍ ဘင်္ဂလားအော်နှင့်ဆက်စပ်လျက်ရှိသည်။

ဧရာဝတီမြစ်သည် မြန်မာပြည်၏ အလယ်ဗဟိုတစ်လျှောက်တွင် တည်ရှိပြီး မြစ်ဝကျွန်းပေါ်မှ ဗန်းမော်မြို့အထိ မိုင် ၉၀၀ခန့်ကို မီးသင်္ဘောများ ကောင်းစွာဆန်တက်နိုင်သည်။ ဗန်းမော်၏မြောက်ဘက်သို့ လှေ၊ ဖောင်တို့နှင့် ဆက်လက်၍ မြစ်ကြီးနားမြို့ မြောက်ဘက်ရှိ မြစ်ကြီး စတင်ပေါ်ထွက်သွားရာ

www.burmeseclassic.com

www.burmeseclassic.com



မြစ်ဆုံသို့ ကူးလူးနိုင်သည်။ ဤမြစ်ဆုံ၌ ပေါင်းဆုံမိကြသော မေခနှင့် မလိခမြစ်တို့သည် ဧရာဝတီ ဝန်းကျင်၌ မြစ်ဖျားခံလာကြခြင်း ဖြစ်လေသည်။

မြန်မာပြည်၏ ရာသီဥတုအခြေအနေသည် ကျန်တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများကဲ့သို့ပင် အိန္ဒိယသမုဒ္ဒရာမှ မုတ်သုံလေတို့၏ ကြီးကိုင်မှုအောက်တွင် တည်မှီနေသည်။ ထို့ကြောင့် မိုးဥတုသည် အနောက်တောင် မုတ်သုံလေစဝင်သည့် မေလပိုင်းမှစတင်ကာ အရှေ့မြောက်လေအဖြစ်သို့ပြောင်းလဲသည့် အောက်တိုဘာလအထိ ဆက်သွားသည်။ မြန်မာပြည်တစ်နိုင်ငံလုံးတွင် ဇွန်လမှ သြဂုတ်လအထိ အသည်းထန်ဆုံး မိုးရွာသည်။ သို့သော် အခြားသောအရှေ့တောင်အာရှနိုင်ငံများတွင်ဖြစ်ပေါ်လေ့ရှိသော ရေကြီးမှု၏ အဖျက်အဆီးသားဒဏ်မှ မြင်းခွာပုံသဏ္ဌာန်တောင်တန်းကြီးများက ကာကွယ်ပေးထားပေသည်။ နိုင်ငံ၏ဒေသအသီးသီးအလိုက် နှစ်စဉ်မိုးရေချိန် ၁၂၀မှ ၂၀၀ လက်မရသည့်ရခိုင်နှင့် တနင်္သာရီကမ်းမြောင်ဒေသများ၊ နှစ်စဉ်မိုးရေချိန် ၆၀ မှ ၁၀၀ လက်မရသော မြစ်ဝကျွန်းပေါ်ဒေသ စသဖြင့်တစ်နေရာနှင့် တစ်နေရာနှစ်စဉ်ရရှိသည့် မိုးရေချိန်မှာခြားနားသည့်ပြင် တောင်တန်းကြီး၏ လေကွယ်ရာအရပ်၌ မုတ်သုံမိုးမှ စီးဆင်းလာသော မြစ်ရေကို မြောက်ဖျားဒေသမှ ပျော်ကျလာသော ဆီးနှင်းရေကအားဖြည့်ပေးလိုက်သဖြင့် နွေရာသီတွင် မြစ်ကြီးများမှ ဆည်ရေဖြင့် သီးနှံမျိုးစုံစိုက်ပျိုးနိုင်ပေသည်။

မြန်မာပြည်သည် သစ်နှင့် ဆန်စပါး ထုတ်လုပ်နိုင်ခြင်းအတွက် ကျော်ကြားသည်။ ၁၉၄၁ခုနှစ်အထိ သစ်ထုတ်လုပ်မှုကို



သစ်တောဌာနက သေသေချာချာ ထိန်းထားကာ ဘုံဘေဘားမားကုမ္ပဏီ၊ စတီးဘရားသားစသော ကုမ္ပဏီကြီးများ၏လက်ထဲ၌ယင်းသို့ထိန်းသိမ်းခဲ့ခြင်းဖြစ်ပေသည်။ သစ်တောကြီးများနှင့်သစ်ပင်ပေါက်ရောက်ရာမြေပမာဏသည် နိုင်ငံ၏ ၅၀ရာနှုန်းခန့်ရှိသည်။ ကျွန်း၊ ပျဉ်းကတိုးနှင့် ပိတောက်တို့ကို စည်းကမ်းတကျထုတ်ယူမှု လုပ်ငန်းသည် စစ်ကြီးမတိုင်မီက အတိုင်းပင်အရေးပါသော သယံဇာတ စွမ်းအားတစ်ရပ်ပင် ဖြစ်သည်။ သစ်ကို အဓိကအားဖြင့် ရှမ်းကုန်းပြင်မြင့်ရှိ ပင်လယ်ပြင်အထက် ပေ၂,၀၀၀အထိမြင့်သော သစ်တောများမှ ထုတ်ယူကာရှမ်းကုန်နှင့် မော်လမြိုင်မြို့ကြီးများမှ တစ်ဆင့်ပြည်ပသို့ တင်ပို့သည်။ မြန်မာ့စီးပွားရေးကို အဓိက ဖြည့်တင်းလျက် ရှိသည်မှာကား အရည်အသွေးအဆင့်မြင့်သည့်ဆန်စိုက်ပျိုး ထုတ်လုပ်မှုပင်ဖြစ်ပါသည်။ ၁၉၄၁ ခုနှစ် မတိုင်မီက ဆန်စပါးတင်ပို့မှုပမာဏမှာ နှစ်စဉ် တန်(၃)သန်း ရှိခဲ့ပြီး ကမ္ဘာတစ်ဝန်း၌ဆန်စပါးတင်ပို့သည့်နိုင်ငံများအနက် ပထမနေရာတွင်ရှိသည်။ နောင်တွင် ယင်းတင်ပို့မှုပမာဏသည် တစ်နှစ်လျှင် တန်(၆)သိန်းအထိ ကျဆင်းခဲ့သော်လည်း တန်(၁ )သန်း တင်ပို့နိုင်သည်အထိပြန်တက်လာခဲ့သည်။ ယင်းသို့ တင်ပို့နိုင်မှု ကျဆင်းရခြင်းမှာလူဦးရေ တိုးပွားမှုသည် အကြောင်းတစ်ရပ်ဖြစ်သော်လည်းနိုင်ငံရေး မတည်ငြိမ်မှုနှင့် ပြည်တွင်းသောင်းကျန်းမှု ပြဿနာများကလည်း အဓိကကျလှသည်။ သို့တစေ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ လယ်မြေ ဧကပေါင်း (၉)သန်းကျော် နှင့်အထက်မြန်မာပြည် အလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်း၌ဆည်ရေသောက် လယ်မြေ ၁,၅၀၀ ဧကတွင် ဆန်စပါးအပြင်ပြောင်း၊ ဧက (၃၇) သန်းတွင် ဝါ၊ ဆေး၊ မြေပဲ၊

www.burmeseclassic.com

www.burmeseclassic.com



လူးဆပ်၊ နှမ်း၊ ပဲ၊ ပြောင်း၊ ကြံ၊ ရော်ဘာ၊ လက်ဖက် နှင့် ဂုန်လျှော်တို့ကိုလည်းကောင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ထို့ပြင် မြန်မာပြည်အနေဖြင့် နိုင်ငံ့မနအင်အားကို လောလောဆယ်အားဖြင့် ဖြည့်ဆည်းပေးနေသည့် အခြားသော ခနအင်ခွင်များနှင့် နောင်တွင်ဖြည့်ဆည်းပေးရန် အလားအလာရှိသော မနအင်ခွင်များလည်း ရှိပေသည်။ ယင်းတို့အနက် ရေနံနှင့် ဓာတ်ငွေ့တို့မှာ ချက်ချင်း လက်ငင်း အကျိုးဆုံးဖြစ်၍ စစ်ကြိုခေတ်ကပင် အတည်တကျရှိနေပြီးသော ရေနံချောင်း ရေနံမြေနှင့် ရေနံချက်ရာ သန်လျင်တို့မှာ မြန်မာနိုင်ငံအတွက် ဝင်ငွေဖန်တည်းပေးရာ၌ သံရိုင်း၊ အဖြိုက်နက်၊ ခဲမဖြူ၊ ငွေ၊ သံဖြူ၊ ပြဒါး၊ ကြေးနီ၊ ပလူတိုနီယံ၊ သွပ်၊ ကိုဗော့၊ ခနောက်စိမ်းနှင့် ရွှေဓာတ်သတ္တုတို့နှင့်အတူ တစ်နေ့တခြား အရေးပါမှု တိုးတက်လျက်ရှိသည်။ ထိုမျှသာမကသေး မြန်မာပြည်၏ မနအင်အားကို ပတ္တမြား၊ နီလာနှင့် ကျောက်စိမ်းတို့ကလည်း ဖြည့်ပေးလျက်ပင်ရှိသည်။

အထက်ဖော်ပြပါထုတ်ကုန်များနှင့် လူအပေါင်းတို့ သွားရေးလာမှု သယ်ယူပို့ဆောင်မှုတို့အတွက် မြစ်ကြောင်းဖြင့် ပို့ဆောင်မှုသည် အဓိက အားထားရာပင် ဖြစ်တော့သည်။ သို့တစေလည်း ၁၉၃၉ ခုနှစ် မတိုင်မီကပင် ရထားလမ်းကို တောင်ဘက်၌ မော်လမြိုင်မှစ၍ မြောက်ဘက်တွင် မြစ်ကြီးနားအထိ ဆောက်လုပ်ထားပြီးဖြစ်ကာ ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ တောင်ငူနှင့် ပြည်မြို့တို့နှင့်လည်း ဆက်သွယ်ပြီးသားဖြစ်ပေသည်။ ရာစုနှစ်ပေါင်းများစွာ ယခင် နှစ်ပေါင်း၂,၅၀၀ ခန့်ကပင် မွန်–ခမာဘာသာစကားမိသားစုဝင်ဖြစ်သော မွန် လူမျိုး



များ စတင်အခြေချသည်မှစ၍ မြန်မာပြည် တွင်းမိုတင်းနေထိုင်ခဲ့သော လူမျိုးစုတို့သည် လှည့်လည် ပြောင်းရွှေ့လျက်ပင်ရှိကာ စုဖွဲ့မှု ဖြစ်ပေါ်ပြောင်းလည်းမှုများလည်း အစဉ်ရှိခဲ့သည်သာ ဖြစ်ပေသည်။ တိုတိုပြောရလျှင်မွန်တို့သည် မြန်မာပြည်တွင် ဗုဒ္ဓသာသနာကို မျိုးစေ့ချပေးခဲ့သူများဖြစ်ကာ နောင်တွင် အသုတ်လိုက်ဝင်လာသူများသို့ လက်ကမ်းဖြန့်ဖြူးပေးခဲ့သည်မှာ အထူးသဖြင့် အေဒီ ၁၀၀၀၀ ခန့်က အနော်ရထာမင်းလက်ထက်တွင် မြန်မာတို့ထံသို့ ဖြန့်ဝေခဲ့ခြင်းလည်း ပါဝင်ပေသည်။ နောင် တစ်သုတ်ပြီး တစ်သုတ်ဝင်လာသူ လူမျိုးစုတို့မှာ ယေဘုယျအားဖြင့် တိဗက်–ဗမာဘာသာစကား မိသားစုဝင်များ ဖြစ်ကြပေသည်။

ယင်းလူမျိုးစု အချင်းချင်းဖြစ်ပွားခဲ့သော စစ်များ၏ အကျိုးဆက်အရ တစ်နိုင်ငံလုံး လူဦးရေမှာ ၁၉၄၁ ခုနှစ်တွင် ၁၇သန်းခန့်ရှိမည်၊ လူမျိုးစုအလိုက် ပါဝင်မှုကို အတိအကျ မပြောနိုင်သော်လည်း ၁၉၃၁ ခုနှစ် စာရင်းဇယားများအပေါ် တွက်ဆ၍ အောက်ပါအတိုင်း ရှိမည်ဟု ခန့်မှန်းရပါသည်။

| | | | |
|---|---|---|---|
| ဗမာ | ၆၅.၇၅ ရာနှုန်း | ရှမ်း | ၆.၈ရာနှုန်း |
| ကရင် | ၉.၆ ။ | ချင်း | ၃.၄ ။ |
| ကုလား | ၆.၈။ | ကချင် | ၃.၄ ။ |
| တရုတ် | မသိ | ရခိုင် | မသိ |

၁၉၉၄ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးလူဦးရေမှာ ကုလသမဂ္ဂ၏ စာရင်းများအရ ၄၆,၅၂၇,၀၀၀ ရှိသည်။ လူမျိုးစုအလိုက် ပါဝင်မှုမှာ ဗမာ ၆၈ ရာနှုန်း၊ ရခိုင် ၄ ရာနှုန်း၊ တရုတ် ၃ ရာနှုန်း၊ မွန် ၂ ရာနှုန်းဟု ဖြည့်စွက်ချက်များမှအပ

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၁ ခုနှစ် အချိုးနှင့်နှင့် ပါဝင်နေကြောင်း တွေ့ရသည်။ ၁၉၄၂ ခုနှစ်အတွင်း ကုလားများ အစုလိုက်အပြုံလိုက် ပြောင်းသွားခဲ့ခြင်းကြောင့် ကုလားပါဝင်မှု အချိုးအစားမှာ ၂ ရာနှုန်းသို့ ကျဆင်းသွားသည်ကား မဆန်းလှချေ။

သို့ဖြစ်၍ ၁၉၄၁-၅ စစ်ကြီးကြောင့် တိုင်းပြည် ပြောင်းဆန်သွားရခြင်း၊ ထိုနောက်ပိုင်းပြည်တွင်း သဘောထား ကွဲလွဲမှုများပေါ်ပေါက်ခဲ့သည့်ကြားမှ မြန်မာပြည်၌ လူမျိုးစု အလိုက် ပါဝင်မှုအချိုးအစားကို မျှတစွာ ထိန်းသိမ်းထားနိုင်ခဲ့ ရုံမက စုစုပေါင်းလူဦးရေ ပမာဏမှာ ဆက်လက်တိုးတက်လာ ခဲ့ကြောင်း တွေ့ရပေသည်။

ဤတိုတိုတုတ်တုတ်မိတ်ဆက်စကား ဒေါင်းအတွင်း၌ ဆိုရပါလျှင် ၁၉၄၁ ခုနှစ် နိုဝင်ဘာလ ရောက်သည့်အခါတွင် ဂျပန်က တစ်ဖက်၊ အမေရိကပြည်ထောင်စု၊ ဂရိတ်ဗြိတိန် (နယ်သာလင်အပါအဝင်) တို့ကတစ်ဖက် စစ်ဖြစ်ပွားတော့မည့် အခြေပေါ်ထွန်းနေပေပြီ။ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပုလဲ ဆိပ်ကမ်းကို အလစ်ဝင်တိုက်ခိုက်မှုနှင့် ထိုင်းနိုင်ငံတွင်းသို့ ဝင်ရောက်မှုများပေါ်ပေါက်သည်။ ဒီဇင်ဘာလ ၁၅ရက်နေ့တွင် မြန်မာပြည် တောင်ဘက် အစွန်ဆုံးရှိ ဝိတိုးရီးယားအငူ (ဘုရင့်နောင်အငူ)ကို ထိုင်းနိုင်ငံ ခရာဗူရီသို့ ကမ်းတက်ရောက် လာပြီးနောက် နယ်စပ်ကို ကျော်လာခဲ့သော ဂျပန်(၁၄၃) တပ်ရင်းကြီးက သိမ်းလိုက်သည်။

ဤအချိန်တွင် ထိုင်းနှင့် နယ်စပ်တစ်လျှောက်လုံး ဆိုသလို ဂျပန်တပ်မှူးများ၏ လက်ခုပ်ထဲမှ ရေသဖွယ် ဖြစ် နေသည့်အတိုင်း ထိုးစစ်ဆင်ရန် လမ်းကြောင်းကို စိတ်ကြိုက်



ရွေးချင် ရနေကြပေသည်။ ခရာကျွန်းဆက်ဒေသမှ ဝင်လျှင် အခက်အခဲများ ရှိနိုင်သည်မှာ မှန်သော်လည်း ပင်လယ်ဘက်မှ ထိုးစစ်ဆင်ရေးအတွက် ဤနေရာကို အစပထမက အဓိက အာရုံစူးစိုက်ခဲ့ကြသည်။ ဤလမ်းကြောင်းကို စက်ဘူ-ဘန် ဘောက်-ဇင်းမယ် ရထားလမ်းက ထောက်ပေးထားနိုင်ခြေရှိရာ လူနှင့်စစ်မက်ပစ္စည်းတို့ကို မြောက်ဘက်ရှိ ဇင်းမယ်- ချင်းရိုင်း ချဉ်းသို့ အမြန်တင်ပို့ပေးနိုင်မည်ဖြစ်လေသည်။ ဗြိတိသျှတို့က ဤရထားလမ်းကို ပရာချော့ဗ်၌ ဖြတ်တောက်ရန် ဒီဇင်ဘာလ ၁၁ ရက်နေ့၌ ကြိုးပမ်းချက်မှာလည်း မအောင်မြင်ခဲ့ချေ။ ဂျပန်တပ်များက ထားဝယ်ကို ဇန်နဝါရီလ ၁၉ ရက်နေ့တွင် လည်းကောင်း၊ မြိတ်ကို ဇန်နဝါရီလ ၂၂ ရက်နှင့်၂၃ ရက်နေ့ တို့တွင်လည်းကောင်း၊ မော်လမြိုင်ကို ဇန်နဝါရီလ ၃၁ ရက်နေ့ တွင်လည်းကောင်း သိမ်းလိုက်သည်။ ဤစစ်ဆင်ရေးများနှင့် အကျုံးဝင်လျက်ရှိသော တပ်လှုပ်ရှားမှုများ၊ စစ်ကစားမှုများမှာ ရှုပ်ထွေးခက်ခဲလှသည့်သဘောရှိပြီး ဗြိတိသျှနှင့် ဂျပန်တို့ နှစ်ဖက်စလုံးပင် တောင်ကြီး ကမ်းကြီး၊ တောကြီးမျက်မည်းကို ခေတ်တင်တိရိစ္ဆာန်လမ်းမျှသာရှိသည့် လမ်းအနည်းငယ်မျှကို အားထား၍ ဖြတ်သန်းစစ်ဆင်ကြရာ၌ အခက်အခဲ များကြုံကြ ရသည်။ မြန်မာပြည်တိုက်ပွဲစဉ်တွင် ဖွဲ့ဆော်ဦး စစ်ဆင်ရေးဖြစ်၍ ဆိုထပ်သော တောအတွင်း စစ်ဆင်ရေးကို စတင်ကြုံကြရ ခြင်းလည်း ဖြစ်လေသည်။

ဗြိတိသျှတို့ဘက်တွင် ခရာကျွန်းဆက်ဒေသ၊ ထားဝယ် နှင့် မော်လမြိုင်တို့ကို လက်လွှတ်ခဲ့ရပြီး၍ မကြာမီ စစ်တောင်း ...ဘားတွင် အချိန်မတိုင်မီ တံတားကို ဖောက်ခွဲလိုက်၍ ...(၁၇) အိန္ဒိယခြေလျင်တပ်မမှ ခြေလျင်တပ်ရင်းအား

www.burmeseclassic.com

www.burmeseclassic.com



ထက်ဝက်ခန့်ဆုံးပါးရသော ကပ်ဆိုက်ခဲ့သည်။ ဤရှုံးပွဲ၏ အကျိုးဆက်ကြောင့် ရန်ကုန်မြို့ကို မတ်လ ၇ ရက်နေ့တွင် စွန့်လွှတ်ရကာ အင်ဖားအထိ မိုင် ၆၅၀ ရှည်လျားသော ခွာစစ်ဆင်မှုတို့ကို မလွဲမသွေ ကြုံခဲ့ကြရပေသည်။ ဤသို့ ရန်သူနှင့်တိုက်ရင်း ခွာစစ်ဆင်မှုသည် ဗြိတိသျှတို့ကို နွေခေါင် ခေါင်တွင် အဓိကအားဖြင့် မြန်မာပြည် အလယ်ပိုင်း ပြည်၊ မကွေး၊ ရေနံချောင်း၊ ကျောက်ဆည်တို့ကိုဖြတ်ကာ နောက်ဆုံး အားဖြင့် ရွှေကျင်၊ ကလေးဝနှင့် တမူးမြို့တို့အတိုင်း လမ်းကျခဲ့ သည်။ ဆုတ်လမ်းကြောင်းမှာ အများအားဖြင့် လွင်ကျင်းသည့် မြေပြင်ဖြစ်ကာ အောက်ပိုင်းတွင် လယ်ကွင်းများကိုလည်းကောင်း ပို၍ လွင်တီးခေါင်ကျ၍ ခြောက်သွေ့သောမြန်မာပြည် အလယ် ပိုင်း၌ မြေပဲခင်း၊ ပြောင်းခင်း၊ ဆေးခင်း၊ ဝါခင်းနှင့် ကြံခင်း များကိုလည်းကောင်း ဖြတ်သန်းသွားကြရသည်။ ထို့ကြောင့် ချင်းတွင်းရောက်သည်အထိ အမှတ် (၇)သံချပ်ကာ တပ်မဟာမှ တင့်ကားများကို သုံးနိုင်ခွင့်ရကြသည်။ ချင်းတောင်တန်းသို့ ရောက်သည့်အခါတွင်မူ ချင်းတွင်းမြစ်တစ်လျှောက် ပိန်းပိတ် အောင်ထူသည့် သစ်တောကြီးများကြောင့် ဗြိတိသျှရော ဂျပန်တို့ပါစစ်နည်းဗျူဟာများ ပြောင်းရတော့သည်။

ချင်းတောင်နှင့်မဏိပူရတို့တွင် မေ ၁၈ ရက်နေ့၌ မိုးစရွာရာ ထိုနေ့တွင်ပင် အမှတ် (၁၇) အိန္ဒိယတပ်မနှင့် အမှတ် (၁) ဗမာ့ တပ်မမှ နွမ်းနယ်လှပြီဖြစ်သော တပ်များ၊ များစွာသော အခြားတပ်ရင်းတပ်ဖွဲ့များလည်း ရောက်လာ၍ မိုးအေးအေးက ရွှဲရွှဲစိုအောင် ဖြန်းပက်၍ ကြိုဆိုနှုတ်ဆက် လိုက်တော့သည်။ စားစရာ၊ နားခိုစရာဟူ၍ မရှိလှ။ သို့သော် ပြန်လည်ဖွဲ့စည်းခြင်း၊ လက်နက်ပစ္စည်း ပြန်လည်တပ်ဆင်ခြင်း



...နှင့် ပြန်လည်လေ့ကျင့်ခြင်းတို့ကိုစ၍ နေစရာ အဆောက်အအုံ ...ဆောက်လုပ်ခြင်း၊ တောင်တန်းတောင်စွယ်များ၌ လမ်းများ ...ဆောက်လုပ်ခြင်း တပ်များကို ပြင်ဆင်တပ်ဖြန့်ခြင်းများ ...ဆက်လက်လုပ်ဆောင်ခဲ့သည်။ တပ်သစ်များ အထူးသဖြင့် ...အမှတ်(၂၃)အိန္ဒိယ တပ်မ ရောက်လာ၍ အမှတ်(၄)တပ်တော်၏ ...လှုပ်ရှားမှုများတွင် အပြည့်အဝပါဝင်လှုပ်ရှားသည်။

ဤအစဦးပိုင်းကာလအတွင်း စတင်ဆောင်ရွက်ခဲ့သည့် ...ရာကျသော လုပ်ငန်းများအနက် တောင်ဘက်သို့ တစ်ဒင် ...အထိ မိုင် ၁၅၀ ခန့်ရှည်သော ကားလမ်းဖောက်ခြင်း၊ ရထား ...ဆုံးဖြစ်သည့် ဒီမာပူသို့ ကားလမ်းကို ပြုပြင်မွမ်းမံခြင်း၊ ...တောင်တန်း အတွင်းရှိ တောလမ်းများကို အဆင့်မြှင့်ခြင်းနှင့် ...နှင့်ပုလဲကြားတောင်ပေါ်ကားလမ်းကို မွမ်းမံခြင်းတို့ ပါဝင် ...သည်။ ဤလုပ်ငန်းများ အားလုံးအပြင် မဏိပူရရှိ လေယာဉ် ...ကွင်း (၄)ကွင်းကို ဖောက်လုပ်လျက်ရှိသဖြင့် အင်မတန်ကြီးမား ...သော အားထုတ်မှုကြီးတစ်ရပ်ပင်ဖြစ်သည်။ ရည်ရွယ်ချက် ...သည်ကား အစောဆုံးအခွင့်သာသည်နှင့်ဂျပန်ကို တိုက်ရန်ပင်ဖြစ် ...တော့သည်။

ဂျပန်ဘက်ကလည်း အလားတူပင် ပြင်ဆင်လျက် ...သည်။ မိုင် ၆၀၀ ရှိ ရန်ကုန်မှ လားရှိုးသို့ ရထားလမ်းကို ...တောင်းချိန်များ အကြားမှပင် မေလကုန်တွင် ပြုပြင်ပြီး ...၍ နောင်စစ်ဆင်မှုများ၌ အရေးပါသော အခန်းကဏ္ဍ၌ ...နိုင်ခဲ့သည်။ ရေဦးမှ ကလေးဝသို့ ကားလမ်းကိုလည်း ...ဘို့က ၁၉၄၂ခုနှစ်တွင်ဖောက်လုပ်ခဲ့သည်။ ထိုအတော ...း၌ ဂျပန်တပ်များ ဆက်လက်ချီတက်ကာ ထိုနှစ်အတွင်း ...ပိုင်း၌ပင် စစ်တွေကို သိမ်းလိုက်သည်။ စက်တင်ဘာ

www.burmeseclassic.com

www.burmeseclassic.com



လတွင် ဗြိတိသျှတပ်မှူးကြီးများက စစ်တွေနှင့် ရခိုင်မြောက်ပိုင်းကို ပြန်သိမ်းရန် စစ်ဆင်ရေး အမိန့်များထုတ်ခဲ့သည်။ သို့သော် လေ့ကျင့်မှု အရည်အချင်းနှင့် စိတ်ဓာတ်ရေးအရ အားနည်းချက်များ အဆုံးအဖြတ်ပေးလိုက်ရာ အရင်းအနှီး မကာမိလောက်အောင် ပေးရပြီးနောက် ၁၉၄၃ ခုနှစ်မေလတွင် အိန္ဒိယနယ်စပ်သို့ ဒုံရင်းပြန်ဆိုက်ကာ နေကြရလေသည်။

ထိုအချိန်တွင် ခရီးဝေးထိုးဖောက်စစ်ဆင်မှု အတွေးအမြင်ကို ဖော်ထုတ်နေပြီဖြစ်ရာ ဝင်းဂိတ်၏ ပထမအကြိမ် စစ်ဆင်ရေးသည် အင်အား ၃,၀၀၀ ဖြင့် ၁၉၄၃ခုနှစ် ဖေဖော်ဝါရီလတွင် ချင်းတွင်းမြစ်ကို ဖြတ်ကျော်ခြင်းဖြင့် စဝင်သည်။ မေလတွင် ကျဆုံးပျောက်ဆုံးအင်အား ၁,၀၀၀ခန့်အလျော့ဖြင့် မေလတွင် ပြန်ရောက်လာကြသည်။ ဤစစ်ဆင်ရေးကနဦး အပိုင်းတွင် ဂျပန်တို့က အတွေးရခက်နေသည်မှာ ထင်ရှားသည်။ သို့ရာတွင် ချင်းတွင်းမြစ်တစ်ခွင်ရှိ တောနက်ကြီးများ၌ တပ်များ ကောင်းစွာ လှုပ်ရှားစစ်ဆင်နိုင်သည့်အချက်ကိုလည်း တစ်ချိန်တည်းမှာပင် သဘောပေါက်ရိပ်စားမိလေသည်။ ဗြိတိသျှတို့ဘက်တွင် ဝင်းဂိတ်၏ စစ်ဆင်ရေးမှ လက်ဆုပ်လက်ကိုင်ပြနိုင်စရာ ရလဒ်မများလှသော်လည်း စိတ်ဓာတ်သိသိသာသာ မြှင့်တင်နိုင်ခဲ့သည်မှာကား လုံးဝဥဿုံပင်ဖြစ်တော့သည်။

၁၉၄၃ ခုနှစ်၌ ကျန်ရှိသည့်ဂဘလနှင့် ၁၉၄၄ ခုနှစ်ဦးပိုင်း ကာလမှာ တစ်ဒင် /ဖို့တ်ဝှိုက် ဒေသရှိ ဗြိတိသျှ တပ်များအတွက် လက်မလည်နိုင်အောင် အလုပ်များသည့်ကာလ ဖြစ်ပေသည်။ ဆက်သွယ်ရေးလမ်းကြောင်းများကို ပိုမိုကောင်းမွန်အောင် ဖောက်လုပ် ပြုပြင်ကြရသည် သာမက တက်တက်ကြွကြွ



ဆိုင်းတင်း လှည့်ခြင်း၊ တပ်ဖွဲ့ငယ်များအဆင့်၌ တိုက်ကွက်ဆော်ခြင်းတို့ကို အထူးသဖြင့်အမှတ်(၁၇) အိန္ဒိယခြေလျင်တပ်မလက်အောက်ရှိ တပ်မဟာ (၄၈) နှင့် (၆၃) တို့က ဆောင်ရွက်ခဲ့ပေသည်။

၁၉၄၄ခုနှစ် ဦးပိုင်းအတွက် ဂျပန်တို့က ရခိုင်ဘက်နှင့် ချင်းတွင်းကိုဖြတ်၍ ဝင်တိုက်ရန်ကြံရွယ်ချက်ရှိသည်ကို သိနှင့်ပြီးဖြစ်လေသည်။ ထိုအချိန်သည် ဗြိတိသျှက ထိုးစစ်တစ်ရပ်ဆင်နွှဲရန် စီမံထားသည်နှင့်လည်း တိုက်ဆိုင်လျက်ရှိသည်။ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင်ရခိုင်ဘက်၌ ဂျပန်၏ ထိုးစစ်ဆင်မှု စသည်။ သို့သော် (၃)ပတ်ကြာမျှ ပြင်းပြင်းထန်ထန်တိုက်ကြပြီးသည်တွင် ၎င်းတို့ဆုတ်ခွာသွားကြသည်။ ထိုအခါ အင်ဖားဘက်သို့ ဂျပန်တို့က အဓိကထိုးစစ်ကြီးတစ်ရပ်ဆင်တော့မည့် အရိပ်အရောင်သည် ပိုမိုထင်ရှားလာသည်။ အမှတ်(၄)တပ်မကြီးသည် အင်ဖားလွင်ပြင်တွင် အင်အားစုစည်းပြီးတိုက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ဤဆုံးဖြတ်ချက်ကို အချို့က ဘဝင်မကျနိုင်ကြသော်လည်း နောင်အခါတွင် ဤဆုံးဖြတ်ချက်မှန်ကန်ကြောင်း သက်သေပြလိုက်ပေသည်။ အထူးသဖြင့် တီးတိန်(တစ်ဒင်)(အင်ဖားမှ ၁၆၃မိုင်)ရှိ အမှတ်(၁၇)တပ်မသည် ထီးတည်းကျန်နေသော်လည်း သေသေချာချာနှင့် စနစ်တကျ ခွာစစ်ကိုဆင်ကာ မလျှော့တမ်း တိုက်ပွဲဝင်စိတ်ဓာတ်ဖြင့် ဗိုလ်ချုပ်ကိုဝင်သည် သူ၏တပ်မကို ပထမအဆင့်အဖြစ် ခွဲခြမ်းဖော်ပြီး ထိုမှနောက်တစ်ဖန် မဏိပူရမြစ်တံတားကို ဖြတ်ကျော်၍ ဦးဆောင်လာခဲ့သည်။ ယင်းတံတားကို မတ်လ ... ရက်နေ့တွင် ဖောက်ခွဲဖျက်ဆီးလိုက်သည်။ ထိုနောက်တွင် အမှတ်(၁၇)တပ်မသည် ဂျပန်တပ်ရင်းတပ်ဖွဲ့မျိုးစုံ၏ ဟန့်တားမှု

www.burmeseclassic.com

www.burmeseclassic.com



မှုကို ကျော်လွှန်ပြီးနောက်အင်ဖားသို့ ဧပြီလ ၅ရက်နေ့တွင် ရောက်ရှိသည်။

ဗြိတိသျှတို့နောက်ပိုင်း၌ ဂျပန်တို့၏ လမ်းဆို့ တိုက်ခိုက်မှုကို ကျော်လွှားလာနိုင်သော အစွမ်းသည် တစ်ဒင်လမ်းနှင့် အခြားနေရာများ၌ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် အရေးပါလာပေသည်။ စစ်နည်းဗျူဟာအသစ်များကို ပိုင်နိုင်အောင် လေ့ကျင့်မှုနှင့် လေကြောင်းအထောက်အကူတို့က တပ်မတော်နှစ်ရပ်အကြားချိန်ခွင်လျှာ အသာစီးရမှုကို တစ်နည်းတစ်ဖုံပြောင်းလဲလိုက်ပြီဖြစ် လေသည်။ မတ်လ ၆ ရက်နေ့တွင် ဝင်းဂိတ်၏ ဒုတိယအကြိမ် စစ်ဆင်ရေး တပ်များသည် မြန်မာပြည်မြောက်ပိုင်းသို့ လေကြောင်းချီခဲ့ကြပြီဖြစ်ရာ ဗြိတိသျှတို့အတွက် ပို၍ ရပ်ပြုပိုမိုခံ့ထည်လာသည်ဟု ဆိုရပေမည်။ အမှတ်(၄) တပ်မကြီးကို အင်ဖားလွင်ပြင်၌ အင်အားစုစည်းထားရန် ဆုံးဖြတ်ချက်၏ မှန်ကန်မှုကို များမကြာမီ သက်သေပြတော့မည်ဖြစ်ပေသည်။ ဧပြီ၊ မေနှင့် ဇွန်လအတွင်း ဘီရှန်ပူ၌ ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် မေလတွင်း၌ တော်ဘုန်၌ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် ဗြိတိသျှတို့က အားသာချက်ရခဲ့သည်မှာ သိသာလှပေသည်။ ထို့ပြင် ဧပြီလ ၅ ရက်မှ ၁၈ ရက်နေ့အထိနှင့် ဧပြီ ၁၈ မှဇွန်၂၂ရက်အတွင်း အပြင်းအထန် ဖြစ်ပွားခဲ့သော တိုက်ပွဲများကိုပါ ဖြည့်စွက်လိုက်သောအခါ ဂျပန်တို့သည် အူကရူးမှတစ်ဆင့် ချင်းတွင်းသို့ ပရမ်းပတာ ခပ်ကျဲကျဲနှင့် ဆုတ်ခွာရန် နောက်ဆုံး၌ ကပ်သင့်စေပေသည်။

ဆက်လက်ဖော်ပြမည့် အင်ဖားမှ ရန်ကုန်သို့ တပ်တော်နှစ်ရပ်၏ခရီးကို အသေးစိတ်ဖြစ်စဉ်တွင် ဝင်းဂိတ်ကိုယ်တိုင် ၁၉၄၄ ခုနှစ် မတ်လ ၂၄ ရက်နေ့၌ လေယာဉ်ပျက်ကျ၍



ကွယ်လွန်ခဲ့သည်။ ဤစာအုပ်အတိုင်းအတာအရ “ကြာသပတေးစစ်ဆင်ရေး”ကို သုံးသပ်ပြနိုင်မည့် အခြေအနေ မရှိ၍ ဤမျှလောက်ပင် ဖော်ပြလိုပါသည်။

၁၉၄၄ခုနှစ် ဆောင်းအကြိုကာလတွင် ဂျပန်နှင့် မဟာမိတ် အင်အားစုတို့နှစ်ဖက်စလုံးတွင် ကွပ်ကဲမှု အဆောက်အအုံကို ပြန်လည်ပြင်ဆင်ခဲ့ကြသည်။ ဂျပန်နှင့် ဗြိတိသျှတို့နှစ်ဦးစလုံးပင် စစ်ရေးအမြင် ပြန်လည်သုံးသပ်ခဲ့ကြကာ ကနဦးအဆင့်တွင် မြန်မာပြည်အလယ်ပိုင်း၌ ရင်ဆိုင်တိုက်ခိုက်ရန် ရည်မှန်းခဲ့ကြပြီဖြစ်သည်။ ဂျပန်တို့တွေးဆခဲ့ကြသည့် အိန္ဒိယအမျိုးသားတပ်မတော်၏ အကူအညီဖြင့် ဘင်္ဂလားနယ်သို့ ဝင်တိုက်ရန်နှင့် ဂျပန်တို့ဘက်ပါမည့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့်မြန်မာနိုင်ငံအစိုးရ ဖြစ်ပေါ်ရေးအကြံအစည်တို့ကို များစွာ ပြုပြင်ခဲ့ကြရပြီဖြစ်သည်။ မဟာမိတ်တို့၏ စိတ်ကူးစိတ်သန်းများသည်လည်း၊ ပြောင်းလဲခဲ့ပြီဖြစ်၍ မန္တလေးမြို့ကို အမှတ်(၁၄)တပ်တော်က သိမ်းရန်နှင့် ရန်ကုန်ကို ရေကြောင်းနှင့် လေကြောင်းချီ စစ်ဆင်မှုတို့ဖြင့် သိမ်းယူရန် အတိအကျသတ်ပြတ်သတ်မှတ်ထားလေသည်။

၁၉၄၂ ခုနှစ် ခမေလတွင်းက စာရေးသူကိုယ်တိုင် လမ်းကြောင်းပြောင်းပြန်ချီတက်ခဲ့ရသည့် အင်ဖားမှ တမူးသို့ ချီတက်မှုကိုအသာထားလိုက်လျှင် အမှတ်(၁၄)တပ်တော်၏ နောက်တာဝန်တစ်ရပ်မှာ ချင်းတွင်းမြစ်ကို ကူးရန်ပင်ဖြစ်တော့သည်။ ဤအချက်သည်ကား ပုလဲ–တမူး–ကလေးဝ လမ်းကြောင်းကို တိုက်ပွဲကြီးကြီးမားမား မတိုက်ရဘဲ ဖြတ်နိုင်ရန်ပင်ဖြစ်သည်။ အမှန်မှာ နိုဝင်ဘာ ၃၀ရက်နေ့နှင့် ဒီဇင်ဘာ ၄ ရက်နေ့အတွင်း၌ တပ်မ(၁၁)၊ တပ်မ(၁၉)၊ တပ်မ(၂၀)

www.burmeseclassic.com

www.burmeseclassic.com



နှင့် တပ်မ(၂)တို့သည် မြစ်ကို ကူးခဲ့ကြပြီး ဖြစ်သည်။ ထိုနောက်တွင် အမှတ်(၃၃)တပ်တော်နှင့် အမှတ်(၄)တပ်တော်တို့ ဆက်ပါလာကြသည်။ ရွှေဘိုလွင်ပြင်သို့ရောက်လျှင် မြေပြင် အခြေအနေက ခြေလျင်နှင့် တင့်ကားများပါ လျှင်မြန်စွာ လှုပ်ရှားနိုင်ရန် အခွင့်ပေးလာသည်။ တပ်မ(၁၉)သည် ချင်းတွင်းမှ ရွှေဘိုသို့ မိုင်၄၀၀ခန့်ကို ရက်သတ္တ ၅ပတ်မျှနှင့် ချီတက်ဆင်လာနိုင် ခဲ့သည်။ တပ်မ(၁၉)သည် ရွှေဘိုကို သိမ်းပြီးနောက် မန္တလေး ဘက်သို့ ခြေဦးလှည့်ပြန်ကာ အမှတ် (၂၅၄) တင့်ကားတပ်မဟာ မှ တင့်ကားများ၊ အမှတ် (၇) သံချပ်ကာ ယန္တရားတပ်ရင်း တို့နှင့် ဧရာဝတီမြစ်ကို ကူးဖြတ်ခဲ့သည်။ မန္တလေးကို မတ်လ ၈ ရက်နေ့တွင် ဝင်နိုင်ခဲ့သည်။ သို့သော် နန်းမြို့ကို မသိမ်း နိုင်သေး။ အမှတ်(၂)တပ်မသည် ဧရာဝတီမြစ်ကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကူးဖြတ်ပြီးနောက် အမှတ် (၂၀) တပ်မ သည်လည်း ရက်သတ္တ သုံးပတ်ကြာမျှ ပြင်းပြင်းထန်ထန် တိုက်ပွဲများ ဆင်နွဲကာ မန္တလေးအနောက်ဘက်ယွန်းယွန်း ကျသော မြင်းမူ၌ကူးသည်။

တပ်မ(၁၉) က တပ်မ (၂) ၏ အထောက်အကူနှင့် မန္တလေးကိုသိမ်းနိုင်ခဲ့ခြင်းသည် အမှတ်(၁၄) တပ်တော်အတွက် သာမက ကျယ်ပြန့်သော အတိုင်းအတာဖြင့် စစ်ပွဲ ပမာဏအား ဖြင့်ပင် အရေးပါသည့် စိတ်ဓာတ်မြှင့်တင်မှု ဖြစ်သည်။ တစ်ချိန်တည်း၌ ဂျပန်တို့ကို ဖိစီးလျက်ရှိသော ဧရာမဆုံးရှုံးမှုက ယခင်ကအတိုင်းစိတ်ဓာတ် တက်တက်ကြွကြွဖြင့် ဆက်လက် တိုက်ပွဲမဝင်နိုင်အောင် ဖန်တီးလိုက်ပေသည်။ ဤသို့မန္တလေးကို သိမ်းသည့်တိုက်ပွဲမှာ အရေးပါသောပွဲပင် ဖြစ်သော်ငြားလည်း အဆုံးအဖြတ်ပေးသည့် အန္တိမတိုက်ပွဲမဟုတ်ပေ။ ထိုတိုက်ပွဲကို



ဗိုလ်ချုပ်ကြီးစလင်းက မိတ္ထီလာတွင် တိုက်ရန် ရည်မှန်းထား သည်။ မိတ္ထီလာကို သိမ်းလိုက်သည့်အခါတွင် မြန်မာပြည် အလယ်ပိုင်းနှင့်အောက်ပိုင်းတို့ကို ဂျပန်တို့က ပြန်လည်ရယူ နိုင်ရန်အခွင့်အလမ်းသည် ပျက်သုဉ်းသွားရပေသည်။ တပ်မ (၁၇)သည် ဗိုလ်ချုပ်ကြီးစလင်းက ထုတ်ပြန်သည့်အမိန့်နှင့်အညီ (၂၅၅)သံချပ်ကာယန္တရား တပ်မဟာက ဦးဆောင်၍ ဧရာဝတီ မြစ်ကို ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက်နေ့တွင် ညောင်ဦး၌ ကူးသည်။ ထိုမှ မိတ္ထီလာသို့ မိုင်(၈၀) ကွာဝေးကာ ဥယျာဉ် မှာ၌ ဂျပန်တို့ ဦးစွာခံစစ်ဆင်ရာ၌ ဂျပန် ၂၀၀ ကျဆုံးသည်။ တပ်မ(၁၇) က ဆက်လက်ရှေ့သို့ချီရာတွင် ထုံ့ပိုင်းထုံ့ပိုင်း တိုက်ပွဲများဖြစ်ပွားကာ ဖေဖော်ဝါရီလ ၂၈ရက်နေ့သို့ ရောက်သော အခါ တပ်မ(၁၇)သည် အပိုင်ထိုးစစ်ဆင်ရန် အသင့်ဖြစ်နေလေ သည်။ မိတ္ထီလာမြို့ကိုသိမ်းမိရန် ၄ ရက်ကြာတိုက်ခဲ့ရသည်။ မတ်လ ၃ ရက်နေ့သို့ရောက်သည့်အခါတွင် ခုခံတိုက်ခိုက်မှု စဲသွားပြီဖြစ်ကာ မြို့ထဲ၌ ဂျပန်အလောင်း ၂,၀၀၀ ခန့် ရမိ သည်။ မိတ္ထီလာ ရက်ပိုင်းအတွင်း ကျသွားရာ၌ ဂျပန်တို့ အံ့အားသင့်ကျန်ကာ မြို့ကိုပြန်သိမ်းနိုင်ရန် အပူတပြင်းတပ်များ စုပွဲ့တော့သည်။

ဤအတောအတွင်းတပ်မ(၁၇)က တက်တက်ကြွကြွ နှင့် ထက်ထက်မြက်မြက် အသွင်ဆောင်သည့် ခံစစ်ဖြင့်တန်ပြန် သောသည်။ မြို့ကို ဝန်းရံတိုက်ခိုက်သည့် တိုက်ပွဲနောက် ဘစ်ဆင့်မှာ ဂျပန်တို့ဆုတ်မိန့်ရသည့် မတ်လ ၂၈ရက်နေ့အထိ ဘိုင်သည်။ ဗြိတိသျှတို့ဘက်တွင် ကနဦးအဆင့်ပြီးသည်နောက်မှ ၎င်း လေကြောင်း ထောက်ပံ့မှုပေါ်တွင် လုံးဝ တည်မှီနေရသည် ဖြင်ရာ လေထီးဖြင့် ချပေးမှုကို မလိုလားဆိုပါက တပ်မအတွက်

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကွင်းများကို ထိန်းထားနိုင်ရန်မှာ ပဓာနကျလှတော့သည်။

မိတ္ထီလာမြို့သိမ်းတိုက်ပွဲမှာ ပြင်းထန်လှသည်မှန်သည်နှင့်အမျှ တိုက်ပွဲ၏ နောက်တစ်ဆင့်၌ ဂျပန်တို့က တိုက်ပွဲအတွေ့အကြုံရင့်သည့် တပ်များနှင့်အင်အားဖြည့်၍ တိုက်ခြင်းဖြစ်ပေရာ ခက်ခက်ခဲခဲနှင့် ထိခိုက်ရှုနမှု အရင်းအနှီးများများ ပေးရသော တိုက်ပွဲဖြစ်ပေသည်။

ရန်ကုန်သည် မန္တလေးမှ ပျဉ်းမနားလမ်းအတိုင်း မိုင် ၃၄၀ လည်းကောင်း၊ ရေနံချောင်းနှင့် ပြည်လမ်းအတိုင်း မိုင် ၄၄၀ လည်းကောင်း ကွာလှမ်းသည်။ ထိုစဉ်တွင် အရှေ့တောင် အာရှဒေသ မဟာမိတ်တပ်များ၏ သေနာပတိချုပ် မောင့်ဘက်တန်သည် မြန်မာပြည်ပြီးလျှင် မာလာယုနှင့် စင်္ကာပူတို့သို့ဆက်လှမ်းရန်ရည်မြော်နေပြီဖြစ်သည်။ ရှင်းနေသည်မှာ မုတ်သုံ နောက်အကျဆုံး ဝင်မည့် ဇွန်လ ၁ ရက်နေ့မတိုင်မီ ရန်ကုန်ကို မသိမ်းနိုင်က နောက်ပိုင်း၌ အလားအလာ မရှိသလောက် နည်းပါးသွားမည်ဆိုသည့် အချက်ပင်ဖြစ်တော့သည်။ ဗြိတိသျှတို့က လမ်းနှစ်သွယ်စလုံးအတိုင်း ပိုရှည်သည့် ပြည်ကိုဖြတ်သည့်လမ်းအတိုင်း တပ်တော်(၃၃)ကလည်းကောင်း၊ ခရီး ပိုတိုသည့် ပျော်ဘွယ် လမ်းအတိုင်း တပ်တော်(၄)က လည်းကောင်း ရန်ကုန်သို့ပြိုင်ဆင်းကြရန် ဆုံးဖြတ်လိုက်သည်။ ဒုဗိုလ်ချုပ်ကြီး ဟာန်ဒ ကွပ်ကဲလျက်ရှိသော ဂျပန် (၃၃)တပ်တော်သည် ဗြိတိသျှတပ်တော်(၄)ကို ပျော်ဘွယ်တွင် ဖြတ်တိုက်ရန် ရည်မှန်းထားသည်။ ဤစီမံချက်သည် (၃၃)တပ်တော်အတွက် ကပ်ဆိုက်သည်နှင့်တူပြီး ရန်ကုန်မြို့ရှိ ဂျပန်တို့၏ ကြမ္မာငင်ရန်ကိုပါ ဖန်တီးလိုက်တော့သည်။ ပထမအချက်အနေဖြင့်



ယင်း၏ အခြေအနေမှာ ယင်းထက်စစ်လက်နက်ပစ္စည်းအရာတွင် အလွန်၍ စိတ်ဓာတ်အားဖြင့်လည်း ၁၉၄၂/၃ နောက်ပိုင်း၌ အထူးတိုးတက်မြင့်မားလာသော ရန်သူကို ရင်ဆိုင်နိုင်မည့် အခြေမရှိပေ။ ဒုတိယအားဖြင့် အမြောက်နှင့် တင့်ကားတို့ အပါအဝင် အလွန်အရေးပါလှသည့် စစ်လက်နက်ပစ္စည်းများ ဆုံးရှုံးခဲ့ရရုံမက ယင်းတို့၏အင်အားလျော့ပါး၍ အားပြတ်လုနီးဖြစ်နေသောတပ်များမှာ အမြောက်နှင့်သံချပ်ကာအကိုင်အတွယ် ကျွမ်းသော ဗြိတိသျှတပ်များကို ယှဉ်နိုင်မည့် အခြေမရှိပေ။ ယင်းသို့ဆိုလင့်ကစား ဂျပန်တပ်မှ အရာရှိ စစ်သည်တို့က ပြင်းပြင်းထန်ထန် မတိုက်ကြတော့ဟု မဆိုအပ်ပေ။ ပျော်ဘွယ်တွင် ဧပြီလ ၁၄ ရက်နေ့အထိ ကျားကုတ်ကျားခဲ တိုက်ခဲ့ကြသည်။

ပျော်ဘွယ်ပြီးလျှင် ပျဉ်းမနားသို့ တစ်ချီတစ်မောင်း ဆက်ပြန်ကာ ယင်းကို ဧပြီလ ၁၉ ရက်တွင် သိမ်းမိသည်။ ထိုမှတစ်ဆင့် တောင်ငူကို ယင်းတွင်ရှိသည့် လေယာဉ်ကွင်းများနှင့်ပါ ဧပြီ ၂၂ရက်နေ့တွင် သိမ်းမိသည်။ သို့သော် ရန်ကုန်နှင့် မိုင်ပေါင်း ၁၆၇မိုင် ကွာလှမ်းနေတုန်းပင်။ တပ်မ(၁၇) သည် ဧပြီ၂၉ရက်နေ့တွင် ရန်ကုန်မှ မြောက်ဘက် မိုင် ၅၀ ရှိသော ပဲခူးမြို့အစပ်သို့ရောက်နေနှင့်သည်။ ပဲခူး၌ ဂျပန်တို့က သဲကြီး မဲကြီးခုခံသော်လည်း မေလ ၁ ရက်နေ့တွင် ရှင်းလင်းပြီး ဖြစ်သည်။ ရန်ကုန်နှင့် ၂၇ မိုင်ဝေးသည့် လှည်းကူးကို မေလ ၆ ရက်နေ့တွင် တပ်မ(၁၇) ရောက်သည်တွင် ရေကြောင်းချီလာခဲ့သည့် တပ်မ(၂၆)နှင့် ဆုံမိတော့သည်။

ထိုအချိန်တွင် မိုးရာသီထဲသို့ ကောင်းကောင်းကြီး ဝင်ခဲ့ပြီဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် မျှော်လင့်ထား

www.burmeseclassic.com

www.burmeseclassic.com



သည်ထက် ရက်သတ္တနစ်ပတ်စော၍ မိုးကျလာခြင်းကြောင့်ဖြစ်ပေသည်။ သို့သော် မဆွက "စစ်ဆင်ရေးဒြက်ကျူလာ" ဖြင့် ရေကြောင်း-လေကြောင်းချီ စစ်ဆင်ရေးစဝင်ကာ မေလ ၁ ရက်နေ့၌ အယ်လီဖင့်ပွိုင့်တွင် အမှတ်(၅၀) အိန္ဒိယ လေထီးတပ်မဟာ လေထီးဆင်းခဲ့သည်။ သို့ဖြင့် ရေကြောင်းချီ တပ်မ(၂၆)သည် ရန်ကုန်မြို့မြောက်ဘက်သို့ အထက်ဖော်ပြပါ အတိုင်း ဝင်နိုင်ခဲ့လေသည်။

၁၉၄၃ခုနှစ်မှစ၍ ဗြိတိသျှတို့က မြန်မာပြည်၌ လေကြောင်းအသာစီးရယူနိုင်ခဲ့သည့်နောက်တွင် မြန်မာပြည်ရှိ ဂျပန်တပ်များကို ထောက်ပံ့ရေးကိစ္စမှာ သေရေးရှင်ရေးပြဿနာ ဖြစ်လာသည်။ စင်္ကာပူမှ ရန်ကုန်သို့ သင်္ဘောများ မလာနိုင်တော့သည်သာမက ဂျပန်နှင့် စင်္ကာပူအကြား ဂျပန်သင်္ဘောများစွာကို အမေရိကန်ရေငုပ်သင်္ဘောတို့က မြှုပ်ပစ်နိုင်ခဲ့သည်။ ဤသို့ သင်္ဘောအင်အားဆုတ်ယုတ်လျော့ပါးမှုကြောင့် မြန်မာပြည်ရှိ ဂျပန်တပ်များမှာ စစ်လက်နက်ပစ္စည်း ချို့ငဲ့စွာဖြင့်ပင် တိုက်ပွဲဝင်ခဲ့ကြရသည်။

ဂျပန်တပ်များ၏ကြမ္မာ မည်သို့လျှင်ရှိလေသနည်း။ အကျဉ်းမျှသာဖြစ်သော ဤမိတ်ဆက်စကားဘောင်အတွင်း၌ ဂျပန်တပ်မှူးကြီးများအကြား ဖြစ်ပွားခဲ့သော ပြဿနာများ၊ အကွဲအပြဲများကို ဇာတ်ကြောင်းလှန်ရန် အခွင့်မသာပါ။ အမှတ်(၂၈)တပ်တော်သည် ပဲခူးရိုးမခွင်ထဲ၌ ထီးတည်းပိတ်မိနေစဉ်မှာပင် ရန်ကုန်မြို့တော်ကို စွန့်ခွာရန် ဆုံးဖြတ်ချက်ချခဲ့သည်။ သို့တစေ ရန်ကုန်မြို့တော်နှင့် မြန်မာပြည်အတွက် စစ်ပွဲမှာ ရှုံးကိန်းပေါ်ပြီးသားပင် ဖြစ်ပေသည်။



## [illegible]လန် ဟစ္စကောက်ခ်

၁၉၄၁ခုနှစ်တွင် အယ်လန် ဟစ္စကောက်ခ်သည် ဘုရင့်[illegible]ဂျင်နီယာတပ်ဖွဲ့၌ အရာရှိငယ်ဘဝရှိစဉ် အိန္ဒိယရှိ " ပဌမ[illegible]ရင်၏ ဘင်္ဂါလီဆက်ပါမိုင်းနား (စစ်မြေပြင်အင်ဂျင်နီယာ)[illegible]" တွင်ခန့်ထားခြင်းခံရသည်။ သူသည် ၁၉၄၂ခုနှစ် မတ်လ ၃ ရက်နေ့တွင် အမှတ်(၇၀) စစ်မြေပြင်တပ်ခွဲသို့ ရောက်ရှိသတင်းပို့၍ ဖေဖော်ဝါရီ ၂၂/၂၃ က စစ်တောင်းမြစ်တံတား၌ [illegible]ကြီးခံခဲ့ရသော အိန္ဒိယတပ်မ(၁၇)သို့ ရောက်သွားသည်။ [illegible]မှ မဏိပူရသို့ ခွာစစ်ရှည်လျားစွာဆင်သည့် ကိစ္စနှင့်[illegible]တ်သက်သော ဖြစ်စဉ်များကို ဤစာအုပ်၌လည်းကောင်း အခြားထုတ်ဝေထားသော စာအုပ်များတွင်လည်းကောင်း ဖော်ပြထားပြီးဖြစ်ပေသည်။ အယ်လန်ဟစ္စကောက်ခ်သည် အမှတ်(၇၀) စစ်မြေပြင်တပ်ခွဲတွင် ၁၉၄၃ခုနှစ် စက်တင်ဘာလအထိတာဝန်ထမ်းဆောင်လျက်ရှိသည်။ ထိုအတောအတွင်း၌ သူသည် [illegible]ဆောင်တန်းမှ အင်ဖားနှင့် မိုင်၅၀ ကွာလှမ်းသော အွတ်ကရူးသို့လည်းကောင်း၊ အင်ဖားမှ ၁၂၆ မိုင်ကွာဝေးသော တစ်ဒင်နှင့်[illegible]ဘ်ဝှိုက်ဒေသတွင်လည်းကောင်း ဝန်တင်လမ်းများ၊ ကားလမ်းများ၊ ရေပေးဝေရန် ကန်များ တည်ဆောက်ခဲ့သည်။ တပ်မဟာ (၄၈)တွင် လပေါင်းများစွာ တွဲဖက်လျက်နေခဲ့ရသည်။

နောက်ပိုင်း၌ အွတ်ကရူးတွင်လည်းကောင်း၊ တစ်ဒင်[illegible]င်လည်းကောင်း ပြင်းပြင်းထန်ထန် တိုက်ပွဲများ ဖြစ်ပွားခဲ့သော်လည်း ၁၉၄၃ခုနှစ် အလယ်ပိုင်းက တိုက်ကင်းထောက်ကင်း[illegible]ကားမှုကဏ္ဍကများပြီး ထိခိုက်ရှုနမှုလည်း နည်းပါးချိန်[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၃ခုနှစ် စက်တင်ဘာလတွင် သူသည် အင်ဖားလွင်ပြင်၌ တာဝန်ယူရသော တပ်မကြီး(၄) ၏ စစ်အင်ဂျင်နီယာတပ်စုများသို့ ပြောင်းရပြီးနောက် တပ်မကြီး(၃၃)၏ အင်ဂျင်နီယာချုပ်ထံတွင် ဆက်တာဝန်ကျပေရာ တပ်များ ပြောင်းသွားသော်လည်း သူသည် ဤစစ်မျက်နှာ၌မြဲနေသည်။ နောက်ဆုံးတွင် သူအားခဲထားသည့်အတိုင်း ရန်ကုန်သို့ချီစစ်၌ အမှတ် (၇၆) စစ်မြေပြင်တပ်ခွဲ၏ တပ်မှူးအဖြစ် လိုက်ပါရသဖြင့် အနည်းအကျဉ်းမျှသာ ဦးရေရှိသော စစ်ကို ရန်ကုန်တွင် ဓာတ်လမ်းအစမှ အဆုံး ပါဝင်ခဲ့သူတို့အနက် တစ်ဦးဖြစ်လေသည်။

ထိုမျှနှင့် ဟစ္စ်ကောက်ခ်၏ မြန်မာပြည်၌ တာဝန်မကုန်ဆုံးနိုင်သေး။ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော မြန်မာပြည်အစိုးရအတွက် အင်ဂျင်နီယာတပ်တစ်တပ် တည်ထောင်ရေး၌ သူပါဝင်ဆောင်ရွက်ရသည်။ စစ်ကြိုခေတ်က ရှိခဲ့သော ဆက်ပါးမိုင်းနား တပ်ရှိခဲ့ရာ ရနိုင်သ၍ မြန်မာနှင့် ကရင်အရာရှိများကိုရှာပြီး လေ့ကျင့်ပေးရန် စီမံခဲ့သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်း ဇူလိုင်လ ၁၉ရက်နေ့၌ လုပ်ကြံခံရသည်နောက်တွင် ထိုအစီအစဉ်မှာ ပျက်ပြားသွားရပေသည်။

မြန်မာပြည်မှ ပြန်ထွက်လာပြီးနောက် ထိုနှစ်မှာပင် ဟစ္စ်ကောက်ခ်သည် သူ၏သက်မွေးမှုပညာ အင်ဂျင်နီယာသင်တန်းပြီးအောင် တက်ရောက်အောင်မြင်ခဲ့သည်။ တော်ဝင်သိပ္ပံစစ်တက္ကသိုလ်၌ ပထမတွဲ့အဆင့်နှင့် ဘွဲ့လွန်အဆင့်များ ပေါက်မြောက်ခဲ့၍ နောင်တွင် ဂျပန်နိုင်ငံသို့လည်းကောင်း၊ ကိုရီးယားရှိ ဗြိတိသျှ ဓနသဟာယ တပ်များသို့လည်းကောင်း၊ စင်္ကာပူသို့လည်းကောင်း နည်းပြအရာရှိအဖြစ် သွားရောက်ထမ်းဆောင်ခဲ့ရသည်။



၁

# ရန်ကုန်သို့

၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ မှ မတ် လ

www.burmeseclassic.com

www.burmeseclassic.com



# ၁။ တရုတ်ပြည်မှ မြန်မာပြည်သို့

ဒုတပ်ကြပ် နိုဂျိ ခါဝါမာ့တာ့တပ်ခွဲ(၃)၊ တပ်ရင်း(၁)
အမှတ်(၂၁၅)ခြေလျင်တပ်ရင်းကြီး၊ အမှတ်(၃၃)တပ်မ
ဘီးလင်း၊ ရန်ကုန်

၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့နံနက်ပိုင်းတွင် ဆုခ်စီယန်ဘူတာရုံသို့ ကျွန်တော် ခြေဦးလှည့်ခဲ့သည်။ ကျွန်တော်သည် မကြာမီတွင် စစ်မှုထမ်းတာဝန်ပြီးဆုံးရန် မျှော်လင့်ရသည်ဖြစ်၍ တရုတ်ပြည်မြောက်တိုင်း ရထားကုမ္ပဏီတွင် ဝင်လုပ်နိုင်ရန် တရုတ်ပြည်သို့ ပြောင်းရွှေ့ခွင့် တင်ထားသောကြောင့်ပင်။ ဤအခြေအနေကို ဘူတာရုံ အမှုထမ်းတစ်ဦးကို ကျွန်တော်က ပြောပြသောအခါ ကျွန်တော့်ကို အံ့အားသင့်သည့်အကြည့်ဖြင့် ကြည့်ကာ "ခင်ဗျားကို ထွက်ခွင့်ပေးဖို့ဟာ ဖြစ်နိုင်မယ်မထင်ပါဘူး၊ဒါကိုပဲကြည့်ပါဦး"ဟု ဂျပန်က အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိန်တို့ကို စစ်ကြေညာကြောင်း ခေါင်းကြီးပိုင်း ပါသည့် သတင်းစာကို ကျွန်တော့်ကို လှမ်းပေးသည်။ အခြေအနေကတော့ ဆိုးပြီ။ ကျွန်တော် တပ်ခွဲရှိရာကို ပြန်ပြေးသွားပြီး ကျွန်တော့်ရဲဘော်များကို " ထွက်ဖို့ရာတော့ စိတ်ကူးထဲထည့်ဖို့တောင် မလိုတော့ဘူး။လူဖြူတွေနဲ့စစ်ဖြစ်ပေါ့" ဟုပြောပြရာ သူတို့က " ခါဝါမာ့တာ့ မင်းဘာပြောတယ်။ တို့လာအကြောင်းမရိုက်နဲ့" ဟု ပြန်ပြောတော့သည်။ သတင်းစာ ကို ပြလိုက်သည့်အခါမှ "အိုး"ဟု အားလုံးထံမှ အာမေဋိတ်သံ ပေါ်လာသည်။ တပ်ခွဲမှူးသည်လည်း တပ်ရင်းကြီး ဌာနချုပ်ထံမှ ပြန်ရောက်လာပြီး



ဆင်ရေးဝင်ရန် အရေးပေါ်လိုသည့် လက်နက်ခဲယမ်းနှင့် တာဝန်ဆာပလာများကို ထုပ်ပိုးကြရန် အမိန့်ပေးလေသည်။

ဒီဇင်ဘာလ ၉ ရက်နေ့ ညနေပိုင်းတွင် အထုပ်အပိုး ပြင်ဆင်ပြီးဖြစ်ကြ၍ အားလုံးကို စစ်သည်များက ဘူတာရုံသို့ လိုက်ကြသည်။

ထို့နောက်တွင် နန်ကင်းမြို့သို့ထွက်ရန် ရထားပေါ် တက်ကြသည်။ ကျွန်တော်တို့ ကုန်သင်္ဘောတစ်စင်းပေါ် ပြောင်း ပြီးနောက် ယန်စီမြစ်ကို စုန်ဆင်းကြသည်။ ဖော်မိုဆာကျွန်း မီး စောင့်နေကြစဉ် ရေယာဉ် အစီး ၆၀ မကပါသော ယာဉ် တန်းကြီးအဖြစ် နေရာယူလိုက်ကြသည်။ ကျွန်တော်တို့ကို သင်္ဘောပေါ်မှ ဆင်းခွင့်မပေးပါ။သို့သော် တာဝန်အရ ကမ်းပေါ် တက်ရသူ ရဲဘော်တို့က အပြန်တွင် ငှက်ပျောသီးများ ယူလာရာ အားလို့ကောင်းလှသည်။ ဒီဇင်ဘာလ ၁၁ရက်နေ့တွင် ခရူဇာ စစ်သင်္ဘောကြီး "နာတိုရီ"နှင့် စစ်ရေယာဉ် ၁၆ စင်းတို့က အစောင့်လိုက်လျက် ယာဉ်တန်းကြီးသည် တောင်ဘက်သို့ ဦးတည်ထွက်သည်။ နှစ်သစ်ကူးကို ဂျပန်ကပါလာသော ဆာကေ ဖြင့် ကြိုဆိုလိုက်ကြသည်။ တစ်နေ့တွင် ဖျက်သင်္ဘောက သက်ပန်းတဖွေးဖွေးဖြင့် အမြန်ပြန်ခုတ်လာ၍ ရေငုပ်သင်္ဘော ရန် အချက်ပေးဥသြ ဆွဲတော့သည်။ အဝေးတွင် ပေါက်ကွဲမှုမှ ထင်းလက်သည်ကိုမြင်လိုက်ကြရသည်။ နောင်သိရသည်မှာ လေထီးတပ်ရင်းကြီးတစ်ရင်းကို တင်လာသည့် သင်္ဘောဝမ်းထဲမှ သမ်းအလိုအလျောက် ထပေါက်ပြီး မြုပ်သွားကြောင်း၊ သို့သော် သင်္ဘောပေါ်မှ လူအားလုံးကို ကယ်ဆယ်နိုင်လိုက်ကြောင်း သိ ရသည်။ ကျွန်တော်တို့ တောင်ဘက်သို့ ချဉ်းနင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်အမျှ အနိမ့်ပိုင်းရှိ ခုတင်အဆင့်တို့မှာ ရေနွေးငွေ့ အပေါင်းခံရန် ဇရုံးအိမ်အလား ချွေးထုတ်ပေးလျက်ရှိသည်။ ကုန်းပတ်ပေါ်တွင် ကျွန်တော်တို့ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ကြပြီး သားရေကွင်းပစ်ကစားကြရင်း စိတ်ဓာတ်နှင့် ခွန်အားကို ထိန်းသိမ်းရန် ကြိုးပမ်းကြသည်။ ရဲဘော်အချို့က ခေါ်လာသည့် သိုးထိန်းခွေးများကမူ ပါးနပ်စွာ ဝမ်းတွင်းသို့ လှေကားဖြင့်ဆင်း၍ ကုန်သိုလှောင်ခန်းများ၌ မြင်းများအတွက် ထားပေးသော ရေခဲတုံးကြီးများကို ဖြတ်တိုက်လာသည့် လေအေး အရသာကို ခံစားနေတတ်ကြသည်။ ဇန်နဝါရီလ ၉ ရက်နေ့ ရောက်သောအခါတွင် ရေယာဉ်များသည် မဲနမ်မြစ်ကြောင်းကို ဆန်တက်နေလေပြီ။ တစ်လမျှ ပင်လယ်ပြင်ကြီး ကိုသာမြင်နေရသူ ကျွန်တော်တို့အဖို့မှာ ကမ်းတစ်ဖက်တစ်ချက်ရှိ စိမ်းလန်းသော ရှုခင်းများကို ကြည့်ရသည်တွင် စိတ်ကြည်နူးဖွယ် ဖြစ်တော့သည်။ နောက်တစ်နေ့ ဘန်ကောက်ရောက်သည်တွင် သင်္ဘောပေါ်မှဆင်းကြပြီး ရိပ်သာပင် အစီအရီစိုက်ထားသော လမ်းအတိုင်းချီတက်ကြသည်။ ထိုင်းလူမျိုးများက တက်နေ့ အလံများကို ဝှေ့ယမ်းကြပြီး "နိပ္ပွန်၊ နိပ္ပွန်"ဟု ဟစ်အော် အားပေးကြသည်။ ကျွန်တော်တို့သည် လျှပ်စစ်ဓာတ်မီး ထိန်ထိန်လင်းနေသော အိမ်များ၌ တည်းခိုကြကာ လတ်လတ် ဆတ်ဆတ် ဟင်းသီးဟင်းရွက်များ၊ အဆီနှင့်တဝင်းဝင်း ဆန်ဖြင့် ချက်သည့်ထမင်းတို့ကို စားကြရသည်။ မြို့ထဲသို့ ကျွန်တော်တို့ လျှောက်လည်ကြကာ အပန်းဖြေရင်း ဂျပန်ရှိ မိဘဆွေမျိုး မိတ်သင်္ဂဟများထံ ကျွန်တော် စာအစောင်စောင်ရေးသည်။ တစ်ရပ်တည်းနေသူများအနက်မှ ကျွန်တော့်လို စစ်ထဲဝင်ပြီး နောက် တစ်နယ်တစ်ကျေး ရောက်နေသည့် မိတ်ဟောင်း



သည်များထံလည်း ရေးဖြစ်သည်။ ခေတ်မီလက်နက်များ ဆင်ထားသော ဗြိတိသျှတို့၏ အိန္ဒိယတပ်များကို ပုံစံဟောင်း သေနတ်များ၊အမြောက်များနှင့် တပ်ဆင်ထားသည့် လက်နက် ပစ္စည်းအရ ချို့တဲ့သည့် ကျွန်တော်တို့ တပ်များက ယှဉ်တိုက်ကြ ရမည်ဖြစ်ရာ သူတို့ထံ နောက်ဆုံးမှာနိုင်မည့် အခွင့်အရေး ဖြစ်ကောင်းဖြစ်မည်ဟု ထင်မြင်မိခဲ့သည်။ တရုတ်ပြည်မှ ထွက်ခွာ သည့်အချိန်တွင် ဒုံရင်းအတိုင်းပင် ရှိသေးသည်။ ခေတ်မီအောင် ပြုပြင်ဖြည့်စွက်ပေးခြင်းမရှိသေးပေ။

ဘန်ကောက်မြို့တွင် ကျွန်တော်တို့ ရက်အနည်းငယ်မျှ နေရသည်။ ကျွန်တော်တို့၏ လစာ ၄၀ ရာနှုန်းကို ထိုင်းဘတ်ငွေ ဖြင့် ထုတ်ပေးသဖြင့် အပြင်ထွက်ခွင့်ရသည်နှင့် ကျွန်တော် ထွက်ပြီး လွတ်လပ်မှုအရသာခံရင်း တောင်ပိုင်းဒေသပုံစံ အိမ်များ ကို ငေးကြည့်နေမိသည်။ ထိုင်းလူငယ်တို့မှာ လမ်းပေါ်တွင် သွက်လက်စွာ လှုပ်ရှားသွားလာလျက်ရှိပြီး သူတို့ဘဝ သူတို့ ကျေနပ်အားရနေပုံရသည်။ တရုတ်ပြည်တွင်ရှိစဉ်က ဤသို့ မြင်ကွင်းမျိုး မတွေ့ခဲ့ရပေ။ ဂျပန်ကြည်းတပ်က ဖွင့်လှစ်ပေးထား သော နိပ္ပွန်စားသောက်ဆိုင်တစ်ဆိုင်တွင် ကျွန်တော် ဘီယာ ဝင်သောက်ပြီးနောက် ညနေမိုးချုပ်သည်အထိ ကျွန်တော် မြို့ကို အေးအေးလူလူ လမ်းလျှောက်ကာ လည်နေမိသည်။

ကျွန်တော်တို့သည် ထင်းကို လောင်စာအဖြစ်သုံးသော မီးရထားကလေးဖြင့် ဘန်ကောက်မှ ထွက်ခွာခဲ့ကြသည်။ သို့နောက်တွင် ကျွန်တော်တို့လိုအပ်သည့် ပစ္စည်းတန်ဆာပလာ တို့အပြင် ရိက္ခာတစ်ပတ်စာထမ်း၍ ခက်ခဲကြမ်းတမ်းသော လမ်းခရီးအတိုင်း ခြေလျင်ချီတက်ကြရသည်။ ထိုမျှမကသေး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ချီတက်နေသည့်လမ်းကိုလည်း ဖောက်လုပ်ကြရသေးသည်။ သံခမောက်များ အပါအဝင် စစ်ပစ္စည်းအချို့ကို ချန်ထားခဲ့ကြရသည်။ ဤလမ်းကြမ်းအတိုင်း ရက်၂၀ကြာ ခြေလျင်ချီတက်ကြပြီးနောက် သံလွင်မြစ်ပေါ်ရှိ ဖားအံမြို့သို့ ရောက်သည်။ ကျွန်တော်တို့သည် သိပ်မပူလွန်းသော ညချမ်းပိုင်း၌ ချီတက်ကြသည်။ မြန်မာပြည်တွင် နေ့ပိုင်း၌ နေရှိန်ပြင်းပြီး ပူလွန်းလှသည်။

ထိုင်း-မြန်မာနယ်စပ်ကို ကျော်သည်နှင့် တပ်မှူးကြီးက အမှတ်(၁၅)တပ်တော်အတွက် တိကျတင်းကျပ်သည့် အမိန့်များ ထုတ်ပြန်လိုက်သည်။ ဘရုတ်ပြည်တွင်ရှိစဉ်က မဖြစ်သင့်သည့် အမှားများကို ကျူးလွန်မိကြ၍ ကျွန်တော်တို့နှင့် ဒေသခံပြည်သူများ အစေးမကပ် ဖြစ်ခဲ့ရခြင်းမျိုးကို ရှောင်ရှားနိုင်ရန်အတွက်ပင်ဖြစ်သည်။ ကျွန်တော်တို့ မြန်မာအိမ်ထဲသို့ တစ်ဦး တစ်ယောက်တည်း မဝင်ရ၊ အမှုထမ်းစု တပ်ကြပ်ကြီး ၃ နှင့် အထက်အဆင့်များကသာ ရိက္ခာနှင့် အခြားလိုအပ်သည့် ပစ္စည်း များ တောင်းဆိုခွင့်ရှိသည်၊ လုယက်ခြင်း၊ မီးရှို့ခြင်း မပြုရန် ကြပ်တည်းစွာ တားမြစ်ထားသည်။

ကျွန်တော်သည် တိုကျိုမြို့ မြောက်ဘက် ကီလိုမီတာ ၁၀၀ခန့်ဝေးသည့် အိန္ဒြေးမုရာတွင် ကြီးပြင်းခဲ့သည်။ အသက် ၂၀တွင် ကျွန်တော်တို့ရွာ၌ ပြုလုပ်သည့် စစ်မှုထမ်းရေး ဆေးစစ်ခြင်းတွင် ဆေးအစစ်ခံရာ၌ ပထမတန်း ဆေးအဆင့် သတ်မှတ်ခြင်းခံရသည်။ ၁၉၃၉ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျွန်တော့်ရွာမှ ယောကျ်ား၄၀ခန့်သည် အမှတ်(၂၁၄) တပ်ရင်းကြီး၏ ဌာနေရပ်ရွာဖြစ်သည့် အော့ -ဝါကာမတ်ဆုသို့



သွားသတင်းပို့ကြသည်။ ကျွန်တော်တို့ အခြေခံစစ်သင်တန်း ပြီးဆုံးသွားသည့် ၁၉၃၉ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် အမှတ် (၂၁၄) တပ်ရင်းကြီးကို စတင်တည်ထောင်ကာ ဤ တပ်ရင်းကြီးသို့ ကျွန်တော်တို့ကို ပြောင်းရွှေ့မိန့် ထုတ်ပေး လိုက်သည်။ တပ်ရင်းကြီး တပ်မှူးသည် ဧကရာဇ်နန်းတော် သို့သွားရောက်၍ ဧကရာဇ်ထံမှ တပ်ရင်းကြီးအလံကို လက်ခံရ သည်။ သင်တန်းဆင်းစဉ်က ကိုင်ရသည့် သေနတ်အဟောင်း များကို ရိုင်ဖယ်သေနတ် အသစ်ကျပ်ချွတ်တို့ဖြင့် လဲပေးသည်။ ကျွန်တော်ရသည့် လုံ့စွပ်ကို မြည့်နေအောင် သွေးပေးလိုက်ရာ ကျွန်တော်၏စိတ်ထဲတွင် သွေးသံအလိမ်းလိမ်းနှင့် ပြည့်လျှမ်းနေ သည့် စစ်တလင်းသို့ ဆင်းရတော့မည်ဟူသော ပကတိ အလား အလာကို ကွက်ကွက်ကွင်းကွင်း ထင်မြင်မိအောင် ဖန်တီးပေး လိုက်ပေတော့သည်။ ကျွန်တော်တို့ လျှာထိုးဦးထုပ်မှ ကြယ် အမှတ်အသားထက်တွင် ကျားဖြူတံဆိပ်ကို တပ်လိုက်ကြ သည်။ ဤတံဆိပ်ကို နောင်တွင် တပ်ရင်းကြီး ၂၁၄ ၏ ဒုတပ်မှူး ဖြစ်လာမည့် ဒုဗိုလ်မှူးကြီး ဂျူနိုဆူးကီး ဟာမာဒါက တီထွင်ပေးလိုက်ခြင်းဖြစ်သည်။ ၁၈၆၇ခုနှစ် ပြည်တွင်းစစ် ဖြစ်ပွားစဉ်က "ကျားဖြူ" သညာကို ခံယူခဲ့ကြသည့် ဝါကာ မတ်ဆုမှ ဆာမူရိုင်း သူရဲကောင်းလူငယ်တို့ကို ရည်ညွှန်း လိုက်ခြင်းဖြစ်သည်။ ၎င်းတို့မှာ ဂျပန်လူထုက အထူးလေးစား သော သူရဲကောင်းများပင် ဖြစ်သည်။ ကျွန်တော်တို့သည် ၁၉၃၉ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် နီဂါတာ ဆိပ်ကမ်းမြို့မှ ဘရုတ်ပြည် အလယ်ပိုင်းသို့ ထွက်ခွာကာ ၁၉၄၁ခုနှစ်အထိ ဘရုတ်တပ်မတော်နှင့် တိုက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ ထားဝယ်သို့ချီခြင်း

တပ်ကြပ်ဘူဟာချီရို နာကော၊
အမှတ်(၅၅)တောင်ပေါ်ပစ်အမြောက်တပ်ရင်း၊ တပ်မ(၅၅)
ထားဝယ်၊ ပဲခူး

ထားဝယ်သည် မြန်မာပြည် အရှေ့တောင်ဘက်တွင် ရှိသော မြို့ငယ်တစ်မြို့ဖြစ်၍ မလေးကျွန်းဆွယ်နှင့် မဝေးလှပေ။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၈ ရက်နေ့၌ စစ်စတင်ဖြစ်ပွားသော အခါ ဂျပန်တပ်မတော်သည် မာလာယုမြောက်ပိုင်းတွင် ကမ်းတက်၍ တောင်ဘက်သို့ချီလာကာ အာရှတွင် ဗြိတိသျှတို့၏ အကြီးဆုံးခံတပ်ဖြစ်သော စင်္ကာပူကို သိမ်းသည်။ မာလာယုကျွန်းဆွယ်အတိုင်း တက်လာသော ဂျပန်တပ်များကို ကာကွယ်ပေးရန်မှာ လက်လှမ်းတမီတွင်ရှိနေသည့် ဝိတိုရိယအငူ (ဘုရင့်နောင်အငူ)နှင့် ထားဝယ်ရှိ လေယာဉ်ကွင်းများမှ ဗြိတိသျှလေတပ်၏ တိုက်ခိုက်မှုကို ရှောင်ရှားဖို့လိုသည်။ ထို့ကြောင့် အဆိုပါလေယာဉ်ကွင်းများကို သိမ်းရန် ဂျပန်ကြည်းတပ်က ဆုံးဖြတ်လိုက်သည်။ ထားဝယ်သည် ဘန်ကောက်နှင့် လေကြောင်းခရီး ကီလိုမီတာ ၂၈၀မျှသာ ဝေးသော်လည်း ကြားထဲတွင် မြင့်မားသည့် ဘီလောက်တောင်တန်းကြီးက ခံနေသည်။

ကျွန်တော်သည် ဂျပန်ပြည်၏ ရှုခင်းသာလှသော ကုန်းတွင်းပင်လယ်၏ ဆိပ်ကမ်းမြို့ဖြစ်သော ဆာကာဒေးမှ စစ်သားများနှင့် မြင်းများအပြည့်တင်လာသော ကုန်တင်သင်္ဘောတစ်စင်းဖြင့်ပါလာရာ ၁၉၄၁ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့၌ ပြင်သစ် အင်ဒိုချိုင်းနားမြောက်ပိုင်း ( ယခု ဗီယက်နမ်)တွင်



ရောက်သည့်အခါသို့ ဆင်းကြသည်။ စစ်ကြီး စတင်ဖြစ်ပွားသောအခါ ဖြစ်ပွားသောအခါ တင်လွှတ်လိုက်ရာ ထိုင်းနိုင်ငံ အနောက်တောင်ပိုင်းသို့ ရောက်ကြသည်။ ကျွန်တော်တာဝန်ကျသည့် တောင်ပေါ်ပစ်အမြောက်တပ်စုမှာ ထားဝယ်သို့ချီရမည့် "အိုကီ" တပ်ဆွယ်နှင့် တွဲဖက်ရသည်။ ထိုတပ်ဆွယ်တွင် သေနတ်ကိုင်တပ်ခွဲ (၃)ခွဲ၊ စက်လတ် ၆လက်နှင့် ၇၀မမ အမြောက်နှစ်လက်ပါသော ခြေလျင်တပ်ရင်းတစ်ရင်း ၊ စစ်မြေပြင်အင်ဂျင်နီယာ တပ်စုတစ်စုနှင့် အကူတပ်ဖွဲ့များအပါအဝင် အင်အား ၁,၅၀၀ ရှိသည်။

ကျွန်တော်တို့သည် ကွေ့နှိုင်းမြစ်ကို ဆန်တက်သည့် လှေငယ်များဖြင့် ခရီးဆက်ကြရာ မြန်မာ–ထိုင်း နယ်စပ်သို့ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ရောက်သည်။ ထိုတွင် အပိုပစ္စည်းပစ္စယများ၊ မရှိမဖြစ်မဟုတ်သည့် ကိုယ်ပိုင်ပစ္စည်းများကို ပြန်ပို့လိုက်ရန် ညွှန်ကြားချက်ရသည်။ အမှန်မှာ ယင်းတို့သည် ကျွန်တော်တို့ ခက်ခက်ခဲခဲ သယ်လာခဲ့သော ပစ္စည်းများပင်ဖြစ်သည်။ ကျွန်တော်တို့မှာ ဗြိတိသျှတို့နှင့် တွေ့အတွေ့အကြုံ မရှိကြသေးသဖြင့် ခဲယမ်းကို တတ်နိုင်သမျှ သယ်ဖို့လိုမည်ဟု တွက်လိုက်ကြသည်။ ထို့ကြောင့် ရိက္ခာကို အတန့်အသတ်ဖြင့်သာ သယ်သည်။ ရက်သတ္တပတ် ဆန့်စားရန် ရိက္ခာနှင့် အရေးပေါ်ရိက္ခာအဖြစ် ဘီစကွတ် နှစ်ထုပ်စီသာ ပါကြသည်။ မြင်းစာကို ပုံမှန်၏ သုံးပုံတစ်ပုံအထိ လျှော့ထားကာ ဆောက်ရာမှ မြက်ဖြင့်ကူမည်ဟု မှန်းလိုက်သည်။ အထမ်းသမား [illegible] သုံးဆယ်ခန့် ငှားလာကာ တစ်ဦးလျှင် အမြောက်ကျည် [illegible]ခစီ သယ်လာစေသည်။ နယ်စပ်အနီး ရောက်သည်အထိ [illegible]ကို စည်းရုံးနိုင်သော်လည်းနောက်ဆုံးတွင် ၄င်းတို့က

www.burmeseclassic.com

www.burmeseclassic.com



"တို့ဒီစစ်ထဲပါတာမဟုတ်"ဟုဆို၍ ထွက်ပြေးကြတော့သည်။ ထို့ကြောင့် ကျွန်တော်တို့ တနင့်တပိုးထမ်းနေရသော ကျောပိုးအိတ်များတွင် အမြောက်ကျည်တစ်တောင့်စီ တိုးလာပြန်သည်။

တောထဲ ချီစစ်အပြင်းဆင်ရသည်မှာ အလွန်ပင်ပန်းလှသည်။ ကျွန်တော့်အဖွဲ့နှင့်အတူ လိုက်ပါနိုင်အောင် ကျွန်တော်မှနည်း ကြိုးစားရသည်။ ထိုအတောအတွင်း ကျွန်တော်တို့နယ်စပ်ကို ဖြတ်လိုက်ပြီဖြစ်သော်လည်း ဝန်တင်လမ်းရာကျဉ်းကျဉ်းအတိုင်းသာ သွားရသည်။ မြက်တောကြီးကို ဖြတ်ပြီးနောက် နေ့ခင်းမှာပင် ပိန်းပိတ်အောင်မှောင်သည့် တောကြီးမျက်မည်းထဲ ရောက်ပြန်သည်။ ထိုမှတစ်ဖန် ထူထဲစွာ ပေါက်နေသော ဝါးတောထဲသို့ ရောက်ကြပြန်သည်။ ဒုတိယနေ့တွင် ဝန်တင်လမ်း တဖြည်းဖြည်း မှိန်ပျောက်ကာ မတ်စောက်သည့် ကမ်းပါးကို ဖြတ်ကြရ၍ အင်ဂျင်နီယာတပ်က ခဲခဲယဉ်းယဉ်း လမ်းရာထွင်ကြရသည်။ ဝန်တင်မြင်း၊ နွားတို့ ချောက်ထဲမကျအောင် အလွန်သတိထားကြရသည်။ အမြောက်ကျည်အချို့ကို နွားများပေါ်တင်ထားရသည်။ အနောက်သို့ ဦးတည်တိုးနေကြစဉ် လေယာဉ်တစ်စင်းက ကောင်းကင်ထက်မှ ကျွန်တော်တို့သွားရမည့်လမ်းကြောင်းကိုပြသည်။ ကျွန်တော်တို့ တစ်နေ့လျှင် ၂ ကီလိုမီတာ၊ ၃ ကီလို မီတာခန့်သာ ပေါက်သည်။ ၈ ရက်အကြာတွင် ဆန်ပြတ်သွားသည်။ ကျွန်တော်တို့စစ်သည်များမှာ မြေပုံမရှိသည့်အတွက် မိမိရောက်ရာနေရာကို မသိနိုင်။ နောက်ရက်ပေါင်းမည်မျှကြာအောင် လျှောက်ရဦးမည်ကိုလည်း မမှန်းတတ်ချေ။ တောကြီးကိုကား ဆက်၍ဖြတ်ကျော်ချီတက်နေကြရသည်။ ဆာ လောင်မွတ်သိပ်မှုကို သည်းမခံနိုင်သောအခါတွင် မြင်းစာစပါးကို အခွံချွတ်၍ ဆန်ပြုတ်ပြုတ်



စားကြသည်။ မြင်းများခမျာမှာတော့ ကိုင်းမြက်များကိုသာ စားကြရရှာသည်။ နောက်ဆုံး၌ ဝန်တင်နွား တစ်ကောင်ကို သတ်စားရန်ဆုံးဖြတ်လိုက်ကြသည်။ ထိုင်းနွား များမှာ ဂျပန်ကနွားများနှင့် မတူပေ။ အသားပျဉ်းတွဲတွဲ မာခေါက်ခေါက်နှင့် နှစ်နပ်စားရုံမျှဖြင့် ကျွန်တော်၏ သွားဖုံးများ ရောင်ကိုင်းလာကာ ကိုက်ခဲသဖြင့် အမဲပြုတ်ရည်ကိုသာ မှိဝဲနိုင်တော့သည်။ ထိုနွားပေါ်တင်လာသည့်အမြောက်ကျည်ကိုမူ မသယ်နိုင်သဖြင့် ကျည်အချို့ကို နောက်မှပြန်ကောက်တော့မည်ဟု ချန်ထားခဲ့သည်။

ဇန်နဝါရီလ ၁၄ရက်နေ့ ရောက်သည့်အခါ လေယာဉ်၏ အကြောင်းကြားချက်အရ နောက်တစ်ရက် ချီတက်ပြီးလျှင် တောင်တန်းကို လွန်မြောက်ပြီးဖြစ်မည်ဟု သိကြရသည်။ ကျွန်တော်တို့လည်း စိတ်ဓာတ်တက်လာပြီး တိုက်ပွဲဝင်ရန် ပြင်ကြသည်။ နောက်တစ်နေ့တွင် မြက်ခင်းလွမ်းသည့် လွင်ပြင်သို့ ရောက်သည်။ မတွေ့ရသည်မှာ ဆယ်ရက်ရှိပြီဖြစ်သော ကောင်းကင်ပြာပြာကို ပြန်မြင်ရသဖြင့် အချို့မှာ မျက်ရည်မဆည်နိုင်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ တောထူထဲမှ လွင်ပြင်ထဲသို့ရောက်လာရာတွင် နေပူဒဏ်ကို ကျွန်တော်တို့၏ ကျောပြင်များက ခံစားကြရပြီး တစ်ချိန်တည်းမှာပင် ကျွန်တော်တို့၏ ကိုယ်ခန္ဓာများကို လေညင်းကလေးက ပိုက်ထွေးသာပေသည်။ ကျွန်တော်တို့နိုင်ငံနှင့် ကွာလှမ်းလှသော မြန်မာပြည်သို့ ရောက်နေပြီဟူသော အသိက ကျွန်တော်တို့၏စိတ်ကို နက်ရှိုင်းစွာ ကိုင်လှုပ်သည်ကိုလည်း ခံစားရပေသည်။ ၁၆ ရက်နေ့ ရောက်သည်တွင် ရန်သူနှင့် အချိန်မရွေးတွေ့ဖွယ်ရာရှိ၍ ပြင်ဆင်ချင်နှင့် အမိလိုက်ရန် ကျွန်တော်တို့ကို ပြောသည်။ ခဏကြာတွင် သေနတ်သံများကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



မိခင်နိုင်ငံမှ ထွက်ခွာလာသည့်နောက် ဦးဆုံးကြားရသည့် သေနတ်သံဖြစ်၍ စိတ်လှုပ်ရှားမှုကလေးရှိသည်။ ရှေ့ပြေးတပ်က ရန်သူနှင့်တွေ့ဟန်ရှိသည်။ တပ်စုမှူးက ခြေလှမ်းသုတ်သုတ်လှမ်းကြရန် အမိန့်ပေးသည်။ ဆယ်မိနစ်ခန့်အကြာတွင် သေနတ်သံစဲသွားသည်။ ရှေ့အနည်းငယ် သွားမိလျှင် တောင်ကုန်းပေါ်၌ အိမ်ခြေ ၂၀ခန့် ရွာကလေးကို မြင်ရသည်။ မေတ္တာဟု သိရပြီး ရဲဘော်တစ်ယောက်က တက်နေ အလံကြီးကို လွှင့်ထူနေရာ မိမိတို့က သိမ်းပြီးသည့်ရွာဟု နားလည်ရသည်။ ကျွန်တော်တို့ နေဝင်သည်အထိ ရွာတွင် နားနေကာ လက်နက်များကို ကြံ့ခိုင်ရေးလုပ်သည်။ ထို့နောက် ထားဝယ်မြို့သို့ ဦးတည်ထွက်သည်။ ယခုအခါတွင်မူ လမ်းကျယ်ကျယ်တွင် ချီတက်ရခြင်းဖြစ်၍ တောင်ပေါ်ပစ် အမြောက်များကို ပြန်ဆင်လိုက်ပြီး မြင်းနှင့်ဆွဲယူသည်။ တိုက်ပွဲဝင်ရန် အမြောက်များ အဆင်သင့် အနေအထားဖြင့် ချီတက်နိုင်လေပြီ။ ဤအချိန် မတိုင်မီက အမြောက်များကို တစ်စစီဖြုတ်၍ မြင်းများပေါ် ခွဲတင်လာရသည်။ ကောက်ကစင်းလမ်းအတိုင်း နှစ်နာရီမျှ ချီကြသည်တွင် ကျောက်မည်းတောင်ရွာသို့အရောက်တွင် သဲသဲမဲမဲပစ်သံများ ကြားရသည်။ ခြေလျင်တပ်မှ လွှတ်လိုက်သည့် ဆက်သားက ရှေ့တက်လိုက်ရန် လာခေါ်သည်။ သို့နှင့် တိုက်ပွဲဝင်ရန် အသင့်ပြင်ပြီး သူ့နောက် လိုက်သွားကြသည်။ ရန်သူအင်အား ၆၀၀ ခန့် ရင်ပေါင်တန်းဖြန့်ထားကာ ရှေ့ပြေးတပ်မှ သုံးဦးကို ၎င်းတို့က ပစ်ချထားသည်။ ခြေလျင်က ခေါ်ဆောင်သွားသည့် တောင်ကုန်းပေါ်တွင် ကျွန်တော်တို့ အမြောက် နေရာယူပြီးပစ်ရာ ပထမပစ်လိုက်သည့် ကျည်သည်



...တို့အနီး ကျရောက်ပေါက်ကွဲသည်တွင် ရန်သူအားလုံးပင် ...တ်ကုန်ကြသည်။

ငါးတောင့်ပစ်ပြီးနောက် "အပစ်ရပ်" အမိန့်လာသည်။ ...န်တော်တို့ တပ်စိတ်မှူးက အားမလိုအားမရ ဖြစ်နေကာ ...န်တော်သည်လည်း သိပ်ဝင်မနွှဲလိုက်ရပါလားဟု မချင့်မရဲ ...စ်နေမိသည်။

နေထွက်လာသည်နောက်ပိုင်း၌ ကျွန်တော်တို့ကိုယ်ကိုလည်းကောင်း၊ မြင်းများကိုလည်းကောင်း သစ်ခက်များဖြင့် ...က်လိုက်ကြရာ တောအုပ်တစ်အုပ် ခြေထောက်ပေါက်ပြီး ...လျှောက်သွားနေသည်နှင့်ပင် တူတော့သည်။ ရန်သူ့လေယာဉ် ...ားက ကျွန်တော်တို့ခေါင်းပေါ် နှစ်ကြိမ် ဖြတ်ပျံသွားကြသော်လည်း လမ်းဟိုဘက်သည်ဘက် ဖြန့်ပုန်းနေကြသဖြင့် ရန်သူကမသိလိုက်။ နေလုံးကြီး ထားဝယ်အနောက်ယွန်းယွန်း ...ပ်လျှို့သွားချိန်တွင်လမ်းသုံးခွတစ်ခုသို့ရောက်ကြသည်။ သာဂရဟုခေါ်သော မြို့တစ်မြို့ပင် ဖြစ်သည်။

ကျွန်ုပ်တို့၏ ထောက်ကင်းများက ရန်သူတပ် ခံစစ် ...ရာယူပုံကို လိုက်လံထောက်လှမ်းနေစဉ် ထိုနေရာ၌ပင် ...အိပ် စခန်းချလိုက်ကြသည်။ ကျွန်တော်တို့၏ ပန်းလျနေပြီ ...စ်သည့်ခန္ဓာတို့မှာ ဘူမိကမ္ဗလာနှင့် မိတ်ဆက်မိသည်နှင့် ...ခေါခေါဟောက်သံတို့သည် ဟိုတစ်ကွက် သည်တစ်ကွက် ...ထွက်လာပေတော့သည်။

နောက်တစ်နေ့တွင် မိုးစင်စင်မလင်းမီ ကျွန်တော်တို့ကို ...ကြသည်။ လမ်းအခြေအနေက ကြာလေ ပိုဆိုးလေဖြစ်၍ ...မြောက်များကို တစ်စစီဖြုတ်၍ မြင်းနှင့် သယ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေလျင်က ခြေသွက်နေ၍ သူတို့ကိုမီအောင် ကျွန်တော်တို့ မနည်းလိုက်ကြရသည်။

ခြောက်သယောင်းနေသော လယ်ကွက်များကို ဖြတ်သန်းသွားရာတွင် တောလက်ကျေးရွာစရိုက် ရိုးရိုးစင်းစင်း ဆောက်ထားသည့် တဲအိမ်တို့ကို ရံဖန်ရံခါ တွေ့မိသည်။ နေမင်းထွက်လာသည့်အခါ ကျွန်တော်တို့ ကျောပြင်များကို မညှာမတာ မီးမြှိုက်တော့သည်။

နံနက် ၉ နာရီ မထိုးမီတင်ကလေးတွင် ရန်သူ့ သေနတ်သံများကြားရ၍ အမြောက်များကိုဆင်ပြီး ရှေ့တန်းရောက်အောင် သုတ်ခြေတင်ကြသည်။ ကျယ်ပြန့်သော မြေပြင်တွင် အတန်းလိုက်ဆောက်ထားသော အိမ်များ ၊ လမ်းများကို တွေ့ကြရသည်။ ထားဝယ်မြို့ပင်ဖြစ်သည်။ ခြေလျင် ရင်ပေါင်တန်းဖြန့်ထားရာနောက်၌ မိမိတို့အမြောက် နေရာယူလိုက်ကြသည်။ “စဉ်တိုက်ကျည်ထိုး” အမိန့်သံကို ကြားရသည်တွင် အမြောက်(၁)ဖြစ်သော ကျွန်တော်က မောင်းတုံးကို ဖွင့်လိုက်သည်။ အမြောက်(၃) တပ်သား အာကာရှိက ကျည်တစ်တောင့် ထိုးသွင်းလိုက်သည်။ အမြောက်(၂) တပ်သား ကီတာအိုကာက အနုစိတ်ချိန်နေစဉ် မောင်းခလုတ်ကြိုးကို ကျွန်တော်က ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ “ပစ်” အမိန့်ပေးသည်နှင့် ကြိုးကိုဆွဲ၍ မောင်းဖြုတ်လိုက်သည်။ ကျွန်တော် ဆယ်တောင့်ပစ်ပြီးသည်တွင် “အပစ်ရပ်” အမိန့်ရောက်လာသည်။ သို့နှင့် နောက်ထပ်လာမည့်အမိန့်ကို စောင့်ကာနေသည်။ ထိုအခိုက်တွင် လေယာဉ်ပန်ကာသံများ ကြားရပြီး ရန်သူ့လေယာဉ် တစ်စီးပြီးတစ်စီး ရောက်လာကာ ဝဲနေကြ



သည်။ ထားဝယ်အရှေ့ဘက်တွင် လေယာဉ်ကွင်းရှိပုံရသည်။ နောက် ဂျပန် “ဇီးရိုး” တိုက်လေယာဉ်များ ရောက်လာသည်တွင် ရန်သူ့လေယာဉ်များ မြောက်ဘက်သို့ ပျံသွားကြသည်။ ထို့နောက်တွင် ကျွန်တော်တို့ တောင်ပေါ်ပစ် အမြောက်များကို နှင်နေရာ ထပ်ရွေ့သော်လည်း တစ်ချက်မျှ မပစ်ပါ။ မြို့ကို အပြီးအပိုင် သိမ်းပြီးပြီဟု သိရသည်။ ခြေလျင်ဘက်မှ အကျအဆုံး ၂၈ရှိသည်ဟု သိရသော်လည်း ကျွန်တော်တို့ တောင်ပေါ်ပစ် အမြောက်တပ်စုမှ တစ်ဦးတစ်ယောက်မျှ ထိခိုက်ရနခဲ့ခြင်းမရှိပါ။ ကျွန်တော်တို့ ကောင်းမွန်စွာနှင့် ဇွဲဆောင်ဦး တိုက်ပွဲဝင်နိုင်ခဲ့သည့် အဖြစ်ကို ပျော်မဆုံးရှိနေကြသည်။ ကျွန်တော်တို့ တပ်စုမှူးပင်လျှင် ပျော်နေပုံပေါက်သည်။

○

## ၃။ ထုံးစွပ်ထိုးညတိုက်ပွဲ

ဗိုလ်ကြီး တာဒါရှိ ဆူဇူးကီး အမြောက်တပ်ခွဲ၊ အမှတ်(၂၁၅)
ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၃)
စစ်တောင်း၊ မုံရွာ

၁၉၄၂ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက် ညပိုင်းတွင် ကျွန်တော်တို့ စစ်တောင်းမြစ်ကို ဖြတ်ကျော်ကာ နောက်တစ်နေ့ ညတွင် ကျွန်တော်တို့၏ တပ်ရင်းကြီးမှ တပ်ရင်း(၂)သည် တောင်ပေါ်ရှိ ကူးဆိပ်အမည်ရှိ ရွာကလေးတစ်ဝိုက်ရှိ ဗြိတိသျှ တပ်များကို ဝင်တိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့တိုက်ရာတွင် ထိုတပ်ရင်းသည် ဂျပန်တပ်မတော် အစဉ်အလာအတိုင်း တိုက်ပွဲဝင်ခြင်းဖြစ်သည်။ ထိုအစဉ်အလာ အရ စစ်သည်တို့သည် မိမိတို့သေနတ်ထဲသို့ကျည်တစ်တောင့်မျှ မထည့်ရပေ။ ထို့ပြင် လမိုက်သည့် ညအမှောင်တွင် ရန်သူတပ်ကို ချဉ်းကပ်ရာ၌ ရန်သူက သေနတ်ဖြင့်ပစ်လျှင် ရန်သူ့ သေနတ် ပြောင်းမှ မီးပွင့်မီးလျှံတို့က မိမိတို့လှံစွပ်တွင် ရောင်ပြန်ဟပ်သည့် အခါ မိမိလှုပ်ရှားမှုကို ရန်သူက သိမြင်နိုင်သဖြင့် ယင်းသို့ မဖြစ်ရလေအောင် လှံစွပ်အသွားများကို ရွှံ့သုတ်ကာ အရောင်မှိန် အောင် ဖန်တီးထားရသည်။ ထိုအစဉ်အလာအရ ရန်သူ နေရာယူထားရာကို တက်တိုက်ရာတွင် လှံစွပ်ကိုသာ လက်နက်အဖြစ် သုံးခွင့်ရှိလေသည်။

ကျွန်တော့်တပ်ခွဲမှာ တပ်ရင်းကြီး၌ဌာနချုပ်နှင့်အတူ နေရာချထားခြင်းခံရသည်။ ကျွန်တော်တို့ထံ အကျိုးအကြောင်း သတင်းပို့လာခြင်း မရှိသော်လည်း ဗြိတိသျှတို့၏ သေနတ်သံ များကို တော်တော်ကြာကြာ ကြားနေရသည်။ ထို့ကြောင့် ညတိုက်ပွဲ ဆင်နွှဲမှုအခြေအနေ မသိရ၍ စိတ်ပူနေမိသည်။ ဗြိတိသျှတို့ဘက်၌ အမြောက်နှင့် လေကြောင်းအင်အားသာသဖြင့် ညတိုက်ပွဲမအောင်မြင်ပါက ကျွန်တော်တို့ ခွကျနိုင်သည်။ ထို့ကြောင့် ကျွန်တော့်တပ်ခွဲမှ အင်အားအများစုထုတ်၍ ဗြိတိသျှ တပ်ကို နောက်ပိုင်းမှဝင်တိုက်ရန် တင်ပြရာ သဘောတူ လိုက်သည်။ ၇၅မမ ခြေလျင်တပ်ပိုင် အမြောက်နှစ်လက်အတွက် အမြောက်သမား အနည်းငယ်ချန်ခဲ့ပြီး ထိကွဲစနက်တပ် အစထွက် ကျည်များဖြင့် အတိုက်ခံရလျှင် ပစ်နိုင်ရန် စီစဉ်ပေးခဲ့သည်။



တပ်ခွဲမှ ကျန်အင်အားသည် ရိုင်ဖယ်နှင့် လှံစွပ်များ ကိုင်ဆောင်လျက် စိတ်ဓာတ်တက်ကြွစွာဖြင့် ရန်သူရှိနိုင်သည့် ဆောင်ကုန်းကို အနောက်ဘက်မှကွင်း၍ သံလွင်မြစ်ရိုးအတိုင်း ဆောင်ဘက်သို့ အရဏ်ဦးရောင်ခြည်ပျို့ခါစအောက်တွင် ဆက်တက်သွားသည်။ ဤတွင် ရွက်ထည်တဲစုတစ်ခုသို့ ချောင်လင့်ဘဲ ဆိုက်ရောက်သွားတော့သည်။ ချဉ်းကပ်၍ တဲအပြင် ရှိ ရန်သူစစ်သားအချို့ကို ဓားနှင့် ထိုးသတ်လိုက်ကြသည်။ တွပ်ကဲမှူးဌာနချုပ်ပုံပေါက်သည့် တဲတစ်လုံးထဲသို့ ဝင်လိုက်သည့် အခါ ဒဏ်ရာနှင့် ဒုဗိုလ်မှူးကြီးအဆင့် ဗြိတိသျှတပ်မှူး တစ်ဦးကို သူ့လူအချို့နှင့် မတ်မတ်ထိုင်နေသည်ကို တွေ့ရသည်။ သူ့ကိုပစ်ရန် ကျွန်တော်တို့ကို လက်ဟန်ခြေဟန်ပြ၍ တည်တည် ကြည်ကြည်နှင့်ပင် သေပွဲဝင်သွားသည်။ သူ့အမူအကျင့်မှာ စစ်သားပီသလှ၍ ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။ ကျွန်တော်ပင် ဤအခြေအနေမျိုးကြုံရလျှင် ဒီလိုပဲလုပ်နိုင်ပါစေဟု ဆန္ဒပြုမိ သည်။

တပ်ရင်း(၂)၏ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်မှုကြောင့် ကူးဆိပ် ရှိ ရန်သူကို အပြီးအပိုင်နီးပါး ချေမှုန်းနိုင်လိုက်သည်။ ဤတိုက်ပွဲ သည် မြန်မာ့နယ်မြေတွင် ကျွန်ုပ်တို့၏ ဗွေဆော်ဦးအောင်ပွဲ ပင်ဖြစ်သည်။ ထိုမှသည် အနောက်ဘက်သို့ဆက်၍ တိုက်ချင် စိတ် ခိုက်ချင်စိတ် တဖွားဖွားဖြင့် ကျွန်တော်တို့ ချီတက်သွား ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၄။ ဘီးလင်းတိုက်ပွဲ

ဒုတပ်ကြပ် နီကို ခါဝါမာ့တာ့ (အဆက်)တပ်ခွဲ(၃)၊ ရင်း(၁)
အမှတ် (၂၁၄) ခြေလျင်တပ်ရင်းကြီး၊ တပ်မ(၃၃)

### ဘီးလင်း

ကျွန်တော်သည် ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် သံလွင်မြစ်ကို အရပ်ထဲမှ လှေငယ်ကလေးဖြင့် ကူးကာ အနောက်သို့ ခြေဦးလှည့်ခဲ့သည်။ နေ့လယ်ပိုင်းတွင် တောတွင်း၌အိပ်နေပြီး ညတွင် အနောက်သို့ ဆက်လျှောက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ညနေပိုင်းတွင် ဘီးလင်းမြစ်သို့ ရောက်လာကာ ကူးရန်နေရာ လိုက်ရှာကြသည်။ ထိုစဉ် မောဟိုက်သံဖြင့် တက်လာသည့် လူသံကြားမိလျှင် လှမ်း၍ "ဘယ်သူလဲ" ဟုမေးလိုက်ရာ ထိုသူက "အိုချီအိုင်"ဟု ပြန်ဖြေသည်။ သူသည် ကျွန်တော်တို့မတိုင်မီက ထွက်ခွာခဲ့သည့် ရှေ့ပြေးတပ်မှဖြစ်ပြီး ဒဏ်ရာရသူတစ်ဦးကို ထမ်းလာသည်။ ရှေ့ပြေးတပ်သည် ရန်သူအတိုက်ခံရပြီး အဆုံးအရှုံးများကြောင်း သူက ပြန်ပြောပြသည်။

မြစ်သည် မီတာ ၈၀ခန့်ကျယ်ပြီး တစ်မီတာခန့်နက်သည်။ ဖြတ်ကူးရန်မခဲယဉ်း။ သို့သော် ရန်သူက တစ်ဖက်ကမ်းတွင် ပုန်းစောင့်နေနိုင်သဖြင့် သတိထားဖို့လိုသည်။ ကျွန်တော်တို့ မြစ်ကမ်းတစ်လျှောက် တပ်ဖြန့်လိုက်ကြကာ တပ်စု (၂) က တိတ်တဆိတ် စကူးသည်။ ကျွန်တော်တို့ရိုင်ဖယ်



ခလုတ်များပေါ် လက်ညှိုးတင်ကာ တစ်ဖက်ကမ်းကို စိုက်ကြည့်ကာ နေကြသည်။

နောက် ၅ မိနစ်ခန့်အကြာတွင် ရန်သူမရှိကြောင်း ရှေ့ပြေးတပ်စုက အချက်ပြသည်။ ကျွန်တော်တို့ စိတ်အေးရပြီး ရိုင်ဖယ်သေနတ်နှင့် ကျည်ဆန်တို့ကို ခေါင်းပေါ်ရွက်ပြီး ရေထဲဆင်းလိုက်ကြသည်။ မြစ်လယ်တွင် ကျွန်တော့်လည်မျိုအထိ နစ်မြုပ်သည်။ သို့သော် ထို့ထက်မနက်သဖြင့် ကံကောင်းသေးတော့။ မြစ်ကိုဖြတ်ကူးပြီးနောက် ရေစိုယူနီဖောင်းများ ခြောက်လျက်ပင် ကျွန်တော်တို့ ဆက်လက်ချီတက်ကြသည်။ ရှေ့ပြေးအဖွဲ့က တောလမ်းတစ်လျှောက်တွင် မိမိတို့တပ်ဖွဲ့ အစည်းမှ အကူရာပါသော စာမျက်နှာတို့ကို မဂ္ဂဇင်းစာစောင်ထဲမှ ဆုတ်၍ချထားသည့်အတိုင်း လိုက်သွားကြသည်။ အချိန်အတန်ကြာလျှင် ဤသင်္ကေတများကိုရှာ၍ မရတော့သော်လည်း အနောက်သို့မှန်း၍ စွတ်ဆက်တိုးကြသည်။

တစ်ချိန်၌ ခေတ္တရပ်နားရာတွင် လမ်းဘေး၌ ကျွန်တော် အိပ်ပျော်သွားသည်။ ဖားကလေးတစ်ကောင်က မျက်နှာပေါ် တက်ခုန်လိုက်မှ နိုးလာတော့သည်။ ထိုအချိန်တွင် လင်းကျင်းနေပြီဖြစ်ရာ ဆက်နေလျှင် အန္တရာယ်များနိုင်သဖြင့် ကျွန်တော် တပ်ခွဲ အားလုံးကို လိုက်နှိုးသည်။ ထို့နောက် ရှေ့ပြေးအဖွဲ့တွင်ပါသော တပ်သားတိုဘီသည် သေနတ်ကို ပခုံးဖြင့်ထမ်းရင်း ရောက်လာသည်။ "တိုဘီ ဘယ်လိုဖြစ်လာတာလဲ"ဟု ကျွန်တော် က မေးသည့်အခါ သူက "ကျွန်တော်ဖြင့် ဘာလုပ်ရမယ်မသိဘူး၊ ကျွန်တော့်တပ်စုမှူး ကျသွားပြီး တော်တော်များများလည်း ကျကျန်တယ်။ အချင်းချင်းလည်း မျက်ခြေပြတ်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကိုယ်တိုင်က ကျွန်တော့်တပ်ခွဲနဲ့ ပြန်ပေါင်းနိုင်အောင် ကြိုးစားရင်း ဒီရောက်လာတာ ”ဟု ပြန်ဖြေသည်။

တပ်မှူးက “ကောင်းပြီ၊ ဘာပဲဖြစ်ဖြစ် အဲဒီ တောင်ကုန်းပေါ် အလံနိုထောင်ပြီး တက်ကြ” ဟု အမိန့်ပေးလိုက်သည်။ တောင်ထွတ်အနီး တောအုပ်ကို ဖြတ်တက်ကြစဉ် ဗုဒ္ဓဘာသာဘုရားကျောင်းကဲ့သို့အဆောက်အအုံကို တွေ့ရသည်။ ထိုစဉ် ဘုန်းကြီးနှစ်ပါး ထွက်လာသည်။ ကျွန်တော်က မြန်မာလိုမတတ်တတတ်ဖြင့် “အင်္ဂလိပ်ရှိလား”မေးရာ ဘုန်းတော်ကြီးများက မရှိကြောင်းပြောသည်။ ဘုန်းတော်ကြီးများ ပြောသည်ကိုယုံကာ ကျွန်တော်တို့သည် တပ်ဖြန့်နေရာယူလိုက်ကြသည်။ မိမိတို့ရေဘူးအများစုတွင် ရေကုန်နေ၍ ရေတောင်းရာ ကြည်ကြည်ဖြူဖြူပင် ရေနှစ်အိုးခပ်ပေးသည်။ မြန်မာပြည်သည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်ပြီး ဘုန်းတော်ကြီးများမှာ ဩဇာအာဏာရှိသူများဖြစ်၍ ၄င်းတို့ စိတ်မငြိုငြင်ရလေအောင် ကျွန်တော်တို့ အထူးသတိထားကြရသည်။

တောင်ကုန်းပေါ်မှ ဘီးလင်းမြစ်ကို အတိုင်းသားမြင်နေရသည်။ မကြာမီ ဗြိတိသျှလေယာဉ်များ ပေါ်လာပြီး မြစ်ဖြတ်ကူးနေသည့် ဂျပန်တပ်များကို စက်သေနတ်များဖြင့် လိုက်ပစ်သည်။ မည်သူမျှမမှန်ပါစေနှင့်ဟု ကျွန်တော် ဆုတောင်းနေမိသည်။ ထို့နောက် ဗြိတိသျှသံချပ်ကာကားများ ပေါ်လာပြီး ဂျပန်တပ်များဆီသို့ ဦးတည်မောင်းသွားသည်ကို မြင်လိုက်ရသည်။

ထို့နောက်တွင် ဗြိတိသျှတပ်နှင့် ဂျပန်ရှေ့ပြေးတပ်တို့ ဆုံမိကြသည်။ ကျွန်တော်တို့ စစ်သားများက သံချပ်ကာကား



များကို လက်ပစ်ဗုံးများနှင့် ဝင်တိုက်သည်ကို မြင်ရသည်။ ကျွန်တော်တို့ ကုန်းပေါ်တင်ထားသည့် စက်လတ်တစ်လက်က သံချပ်ကာဖောက်ကျည်ဖြင့် သံချပ်ကာကားများကို လှမ်းပစ်သည်။ သို့သော် မထိရောက်လှဘဲ သံချပ်ကာကိုမှန်သည့် ကျည်ဆန်အားလုံး ထောက်ပျံသွားသည်ကို တွေ့ရသည်။ ထိုစဉ် ရှေ့ဆုံးမှ သံချပ်ကားမှာ ဂျပန်စစ်သည်တို့၏ ဝံ့ဝံ့စားစား အနီးကပ်ဝင်တိုက်ခိုက်မှုကြောင့် ရပ်တန့်သွားသည်။ ကျန်သံချပ်ကားများ နောက်လှည့်ထွက်သွားကြသော်လည်း အနီးကပ်ဝင်တိုက်သည့် စစ်သည် တော်တော်များများမှာ ကျဆုံးကုန်သည်။

ညဉ့်အမှောင်ကျလာသည်တွင် ကျွန်တော်နှင့် ရဲဘော်ကိုးယောက်တို့ အမိန့်အရ ရှေ့ကာကင်းတွင် တာဝန်ယူကြသည်။ ညလျှားလှသောည ကုန်လုလုတွင် အုတ်စောင်းတန်း လှေကားရင်း၌ စကားပြောသံ ကြားရသည်။ အရှေ့ကောင်းကင်ပြင်၌ အောင်ဖြူသန်းလျက်ရှိသည်။ ကျွန်တော် စကားပြောသံဘက်သို့ သွားသွားရာ သံခမောက်ခပ်ပြားပြား ဆောင်းထားသူ စစ်သားသုံးယောက် လှေကားထစ်များ စတက်ဟန်ပြင်သည်ကို တွေ့၍ သုံးဦးစလုံးကို ပစ်ချလိုက်သည်။ နောက်ထပ်လာကြပြန်ရာ ကျွန်တော်က လက်ပစ်ဗုံးတစ်လုံး ပစ်ထည့်လိုက်သည်။ ပစ်သံခတ်သံများကြောင့် ကျွန်တော့်ရဲဘော်များလည်း နိုးလာကာ ရန်သူကို ဝိုင်းပစ်ခတ် တိုက်ခိုက်ကြ၍ ရန်သူဆုတ်သွားကာ ရန်သူ့အလောင်း နှစ်ဆယ် ရမိလိုက်သည်။ ဆက်စောင့်နေရာ သုံးယောက် စောင်းတန်းလှေကားကို တက်လာကြသည်။ ကျွန်တော်က ရဲဘော်များကို မပစ်ရန် အချက်ပြပြီး သူတို့ကို ဘက်လာရန် လက်ယပ်ခေါ်လိုက်သည်။ ရုတ်တရက် ကြောင်ကြရာမှ မကြာမီပင် လက်မြှောက်ကာ ရှေ့တက်လာကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အားလုံးရေငတ်နေပုံရပြီး ရေတောင်းကြသည်။ "သုံ့ပန်းဖြစ်နေကြတာတောင် ရေတောင်းလိုက်သေးတယ်။ အံ့ပါရဲ့"ဟု အချို့က ရေရွတ်ကြသည်။ သို့သော် ဘုန်းကြီး တစ်ပါးထံမှ ရေတောင်းပြီး သူတို့ကို တိုက်လိုက်သည်။ တစ်ဦးကမူ ရေသုံးခွက် ဆင့်သောက်လိုက်သည်တွင် ပက်လက် လန်ကျပြီး သေသွားရာ ကျွန်တော်တို့ အံ့အားသင့်နေရ သည်။ နှလုံးလေဖြတ်သွားသည်လားမသိ။ ကျန်နှစ်ဦးကို လက်နက်သိမ်းပြီး တပ်ရင်းကြီးဌာနချုပ်သို့ ပို့လိုက်သည်။

နောက်ညတွင် တောတွင်း နေရာသစ်သို့ ပြောင်းနေကြ သည်။ တောထဲ၌ တူးထားသော ပစ်ကျင်းနက်နက်ထဲ၌ နေ့အခါ ဝင်နေကြသည်။ နောက်တစ်ညတွင် တောစပ်အပြင် ဘက် ကိုက်၅ဝအကွာတွင် တူးထားသောကျင်းထဲ ဝင်နေကြ သည်။ ထိုညတွင် ရန်သူက ယခင်နေ့ပိုင်းက မိမိတို့ခိုနေသည့် ကျင်းများကို အမြောက်နှင့်ပစ်သည်။ ၎င်းတို့၏ ခြေလျင်က လည်း မိမိတို့နှင့် ကိုက်၅ဝအကွာအထိ ကပ်လာကြသည်။ သို့သော် တက်မတိုက်ကြသည်နှင့် ထိုညကို လုံခြုံစွာပင် ကုန်လွန်နိုင်ခဲ့ကြသည်ဟု ဆိုရမည်ပင်။

နေ့စဉ်နှင့်အမျှ မျှော်ခဲ့ရသော မိမိတို့လေယာဉ်များ နောက်တစ်နေ့နံနက်တွင် ပေါ်လာပြီး ကျွန်တော်တို့ခေါင်းပေါ်က ဖြတ်ပျံကာ တောင်ကုန်းပေါ်ရှိ ရန်သူ့အမြောက်စခန်းကို ဗုံးကြဲ တိုက်ခိုက်သည်မှာ တောင်တစ်တောင်လုံးပင် ယမ်းငွေ့များ ဖုံးလွှမ်းသွားသည်။

ထိုညတွင် ရန်သူက ကလဲ့စားချေသည့်အနေဖြင့် လာတိုက်လိမ့်မည်လား စိုးရိမ်တကြီး စောင့်နေရသည်။ သို့သော်



ညသာကုန်သွားသည် ရန်သူ့အမြောက်ဆန် တစ်တောင့်မျှပင် ကျမလာ။ ရန်သူက လာမတိုက်သည်ကိုပင် စိတ်တထင့်ထင့် ဖြစ်နေကြသည်။ ထိုစဉ် တပ်ခွဲမှူး ဗိုလ်မတ်ဆုမူရာက ကျွန်တော့်ကို ရဲဘော်ငါးယောက်နှင့် ရန်သူ့ပင်မခံစစ်နေရာကို တက်ထောက်လှမ်းခိုင်းသည်။ ကျွန်တော်တို့ကို လာမတိုက်သည့် ရန်သူအပေါ် တွေးရခက်ကြီးဖြစ်နေ၍ ကျွန်တော်လည်း ခပ်ရွံ့ရွံ့ ဖြစ်နေသည်။

ကျွန်တော်တို့သည် တောရိပ်ကိုတတ်နိုင်သရွေ့ခိုကာ ရှေ့သို့ သတိကြီးစွာဖြင့် ချဉ်းကပ်ကြသည်။ တုန်တုန်ရီရီဖြင့် ပင် တက်သွားရာ ရန်သူနှင့်ထိတွေ့မှုမရှိဘဲ နောက်ဆုံးတွင် အမြောက်စခန်းဟု ထင်ရသောနေရာသို့ ချဉ်းကပ်မိကြသည်။ ရန်သူတစ်ကောင်တစ်မြီးမျှ ရှိဟန်မတူ။ ကျွန်တော်က ခဲနှင့် ကောက်ပေါက်ပြီး အသာပုန်းနေကာ စောင့်ကြည့်သည်။ မထူး၊ ဘိတ်ဆိတ်၍ လှုပ်ရှားမှုကင်းလျက်။ ကျွန်တော်တို့ကို အရင်ဖမ်းလို၍ တုတ်တုတ်မျှမလှုပ်ဘဲ ကုပ်နေသလော။ သို့သော် ဤသို့နေပုံလည်းမရ။သို့နှင့် ကိုယ်တိုင်တက်ကြည့်ရန် ဆုံးဖြတ် ချက်ချလိုက်သည်။ ကျွန်တော်တို့ နောက်ဆုံးရောက်ရာတွင် ရဲဘော်တစ်ယောက်ကို စောင့်ခိုင်းထားပြီး တက်သွားရာ ဘယ်လီဖုန်းကြိုး အပင်နှစ်ဆယ်ခန့် အစည်းလိုက်ဆွဲထား သည်ကိုတွေ့၍ ရန်သူရှိက ထွက်လာအောင် မိမိလုံ့စွပ်နှင့် ဖြတ်ပစ်လိုက်သည်။ သို့သော် တုံ့ပြန်ချက် တစ်စုံတစ်ရာ ပေါ်လာပေ။ တောင်ကုန်းပတ်လည် ပတ်ကြည့်ရာ မီးလောင် ထားသည်ကို တွေ့ရသော်လည်း ရန်သူမတွေ့ရ။ ယမန်နေ့က ဗုံးကြဲမှုကြောင့် တော်တော်များများ သေကျေထိခိုက်လောက် ကောင်းသော်လည်း အလောင်းတစ်လောင်းမျှပင် မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုဟိုသည်သည် လိုက်ရှာကြည့်ရင်း စိတ်တည်ငြိမ်လာသည့် အခါ ရန်သူက ဒဏ်ရာရသူ၊ ကျဆုံးသူအားလုံးကို သယ်ထုတ် သွားခြင်းဖြစ်မည်ဟူသော အတွေးက ခေါင်းထဲဝင်လာသည်။ ဤသို့ပတ်ရှာရင်း ကျွန်တော်တို့ချန်ထားခဲ့သည့် အစောင့်ရှေ့ ရောက်လာကြသည်။ သူသေနတ်မောင်းထိုးသံကို ကြားရ၍ ကမန်းကတန်း "ငါပါဟ"ဟု လှမ်းအော်လိုက်ရသည်။ "ကျွန်တော်ဖြင့် ထိတ်သွားလိုက်တာ"ဟု သူကပြန်ပြောရာ အခုမှ တစ်ယောက်နှင့်တစ်ယောက်ကြည့်ကာ" ကဲကောင်းပြီ၊ တို့ကို ချာချီက ဘာလက်ဆောင်တွေ ပေးခဲ့သတုံး၊ ကြည့်ကြစို့" ဟု ပြောနိုင်တော့သည်။ ( ရန်သူ့ထံမှ သိမ်းမိသော စားစရာ၊ အဝတ်အထည်တို့ကို ဤသို့ပင် ကျွန်တော်တို့က ကင်ပွန်းတပ် ထားသည်။) ပေါင်မုန့်လုံးကလေးများ၊ ရေဘူးများ ပတ်ဝန်းကျင် ၌ ကျဲပြန့်နေရာ စားလိုသော်လည်း ရန်သူ့ထောင်ချောက်ထဲ ဝင်တိုးရာများ ရောက်လိမ့်မည်လားဟု ကိုယ်ရှိန်သတ်လိုက်ကြပြီး ထုပ်ပိုးရာ လုံးဝမပျက်သေးသည့် သေတ္တာများတွေ့မှ ဖောက်ပြီး အမဲစဉ်းကောဘူး၊ ဒိန်ခဲဘူး၊ ထောပတ်ဘူး၊ ကော်ဖီမှုန့်၊ လက်ဖက်ခြောက်တို့ကို ယူကြသည်။ သဲအိတ်များကဲ့သို့ သကြား အိတ်များပုံကာ အကာအကွယ် လုပ်ထားသည်ကိုလည်း တွေ့ရ သည်။ ကျွန်တော်တို့တွင် အိတ်မပါလာသဖြင့် သေတ္တာတစ်လုံး ထဲမှ စားစရာများကို မိမိတို့ဘောင်းဘီ ပေါင်အိုးနှစ်ဖက် ၍ ထည့်ကာ လည်ပင်းတွင်ခွသိုင်း၍ ပြန်သယ်ကြသည်။ တပ်မှူး ရှေ့တွင် တန်းစီ၍ ရန်သူမရှိတော့ကြောင်း သတင်းပို့လိုက်သည်။ ကျွန်တော်တို့ ရဲဘော်အပေါင်းအသင်းတို့က ဝိုင်းလာကာ စား စရာများကိုယူပြီး ဗိုက်ကားအောင် စားကြလေတော့သည်။ ကျွန်တော်တို့မှာ မြန်မာပြည်ထဲ ဝင်ကတည်းက ဆန်ပြုတ်၊



...ခြောက်ကို မြက်ရိုင်းများနှင့် ပြုတ်ထားသော စွပ်ပြုတ်ကျဲကျဲ ...သော နှစ်ပါးသွားနေရသူများ ဖြစ်သည့်အတွက် ရောမ ...င်းချိုးရသလိုပင် ဖြစ်တော့သည်။ ဒေသခံများထံမှ ဆန်ရနိုင် ...လည်း ဟင်းရွက်ဟင်းသီး ရှာမှရှား။ ဦးချာချီ၏ ...ဆောင်မွန်ကြောင့် ကျွန်တော်တို့တပ်ခွဲမှာ တစ်အားတက်၍ ...တွင်ပင် စစ်တောင်းဆီသို့ ဆက်တက်ကြလေတော့သည်။

○

## ၅။ ခစ်တောင်းတံထား

...ဝ်သား ယိုရှိုနို အာဗေးတပ်ခွဲ(၁)၊ အမှတ်(၃၃) အင်ဂျင်နီယာ တပ်ရင်းကြီး၊ တပ်မ(၃၃)

စစ်တောင်း၊ မြည

ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ကျွန်တော်တို့ ...အေးဆေးဆေးနားကြရန် ဖြစ်ပါသည်။ တောဖုံးနေသော ...င်ပေါ်လူသွားလမ်းအတိုင်း ကသုတ်ကရက် ညတွင်း ချီ ...ကြရသဖြင့် အင်ဂျင်နီယာတပ်ခွဲမှ တော်တော်များများမှာ ...ထဲမှ ထွက်သူထွက်၊ နောက်ကျကျန်သူကျန် တကွဲတပြား ...ကြသည်။ ထို့ကြောင့် နောက်ကျကျန်ရစ်သူတို့ကို ...တော်တို့က ရပ်စောင့်နေခြင်းဖြစ်သည်။ ၁၉၄၂ ခုနှစ် ...င် ဧပြီလ ၂၂ရက်နေ့က ဖြစ်ပါသည်။ ကျွန်တော်တို့၏ ...နှင့် တပ်စိတ်မှူးတို့မှာ စစ်ကြောင်းနောက်ဆုံးနားတွင် ... နောက်ကျကျန်သူများကို မောင်းတင်ရန် တာဝန် ...သာအဖွဲ့တွင် လှုပ်ရှားနေကြသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းသို့ မရောက်လာနိုင်သေးခြင်း ဖြစ်သည်။ တစ်နာရီခန့်ကြာသောအခါ ရှေ့တန်းဆီမှ သေနတ်သံ တဝေါဝေါကြားရပြီး ဂျပန်ဘက်မှ တပ်ရင်းပိုင်အမြောက်များ ပစ်သံပေါ်လာသည်။ အရာခံဗိုလ် ဟာစီဂါးဝါး အမိန့်ပေးသည့်အတိုင်း ကျွန်တော်တို့ တန်းစီကြပြီးနောက် ကျွန်တော်တို့ တပ်ခွဲမှူး ဗိုလ်တာမိုဂါမိ ၏တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ကျွန်တော်တို့သည် တိုက်ပွဲဖြစ်ရာ ရှေ့တန်းသို့ အမြန်တက်သွားကြရန်ဖြစ်သည်။

ကျွန်တော်တို့သည် ရိုင်ဖယ်နှင့် ကျောပိုးအိတ်များ သယ်ဆောင်လျက် အပြေးတက်နှင့်သွားရသည်။ အများပင် ဤဝန်ကို မနိုင်သဖြင့် ပြုတ်ကျန်ကြတော့သည်။ ရှေ့ဖျားတွင် တပ်မှူး၊ အရာခံဗိုလ်ဟာစီဂါးဝါး၊ တပ်ကြပ်ယာနာဂိနှင့် အချို့ ရှိသည့်အနက် တစ်ဦးတည်းသော တပ်သားအဆင့်ရှိသူမှာ ကျွန်တော်ဖြစ်သည်။ နောက် ၁၀၀ခန့်အတွင်း၌ ငါးယောက် လောက်သာပါလာကြသည်။

ဂုကီလိုမီတာ စကီလိုမီတာခန့် အပြေးတက်နှင့် သွားမိသည့်အခါ တပ်ရင်း(၁) ဌာနချုပ်နှင့် ဆက်မိသည်။ "ဒီမြို့မှာ ရန်သူသံချပ်ကားတွေ ရှိနေပုံရတယ်။ အားလုံးကျောပိုးအိတ်ချတ် ရိုင်ဖယ်တွေ ချန်ထားပြီး တင့်ဖျက်မိုင်းနဲ့ လက်ပစ်ဗုံးတွေယူကြ" ဟု တပ်မှူးက အမိန့်ပေးသည်။ မြို့ထဲရှိအိမ်များ မီးလောင်လျက် ရှိသည်။ မီးလျှံများကြားမှ ဗြိတိသျှ သံချပ်ကားများ တိုးထွက်လာကြသည်။ ကျွန်တော်တို့က မြို့ထဲကိုဖြတ်သည့် သံချပ်ကားများထဲသို့ တင့်ဖျက်မိုင်းများ၊ လက်ပစ်ဗုံးများ ပစ်သွင်းကြသည်။ ဘယ်လောက်ကြာသွားသည် မသိပါ၊ ကျွန်တော် အူမြူးနေပြီး ဘာတွေလုပ်နေမိမှန်းတောင် မမှတ်မိတော့ပါ။ သံချပ်ကား



[illegible]သေးငါးစင်းခန့် ရပ်တန့်ကျန်ရစ်ခဲ့ရာ ဝါရင့်ရဲဘော်အချို့က "အင်္ဂလိပ်နိုယာတပ်က သိမ်းယူထားသည်" ဟု မြေဖြူဖြင့် [illegible]ရေးလိုက်ကြသည်။ ကျွန်တော့်လက်နှင့် မျက်နှာတွင် မီးဟပ်ခံ [illegible]ထားရသည်ကို ယခုမှ သတိထားမိတော့သည်။ ဗိုလ်တာမိုဂါမိနှင့် အရာခံဗိုလ် ဟာစီဂါးဝါးတို့က တံတားဦးရှိ လမ်းအမော့တက် [illegible]ငြိုင်းကို ပြေးတက်သည်တွင် ကျွန်တော်နှင့် ယာနာဂိတို့လည်း နောက်က လိုက်ကြသည်။ အမော့တက်ပေါ်သို့ ရောက်သည်တွင် အိန္ဒိယ စစ်သားအချို့ ဖြန့်တက်လာသည်ကို တွေ့ရသည်။ ဟာစီဂါးဝါးနှင့် ယာနာဂိတို့သည် အုန်းပင်အချို့နောက်တွင် [illegible]ခိုနေလိုက်ပြီး ကျွန်တော်သည် ကုန်ကားကြီးတစ်စီးအောက်၌ [illegible]ရာယူလိုက်သည်။ ဟာစီဂါးဝါးက ကျွန်တော့်ကို ဘယ်လိုလဲ [illegible] လှမ်းမေးရာ "ကျွန်တော်တော့ အိုကေပဲ" ဟု ဖြေလိုက်သည်။ [illegible]ဆော်ရီကားနောက်မှ ကျွန်တော်ချောင်းကြည့်ရာ အိန္ဒိယစစ်သား [illegible] ဖြန့်တက်ရင်း ခါးမှအတွဲလိုက် ပစ်တက်လာသည်ကို [illegible]တွေ့ရသည်။ ကျွန်တော့်တွင် တင့်ဖျက်မိုင်းတစ်လုံးနှင့် ခါးတွင် [illegible]ရှုပ်သာပါသည်။ ထို့ကြောင့် တဖြည်းဖြည်း ကျွန်တော် [illegible]နောက်သို့ဆုတ်ရတော့သည်။ ထိုစဉ် ကျွန်တော်ရှေ့ကိုသာ [illegible]ကြည့်နေသဖြင့် အမှတ်တမဲ့ ကမ်းပါးစောက်အတိုင်း လျှောကျ [illegible]သွားသည်။ ခြေဖြင့်ကျ၍ တော်သေးသည်။ ကျွန်တော်မှာ [illegible]တပ်သားတစ်ဦးသာဖြစ်၍ ဘယ်ကိုဦးတည်သွားရမည်ကို မသိ [illegible]၊ သို့နှင့် မြစ်ဆီသို့သွားရာ ကျွန်တော့်တပ်မှူးနှင့် ဆုံမိသည်။ [illegible] သူနှင့် စစ်တက္ကသိုလ် အတူတူတက်ခဲ့သော ခြေလျင် [illegible]မှူးထံသို့သွား၍ တံတားကို ပြေးတက်ပြီး သိမ်းရန်ပြော [illegible]၊ ခြေလျင်က ရှေ့တိုးရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း [illegible]နိုင်မပေါက်။ ကျွန်တော်က အိမ်တစ်အိမ်တွင် နားနေရင်း

www.burmeseclassic.com

www.burmeseclassic.com



ဟာစီဂါးဝါးနှင့် ယာနာဂီတို့ ဘယ်လိုစခန်းသွားနေကြမည်ကို တွေးနေမိသည်။ တိုက်ပွဲသည် တစ်နေ့နှင့်တစ်ညတိတိ ကြာသည်။ ဖေဖော်ဝါရီ ၂၃ ရက်နေ့ အရုဏ်မကျင်းမီ ၆ နာရီခန့်တွင် ပေါက်ကွဲသံကြီးကို ရုတ်တရက် ကြားလိုက်ရသည်။ ဗြိတိသျှတို့က တံတားကို ဖောက်ခွဲလိုက်ခြင်းပင် ဖြစ်သည်။

ကျွန်တော်တို့ကို ရင်ဆိုင်ထားသော ရန်သူသည် ဆက်နေပြီး ညနေပိုင်းတွင်မှ ဆုတ်သွားသည်။ သူတို့ထွက်သွားသည်နှင့် တပ်မှူးနှင့်အတူ ကျွန်တော်သည် အရာခံဗိုလ်နှင့် အရာရှိတို့၏ အလောင်းများကို ကောက်ကြသည်။ မနေ့က ထမင်းမစားရသဖြင့် အလွန်ဆာလောင်နေရာ ရန်သူ့နေရာမှရသည့် နို့ဆီနှင့် ဘီစကွတ်မုန့်များကို စားလိုက်ပြီးမှ နေသာထိုင်သာရှိသွားသည်။ ကျွန်တော့်တပ်ခွဲနှင့် ပြန်ပေါင်းမိပြီးနောက် ကျဆုံးသူနှစ်ဦး၏ အလောင်းတို့ကို ကျွန်တော်နှင့် ယာမာမိုတိုတို့က မီးသင်္ဂြိုဟ်ရာ ဆယ်နာရီမျှကြာသည်။

○

## ၆။ စစ်တောင်းထဲထားခိုးမိုးတောင်ကုန်းကိုသိမ်းခြင်း

တပ်သား ရှီရို တိုကီတာ၊ တပ်ခွဲ(၃)၊ ရင်း(၁)၊ အမှတ်(၂၁၅)

တပ်ရင်းကြီး၊ တပ်မ(၃၃)

စစ်တောင်း၊ ကုက္ကိုခွ

စစ်အင်္ဂလိပ်နယ်ယာတပ်ဖွဲ့က မြို့ထဲ၌ တိုက်ပွဲဖြစ်နေစဉ် ကျွန်တော်တို့က မြစ်ကမ်းပါးရှိ မတ်စောက်သော တောင်ကုန်းပေါ်သို့ ပြေးတက်ကြသည်။ မြစ်တစ်ဖက်ကမ်းရှိ လေယာဉ်ပစ်



အမြောက်များက လေကွဲကျည်များ ပစ်ထည့်နေသဖြင့် ကျွန်တော်တို့ ခေါင်းပေါ်တွင် ပေါက်ကွဲလျက်ရှိသည်။ ကျွန်တော်မှာ ဒုဗိုလ်ကီဥချိ ကွပ်ကဲသည့် ခြေလျင်တပ်စုတွင် ဆေးတပ်သား ဖြစ်ပါသည်။

တောင်ကုန်းပေါ်တွင် မြန်မာပုံစံ စေတီတစ်ဆူနှင့် လေးထောင့်ပုံ အဆောက်အအုံ တစ်ခုရှိရာ ထိုအဆောက်အအုံကို ယာယီစစ်မြေပြင်ဆေးရုံအဖြစ် အသုံးပြုထားသည်။ ရန်သူက နေခဲ့ဘဲ လက်နက်ချလိုက်သဖြင့် သုံ့ပန်း ၂၇ ယောက်၊ ယာဉ်များနှင့် စက်သေနတ်များ ရမိသည်။ သုံ့ပန်းများထဲတွင် ဆရာဝန်သုံးဦး ၊ ဒုဗိုလ်မှူးကြီးတစ်ဦး၊ ဗိုလ်ကြီးတစ်ဦးနှင့် ဒုဗိုလ်တစ်ဦးတို့ ပါသည်။ နောင်တွင် ယင်းဒုဗိုလ်မှူးကြီးမှာ ကျွန်တော်တို့ တပ်ရင်းဆေးမှူး ဗိုလ်ဟီရိုးရှိဝါကာစာနှင့် ဂျာမနီတွင် သင်တန်းအတူတူတက်ခဲ့ပြီး ခင်မင်သူများဖြစ်ကြောင်း သိရသည်။ လက်နက်ချဆရာဝန်များက ဒဏ်ရာရသည့် ဂျပန်စစ်သားများကို ကောင်းမွန်စွာ ကြည့်ရှုကုသပေးကြသည်။

တောင်ကုန်းပေါ်မှ ရှည်လျားသည့် စစ်တောင်းမြစ်ကူးတံတားကို ထင်းသား စီးမြင်နေရသည်။ နံနက် ၁၁ နာရီခန့်တွင် တောင်ကုန်းပေါ်သို့ အမြောက်ကျည်များ မနားတမ်း ကျရောက် ပေါက်ကွဲလျက်ရှိသည်။ ကျွန်တော်သည် တောင်ကုန်းထိပ်နားရှိ ကျင်းများထဲသို့ ဒဏ်ရာရထားသည့် အိန္ဒိယစစ်သားအချို့နှင့် အတူ ဝင်နေလိုက်သည်။ တောင်ကုန်းမြင့်တက်ပုံ မညီညာသဖြင့် အခြားရဲဘော်တို့ကို ကျွန်တော်မတွေ့ရ။ ဒုဗိုလ်ကီဥချိက မိမိတို့ အမြောက်များကပင် မိမိတို့ကို ပစ်နေသည်လောဟု မယုံသင်္ကာ [illegible] အမြောက်တပ်ခွဲမြင်သာအောင် ဂျပန်အလံ ထောင်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အမြောက်ကျည်စ ခေါင်းလာမှန်ပြီး သေဆုံးသွားသည်။ ဤခက်ခဲလှသော မြေပြင်ကို ဖြတ်ကျော်ချီတက်လာကြရာတွင် ကျွန်တော်တို့ တတ်နိုင်သမျှ ဝန်မပိအောင် သံခမောက်များ မယူလာနိုင်သည်မှာ ကံဆိုးခြင်းပင်။ အမြောက်ပစ်ခတ်မှု စဲသွားသောအခါ ခံစစ်အနေအထား အသင့်ယူထားကြသည်။ ရန်သူက အဖွဲ့လိုက် ချဉ်းကပ်လာကြရာ ချုံများနောက်ကွယ်မှ အနီးအထိ အကပ်ခံပြီး ပစ်ချလိုက်သည်။ နေလုံး စုံးစုံးမြုပ်သွားသည်နောက်တွင် ရန်သူဆုတ်သွားဟန် ရှိသော်လည်း ကျွန်တော်တို့ သတိဝီရိယ မလျှော့နိုင်သေး။ ကျွန်တော်နှင့် ကျွန်တော်နှင့် ကပ်လျက်ရှိသော ကူရီမိုတိုတို့သည် ယမန်နေ့က ညစာစားပြီး နောက်ပိုင်း ဘာမျှမစားရသေး၍ အလွန်ဆာနေကြသော်လည်း “တို့ခွဲနပဲနဲ့ ကြံ့ကြံ့ခံနှံခဲ့ကြပြီး အသက်ရှင်လျက်ပဲ” ဟု အချင်းချင်း အားပေးနေကြသည်။

အရုဏ်မတက်မီ ပေါက်ကွဲသံကြီးကို ကြားကြရသည်။ ရန်သူမရှိတော့သည်ကို နေထွက်လာသည်တွင် မြင်ရသည်။ တံတားလည်း အလယ်၌ ခါးကျိုးနေသည်ကို မြင်ရသည်။ ပေါက်ကွဲမှုကြောင့် ငါးအများအပြားသေကာ ရေပေါ်မျောနေသည်။ ကမ်းနဖူးတွင် ဖိနပ်များ၊ အဝတ်အစားများ ကျဲပြန့်နေသည်။ အိန္ဒိယစစ်သားများ တစ်ဖက်ကမ်းသို့ ကူးသွားကြဟန်ရှိသည်။ တစ်လမျှ တောထဲတောင်ထဲ ခရီးကြမ်းနှင်လာခဲ့ရသော ကျွန်တော့်ဖိနပ်မှာ ခုံများ ပေါက်ပြဲကုန်ပြီဖြစ်၍ တော်သည့်ဖိနပ် ခပ်သစ်သစ်တစ်ရန်ဖြင့် လဲစီးလိုက်လေသည်။



## ၇။ ရန်ကုန်မြို့ထဲသို့ ပထမဝင်သူ

ဒုတပ်ကြပ် နိုဂျိ ခါဝါ မှာတာ့(အဆက် ) တပ်ခွဲ (၃)၊ ရင်း(၁)
၊အမှတ်(၂၁၄)ခြေလျင်တပ်ရင်းကြီး၊ တပ်မ(၃၃)

ကျွန်တော်တို့ စစ်တောင်းမြစ်တွင် လေးရက်မျှ စစ်ဘလင်းကိုရှင်းရင်း နားနားနေနေ နေကြသည်။ တစ်ဟုန်ထိုး ခိုးစစ်ဆင်စဉ်က နောက်ကျကျန်ရစ်သူတို့လည်း မီလာကြသည်။ ကျွန်တော်တို့လမ်းတွင် ချန်ရစ်ခဲ့သည့် ထောက်ပံ့ရေးပစ္စည်းများလည်း ရောက်လာကြသည်။ စစ်တောင်းတံတား၏ ခုံးနှစ်ခုံး ကျိုးပျက်သွားသော်လည်း ကျွန်တော်တို့၏ အင်ဂျင်နီယာတို့က ဖောက်ကျဉ်းကျဉ်းဖြင့် သစ်သားနင်းကြမ်းထိုး၍ လူကူးနိုင်ရန် ယာယီဆက်ပေးလိုက်သည်။ ကျွန်တော်တို့ ပခုံးပေါ်နှင့် ခါးပေါ်တွင် ဝန်လေးများ သယ်ကြရသဖြင့် လက်ရန်းကြီးကို မြဲမြဲဆုပ်၍ သတိဖြင့် ဖြတ်ကူးကြရသည်။ ရန်သူ့လေယာဉ်များ မမြင်နိုင်အောင် ပဲခူးအနောက်ဘက်ရှိတော၏ အကာအကွယ်ကို ယူနိုင်ရန် ညလုံးပေါက်ချီတက်၍ ရန်ကုန်မြို့၏ မြောက်ဘက်သို့ ဆန့်ဘက်လျက်ရှိသော မီးရထားလမ်းကို မိုးမလင်းမီ ဖြတ်ကူးကြသည်။ မဟာမိတ်တို့က တရုတ်ပြည်သို့ စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ရေးအတွက် သုံးနေသည့် နာမည်ကြီး မြန်မာပြည်လမ်းမကြီးကို တို့ဖြတ်လိုက်ပြီဟု ကျွန်တော်တို့၏အရာရှိများက ဂုဏ်ယူဝင့်ကြွားစွာ ကျွန်တော်တို့ကို ပြောပြကြသည်။ နေ့တိုင်း ... ကျွန်တော်တို့သည် တောကြီးမျက်မည်းထဲ နေဝင်မှ မိုး...သည်အထိ ချီတက်ကြကာ နေ့ပိုင်းတွင် တောရိပ်ကောင်း...ထဲ၌ အိပ်စက်ကြသည်။ တောက ထူထဲမှောင်မည်းနေ၍

www.burmeseclassic.com

www.burmeseclassic.com



စိုထိုင်းလှသည်။ လေကောင်းကောင်းမတိုက်ဘဲ ခြင်က အုပ်လိုက် ကျွန်တော်တို့ကို ညှဉ်းဆဲကြသည်။ ကျွန်တော်တို့ ကောင်းကောင်း မအိပ်နိုင်ပါ။ သို့သော် အခက်အခဲဘယ်လိုပဲရှိရှိ ရန်ကုန်မြို့ကို တစ်ရှိန်ထိုးဝင်ကြဖို့ မှာထားသည်။

မတ်လ ၇ ရက်နေ့ နေဝင်ဆည်းဆာတွင် ကျွန်တော်တို့ကို ထို့ထက်ပင်ပို၍ မောင်းတင်တော့သည်။ရေနံတိုင်ကီကြီးများ မီးဟုန်းဟုန်းလောင်နေသည်မှ တောင်ဘက်ကောင်းကင်တစ်ခွင် ရဲရဲနီနေသည်ကို မြင်ရ၍ "မီးလောင်နေတဲ့နေရာဟာ ရန်ကုန်ပဲ၊ တို့ရည်မှန်းချက်ပဲ"ဟု အချင်းချင်း အားပေးကြသည်။ ကျွန်တော်တို့သည် ရိုင်ဖယ်သေနတ်၊ ခဲယမ်းနှင့် အခြားမရှိမဖြစ်သည့် ပစ္စည်းများကိုသယ်ရင်း ခြေကုန်သုတ်ကြတော့သည်။ ကျွန်တော်တို့ ခြေလျင်စစ်သည်များသည် လမ်းလျှောက်နေကြပင် ဖြစ်သော်လည်း ခြေဖဝါးများတွင် အသားမာနှင့် ရည်ကြည်ဖုများဖြင့် ပြည့်နှက်နေတော့သည်။ တပ်စုရှိ စစ်သည်အားလုံးလိုပင် ဖိနပ်ပေါက်ကြသည်။ ခေတ္တမျှနားခွင့်ရစဉ် ဆေးတပ်သားကို ကျွန်တော်တို့ ခြေထောက်တွေ ဆေးထည့်ပေးခိုင်းသော်လည်း နောက်ဆုံးတွင် သူလည်း မတတ်နိုင်တော့၊ လက်မြှောက်ရတော့သည်။ မနားတမ်း ချီစစ်ဆင်ခြင်းများအနက် ဤချီစစ်ဆင်မှုမှာ ကျွန်တော့်အတွေ့အကြုံတွင် အကြမ်းတမ်းဆုံးပင်ဖြစ်သည်။

ညဉ့်နက်ပိုင်းတွင် ကျွန်တော်တို့ ဘယ်ဘက်၌ ပြင်းပြင်းထန်ထန် ပစ်ခတ်သံများ ကြားရသော်လည်း ကျွန်တော်တို့ တပ်ခွဲက မနားတမ်း ဆက်လက်ချီတက်သည်။ ၁၉၄၂ ခုနှစ် မတ်လ ၈ရက်နေ့ နံနက် ၈နာရီ မိနစ်၅၀တွင်မှ ရန်ကုန်မြို့ထဲသို့ ခြေချမိကြတော့သည်။



ကျွန်တော်တို့က မြို့တွင်းတိုက်ပွဲများ မျှော်လင့်ထားသော်လည်း ရန်သူတစ်ကောင်တစ်မြီးမျှ မတွေ့ရ။ လက်လှမ်းမီရာ တိုက်နံရံအုတ်တံတိုင်းများပေါ်တွင် "တပ်မ(၃၃)၊ (၂၁၄) ခြေလျင်တပ်ရင်းကြီး၊ တပ်ခွဲ(၃)ကသိမ်းသည်" ဟု လျှောက်ရေးကြရင်း ဆက်ချီတက်ကြသည်။ ဆိပ်ခံတံတားတစ်ခုသို့ရောက်၍ အဆောက်အအုံကြီးတစ်ခု၏ နံရံပေါ်၌ ဤသို့စာတန်းရေးနေစဉ် ရေတပ်အလံ တင်ထားသော ကမ်းတက်တပ်ဖွဲ့တစ်ဖွဲ့ မြစ်ကို ဆန်လာပြီး ဤအဆောက်အအုံကို ရေတပ်က ဝင်နေပြီးဖြစ်၍ အခြားအဆောက်အအုံတစ်ခုသို့ ရွှေ့ရန် ရေတပ်အရာရှိက ပြောသည်။ မြို့ထဲသို့ အခမ်းအနားဖြင့် ဝင်လာသည့်တပ်ဆိုလျှင် တပ်အလံလွှင့်ပြီး စစ်ရေးပြအခင်းအကျင်းဖြင့် တန်းစီချီတက်လာသင့်သည်ဟု ရှင်းပြလိုက်သေးသည်။ ကျွန်တော်တို့ တပ်စုမှူးနှင့် တပ်စုတို့ကမူ ရန်ကုန်မြို့တော်သို့ ဦးဆုံးဝင်လာနိုင်သည့် အရာ:ဝင်အဖြစ်နှင့် လွဲရလေခြင်းဟု စိတ်မသက်သာစွာဖြင့် အရိပ်ကောင်းကောင်းရှာပြီး အိပ်ကြလေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com



## ၀။ ရန်ကုန်သို့ အပြင်းနှင်ခြင်း

ဒုတပ်ကြပ် တိုကူတားရိုး မိစ္စရှိမာ၊ တပ်ခွဲ(၇)၊ ရင်း(၂)၊ အမှတ်(၂၁၅)ခြေလျင်တပ်ရင်းကြီး၊ တပ်မ(၃၃)

### စစ်တောင်း

မတ်လ ၂ ရက်နေ့တွင် စစ်တောင်းတံတား မြောက်ဘက် ကီလိုမီတာ ၃၀ ကွာ၌ စစ်တောင်းမြစ်ကို ဖြတ်၍ တောထဲမှသည် စိမ့်မြေကိုဖြတ်ကာ ခြောက်သွေ့နေသော ကွင်းပြင်ကိုကျော်လျှင် မတ်လ ၆ ရက်နေ့၌ ရန်ကုန်မြို့မှ မြောက်ဘက် ကီလိုမီတာ ၆၀ရှိ ရွာသို့ရောက်သည်။ မိမိတို့၏အရှေ့မြောက်၌ အမြောက်သံများကြားရသည်တွင် ပဲခူး၌ တပ်မ (၅၅) တိုက်ပွဲဖြစ်နေသည်ဟု တစ်စုံတစ်ဦးက ပြောသည်။ နေကျဲကျဲတောက်ပူနေကာ ဗြိတိသျှစစ်လေယာဉ်များက ကျွန်တော်တို့ခေါင်းပေါ် အခေါက်ခေါက်ပျံနေသဖြင့် မရိပ်မိစေရန် သတိထားနေရသည်။ ကျွန်တော်တို့ မတ်လ ၇ ရက်နေ့ ညနေအထိ နားကြသည်။ ညနေစာစားပြီးနောက် ဟန်းကောထဲတွင် ထမင်းနှစ်နပ်စာ ဖြည့်ထားကြရသည်။ ထို့နောက် စထွက်ရန် တန်းစီကြသည်။ တပ်ခွဲမှူး ဗိုလ်ကြီးဆူနာဂါဝါက အေးဆေးတည်ငြိမ်စွာဖြင့် "တို့နောက်ဆုံးအမိန့်ရတယ်။ တို့မြို့တော်ဖြစ်တဲ့ ရန်ကုန်ကို တစ်ဟုန်ထိုးချီတက်ကြမယ်။ ကီလိုမီတာ ၆၀ခရီးဖြစ်တယ်။ တို့ဟာရှေ့ပြေးတပ်တာဝန်ကျတယ်" ဟုပြောပြသည်။ ဤမိန့်ခွန်းအပြီးတွင် ကျွန်တော်တို့က ရန်ကုန်ကို သိမ်းပိုက်ပြီးသည့်အလား ဝမ်းမြောက်ဝမ်းသာ "ဘန်ဇိုင်း" ဟုအော်လိုက်ကြသည်။



ကျွန်တော်တို့တောထဲတစ်ဖန်ဝင်ရပြန်သည်။ တပ်ရင်း[illegible] စစ်ကြောင်းထိပ်တွင် ဗိုလ်ကြီးဆူနာဂါဝါနှင့်အတူလိုက်[illegible]လျက်ရှိသည်။ အရာရှိများက ခေါင်းစည်းအဖြူ စည်းထား[illegible]ပြီး အကြပ်များက လက်ပတ်အဖြူလက်မောင်းတွင် ပတ်[illegible]ထားကြသည်။ ကတ္တရာလမ်းပေါ် ရောက်လာသောအခါ [illegible]ောင်တွင် တင့်ကားများတက်လာသည်ကို တွေ့ရသည်။ [illegible]တော်တို့မြေကြီးပေါ် ပြားနေအောင်ဝပ်၍စောင့်နေကြသည်။ [illegible]င့်ကားသံ ပျောက်ကွယ်သွားလျှင် လမ်းကို အပြေးတက်ဖြတ်[illegible]ကာ လမ်းတောင်ဘက်ရှိ တောပါးပါးကိုဖြတ်ပြေးကြသည်။ [illegible]ာက်ပိုင်းတွင် တပ်မှူးများနှင့်အမီလိုက်နိုင်သူတို့က အပြေး[illegible]လေးပြေးလိုက်ကာ တန်းဖျက်ပုံဖြင့် ခရီးဆက်ကြသည်။ [illegible]သင်းသည့်အခါတွင်မူ ရန်ကုန်မြို့ဆင်ခြေဖုံး ရပ်ကွက်ရှိ [illegible]တ္တရာလမ်းမပေါ်ရောက်နေကြလေသည်။ တစ်ညလုံး လမ်း[illegible]ျှောက်လာခဲ့ရ၍ယခုလမ်းအမာစားပေါ်ခြေ ချရသောကျွန်တော့်[illegible]ထောက်မှာ နာကျင်လာသည်။ နှုတ်ခမ်းမွေးရေးရေးနှင့် [illegible]လားလူမျိုးအချို့က ကော်ဖီနှင့် နွားနို့များ ကမ်းကြသည်။ [illegible]တော်ပထမတွင် တွန့်ဆုတ်နေသော်လည်း ထပ်မံကမ်းလာ[illegible]ား သောအခါ နွားနို့တစ်ခွက်ကို ကောက်မော့လိုက်သည်။ [illegible]သောကောင်းလှပါသည်။ တပ်ရင်းမှူးက အဆိပ်များ ခတ်[illegible]လား စိုးရိမ်သဖြင့် "ဒီကဒေသခံတွေ တိုက်ကျွေးတာတွေ [illegible]ာက်ကြနဲ့" ဟုအော်၍တားသည်။ ကျွန်တော်တို့ တပ်က [illegible]က်ပုံဖြင့် ချီတက်နေသဖြင့် ဒေသခံများက မူရောလိုက်ကာ [illegible]ကျွေးနေကြရာ အားလုံးပင် တပ်ရင်းမှူးဆီသို့ ငဲ့ကြည့်ရင်း [illegible]ောက်ကြလေသည်။ အရာရှိများကတော့ မမြင်ချင်ယောင် [illegible]နေကြသည်။ ရပ်ရွာလူထုသည် တရုတ်ပြည်မှာကဲ့သို့

www.burmeseclassic.com


www.burmeseclassic.com



မဟုတ်ဘဲ ကျွန်တော်တို့အပေါ် ဖော်ဖော်ရွေရွေ ဆက်ဆံနေကြသဖြင့် မောင်းထုတ်ရန်မဖြစ်ပေ။ မကြာမီ ဘုရင်ခံ၏ ဂေဟာကို ကုန်းတစ်ခုပေါ်၌ မြင်ရသည်။ ထိုဂေဟာသို့ အနှောင့်အယှက်မရှိရောက်သွားကာ ရဲဘော်တစ်ဦးက ခေါင်မိုးပေါ်တက်ပြီး ဂျပန်အလံကို လွှင့်ထူလိုက်သည်။ အလံမှာ ဖွာလျက်ရှိပြီး နာမည်ပေါင်းစုံကိုလည်း ရေးထားသော အလံဖြစ်သည်။ ရဲဘော်၏ လက်တစ်ဖက်၌ ရိုင်ဖယ်သေနတ်ကိုကိုင်ကာ ကျန်လက်တစ်ဖက်ဖြင့် ကျဆုံးသူတို့၏ အရိုးပြာအိုးကို ကိုင်ထားသည်။ မျက်နှာစာရှိ မြက်ခင်းတွင် ကျွန်တော်တို့ တန်းစီပြီး "ဘန်ဇိုင်း"ဟု ဟစ်ကြွေးကြသည်။ ထိုအချိန်မှာ ၁၉၄၂ခုနှစ် မတ်လ ၈ ရက်၊ နံနက် ၉နာရီ ၅၅မိနစ် ဖြစ်ပါသည်။

○





www.burmeseclassic.com



## ၉။ ရန်ကုန် မှ ဦးဆုံးရိုသည့်ကြေးနန်း

တပ်ကြပ်တိုရှိုယိုမြူရာ ရေဒီယိုတပ်ဖွဲ့၊ တပ်မ(၃၃)

ရန်ကုန်

၁၉၄၂ ခုနှစ် မတ်လ ၇ ရက်နေ့ ညနေပိုင်းတွင် ကျွန်တော်သည် လက်ယာတောင်ပံမှ ချီတက်လာသည် ခြေလျင်တပ်ရင်းကြီး(၂၁၅)နှင့်အတူ ရန်ကုန်သို့ ဦးတည်ချီတက်လျက်ရှိသည်။ မနားတမ်းချီစစ်ဆင်လာ ကြခြင်းဖြစ်သည်။ တောင်ပေါ်ပစ်အမြောက်များကို မြင်းနှင့်ဆွဲကာ ကျာပွတ်ဖြင့်ဆင့်ကာဆင့်ကာရိုက်ပြီးတွန်းတင်လျက်ရှိရာ အမြောက်များ တဒုံးဒုံးတဒိုင်းဒိုင်းနှင့်လူးလိမ့်ပါလာသည်။ သွားရင်းမတ်တတ် ရန်ကုန်မှ ထွက်လာသော ယာဉ်များနှင့် ဆုံမိသည်။ များမကြာမီ တစ်ယောက်ယောက်က ကားနှင့်သွားဖို့အကြံပြုလေသည်။ ခဏအကြာ ဘတ်စကားကြီးတစ်စီး ရောက်လာရာ တားပြီးခရီးသည်များထံမှ လက်နက်များကို သိမ်းလိုက်ပြီးနောက် သူတို့ကို ခြေကျင်သွားစေသည်။ မြင်းသက်သာစေရန် ရေဒီယိုကိုမြင်းပေါ်တင်လိုက်သည်။ ရန်ကုန်နှင့်ကီလိုမီတာ ၂၀ခန့်အကွာရောက်သည့်အခါ မြန်မာအရပ်သားများ တိုက်ကျွေးကြသည့် နို့ထမင်းများစားရ၍ လန်းဆန်းသွားကြသည်။ ကျွန်တော်တို့ ဆက်လက်ပြီး မနားတမ်းချီကြရာတွင် တပ်မ(၃၃)မှဦးစီးအရာရှိ ဗိုလ်မှူးယာမာနိုဂူချိ ရောက်လာကာ ကျွန်တော်တို့နှင့် ပါလာသော ရေဒီယိုဆ က်သွယ်ရေးစက်ကို သူနှင့်အတူ ရန်ကုန်ယူသွားမည်ဆို၍ ကျွန်တော်နှင့် ကျွန်တော်၏တပ်စိတ်မှူးပါ သူ့ဦးစီး



ကားပေါ်တက်၍ လိုက်ပါရသည်။ ယာဉ်မောင်းမှာ အိန္ဒိယလူမျိုးဖြစ်သည်။ ဗိုလ်မှူး၏ ဆက်သားအပါအဝင် ကားပေါ်တွင်ကျွန်တော်တို့လေးဦးလိုက်ပါလာသည်။ ကျွန်တော်တို့ ရန်ကုန်မြို့ထဲသို့ဝင်မိသောအခါ ဗိုလ်မှူးက ကျွန်တော်တို့ထက်စော၍မြို့ထဲသို့ဝင်လာသူမရှိသေးဟုဆိုသည်။ ဂျပန်လေယာဉ်များပင်အနှံ့သိုလှောင်သည့်တိုင်ကီကြီးများကို ဗုံးကြဲ တိုက်ခိုက်လျက်ရှိသေးသည်။ ဗိုလ်မှူးကရေးပေးသော ရန်ကုန်မြို့ကို သိမ်းပြီးကြောင်း ဦးဆုံးတရားဝင် အစီရင်ခံသည့် ကြေးနန်းစာကိုဆယ်နာရီခွဲတွင် ရေဒီယိုကြေးနန်းရိုက်၍ ကျွန်တော်ပို့လိုက်သည်။ ဤသတင်းကို မကြာမီပင် ကမ္ဘာအနှံ့ထုတ်လွှင့်လိုက်ကြလေသည်။

○

## ၁၀။ နောက်ဆုံးရထားကိုတိုက်ခြင်း

ဒုတပ်ကြပ် ဆီအီချိ အေအိုယာမာ၊ တပ်ခွဲ(၁)၊

အမှတ်(၃၃)အင်ဂျင်နီယာတပ်ရင်းကြီး၊ တပ်မ (၃၃)

ဝါးနက်ချောင်း၊ အင်းဖား

၁၉၄၂ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ကျွန်တော်တို့မှာ ကျွန်းဖက် များထူထဲစွာဖုံးနေသည့် တောလမ်းကလေးအတိုင်း ခြေလျင်ချီတက်လျက်ရှိသည်။ ကျွန်တော်တို့မှာ သီးခြားအင်ဂျင်နီယာ တပ်ဖွဲ့ဖြစ်၍ ခြေလျင် တပ်စုတစ်စုနှင့် ခွဲယမ်းများတင်လာသည့် ဝန်တင်မြင်းအချို့ပါသည်။ တော်တို့ကိုပေးထားသော ရည်မှန်းချက်တာဝန်မှာ ရထား

www.burmeseclassic.com

www.burmeseclassic.com



လမ်းကိုဖောက်ခွဲဖျက်ဆီးခြင်းဖြင့် မြောက်ပိုင်းမှ စစ်ကူမလာ
နိုင်စေရန်နှင့် ရန်ကုန်မှ ရန်သူ မထွက်နိုင်စေရန် ဖြစ်သည်။
ကျွန်တော်တို့တပ်ဖွဲ့သည် စစ်တောင်းမြစ်ကို ခေါက်လှေများနှင့်
ခြေလျင်တပ်ကို ကူးပေးခဲ့ပြီးနောက် ဟာရာဒတပ်ရင်းကြီး၏
နောက်မှ မနားတမ်းချီတက်၍ လိုက်ပါလာခဲ့သည်။ ထိုနောက်
တွင် သီးခြားခွဲထွက်ကာ ရထားလမ်းဆီသို့ သွားကြသည်။
ရုတ်တရက် နိမ့်နိမ့်ကပ်ပျံနေသည့် လေယာဉ်သံများကြားရပြီး
ဗြိတိသျှ လေယာဉ်ကို ဂျပန်လေယာဉ်များက လိုက်ပစ်နေ
သည်ကို တွေ့ရ၍ မိမိတို့လေတပ်က ကောင်းစွာ ကာကွယ်ပေး
နေသည့် လက္ခဏာကြောင့် အားတက်သွားပြီး ဝန်အလေး
အပင်များသယ်ရင်း ဆက်လက်ချီတက်သွားကြသည်။ စိမ့်တော
တစ်တောကို ဖြတ်ကျော်ပြီးသည်တွင် ကျွန်းတောတစ်တောထဲ
ရောက်ကာ တောလမ်းတွင် နေ့လယ်စာ သုတ်သုတ်စားကြရန်
အမိန့်ရသည်။ ကျွန်တော့်ဟန်းကောထဲမှ အနံ့တစ်မျိုး ထွက်
နေသည့် ထမင်းပေါ်တွင် ပဲပုပ်ထောင်း ဖြူးပြီး ဤတစ်ပင်တိုင်
ဟင်းဖြင့်ပင် နေလယ်စာ ပြီးလိုက်ကာ ကျန်ထမင်းကို သွန်ပစ်
လိုက်သည်။ ကျွန်တော် ချပ်ဝတ်တန်ဆာကိုပြန်ဝတ်ပြီး မြေပေါ်
လဲ လျောင်းနေလိုက်သည်။ မနေ့ညက ဖြတ်လာသည့်ရွာမှ
ဝယ်လာသည့် ထန်းလျက်ခဲကလေးကိုမြို့ရသည်မှာ အရသာ
ရှိ၍ ကျွန်တော့်အတွက် စည်းစိမ်တစ်မျိုးပင် ဖြစ်တော့သည်။
ကျွန်တော်၏ဘေးတွင် တပ်ကြပ် ယာမာဇာကီသည် ကျောပိုး
အိတ်ကို မချွတ်ဘဲအိပ်နေပေပြီ။ ခဏလေးမျှ နားရလျှင်ပင်
စစ်သည်များမှာ တစ်ရေးအိပ်ဖြစ်အောင် အိပ်နိုင်ကြသည်။
သို့သော် ဝန်တင်မြင်းများကို ကိုင်ရသည့်ရဲဘော်များကမူ
မနားနိုင်ကြ၊ ဝန်တင်ထားသည့် ကုန်းနှီးများချရသည်။ မြင်းဆေ



ကိုက်ရသည်။ ကုန်းနှီးပွန်းရာရှိလျှင် ကုသပေးပြီး မြင်းကိုအနား
ပေးရသည်။ သူတို့ကိုယ်တိုင် နားချိန်မရကြ။ သူတို့ မဆို
လောက် သက်သာရာရသည်မှာ ချီတက်နေစဉ် သူတို့ဟန်းကော
ထမင်းချိုင့်ကို မြင်းပေါ်ချိတ်ထား ခွင့်ရှိခြင်းပင်ဖြစ်တော့သည်။

မည်သည့်နားချိန်မဆို ပင်ပန်းနေသည့် စစ်သားများ
အတွက် တိုတောင်းလှသည်သာ ဖြစ်တော့သည်။ မကြာမီ
ဆက်ထွက်ဖို့ အမိန့်ရ၍ မည်မျှကြာအောင် ချီတက်ကြရသည်မှာ
မမှတ်မိတော့ တောအုပ်ထဲမှထွက်ကာ ချုံပုတ်လွှမ်းသည့်လွင်သို့
ဆိုက်မိကြသည်။ ဘယ်ဘက် ခပ်လှမ်းလှမ်းတွင် စိမ်းစိုနေသော
တွင်းပြင်နှင့် တလက်လက်တောက်ပနေသော မီးရထားလမ်းကို
မြင်ရသည်။ တပ်မှူးက ရည်မှန်းချက်နေရာနှင့်နီးပြီဟု ပြော
သည်။ ထိုအခိုက်တွင် ရန်ကုန်ဘက်မှ ထွက်လာသော သံချပ်ကာ
ရထားတစ်စင်း အပြင်းမောင်းသွားသည်ကို တွေ့ရသည်။
ရန်သူသည် ကျွန်တော်တို့မရောက်နိုင်မီ စတင်ဆုတ်ခွာလေပြီ။
ထိုကြောင့် ကျွန်တော်တို့ စိတ်ကျဉ်းကျုတ်ကြရသည်။

နောက်တစ်ဖန်မော်တော်ကားတစ်စီး အမြန်မောင်း
ထွက်လာသည်ကို တွေ့ရသဖြင့်မြို့ထဲ၌ ရုတ်ရုတ်သဲသဲဖြစ်နေ
လောက်ပြီဟု မှန်းရသည်။ ကျွန်တော်တို့ရထားလမ်းကို သတိနှင့်
ကျော်ဖြတ်ကြပြီးနောက် ငှက်ပျောတောပတ်ချာလည်နှင့် ရွာ
တစ်ရွာသို့ ရောက်သွားသည်။ ရွာသားများသည် ရုတ်တရက်
ဂျပန်တပ်ရောက်လာသဖြင့် ပထမကြောင်တောင်တောင်ဖြစ်
သွားသော်လည်း ဖော်ရွေကြသည်။ ဂျပန်တို့သည် မော်လမြိုင်၊
ထားဝယ်ကောင်းစသည့် အချက်အချာကျသည့် မြို့များကို သိမ်း
ပြီး ရန်ကုန်မြို့တော်သို့ ဦးတည်နေပြီဆိုသော သတင်းသည်
ဤကျေးလက်တောရွာကလေးသို့ပင် ပျံ့နှံ့နေဟန်ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ ရည်ရွယ်ချက်မပေါက်ကြားနိုင်စေရန် တပ်ခွဲမှူးက ရွာပတ်လည်ကင်းချ၍ အဝင်အထွက် အားလုံးပိတ်လိုက်ပြီးမှဖောက်ခွဲရေး ပစ္စည်းများပြင်ခြင်း၊ ထမင်းဟင်းချက်ခြင်း လုပ်ငန်းများလုပ်စေသည်။ မီးခိုးမထွက်စေဖို့လည်း သတိပေးလိုက်သည်။ ကျွန်တော်က ဖိနပ်ပေါက်သည့် ရဲဘော်များ ဆေးထည့်ပေးရာ၌ ဒေါက်တာ ဆဲရီဆာဝါကို ကူညီထည့်ပေးပြီးနောက် ထမင်းဟင်းချက်ရာတွင် ပါဝင်ချက်သည်။ ထိုစဉ် တပ်စိတ်မှူး တစ်ဦးလာခေါ်၍ ဒဏ်ရာပြင်းသူ ရဲဘော်ကို ကြည့်ရန်သွားသည်။ ရှေးဦးသူနာပြုဆေးသေတ္တာနှင့်သွားရာ ဒဏ်ရာရရဲဘော်မှာ ကျွဲခတ်ခံရသည့်ဒဏ်ရာဖြစ်ကြောင်း တွေ့ရသည်။ ဖြစ်ပွားပုံမှာ ခြံအတွင်းရှိကျွဲသည် လူစိမ်း သေနတ်ကိုင် စစ်သားများတွေ့ရသည့်အခါ စိတ်ဂနာမငြိမ်ဖြစ်နေစဉ် ရဲဘော်က သွားပုတ်မိရာ ကျွဲက အမှတ်တမဲ့ လန့်ပြီး ခတ်လိုက်သဖြင့် ပေါင်ရင်းမှ ဖိုက်ပေါက်အောင် ဒဏ်ရာရသွားခြင်း ဖြစ်သည်။ ဒဏ်ရာပြင်း၍ သွေးလွန်ကာ ဆရာဝန်ကအထူးဂရုစိုက်ကုသော်လည်း နာရီပိုင်းအတွင်း ဆုံးသွားသည်။ နေဝင်မိုးချုပ်လုတွင် ရန်ကုန်မြို့ဘက်မှ ဆက်တိုက်ပစ်ခတ်နေသည့် အသံများ၊ တင့်ကားမြည်ဟီးသံများ၊ အခြားသော မော်တော်ယာဉ်များ မောင်းနှင်သွားလာသံများနှင့် မီးခိုးဖြူလော၊ ဖုန်ထခြင်းလော မခွဲခြားတတ်အောင် အခိုးအငွေ့စိုင်များမြင်ရသည်။ နောက်တစ်နေ့မှ သိရသည့်ဖြစ်စဉ်မှာ ရန်ကုန်လမ်းကို ပိတ်ဆို့ထားသည့် တပ်ရင်းကြီး(၂၁၄) ၏ရှေ့ဖျား တပ်နှင့် အတင်းဖောက်ထွက်ရန်ကြိုးပမ်းနေသည့် သံချပ်ကာတပ်ဖွဲ့ပါ ဗြိတိသျှနှင့် အိန္ဒိယတပ်တို့ သဲသဲမဲမဲတိုက်ပွဲဖြစ်ကြကြောင်းပင်။



ဧနာရီခန့်တွင် မြင်းများနှင့် မလိုသည့် ပစ္စည်းများကို ရွာတွင်ထားခဲ့ပြီး ရထားလမ်းဘက်သို့ ထွက်လာကြသည်။ ထိုညမှာ လပြည့်ဝန်းနီးပါးမျှသာလျက်ရှိပြီး ကျွန်တော်တို့၏ ရိုင်ဖယ်ပြောင်းများသည် တလက်လက်တောက်နေသည်။ စိတ်လေးဖွယ်ရာ ငြိမ်ချက်သားကောင်းနေသော ဝန်းကျင်တွင် ကျွန်တော်တို့သည် ဝါးနက်ချောင်းဘူတာဆီသို့ စိတ်တထင့်ထင့်နှင့် ချဉ်းကပ်လျက်ရှိကြသည်။ တပ်ခွဲကို ဥမီတာခန့်သာ ကွာဝေးသည့် ချောင်းတစ်ခုတွင် ရပ်ခိုင်းပြီး ချောင်းတစ်လျှောက် တပ်ဖြန့်နေရာယူစေသည်။ ကျွန်ုပ်တို့၏ဘယ်ဘက်တွင် ဖောက်ခွဲရမည့် ရထားတံတားရှိသည်။ ဗိုလ်တာမိုဂါမိသည် ဖောက်ခွဲရေး အဖွဲ့များနှင့် တက်သွားပြီး တံတားတွင် ယမ်းအုံများလိုက်ကပ်သည်။ ရန်သူ့လှည့်ကင်းများ မရောက်လာဘဲ တောင်ဘက်မှ ရထားတစ်စီးခုတ်လာရာ တပ်မှူးက ဖောက်ခွဲမိန့်ပေးလိုက်သည်။ လင်းလက်သွားပြီး ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ ဘူတာ၌ရပ်ထားသော ရထားသည်လည်းထွက်စပြုသည်။ စက်ခေါင်းနှစ်ခုဖြင့်ဆွဲသော ရှည်လျားသည့်ရထားပင် ဖြစ်သည်။ ကျွန်တော်တို့ မျက်တောင်မခတ်ကြည့်နေဆဲမှာ ပထမစက်ခေါင်းက တံတားကိုဖြတ်သွားပြီး ဒုတိယစက်ခေါင်းကမူ ဖြည်းဖြည်းစက်သတ်၍ တွဲချင်းတိုက်သံများ သံမဏိပြတ်သံ၊ ကြိတ်သံ စူးစူးဝါးဝါးပေါ်လာပြီး ရထားရပ်တန့်သွားသည်။

"တက်"အမိန့်သံနှင့်အတူ ကျွန်တော်တို့ရထားဆီသို့ [illegible]သွားကြသည်။ ရထားလမ်းဘေးရှိ စည်းရိုးတန်းကို အရင် [illegible]က်သူတို့ ခွကျော်စဉ်မှာပင် မီးဝင်းလက်ကာ ရထားစက်ခေါင်း၏တင်ဒါ[*] တွဲအထက်မှ သေနတ်သံစပေါ်လာပြီးနောက်

* စက်ခေါင်းနှင့်ဆက်လျက်ရှိသောရေနှင့်ကျောက်မီးသွေးတင်သည့်တွဲ။

www.burmeseclassic.com

www.burmeseclassic.com



တွဲများ၏ပြတင်း အားလုံးမှ သေနတ်နှင့်ပစ်ကြသည်။ ရန်သူက ဤသို့အခြေအနေမျိုးကို မျှော်လင့်ထားဟန်ရှိ၍ ပြင်းပြင်းထန်ထန် တန်ပြန်တိုက်သည်။ ကျွန်တော်တို့အတွက် အခြေအနေဆိုးလာ၍ အနည်းငယ် ဆုတ်ပေးပြီး ပြန်လည်ဖွဲ့စည်းကာ သေနတ်ဖြင့်ပစ်၊ လက်ပစ်ဗုံးနှင့်ပေါက်သည်။ သို့သော် ရန်သူ့ပစ်အား ပြင်းထန်လွန်း၍ ကျွန်တော်တို့ အပစ်ဆိုင်းလိုက်ရသည်။ ကျွန်တော်တို့၏ လက်ပစ်ဗုံးများမှာမပစ်မီ စနက်စလောင်လျှင် မီးခိုးမီးလျှံ တအားထွက်သဖြင့် ဤမီးရောင်ဖြင့် မိမိတို့ရှိရာကို ရန်သူကမြင်ပြီး ဝိုင်းသွန်ပစ်တော့သည်။ ထို့ကြောင့် ညအချိန် လက်ပစ်ဗုံးကို သုံးရသည်မှာ အသက်ကို ဖဲနှင့်ထုပ်သည်နှင့် အလားတူတော့သည်။ ရထားမီးမောင်းအောက်တွင် ကျွန်တော်တို့ ရဲဘော်အချို့မိနေသဖြင့် တပ်ကြပ်မကီတက ရှေ့တက်ပြီး ရိုင်ဖယ်နှင့်မီးမောင်းကို ပစ်ခွဲလိုက်ရသည်။ ကျွန်တော်တို့ အခြေအနေဆိုးသည်ထက် ဆိုးလာသည်။

ဒဏ်ရာရသူများ ငြီးတွားလျက်ရှိသည်။ ထိုစဉ် ရန်ကုန်ဘက်မှ နောက်ထပ်ရထား တစ်စီးထပ်ဝင်လာပြန်သည်။ ဒုတိယဝင်လာသည့် ရထားရှေ့မီးက ပထမရထား၏နောက်ပိုင်းကို ထိုးလိုက်ရာမှ ရပ်နေသည့် ရထားကို ဝင်အောင်းလိုက်သည့်ပုံဖြင့် မီးရောင်မှိတ်သွားသည်။ မိမိတို့ မျက်စိရှေ့ရှိတွဲများသည် ဝင်တိုက်သည့် အရှိန်ကြောင့် ရှေ့တိုးနောက်ငင် ယိမ်းထိုးသွားသည်။ ဤဒဏ်ကြောင့် ရထားပေါ်မှ ရန်သူ့ပစ်ခတ်မှု ခေတ္တမျှစဲသွား ပြီးနောက်တွင် နောက်ရထားနှင့် ပါလာသော စစ်သားဦးရေနှင့်ဆိုလျှင် ကျွန်တော်တို့ထက် ဆထက်ထမ်းပိုး အင်အားသာသွား ပြန်သည်။ ကျွန်တော်တို့ တတ်နိုင်သမျှ ပြားပြားဝပ်၍ တုတ်တုတ်ပင် မလှုပ်ဘဲနေကြရသည်။ ဤသို့အဆိုးဆုံးအခြေ



[illegible]ရာမှ တိမ်တိုက်မည်းတစ်ခုက လမင်းကိုပိတ်ဖုံးလိုက်မှသာ [illegible]ကျရှောင်တော့သည်။ ဤအခွင့်အရေးကိုသုံး၍ ကျွန်တော် [illegible]ဘော်များတွားပြီး ခွင်ထဲမှ ထွက်လာကြရသည်။ ကျွန်တော် [illegible] ဖိနပ်ပတ္တီးကိုဖြေ၍ ဒဏ်ရာရထားသူ၏ခြေချင်းဝတ်ကို [illegible]ကာ ဆွဲထုတ်လာခဲ့သည်။ ချိုင့်ခွက်တစ်ခု အရောက်တွင် [illegible]ပေါ် ပတ်တီးစည်းပေးဖို့လုပ်ရာ သူ၏ ပေါင်မှကြွက်သား [illegible]ကို ကျည်မှန်၍ပြတ်နေသဖြင့် ထိုအခါ၌ သူ့မှာ အသက် [illegible]တော့ပေ။

အမှုထမ်းစုတပ်ကြပ်ကြီး ဝါကားစ [1] က "ရွာထဲမှာ [illegible]ကြ" ဟု လေသံဖြင့် လက်ဆင့်ကမ်း အမိန့်ပေးလိုက်သည်။ [illegible]တော်တို့လည်း ခြေထောက် မသယ်ချင့်သယ်ချင်ဖြင့်ပင် [illegible]ယောက်တစ်တွဲ၊ သုံးယောက် တစ်တွဲ ရွာထဲသို့ ပြန်ဝင်ကြ [illegible]။ သို့သော် နာရီအနည်းငယ်မျှ အိပ်စက်အနားမယူမီ [illegible] နာမည်စာရင်းခေါ်၍လူစစ်ပြီး မည်သူ ကျန်နေသည်ကို [illegible]င်းယူရသေးသည်။

နောက်တစ်နေ့မိုးမလင်းမီ စက်ကလေးနှင့် စိန်ပြောင်း[illegible]ဖြင့် ခပ်လှမ်းလှမ်းမှ ရထားများကို ပစ်ကာသွေးတိုးစမ်း[illegible]ကြသည်။ ရန်သူတုံ့ပြန်မှုမရှိပေ။ တပ်ကြပ်ကြီးခါမိယက [illegible]ခတ်၍ ချဉ်းကပ်ကြည့်ရာ တစ်ယောက်မျှ မရှိတော့၊ [illegible]ထွက်ခွာ သွားကြပုံရသည်။ ရထားသို့ရောက်လျှင် [illegible]သူများအလောင်းကောက်ယူ၍ ကျဆုံးသူ ၈ ဦးကို မီး[illegible]ရန် ပြင်ဆင်သည်။ ရထားတွင် ရန်သူတပ်ရင်းကြီး[illegible] ဘမျှ အင်အားပါလာမည်ဟု ခန့်မှန်းရသဖြင့် ကျွန်တော်

[1] [illegible]နဲ့ဘပ်ထောက်တပ်ကြပ်ကြီးနှင့် ညီမျှသောအဆင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တို့ မည်သို့မျှ မယှဉ်နိုင်ပါ။ ဤရထားကို သွားမတိုက်သင့်ပေ။ ရထားပေါ်တွင် စည်သွတ်ဘူးများ၊ ဘရန်ဒီ၊ ဘီယာနှင့် စီးကရက် တောင်ပုံရာပုံတွေ့ရ၍ ဝမ်းသာကြရသည်။ တတ်နိုင်သမျှ ယူစားကြပြီး သယ်နိုင်သမျှ အိတ်ဖြင့် သယ်ကြသည်။ မတ်လ ၈ရက်နေ့ မွန်းတည့်အချိန်ခန့်တွင်မှ ဆက်ထွက်ကြရသည်။ ယခုအခါတွင်မှ လူနာများ၊ သိမ်းမိသည့် လက်နက်များနှင့် စားဖွယ်တို့ကို လှည်းဖြင့် သယ်နိုင်ကြပြီး ယခင်က မြန်မာပြည်တွင် မလုပ်နိုင်ခဲ့သော နေ့ခင်းချီတက်မှုဖြင့် ချီတက်ကြသည်။ ရန်ကုန်သို့ခရီးတွင် ပျက်စီးနေသော တင့်ကားများ၊ သံချပ်ကားများ တွေ့ရသည်၊ အချို့မှာ မီးခိုးအူနေဆဲပင်။ လမ်းဘေးတွင် ဗြိတိသျှနှင့်အိန္ဒိယ စစ်သားများ၏ အလောင်းများစွာရှိနေသည်။ စိတ်ဆင်းရဲစရာ မြင်ကွင်းပေတည်း။ ကျွန်တော်တို့ ရဲဘော်များ တက်မနင်းမိအောင် ရှောင်ရသည်မှာ မသွားတတ်အောင်ပင်ရှိသည်။

ရန်ကုန်မြို့တွင်းနေရာချပေးသည့် သတ်မှတ်နေရာသို့ ရောက်ချိန်တွင် နေကွယ်လုပြီဖြစ်သည်။ လမ်းကျဉ်းကျဉ်းပေါ်တွင်ရှိသည့် အဆောက်အအုံတစ်ခု၏မြေတိုက်ထဲတွင်ဖြစ်သည်။

○



## ၁၁။ ပဲခူးတွင် အေးသင့်ခြင်း

တပ်သား တိုရှိယာကီ တနိုကိုရှိ တပ်ခွဲ (၈)၊ ရင်း(၃)၊
အမှတ်(၁၁၂)ခြေလျင်တပ်ရင်းကြီး၊ တပ်မ(၅၅)
ထားဝယ်၊ ပဲခူး

ကျွန်တော်တို့တပ်ရင်း မြန်မာပြည်သို့ရောက်သည့် ၁၉၄၂ ခုနှစ်ဦးပိုင်းမှစ၍ နှစ်လခန့်မျှပင် နေ့စဉ်နီးပါး ခြေလျင်ချီတက်ခဲ့ကြသည်။ ထားဝယ်နှင့် မော်လမြိုင်တို့တွင် ရက်အနည်းငယ်မျှသာ နားခွင့်ရခဲ့ကြသည်။ စစ်တောင်းမြစ်ကို နေ့ခင်း၌ ဖြတ်ကျော်ကြရာတွင် ကံကောင်းထောက်မ၍ ကျွန်တော်တို့အပေါ်မှ မကြာခဏပျံလှေ့ရှိသော ဗြိတိသျှလေယာဉ်တို့၏တိုက်ခိုက်မှုကို မခံလိုက်ရပေ။ ဤရန်ကရှိနေသည့်အတွက် ကျွန်တော်တို့တပ်မှူးက ကျွန်တော်တို့ကို ခင်သုတ်သုတ်သွားရန် မောင်းတင်ပါသည်။

တစ်ညတွင် ဝေါမြို့ကိုဖြတ်စဉ် ကျွန်တော်တို့ရှေ့တွင် ဆင်မာန်သည် တဖြည်းဖြည်းဆုတ်ကာ ကွယ်လုနီးပါးဖြစ်သွားသည်။ ဤသို့လကြတ်သည့်အကြောင်းကို မည်သူကမျှ မဟကြ။ ကျွန်တော့်အယူတွင် မကောင်းသောနိမိတ်ဖြစ်၍ ကျွန်တော်တို့စစ်သည်များအတွက် ကံဇာတာညှိုးမှိန်ဦးမည့် လက္ခဏာပင်ဖြစ်သည်။

တပ်စုမှူးဒုဗိုလ် ရှီအိုဇီးက ကျွန်တော်တို့သည် ပဲခူးကို [illegible]ပြီးနောက် မြန်မာပြည်၏မြို့တော်ဖြစ်သော ရန်ကုန်သို့ [illegible]သွားကြမည်ဖြစ်ကြောင်းပြောပြသည်။ ညအမှောင်ကျသည် [illegible]ချက်ကြသည်။ ချောင်းတိမ်တိမ်လေးခု ငါးခုခန့်ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။ ချောင်းဖြတ်တိုင်း ဖိနပ်ထဲရေဝင်ကာ လမ်းလျှောက်လျှင် တစွက်စွက်မြည်တော့သည်။ အတန်ကြာလျှင် မြည်သံပျောက်ရုံရှိသေး ရှေ့၌ချောင်းတစ်ခုက ကန့်လန့်ခံနေပြန်သည်။ ဤသို့မကြာခဏဖိနပ်တွေထဲ ရေဝင်သဖြင့် ခြေဖဝါးများ ကြိမ်းစပ်နေသည်။ စက်နိုးသံများ ပေါ်လာသောအခါ ကျွန်တော်တို့ကို တောထဲဝင်ပြီး ပစ်ကျင်းများ တူးစေသည်။ သုံးယောက်ထောက်ကင်းအဖွဲ့တစ်ဖွဲ့လွှတ်ရာ၌ ကျွန်တော်လည်း ပါသည်။ ခြေဖဝါးများကျိန်းစပ်နေကြောင်း ပြောသင့်၊ မသင့် စဉ်းစားမိသေးသော်လည်း မပြောတော့ဘဲ ကင်းလှည့်ရာတွင် လိုက်ပါသွားခဲ့သည်။

ကျွန်တော်တို့ ၂ကီလိုမီတာခန့် တိုးပြီးသည့်အခါတွင် အခြေအနေ ရုပ်လုံးပေါ်လာစပြုသည်။ တင့်ကားတော်တော်များကို တွေ့ရသည့်ပြင် ခြေလျင်တပ်လည်း ရှိဟန်တူသည်။ ကျွန်တော်တို့ကို သတ်မှတ်ပေးလိုက်သည့်အချိန် အတိုင်းအတာလည်း စေ့ခါနီးဖြစ်၍ ခပ်သုတ်သုတ်ပြန်ပြီး သတင်းပို့လိုက်သည်။ တပ်စုသည် ချက်ချင်းဆိုသလိုပင် စထွက်သည်။ ထောက်ကင်းက တွေ့ခဲ့သည့် တင့်ကားများကို ရှောင်နိုင်ရန် ဘယ်ဘက်သို့ကွင်း၍ ပန်းတက်ကြသည်။ ကတ္တရာလမ်းမတစ်ခုကိုဖြတ်ရသည့်အခါ ဤလမ်းမှာ ရန်ကုန်–မန္တလေးလမ်းဖြစ်၍ တရုတ်ပြည်သို့ပေါက်သော မြန်မာပြည်လမ်းမဟုလည်းတွင်ကြောင်းပြောပြ၍ သိလိုက်ရသည်။

မြန်မာပြည်၌ နွေရာသီတွင် နံနက်စောစောတွင် မြူဆိုင်းနေလေ့ရှိသည့်အတိုင်း ယနေ့လည်း မြူဆိုင်းနေရာ မြူကို အကာအကွယ်ယူ၍ တပ်စုအလိုက် တစ်စုပြီး တစ်စု



တင့်ကားများကို ချဉ်းကပ်ကြသည်။ ရွာမှ အိမ်တစ်အိမ်နှင့်တစ်အိမ်အကြား ကွက်လပ်များမှ ဗြိတိသျှတင့်ကားများကိုမြင်ကြရသည်။ ကျွန်တော်တို့တပ်စုမှူးက ဤသို့အခွင့်အလမ်းရသည်ကို ပျော်နေသည်။ ကျွန်တော်တို့ ဂျပန်ကထွက်မလာမီ တင့်ကားတိုက်နည်း စစ်ရေးပြလေ့ကျင့်ခန်းများ ဆင်းကြရသဖြင့် အားလုံးပင် တင့်ကားကိုတက် သိမ်းနိုင်ရန် အားခဲထားကြသည်။ အိမ်တွေအနီးရောက်သည့်အခါ တပ်စုမှူးကဓားကိုဝင့်လိုက်သည်နှင့် အားလုံးဝင်လုံးဖို့ ပြေးတက်ကြသည်။ ကျွန်တော်တို့ကို ကျည်ဆန်မိုးက ဆီးကြိုနှင့်တော့သည်။ ဘယ်ကပစ်နေမှန်းပင် မသိနိုင်တော့အောင် ထောင့်ပေါင်းစုံကပင် ဝင်လာနေ၍ မှောက်ချလိုက်ကြရသည်။ ကျွန်တော်တို့ တိုက်စစ်မအောင်မြင်ဘဲ ဒုက္ခရောက်ကြမည့်ကိန်းဆိုက်နေပြီဟု ကျွန်တော်တွက်မိသည်။ မကြာမီ ကျွန်တော်တို့ရှေ့မှ အိမ်များမီးထလောင်သည်။ ကျွန်းဖက်မိုး၊ ကျူထရံကာ မြန်မာ့ရွာ ဝါးလုံးအိမ်များသည် မီးလောင်လွယ်သည်။ ကံဆိုးသည်မှာ ကျွန်တော်တို့နောက်တွင်ရှိသော ကောက်ရိုးပုံကလည်း မီးစွဲသွားပြန်သည်။ ထိုအချိန်တွင် နံနက် ၈ နာရီခန့်ရှိပြီဖြစ်၍ မီးလောင်၍ ပူရသည့်အထဲ နေပူဒဏ်ကိုပါ ခံစားကြရတော့သည်။ ပူလောင်မှုဆက် ကျော်ကော့အောင် ထိုးကျင့်သည့်ဒဏ်ကို ခံစားနေရသလိုဖြစ်သည်။ ကျွန်တော်ဆောင်းထားသော သံခမောက်သည် ပူနွှန်း၍ ခေါင်းကိုက်လာသည်။ မှတ်ကြည်းသဂြိုဟ်၍ ခြောက်သယောင်းနေသည့် အကောင်ဘဝသို့ မကြာမီ ပြောင်းရတော့မည်လောဟု ကျွန်တော် မှတ်ထင်မိသည်။ ကျွန်တော်တို့နှင့်ကပ်နေချင်းဆိုင်အိမ်များအားလုံး ပြာကျသွားပြီဖြစ်၍ တင့်ကားများနှင့် ကျွန်တော်တို့အကြား မျက်ကွယ်မရှိတော့။ အပြန်

www.burmeseclassic.com

www.burmeseclassic.com



နစ်ဆယ်ပေါင်းများစွာသော တင့်ကားတို့သည် တန်းစီလျက်ရှိနေသည်။ ဆုံလည်အဖုံးတို့ကိုဖွင့်ထားကာ မောင်းပြန် သေနတ်ကိုင်စစ်သည်တို့က ကျွန်တော်တို့ကို စောင့်ကြည့်နေသည်။ သူတို့ကတော့ ဂျပန်အားလုံး သေကုန်ပြီဟု ထင်ကောင်း ထင်ကြပေမည်။ ဒဏ်ရာရသူတစ်ဦးက မခံနိုင်လွန်း၍ နည်းနည်းမျှ လှုပ်လှုပ်လိုက်လျှင်ပင် ချက်ချင်း ဖမ်းပစ်ကြတော့သည်။ ကျွန်တော်ကတော့ သေချင်ယောင်ဆောင်နေရန် ပိုင်းဖြတ်လိုက်သည်။ သို့သော် လက်တွေ့တွင် သိပ်မလွယ်လှ၊ ကျွန်တော့်ချွေးဖြင့် ခြောက်သယောင်းနေသော လယ်ကွက်ပင် စိုစွတ်လာသည်၊ ကျွန်တော့်နှာခေါင်းပေါက်မှာ ရွှံ့များ ဝင်နေကာ အသက်ကို ပါးစပ်ဖြင့်ရှူနေရသော ဒုက္ခကို ဖွတ်မိုတ်သည်းခံနေရသည်။

ဤသို့ ညှဉ်းပန်းခံနေရသည်မှာ မည်မျှကြာသွားသည် မသိ။ ကျွန်တော့်အနေဖြင့်တော့ နှစ်နှင့်ချီကြာသည် အောက်မေ့မိသည်။ နောက်မှ အင်္ဂလိပ်လို အမိန့်ပေးသံကြားရပြီး တင့်ကားအားလုံး စက်နှိုးသံ ကြားရသည်။ တင့်ကားများ ကျွန်တော်တို့ကို တက်ကြိတ်သွားကြမည်လားထင်မိ၍ လက်ပစ်ဗုံးတစ်လုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်၊ ကျွန်တော်တို့ဆီလာသည့် တင့်ကား ဆုံလည်ထဲသို့ တန်းတန်းမတ်မတ်ဝင်သွားအောင် ပစ်ထည့်လိုက်မည်ဟု စိတ်ကူးထားသည်။ သို့သော် တင့်ကားများသည် စက်လည်လျက်နှင့် မရွေ့ဘဲ တန့်နေကြရာ နောက်ဘာများလုပ်ကြဦးမည်နည်းဟု စိတ်ထဲမချင့်မရဲ စိတ်လှုပ်ရှားလာသည်။ ထိုအခိုက်တွင် ဂျပန်ကင်းထောက်လေယာဉ်တစ်စင်းက တင့်ကားများပေါ်ကပ်ပြီး



[illegible]မ့်ပျံသွားမှ တင့်ကားများ အခြားသို့ ဦးတည်ကာ ရွေ့ထွက်[illegible]ကြတော့သည်။ ထိုအခါ နေမွန်းတည့်လေပြီ။ နေနှင့် မိး[illegible]ကြား အထက်မီး အောက်မီးပေးထားသလိုဖြစ်၍ ရေဓာတ်[illegible]ခန်းနေသော ကျွန်တော်၏ ခန္ဓာကိုယ်မှာ မတ်မတ်ရပ်[illegible]အောင် မနည်းအားတင်းနေရသည်။ ကျွန်တော်တို့ရဲဘော်[illegible] ဦးကျ၍ ဒဏ်ရာရသူများလည်း မနည်းပေ။ တင့်ဖျက်[illegible]နက် ဘာမျှမပါလာခြင်းက ကျွန်တော်တို့အတွက် တစ်ပန်း[illegible]ခြင်းပင်။ ယမန်နေ့က ချက်ထည့်ထားသော ထမင်းမှာလည်း [illegible]န်းကောထဲ၌သိုးနေပြီဖြစ်၍ ပစ်လိုက်ရသည်။ မီးခိုးမထွက်[illegible]အောင် သတိထား၍ ထမင်းထပ်ချက်ကြသည်။

မတ် လ၆ ရက်နေ့တွင် ကျွန်တော်တို့ တပ်ခွဲအတွက် [illegible]နှစ်လုံး ပထမအကြိမ်ထုတ်ပေးသည်။ တင့်ဖျက်အဖွဲ့များ [illegible]သည်း ဖွဲ့စည်းလိုက်ကြသည်။ မိုင်းမြှုပ်၍ တံတားအောက်[illegible]စောင့်နေကြသော်လည်း မည်သည့်တင့်ကားမျှ မလာ၊ ည[illegible]မှောင်ဟွင် ကျွန်တော်တို့ တပ်ခွဲသည် တစ်ယောက်ချင်း[illegible]နောက်တန်းစီ၍ ထွက်ခွာကြသည်။ ယခုအခါတွင် မူရင်း[illegible]အား၏ ထက်ဝက်ပင် မရှိတော့။ နောက်ပိုင်း၌ မှောင်လွန်း၍ [illegible]သွားရန် ခက်ခဲလာသည်နှင့် တပ်ခွဲမှူးက ရပ်ခိုင်းပြီး [illegible]ကြာနားဖို့ တန်းဖြုတ်ပေးသည်။ ရဲဘော်များမှာ ကျောပိုး[illegible]ကိုပင် မချွတ်ကြတော့ပဲ ရောက်ရာတွင် အိပ်စက်လိုက်[illegible]သည်။

ကျွန်တော်နိုးလာသောအခါ ကျွန်တော်တို့တပ်စု (၁)မှ [illegible]အားအချို့သာကျန်ပြီး တပ်ခွဲအင်အားအများစုမှာ ထွက်သွား[illegible]ကြောင်းတွေ့ရသည်။ တစ်ယောက်ချင်းစီထားသော

www.burmeseclassic.com

www.burmeseclassic.com



အတန်းတစ်နေရာမှ ရဲဘော်တစ်ဦးက မနိုး၍သော်လည်းကောင်း၊ နိုးပေသော်ငြားလည်း နောက်လူကို ဆက်မနှိုးမိ၍သော်လည်းကောင်း ဖြစ်လိမ့်မည်။ ဒုဗိုလ် ရှိအိုဇီးမှာ ဒဏ်ရာရ၍ ဘုရားကြီးမှတစ်ဆင့် ဆေးရုံပို့လိုက်ပြီဖြစ်၍ ကျွန်တော်တို့ တပ်စုတွင် အရာရှိ မရှိတော့။ ခြေရာခံလိုက်ဖို့လည်း ခြေရာ မတွေ့။ ထိုစဉ် ဆိုင်းနေသည့်မြူ လွင့်ပြယ်သွားရာ၌ ရှေ့တွင် တောအုပ်တစ်အုပ်ကိုမြင်ရသည်။ တောအုပ်အတွင်းမှ စေတီ ကလေးဆီသို့ ကျွန်တော်တို့ ဦးတည်သွားကြသည်။ စေတီ တောင်ကုန်းမှ အောက်သို့ငုံ့ကြည့်လိုက်လျှင် ရန်သူ၏ ရွက်ထည် တဲ တော်တော်များများ တွေ့ရသည်။

ကျွန်တော်တို့မှာ ၁၅ ယောက်မျှသာဖြစ်သော်လည်း စက်သေနတ် (၃)လက်ပါသဖြင့် တဲများကို အနီးကပ် ပစ်ထည့် ကြသည်။ ကျည်ပြန်ဖြည့်နိုင်သလောက် သွန်ပစ်ကြရာ ရန်သူ အချို့ ကုန်းထရာမှန်ပြီး ဗိုင်းဗိုင်းလဲ သေကြသည်ကို တွေ့ရ သည်။ ကျွန်တော်တို့ပါလာသည့်ကျည်ကုန်အောင် သွန်ပစ် လိုက်ပြီးသည်တွင် ဆေးနားမှ တဝေါဝေါပစ်သံများကြားရာ ကျွန်တော်တို့တပ်ခွဲက ဝင်တိုက်နေခြင်းဖြစ်ပေမည်ဟု သိလိုက် သည်။ ရန်သူသည် ထောင်ဂဏန်းမျှ အင်အားရှိမည်ဖြစ်ရာ ကျွန်တော်တို့အင်အား အနည်းငယ်မျှဖြင့် လုံးစွပ်တက်မထိုး နိုင်ပေ။ ဘုရားကျောင်းဆောင်အနီးရှိ သစ်ပင်တစ်ဝိုက်တွင် စိန်ပြောင်းဗုံးတစ်လုံးကျပြီးကွဲရာ ကျွန်တော်မှာ စိန်ပြောင်းနှင့် ပတ်သက်၍ အတွေ့အကြုံရှိပြီးဖြစ်၍ ဘုရားထဲဝင်နေသည်။ ကျည်ဖြည့်ပေးသည့်တပ်သားဆာကိုလည်း ကျွန်တော်နှင့် အတူ ပါလာသည်။



ကျွန်တော်ဝင်သည်နှင့် ရှေ့ဆင့်နောက်ဆင့် ဘုရား တစ်ဝိုက်တွင် စိန်ပြောင်းဗုံးပေါင်း ဆယ်လုံးခန့် ကျလာသည်။ ရန်သူက စိန်ပြောင်း ထုပြီးသည်နောက်တွင် ကျွန်တော်တို့ လေးငါးယောက် ဘုရားထဲ၌အကာအကွယ်ယူဖို့ ဝင်လာကြသည်။ နှစ်ယောက် ဒဏ်ရာရသဖြင့် ဆေးရဲဘော်က ပြုစုကုသပေး နေသည်။ နှစ်ဦးကျဆုံးသည်။ ကျဆုံးသွားသူတို့၏ အလောင်းကို မီးသင်္ဂြိုဟ်ရန် နေရာလိုက်ကြည့်နေစဉ် မြန်မာတစ်ဦးရောက် လာပြီး "ဂျပန် မာစတာ " ဟု ကျွန်တော့ကိုခေါ်ကာ မျက်စိ စိုက်၍ ခေါင်းကိုငုံ့ပြသည်။ သို့နှင့် သူ့နောက် ကျွန်တော် လိုက်သွားရာ တပ်ခွဲမှူး ကိတာအိုကာနှင့် ၅၃ဦး တပ်ခွဲတစ်ခွဲလုံး ကျဆုံးနေသည်ကို တွေ့ရသည်။ သူတို့ကျသည့် နေရာမှာ ကျွန်တော်တို့ရှိရာ စေတီနှင့် မီတာ ၃၀၀ မျှသာ ဝေးသည်။ ရှင်ကျန်သူ ကျွန်တော်တို့ ခုနစ်ယောက်၊ တစ်နည်းအားဖြင့် ဆိုရလျှင် သေပွဲဝင်ရန် ပျက်ကွက်ခဲ့သူတို့က မြန်မာရွာသား များ အကူအညီဖြင့် ချောင်းခြောက်တစ်ခုထဲ၌ ဖလီဖားတုံးများ စီပြီးနောက် အလောင်းများကောက်ကာ ရန်သူ၏ ဗုံးကြဲ တိုက်ခိုက်မှုမှလွတ်အောင် နေဝင်မိုးချုပ်ကျမှ မီးသင်္ဂြိုဟ်လိုက် ကြသည်။ နောက်တစ်နေ့ဖြစ်သော မတ်လ ၈ရက်နေ့ နံနက်အထိ မိုးပြင်းလွန်းသဖြင့် အရိုးပြာများကို မကောက်နိုင်သေး၊ ညနေ စောင်း၍ အပူရှိန်နည်းသွားမှ ချည်ထည်ပါးပါးအိတ်များဖြင့် တစ်ဦးချင်းစီ ကောက်ထည့်ကြသည်။ ထိုနောက် ယာယီ စင် ကလေးပေါ်၌တင်ပြီး ကျဆုံးသူရဲဘော်များအတွက် မျက်ရည် [illegible]လက်ကျရင်း ဝမ်းနည်းအောက်မေ့တသကြသည်။ ကျွန်တော် တို့၏ရဲဘော်တစ်ဦးသာ ငိုက်မျဉ်းမနေခဲ့ပါက ကျွန်တော် မည်သို့အဖြစ်မျိုးနှင့် ကြုံရဖွယ်ရှိမည်ကို စဉ်းစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဩော် လူတစ်ယောက်၏ ကံကြမ္မာသည် ဤကဲ့သို့ အသေးအဖွဲ ဖြစ်ရပ်ကလေးအပေါ်၌ပင် တစ်ခါတစ်ရံတည်နေတတ်ပေသည်။ လင်ပုပ်ဖမ်းခဲ့ခြင်းသည် ကျွန်တော်၏ကြမ္မာကို ဂယက်ရိုက်ခတ်ခဲ့ ပေသလော။

တပ်ခွဲ(၈) မှ ရှင်ကျန်သူ ကျွန်တော်တို့ ခုနစ်ယောက် တို့သည် တပ်ရင်းကြီးထံသို့ သွားရောက်ကြရာတွင် သီးခြား တပ်ဖွဲ့ တစ်ဖွဲ့အဖြစ် အသိအမှတ်ပြုထားပေးသည်။ မတ်လ နောက်ပိုင်းတွင် တပ်ရင်းကြီး(၁၁၂) ၏ တပ်မှူး ဗိုလ်မှူးကြီး အိုဟာရာအား၀ ရန်ကုန်ရှိ စစ်ဆေးရုံတက်ရန်ကိစ္စ ပေါ်ပေါက် လာသောအခါ ကျွန်တော်တို့အဖွဲ့ကို အစောင့်လိုက်ပါရန် တာဝန်ပေးသည်။ တပ်မ(၅၅)သည် ရန်ကုန်မြို့ထဲ မဝင်ဘဲ ပဲခူးမှမြောက်ဘက်သို့ ဆက်တက်သွားရသဖြင့် ဤတပ်မမှ ရန်ကုန်ရောက်ဖူးသူ လူနည်းစုသာရှိသည့်အနက် ကျွန်တော်တို့ အပါအဝင်ဖြစ်သွားပေသည်။



## ၁၂။ သန်လျင်မြို့မှ ဗျူဝန်အမျိုးသမီး

တပ်သား စိုဂျိရို မာအီးဒါ တပ်ခွဲ(၂)၊ ရင်း(၁)၊
အမှတ်(၁၁၂) ခြေလျင်တပ်ရင်းကြီး၊ တပ်မ(၅၅)
မော်လမြိုင်၊ ရခိုင်

စစ်တောင်းမြစ်ကို ၁၉၄၂ ခုနှစ် မတ်လ ၃ရက် နေ့တွင် ကျွန်တော်တို့ဖြတ်ကြပြီး နေ့ရောညပါ တောင်ဘက်သို့ ဆင်းလာကြသည်။ ကျွန်တော်တို့တပ်ရင်းက သန်လျင်သို့ ချီတက်၍ ရေနံသိုလှောင်သည့်တိုင်ကီကြီးများနှင့် သိုလှောင်ရုံအဆောက်အဦတို့ကို ထိန်းထားပေးရန် တာဝန်ရသည်။ ဤဒေသပိုင်းဒေသ၏ အပူဒဏ်ကိုခံစားရင်း မနားတမ်းချီတက်ခဲ့ရသည်မှာ လောကငရဲပင် ဖြစ်တော့သည်။ ကျွန်တော်တို့ကို ဗမာ့လွတ်လပ်ရေးတပ်မတော်မှ လူငယ်လူရွယ်စစ်သည်တို့က မြင်းကလေးများကိုစီး၍ ဒေါင်းလံကို တလူလူလွှင့်ရင်း ရှေ့က လမ်းပြပေးသည်။ ရွာကြီးတစ်ရွာသို့ရောက်သောအခါ ဗမာအမျိုးသမီးနှစ်ဆယ်ခန့်က အပြုံးပန်းများဖြင့်ကြိုဆိုကြကာ ငှက်ပျောသီးများ၊ ခရမ်းချဉ်သီးပါသည့် ဝါးခြင်းကလေးများ ကမ်းပေးကြသည်။ ရွာကြီးတိုင်းမှာလိုပင် ဤနည်းနှင်နှင် ကြိုဆိုကြသည်မှာ ခရီးကြမ်းဒဏ် ခါးစည်းခံရင်း ချီတက်လာရသော ကျွန်တော်တို့အတွက် အမောပြေစရာပင် ဖြစ်ပါတော့သည်။ ဗမာတို့သည် လွတ်လပ်ရေးကို အာသာဆန္ဒပြင်းပြစွာ တောင့်တလျက်ရှိကြပြီး ကျွန်တော်တို့က ကူညီသည်ကို အူလှိုက် သည်းလှိုက် ကျေးဇူးတင်ပုံရသည်။ ကျွန်တော်တို့ သဘော

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ထားမိသည်မှာတော့ စစ်တလင်းတွင် မိန်းမနှင့်ကလေးများ တွေ့ရလိမ့်မည်မဟုတ်ဟူ၍ပင် နားလည်ထားကြပါသည်။

ခြောက်ရက်အကြာတွင် ကျွန်တော်တို့၏ ဟိုရီဥချိ တပ်စုက ဦးဆောင်လျက် သန်လျင်မြို့ကို ဝင်လာကြပါသည်။ မြို့အဝင်တွင် အသက်ကြီးကြီး ဂျပန်အမျိုးသမီးကြီးတစ်ဦးက ဂျပန်အလံကလေးကိုဖော့ယမ်းလျက် ကြိုနေသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ သူနှင့် စကားပြောရင်း ကျွန်တော်တို့ တပ်ရင်းမှာ ရှိုကိုးကုကျွန်း၊ ကာဂါဝါ စီရင်စုမှဖြစ်ကြောင်း သိရသည့်အခါ သူ့ဇာတိမှပင် ဖြစ်ကြောင်းသိရ၍ အထူးဝမ်းသာသွားပါသည်။ သူ့အိမ်သို့ ကျွန်တော်တို့ကို ခေါ်သွားပြီး စားကောင်းသောက်ဖွယ်များဖြင့် ထမင်းတစ်နပ်ကျွေးပါသည်။ နိဗုအမည်ရှိ ဤအမျိုးသမီးကြီးမှာ ဗြိတိသျှလူမျိုး မစ္စတာ ဂွန်ဟင်နရီ အက်ဒွာဒ်စမစ် ဆိုသူနှင့် အိမ်ထောင်ကျခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကြာပြီဖြစ်သည်။ စစ်စဖြစ်သည့်အခါ ရန်ကုန်တွင် သူ့ကိုထောင်ထဲ ထည့်ထားရာ သူက ထောင်ဝန်ထမ်းများကို လာဘ်ထိုး၍ ထွက်လာခဲ့သည်။ သူ၏ခင်ပွန်းသည်မှာ ဘီအိုစီ ကုမ္ပဏီတွင် အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး ဗြိတိသျှတို့အားလုံး အိန္ဒိယသို့ ထွက်ပြေးကြသည့်တိုင် သူ့မိန်းမက ဂျပန်ဖြစ်၍ သူ့ကို ဒုက္ခပေးမည်မဟုတ်ဟုတွက်ပြီးသန်လျင်တွင်ပင် ဆက်နေသည်။

သန်လျင်သည် ရန်ကုန်မြို့နှင့်မြစ်တစ်ဖက်ကမ်းမျှသာ ခြားသော်လည်း စစ်၏ဒဏ် သိပ်မခံရသကဲ့သို့ မြို့ရှိ ကုန်စုံဆိုင်ကြီးများမှာလည်း ဖွင့်မြဲဖွင့်၍ မြို့လူထုကလည်း ကျွန်တော်တို့ကို ခင်မင်ဖော်ရွေစွာဆက်ဆံကြသည်။ ကျွန်တော်တို့ စိတ်…



…င်းဖြစ်ရသည်မှာ ရေနံတိုင်ကီများသည် မီးခိုးမည်း …ပ်လိပ်နှင့် လောင်နေဆဲဖြစ်ခြင်းပင်။ မြို့ထဲတွင် နှစ်ရက်မျှ …ပြီးနောက် ကျွန်တော်တို့၏မိခင်တပ်၊ တပ်ရင်းကြီး (၁၁၂) …ပြန်ပေါင်းမိအောင် တောင်ငူသို့ဆန်ကြသည်။ မြို့လူထုက …န်အိတ်များလောက်အောင်ပေးပြီး လှည်းများဖြင့် လိုက်ပို့ …ဆက်ကြသည်။ ကျွန်တော်တို့သည် ကိုယ်စိတ်နှစ်ဖြာ …န်းဆန်းကာ ခရီးဆက်ကြသည်။

နိဗု၏တူတော်သူ ဆာဒါဟီကိုအိရှိသည် ကျွန်တော် …၏ တပ်ရင်းကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိ၍ သူတို့ …ယား နောက်ပိုင်းဖြစ်စဉ်များကို ပြောပြ၍ ကျွန်တော် …သိကြရပါသည်။ မစ္စတာစမစ်သည် အဖမ်းခံရသည်၊ သို့သော် …ကိုဆေးရုံတင်ထား၍ နိဗုက နေ့စဉ်စားစရာယူသွားကာ …ပြုစုပေးနိုင်ခဲ့သည်။ ထိုနောက် နိဗုနှင့် တစ်ရပ်တည်းသား …သူ ရဲဗိုလ်မှူး ဟီဒီယို အာကီယာမာနှင့် ဆုံမိရာ ထိုသူ၏ …အသိဖြင့် စမစ်ကိုလွှတ်စေကာ သန်လျင်အိမ်တွင် အကျယ် …သဘောထားခဲ့သည်။

၁၉၄၅ ခုနှစ် ဧပြီလတွင် သန်လျင်ကို ဗုံးချရန် …လေယာဉ်များ လာသောအခါ မစ္စတာစမစ်က မြို့တော် …ခေါင်မိုးပေါ်တက်၍ "ဂျပန်တပ်များမရှိတော့ဆုတ်သွား …သဘောသက်ရောက်အောင် ရှေ့ဆုံးမှလာသည့် ကင်း …လေယာဉ်အား အလံဖြူဖော့ယမ်းလျက် အချက်ပြရာ …မြို့မှာ ဗုံးကြဲခံရမည့်ကိန်းမှ လွတ်မြောက်ခဲ့သည်။ …သားများက စမစ်၏ကျေးဇူးကို အသိအမှတ်ပြုသည့် …အမြင်းရုပ် ချိုးမြှင့်သည့်ပြင် ထိုနေ့ကို နှစ်စဉ်နှစ်တိုင်း…

www.burmeseclassic.com

www.burmeseclassic.com



"စမစ်နေ့"ဟု ကျင်းပဂုဏ်ပြုကြသည်။ စစ်ကြီးပြီးသည့်အခါ စမစ်တို့လင်မယားသည် စကော့ပူတွင် တစ်နှစ်ကြာနေပြီးနောက် မစ္စတာစမစ်၏ဇာတိဖြစ်သည့် ဗိုလ်စတုန်းသို့ ပြန်နေသည်။ ၁၉၆၀ပြည့်နှစ်မှစ၍ ဂျပန်ပြည်တွင်လာနေပြီး သုံးနှစ်နေပြီးနောက် အင်္ဂလန်သို့ပြန်ကြလေသည်။

၁

၂

## ချီစစ်

၁၉၄၂ ခုနှစ် မတ်လ မှ မေ လ အထိ

www.burmeseclassic.com

www.burmeseclassic.com



# ၁၃။ မြောက်ဘက်သန့်ထက်သည့်ချီစစ်

ဒုတပ်ကြပ် မာဆာကီချီ ကန်ဗာယာရှိ၊ တပ်ခွဲ(၇)၊ ရင်း(၂)၊
အမှတ်(၂၁၅) ခြေလျင်တပ်ရင်းကြီး၊ တပ်မ(၃၃)

## ကူးဆိပ်၊ စစ်တောင်း၊ ရွှေတောင်

ကျွန်တော်တို့သည် ထိုင်းနိုင်ငံမှ ခရီးဝေးကွာလှစွာ ချီတက်လာကြပြီးနောက် ဗြိတိသျှတပ်က စွန့်ခွာသွားသော ရန်ကုန်မြို့ထဲသို့ ၁၉၄၂ခုနှစ် မတ်လ ၈ ရက်နေ့တွင် အပြင်းနှင်လာခဲ့ကြသည်။ ရန်ကုန်မြို့ ဆင်ခြေဖုံး၌ ကန်တော်ကြီးအနီးရှိ စာသင်ကျောင်း တစ်ကျောင်းတွင် နေကြရသည်။ ကျွန်တော်တို့သည် ကင်းမစောင့်ရ၊ တာဝန်ချိန်ဟူ၍မရှိ၊ သန့်ရှင်းရေး စသည်ဝန်ထမ်းရန်လည်းမရှိဘဲ ဆယ်ရက်တိတိ ရာနှုန်းပြည့် လွတ်လပ်ရေးရကြသည်။ ကျွန်တော်၏ စစ်သားဘဝ တစ်လျှောက်လုံးတွင် စစ်သားတို့၏ ကောင်းကင်ဘုံသို့ ဦးဆုံးရောက်ခြင်းပင် ဖြစ်တော့သည်။ အစားအသောက် အလျှံပယ်စားရသည့်ပြင် ဝီစကီ၊ စည်သွတ်ဘူး၊ ကော်ဖီ၊ ကိုကိုး၊ နွားနို့၊ ထောပတ်၊ ဒိန်ခဲ၊ အမဲစဉ်းကော၊ ယို၊ စီးကရက်နှင့် ကျွန်တော်မပြောတတ်သည့်ဗိမ်ခံ စားကောင်းသောက်ဖွယ်များလည်း စားရသောက်ရသည်။ ယင်းတို့ကို ဗြိတိသျှဂိုဒေါင်များမှ ထုတ်ယူရရှိပြီး ဗြိတိသျှ နန်းရင်းဝန် မစ္စတာ ချာချီ၏ လက်ဆောင်ပစ္စည်းများဟုခေါ်ကြသည်။ ကျွန်တော်တို့ ညတိုင်း ပျော်ပွဲကျင်းပကြပြီး၊ ပျော်ပျော်ရွှင်ရွှင် ဆိုကြ၊ ကကြကာ စားကြသောက်ကြနှင့် ဝအောင်ပျော်ကြသည်။ ကျွန်တော်တို့ ဟင်းသီး



ဟင်းရွက် လတ်လတ်ဆတ်ဆတ်ကိုမူ မစားရသဖြင့် ကြက်သွန်မြိတ်ကို ကြော်ကျွေးသည့်အခါ မြိန်ယှက်စွာ စားကြသည်။ စစ်သားတော်တစ်ဦးကလည်း မုန့်လက်ကောက် ကောင်းကောင်းလုပ်ကျွေးသည်။

ဤသို့ဆယ်ရက်ကြာ အပန်းဖြေကြပြီးနောက် မြောက်ဘက်သို့ ချီတက်၍ ဆုတ်ပြေးနေသည့် ဗြိတိသျှတပ်များကို လိုက်တိုက်ရန် အမိန့်ရသည်။ ကျွန်ုပ်တို့၏ ၇.၇ မမ စက်သေနတ်တပ်ခွဲက မတ်လ ၁၈ရက်နေ့တွင် သူတို့၏မြင်းများနှင့်အတူ ထွက်သည်။ မတ်လ ၁၉ ရက်နေ့တွင် ကျွန်တော်တို့သည်လည်း ဗြိတိသျှတို့က ချန်ထားခဲ့သော လော်ရီကားကြီးများနှင့် ဆက်ထွက်သည်။ ယာဉ်မောင်းများမှာ လေ့ကျင့်မှုနည်းသဖြင့် တစ်စီးက လမ်းဘေးသစ်ပင်ကို ဝင်တိုက်၍ တစ်စီးက လမ်းဖြတ်ကူးသည့် နွားကို ဝင်အောင်းမိသည်။ သို့သော် လက်ပံတန်းသို့ ကျွန်တော်တို့ မထိမခိုက်ရောက်သွားကြပြီး လော်ရီကားများကမူ နောက်တစ်ခေါက် လွှန်းပြန်ဆွဲရန်ပြန်သွားကြသည်။

ရောဝတီမြစ်ကြီးကို လှေငယ်များဖြင့် ကူးကြပြီး ဟသ်ာတတွင် ရက်အနည်းငယ် နေကြသည်။ မတ်လ ၂၄ ရက်နေ့တွင် ဧရာဝတီမြစ် အနောက်ဘက်ကမ်းအတိုင်း ချီတက်ကြသည်။ အလွန်ပူသည့်ရာသီဖြစ်၍ ညအချိန် ချီတက်ကြသော်လည်း အပူဒဏ်ခံရသည်သာ။ လမ်းဖြတ်သွားသည့် အိမ်များမှ မြန်မာလူမျိုးတို့က နေ့ညမဟူ ကျွန်တော်တို့ကို ကြိုဆိုကြသည်။ "ဘိုဗမာ"ဟုဟစ်ကြွေးရင်း အသီးအနှံများကမ်းကာ ရေတိုက်ကြသည်။ သူတို့အားပါးတရ ကြိုဆိုကြသည်ကို ကျွန်တော်တို့၏စိတ်တွင် အမှတ်ထင်ထင်ဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီတက်နေစဉ် ကျွန်တော်တို့သည် ပုံမှန်အားဖြင့် ၄ ကီလို မီတာကို ၄၅မိနစ်နှင့် လျှောက်ပြီး ၁၅မိနစ် နားကြသည်။ ဤမျှတန်ဖိုးရှိသော ၁၅ မိနစ်တာ အချိန်ကို အပြည့်အဝ သုံးနိုင်ရန် ကျောပိုးအိပ်ကို မချွတ်ဘဲ ပက်လက်လှန် အိပ်ကြသည်။ အိပ်ရာတွင် ဦးတည်ရပ်ညွှန်းအတိုင်း ခြေဆင်း၍ အိပ်ကြသည်။ သို့မဟုတ်က အိပ်မှုန်စုံမွှားနှင့် ထထွက်ရာတွင် ဘေးဘီချော်ထွက်ကာ လမ်းဘေးမြောင်းထဲ ကျနိုင်သည်။ မြန်မာတို့က ကျွန်တော်တို့အပေါ် မည်မျှစေတနာရှိသည်ကိုပြသည့် အနေဖြင့် တစ်ခါတစ်ရံတွင် ကျွန်တော်တို့ အိပ်နေသည်ကိုပင်နှိုး၍ ရေတိုက်ကြသည်။ ကျွန်တော်တို့က တစ်ရေးရရန်သာ စိတ်စောနေကြသော်လည်း သူတို့၏စေတနာထားမှုကို အသိအမှတ်ပြုရာ ရောက်အောင် ကျေးဇူးတင်ကြောင်း ပြန်ပြောလိုက်ရပေသေးသည်။ ကီလိုမီတာ ၁၀၀ခန့် ချီပြီးသည်တွင် မြစ်ကို ကူးကြရာ နွားလှည်းများ ကျွန်တော်တို့ကို အဆင်သင့် စောင့်နေလျက် တွေ့ရသည်။ ရင်း(၂) တစ်ရင်းလုံး နွားလှည်းများစီးကြရသည်။ လှည်းများမှာ ပေါ့ပါးသော သစ်သားကက်အိမ်များနှင့် ဘီးကြီးနှစ်ဘီးတပ်၍ နွားတစ်ရှဉ်းကသော လှည်းများဖြစ်သည်။ လှည်းတစ်စီးစီတွင် မောင်းသူမြန်မာတစ်ဦးနှင့် ကျွန်တော်တို့ သုံးယောက်ကျစီ လိုက်ပါရသည်။ ညဉ့်နက်လာ၍ အေးစိမ့်လာသည့်အခါတွင် လှည်းသမားများအလှည့်အလှည့် လစ်ပြေးကုန်ကြသည်။ ရန်သူနှင့်နီးပြီဟု မှန်းလိုက်ရသည်။ ကျွန်တော်တို့က တရုတ်ပြည်တွင် လုပ်သကဲ့သို့ လှည်းသမားများကို အတင်းအကျပ်ခိုင်းရန် မဖြစ်ပေ။ ကျွန်တော်တို့ လှည်းမှ လှည်းဆရာလည်း တိုက်ပွဲဖြစ်လျှင် ကန့်လန့်ကန့်လန့် မပါရလေအောင် လစ်ပြေးလေရာ ကျွန်တော်တို့ ကိုယ်တိုင် လှည်းမောင်းကြရ



သည်။ ကျွန်တော်က နွားများကို တစ်ခါမျှ မကိုင်ဖူးသော်လည်း လှည်းမောင်းရသည်မှာ မခက်ပါ။ နွားက ရှေ့လှည်းနောက်သို့ ကျိုးနွံစွာ လိုက်ကြသည်သာဖြစ်သည်။ သို့နှင့် တစ်ယောက်ကောင်း နှစ်ယောက်အိပ်စနစ်ဖြင့် တစ်လှည့်စီ မောင်းသွားကြသည်။

ညကုန်လွန်ခါနီး၊ လှည်းပေါ်တွင် ကျွန်တော် အိပ်တစ်ဝက် နိုးတစ်ဝက်ရှိနေစဉ် "အားလုံးဆင်းကြ၊ တိုက်ဖို့ပြင်၊ ရှေ့ကို အပြေးတက်လာကြ" ဟူသော အမိန့်ပေးသံကြားလိုက်ရသည်၊ ကျွန်တော်တို့ လှည်းကိုသည် အတိုင်းထားခဲ့ပြီး စစ်ဝတ်တန်ဆာအပြည့်နှင့် စပြေးသွားကြသည်။ ဤကားရွှေတောင်တိုက်ပွဲ၏ အစပင်ဖြစ်တော့သည်။

၁

## ၁၄။ တိုက်ပွဲစပြီ

ဒုဗိုလ် ယာဆုရှီ ဆာကာမာကီ ၊ စက်သေနတ်တပ်ခွဲ(၂)
တပ်ရင်း(၂)၊ အမှတ်(၂၁၅)ခြေလျင် တပ်ရင်းကြီး၊ တပ်မ (၃၃)

### ရွှေတောင်၊ တစ်ဒင်လမ်း

ကျွန်တော်တို့ ရှေ့ပြေးတပ်စုနှင့် တိုက်ပွဲဖြစ်ပြီးနောက် ရွှေတောင်ရွာကို ကျွန်တော်တို့ တပ်ရင်း(၂)က ၁၉၄၂ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် သိမ်းလိုက်သည်။ တပ်ရင်းသည် သုံးပေါက် လှည်းများဖြင့် တက်လာသဖြင့် တပ်ရင်းကြီးနှင့် အလှမ်းကွာလျက်ရှိသည်။ သို့ဖြစ်၍ ပြည်–ရန်ကုန် လမ်းမ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် သဘာဝ အလျှောက်လမ်းကျဉ်းဖြစ်နေသည့် ဤရွာကို ထိုင်ထားရန် တပ်မှူးက ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်သည်။ ရပ်ရွာနေလူထုနှင့် ကျွန်ုပ်တို့၏ကင်းထောက်များက သတင်းပို့ချက်အရ အင်အားကောင်းသော ဗြိတိသျှတပ် တစ်တပ်သည် တင့်ကားများအပါအဝင်ဖြင့် ကျွန်တော်တို့မရောက်မီ ၅ နာရီ ခန့်ကပင် တောင်ဘက်သို့ စုန်ဆင်းသွားကြကြောင်း သိကြရသည်။ ရန်သူပြန်လာဖွယ်ရှိသဖြင့် တပ်စုတစ်စုနှင့် ကျွန်တော့်တပ်ခွဲမှ ၇.၇ မမ စက်သေနတ်နှစ်လက်တို့ကို ကာကင်းအဖြစ် ရွာတောင်ဘက် ၂ ကီလိုမီတာခန့်သို့ လွှတ်ထားလိုက်သည်။ တင့်ဖျက်သမားနှစ်ယောက်ကို လမ်းမရှိ တံတားလေးအောက်တွင် ပုန်းနေခိုင်းထားပြီး ကျန်စစ်သည်တို့ကို လမ်း၏အနောက်ဘက်တွင် ဝှက်ထားသည်။ မကြာမီ တောင်ဘက်မှ လော်ရီကားသုံးစီး စစ်သားအပြည့်နှင့် တက်လာသည်။ ကျွန်တော်တို့ရှိမှန်း သူတို့သိပုံမရကြပေ။ တံတားကူးစဉ် ကျွန်တော်တို့က အိတ်သွန်ဖာမှောက် ပစ်ထည့်ကြရာ ကားများကျွမ်းထိုးကျကုန်သည်။ ရန်သူသည် အလောင်းမကောက်နိုင်ဘဲ ဝရန်းသုန်းကားထွက်ပြေးကြရသည်။ မွန်းတည့်ခန့်တွင် ရန်သူအင်အားနှစ်ဆယ်ခန့် တက်လာသည်ကို မြင်ရသည်။ ကျွန်တော်တို့နေရာယူထားရာရှေ့တွင် ဘယ်ညာဖြန့်လိုက်သည့် အခွင့်အခါကိုယူ၍ တစ်သွန်တည်းပစ်ကြရာ အားလုံးနီးပါးကျကုန်သည်။ မွန်းလွဲ၂ နာရီခန့်တွင် မိမိတို့၏ရှေ့ တစ်ကီလိုမီတာခန့်အကွာ တောအုပ်ထဲတွင် ရန်သူတော်တော်များများရောက်နေကာ ချိန်းယာဉ်သံများကိုလည်း ကြားရသည်။ ကျွန်တော်တို့နေရာကို ရန်သူသိသွားဟန်ရှိပြီး စစ်သည်ဗိုလ်ပါ လက်နက်စုံအညီဖြင့် တခမ်းတနား တိုက်စစ်ဆင်တော့မည့်ဟန်ပင်ဖြစ်သည်။ မကြာမီ



ဆိုစီးကားငယ်တစ်စီးထွက်လာပြီး တပ်မှူးဟု ယူဆရသူတစ်ဦးထွက်လာကာ အမိန့်ပေးနေကို တွေ့ရသည်။ ကြက်ခြေနီလက်ပတ်များနှင့်သူများကလည်း အနီးသို့တက်လာပြီး ထမ်းစင်များဖြင့် အလောင်းများကိုကောက်သည်။ တစ်ပြိုင်တည်းနီးပါးလိုပင် ခရာမှုတ်သံပေါ်လာပြီး ကျွန်တော်တို့ ရှိနေသည့်ရွာမှာ ပေါက်ကွဲသံများ၊ မီးခိုးလုံးများသဲ၊ ဖုန်မှုန်တို့ဖြင့် လွှမ်းသွားသည်။ အမြောက်ပစ်ခတ်မှု ပြီးဆုံးပြီဟု ထင်မိသည့်အချိန်တွင် ရွာထဲနှင့် ကျွန်တော်တို့အရှေ့တွင် မီးခိုးဗုံးများကျလာပြီး ရန်သူအင်အား ၃၀၀ခန့်က ကျွန်တော်တို့ကို ဝိုင်းပတ်ရန်တက်လာသည်။ မီးခိုးပါးသည့်ကြားတွင် မြင်ရသည့် ရန်သူကိုဖမ်းပစ်ကြသည်။ မီးခိုးလွင့်ပြယ်သွားသည့်အခါတွင်မှ ရန်သူစစ်သားများကို မတွေ့ရတော့ချေ။

တင့်ကားများအသံ ဆင့်ကဲဆင့်ကဲ ပိုကျယ်လာသည်ကိုလည်း တစ်ဖန်ကြုံကြရာ ရန်သူက နောက်တစ်ချီ တက်တိုက်ရန်ပြင်နေသည့် အလားအလာဟု ထင်ရသည်။ နေမင်းလည်း မိုးကုပ်စက်ဝိုင်းအောက် ငုပ်လျှိုးတော့မည့်ဆဲဆဲ ရှိသည်။ ဆုတ်ခွာရန်အမိန့်ကို ရေဒီယိုကြေးနန်းဖြင့် ရထားပြီဖြစ်၍ တဖြည်းဖြည်း ရန်သူနှင့်ခွဲထွက်ကာ တပ်ရင်း၏ ပင်မအခြေပြုစခန်းသို့ သွားပေါင်းသည်။ ကျွန်တော်တို့၏ ထိုးစစ်ဆင်မှုကို ရပ်စဲလိုက်ပြီး ရွှေတောင်ကာကွယ်ရေးတွင် လာရောက်အင်အားဖြည့်သည့်အတွက် တပ်ရင်းမှူးကလည်း စိတ်ချမ်းသာသွားသည်။ ရန်သူ၏ပြင်းပြင်းထန်ထန်တိုက်စစ်ဆင်မှုလည်း ထိုညလွန်လျှင် စလေတော့သည်။

၀

www.burmeseclassic.com

www.burmeseclassic.com



# ၁၅။ သတ္တိရှေ့အာပြည့်နှင့် ရန်သူစစ်သည်

ဗိုလ်မှူးမိဆာယို ဆာတို၊ ရင်း(၂)၊ အမှတ် (၂၁၅) ခြေလျင် တပ်ရင်းကြီး၊ တပ်မ (၃၃)

ကူးဆိပ်၊ ရွှေတောင်

တိုက်ပွဲနည်းနည်းမျှသာ ဖြစ်ပြီးနောက် ၁၉၄၂ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ကျွန်တော်တို့တပ်ရင်းက ရွှေတောင်ကို သိမ်းပိုက်မိသည်။ ဆယ်ယောက် ခန့်ဒဏ်ရာ ရခဲ့သည့်ပြင် ရန်သူကပြင်းပြင်းထန်ထန် လာတိုက်လိမ့်မည်ဟုခန့်မှန်းရသော ရွာ၏တောင်ဘက်နှင့် မြောက်ဘက်တို့တွင် တပ်ချထားရသဖြင့် လူတိုင်းပင် အလုပ်များနေကြသည်။ ရွာတောင်ဘက်အစွန်ရှိ လမ်းသုံးခွ၌ ကျွန်တော်ရပ်နေစဉ် တစ်နေရာတည်းမှ မှန်မှန် ချောင်းပစ်နေသည်ကို ကြုံရသဖြင့် ရန်သူလက်ဖြောင့်ကိုရှာရန် တပ်စိတ်တစ်စိတ်ကို ကျွန်တော် လွှတ်လိုက်သည်။ ၎င်းတို့က ခန္ဓာကိုယ်အောက်ပိုင်း သွေးအလိမ်းလိမ်းနှင့် ငယ်ငယ်ရွယ်ရွယ် ဗြိတိသျှ စစ်သားကလေးတစ်ယောက်ကို ခေါ်လာသည်။

သူ့ကို သစ်ပင်ရိပ်အောက်၌ ထားထားရာသို့ ကျွန်တော် သွားကြည့်သည်။ သူသည် အသက် ၁၈ နှစ်ခန့် ရှိသည့် နုပျို၍ ချောမောသော ဗြိတိသျှစစ်သားတစ်ဦးဖြစ်ကြောင်း တွေ့ရသည်။ ကျွန်တော်တို့၏ ဆေးမှူးဒေါက်တာ ကိကုချိက သူ့ကို ကုသပေးလျက်ရှိသည်။ ကျည်တစ်တောင့်က သူ့ဝမ်း



ဗိုက်ကိုဖောက်မှန်ထားသဖြင့် မျှော်လင့်ချက်မရှိတော့ဟု ဆေးမှူးက ပြောသည်။ ကျွန်တော်က အင်္ဂလိပ်လို မတတ်တတတ်နှင့် "မင်းအဖေနဲ့အမေ ဘယ်မှာလဲ" ဟုမေးရာ သူက "အင်္ဂလန်" ဟု တစ်ခွန်းတည်းပီသစွာ ပြန်ဖြေသည်။ ကျွန်တော်က "နာသလား" ဟု မေးပြန်ရာ သူက "ဟင့်အင်း" ဟု ဆိုသည်။ ကျွန်တော်က သူ အလူးအလဲခံစား နေရမည်ဖြစ်ကြောင်း သိထားသည်။ ဗိုက်ကိုမှန်ထားသည့်အပြင် အူများကိုပါ ကျည်ကဖောက်သွားသဖြင့် မချိတင်ကဲနာကျင်နေပေလိမ့်မည်ဟု တွက်မိသည်။

သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်သောအခါ မျက်ဝန်းထဲတွင် မျက်ရည်စ မြင်ရသည်။ ဒဏ်ရာက အသည်းခိုက်မျှ နာနေလျက် သူ၏နုနယ်လှသော မျက်နှာတွင် သွေးဆုတ်ကာ ဖြူရော်တွန့်ရှုံ့နေသည့်ကြားမှ အသက်ပျောက်လုနီးပါး အချိန် အထိုင်အောင် ဂရိတ်ဗြိတိန် အင်ပါယာကြီး၏ဂုဏ်သိက္ခာ မညှိုးရလေအောင်အစွမ်းကုန် အံကြိတ်၍ ထိန်းထားလျက်ရှိသည်။ ကျွန်တော်လည်း အမှတ်မထင် မျက်ရည်ဝဲလာကာ သူ၏ လက်ကို ကျွန်တော့လက်ဖြင့် ဆုပ်ထားမိသည်။ ဤဗြိတိသျှ စစ်သားလူငယ်၏ နောက်ဆုံးအချိန်ကို မေ့နိုင်မည်မဟုတ်ပါ။ ထိုအချိန်၌ပင် ဗြိတိသျှအင်ပါယာကြီး၏ အင်အားစွမ်းပကား မြင့်မားခဲ့ရာကိုလည်း ကောင်းစွာမြင်မိလေတော့သည်။

○

www.burmeseclassic.com

www.burmeseclassic.com



# ၁၆။ တင့်ထိုးခံ

ဒုတပ်ကြပ် ကေစာရူးဟီဝှရို၊ တပ်ခွဲ(၈)၊ ရင်း(၂)၊

အမှတ်(၂၁၅) တပ်ရင်းကြီး၊ တပ်မ(၃၃)

## ရွှေတောင်

ကျွန်တော်တို့ ရွှေတောင်ရွာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ခံစစ်ပြင်ရန် အမိန့်ရသည်။ ကျွန်တော်သည် ရွာသူရွာသားများထံမှ ပုလင်းများလိုက်တောင်းကာ ဓာတ်ဆီဖြည့်၍ အဝတ်စဖြင့်ဆို့ကာ လက်ဖြစ်ဓာတ်ဆီဗုံး ( ဂျပန်လို "မီးပုလင်း")များ အဆင်သင့်ပြင်ထားသည်။ ရွာကိုဖြတ်သွားသော ကားလမ်းမမှာ မြေပြင်ထက် တာရိုးက တစ်မီတာမှ နှစ်မီတာခန့်အထိ မြင့်သဖြင့် တာရိုးအစပ်တွင် ကျွန်တော်တို့မှောက်လျက် နေရာယူထားလိုက်ကြသည်။ ဤနေရာအထိ တင့်ကားဆုံလည်မှ အမြောက်နှင့်တွဲလျက် စက်သေနတ်များကို နှိမ့်မပစ်နိုင်သဖြင့် ကျွန်တော်တို့အတွက် ကျည်လွတ်မြေဖြစ်နေသည်။ ဘေးနံကို ဆန်အိတ်များနှင့် ကာထားလိုက်ကြသည်။ ည ၉နာရီခန့်တွင် ကျွန်တော်တို့ထံ အမြောက်ကျည်နှင့် ကျည်ဆန်များ ဝင်လာသည်။အမြောက်အပစ်ဆိုင်းချိန်တွင် လမ်းအလယ်တည့်တည့် အတိုင်း ရန်သူတင့်ကားများအရှိန်နှင့်မောင်းဝင်လာကြသည်။ ကျွန်တော်မှာ ပြားနေအောင် မှောက်နေသည့်အတွက် ခေါင်းထောင်ကြည့်လိုက်သည့်အခါ တင့်ကားက ရှေ့မှဖြတ်၍ လွန်သွားပြီ ဖြစ်သည်။ ဤသို့ဆိုလျှင် ဓာတ်ဆီဗုံးကိုပစ်ရန် အခွင့်မသာသည့်အတွက် ရဲဘော်များနှင့်အတူ ကျွန်တော်က လော်ရီ



ကားတစ်စီးကို လမ်းပေါ် ကန့်လန့်ဖြတ်တင်ထားကာ တင့်ကား ကျွန်တော်တို့ဘက်သို့ ကပ်လာအောင် ဖန်တီးလိုက်သည်။ နောက်ဝင်လာသည့်တင့်ကားသည် အရှိန်ဖြင့် မောင်းလာရာမှ နေ့လိုက်ပြီး ကျွန်တော်တို့ လိုချင်သည့်လမ်းကြောင်းအတိုင်း ဝင်လာသည်။ ကျွန်တော့်မျက်စိနှင့် တစ်တန်းတည်း ရောက်လာသည်အထိ စောင့်လိုက်ပြီး တင်ကားစ၍ ကွေ့ချိန်တွင် ဓာတ်ဆီဗုံးနှင့်ပေါက်လိုက်သည်။ ပုလင်းက တင့်ကားရှေ့ပိုင်းတည့်တည့်မှန်၍ မီးတောက်မီးလျှံများ တင့်ကားရှေ့ပိုင်းကို လွှမ်းသွားသည်တွင် တင့်ကားတိုက်ယာဉ်သားများ ထွက်ပြေးကြသောသည်။ ထိုစဉ် ကျွန်တော်တို့အနီးတွင် ရောက်နေသော တပ်ခွဲမှူးက ဓာတ်ဆီဗုံးတွေကို ဘယ်သူပစ်တာလဲ"ဟုမေးရာ တပ်ကြပ်ဟီရာဆာဝါ နှင့်ကျွန်တော်တို့က ကျွန်တော်တို့အမည်ကိုထုတ်ပြောသည်တွင် တပ်ခွဲမှူးက "ကောင်းတယ်ဟေ့"ဟု ချီးမွမ်းစကားပြောပါသည်။ ကျွန်တော်တို့ နောက်ထပ် ပစ်လိုက်သည့်ဓာတ်ဆီဗုံး တစ်လုံးမှာ ဆုံလည်အဖုံးကို ဖွင့်ထားသော အတိုင်း တင့်ကားအတွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်သွားပါသည်။ တင့်ကားသည် ရှေ့သို့ အတန်ငယ် ဆက်သွားပြီး တင့်ကားယာဉ်သားများမှာ ညအမှောင်ထုကြောင့် လွတ်မြောက်သွားကြပါသည်။

ထိုနောက်ပိုင်း၌ တင့်ကားများ ထပ်မရောက်လာဘဲ ည ၃ နာရီခန့်တွင် ကျွန်တော်တို့ တပ်စွဲထားရာတစ်ဝိုက်တွင် အမြောက်ဆန်ကြီးကြီး တော်တော်များများကျလာကာ တိုက်ပွဲ ပြင်းထန်လာပါသည်။ ကျွန်တော့် ညာဘက်ခြေထောက်တွင် အမြောက်ကျည်စသုံးနေရာမှန်သဖြင့် စစ်မြေပြင်ဆေးရုံတင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ကျွန်တော်စိတ်မကောင်းစရာဖြစ်ရန် ဖန်တီးလာသည်ပင်။ ထိုနေ့ညနေပိုင်းတွင် တပ်ကြပ် ဟီရာဆာဝါသည် ဒုတိယအကြိမ် အနိုးကပ်တိုက်ရာ၌ ကျဆုံးသွားပေသည်။

၁

## ၁၇။ ရန်သူ့တင့်ကားများ၏ အတက်နှင့်အဆုတ်

ဒုဗိုလ်တတ်ဆုယ မာရှူယားမား၊ တပ်ခွဲ(၅)၊ ရင်း(၂)၊ အမှတ်(၂၁၅)
ခြေလျင်တပ်ရင်းကြီး၊ တပ်မ(၃၃)

ရွှေတောင်၊ သတိုးတန်း၊ တစ်ဒင်လမ်း

အင်အားဖြင့် ကင်းထောက်ခြင်းပုံစံပေါက်သည့် တင့်ကား ၃စီးဖြင့် လာရောက်တိုက်ခိုက်မှု အပြီးတွင် ရွာကို သိသိညက်ညက်ကြေအောင် အမြောက်များဖြင့် ပစ်ခတ်တော့သည်။ ကျွန်တော်တို့မှာ လမ်းဘေးမြောင်းထဲဝပ်နေကြရသည်။ မတ်လ ၃၀ ရက်နေ့အရုဏ်တက်သည်တွင် ရန်သူ၏ တိုက်ခိုက်မှုမှာ ပိုမိုပြင်းထန်လာပြီး ကျွန်တော်တို့ဘက်တွင် ထိခိုက်ရှုံးမှုများလာသည်။ မွန်းတည့်ချိန်လောက်တွင် တောင်ဘက်မှ စတင်ဆုတ်ခွာကာ လမ်းမ၏အနောက်ဘက်သို့ပြောင်း၍ နေရာယူကြရသည်။ ထိုစဉ် နီးကပ်လာသော မော်တော်ယာဉ်များကို ကျွန်တော်တို့က တစ်ပြိုင်တည်း သွန်ပစ်ကြရာ ကားကြီး ၃ စီးခန့်မှာ တာရိုးဘေးသို့ ကျွမ်းထိုးကျကာ အချို့မှာလည်း မီးလောင်ကုန်သည်။ ကျွန်တော်တို့တပ်စုကို ရွာမြောက်စွန်းရှိ တံတားကို ထိန်းထားရန် တာဝန်ပေးလိုက်သည်။ တံတားမှာ



...န်ကရိတံတားဖြစ်၍ ၄ မီတာခန့်ကျယ်သည်။ တံတားထိုး...သော ချောင်းမှာ မီတာ ၅၀ခန့် ကျယ်ပြီး ၅ မီတာ ခန့်...က်ကာ နွေရာသီဖြစ်၍ ရေမရှိ။

ပထမ ဝင်လာသည့် တင့်ကားသည် တံတားတွင် မြှုပ်...သောမိုင်းကိုနင်းမိကာ ဗုန်းခနဲ ထပေါက်သည်နှင့်အတူ...းကြိုး စုတ်ဖွာသွားသည်။ တင့်ကားသည် တဝူးဝူးမြည်ကာ...တိုးလိုက် နောက်ဆုတ်လိုက် လုပ်နေရာမှ ရပ်သွားသည်။ ...က်တစ်ခါ ဆုံလည်အဖုံးပွင့်လာကာ တင့်ကားယာဉ်သား...ဦးက ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်နေရာ ကျွန်တော်က ...းသို့ချဉ်းကပ်၍ ရိုင်ဖယ်သေနတ်နှင့် ချောင်းမြောင်းပစ်...က်သည်။ ထိုနောက်တွင် တင့်ကားက ကျွန်တော့်ကို မြင်...ပြီး ဆုံလည်မှအမြောက်သည် ကျွန်တော်ရှိရာဘက်သို့...လာသည်။ ကျွန်တော် အိမ်သာတစ်ခု နောက်ပုန်းလိုက်စဉ် ...နဲ့ အမြောက်သံပေါ်ထွက်လာကာ အိမ်သာနံရံမှ မြေကြီးက ...တော့ကို ဖုံးလွှမ်းလိုက်သည်တွင် ကျွန်တော်လည်း မလှုပ်...ဘဲ အတန်ကြာငြိမ်နေရသည်။ အနီးကပ် တင့်ဖျက်အဖွဲ့က ...မ်းတစ်ဖက်မှနေ၍ ဓာတ်ဆီဗုံးများနှင့် ပစ်ပေါက်ကြရာ ...င့်ကားအတွင်း မခံနိုင်လောက်အောင် ပူလာသည့်အခါတွင် ...ယောက်ထွက်လာကာ ထွက်ပြေးဖို့ကြိုးစားကြသည်။ ၎င်းတို့...က် နှစ်ယောက်ကို စက်ကလေးဖြင့် ပစ်လှဲနိုင်လိုက်သည်။

တင့်ကားသည် တံတားကိုပိတ်လျက် ရပ်သွားသည်ဖြစ်ရာ ...တော်ယာဉ်များဖြင့် ဆုတ်လျက်ရှိသော ရန်သူအတွက် ...တ်လမ်းပိတ်ခံနေတော့သည်။ ဒုတိယဝင်လာသော တင့်ကား...သည် ပိတ်နေသည့် တင့်ကားပေါ်သို့ တစ်ပိုင်းလိမ့် တက်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ဘေးတိုက်လည်ဆင်းကာ ချောင်းခြောက်ထဲ၌ ဆောတိုက် တိမ်းစောင်းကျသည်။ တံတားပေါ်သို့ တတိယနှင့် စတုတ္ထဝင်လာသော တင့်ကားများမှာ နောက်ပါလာသည့် လော်ရီကားကြီးများက ကူးလိုဇောနှင့် ရှေ့နောက်ဝင်ဆောင့် ကန်ကြ၍ မဆုတ်သာမတက်သာ ဖြစ်နေကြသည်။ လမ်းမပေါ်တွင် မော်တော်ယာဉ်များ ကျပ်ခဲနေသည်ကို ကျွန်တော်တို့၏ စက်သေနတ်များ၊ ၇၀ မမ အမြောက်တို့နှင့် အစွမ်းကုန် ပစ်ထည့်ကြသည်။ ဂျပန်လေယာဉ်များကလည်း တောင်ဘက်တွင် ရန်သူကို လိုက်တိုက်နေကြသည်။ နောက်ဆုံးတွင် ရန်သူသည် မော်တော်ယာဉ်များမှ ဆင်းပြေးကြရတော့သည်။ ၎င်းတို့၏ မော်တော်ယာဉ်များ၊ အမြောက်နှင့်လက်နက်ကြီးများကိုစွန့်၍ မြောက်ဘက်ဦးတည်၍တောထဲဝင်ပြေးကြရသည်။ ကျန်တင့်ကားများကမူ ချောင်းခြောက်ကိုကူးပြီး ကမ်းပါးစောက်ကို ဖြတ်တက်ပြီး ဆုတ်သွားကြသည်။ ကျွန်တော်တို့အတွက် တန်ဖိုးရှိလှသော လော်ရီကားများကို ဆယ်တင်ဖို့ကြိုးစားကြသော်လည်း ကားပေါ်ရှိ အလောင်းများကို ရှင်းထုတ်ကြစဉ် ပြည်ဘက်မှ ရန်သူအမြောက်များက ရွာနှင့်ယာဉ်များကို မီးကျည်နှင့်ပစ်သဖြင့် ကားများမီးလောင်ကုန်ကာ အချည်းနှီး ဖြစ်သွားသည်။ နေစုံးစုံးမြုပ်မှ တစ်နေကုန်နှင့် တစ်ည ကြာ ညောင်းခဲ့သော တိုက်ပွဲစဲသွားသည်။ ကျွန်တော်တို့လည်း ပင်ပန်းလွန်း၍ ကတိုက်ကရိုက် ညစာစားပြီး အိပ်လိုက်ကြတော့သည်။





## ၁၈။ သတိုးထန်းပင်အဖြင်းအထန်တိုက်ပွဲ

ဒုတပ်ကြပ် အူမိယို တိုကိတာ၊ တပ်ခွဲ(၇)၊ ရင်း(၂)၊
အမှတ် (၂၁၅) ခြေလျင်တပ်ရင်းကြီး
စစ်တောင်း၊ ရွှေတောင်

"ကျည်ရှင်း"ဟု တပ်စိတ်မှူး၏ ခပ်ကျယ်ကျယ် အမိန့် ...သည် ၁၉၄၂ ခုနှစ် ဧပြီလ ၁၁ ရက်နေ့ ညနေစောင်း ...ချိန်တွင် ပေါ်ထွက်လာသည်။ ကျွန်တော်တို့က ဤအမိန့် ...ကို တရုတ်ပြည်နှင့်မြန်မာပြည်စစ်ဆင်ရေးတို့တွင် ညတိုက်ပွဲ ...ောင်းပမီ ကြားနေကြ။ လှံစွပ်ထိုး လေ့ကျင့်ခန်းများကို ...ိမ်န်များစွာ လေ့ကျင့်ရာမှလည်းကောင်း၊ ကိုယ်တွေ့စစ် ...ပြင် အတွေ့အကြုံများအရ လည်းကောင်း ညတိုက်ပွဲတွင် ...ကိုယ်ကို ကာကွယ်ကာ ရန်သူကို ချေမှုန်းရာ၌ တစ်ခုတည်း ... အကောင်းဆုံးသော လက်နက်မှာ လှံစွပ်ပင်ဖြစ်ကြောင်း ...ာကြသည်။

မိုးကုပ်စက်ဝန်းအောက်သို့ နေလုံးကြီးငုံ့လျှိုးသွားသည် ... မကြာမီ ကျွန်တော်တို့ စထွက်ကြပါသည်။ မထွက်မီ ...စိတ်မှူးက ကျွန်တော်တို့ကို ပေးခဲ့သော အမိန့်တွင် ပါရှိ ...ည်မှာ ယခင်ဆယ်ရက်ခန့်က ရွှေတောင်၌ ပြင်းပြင်းထန်ထန် ...ခဲ့ကြသော တိုက်ပွဲနှင့်စာလျှင် ယခုတိုက်ရမည်မှာ နာမည် ... သံချပ်ကာ တပ်ဖွဲ့တစ်ခုပင်ဖြစ်သည် ဟုဆိုလိုက်သည်ကို ...ွားနေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညက ကျွန်တော်တို့မှာ ရှေ့ပြေးတပ်စိတ် မဟုတ်သဖြင့် အေးအေးဆေးဆေးပင် ချီတက်လျက်ရှိကြသည်။ ထိုစဉ် "၁၅မိနစ်နား"ဟုရှေ့က လက်ဆင့်ကမ်းပေးလိုက်သော အမိန့်ကိုရသည်နှင့် မြေကြီးပေါ်ထိုင်ကာ သေနတ်ကိုပိုက်ရင်း အိပ်လိုက်ပါသည်။ ခဏကြာနိုးလာပြီး ကောင်းကင်ကြီးကို လှမ်းကြည့်လိုက်သောအခါ တံငါကွန်တိုင် ကြယ်စုကို ကြည်လင်ဝင်းပစွာ တွေ့ရပါသည်။ ထို ကြယ်ရှိရာ ကောင်းကင်အစွန်းအောက်ရှိနေမည့် ကျွန်တော်၏ဇာတိရပ်မြေသို့ ကျွန်တော့်အတွေးများသည်လည်း ထိုအခိုက်၌ လွင့်ပါသွားတော့သည်။ သန်းခေါင်ကျော်တွင် ကျွန်တော်တို့ဘယ်ဘက်မှ သေနတ်သံများကြားရသည်။ လင်းကျည်များဖြင့် ထိန်ထိန်လင်းလာကာ နောက်ထပ်သေနတ်သံများလည်း ပေါ်လာသည်။ တစ်နာရီခန့်ကြာသွားသောအခါတွင်မူ တိတ်ဆိတ်သွားပြီး ညအမှောင်က ပြန်လည် မင်းမူလာပြန်သည်။ ကျွန်တော့် မိတ်ဆွေကြီးပါမည့် ရင်း(၁)က ကုက္ကိုခွကို ဝင်တိုက်နေခြင်းပင် ဖြစ်ပေမည်။

ကျွန်တော်တို့တပ်ခွဲသည် ကျွန်တော်တို့အတွက် ရည်မှန်းချက် ပထမအဆင့် ဖြစ်သည့် လမ်းမကြီးသို့ ချောချောမောမော ရောက်လာကြကာ လမ်းပခုံးတစ်ဖက်အတိုင်း ဆက်လက်ချီတက်ကြသည်။ လမ်း၏အခြားဘက်တွင် လူသံများကြားရသည်။ ရဲဘော်တစ်ယောက်က လှစ်ခနဲလမ်းကိုကူး၍ သွားစုံစမ်းရာ သူပြန်လာပြီးသတင်းမပို့မီ ကျွန်တော်တို့ အပ်ကျသံကြား... လောက်အောင် ငြိမ်နေလိုက်ကြသည်။ လမ်းမနှင့် မီတာ ၁၀၀ ခန့်အကွာတွင် ရန်သူတပ်စွဲထားကြောင်းသိရသည်။ သူတို့က ကျွန်တော်တို့ဝင်လာသည်ကို သိဟန်မတူသော်လည်း ကျွန်တော်...



...ကြီးက သူရှိရာ နယ်မြေထဲသို့ ကျူးဝင်နေမိပြီဖြစ်သည်။ မိနစ်ပိုင်းအတွင်းမှာပင် တိုက်ပွဲစဖြစ်တော့မည်ဟူသော အသိသည် ခေါင်းထဲဝင်လာကာ ကျွန်တော်တို့ထဲမှ အချို့လည်း ကျကြလိမ့်မည် ထိုအထဲတွင် ကျွန်တော်ကိုယ်တိုင်လည်း ပါနိုင်သည်ဟု ဆက်တွေးလိုက်ကာ အားငယ်နေမိပြန်သည်။ ညအမှောင်ကလည်း ပြယ်လာကာ မှုန်ပြေပြေ ဖြစ်လာသည်။ ကျွန်တော်တို့အတွက်အခြေအနေ မကောင်းတော့။ ရန်သူသည် လူအင်အားပိုများပြီး လက်နက်လည်းသာသဖြင့် ကျွန်တော်တို့က ညတိုက်ပွဲကို ပိုလိုလားသည်။ သို့သော် အချိန်တဖြည်းဖြည်းနှောင်းကာ နေလည်းပြူထွက်လာသည်။ အဇ္ဈာနန်းမှ နတ်ဒေဝါတို့ကလည်း ကျွန်တော်တို့ကို မ,မ။ ရန်သူကင်းက ကျွန်တော်တို့ကိုမြင်သွားဟန် တူသည်။ ချက်ချင်းပင် စပစ်ကြတော့သည်။ ဤအခြေအနေဆိုက်ပြီ ဖြစ်၍ "သေမြေကြီး၊ ရှင်ရွှေထီး" စိတ်ဓာတ်ဖြင့်တိုက်ရန်သာရှိတော့သည်။

ရန်သူသည် ကျွန်တော်တို့၏ရှေ့တွင် တစ်ဝန်းတစ်လျားဖြန့်ထားကာ ကျွန်တော်တို့ကျောဘက်တွင်တော့ ထန်းပင်အုပ်ဟိုတစ်စု သည်တစ်စု ပြန့်ကျဲပေါက်နေသည့် ကွင်းပြင်ကျယ်ကြီးဖြစ်သည်။ ကျွန်တော်သည် လမ်းဘေးမြောင်းထဲတွင်နေရာယူ၍ သေနတ်ကို လမ်းမျက်နှာပြင်ပေါ် တင်ထားလိုက်သည်။ ရှေ့တည့်တည့်တွင် ရွာရှိပြီး ရွာအဝင်ဝ၌ တင့်ကား တစ်စင်းက အမြောက်ကို ကျွန်တော်တို့ဘက် ထိုးချိန်ထားသည်။ တင့်ကားနောက်တွင် ရန်သူစစ်သားတို့ကို ရံဖန်ရံခါ မြင်ရသည်။ ထိုစစ်သားတို့ကို ကျွန်တော် ရိုင်ဖယ်နှင့် လိုက်ပစ်နေမိသည်။ မိမိပစ်ချက် ဘယ်လောက်ထိရောက်သည်ကို လိုက်မကြည့်...

www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ဘဲ တွင်တွင်သာပစ်နေသည်။ ကျွန်တော်တို့၏ တပ်စုမှူးမှာ ကျွန်တော့ညာဘက်တွင် အော်ဟစ်အမိန့်ပေးနေသည်။ တိုက်ပွဲသံကြောင့် သူဘာပြောနေသည်ကို မသဲကွဲ။ ရန်သူတို့က စိန်ပြောင်းများနှင့်ပစ်သည်။ သို့သော် ကျွန်တော်တို့က သူတို့နားကပ်နေသဖြင့် ကျွန်တော်တို့အပေါ်ကျော်၍ နောက်တွင် ကျနေသည်။ သို့သော် တစ်ခါတစ်ခါ ကွဲလိုက်သည့် ဗုံးသံများကြောင့် ကျွန်တော့နား အူနေသည်။ မြေအနေအထားအရလည်း ကျွန်တော်တို့က တစ်ပန်းရှုံးနေသည်။ ညာဘက် အစွန်၌ လက်ပစ်ဗုံးများနှင့်အပြန်အလှန်ထုနေကြသည့်အသံကို ကြားရသည်။ တပ်စုမှူးက "တစ်ဦးချင်း နောက်မှာ နေရာယူထားတဲ့ ဆီကို ဆုတ်၊ ဆုတ်" ဟု လှည့်အော်သံကို ယခုမှကြားသည်။ တပ်စုမှူးက တစ်ဦးချင်း နာမည်ခေါ်ကာ ဆုတ်စေသည်။ ကျွန်တော်တို့ ခြေလျင်တပ်ပိုင် အမြောက်ကလည်း ကျွန်တော်တို့ ဆုတ်နိုင်အောင် ကာပစ် ပစ်ပေးသည်။ ကျွန်တော်က စက်ကလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားကာ မြောင်းထဲမှ ခုန်ထွက်ဖို့ အခွင့်သာမည့်အချိန်ကိုငုံ့လင့်ကာ စွန့်၍ ဖနောင့်နှင့် တင်ပါးတစ်သားတည်းကျအောင် စွတ်ပြေးလိုက်သည်မှာ ထန်းပင်မြစ်နှင့်တိုက်မိပြီး ဟပ်ထိုးလဲသွားသည်အထိပင်ဖြစ်သည်။ ကဗျာကယာ စမ်းကြည့်ရာ ဒဏ်ရာမတွေ့ရမှ ဟင်းချနိုင်တော့သည်။ ကျွန်တော်တို့ တပ်ခွဲတစ်ခွဲလုံးလည်း စုစုစည်းစည်းပြန်စုမိပုံရပါသည်။ ရဲဘော်အချို့မှာမူ ဒဏ်ရာ ရထားကြသည်။ ကျွန်တော်တို့မှာ မတတ်သာ၍သာ မဆုတ်ချင်ဘဲ ဆုတ်လိုက်ကြရသည်။ နောက်သို့တစ်ဆင့်ဆက်၍ ချောင်းခြောက်တစ်ခုထဲ ရောက်သည်အထိ ဆုတ်ကြရသည်။ ချောင်းခြောက်မှာ အစောက်နှင့်ဖြက် နှစ်မီတာမှ သုံးမီတာခန့်ရှိပြီး ကြမ်းပြင်မှာ ကျောက်



ခဲင် ဖုံးနေသဖြင့် သဘာဝ တင့်ကား အတားအဆီးဖြစ်နေသည်။ ကျွန်တော်တို့အများစုမှာ ထိုချောင်းခြောက်ထဲတွင် နေရာယူလိုက်ကြသည်။ ထိုစဉ် တစ်ယောက်ယောက်က "တင့်ကားလာနေပြီ" ဟု အော် သတိပေးလိုက်သည်။ ကျွန်တော်တို့များထောက်ကြည့်ရာ ရှေ့တည့်တည့်တွင် တင့်ကားတစ်စီး ကွေ့ဝင်လာသည်ကို တွေ့ရပြီး မီတာ ၃၀၀ ခန့်အကွာ၌ ရပ်သွားသည်။ ထိုနောက်တွင် တင့်ကားများ တစ်စင်းပြီးတစ်စင်း ထွက်လာကာ မိမိတို့ရှေ့တွင် လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာနေသည်ကို မြင်နေရသည်။ ကျွန်တော်တို့မှာ ရိုင်ဖယ်၊ စက်သေနတ်နှင့် လက်ပစ်ဗုံးလောက်သာရှိသဖြင့် ထောင်ချောက်ထဲက ကြွက်ပမာပင်။

တစ်ခဏကြာလျှင် တင့်ကားများက စက်သေနတ်များနှင့်ကာ ကျွန်တော်တို့ဆီသို့ တန်းတန်းမတ်မတ် တက်လာကြသည်။ မိမိတို့၏နောက်ကျောဘက်ရှိ တောင်ကုန်းပေါ် တက်ဆိုင်လျက်ရှိသော ရန်သူလှုပ်ရှားတပ်ဖွဲ့ကလည်း တစ်ချိန်တည်းမှာပင် လက်နက်ငယ်တို့ဖြင့် လှမ်းပစ်ကြသည်။ ခေါင်းပေါ်၌ ကျည်ဆန်တဝီဝီဖြတ်နေသည့်အတွက် ကျွန်တော်တို့ကိုယ်ကို ကျွန်တော်တို့ ပစ်မှတ် တတ်နိုင်သမျှ ကျုံ့အောင် ပုန်းကွယ်နေကြရသည်။ တင့်ကားများက ကျွန်တော်တို့အနီးအထိ ကပ်လာသော်လည်း သူတို့၏အမြောက်များကို ထိရောက်စွာ ပစ်နိုင်လောက်အောင် မနှိမ့်စွမ်းကြပါ။ ကျွန်တော်တို့က သင်းတို့ကို ကြောက်သော်လည်း နောက်ကျောဘက်မှ ပစ်ခတ်မှုကြောင့် ခေါင်းမဖော်နိုင်ကြပါ။ တင့်ကားများသည် ကျွန်တော်တို့နှင့် ကပ်လွန်းလျှင် ကျွန်တော်တို့ အနီးကပ် ဝင်တိုက်မည်ကို စိုးရိမ်၍ ပြန်လှည့်ထွက်ကြသည်။ နောက်ထပ် တင့်ကားများ

www.burmeseclassic.com

www.burmeseclassic.com



ထပ်လာသော်လည်း နီးလျှင် လှည့်ပြန်ကြသည်။ တစ်စီးကမူ ချောင်းနှုတ်ခမ်း အနည်းငယ်လွန်အောင်အထိ မောင်းလာကာ ကျွန်တော်တို့ စိတ်မသက်သာအောင် ခေါင်းပေါ်၌ ၎င်း၏ချိန်းကြိုးပြားနှင့် ဖိတော့မည့်ဟန် လုပ်ပြသည်။ ချောင်းခြောက်အနေအထားမှာ တင့်ကားဖြတ်၍လည်း မကူးနိုင်၊ ချောင်းရိုးအတိုင်းလည်း ဆင်းမမောင်းနိုင်သည့် ပမာဏရှိသည့်အတွက် ကျွန်တော်တို့ ကံကောင်းသည်ဆိုရပေမည်။

ကျွန်တော့်ကိုယ်ကို တတ်နိုင်သမျှ အကာအကွယ်ရနိုင်ရန် ချောင်းကမ်းပါးတွင် ကျင်းတူး၍ ဝင်အောင်းနေရန် ကြိုးစားသေးသည်။ ကျွန်တော့် စစ်ဝတ်စုံနှင့်မျက်နှာတို့တွင် ရွှံ့အလူးလူး ဖြစ်သွားသည်။ ဧပြီလလယ် ကာလမှာ မြန်မာပြည်တွင် အလွန်ပူပြင်းသည့်အထဲ ချောင်းကြမ်းပြင်ရှိ ကျောက်စရစ်ခဲတို့ကို နေပူရှိန်တွင် ပူချစ်နေအောင် လှန်းထားသည့်အလားရှိသည်။ ချောင်းကြမ်းပြင်ရှိ ထမ်းစင်များပေါ်မှ လူနာများအထက်မီး အောက်မီးပေးထားသည်ကို သေချင်စော်နံလောက်အောင်အခံရခက်နေကြမည်ကို ကိုယ်ချင်းစာမိပါသည်။ သို့သော်မည်သို့မျှ လုပ်မပေးနိုင်ပေ။ ချဉ်းကပ်လာသည့် ရန်သူခြေလျင်ကိုပင် မိမိတို့ ပစ်အားဖြင့် အနိုင်နိုင်တွန်းလှန်နေရပြီး ဒဏ်ရာရသူများလည်း ရှိနေသည်။

ထိုအခိုက်တွင် သောက်စရာ ရေလည်း ပြတ်သည်။ အချို့က ချောင်းခြောက်ထဲမှ ထွက်၍ရေရှာရာတွင် အပစ်ခံရ၍ ဒဏ်ရာရကုန်သည်။ ကျွန်တော်ကတော့ ချောင်းကြမ်းပြင်တွင် တွင်းနက်နက်တူးကာ ထွက်လာသည့်ရွှံ့ရေကို ရေဘူးထဲ၌ အနည်ကျသည်အထိ ထားပြီးမှ သောက်သည်။ ၃၇ မမ တင့်ဖျက်အမြောက်ကလေးကို ချောင်းကမ်းပါးပေါ်တွန်းတင်၍



ရန်သူတင့်ကားကိုပစ်ရာတွင် ချိန်းကြိုးပြားကိုသာ ဖောက်နိုင်သည်။ ကိုယ်ထည် သံချပ်ကို မဖောက်နိုင်။ အမြောက်ကိုင်စေသည် အများစုမှာ ရန်သူတင့်ကားများ စုပြုံပစ်ခတ်မှုကြောင့် ကျဆုံးကုန်ကာ အမြောက်မှာလည်း တင့်ကားတက်ကြိတ်လိုက်၍ ပျက်စီးသွားသည်။ ဓာတ်ဆီဗုံးဖြင့်ဖြစ်စေ၊ "ချိဘိဖုံး"[၁] ခေါ် အက်စစ် အရည်ပါသည့်ဖန်လုံးဖြင့် ဖြစ်စေ အနီးကပ်တိုက်မည်ဆိုပါက ချောင်းခြောက်ထဲမှ ထွက်တိုက်ရမည်ဖြစ်ရာ "မသာဘယ်ဈေးလဲ"အဖြစ်မျိုးကြုံရန်သာရှိပေသည်။ ရဲဘော်တစ်ဦးက တင့်ကားကို ထွက်တိုက်ရာ သူ မပြန်လမ်းသို့ ရောက်သွားသည်။ သို့သော် ဤသို့ သဗ္ဗိရှိရှိ စွန့်စားမှုက အလဟဿဖြစ်ဟန်မတူ။ အဘယ်နည်းဟူမူ တင့်ကားများ နောက်ထပ် ချဉ်းကပ်၍ မလာတော့၍ပင် ဖြစ်သည်။

ထိုနောက်ပိုင်းတွင်မူ တင့်ကားများ မိမိတို့ရှေ့မှသာ တော နောက်ပိုင်းကပါ တိုက်ခိုက်လာပြန်ရာ ချောင်းခြောက်ထဲတွင် တရုံးရုံးတရှုရှုနှင့် အလုပ်ရှုပ်ကုန်သည်။ တင့်ကားတစ်စီးလာသည့်အခါတိုင်းတွင် တင့်ကား၏ကျည်လွတ်မြေတွင် နေနိုင်ရန် ကျွန်တော်တို့က တင့်ကားလာရာကမ်းဘက်ကို ကပ်နေကြရသည်။ နောက်တစ်စီးက အခြား ထောင့်တစ်ထောင့်မှ ထပ်ဝင်လာသောအခါ ထိုဘက်သို့ပြောင်းပြီး ခိုကပ်နေကြရပြန်ပါသည်။ ဒဏ်ရာရသူများလာသော်လည်း သူတို့ကို မပြုစုအားပါ။ ဒဏ်ရာဖြင့် မလှုပ်နိုင်သူတို့မှာ နာကျင်မှုတွင်

---

၁။ Prussic acid ကိုဖန်ဘူးထဲတွင် ထည့်ထားခြင်းဖြစ်၍ တင့်ကားတွင် ပစ်ခွဲလိုက်သောအခါ အလွန်ပြင်းသော အဖြူရောင် အခိုးငွေ့ ဖြစ်ကာ ယာဉ်သားတို့ အနည်းငယ်ရှူရုံမျှဖြင့် သေစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်ရမှုပါကဲ၍ မိမိတို့အသက်ကို နုတ်သိကြားတို့ လက်ဝယ်သာ အပ်ကာထားရတော့သည်။

ဤသို့နှင့် မွန်းလွဲခဲ့သည်။ နေမြန်မြန်ဝင်ဖို့သာ ဆုတောင်းနေရတော့သည်။ ထိုနေ့သည် ကျွန်တော့်တစ်သက်တာတွင် ကုန်လွန်ခဲ့ဆုံးနေ့ပင်ဖြစ်သည်။ ထိုနောက်တွင် ဂျပန်တင့်ကားတပ်က ကျွန်တော်တို့ကိုကယ်ဖို့လာနေပြီဟူသော ဘယ်ကထွက်လာမှန်းမသိရသော သတင်းတစ်ရပ်ပြန့်ပြန့်သည်။ ထိုစဉ် ခပ်ဝေးဝေးမှ တင့်ကားများ၊ လှုပ်ရှားမှုကိုတွေ့ရ၍ အားလုံးစိတ်ဓာတ်တက်ကာ"ဘန်ဇိုင်း"ဟု ထအော်ကြသည်။ အော်သံကို တင့်ကားရှိ ရန်သူတို့က ဂျပန်တပ် တစ်တပ်လုံး အနီးကပ်ဝင်လုံးတော့မည့်ဟန်ဖြစ်သည်ဟု ထင်မှတ်သွားလေသလား မသိ၊ တစ်စင်းချင်း နောက်လှည့်ပြန်တော့သည်။ ထိုဖြစ်ရပ်ကြောင့် ကျွန်တော်တို့ အားတက်သွားပြီး "ဘန်ဇိုင်း"ဟု ထပ်ကာတလဲလဲ အော်ကြသည်။ တကယ်တော့ ကျွန်တော်တို့၏ တင့်ကားများဝင်လာခြင်းမဟုတ်ဘဲ ဗြိတိသျှတင့်ကားများ ထပ်ရောက်လာခြင်းဖြစ်သည်။ သို့သော် ဤသို့သေရေးရှင်ရေး လုနေရမည့်အခြေအနေမှ ကယ်တင်ရှင်များသည် ဂျပန် ၁၅၀ မမ နှင့် ၁၀၅ မမ အမြောက်ကြီးများအသွင်ဖြင့် ပေါ်လာသည်။ ဤအမြောက်များမှအမြောက်ဆန်ကြီးများသည် တင့်ကားများတစ်ဝိုက်ကျရောက်လာရာ တင့်ကားများ ဆုတ်ခွာသွားပြီး နောက်တစ်ဖန် ပြန်မလာကြတော့ပေ။

နေဝင်သွားသောအခါ ရန်သူခြေလျင်ကလည်း ပြန်ခေါက်သွား၍ သေနတ်သံစဲသွားတော့သည်။ ကျွန်တော်တို့လည်း ဒဏ်ရာရသူများနှင့် ကျဆုံးသွားသူတို့ကို ထမ်းစင်ဖြင့်ထမ်း၍ ယခုအခါ မတီတ်စဖူး အထူးပင်ဆိတ်ငြိမ်လျက်ရှိသော မှောင်



သည်းနေသည့် ကွင်းပြင်ကြီးကိုဖြတ်ကာ ခွာလိုက်ကြသည်။ ရန်သူက နောက်ကလိုက်လာမည်လားဟူသော အတွေးဖြင့် သွက်သွက်လှမ်းကြသည်။ တိုက်ပွဲဖြစ်ရာနှင့် ကီလိုမီတာ ၂၀၀ ခန့်ကွာသောရွာတွင် ကျဆုံးသူတို့ကို မီးသင်္ဂြိုဟ်လိုက်ကြသည်။ ထို့နောက် အနောက်စူးစူး ဦးတည်၍ ဧရာဝတီမြစ်ဆီသို့ ချီတက်ကြလေတော့သည်။

၁

# ၁၉။ ကုက္ကိုခြံ တိုက်ပွဲ

တပ်ကြပ်ကြီး ယိုရှိရို ဆူကာ ဂိုးရှိ၊ ဆက်သွယ်ရေးတပ်ခွဲ၊
အမှတ်(၂၁၅) ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၃)

ကျွန်တော်တို့သည် အောင်လံမြို့မှ မေ ၉ ရက်နေ့တွင် ထွက်ခွာ၍ ညဇာရွာသို့ မေ ၁၁ ရက်နေ့ နေဝင်ဆည်းဆာ၌ ရောက်သည်။ ထိုအခါ ကျွန်တော်၏ ရေဒီယိုဆက်သွယ်ရေးတပ်စိတ်သည် ကုက္ကိုခြံကို တိုက်မည့် ရင်း(၁) နှင့်လိုက်ပါရန် တာဝန်ပေးလိုက်သည်။ ကျွန်တော်တို့သည် ယင်းရွာမှ နေဝင်မိုးချုပ်စတွင် ထွက်ခွာကြသည်။ ထိုညက လမသာသော်လည်း ကောင်းကင်ပြင်ကို ကြယ်များက လှပစွာတန်ဆာဆင်ထားသည်။ ကျွန်တော်တို့သည် ကြယ်ရောင်မှုန်ဝါးဝါးဖြင့် တိတ်ဆိတ်စွာ ချီတက်ကြသည်။ ရည်မှန်းချက်ဖြစ်သည့် ကုက္ကိုခြံရွာကား ဘယ်ဆီတွင်ရှိမည်ကို ကျွန်တော် မမှန်းနိုင်ပေ။

ငါးနာရီခန့် လျှောက်မိသောအခါ သဲဆန်ဆန်လွင်ပြင် တစ်ခုသို့ရောက်၍ မိုးကုပ်စက်ဝန်း၌ ထန်းတောတစ်တော၏

www.burmeseclassic.com

www.burmeseclassic.com



ပုံရိပ်မည်း ထိုးနေသည်ကို တွေ့ရသည်။ ရွာကလေးတစ်ရွာတွင် ရေဒီယိုစက်ပစ္စည်းများတင်သည့် မြင်းများကိုထားခဲ့ပြီး စက်ကို ထမ်းယူကြရန်ပြင်သည်။ ခဏကြာနားပြီးနောက် တော်တော် ကျယ်သည့် သဲချောင်းတစ်ခုသို့ရောက်သည်။ သဲက ခပ်မွမွနှင့် မညီမညာပုံလျက် ရှိနေသည်။ ပိုးစုန်းကြူးမီးခွက်ဖြင့် နာရီကို ကြည့်လိုက်သောအခါ နာရီပြန်တစ်ချက် ထိုးနေပေသည်။ ရှေ့ဆက်တက်စဉ် မမျှော်လင့်ဘဲ ခရာမှုတ်သံတစ်ချက် ကြားရသည်။ သို့သော် ပြန်၍ ဆိတ်ငြိမ်နေပြန်သည်။ အမှုထမ်းစု တပ်ကြပ်ကြီး ဖူကူဟာရာက "ဒီမှာ ခဏနား" ဟု လေသံ တိုးတိုးဖြင့်အမိန့်ပေးသည်။ အားလုံးက ပင်ပင်ပန်းပန်းချီတက် လာပြီးနောက် နားလိုက်သည်တွင် အသံဗလံ နည်းနည်းထွက် လာသည်မှာ သဘာဝဖြစ်သည်။ တစ်ယောက်ယောက်က "တိတ်စမ်း"ဟု သတိပေးလိုက်သည်။ သို့ရာတွင် အနီးအနား မှပင် စက်သေနတ်သံများပေါ်လာကာ ခေါင်းပေါ်၌ မီးကျည် တန်းများက ယှက်သန်းလျက်ရှိတော့သည်။ ကျွန်တော်တို့ ချက်ချင်းမှောက်ချလိုက်နိုင်သော်လည်း အငိုက်မိ၍ ပြန်မပစ် နိုင်ဘဲရှိသည်။ ကျွန်တော် မလှုပ်နိုင်ပါ၊ သို့သော် ခေါင်းမှန်လျှင် သေမည်မုချဖြစ်၍ ကျင်းယက်ပြီး ခေါင်းကို ငုံ့ထားဖို့ ကြိုးစား ရသည်။ အသာလှည့်ပြီးကြည့်လိုက်သောအခါ မိမိကိုယ်အထက် စင်တီမီတာ ၂၀ ခန့်[၁]၌ မီးကျည်များ ဖြတ်သွားနေသည်ကို မြင်ရသည်။ သေနတ်ကိုင် တပ်ခွဲများက ပြန်လည်ပစ်ခတ် တိုက်ခိုက်စပြုသည်။ သို့သော် ကျွန်တော်တို့ ခြေကို ရန်သူက သိသွားပြီဖြစ်၍ ညတိုက်ပွဲကို ပိုင်ပိုင်နိုင်နိုင်ဆင်နွှဲနိုင်မည့် အခြေမရှိတော့ပေ။

၁။ ၈ လက်မခန့်



သေနတ်ကိုင်တပ်ခွဲများက တက်တိုက်ရာတွင် အခြေ ...နေမှာ မကောင်း။ တပ်ခွဲ(၁)တပ်ခွဲမှူးကျ၍ ထိခိုက်ရှနမှု ...ပြီး အောင်မြင်မှုမရ။ တိုက်ပွဲက စိတ်ပျက်ဖွယ်လိလိဖြစ်သည်။ ...ဆိုးဆုံးအခြေဆိုက်လာလျှင် ရေဒီယိုစက်များကို ဖျက်ဆီးရန် ...င် ကျွန်တော့်မှာအဆင်သင့်ပြင်နေရသည်။ အမြောက်ကျည်စ ...၍ ညည်းတွားနေသံများကြားရ၍ မိမိတပ်စိတ်မှ ရဲဘော် ...ငါးယောက်တို့၏ အမည်များကို တစ်ဦးချင်းခေါ်မေးရသည်။ "...ဇင်နျူမာ၊ ဘယ်လိုနေလဲ" "ကောင်းပါတယ်" စသဖြင့် ...မေးအဖြေလုပ်လိုက်ရာ ငါးယောက်စလုံး မထိမခိုက်ကြောင်း သိရသည်။ သို့သော်မည်သည့်အချိန်တွင် ကျွန်တော့်ကို ကျည် ...လာမှန်မည်ကို အတတ်မပြောနိုင်။ နောက် တစ်တောင့် ...လျှင်လည်း ဖြစ်ပေမည်။ မှန်၍သေလျှင်လည်း ဘာများ ...မည်နည်းဟုသေမည့်အရေးကို သိပ်မမှုတော့သည့်အတွေး ...လာစဉ် ထူးထူးခြားခြားပင် အိပ်ချင်လာသည်။ ပစ်ခတ်သံ ...ကို နားက မကြားမိတော့သလို မီးကျည်များကိုလည်း ...က်လုံးက မမြင်တော့ဘဲ ငိုက်မျဉ်းရင်း သတိလစ်သလိုဖြစ် ...သွားသည်မှာ ဘယ်မျှကြာသည် မသိ၊ သတိပြန်ဝင်လာသည့် ...ါ တပ်ရေးဗိုလ်ကြီးက "ဆုတ်၊ ဆုတ်" ဟု အမိန့်ပေးနေ ...သည်ကို ကြားရသည်။ မပြောပြနိုင်လောက်အောင်ပင် ကြောက် ...တော်တဖွားဖွားပေါ်လာသည်။

ဤသို့သေမင်းနှင့် လက်တစ်ကမ်း မျှသာရှိသော အခြေ ...နေမှ မည်သို့ရုန်းထွက်ရနိုင်မည်နည်း။ ကျွန်တော့်ရဲဘော်များကို "...ားထောင်ကြ၊ တို့ အခု ဆုတ်ကြမယ်။ ငါ့နောက်လိုက်" ... ဆိုကာ ဖမ်းစက်၊ လွှင့်စက်နှင့် ဓာတ်အားသွင်းစက်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ကျောပေါ်တင်စေ၍ တွားထွက်ကြ သည်။ စိတ်ကလောဆော်နေ သော်လည်း ဖြည်းဖြည်းပင် ဤ နည်းဖြင့် ဆုတ်လာကြသည်။ မီတာ ၃၀၀ခန့်သွားပြီးသောအခါ ရန်သူ့စက်ကွင်းမှလွတ်ပြီ။ ချိုင့်တစ်ခုတွင်နားကာ လူစစ်သည်။ တပ်စိတ်မှ ရဲဘော်အားလုံး ထိခိုက်ရှနမှု မရှိသဖြင့် ကျွန်တော်တို့ ဝမ်းမြောက်နေကြသည်။

မိနစ်အနည်းငယ်ကြာသောအခါ ဘေးမှ စကားပြောသံ ကြားရ၍ စုံစမ်းရာ တပ်ရင်းဌာနချုပ်ဖြစ်ကြောင်း သိရသည်။ ပို့ရန်ကြေးနန်းရှိမည်လားဟု တပ်ရေးဗိုလ်ကြီးကိုမေးရာ ၎င်းက "ရေဒီယိုအဆက်အသွယ် အခုလုပ်လို့ရမလား"ဟု မေးသည်။ ကျွန်တော်က "တပ်ရင်းကြီးဌာနချုပ်ကို ဆက်ပါမယ်" ဟု ပြောပြီး အားသွင်းစက်အသံကို ရန်သူ မကြားမိပါစေနှင့် ဟု ဆုတောင်းရင်း စခေါ်ရာချက်ချင်းပင် တပ်ရင်းကြီးဌာနချုပ်က ပြန်ဖြေသည်။ ကျွန်တော်တို့ကို ယခုလိုအရေးတယူစောင့်ပေး သည်ကို ကျွန်တော်ဘဝင်ခိုက်သွားသည်။ သို့သော် ၇က်/ဖော် အဖွဲ့ ကျွန်တော်တို့နှင့်အတူမရှိဘဲ သူတို့ကို လိုက်ရှာနေလျှင် လည်း ကြာနေဦးမည်ဖြစ်၍ စကားပြေရိုးရိုးဖြင့် ပို့ခွင့်တောင်း လိုက်သည်။ တပ်ရင်းမှူးက ခဏ စဉ်းစားလိုက်ပြီးနောက် "ဒါတော့ မတတ်နိုင်ဘူးပေါ့ကွာ၊ ဒီလိုပို့– ကုဏ္ဍိုခွကို မသိမ်း ရသေး။ ကုဏ္ဍိုခွကို အမြောက်ဖြင့် ပစ်ခွင်းပေးပါရန်" ဟု ချ ပေးသည်။ ဤကြေးနန်းကို ရှေ့နောက် ပြောင်းပြန် လှည့်၍ ကျွန်တော်က မော့စ် ဖြင့်ရိုက်ပို့လိုက်သည်။ နားလည်ကြောင်း ပြန်ကြားချက်ရသဖြင့်ကျွန်တော်လည်း စိတ်အေးသွားကာ ထိုအခါမှ ပင်ပန်းမှုဒဏ်က လွှမ်းမိုးလိုက်၍ နုံးခွေသွားတော့ သည်။



ထိုစဉ် ကျွန်တော့်ရှေ့၌ မီးမောင်း ပတ်ထိုးသွားသည်ကို မြင်ရပြီး ရန်သူ့တင့်ကားမှ ဖြစ်ကြောင်းတွေ့ရသည်။ ကျွန်တော် လှုပ်မယှက် ငြိမ်နေလိုက်ရာ တင့်ကားပြန်ထွက်သွားသည်။ ဤအတိုင်းဆက်နေက အန္တရာယ်ရှိမည်ဖြစ်၍ မြင်းများနှင့် အခြားပစ္စည်းများကို ထားခဲ့သည့်ရွာသို့သွားရာ နံနက် ၄ နာရီတွင်ရောက်သည်။ ကျွန်တော်တို့ကို နေရာချထားပေးသည့် တဲတွင် စက်ကိုဆင်ပြီး တပ်ရင်းကြီးဌာနချုပ်နှင့် အဆက် အသွယ်ယူလိုက်သည်။ အတန်ကြာ နေထွက်လာပြီး နံနက် ခင်း၏ လန်းဆန်းသော လေကိုအားပါးတရရှူလိုက်ကာ နံနက်စာ ခပ်သုတ်သုတ်စားလိုက်သည်။ ထိုနောက်တွင် အနီးအနားမှ တင့်ကားအမြောက်သံကြားရကာ ကျွန်တော်တို့ဆီ အမြောက် နှင့်ပစ်သွားသည်။ ဌာနချုပ်မှ ကြေးနန်းတစ်စောင် ဝင်လာပြီး ဝှက်စာဖော်လိုက်သောအခါ "ဟာရာဒါမှ မူဂီတာသို့။ နေ့ခင်း အန္တရာယ်များသည်။ ကိုယ့်ဘာသာကိုယ် အလွန်အကျွံ အပင်ပန်း ခံနှင့်" ဟူ၍ တပ်ရင်းကြီးတပ်မှူး ဗိုလ်မှူးကြီး ဟာရာဒါ ထံမှ တပ်ရင်း(၁) သို့ ပို့လိုက်သည့် တိုတိုနှင့် စာနာမှုအပြည့် ပါသော ကြေးနန်းဖြစ်သည်။ ဗိုလ်မှူးမူဂီတာသည် ကြေးနန်းကို သေသေချာချာ ဖတ်ပြီးနောက် တစ်သဘောတည်းရှိကြောင်းဖြင့် ပြန်လွှတ်လိုက်လေသည်။

○

www.burmeseclassic.com

www.burmeseclassic.com



## ၂၀။ ကုက္ကိုခွတွင် ရှုံးပွဲ

ဒုတပ်ကြပ် ရှီရို တိုကိတ၊ တပ်ခွဲ(၃)၊ ရင်း(၁)၊

အမှတ်(၂၁၅)ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၃)

စစ်တောင်း

ကျွန်တော်တို့သည် ကုက္ကိုခွရွာမှ ဆုတ်လာကြရာ ဆုံကုန်းရွာသို့ ဧပြီလ ၁၂ရက်နေ့နံနက်တွင်ရောက်ပါသည်။ တပ်ခွဲ(၃)မှ အင်အား ၆ ယောက်ကို ရှေ့ပြေးကင်းအဖြစ် စေလွှတ်ရာတွင် ကျွန်တော်သည် အသက်အငယ်ဆုံးသော ကင်းအဖွဲ့ဝင်တစ်ဦးအဖြစ်ပါပါသည်။ ကျွန်တော် ကင်းတာဝန်ကျနေစဉ် လေယာဉ်သံများကြားရ၍ ပတ်ကြည့်သော်လည်း လေယာဉ်များကို မတွေ့မိပါ။ ကျွန်တော် ဤသို့ကောင်းကင်ပြင်တွင် လိုက်ရှာနေစဉ် ကျွန်တော့် ရှေ့လမ်းမတွင် ရန်သူတင့်ကားသုံးစီးရောက်လာကြသည်။ လမ်းက ကျွန်တော်တို့ဆီသို့ နိမ့်ဆင်းလာသဖြင့် တင့်ကားများက စက်ပိတ်ပြီး အလွတ်လိမ့်ဆင်းလာကြကာ လေယာဉ်သံနှင့် ရောထွေး၍ ၎င်းတို့အသံကို မကြားမိခြင်းဖြစ်သည်။ တင့်ကားသည် ကျွန်တော်တို့ လုပ်ထားသည့် လမ်းဆို့ရောက်သည့်အခါရပ်၍ ကွယ်ရာမှ ကျွန်တော် ဆက်ကြည့်နေစဉ် အမြင့်ဆုံးတွင်ရှိနေသော တင့်ကား၏ဆုံလည်ပွင့်လာကာ အသက် ၅၀ ခန့်ရှိပြီး အရာရှိပုံပေါက်သူက စုံကြည့်မှန်ပြောင်းဖြင့် လိုက်ကြည့်သည်။ ခဏအကြာတွင် သူအမိန့်ပေးလိုက်သည်နှင့် ကျွန်တော်တို့ နောက်ကျော မီတာ ၃၀၀ခန့်တွင်ရှိသည့် တင့်ဖျက်အမြောက်ရှိရာသို့ တင့်ကားများမှ အမြောက်တို့ဖြင့် စတင်ပစ်တော့သည်။



ကျွန်တော်တို့နေရာတွင် ခတ်ဆိုးသော်လည်းကောင်း၊ သော်လည်းကောင်းဘာမျှမရှိသဖြင့် ကျွန်တော်က ရိုင်ဖယ် နတ်ဖြင့် သူ့ကိုပစ်ဖို့ကြိုးစာရာ၌ ပျာယာခတ်နေ၍ ပစ်ခွင့် လိုက်။ ထိုစဉ် ဒုတိယ တင့်ကားက ကျွန်တော့်ကို မြင် ပြီး စက်သေနတ်ဖြင့် ပစ်တော့သည်။ ကျွန်တော်က သင် သည့်အတိုင်း ရေစားထားသည့် မြောင်းရာတစ်လျှောက် တ်လာခဲ့သည်။ တင့်ကားများက ဘယ်ဘက်တောင်ကုန်းကို ာက်ရာ ကျွန်တော်တို့ အမြောက်များက ပစ်သည်တွင် ည့်ထွက်သွားတော့သည်။

ညနေ ၃နာရီခန့်တွင် တပ်ခွဲ(၃) က ဘုန်းကြီးကျောင်း စ်ကျောင်းအောက်၌နားနေစဉ် တင့်ကားနှစ်စင်း ရုတ်တရက် လာကာ မီတာ ၅၀ ခန့်အထိ ကပ်လာသည်။ ၎င်းတို့က န်းကြီးကျောင်းကို ၅မိနစ်ခန့်အမြောက်များဖြင့်ပစ်ပြီးနောက် န်ထွက်သွားကြသည်။ ကျွန်တော်တို့ငြိမ်နေကြသဖြင့် တင့်ကား က ဂျပန်တပ်များရှိမရှိ ပစ်ရှာကြည့်ပြီး ပြန်ကြဟန်တူသည်။ ကောင်း၍ မည်သူမျှ ထိခိုက်ရှနမှုမဖြစ်။ ကျည်တစ်တောင့်က င်လုံးတိုင်ကြီး တစ်လုံးကို ဖောက်သွားရာတွင် အပေါက် ာင်းလောင်း ထုတ်ချင်းပေါက်သွားသည်ကို တွေ့ကြရသည်။ နေပိုင်းရောက်သည့်အခါတွင် ရန်သူက တိုက်ပွဲခွင်ကို စွန့် ပြီဖြစ်၍ တိတ်ဆိတ်သွားသည်။ ဗိုလ်မှူးမူဂိတာက သူ့ ပ်ရင်းကို တန်းစီပြီး သတ္တိရှိရှိတိုက်ပွဲဝင်ခဲ့ကြသည့်အတွက် ျူးကြောင်းပြောသည်။ စစ်အင်ဂျင်နီယာတပ်သားတစ်ဦးက တ်ဆိုးနှင့် ပစ်ပေါက်ပြီး ထွက်လာသည့် တိုက်ယာဉ်သား ဦးကိုပစ်ချကာ သိမ်းဆည်းရမိသော တင့်ကားပေါ်တွင် ၍ သူက ဤသို့မိန့်ကြားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်ခန့်တွင် ဆုံကုန်းနှင့် ကီလိုမီတာ ၃၀ခန့် ဝေးသည့် ညံပင်ရွာသို့ ချီတက်ကြရာ နောက်တစ်နေ့နံနက် ရောက်သည်။ ထိုနေ့ညနေတွင် တပ်ရင်းက ကုက္ကိုခွသို့ ပြန်၍ အလောင်းကောက်သည်။ မိမိရဲဘော်တို့၏အလောင်းများကို ကောင်းစွာသင်္ဂြိုဟ်၍ သက်ဆိုင်ရာမိဘဆွေမျိုးများထံ ကျဆုံးသူတို့၏ ရုပ်ကြွင်းကို စတိမျှပြန်မပို့နိုင်က မိမိတို့တပ်သိက္ခာ ကျဖွယ်ရာရှိချေမည်။

ကျွန်တော်တို့သည် ကုက္ကိုခွသို့ နောက်တစ်နေ့နံနက် ရောက်၍ ကျဆုံးသွားသော ကျွန်တော်တို့ဘက်မှ တပ်ခွဲမှူးနှင့် ရဲဘော်များကို ရန်သူကမြှုပ်နှံထားကြောင်းတွေ့ရ၍ ရန်သူ၏ လူ့လူချင်းစာနာတတ်သော စိတ်ထားကို သဘောကျမိပေသည်။

၁

## ၂၁။ ရေနံချောင်းအဝင်

တပ်သား ယိုရှိနို အာဗေး၊ တပ်ခွဲ(၁)၊ အမှတ်(၃၃)

အင်ဂျင်နီယာ တပ်ရင်းကြီး၊ တပ်မ (၃၃)

စစ်တောင်း

ကျွန်တော်တို့အဖွဲ့သည် အောင်လံမြို့မှ ဧပြီလ ၉ ရက်နေ့တွင်ထွက်သည်။ လော်ရီကားကြီးများပေါ်တွင် ကီလိုမီတာ ၄၀ လိုက်ပါသွားကြသည်နောက်တွင်ဆင်း၍ ညအချိန်၌ပင်



...ချိန် ၃၀ စင်တီဂရိတ် ကျော်ကျော်ရှိသော သဲကန္တာရ ...ပြင်းသည့် အညာမြေ၌ ခြေလျင်ချီတက်ကြရသည်။ ...ဘော်ကိုအင်ဂျင်နီယာ တပ်စု (၂)အတွက် အမိန့်ပို့ပေး ...သာဆက်သားအဖြစ် အမှတ် (၂၁၄) ခြေလျင် တပ်ရင်း ...တွင် တွဲဖက်ထားလျက်ရှိသည်။

ဧပြီလ ၁၁ ရက်နေ့ မိုးချုပ်ချိန်၌ ကျွန်တော်တို့သည် ...င်းခြောက်အတိုင်း ရန်သူကင်းစောင့်ရှိသော တံတားကို ...၍ချီတက်ကြရမည်ဖြစ်သဖြင့် တတ်နိုင်သမျှ တိတ်ဆိတ် ...ထိန်းရန်မှာသည်။ ကျွန်တော်တို့အားလုံး၊ ဝန်တင်မြင်း ...ါမကျန် သစ်ခက်များနှင့်ပုံဖျက်ထားကြသည်။ မြင်းစီးလျှင် ...သိုးထောင်ထောင်နှင့် ည၏ကောင်းကင်နောက်ခံ၌ ထင်း ...သည်ဖြစ်၍ မြင်းစီးခွင့်မပြုပေ။

သန်းခေါင်ကျော်လောက်တွင် ချောင်းကွေ့ကြီးတစ်ခုကို ...ပြီးထွက်လာသောအခါ ၁၅မီတာ မျှရှည်သည့်တံတားကို ...ရသည်။ တံတားညာဘက်စွန်တွင် ကင်းစောင့်တစ်ဦးကို ...တော်မြင်ရသည်။ သဲချောင်းပြင်ကို နင်းလိုက်စဉ် ကျွန်တော့် ...များက တကျွိကျွိ အသံထွက်နေမည်လားဟု စိုးရိမ်စိတ် ...လာခဲ့သည်။ ထိုစဉ်ဗြိတိသျှ တင့်ကားတစ်စင်း ဘယ်ဘက်မှ ...ညံဖြင့်လာကာ တံတားအရောက်တွင် ရပ်သည်။ ကင်း ...င့်က တင့်ကားဆီသို့ပြေးသွားပြီး တစ်စုံတစ်ရာ ပြောသည်။ ...ောက်တွင် တင့်ကားသည်လည်း ဘယ်ဘက်သို့ "ဝမ်းရုတ် ...ဘဝ္ဝ္ဝိ မြည်လျက်ထွက်သွားသည်။ ကျွန်တော်သည် အိပ်မက် ...သည့်အလား ဆက်လက်ချီတက်နေသည်။ တစ်နာရီခန့် ...လျှင် "အားလုံးဖြတ်ပြီး။ နောက်မြီးပိုင်းလည်းအိုကေပဲ" ... လက်ဆင့်ကမ်းပို့လိုက်သော သတင်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



နေတက်လာသောအခါ တစ်ဦးကိုတစ်ဦး ကြည့်လိုက်လျှင် ရွှံ့ရုပ်များပမာ ညစ်ပေနေကြသဖြင့် ကြည့်ရင်းရယ်မိကြသည်။ သို့သော် အခရာဖြစ်သည့်နေရာကို ရန်သူမရိပ်မိဘဲ ဘေးမသီရန်မခ ကျော်ဖြတ်နိုင်ခဲ့ကြသည့်အတွက် အားလုံးရွှင်မြူးနေကြသည်။ ခြောက်သယောင်းနေသော လွင်ပြင်ကို ရှာကွင်း၍ ဖြတ်လျှောက်လာကာ မီးလျှံရဲရဲ တောက်ထိန်နေသော ကောင်းကင် ဘက်ဆီသို့ ခြေဦးလှည့်ကြသည်။ မခံမရပ်နိုင်လောက်အောင်ပင် ပူပြင်းကာ ရေတသွင်သွင်စီးသော မြစ်ချောင်းဟူ၍လည်းကောင်း၊ စမ်းရေတစိမ့်စိမ့်ထွက်ရာဟူ၍လည်းကောင်းကင်းမဲ့လျက်ရှိရာတွင် အပြင်းချီနေကြရခြင်း ဖြစ်ပေသည်။ သို့သော် ကံကောင်းထောက်မ၍ ရေကြောရှာကောင်းသော တပ်ကြပ်ကြီးတစ်ဦး ဌာနချုပ်တွင်ပါလာသဖြင့် သူညွှန်ရာ နေရာတို့တွင် တစ်မီတာမျှသာ တူးလိုက်ရုံဖြင့် ရေရသည်။ ကျွန်တော်လည်း လက်ယက်တွင်း တစ်တွင်းတူး၍ ပထ မြင်းကို ရေတိုက်ပြီးနောက်မှ ရေဘူးများကိုဖြည့်လိုက်ကြသည်။

နံနက် ၃နာရီတွင် ရေနံချောင်းမြို့၏ အနောက်မြောက်ဘက်ရှိ တောင်ကုန်းသို့ ရောက်နေကြလေပြီ။ ဗြိတိသျှတို့၏ လော်ရီကားကြီးများသည် ရှေ့မီးကြီးများဖြင့် လမ်းကိုထိုးကာ မြောက်ဘက်သို့ မောင်းထွက်လျက် ရှိကြသည်။ ရန်သူက ကျွန်တော်တို့ ရောက်နေသည်ကို သိဟန်မတူသဖြင့် အမိန့် စောင့်ရင်း အိပ်စက်လိုက်ကြသည်။ ဧပြီလ ၁၇ ရက်နေ့ နေထွက်တစ်ပြုတွင် ကျွန်တော်တို့သည် ရင်း(၃) နောက် ပင်းချောင်းအတိုင်းလိုက်ရင်း ရေနံချောင်းမြို့ထဲသို့ဝင်ကြသည်။

○



## ၂၂။ ရှုရှုရွှေရွှဲ နံနက်စာ

ဒုတပ်ကြပ် ကီအိချိ ယိုကိုရှီးမား၊ တပ်ခွဲ(၇)၊ ရင်း(၂)၊ အမှတ် (၂၁၄) ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၃)

ဘီးလင်း၊ စစ်တောင်း

ကျွန်တော်တို့သည် ရေနံချောင်းမြို့၏ အရှေ့မြောက်ဘက်သို့ ဧပြီ ၁၇ ရက် နံနက်အရုဏ်မကျင်းမီ ချီတက်ခဲ့ကြပါသည်။ ရှေ့နားတွင် ကျွန်တော်တို့တပ်မှစက်ကလေးပစ်သံများကြားရပါသည်။ ပြေးတက်သွားသည့်အခါတွင် ကတ္တရာလမ်းမကျယ်ကျယ်တစ်ခုကို တွေ့ရကာ လမ်းပေါ်၌ လော်ရီကားကြီး ၃ စီး မှာ သွေးများပေကျံလျက် အိန္ဒိယ စစ်သားအလောင်းများနှင့်အတူတွေ့ရသည်။ ဒဏ်ရာအနည်းငယ် ရထားသော စစ်သားနှစ်ယောက်ကို ကျွန်တော်တို့၏ဆေးမှူး ဆရာဝန် က လော်ရီကားပေါ်မှ ဆွဲချကာ ကုသပေးလျက်ရှိပါသည်။ ၎င်းတို့မှာ အသက်၂၀ခန့် လူငယ်ကလေးများဖြစ်၍ ဤသို့ကုသပေးနေစဉ် စိတ်အိုက်နေပုံရသည်။ နောက်ကလိုက်လာသည့်ရန်သူ လော်ရီကားကြီးများသည် ကျွီခနဲ ဗရိတ်အုပ်ကာ ရပ်လိုက်သည်နှင့် ယာဉ်ပေါ်ပါလာသည့်စစ်သားများခုန်ဆင်းပြေးကြသည်။

မိုးစင်စင်လင်းသည့်အခါတွင် စစ်သား ၅၀ခန့် ကျွန်တော်တို့ထံ လာလက်နက်ချကြသည်။ ၎င်းတို့မှာ ခြေလျင်တပ်မှ မဟုတ်ဘဲ ထောက်ပံ့ပို့ဆောင်ရေးတပ်များမှ ဖြစ်ကြသည်။ ကျွန်တော်တို့တပ်ခွဲသည် စေတီကုန်းကလေးတစ်ခု ပေါ်တက်လိုက်ကြသည်တွင် အငွေ့တထောင်းထောင်းနွားနို့၊ ကော်ဖီ

www.burmeseclassic.com

www.burmeseclassic.com



တို့နှင့်အတူ နံနက်စာကို အသင့်စားရန် ပြင်ထားသည်နှင့်တိုးရာ မစ္စတာ ချာချီ၏ လက်ဆောင်မွန်ကို ကျွန်တော်တို့ မြိန်ရှက်စွာ အားပေးလိုက်လေသည်။

○

## ၂၃။ ရုတ်ရုတ်ခတ်ခတ်တိုက်ပွဲတစ်ပွဲ

ဒုတပ်ကြပ် ကျင် အီချိ အာဗေး၊ တပ်ခွဲ(၁၂)၊
ရင်း(၃)၊ အမှတ်(၂၁၅) ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၃)

ဘီးလင်း၊ စစ်တောင်း၊ ရေနံချောင်း

ဧပြီလ ၁၇ ရက်နေ့ နံနက်စောစောတွင် ကျွန်တော်တို့ တပ်ရင်း(၃)သည် ပင်မတပ်မှ ခွဲထွက်၍ ရေနံချောင်းမြောက်ဘက်သို့ တက်သွားရသည်။ ကျယ်ပြန့်သောလမ်းမကြီးပေါ်တွင် မော်တော်ယာဉ်အများအပြားနှင့် တင့်ကားအချို့ အမြန်မောင်းနှင်သွားကြသည်ကို မြင်လိုက်ရပါသည်။ ကျွန်တော်တို့ လမ်းမကို ချဉ်းကပ်မိလျှင် တပ်စုမှူးက ကျွန်တော်နှင့်ရဲဘော် ၅ ယောက်ကို လမ်းမ၌ မိုင်းကပ်ရန် အမိန့်ပေးပါသည်။ ကျွန်တော်တို့က တင့်ဖျက်မိုင်း ၅ လုံးကို လမ်းပေါ်တွင် မြှုပ်ထောင်ထားကာ မီတာ၂၀ အကွာ၌ နေရာယူပြီး စောင့်ကြည့်နေကြပါသည်။ ယာဉ်တစ်စုတက်လာရာရှေ့ဆုံးမှ ဂျစ်ကားက မိုင်းကိုတက်နင်းမိသော်လည်း အလေးချိန် ပေါ့လွန်းသဖြင့် မိုင်းထမကွဲပေ။ သို့သော် နောက်ထက်ကပ်လိုက်လာသည့် လော်ရီကားကြီးကမူ



င်းမိလျှင် ကျယ်လောင်စွာထွက်ပေါ်လာသော ပေါက်ကွဲသံနှင့် တူ တဟုန်းဟုန်းတောက်လောင်လေတော့သည်။ လမ်းပိတ်သွားလေရာ နောက်မှ လိုက်လာသောတင့်ကားသည် မီးမောင်းထိုးလျက် သတိဖြင့် အသင့်ပြင်ကာနေပေတော့သည်။ ထိုအချိန်တွင်ပင် မိမိတို့ဘယ်ဘက်ရှိ တပ်စု (၂) က စက်ကလေးသုံးသေနတ်ဖြင့်စပစ်လေရာ ကျွန်တော်တို့က လမ်းဆို့ထားနိုင်လိုက်သည်။ သို့ရာတွင် တင့်ကားကိုတိုက်နိုင်မည့် လက်နက်ဘာမျှ မရှိသဖြင့် အကျပ်အတည်းနှင့်ကြုံရတော့သည်။ တပ်ရင်းမှူးက ခြေအနေ မျှော်လင့်စရာနတ္ထိဖြစ်နေသည်ကို တွက်ဆမိ၍ တပ်ခွဲ(၁၂) ကို ဆုတ်ခိုင်းသည်။ သို့သော် ကျွန်တော်တို့ တပ်ခွဲမှ တပ်စု(၃)မှာ လမ်းတစ်ဖက်တွင် တိုက်လက်စဖြစ်နေ၍ သည်အတိုင်းထားရစ်က ကျွန်တော်တို့မျက်စိအောက်တွင်ပင် အားလုံး တ်သွားနိုင်သဖြင့် သူတို့ပြန်ဆုတ်လာသည်အထိ ဆက်တိုက် ပေသည်။ ယင်းသို့တိုက်ရင်း တပ်ကြပ်ကြီး နာကာယာမ ဆုံးသွားသည်။

ကျွန်တော်တို့က ညမိုးချုပ်လျှင် သွားပြန်တိုက်မည် ဟု ထားကြသော်လည်း ကျွန်တော်တို့တပ်ရင်းကြီး တစ်ရင်းသည် ရန်သူ၏ ဆုတ်လမ်းကို ပိတ်ရန် ရေနံချောင်း င်းကုန်း)တွင် စုဖွဲ့ရမည်ဟု အမိန့်ရသည်။ နောက်တစ်နေ့ ပ်ဖြန့်လိုက်သောအခါ ကျွန်တော်တို့၏ တပ်ခွဲ(၁၂)က တပ်ရင်း ဌာနချုပ်၏ ဘယ်ဘက်တွင်ကျပြီး ကျွန်တော်ကမူ တပ်ခွဲ၏ နှာစာတွင်ဘယ်ဘက်ဆုံးဖြစ်နေသည်။ နေထွက်လာသည့် ရေလာခပ်သော ရန်သူတို့ကို ကျွန်တော်တို့ဘက်မှ လတ်များနှင့်ပစ်ရာမှ တိုက်ပွဲ ပြင်းပြင်းထန်ထန်စတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရန်သူအင်အားမှာ တိုးသည်ထက်တိုးလာပြီး ကျွန်တော်တို့၏ဘယ်ဘက်မှ တင့်ကားတစ်စင်းက မိမိတို့နှင့် ၁၀ မီတာအကွာအထိ ကပ်လာသောအခါ ကျွန်တော်က သံလိုက်မိုင်းတစ်လုံးကို အားရှိသမျှ ဖျစ်ညှစ်၍ ပစ်ထည့်လိုက်သည်။ တင့်ကားက ပြန်တက်မလာသော်လည်း ကျွန်တော်တို့နေရာများကို ရန်သူကသိသွားပြီဖြစ်၍ အမြောက်နှင့် သွန်ပစ်တော့သည်။ ကျွန်တော့်တစ်ကိုယ်စာ ပစ်ကျင်းကို သံမဏိပြားတစ်ချပ်ဖြင့်ဖုံး၍ အောင်းနေရသည်။ တစ်ခဏအကြာ ပြူကြည့်လိုက်သောအခါ ကျွန်တော်တို့၏ တောင်ပေါ်ပစ်အမြောက်များနှင့် တင့်ကားများအကြား တိုက်ပွဲကိုမြင်ရသည်။

မကြာမီ ကျွန်တော်တို့၏ တပ်ရင်းကြီးဌာနချုပ်သည်ပင် ရန်သူ့တပ် များနှင့်တင့်ကားများ၏တိုက်ခိုက်မှုကို တွန်းလှန်နေရသည်။ ကျွန်တော်တို့၏တပ်မှူးကြီးက ဆက်လက်ကြံ့ကြံ့ခံတိုက်ရန် အဆိုးဆုံးအခြေအနေ ဆိုက်လာလျှင် တပ်ရင်းကြီးအလံကို မီးရှို့ရန်အထိ ပြင်ဆင်ထားပြီးဖြစ်သည်။ ကျွန်တော်တို့တပ်စု ရှေ့တက်ပြီး ကာကွယ်ပေးကာတိုက်သည်။ ဆက်သွယ်ရေးတပ်ခွဲမှ စစ်သည်များကလည်း မာတ်ဆီဗုံးများဖြင့် တင့်ကားများကို တိုက်ကြရာ နှစ်စီးမှန်ပြီး မီးစွဲသွားသော်လည်း ၎င်းတို့ကနောက်ပြန်ဆုတ်၍ မီးသတ်ဘူးများဖြင့် မီးငြိမ်းနိုင် လိုက်ကြသည်။

○



## ၂၄။ ခစ်ဆိုင်းအလံ

တပ်ကြပ်ကြီး မိဆူရူ အိရှီးဒါး၊ တပ်ရင်းကြီးဌာနချုပ်၊
အမှတ်(၂၁၄)ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၃)

၁၉၄၂ ခုနှစ် ဧပြီလ ၁၈ ရက်နေ့ မွန်းယိမ်းချိန်၌ ကျွန်တော်တို့မှာ အမိန့်ထုတ်ပြန်ခြင်း၊ ပစ်ကျင်းတူးခြင်း၊ …ဘန်း တပ်များက ပို့လိုက်သော သံ့ပန်းများကို လက်ခံခြင်း …တို့ဖြင့် လက်မလည်နိုင်အောင်ရှိနေစဉ် ရန်သူအင်အား … ခန့်နှင့် တင့်ကား၃ စီးတို့ ဌာနချုပ် သို့ချဉ်းကပ်လာကြသည်။ ကျွန်တော်တို့ ချက်ချင်းပင်နေရာယူကြကာ တတ်နိုင်သမျှခုခံကြသည့်ကြားမှ သူတို့သည် ကုန်းခင်ရိုးကလေးကို ဖြတ်၍ ကျွန်တော်တို့ဆီသို့ တန်းတန်းမတ်မတ်လာလျက်ရှိသည်။ မီတာ …၀ အကွာတွင် တင့်ကားများရပ်ကာ ဆံ့လည်အဖုံးတို့ကိုဖွင့်၍ အလံဖြူထောင်လိုက်ကာ ဓာ့ယမ်းပြတော့သည်။ ကျွန်တော်တို့လည်း အပစ်ရပ်၍ လက်ဓာ့ယမ်းကာ တုံ့ပြန်လိုက်ကြသည်။ ထိုအခါ ရှေ့ဆုံးတင့်ကားမှ ဗြိတိသျှစစ်သားတစ်ဦး တင့်ကား…မှခုန်ချကာ လက်ထဲတွင် အလံဖြူကိုကိုင်၍ ကျွန်တော်တို့ …ကျင်းသို့ရောက်သည့်အခါတွင် အင်္ဂလိပ်လိုပြောနိုင်မည့်သူ …တွေ့လိုကြောင်းပြောသည်။ သူသည် ရွှေရောင်ဆံပင်နှင့် …ငယ်တစ်ဦးဖြစ်ကာ"ကြောင်နက်" တံဆိပ် ° နှင့် အရစ် …စ်ကို လက်မောင်းတွင်ဆင်၍ ခါးတွင် ပစ္စတိုတစ်လက် …ထားသည်။ ထိုလူငယ်တပ်ကြပ်ကြီးသည် ဖျတ်လတ်စွာ

° အိန္ဒိယတပ်မ (၁၇) ၏ လက်မောင်းတံဆိပ်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှား၍ မိမိတို့ဝိုင်းအုံထားသည့်ကြားတွင် တည်ငြိမ်အေးဆေးစွာ ထိတ်လန့်ပုံ တစ်စက်မျှ မရှိဘဲ ပြောဆိုလျက်ရှိသည်။

ဗိုလ်အုချုပ်ဒါနှင့် ဒုဗိုလ်ယူဇာဝတို့က စကားပြန်ပေးလျက်ရှိရာတွင် သူက "တို့ ဒီလိုအမိဖွာယ်မရှိ တိုက်ခိုက်နေတာကိုရပ်ဆိုင်းပြီး တစ်ဦးနှင့်တစ်ဦးမိတ်ဆွေအဖြစ်ဆက်ဆံကြပါစို့" ဟု သဘောသက်ရောက်သည့်စကားဖြင့် အဆိုပြုရာ "တို့က ရေနံချောင်းမှာ တပ်မတစ်ခုလုံးရှိနေတာမို့ မင်းတို့လွတ်လမ်းမရှိတော့ဘူး။ တို့ဆီမှာ လက်နက်ချဖို့ မင်းတို့ရဲ့အကြီးအကဲကိုပြောလိုက်ပါ" ဟု ကျွန်တော်တို့က တုံ့ပြန်လိုက်သည်။ ဗြိတိသျှလူငယ်က "နားလည်ပါတယ်" ဟုပြန်ဖြေ၍ ပြုံးလျက် လက်ဆွဲနှုတ်ဆက်ပြီးနောက် သူ့တင့်ကားသို့ ပြန်သွားသည်။ ကျွန်တော်တို့သည် သူ၏ခံ့ညားတည်ငြိမ်သည့် ဟန်အမူအရာကို သဘောကျကြသည်။ သူ တင့်ကားရောက်သည်အထိ လိုက်ပို့ပေးလိုက်ကြသည်။ ဤသို့အသက်လု၍ သဲကြီးမဲကြီး တိုက်နေရသည့် လူအချင်းချင်း တိုက်ပွဲကာလအတွင်း တစ်ဖက်နှင့် တစ်ဖက် စကားပြောဖြစ်သည်မှာ မပြောတတ်အောင်ပင် အားတက်စရာဖြစ်ပေသည်။

ဗြိတိသျှ တပ်ကြပ်ကြီး သူ့တင့်ကားထဲသို့ ဝင်ပြီးသည်မှ သူတို့၏ခြေလျင်တပ်က ဆည်းဆာ၏အလင်းတွင် ကုန်းခင်ရိုးကို ကျော်၍ ဆုတ်ပြီးသည်အထိ တင့်ကားများက ကာပစ် အပြည့်အဝပစ်ပေးလေတော့သည်။



## ၂၅။ ရေနံချောင်းလမ်းမပေါ်တွင်

ဒုဘပ်ကြပ် ရီယိုဇို ဝါတာနာဘေ၊ တပ်ခွဲ(၂)၊ ရင်း(၁)၊ အမှတ် (၂၁၄) ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၃)

ဘီးလင်း၊ စစ်တောင်း

ကောင်းကင်အမြင့်တွင် မီးခိုးမည်းအပြင်ကြီးသည် ထင်းနေသည်။ ထိုသို့ ကျွန်တော်တို့ ဦးတည်ချီတက်နေကြသည်မှာ သုံးရက်ရှိလေပြီ။ အပြင်းဆုတ်လျက်ရှိသော ဗြိတိသျှနှင့် အိန္ဒိယတပ်များသည် ဤလက်ပြကာလတွင် မိမိတပ်အချို့မှာ ရေနံချောင်း၏ တောင်ဘက်တွင်ရှိနေသေးလျက်နှင့် ရေနံမြေကို မီးတင်ရှို့ခဲ့ကြပြီဖြစ်သည်။ ရေနံချောင်းသို့ ရေယာဉ်ဖြင့် ဧရာဝတီမြစ်ကို ဆန်တက်ကာ ရန်သူတပ်ကို ဖောက်ဝင်၍ မိမိတို့၏ တပ်ရင်းကြီးထံ စစ်ကူလိုက်ရမည် ဟူသောအမိန့်ကို ကျွန်တော်တို့ ချီတက်နေစဉ်ရသည်။ ရေယာဉ်ပေါ်ညတွင်း တက်ကြသည်။ ပင်ပင်ပန်းပန်းခြေလျင်ချီတက်ခဲ့ကြရ၍ ရေယာဉ်စီးရသည့်အတွက် ကျေးဇူးတင်နေကြသည်။ ဝေးဝေးမှ ပေါက်ကွဲသံ သဲ့သဲ့ကို ကြားနေရသည်။

၁၉၄၂ခုနှစ် ဧပြီလ ၁၈ ရက်နေ့ညနေတွင် စီမံချက်ပါ အတိုင်းကမ်းကိုချဉ်းကပ်ကြရာ ရန်သူ၏ ရေစည်ကားက မြစ်ရေသာခပ်သည်ကို တွေ့ရသည်။ ခုခံတိုက်ခိုက်ခြင်း မခံရဘဲ ကျွန်တော်တို့ ကမ်းပေါ်တက်နိုင်ကြသည်။ ကောင်းစွာအငိုက်ဖမ်းနိုင်လိုက်သော စစ်ဆင်ရေးတစ်ရပ်ပင်ဖြစ်သည်။ မိုးချုပ်သွားလျှင်ကျွန်တော်တို့သည် ရေနံစင်မြင့်များကြားမှ ချီတက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို အမှတ်ထင်ထင် မှတ်မိနေတော့သည်။ အရုပ်ထောင်ထောင်မောင်းမောင်းနှင့် ကျွန်တော်တို့အနီးအပါးမှ ဖြတ်သွားသူတို့ကိုလည်း အံ့ဩဖွယ်ရာကြုံရသည်။ ပထမတွင် ဂျပန်များပင်ဖြစ်မည်ဟု ကျွန်တော်ထင်မိသော်လည်း အင်္ဂလိပ်လိုပြောနေသည်ကို ကြားရသောအခါ ထိတ်ခနဲဖြစ်သွားသည်။ သို့ရာတွင် နှစ်ဖက်စလုံးအတွက် လုံးဝမမျှော်လင့်သည့်ဖြစ်ရပ်ဖြစ်ပေရာ ကိုယ့်ကိုယ်ကိုပင် မယုံနိုင်ရှိလျက် တစ်ဦးကိုတစ်ဦး မနှောင့်မယှက်ဘဲ ကိုယ့်လမ်းကိုကိုယ် တွင်တွင်သာ သွားကြသည်။ ချစ်ချစ်တောက်ပူသဖြင့် ပျော့အိနေသော ကတ္တရာလမ်းမအတိုင်း နောက်တစ်နေ့နံနက်ချိတက်ရာတွင် ကုန်းကြောကလေးတစ်ခုပေါ်အရောက် ရှေ့မီတာ ၄၀၀ ခန့်အကွာတွင် စစ်ကားကြီးများ သွားနေသည်ကိုမြင်ရသည်။ တပ်ခွဲမှူးက ကျွန်တော်တို့တပ်စု(၃)ကို တိုက်ခိုင်းသည်နှင့် တပ်စု၏စက်သေနတ်သမားဖြစ်သူ ကျွန်တော်ကစ၍ပစ်သည်။ ကျည်ဆန် ၁၀၀ခန့်ပစ်ပြီးသည့်အခါတွင် ရန်သူ၏စိန်ပြောင်းများဖြင့် စုပြုပစ်ခတ်မှုမှ ဗုံးများကျလာသည်တွင် အသီးသီးအကာအကွယ်ရမည့်နေရာသို့ သွားရောက်ပုန်းခိုနေကြတော့သည်။

ကျွန်တော်ဆက်သာ ပစ်နေသည် စိတ်ကမရှည်သော်လည်း အတွင်းကြိတ်၍ စိတ်အားငယ်လာသည်ပင်။ ကျွန်တော့်ညာဘက်မှနေ၍ အမိန့်ပေးနေသော ဒုဗိုလ်မှာလည်း ပျောက်ချက်သား ကောင်းနေသည်။ စိန်ပြောင်းဗုံး ရှာလာသည်တွင် သူလည်း အကာအကွယ်ရှိရာသို့ သွားပြီထင်သည်။ မိမိ ပတ်လည်တွင် စိန်ပြောင်းဗုံးများကျကွဲနေကာ ထီးတည်း ကျန်ရစ်နေသည့် အဖြစ်ကြောင့် ကျွန်တော် စိတ်အားငယ်မိပါသည်။



သို့သော် ကျွန်တော် ကံကောင်း၍ပဲဖြစ်မည် ထင်ပါသည်။ အတန်ကြာလျှင် စိန်ပြောင်းဖြင့် ပစ်ခတ်မှုစဲသွားသည်။ ဆိတ်ငြိမ်နေသော စစ်တလင်းတွင် ကျွန်တော်အသက်နှင့်ကိုယ် အသက်ပင် ရှိနေသေးသည်။ ထိုစဉ် တပ်ကြပ်ကြီး မိုရိုဟိုရှိက ကျွန်တော့်နာမည်ကို ထပ်တလဲလဲခေါ်နေသံကြားမိသည်နှင့် "ဒီမှာ"ဟု ဖြေလိုက်သည်။ သူက ကျွန်တော့်ကျောကို ပုတ်၍ "မင်းကို ဒီလို မထိမခိုက်တွေ့ရတာ ဝမ်းသာတယ်ဟေ့" ဟု ပြောလိုက်သောအခါ ကျွန်တော် ပီတိဖြစ်ရပါတော့သည်။

နာရီအတန်ကြာလျှင် လမ်းမဆီသို့ ဆင်းသွားကြပါသည်။ ကျွန်တော်တို့ ရေငတ်နေကြသဖြင့် လျှိုတစ်ခုထဲသို့ ကျွန်တော်တို့ငါးယောက် ဝင်ပြီးရေရှာကြသည်။ စကားပြောသံကြားရ၍ အသံထွက်ရာသို့သွားကြသည့်အခါ အိန္ဒိယ စစ်သားငါးယောက်ခန့်က ရေအိုင်ငယ်တစ်ခုမှ ရေကို အားရပါးရခပ်နေကြသည်ကိုတွေ့ရပါသည်။ သူတို့တွင် လက်နက်ပါ သော်လည်း ပစ်မည့်ဟန် မပြပါ။ ကျွန်တော်တို့က ခပ်အမ်းအမ်းနှင့်ပင် သူတို့ထံမှ လက်နက်များကို သိမ်းယူရာတွင်လည်း သူတို့က မိတ်ဆွေပမာဆက်ဆံကြသည်။ စိတ်ထဲ စနိုးစနောင့်နှင့်ပင် ရေခပ်လိုက်ကြသည်။ တစ်ဦးနှင့်တစ်ဦး စကားမပေါက်သော်လည်း လက်ဟန်ခြေဟန်ဖြင့် ဆက်သွယ်နိုင်ကြသည်။ ထို့နှင့် အိန္ဒိယစစ်သားများကို အခက်အခဲမရှိဘဲဖမ်းပြီး ဌာနချုပ်သို့ ပို့လိုက်ကြသည်။ သွေးအိုင်ထွန်းသည့် စစ်မြေပြင်တွင် ရန်သူစစ်သည်များနှင့်ဖော်ဖော်ရွေရွေ ဆက်ဆံခွင့်ရခဲ့သည်ကို ကြည်နူးဖွယ်ရာတစ်ကွက်အဖြစ် စိတ်ထဲတွင် အမှတ်ရမိနေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်ကြာလျှင် တိုက်ပွဲပြီး၍ ကျွန်တော်တို့မှာ အိမ်ကြီး ရခိုင်တစ်လုံး၌ တစ်ပတ်မျှနေကြရပါသည်။ ထိုကာလကလေး တွင် ကျွန်တော်တို့သည် စစ်၏အနိဋ္ဌာရုံတို့ကို ခဏာပန်းမျှ မေ့ပစ်ကာ၊ နန်းရင်းဝန်မစ္စတာချာချီ၏ လက်ဆောင်မွှန်များကို အီလုအောင်စား၍ မော်တော်ကားတဝီဝီနှင့်ဖိမ်ကျနေပါတော့ သည်။ ပင်ပန်းဆင်းရဲမှုဒုက္ခနှင့် စည်းစိမ်ချမ်းသာသုခတို့နှစ်ရပ် မှာ မိုးနှင့်မြေပမာခြားနားလှပါဘိတောင်း။

၁

## ၂၆။ ရေနံချောင်းကိုခစ်ကူလိုက်ကြ

အမှုထမ်းစုတပ်ကြပ်ကြီး[၁] ရှုအုကို နမ်ဗာ၊ တပ်ရင်းကြီးဌာနချုပ်၊ အမှတ်(၂၁၅)ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၃)

စစ်တောင်း၊ တစ်ဒင်

သတိုးတန်းနှင့် ကုက္ကိုခွတို့တွင် ပြင်းပြင်းထန်ထန် တိုက်ခိုက်ပြီးနောက် ကျွန်တော်တို့တပ်ရင်းကြီးသည် ဧရာဝတီ မြစ်ကမ်းတွင် ခံစစ်ကျင်းတူး၍ ရက်အနည်းငယ် နေရသည်။ ဧပြီလ ၁၈ ရက်နေ့ညဦးပိုင်း၌ ဆက်သားတစ်ယောက် ကျွန်တော့် ကိုလာနှိုးပါသည်။ ကျွန်တော်က တပ်ရင်းကြီး၏ စစ်ဆင်ရေး စစ်ဦးစီးမှူး ဗိုလ်ကြီးတာဒါရှိဆူဇူကီး၏လက်ထောက်အဖြစ် ဆောင်ရွက်ရပါသည်။ ဗိုလ်ကြီးဆူဇူကီးနှင့်အတူ ဖယောင်း တိုင်မီးဖြင့် မြေပုံကြည့်နေသော တပ်မှူးကြီး ဗိုလ်မှူးကြီး ဟာရာဒါက "ထွက်ဖို့ ချက်ချင်းပြင်၊ နံနက် ၃နာရီမှာ လမ်း

---

၁။ တပ်ခွဲတပ်ထောက်တပ်ကြပ်ကြီးနှင့် အဆင့်တူညီသည်။



ပေါ်စုကြဖို့ တပ်အားလုံးကိုပြောထား" ဟု ကျွန်တော့်ကို မှာ သည်။ တပ်အားလုံးကို လက်ဆင့်ကမ်းလိုက်ပြောပြီးသည့် နောက် ကျွန်တော့်ကို ကြေးနန်းတစ်စောင်ပြပါသည်။ ကြေးနန်း တွင် "မိမိတို့တပ်များ ရေနံချောင်းသိမ်းပြီး၊ တန်ပြန်ထိုးစစ်ဆင် လာသည့် အင်အား ၅,၀၀၀ခန့်ရှိပြီး တင့်ကား ၂၀ နှင့်အမြောက် အများအပြားပါသော ရန်သူနှင့် တိုက်ပွဲဖြစ်လျက်ရှိ။" သူတို့ကို ကျွန်တော်တို့က အမြန်သွားပြီးကူဖို့လိုအပ်ပေပြီ။

ကျွန်တော်တို့သည် စစ်မြေပြင်အင်ဂျင်နီယာတပ် လှေ များဖြင့် ဧပြီ ၂၀ ရက်နေ့တွင် ရေနံချောင်း တောင်ဘက် နှစ် ဆယ်လိုမီတာခန့်အကွာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် ဆိုက် ကြသည်။ ကျွန်တော်တို့နှင့် မလှမ်းလှသော မီးလျှံကြီးများမှ မီးခိုးအလိပ်လိပ်ကောင်းကင်ထက်သို့တက်နေသည်။ မြို့ထဲသို့ ဝင်သွားရာ အမြောက်သံများကို မြောက်ဘက်တွင်ကြားရသည်။ မြို့ထဲ၌ခေတ္တနားကြသည်။

ထိုညနေတွင် မြို့မြောက်ဘက်ဆင်ခြေဖုံးရှိ တောင်ကုန်း ပေါ်သို့ တက်သွားကြသည်။ ညသန်းခေါင်ခန့်တွင် တရုတ် ပြည်တွင် အမြဲတမ်းလိုကြားနေရသော စက်သေနတ်သံများကို ကြားရသည်။ ဧပြီလ ၂၂ ရက်နေ့တွင် မြစ်ကြီးကိုကူး၍ အနောက် ဘက်ကမ်းရှိ ညောင်ကန် ခေါ်မြို့ကလေးသို့ ရောက်ကြသည်။ မြို့လူထုကကျွန်တော်တို့ကို လှိုက်လှဲစွာကြိုဆိုကြပြီး ၎င်းတို့ အိမ်များတွင် ညအိပ်တည်းခိုခွင့်ပြုသည်။ ထမင်းဟင်းများ ချက်ပြုတ်ပေးကြပြီး ချိုးရေပါ ခပ်ပေးသည်။

သုံးရက်ကြာမျှ သက်သောင့်သက်သာ နားနေပြီးနောက် ထိုမြို့မှ ဧပြီ ၂၅ ရက်နေ့ညနေတွင် ထွက်ခွာသည်။ မြို့လူထုက

www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက် အိမ်များတွင် ဖယောင်းတိုင်များထွန်းပေးကာ အချို့ကလည်း မြို့နယ်နိမိတ်အဆုံးထိ ပို့ဆောင်နှုတ်ဆက်ကြ၍ ကျွန်တော်တို့ကလည်း မခွဲခွာလိုဘဲ ထွက်လာကြရသည်။ ကျွန်တော်တို့ကို လော်ရီကားကြီးများဖြင့်တင်ပြီး ထွက်ကြရာတွင် လမ်းဆိုးလှသဖြင့် ကားများကို အတွင်းသာတွန်းသွားကြရသည်။ ဧပြီလ ၃၀ ရက်နေ့ ညနေ ၆ နာရီတွင် မုံရွာမြို့ တစ်ဖက်ကမ်းရှိ တောထဲသို့ရောက်ကြသည်။ ဒု ဗိုလ်ခါတာယာမသည် ဘီအိုင်အေတပ်မှ စစ်သည်အချို့နှင့် ချင်းတွင်းမြစ်ကို လှေကလေးတစ်စင်းနှင့်ကူး၍ မုံရွာမြို့တစ်ဝိုက် ထောက်လှမ်းသည်။ မုံရွာရှိ ရန်သူတို့ကလည်း ကျွန်တော်တို့ ရောက်နေမှန်း သိပုံမရပေ။ ထို့ကြောင့် လှေတက်များနှင့် လူတို့ကိုမြစ်ကူးနေရာများသို့ လျှို့ဝှက်စွာရွှေ့ကြသည်။

၀

## ၂၈။ မုံရွာတိုက်ပွဲ ဝတ္ထာ

တပ်သား ကင်ဂျိ အိုဟာရာ၊ စက်သေနတ်တပ်ခွဲ(၁)၊
ရင်း(၁)အမှတ်(၂၁၅)ခြေလျင်တပ်ရင်းကြီး၊ တပ်မ(၃၃)
မုံရွာ၊ တစ်ဒင်

"မြစ်ကူးဆိပ်တွေကို လော်ရီကားတွေနဲ့သွားကြမယ်၊ လေးလံပြီး မလိုတဲ့ပစ္စည်းတွေကို ချန်ထားခဲ့" ဟူသောအမိန့်ကို မေလ ၁ ရက်နေ့နံနက်တွင် ကျွန်တော်ကြားလိုက်ရပါသည်။ ကျောပိုးအိတ်ထဲတွင် ရိက္ခာနှင့်ကျည်ကိုထည့်စဉ် ယခုအခါတွင်



တိုက်ပွဲ အချိုကြီးနှင့် ကြုံရတော့မည်ဟု မှန်းလိုက်သည်။ ကျွန်တော်သည် စက်လတ်တပ်စိတ်တွင် တာဝန်ကျကာ မိမိ ...ပ်စိတ်တွင် ပုံစံ ၃၈ ရိုင်ဖယ်ကို ကိုင်ရသည့် တစ်ဦးတည်း ...သူဖြစ်သည်။ ကျွန်တော် လက်ဖြောင့်၍ ဤရိုင်ဖယ်ကို ...ထားသည်ကားမဟုတ်ပါ။ အသက်အငယ်ဆုံးဖြစ်၍ ပေး...ခြင်း ဖြစ်ပါသည်။

ကားပေါ်တက်စီး၍ ဖင်မနွေးမီပင် မြစ်ကမ်း၌ စက်လှေ ...ဆိုက်ထားရာသို့ ရောက်ပါသည်။ ကျွန်တော်တို့ လှေပေါ် ...က်ပြီးသည်နှင့် စက်နှိုးပြီး စထွက်ကြတော့သည်။ စက်သံ ...ကြောင့် ရန်သူကိုနှိုးလိုက်သလို ဖြစ်လိမ့်မလားဟု ကျွန်တော် ...မိစိတ် ဖြစ်မိသည်။ သို့သော် မကြာမီပင် လှေက သောင် ...်ပေါ် ထိုးတက်သွားကာ "ကောင်းပြီ၊ ဆင်းတော့" ဟု ...သံတိုးတိုးနှင့် ဆတ်ဆတ်ပေးလိုက်သည့်အမိန့်သံ ပေါ်လာ ...သည်။ ရန်သူက ထိုအချိန်ထိ စမပစ်သေးသဖြင့် ရန်သူ့ ...်စီအောက် မြစ်ကူးစစ်ဆင်မှုကဏ္ဍမှာ အောင်မြင်ပြီးမြောက် ...သည်။ ထိုအခိုက် ပြဗ္ဗာစွန်းတွင် နေဝန်းပြူစ ရှိပေပြီ။ စေတီ ...စ်ဆူရှေ့ရှိ မြောင်းထဲတွင် စက်သေနတ်ကို ဆင်လိုက်ကြ ...ည်၊ ထိုမြောင်းမှာ ရန်သူက တူးထားသော ပစ်ကျင်း ဖြစ် ...ာင်းဖြစ်ပေမည်။ ဟိုနေရာ သည်နေရာ ပစ်ကြခတ်ကြနှင့် ...ကြသည်။ လူ ၅၀ ခန့် နံနက်ခင်း နေခြည်အောက် လုံစွပ် ...ွေးသား နှင့်ရင်ပေါင်တန်းဖြန့်ကာ ကျွန်တော်တို့ဆီသို့ ...ထ်လာကြသည်။ "လက်ပစ်ဗုံးအသင့်ကိုင်ထား"၊ "လုံစွပ် ..." စသည့်အမိန့်တစ်ခုပြီးတစ်ခုပေးသည် နှင့် သင်တန်းတွင် ...သို့ လက်တစ်ကမ်း တိုက်ပွဲဝင်ရန် စိတ်တင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော်တို့ စက်သေနတ်များစပစ်သည်နှင့် ရန်သူ ဆုတ်တော့သည်။ သည်အခါတွင် ကျွန်တော်တို့က ရှေ့တက် သည်။ ကိုင်းဖုတ်တစ်ခုနောက်မှ ဇာ်ါရခါးစစ်သားတစ်ယောက် လက်မြှောက်၍ထွက်လာရာ ရန်သူကို မျက်နှာစေ့စေ့ ကျွန်တော် ပထမဆုံး မြင်ဖူးရသည်။ သူ့ထံတွင် သက်နက်တစ်စုံတစ်ရာ မပါကြောင်းစစ်ပြီး ခါးကိုကြိုးနှင့် ချည်လိုက်သည်။ သူသည် ငယ်ပုံပေါက်ပြီး သူ့မျက်လုံးများက ကျွန်တော့ထံမှ အကူအညီ တောင်းသည်သို့ထင်ရသည်။ ရန်သူက ခေတ္တမျှ ခုခံ၍ ဆုတ် သွားသဖြင့် ကျွန်တော်တို့ မြောက်ဘက်ဆက်တက်၍ မုံရွာမြို့ တောင်ဘက်နားတွင် တပ်စွဲလိုက်ကြပါသည်။

၀

## ၂၀။ အမြောက် နှင့် တင့်ကား စီးချင်းထိုးပွဲ

ဒုတပ်ကြပ် ယိုရှိယုကိ ကိုဘာယာရှိ၊ ခြေလျင်တပ်မိုင်အမြောက်တပ်ခွဲ အမှတ်(၂၁၅)ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၃)

**စစ်တောင်း၊ မုံရွာ**

ကျွန်တော်တို့၏မြင်းများကို ရွာတွင် ချန်ထားခဲ့ရ၍ ကျွန်တော်တို့၏ ပုံစံ ၄၁ တောင်ပေါ်ပစ်အမြောက်ကို ဆွဲလိုက် ဖြုတ်ထမ်းလိုက် သယ်ဆောင်သွားရသည်။ မေ ၁ ရက်နေ့ အရဏ်တက်အပြီး၌ ကျွန်တော်တို့ သံလေ့ဖြင့် မြစ်ကိုကူး၍ မုံရွာမြို့သို့ဆိုက်ကာ မြို့အရှေ့ဘက်ရှိ လမ်းမကြီးသို့ ဆက်ချီ ကြသည်။ ဤလမ်းအတိုင်း ရန်သူတင့်ကားများနှင့် မော်တော် ယာဉ်တို့မှာ တောင်ဘက်မှ တက်လာလျက်ရှိသည်။ ကျွန်တော် တို့ ရှေ့ရှိ ရင်း(၁) မှ စစ်သားတို့သည် "တင့်ကား၊တင့်ကား" ဟု



…ကာ ဖရိုဖရဲ ပြန်ပြေးလာကြသည်။ ဗိုလ်ကြီး ဆူဇူကီးက "…င့်ကားကို တိုက်။ ဘာလို့ ပြန်ပြေးလာရတုန်း" ဟုအော်ပြော …ည်၊ ထိုအချိန်တွင် တင့်ကား အမြောက်များ စပစ်တော့ရာ …ကိုမှန်လိုက်လျှင် ပွက်လောရိုက်အောင် မြည်ဟည်းတော့ …ည်၊ ကျွန်တော်တို့က လမ်းဘေးရိပ်သာပင်ကြီးများအောက် …နေကြသည်။ အမြောက်နှင့်အတူ ကျွန်တော်နှင့်ဒုတပ်ကြပ် …ဘာတို့သာ ရှိနေသည်။ တပ်စုမှူးနှင့် တပ်စိတ်မှူးတို့ကို …ဘူး။ ကျွန်တော်တို့ပတ်လည်တွင် ရှားစောင်းပင်များနှင့် …ပင်ပြောက်ကျားပေါက်သည့် ကွင်းပြင်ကြီး၌ အကာအကွယ် …ရန် အလားအလာ မရှိပေ။ "ရှေ့ကို ကျည်တင်ပေး" ဟု …ဆော် ထပ်တလဲလဲခေါ်လိုက်သည်။ တပ်စိတ်မှူးကလည်း …ရောက်လာသေး။ အမြောက်သာရှိပြီး ကျည်မရှိသဖြင့် …င့်ကားများက လာတိုက်လျှင် ပစ်စရာဘာမျှမရှိ။ အတန် …မှ တပ်စိတ်မှူးက စိတ်မသက်သာသည့်မျက်နှာထားဖြင့် …ောင်းပြာသဒ်ပင်နောက်မှ ထွက်လာသည်၊ တပ်သားရှိမှုက …ည်သေတ္တာနှစ်လုံးကို တရွတ်တိုက်ဆွဲလျက် ရောက်လာရာ …တ္တာတစ်ခုတွင် ကျည် သုံးတောင့်စီပါသဖြင့် စိတ်သက်သာ …သွားသည်။ မောင်းကိုဖွင့်၍ ပြောင်းရင်းထဲသို့ ညင်သာစွာ …ည်ထိုးလိုက်သည်။ ထိုနောက်တွင် ကျည်များထပ်ပို့ပေးသည်။ …တ်(၃)တင့်ကားနှစ်စင်း တက်လာသည်။ ထိုနောက် ဘာယ် …ကြောင့်မသိ တစ်စင်းပြန်လှည့်ထွက်သွားသည်။ ရိုပါစေ၊ …မြောက်တစ်လက်နှင့် တင့်ကားတစ်စင်းတို့ ကျားနှင့်ဆင် …ပြင်တွင် တွေ့ကြပါပြီ။

မြေကြီးပေါ်မှောက်လျက်ရှိသော ကျွန်တော့် ကိုယ်ပေါ်သို့ …င်း၏ တစ်ထောင်သောရောင်ခြည်တို့က ဖိကျင်ထိုး သကဲ့

www.burmeseclassic.com

www.burmeseclassic.com



သို့ ကျရောက်နေသည်ကို ကျွန်တော် ကြိတ်မှိတ်ခံနေရသည်
တင့်ကားအမြောက်က ချိန်ထားသည်ဖြစ်၍ နည်းနည်းမျှ လှုပ်
လိုက်လျှင် ပင်စိဝိန်ကြွေဖို့သာရှိသည်။ သည်လိုနှင့် မိနစ်ပေါင်း
များစွာကုန်လွန်သွားသည်။ ကျွန်တော့်အဖို့မှာ တစ်မိနစ်ကို
တစ်နာရီလောက်ကြာပါသည်။ စိတ်ထဲတွင် ထပစ်လိုက်ချင်
စိတ်ပေါက်ပေါက်လာသော်လည်း သတိသမ္ပဇဉ်ဖြင့် ထိန်းချုပ်
ထားလိုက်ရသည်။ ဘာဘာကလည်း တည်ငြိမ်အေးဆေးသော
အသွင်ပေါက်သည်။ ကျွန်တော်တို့ ကျောကော့အောင် ပူသည်
ထက် တင့်ကားထဲတွင် မီးဖိုထဲမှာလိုရှိမည် မဟုတ်ပါလားဟု
ဖြေသိမ့်ရသည်။ အမြောက်သမားဖြစ်မည်ဟု ထင်ရသောသူ
တစ်ယောက်ကမူ နောက်ဆုံးတွင် ဆုံလည်အဖုံးကိုဖွင့်၍ ထွက်
ပြေးလေတော့သည်။ တစ်ဆက်တည်းလောက်ပင် တင့်ကား
သည်လည်း စထွက်လာကာ ချိန်းကြိုးက စကြိုပေါ်တက်နင်းမိ
သည်။ ကျွန်တော်တို့အတွက် ထိုအခိုက်တွင် အခွင့်အရေးကြီး
ဆိုက်တော့သည်။ မီတာ ၄၀၀ အကွာအဝေးတွင် ဘာဘာက
ချိန်းကြိုးကိုတန်းချိန်ထားသည်။ သူအချက်ပြတိုင်း ပစ်ခလုတ်
ကြိုးကို ကျွန်တော် ဆွဲကာဆွဲကာ ဆင့်၍ပစ်ထည့်လိုက်သည်။
တင့်ကားဆီမှ တုန့်ပြန်ပစ်လာခြင်းမရှိ။ မီးခိုးအဖြူ ပထမ
အူထွက်လာပြီးနောက် မီးတောက်မီးလျှံများ ပေါ်လာသည်။
မီးခိုးဖြူသည် ကျဆုံးသွားသည့် စစ်သည်သူရဲတို့ကို အလေး
ပြုသည့်အလား ကောင်းကင်ဘုံသို့ လူးလွန့် တက်သွားလေသည်။
ကျွန်တော်တို့က ရန်သူနောက် တစ်ခဏမျှ လိုက်ပြီးနောက်
မုံရွာသို့ပြန်လာကာ လမ်းမပေါ်တွင် အတားအဆီးများလုပ်ပြီး
အမြောက်နေရာကိုလည်း ဂိုဒေါင်တစ်ခုမှ ထုတ်ယူလာသည့်
သကြားအိတ်၊ ဆားအိတ်တို့ဖြင့် ပတ်ကာလိုက်သည်။ ညတွင်



အိန္ဒိယသို့စစ်ပြေးဒုက္ခသည်များ အတန်းလိုက်စီ၍ မိမိတို့ရှေ့မှ
မြို့ထဲဖြတ်သွားကြသည်။ ကျွန်တော်တို့ ခြေလျင်မှာ ညတိုက်
ပွဲတွင် အားကိုးရသဖြင့် ရန်သူထိုးစစ်ဆင်လာမည်ကို မစိုးရိမ်
ကြပါ။

မေလ ၂ ရက်နေ့ အရုဏ်တက်မှစ၍ ရန်သူ၏ တန်ပြန်
တိုက်စစ်မှာ ပိုထန်လာကာ တင့်ကားဆယ်စင်းထက် မနည်းနှင့်
အမြောက်အလက် ၂၀ တို့ဖြင့် ပစ်သွင်းနေပါသည်။ ကျွန်တော်တို့
လေကြောင်းအသာစီးရနေသဖြင့် တင့်ကားကိုသာ စိုးရိမ်စရာ
ရှိသည်။ ဤဒြပ်လျှင် မကြာသေးမီက ရခဲ့သည့် အတွေ့အကြုံ
အရ နိုင်အောင်တိုက်နိုင်မည်ဟု ယုံကြည်လျက်ရှိသည်။ ညနေ
ပိုင်းတွင် ရန်သူသည် အရှေ့ဘက်သို့ ဆုတ်သွားလေသည်။
နေ့ပိုင်းတွင် ကျွန်တော်တို့၏ လုံခြုံရေးတပ်စိတ်မှ စက်ကလေး
သမားတစ်ဦးကျ၍ ဒဏ်ရာရသူအချို့ရှိသည်။ ကျွန်တော်တို့
ခြင်းများလည်း ကူးတို့ဆိပ်မှ တင်ပေးလိုက်ကြသည်။

နောက်တစ်နေ့တွင် ဘုတလင်သို့ချီတက်၍ မေ ၄ ရက်
နေ့တွင် သိမ်းသည်။ လမ်းတွင် အမှတ် ၃ တင့်ကားနှစ်စင်း
ပျက်နေသည်ကိုမြင်ရသည်။ ၎င်းတို့အနက်တစ်စင်းမှာ ဂျပန်
တပ်များက ရွှေတောင်တိုက်ပွဲတွင်ရမိသည့် ဗြိတိသျှအမှတ် ၃
တင့်ကား ဖစင်းတို့ဖြင့် ပြန်တိုက်ရာမှ ယင်းတင့်ကားအမြောက်
တည့်သင့်၍ ပျက်စီးရခြင်းဖြစ်ကြောင်း သိရသည်။ ဗြိတိသျှ
တင့်ကားများသည် အလားတူတင့်ကား၏ သံချပ်ကာကို ဖောက်
နိုင်လောက်အောင် ပြင်းသည့် အမြောက်များ တင်ထားနိုင်
သည်မှာ အံ့စရာပင်။

---

*။ ညတိုက်ပွဲကို ဆိုလိုဟန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၉။ ရွှေကျောင်သို့ချီစစ်ဆင်ခြင်း

တပ်ကြပ် ဟီရောရှိ အီရိုကာဝါ၊ တပ်ခွဲ(၈)၊ ရင်း(၂)၊
အမှတ်(၂၁၃)ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၃)
ရွှေကျောင်၊ ရခိုင်

ကျွန်တော်တို့တပ်သည် တရုတ်ပြည်မှ ၁၉၄၂ ခုနှ ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် ထွက်၍ ဘန်ကောက်သို့ မတ်လ ၁၁ ရက်နေ့တွင် ရောက်ပါသည်။ မြန်မာပြည်သို့ ပြောင်းရသည့် တပ်မ (၃၃) မှ နောက်ဆုံး ဝင်လာသည့် အဖွဲ့ပင် ဖြစ်ပါသည်။ ကျွန်တော်တို့၏တပ်ရင်းကြီးနှင့် မုံရွာမြို့တွင် ပြန်ပေါင်းမိပါ သည်။ မေလ ၄ ရက်နေ့တွင် ကျွန်တော်တို့ တပ်ရင်းသည် အင်ဂျင်နီယာတပ်မှ လှေအစင်း ၄၀ ဖြင့် မုံရွာမြို့မှ ထွက်၍ ချင်းတွင်းမြစ်ကို ဆန်တက်ပါသည်။ ကျွန်တော်တို့ခေါင်းပေါ်မှ ရန်သူလေယာဉ်များ ဖြတ်ပျံသွားသည်မှာ မနည်းလှသဖြင့် လှေများကို ငှက်ပျောရွက်၊ ထန်းလက်တို့ဖြင့် ပုံဖျက်ထားရ ပါသည်။ မြစ်ဘေးရှိတောများထဲတွင် မျောက်အများကို လှမ်း မြင်ကြရသည်။

မေလ ၉ရက်နေ့ညနေစောင်းတွင် ရန်သူ့လက်ရာ ခြေရာ ကင်းသော ကမ်းတစ်ခုသို့ ရောက်ကြပါသည်။ ထောက်ကင်း နှစ်ဖွဲ့ လွှတ်လိုက်ရာတွင် ရန်သူသည် မြစ်ကူးရန်ပြင်နေကြ ကြောင်း ပြန်သတင်းပို့ကြသည်။ သို့နှင့် ပိန်းပိတ်အောင်မှောင် နေသောညဝယ် တောကိုတိုး၍ ခက်ခဲပင်ပန်းစွာချီကြပါသည်။ သန်းခေါင်ပတ်ဝန်းကျင်၌ ကျွန်တော်တို့တပ်ခွဲက ရှေ့ပြေးတပ်



ဘာဝန်ကျ၍ ရန်သူ့မော်တော်ယာဉ်များ၏ စက်သံကိုကြားရ သည်အထိ ချီကြသည်။ ကျွန်တော်တို့ နံနက်စာစားပြီးနောက် ရန်သူကို တိုက်ရန်ပြင်ဆင်နေကြသည့်အချိန်မှာပင် ရန်သူ့စက် သေနတ်များ၏ပစ်ခတ်မှုကို ခံကြရပါသည်။

ကျွန်တော်တို့၏ တောင်ပေါ်ပစ်အမြောက်၊ စက်သေနတ် များနှင့် စိန်ပြောင်းများကလည်း စတင်တုံ့ပြန်ပစ်ခတ်ကြကာ တပ်စု(၁)နှင့်(၂)တို့က မျက်နှာ မူရာ တွင်ရှိသော တောင်ကုန်း များကိုတက်တိုက်ပါသည်။ ရန်သူက ကျွန်တော်တို့ကို ပိုမဲပြီး ပစ်လာရာ တပ်ခွဲမှူး ဦးတိုမိ၏ ညာဘက်လက်မောင်းရိုးတို့ကို ဆောက်မှန်သဖြင့် ရှေ့တန်းဆေးခန်းသို့ ပို့လိုက်ရသည်။ သူက တပ်စု(၃) တပ်စုမှူးကို တပ်ခွဲ ကွပ်ကဲမှု လွှဲပေးသွားသည်။ များမကြာမီ တပ်စုမှူးနှစ်ဦးကျသွားပြီး တတိယတစ်ဦးမှာ ဒဏ်ရာရသွားသည်။ သို့သော် တပ်စု(၁)နှင့်(၂)တို့က ဦးလည် သန် တိုက်ကြ၍ ကျောက်ကမ်းပါးပေါ် တွယ်တက်ကာ ညီမှန်းချက် တောင်ကုန်းနှစ်ကုန်းကို သိမ်းပိုက်နိုင်ခဲ့သည်။

အရာခံဗိုလ် ဂျိရိုအီနိုမာတာ ဦးစီးသော အုပ်ချုပ်မှု ထောက်ပံ့မှုအဖွဲ့ကလည်း တောင်ကုန်းများအကြားရှိ လမ်းကျဉ်း အတိုင်းတက်သွားသည်။ ထိုအဖွဲ့မှာ သာမန်အချိန်တွင် စာရေး ခေါ်၊ ထောက်ပံ့ရေးနှင့် ပြင်ထိန်းတာဝန်များ ထမ်းဆောင်ရသော အင်အား ၃၀ ခန့်ရှိသော အဖွဲ့ဖြစ်သည်။ ကျွန်တော်တို့သည် ရန်သူလက်နက်ကြီးနှင့် အမြောက်များသွန်ပစ်နေသည့်ကြားမှ တက်ရာတွင် အရာရှိကျဆုံးသွားသည်။ တပ်ကြပ်ကြီး ဆာဆာ ကိက ကျန်အင်အားများကို ဦးဆောင်၍ တက်ချေမှုန်းကာ မြစ်ကမ်းပါးပေါ်ရှိ တောင်ကုန်း တစ်ကုန်းကို တက်သိမ်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့က မနေမနား တန်ပြန်တိုက်သည်ကို တွန်းလှန်ထားလိုက်သည်။

ဤသို့တစ်နေကုန် တိုက်ပွဲ အပြတ်အသတ်ကြဲကြရာ၌ တပ်ခွဲတစ်ခွဲလုံး ပြုတ်လုနီးပါးဖြစ်ကာ တပ်ကြပ်ကြီးဆာဆာကီနှင့် လူဆယ့်နှစ်ယောက်သာ မထိမရှဘဲ ကျန်တော့လေသည်။

○

## ၃၀။ ဖြင်းဖြင်းထန်ထန် တိုက်ပွဲ

၃တပ်ကြပ် မာဆာအိချိ နာဂိုင်း၊ တပ်ခွဲ(၆)၊
ရင်း(၂)၊ အမှတ်(၂၁၃) ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၃)
ရွှေကျင်၊ ရခိုင်

ကျွန်တော်တို့လေ့များပေါ်မှ ဆင်းကြသည့်နောက်တွင် ကျွန်တော်တို့တပ်ခွဲက တပ်ရင်းကို ဦးဆောင်ကာ ၆ နာရီ မှ ချီတက်ကြပါသည်။ ထိုနောက် ခေတ္တနားကြပြီးသည်တွင် တပ်ခွဲ(၈)က ရှေ့ပြေးတပ်ခွဲတာဝန်ကို လွှဲယူကာ ဆက်လက် ချီတက်ကြပါသည်။ ရုတ်တရက် ပြင်းပြင်းထန်ထန် ပစ်ခတ်သံများ ပေါ်ထွက်လာကာ တပ်ခွဲ(၈) ကရန်သူတွေအကြား ကျွံဝင်သွားပြီးမရမက ကုတ်ကုတ်ခဲခဲတိုက်နေကြောင်း သိရပါသည်။ ကျွန်တော်တို့တပ်ခွဲမှူးက ကိုအိဇူးမိ တပ်စုကို ရှေ့ဘယ်ဘက်ရှိ တောင်ကုန်းကို တက်တိုက်ရန် အမိန့်ပေးရာ ထိုတပ်စု နိုဂါမိ တပ်စိတ်က အမြင့်ဆုံးကုန်းထိပ်ကို တက်ယူနိုင်ခဲ့ပါသည်။ ထိုနောက် ကျန်သူတို့ပါ တပ်ခွဲနောက်လိုက်၍



တောင်ကုန်းတစ်ခုလုံးကို သိမ်းလိုက်ပါသည်။ ဤလုပ်ငန်းမှာ တစ်နာရီခွဲခန့်ကြာပါသည်။ ရန်သူတင့်ကားများက ဆက်တိုက် အမြောက်များဖြင့် ပစ်သွင်းနေ၍ တောင်ကုန်းပေါ်ရှိ ကျောက်စိုင် ကျောက်တုံးများ ကွဲအက်ကြေမွလာ၍ ရဲဘော်များ ချိုင့်ပက်ပက် များထဲ အကာအကွယ်ယူသော်လည်း ဝမ်းဗိုက်တွင်မှန်ကန်၍ အပြုတ်ပြုတ် ကျကုန်သည်။ ကျဆုံးသွားသူတို့ကိုလည်း သူတို့ ခြေထောက်မှဆွဲထုတ်၍ ချိုင့်ဝှမ်းထဲသို့ သစ်ရွက်ခြောက်တို့ဖြင့် ဖုံးလွှမ်းသွားအောင်သာ ပစ်ချကြရသည်။

ထိုစဉ် ရှေ့တန်းမှတပ်စုမှူးတစ်ဦး ဆုတ်လာရာ တပ်ရင်းမှူးက အကြီးအကျယ် စိတ်ဆိုး၍ ပါးပိတ်ရိုက်လွှတ်လိုက်သည်။ တပ်စုမှူးလည်း ရှေ့ပြန်တက်သွားပြီးနောက်ပိုင်း၌ ရဲရဲဝံ့ဝံ့ တိုက်ရင်း ကျဆုံးသွားသည်ဟု သိရသည်။ နောက်ဆုံး၌ ကျွန်တော်တို့လည်း ကျည်ကုန်သွားသည်။ တောင်ပေါ်ပစ် အမြောက်တစ်လက်ကို တစ်စစီဖြုတ်၍ တောင်ကုန်းပေါ် ထမ်းတင်လိုက်ကြသည်။ ဤအမြောက်ဖြင့် ပထမဆုံး ပစ်လိုက်သည့် အချက်သည် တင့်ကားကိုမှန်၍ ရပ်တန့်သွားစေခဲ့သော်လည်း အမြောက်ပေါ်သို့ ကျည် ၆ တောင့် ခွဲ၍ ကျလာသည်တွင် သုံးမရ ဖြစ်သွားသည်။ မကြာမီ အိန္ဒိယစစ်သား တစ်အုပ်ကြီးက ၎င်းတို့မျက်နှာမည်းမည်းများ သွေးဆုတ် သွက်တက်လာရာ ကျွန်တော်တို့လည်း ကျည်ကုန်နေ၍ တပ်ခွဲမှူးက အသားကုန်အော်ကြရန်အမိန့်ပေးသည်။ ကျွန်တော်တို့ အလည်း "ယား" ဟု တစ်ပြိုင်နက် ကုန်းအော်ကြရာတွင် ကျွန်တော်တို့ ကျယ်စေချင်သလောက် ဟိန်းမထွက်လာစေ အမှု ရန်သူတွန့်သွားပြီး တောင်ကုန်းအောက်သို့ လျှောချ ဆုန်သည်။ ကျွန်တော်တို့ အသက်ရှုချောင်ပြီဟု ထင်ရ၍သေး

www.burmeseclassic.com

www.burmeseclassic.com



သည်တွင် ဆူဆူညံညံနှင့် နောက်တစ်လော တွားတက်လာကြပြန်ပါသည်။ တပ်ခွဲမှူးက အချက်ပေးသည့်အတိုင်း ကျွန်တော်တို့လည်းထပ် အော်ကြပြန်ရာ သူတို့လည်း တောင်ကုန်းအောက်လျှောဆင်းကုန်ပြန်သည်။ ထိုနောက် ၎င်းတို့၏နောက်ဘက်မှ သေနတ်ပစ်သံများကြားရကာ ၎င်းတို့တစ်ဖန် တွားတက်လာကြပြန်ပါသည်။ သို့သော် ဤအကြိမ်တွင်လည်း ကျွန်တော်တို့ အော်ဟစ် ခြိမ်းခြောက်ကာ သူတို့ကို မောင်းထုတ်နိုင်ခဲ့ပါသည်။ နောက်တစ်ခါ ကျွန်တော်တို့ညာဘက်ရှိ ချိုင့်ဝှမ်းထဲမှ အင်ဂျင်သံများ ဆူညံပွက်လောရိုက်ကာ တောင်ကုန်းတစ်ခုလုံးပင် တုန်ခါလာပါသည်။ တင့်ကားများဖြင့် ကျွန်တော်တို့ကို ဝိုင်းပတ်မည့်သဘောဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့နောက်ရှိ သံဆန်ဆန် ကွင်းကိုဖြတ်ကျော်သည်နှင့် တက်လာသည့် ရောမ ဖုန်လုံးကြီးများက ကျွန်တော်တို့ရှိရာကို ဖုံးလွှမ်းလိုက်သည်။ ထိုစဉ် တင့်ကားစက်သံများ တဂူးဂူးဟီးထွက်နေသော်လည်း လှုပ်ရှားမှု မရှိ၊ တင့်ကားများ သဲထဲနစ်၍ ရုန်းနေကြရပုံပေါက်သည်။ သို့သော် အမြောက်ဆန်နှင့် စိန်ပြောင်းဗုံးများ ယခင်ထက်ပိုပြီး တသောသောကျလာကာ ကျွန်တော်တို့ဘက်တွင် အကျအဆုံး ပိုလာသည်။ မကြာမီ အချိန်စေ့၍ ထွက်ခွင့်ရကြတော့မည့် ကျွန်တော့်အသိ မိတ်ဆွေအချို့ပါ ကျဆုံးသွားကြသည်။

နေဝင်မိုးချုပ်ခါနီးဖြစ်လာ၍ ကျွန်တော်တို့ ညတိုက်ပွဲဝင်ကြရမည့်အခြေအနေလည်း ဆိုက်လာသည်။ သို့ရာတွင် အချိန်နှင့်အမျှ တိုက်ပွဲခွင်မှာ အုံ့ဩဖွယ်ရာ ဆူညံသံစဲကာ တိတ်ဆိတ်သွားသည်။ ထောက်ကင်းထွက်သူတစ်ဦး ပြန်ရောက်လာရာတွင် ရန်သူ မရှိတော့ကြောင်း သတင်းပို့သည်။ သို့သော် တပ်ခွဲမှူးက



...အိုက်ပုံရသော်လည်း နီးကြားမှု မလျော့သော မျက်နှာ ...ဖြင့် "မဖြစ်နိုင်တာ၊ တစ်ခေါက်ပြန်ကြည့်ဦး" ဟု ခိုင်း ...ိုက်သည်။ အတန်ကြာလျှင် တပ်ကြပ်ကြီး ကူရီဟာရာ ပြန် ...ပြီး ရန်သူမရှိတော့ကြောင်း အတည်ပြုပေးသည်။

အားသွန်ခွန်စိုက်တိုက်ခဲ့ရသည့် တိုက်ပွဲကားပြီးဆုံးလေ ...။ ရန်သူသည် အလောင်းတင်းကျမ်း၊ လက်နက်အပုံလိုက်နှင့် ...ဥ်အချို့ဆိုလျှင် စက်မသတ်ဘဲပင် တောင်ပေါ်သို့ ရှောင် ...မ်းလွတ်မြောက်သွားခဲ့သည်။ စားသောက်ဖွယ်ရာများလည်း ...ောင်ပုံရာပုံ ကျန်ခဲ့သည်။ ကျွန်တော်တို့လည်း အော်ပွဲနှင့် ...၍ ကောင်းကောင်းစားသောက်ပစ်လိုက်ကြသည်။ ရလဒ်ကား ...န်တော် ဝမ်းလျှော၍ မျက်တွင်းဟောက်ပက်ဖြစ်ရသည်။ ...စားကြူးမိ၍ ဒုက္ခလှလှရောက်ရခြင်းပါတကား။

၁

## ၃၁။ မြို့ရွှေမန်း ဆမ်းပေါ်တွင်

ဒိုလ်တိုရှီဟီရို မတ်ဆုမာရာ၊ တပ်ခွဲ(၅)၊ ရင်း(၂)၊ အမှတ် (၁၁၂)
ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၃)

ကျော်ကြက်ဆည်၊ မန္တလေး

၁၉၄၂ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ကျွန်တော်တို့သည် ...ဘ်ရီကားကြီးများနှင့် ရန်ကုန်–မန္တလေးလမ်းမပေါ်ရှိ မိတ္ထီလာ ...သို့ဦးတည်လျက်ရှိသည်။ မြန်မာပြည်၏ ဒုတိယမြို့တော် ...ေသာ မန္တလေးသို့ ယခုကဲ့သို့ မချီမီ ကျွန်တော်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးတွင် တိုက်ခဲ့ကြပြီးနောက် တရုတ်တပ်များနှင့် တောင်ငူတွင် တိုက်ခဲ့ကြသည်။ ညနေ၃နာရီခန့်တွင် ကျွန်တော့်တပ်စုသည် မိမိတို့တပ်ရင်း(၂)၏ ရှေ့ပြေးတပ်စုအဖြစ် ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ် လေ့လာလျက် သတိဝီရိယဖြင့် သွားနေစဉ် ဗြိတိသျှတင့်ကားအချို့ မိမိတို့ရှေ့ ညာဘက်မှ ရုတ်တရက် ထွက်လာသည်။ ကျွန်တော်တို့ကားပေါ်မှ ခုန်ဆင်းနေကြစဉ် တင့်ကား အမြောက်များ စတင်ပစ်ခတ်ကာ ကျွန်တော်တို့ ရှေ့ဆုံးကားပေါ်ရှိ မာတ်ဆီပီပါများကို မှန်ကာ မီးဟုန်းဟုန်း ထတောက်တော့သည်။ ကျွန်တော်တို့လက်ထဲတွင် တင့်ကားကို ယှဉ်တိုက်ရန် မည်သည့်တင့်ဖျက်လက်နက်မျှ မရှိသဖြင့် လမ်းဘေးလှိမ့်ချ၍ ပုန်းကွယ်နေကြရသည်။

ကျွန်တော်တို့၏ တောင်ပေါ်ပစ် အမြောက်များမှာ ပင်မစစ်ကြောင်းနှင့်ပါရှိသဖြင့် ကျွန်တော်တို့ကို အချိန်မီ ကူပေးနိုင်မည့် အခြေအနေမရှိပါ။ ကျွန်တော်တို့မှာ အလွန်ကျယ်ပြန့်သော လွင်ပြင်ကြီးထဲရောက်နေရာ ဘေးဘီတွင် အကာအကွယ် ကင်းမဲ့လျက် ဟင်းလင်းဖြစ်နေသည်။ ကျွန်တော် အလွန်ထိတ်လန့်စိုးရိမ်လျက်ရှိကာ တင့်ကားများကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။ တင့်ကားများသည် ကျွန်တော်တို့ယာဉ်များကို ပစ်ခတ်ချေမှုန်းနေရာ အတောင့်အနည်းငယ်ဖြင့်ပင်လျှင် မီးလောင်ကုန်သဖြင့် စာရင်းရှင်းပြီးသလောက်ပင် ဖြစ်သွားလေရာ တင့်ကားများလှည့်၍ ကျွန်တော်တို့၏ ညာဘက်သို့ ထွက်သွားကြသည်။ ကျွန်တော်တို့နောက် တစ်ကီလိုမီတာ နှစ်ကီလိုမီတာခန့်ကျန်ရစ်သည့် ပင်မစစ်ကြောင်းကို တိုက်ရန်ပင်ရှိပါလိမ့်မည်။ နောက်ထိုဘက်မှ တင့်ကားမှ အမြောက်နှင့် စက်



သေနတ်ပစ်သံများကို ကြားကြရသည်။ ခဏကြာလျှင် ကျွန်တော်တို့ တောင်ပေါ်ပစ် အမြောက်များက အချက် [illegible]ည်းနည်းမျှ ပြန်ပစ်သံကြားရသည်။ ညနေဘက်တွင် တင့်ကားများ မြောက်ဘက်ပြန်တက်သွားကြရာ ကျွန်တော်တို့လည်း မိမိတို့ပစ္စည်းပစ္စယ ကျန်သမျှကို ကောက်သင်းကောက်စုကာ ဆက်ချီတက်ရန် သတ်မှတ်ပေးသည့် လော်ရီကားများနှင့်ထွက်ကြပါသည်။

ဧပြီ ၂၈ ရက်နေ့ညနေပိုင်းတွင် ကျွန်တော်တို့သည် [illegible]လေးသွားလမ်းပေါ်တွင် အရေးပါသည့်မြို့တစ်မြို့ဖြစ်သော ကျောက်ဆည်မြို့ကိုချဉ်းကပ်လျက်ရှိကြပါသည်။ ကျောက်ဆည်မြို့ မရောက်မီတွင် လမ်းတစ်ဖက်တစ်ချက်စီတွင် နေရာယူထားသော ဗြိတိသျှတပ်များ ရှိပါသည်။ ကျွန်တော်တို့လည်း ကားပေါ်မှဆင်းကြပြီး လမ်းအနောက်ဘက်တွင် တပ်ဖြန့်နေရာယူကြပါသည်။ ညပိုင်းတွင်တင့်ကားနှစ်စီး တစ်ဟုန်ထိုးတက်လာကြသည်။ သို့သော် မကြာမီပြန်လှည့်သွားသဖြင့် ထိခိုက်မှု မပေါ်ပေါက်ခဲ့ပေ။ ညသန်းခေါင်ခန့်တွင် တပ်မ (၁၈)မှ တပ်ရင်းကြီးတစ်ခု အဖွဲ့လိုက်တဖွဲဖွဲရောက်လာကြကာ လမ်းအရှေ့ဘက်တွင် တပ်ဖြန့်နေကြသည်။ အရုဏ်တက်တွင် ရန်သူက မိမိတို့ယူထားသည့်နေရာပေါ် စိန်ပြောင်းများ စုပြုပစ်သည်။ ချိန်သားကောင်းသည့်အလျောက် ကျွန်တော်တို့ဘက်မှ ကျသူ၊ ဒဏ်ရာရသူ တော်တော်များများရှိသည်။ ကျွန်တော်တို့မှာ အခြားနည်းလမ်း မည်သို့မျှ မကျန်သဖြင့် ဝရန်းသုန်းကားပင် တောထဲသို့ဆုတ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com




ထိုနေ့နံနက် နေမြင့်မှ ကျွန်တော်တို့၏ အမြောက်ကြီးများ ရောက်လာကာ ရန်သူ့နေရာတို့ကို ပစ်ခတ်သည်။ ကျွန်တော်တို့ ရှေ့တန်းမျက်နှာစာဘက်မှ ထွက်တိုက်ရန် သင့်သလောက်ရှိပြီ ဟု မှန်းမိလိုက်ချိန်တွင် ဤတိုက်ပွဲဖြစ်ရာမှထွက်၍ မြင်းခြံသို့ ချီတက် အခြေပြုကာ ဆုတ်လာမည့်ဗြိတိသျှတပ်များကို ပိတ် ဆို့ရမည်ဟူသော အမိန့်ကိုရသည်။ ကျွန်တော်တို့က ဖြစ်လက်စ တိုက်ပွဲမှ ထွက်ရလျှင် အရှုံးဖြင့် ပြန်ရသည်ဟု အမြင်ရောက် သွားနိုင်သဖြင့် စိတ်မကောင်းကြပါ။

သို့သော် အမိန့်သည် အမိန့်ဖြစ်၍ လိုက်နာကြရလေ သည်။ နောက်တစ်နေ့ မြင်းခြံသို့ရောက်သည့်အခါ ရန်သူကို မတွေ့ရသည့်ပြင် ရန်သူဖြတ်သွားခဲ့ခြင်းလည်း မရှိကြောင်းသိ ရသည်။ ထို့ကြောင့် တပ်မ(၁၈)က မေလ ၁ ရက်နေ့က သိမ်း ခဲ့သော မန္တလေးမြို့တော်သို့ အဝေးကြီးပန်းပြီး သွားလိုက်ရသည့် သဘောသာရှိသည်။ ရှင်းရှင်းပြောရလျှင် မြို့တော်အတွင်းသို့ ပထမဆုံးဝင်သည့် တပ်ဟူသော ဂုဏ်ပုဒ်ကို ဆွတ်ခူးခွင့်ကို ကျွန်တော်တို့ ရန်ကုန်ဝင်စဉ်က လက်လွှတ်လိုက်ရသကဲ့သို့ မန္တလေးတွင်လည်း ဆုံးရှုံးခဲ့လေသည်။

၁



၁၉၄၂ ခုနှစ်ကာလ မြန်မာပြည်အထက်ပိုင်း၊ အလယ်ပိုင်းနှင့် ဆက်စပ်နေသော အိန္ဒိယတိုက်ငယ်နယ်မြေ



www.burmeseclassic.com



## ၃၂။ ကာလဝမ်းရောဂါ

ဒုဗိုလ် မိဂု ဟီရာနို၊ ရင်း(၃)၊ အမှတ်(၂၁၄) ခြေလျင်တပ်ရင်းကြီး
တပ်မ (၃၃)
မုံရွာ၊ တစ်ဒင်လမ်း

အမှတ်(၂၁၅)ခြေလျင်တပ်ရင်းကြီးက မြို့ကိုသိမ်းပြီး မြောက်ဘက်သို့ဆက်တက် သွားပြီးသည့် ၁၉၄၂ခုနှစ် မေ ၂ ရက်တွင် ကျွန်တော်တို့ မုံရွာသို့ ရောက်ကြပါသည်။ ကျွန်တော်တို့ ရေဦးနှင့် တော်တော်နီးနေပြီး ရေဦးချောင်းဘေး သစ်ပင်အောက်၌ နားနေကြစဉ် အကြပ်တစ်ဦးကစ၍ ဆိုး ရွားရွား စအန်ကာ အဖြူရောင် ဝမ်းအရည်ကို ၃မိနစ်တစ်ကြိမ် ၄ မိနစ်တစ်ကြိမ် ပန်းနေပါတော့သည်။ သူ့ ခြေလက် အေးစက်လာကာ ပါးကြီးတွန့်တွန့်၍ ခန္ဓာကိုယ်တွင်း ရေဓာတ် ခန်းသည့် အခြေသို့ ဆိုက်နေသည်။ ကြောက်မက်ဖွယ်ကောင်း လှသော ကာလဝမ်းရောဂါကို နဖူးတွေ့ ဒူးတွေ့ကြုံကြရလေပြီ။

လူနာသည် ပါးစပ်မှ ရေအရည်တို့ကို တစ်စက်မျှပင် မမျိုနိုင်တော့၍ သူ၏ခန္ဓာကိုယ်အတွင်းသို့ ရေကို ထိုးသွင်းပေး ရန်မှာ အခရာပင် ဖြစ်သည်။ ထိုစဉ် အလားတူ လူနာများ တစ်ပြုံတစ်ခေါင်းကြီး ရောက်လာကြသဖြင့် ထပ်ဆင့်ပြန့်ပွား ကာကွယ်ရန် တပ်ရင်း တစ်ရင်းလုံးကို သီးသန့် ခွဲထားသင့် ကြောင်း ဝါရင့်ဆရာဝန်ကြီးက တင်ပြလိုက်သည်။ ဤသို့ ရောဂါခြေချုပ်လုပ်ထားစဉ် ကြိုတင်ကာကွယ်မှုများကိုလည်း



...ာင်ရွက်ရသည်။ မစင်များကို ထုံးပက်ပေးရသည်။ ထမင်း ...သျှင် တစ်ယောက်စားစဉ် နှစ်ယောက်က ဘေးမှနေ၍ ...ခံနားရအောင် ယပ်ခတ်ပေးရသည်။ "ရင်းဂါးစ်" ခတ်ဆား ...နှင့် နလုံးလန်းဆေး ထိုးသွင်းပေးမှုတို့ဖြင့်သာ ကုသနိုင် ...ည်ဖြစ်၍ အကြောဆေး အရည်အမြောက်အမြား လိုသည်။ ...င်ရင်းတွင် ရင်းဂါးစ်ဆေးရည် ၆ ပုလင်းသာရှိသဖြင့် လူနာ ...ယောက်စာမျှပင် မရှိချေ။ စစ်မြေပြင်ဆေးရုံကလည်း ဤမျှ ...ပြားသော လူနာဦးရေအတွက် ဆေးရည်ကို လုံလောက် ...အောင်ဖျော်ပေးနိုင်စွမ်းမရှိပေ။ ပိုးမွှားကင်းသည့် ရေကျက်အေး ...အမြောက်အမြားပင် လိုအပ်နေလေသည်။

ထိုအချိန်တွင် တပ်ကြပ်ကြီးအိုအိကာဝါက အုန်းစိမ်း ...ကို သုံးရန် အကြံပြုသည်။ သေဘေးနှင့် လက်တစ်လုံးမျှသာ ...ိတော့သော လူနာရဲဘော်များကို လက်ပိုက်ကြည့်နေမည့်အစား ...ကျချင်းလက်ငင်းပင်ထိုအကြံပြုချက်ကို အကောင်အထည် ...ော်ရတော့သည်။ အံ့ဩဖွယ် ကောင်းလောက်အောင်လည်း ...ိရောက်သည့် နည်းဖြစ်ကြောင်း လက်တွေ့ပြတော့သည်။ ...ိနှင့် ပကတိအနာရောဂါကင်းသူတို့က လှည့်လည်၍ ရပ်ရွာ ...ဲတွင် အုန်းသီးစိမ်းများလိုက်စုရသည်။ ဆေးတပ်ဖွဲ့ဝင်တို့က ...ေးထိုးအပ်ဖြင့် အုန်းရည်ကို အညှာမှ စုပ်ထုတ်ကာ ဆား ...နည်းငယ်ဖျော်ထည့်ပြီးနောက် လူနာများကို ထိုးသွင်းပေး ...သည်။ အုန်းသီး ၇ လုံး၊ ၈ လုံးစာမျှ ထိုးပေးလိုက်သောအခါ ...လူနာသည် နာလန်ထူမည့် နိမိတ်လက္ခဏာများ ပြလာလေ့ ...ရှိသည်။ သို့နှင့် ဤရောဂါကပ်ဆိုးကို ကျော်နိုင်ကာ ဖြစ်ပွား ...သည့် လူနာ ၇၀ လုံးနီးပါးကို ကယ်နိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့သော ကာကွယ်မှုများဖြင့် ကာလဝမ်းရောဂါ
စဖြစ်ချိန်မှာပင် ချိုးနှိမ်ချေဖျက်နိုင်ခဲ့သည်။ နောက်ငါးရက်
အကြာတွင် ကျွန်တော်တို့က ရန်သူကိုစ၍ တိုက်စစ်ဆင်နိုင်
ပေပြီ။ ကလေးဝအသွား ကူးတို့ဆိပ်ဖြစ်သည့် ရွှေကျင်သို့
ရောက်သောအခါ ထရပ်ကားများ တင့်ကားများ လမ်းဘေးတွင်
ပစ်ထားခဲ့ပြီး ဗြိတိသျှနှင့်အိန္ဒိယတပ်များမှာမူ အိန္ဒိယဘက်သို့
အားလုံးဆုတ်သွားကြပြီဖြစ်ကြောင်း တွေ့ရသည်။ ကျွန်တော်
အတွက်မူ ရန်သူကချန်ထားရစ်သော ခြင်ထောင်များတော
တွင် တငြိမ့်ငြိမ့် လွဲယမ်းနေသည်ကို မမေ့တည့်နိုင်အောင်
လေသည်။

○

## ၃၃။ ဗီးရိုး နှင့် ဟာရီကိန်း

အမှုထမ်းစုတပ်ကြပ်ကြီး ယိုရှီတို့ ယာဆူး၁ါး၊
အမှတ်(၆၄) တိုက်လေယာဉ်အုပ်၊ တောင်ပိုင်းတပ်မတော်

၁၉၄၂ ခုနှစ် မတ်လ၂၄ ရက်နေ့တွင် ဗိုလ်ကြီးအန်မော
ဦးဆောင်သော လေယာဉ်စု၌ ဒုတိယနေရာလေယာဉ်ကို မောင်း
ဇင်းမယ်လေယာဉ်ကွင်းမှ ဗြိတိသျှတို့၏ စစ်တွေစခန်းပေါ်သို့
ပျံသန်းခဲ့ပါသည်။ အရှေ့တောင် အာရှဒေသ တစ်ခွင်လုံး
ကျွန်တော်တို့အုပ်သည်သာ ပုံစံ “၁” အော်စကာ တိုက်လေ
ယာဉ် ခေါ် ဟာယာဗူစာ သိမ်း အမည်ရှိ နောက်ဆုံးပေါ် ဗီးရိုး
တိုက်လေယာဉ် တပ်ဆင်ထားသည့် တစ်ခုတည်းသောတပ်



ဖြစ်ပါသည်။ လေယာဉ်ကွင်းပေါ်တွင် ဟော်ကာ ဟာရီကိန်း
တိုက်လေယာဉ်နှစ်စင်းသည် ကောင်းကင်ယံအစောင့်တာဝန်ဖြင့်
ပျံနေကြသည်ကို တွေ့ရပါသည်။ ဗိုလ်ကြီး ယာဆုမသည်
၎င်းလေယာဉ်စုနှင့် ထိုလေယာဉ်နှစ်စင်းကို ချက်ချင်းဝင်တိုက်
ပါသည်။ ဟာရီကိန်းလေယာဉ်သည် ရှားမှရှားသည့် လေယာဉ်
မျိုးဖြစ်၍ ၇.၇ မမစက်သေနတ် ၁၂ လက် တပ်ဆင်ထားသော
ကြောင့် ကျွန်တော်တို့ကို နောက်ကျောမှ ပစ်ခွင့်ရခဲ့လျှင်
ကျွန်တော်တို့လေယာဉ် စုတ်ပြတ်သတ်သွားနိုင်သည်။ စိုက်ထိုး
ဆင်းရာ၌ ကျွန်တော်တို့ဗီးရိုးထက် ပိုမြန်သည်။ ထို့ကြောင့်
ဟာရီကိန်းနှင့်တိုက်ရသည့်အခါ ဗီးရိုး၏အားသာချက်ဖြစ်သော
ကြိုးသလို ဝေ့ဝိုက်ဆင်းတက်နိုင်မှုဖြင့် ဟာရီကိန်းဘက်က ပစ်
အားသာမှုကို ရှောင်တိမ်းကာ အခွင့်ကြုံလျှင် ဟာရီကိန်း၏
အားနွဲ့ကွက်ဖြစ်သော အင်ဂျင်ရေတိုင်ကီကို ပစ်ထည့်ခြင်းဖြင့်
ဆက်ကို တုန့်ခနဲရပ်သွားစေရန်ပင်ဖြစ်သည်။ ဗီးရိုး၏၁၃ မမ
စက်သေနတ်နှစ်လက်တည်းနှင့်ပင် ရေတိုင်ကီတွင် တစ်ပေါက်မျှ
ဖောက်လိုက်နိုင်လျှင် ဟာရီကိန်းကိုထိုးကျ သွားစေနိုင်မည်
ဖြစ်သည်။ ဗိုလ်ကြီးအန်မာ့က ဟာရီကိန်းတစ်စင်းနောက်သို့
လိုက်ကာ စက်သေနတ် တစ်ချက်ဆွဲလိုက်သည်၊ ဟာရီကိန်းသည်
မတည်နိုင်တော့ဘဲ စိုက်ကျပျက်စီးသွားတော့သည်။ လေသူရဲကို
ပြန်သွား၍ ဤသို့ဖြစ်တန်ရာပါသည်။ ကျွန်တော်က ကျန်
လေယာဉ်နောက်လိုက်ရာတွင် ရုတ်တရက်ထိုးဆင်းပြီး လွတ်
မြောက်သွားပါသည်။ ကျွန်တော်လည်း ဆက်မလိုက်ဘဲ
ကျွန်တော်၏ ဗိုလ်ကြီးနောက်သို့ လိုက်ရှာရာတွင် မတွေ့တော့ပါ။
ထိုနောက် လေယာဉ်သုံးစီး အစုတစ်စုကို အမြင့်တွင် တွေ့လိုက်
ရခြင့် သူတို့နှင့်မီအောင် လိုက်ပါသည်။ ယင်းအစုမှာ ရန်သူ

www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ဦးတည်နေသည့် ဗိုလ်ကြီး အိုတာနီ၏အဖွဲ့ဖြစ်ပါသည်။ ကျွန်တော်တို့မှာ ရန်သူ့စခန်းနှင့် နီးသေးသဖြင့် မိမိ၏နောက် ဘက်၊ အပေါ်ဘက်နှင့် တစ်ခါတစ်ရံအောက်နှင့် နောက်ဘက်သို့ လေယာဉ်အမြီးနှင့်အတောင်ကို ဖည်ယမ်းပြီး သေသေချာချာ ကြည့်ရင်းမောင်းလျက်ရှိပါသည်။ ကျွန်တော် ထိုင်နေရာမှကွယ် နေသည့်နေရာတွင် ရန်သူက အသာဝင်နေနိုင်သည့်အတွက် ဤသို့လုပ်ဖို့အရေးကြီးပါသည်။

ရန်သူနှင့် မလှမ်းမကမ်းဖြစ်၍ အိုတာနီတို့အစုသည် အသော့နှင်လျက်ရှိသည်။ ကျွန်တော် မီတာ ၂,၀၀၀ အကွာ ရောက်သည့်အခါ အတောင်ကို စဉ်းငယ်စောင်းတင်လိုက်သော အခိုက်တွင် တစ်စုံတစ်ခုကိုမြင်လိုက်ရသည်။ ကျွန်တော် တပ် ထားသော လေသူရဲ လေကာမျက်မှန်ကိုချွတ်၍ ရှေ့လေကာ မှန်ကို အနည်းငယ်ဖွင့်လိုက်သောအခါ အညိုနှင့်အစိမ်းပုပ် ဖျက်ဆေးပြောက်ကျားဆင်ဖြင့် ဟာရီကိန်းတစ်စီးကို ကျွန်တော့် နောက် မီတာ ၃,၀၀၀ ခန့်အကွာမှ ကျွန်တော့်အောက် မီတာ ၅၀၀ နိမ့်၍ လိုက်လာသည်ကို တွေ့ရပါသည်။ ကျွန်တော် မမြင်ချင်ယောင်ဆောင်၍ အိုတာနီတို့အစုကို မီအောင်သာ ဆက်လိုက်နေသည့်ပုံဖြင့် ဟန်မပျက်နေလိုက်သည်။ အကယ်၍ ကျွန်တော်ကလှည့်၍ အမြင့်စီးမှ ဖိတိုက်မည့်ဟန်ပြုသည်နှင့် သူက ထိုးဆင်းပြီး ထွက်ပြေးပါလိမ့်မည်။ သူနီးကပ်လာသည် အထိ စောင့်ရပေမည်။ သူက မီတာ ၆၀၀၊ ၇၀၀ အတွင်းချဉ်း ကပ်မိလျှင် သူ၏ စက်သေနတ် ၁၂ လက်ဖြင့် စပစ်တော့မည် ဖြစ်သည်။ သို့သော် သူမီတာ ၆၀၀ လောက်အထိ ကပ်လာသည့် အချိန်တွင် ကျွန်တော်က နောက်ပြန်လှန်တက်ကာ တစ်ပတ်



ကျွမ်းဆိုးလိုက်လျှင် သူ့ကို နောက်မှနေ၍ အထက်စီး၊ နေရာဦး ရောက်သွားနိုင်ပေမည်။ သူ မရိပ်မိစေရန် ကျွန်တော့လေယာဉ် အမြီးကို အသာအယာငဲ့၍ ခေါင်းကို လေကာမှန်နား အသာ ကပ်ကာ လှမ်းကြည့်ရသည်။ သူက ကျွန်တော် သတိမထား မိသေးဟု ယူဆဟန်ရှိကာ တဖြည်းဖြည်း ကပ်လာနေဆဲဖြစ် သည်။ ရှေ့မှ လေယာဉ်သုံးစီးနှင့် မီတာ ၃၀၀ ခန့် အကွာသို့ ကျွန်တော်ရောက်သည့်အခါတွင် သူသည်ကျွန်တော်နှင့်မီတာ ၇၀၀ ခန့်သာ ခြားတော့သည်။

အချိန်တန်ပေပြီ။ စက်ကုန်မြှင့်တင်လိုက်ပြီး လေယာဉ် ဦးကို နိမ့်ပေးလိုက်သည်နှင့် အရှိန်တစ်စတစ်စ တက်လာသည်။ မီတာ ၆၀၀ ခန့်သာခြားတော့သည်။ ပဲ့ထိန်းမကျိုင်ကို တအား နောက်သို့ဆွဲလိုက်ရာ ဦးမော့လာကာ နောက်ကျွမ်း တစ်ပတ်ပြန် သမ်းကြောင်းထဲဝင်သွားသည်။ ကျွမ်းတစ်ပတ်ထိုးရာ၌ ထိပ် အရောက်တွင် အောက်ငဲ့ကြည့်ရာ ရန်သူလေယာဉ်သည် ကျွန်တော့ စက်ကွင်းမှ ရှောင်ထွက်ရန် စတင်၍ ဘယ်ဘက် သို့ ချိုးနေသည်ကို မြင်ရသည်။ သို့သော် သူနောက်ကျသွား ပြီ။ ကျွန်တော်ကသူ့ လေယာဉ်အမြီးအထက်တွင် စီးလျက် သား။ ဗိုလ်ကြီးအိုတာနီကလည်း ကျွန်တော့် လေယာဉ်အချိုး ရုတ်တရက်ပြောင်းသည်ကို တွေ့လိုက်၍ သူတို့လည်း ဘယ် ဘက် ချိုးချလိုက်သည်။ ထိုအခိုက်တွင် ရန်သူဟာရီကိန်းသည် ကျွန်တော့ ချိန်ခွက်ထဲသို့ အပ်ကျမပ်ကျ ဝင်လာသည်။ ပစ် မှတ်ကို ပင်လယ်ပြင်ပြာပြာလှိုင်းဖွေးဖွေးက နောက်ခံ အသား ပေးထားသဖြင့် ချိန်လို့ကောင်း၊ လိုက်လို့ကောင်းသည့် အနေ အထားပင် ဖြစ်တော့သည်။ ကျွန်တော်က အပစ်ခလုတ်ကို

www.burmeseclassic.com

www.burmeseclassic.com



မြဲမြဲမြဲမြဲ ဖိလိုက်ရာ လေယာဉ်စက်ခေါင်းတစ်ဖက် တစ်ချက်မှ မီးကျည်အတန်းနှစ်တန်း ပေါ်လာသည်။ လေယာဉ်နှစ်စင်းအကြား မီတာ၁၀၀ခန့်သာ ရှိတော့သည်၊ ရန်သူ့လေယာဉ်၏ စက်ခေါင်းကိုပစ်ချက်များကျစေအောင် ထိန်းပေးလိုက်သည်။ မီတာ ၃၀အတွင်းသို့ရောက်သွားသောအခါတွင် ပဲ့ထိန်းမဏ္ဍိုင်ကိုဆွဲကာ ဘယ်ဘက်သို့ ပဲ့ပေးလိုက်သည်။ ရန်သူ့လေယာဉ်ကို ကျော်ဖြတ်သွားစဉ် ဟာရီကိန်း၏ စက်ခေါင်းမှ ရေနွေးငွေ့ တလူလူထွက်လာသည်ကို မြင်လိုက်ရသဖြင့် ရေတိုင်ကီပေါက်သွားအောင် ပစ်နိုင်ခဲ့ကြောင်းသိလိုက်သည်။

ကျွန်တော်တို့ဖီးရိုးသုံးစင်းလည်း ထိုဟာရီကိန်းလေယာဉ်ဘက်သို့ ဦးတည်လာနေကြသည်။ ရုတ်တရက်ပင် ရန်သူ့လေယာဉ်၏ဦးခေါင်း စိုက်ကျသွားပြီး ခုတ်လှဲလိုက်သည့် သစ်ပင်ကဲ့သို့ ဖည်ယမ်းကာ ပြုတ်ကျသွားတော့သည်။ လေယာဉ်မှူးခန်းမှ မည်းမည်း သဏ္ဍာန်ထွက်လာကာ ၎င်းထံမှ ဖြူဖြူအတန်းတစ်တန်း လွင့်ထွက်လာသည်ကိုမြင်ရသည်။ လေသူရဲက ခုန်ဆင်းကာ လေထီးဖွင့်လိုက်ခြင်းပင် ဖြစ်သည်။ သို့သော် သူ၏လေထီးအပြည့်အဝမပွင့်မီ ရေထဲသို့ ဗွမ်းခနဲကျသွားတော့သည်။ သူ့လေယာဉ်လည်း သူကျသည့်နေရာ အနီးတွင်ပင် ကျသွားပြန်သည်။ ဗိုလ်ကြီးအိုတာနီနှင့်အဖွဲ့ကတော့ အံ့အားသင့်သည့် အမူအရာဖြင့် ကျွန်တော့်ကို ကြည့်နေကြသည်။ ကျွန်တော်တို့သည် ရန်ကုန်မြို့ရောက်သည့်အခါ မင်္ဂလာဒုံလေယာဉ်ကွင်းတွင် ဆင်းကြသည်။ ရန်ကုန်ကို ဂျပန်တပ်များက ယခင်နှစ်ပတ်ကပင် သိမ်းထားပြီး ဖြစ်လေသည်။ ကျွန်တော်တို့မှာ ဇင်းမယ်အုပ်မှ မင်္ဂလာဒုံကွင်းတွင် ပထမဆုံးဆင်းသည့်သူများ ဖြစ်သည်။ ဗိုလ်ကြီးအိုတာနီက ကျွန်တော့်



ာကို ပုတ်လိုက်ပြီး "တို့သုံးယောက်ထဲက တစ်ယောက်ယောက်ရဲ့ အသက်ကို မင်း ကယ်ခဲ့တာအမှန်ပဲ။ မင်းကို ငါ တစ်ချက် တစ်ဖလား တိုက်ဦးမယ်"ဟု ဆိုပါသည်။

၁၉၄၂ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် မကွေးရှိ ဗြိတိသျှလေတပ်စခန်းကို ဂျပန်ဗုံးကြဲလေယာဉ်နှင့် တိုက်လေယာဉ်အများအပြားကအငိုက်ဖမ်းတိုက်ခိုက်ရာ မြေပေါ်တွင် လေယာဉ်အများကို ဖျက်ဆီးနိုင်လိုက်သည်။ မတ်လ ၂၂ ရက်နေ့တွင် မကွေးကို နောက်တစ်ကျော့ ထပ်တိုက်ပြီး စစ်တွေကိုလည်း မတ်လ ၂၃ ရက်နေ့နှင့် ၂၄ ရက်နေ့တို့တွင် တိုက်ခိုက်ခဲ့သည်။ ကျွန်တော်တို့အုပ်က ထိုလေးရက်အတွင်း ဗြိတိသျှလေယာဉ်လေးစင်းပစ်ချနိုင်ခဲ့ပြီး သုံးစင်းကို ဖျက်ဆီးနိုင်ခဲ့သည်။

ဤတိုက်ခိုက်မှုများကြောင့် အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့၍ ဗြိတိသျှလေတပ်သည် အိန္ဒိယဘက်သို့ဆုတ်သွားခဲ့ဟန်ရှိပါသည်။ သို့ရာတွင် "အေဗီဂျီ"ခေါ် တရုတ်ပြည်တွင် တပ်စွဲထားသည့် အမေရိကန် အပျော်ထမ်း အုပ်စု မှ ပီ ၄၀ တိုက်လေယာဉ်များက လှုပ်ရှားနေဆဲဖြစ်ပါသည်။ ဇင်းမယ်ရှိ ကျွန်တော်တို့၏စခန်းကို ဧပြီ လ ၆ ရက်နေ့တွင် ၎င်းတို့က လာတိုက်ပါသည်။ ထိုအချိန်၌ ကျွန်တော်နှင့်သုံးဦးမှာ အရေးကြီးက ထလိုက်ရန် တာဝန်ကျနေချိန် ဖြစ်ပါသည်။ သို့သော် မှောင်ရီတရောဖြစ်၍ အငိုက်မိသွားပါသည်။ ကျွန်တော့် လေယာဉ်ဆီသို့ ပြေးရာတွင် ကျွန်တော့် ခြေဖနောက်နောက်မှ စက်သေနတ် ကျည်ဆန်များ တန်းလိုက်ရာ မြေစာပွထလာသဖြင့် ရန်သူ့လေယာဉ်ချိန်ခွက်တွင်း ရောက်နေပြီဆိုသည်ကို သိရသည်နှင့် ဝမ်းလျားထိုးလိုက်ရာ ကံအားလျော်စွာ ချိုင့်ကို

www.burmeseclassic.com

www.burmeseclassic.com



ကလေးထဲ မှောက်မိရက်သားဖြစ်နေသည်။ ကျွန်တော် ခပ်ရှက်ရှက်ဖြစ်မိသော်လည်း ဘာမျှမတတ်နိုင်ပါ။ ကျွန်တော် လေယာဉ်ကိုနှိုးပြီး တက်နိုင်သည့်တိုင်အောင် အလွယ်တကူပင် ပစ်ချခံရပါမည်။ ထိုစဉ်တွင် ကျွန်တော်တို့၏ လေယာဉ်ပစ်စက်သေနတ်များက စပစ်၍ ရန်သူလေယာဉ်များ မကြာမီပြန်သွားကြတော့သည်။ ကျွန်တော်တို့က မြေပြင်ပစ်ခတ်မှုဖြင့် ပီ ၄၀ တစ်စင်းကိုပစ်ချနိုင်ခဲ့သော်လည်း ဓိုးရိုးသုံးစင်း မီးလောင်၍ လေးစင်းပျက်စီးသွားရာ ပျက်စီးဆုံးရှုံးမှုပမာဏ များပေသည်။

၁

# ၃

## အိမ်းပိုက်အုပ်ချုပ်သည့်ကာလ

၁၉၄၂ ဇူလိုင် မှ ဒီဇင်ဘာ

www.burmeseclassic.com

## ၃၄။ ထူညီဝတ်စုံဖြူနှင့် နှုတ်မိမယ်ကလေးများ

ဒုတပ်ကြပ် ကတ်ဆုမိအိုနို၊ တပ်ခွဲ(၂)၊ ရင်း(၁)၊ အမှတ်(၁၁၂)
ခြေလျင်တပ်ရင်းကြီး တပ်မ (၅၅)
ပဲခူး၊ ရွှေဘို၊ မန္တလေး

ကျွန်တော်တို့ မန္တလေးကိုသိမ်းပြီးနောက်တွင် ကျွန်တော်တို့၏ တပ်ရင်းကြီးမှ အင်အားစုအချို့သည် ဟူးကောင်းတောင်ကြားရှိ ဝလောဘွမ် အထိ မြောက်ဘက်သို့ တက်ခဲ့ကြပြီးနောက် ၁၉၄၂ခုနှစ် ဇွန်လတွင် မန္တလေးသို့ ပြန်လာကြသည်။ မြန်မာတစ်ပြည်လုံးကို သိမ်းပြီးဖြစ်ရာ မြန်မာပြည်တိုက်ပွဲစဉ်အတွင်း သေဆုံးခဲ့သူ လူမျိုးမရွေးအားလုံးအတွက် ဝမ်းနည်းကြောင်း အခမ်းအနား တစ်ရပ်ကို တပ်ရင်းကြီးဌာနချုပ်၌ ကျင်းပခဲ့ပါသည်။ ကျဆုံးသူ ဂျပန်စစ်သည်အားလုံးအတွက် လည်းကောင်း ကျဆုံးခဲ့သည့် ဗြိတိသျှနှင့် အိန္ဒိယ အညတရ စစ်သည်အားလုံးအတွက်လည်းကောင်း ခန့်ထည်သော အထိမ်းအမှတ်တစ်ခုစီကို ရေနံချောင်းတွင် တည်ဆောက်ကြောင်း ကျွန်တော်တို့ကို ပြောပြကြပါသည်။ ကျွန်တော်တို့တပ်ခွဲသည် ထိုအချိန်တွင် ရွှေဘိုအနီး လုံခြုံရေးတာဝန်ယူလျက်ရှိပါသည်။

လေးလဆက်တိုက် တိုက်ပွဲအလီလီတိုက်ရင်း ချီစစ်ကို အမြန်ဆင်နွှဲရခြင်းအပြင် ထိုအတောအတွင်း တစ်ချီတစ်ချီ သားနှင့်ပင် ထမင်းတစ်နပ်ပြီးလိုက်ရသည်အထိ အာဟာရအား ဖြင့်လည်း ချို့တဲ့သဖြင့် ငှက်ဖျားနှင့် ဝမ်းကိုက်နာတို့ကြောင့် တပ်ခွဲ၏အင်အား သုံးပုံ တစ်ပုံမှာ တာဝန်မထမ်းဆောင်နိုင်ဘဲ ရှိကြသည်။ ဒုတပ်ကြပ် ကူရာမိုတို အပါအဝင် ကျွန်တော်



ဘ်ဆွေအချို့မှာ ဖျားနာ၍ သေဆုံးခဲ့ကြသည်။ ကျွန်တော်ကိုယ်တိုင်လည်း ကျန်းမာရေး မကောင်းလှစေကာမူ တာဝန်ကို ဆက်လက်ထမ်းဆောင်နေရာမှဖျား၍ မန္တလေးရှိ စစ်မြေပြင်ဆေးရုံသို့ တင်လိုက်သည်။ ကျွန်တော့်ရဲဘော်များက မန္တလေးသို့ အလှည့်ကျတာဝန်ဖြင့် ရောက်လာကြသည့်အခါ လာတွေ့ကြပြီး ပြန်နာလန်ထူနိုင်သည်အထိ နားနားနေနေ အားမွေးရန် တိုက်တွန်းကြပါသည်။ သို့သော် ကျွန်တော့်အခြေအနေမှာ ဆိုးလာပြီး မွန်းလွဲ ၂ နာရီကျလျှင် သတိလစ်မတတ် အဖျားတက်လေ့ရှိသည်။ ကျွန်တော်က ကျွန်တော့်ရဲဘော်များ အကြားရှင်ပင် သေလိုသည့်အလျှောက် ကျွန်တော့်တပ်စိတ်သို့ပြန်ခွင့်ပြုရန် တောင်းပန်သော်လည်း ကျွန်တော့်ရဲဘော်များနှင့်ပို၍ဝေးရာ မေမြို့ (ပြင်ဦးလွင်) ရှိ အခြေစိုက်စစ်ဆေးရုံသို့ ပြောင်းလိုက်ပါသည်။ ထိုဆေးရုံသို့ရောက်ပြီး ရက်အနည်းငယ်ကြာသောအခါ ကျွန်တော် ၏ အဖျားမှာ ပိုဆိုးလာသဖြင့် အထူးကြပ်မတ်ကုဌာနသို့ တင်လိုက်ပါသည်။ ယင်းဌာနတွင် ကျွန်တော်သည် ရက်တိုင်တိုင် မေ့မျောနေကာ ကျွန်တော့်ကို အနီးကပ်စောင့်ကြည့်ပေးနေသော ဆေးရဲဘော်က နှိုးလိုက်မှ နိုးလာပါသည်။ ရက်အနည်းငယ် အကြာတွင်မူ အံ့သြဖွယ်ရာ တုံးကျော်ခဲ့ပြီဖြစ်ကြောင်း ဆရာဝန်က ပြောပါသည်။ သို့တိုင်အောင် ကျွန်တော့်ကို တွယ်ထားသော အဖျားက လုံးဝလက်မလွှတ်သေးဘဲ မွန်းလွဲပိုင်းလောက်ဆိုလျှင် အဖျားတက်နေတတ်ပါသေးသည်။

ပြင်ဦးလွင်၏ ရာသီဥတုမှာ မြန်မာပြည်တွင် အကောင်းဆုံးသင်ဖြစ်ပါသည်။ ချယ်ရီပန်းများ မက်မွန်ပန်းများ၏အလှတို့ကောင်းမွန်သည့် အစာအဟာရဖြင့် အားဖြည့်ပေးလိုက်၍

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စစ်မြေတလင်းတွင်ကြုံခဲ့ရသော ပင်ပန်းမှုနှင့် တခြားစီပင်ဖြစ်နေရာ တာဝန်ပိနေဦးမည့်ကျွန်တော့်ရဲဘော်များ အတွက် ကျွန်တော်စိတ်မကောင်းဖြစ်နေမိသည်။ ကျွန်တော် နေကောင်းလာသည်နှင့် ဆရာဝန်ထံ သွားတွေ့ပြီး ဆင်းခွင့် တောင်းပါသည်။ သို့သော် ကျွန်တော် နာလန်မထူတတ်သေးဟု သူက ရှုတည်တည်ပြောလွှတ်လိုက်ပါသည်။

ကျွန်တော် ဆေးရုံတက်၍ ရက်ပေါင်း ၅၀ ရှိသည်တွင် မိခင်မြေမှ ဂျပန်သူနာပြုဆရာမများ ရောက်လာကြတော့မည် ဟု ကောလာဟလသတင်းထွက်လာသဖြင့် ကျွန်တော်သည် တပ်ခွဲသို့ပြန်သွားရန်စိတ်သန်နေဆဲပင်ဖြစ်သော်လည်း သူနာပြု ဆရာမများကို ကွက်ခနဲလောက်မျှသာမြင်ရသည်ထားဦး တွေ့ မြင်လိုသည့်အာသာဖြစ်လာကာမြင်ဖို့အခွင့်အလမ်းတော့ နည်း ပါးဦးမည်ဟုလည်း တွေးနေမိသည်။ ထိုနောက်တွင် ဆရာမများ နောက်တစ်နေ့ရောက်လာကြတော့မည်ဟု အတည်ပြုချက်ရ သဖြင့် ကျွန်တော်နှင့် လူနာခန်း တစ်ခန်းတည်းရှိ လူနာရဲဘော် ၆၀ ခန့်မှာ လှုပ်လှုပ်ရွရွဖြစ်နေကြသည်။ စိတ်လှုပ်ရှားနေ၍ ထိုညက အိပ်၍ပင်မပျော်။

မြန်မာပြည်၏ တိုတောင်းသည့် ညည့်ကာလလည်း လွန်မြောက်သွားသောအခါ ကျွန်တော်တို့အားလုံး တမျှော်မျှော် ဖြစ်နေကြသည်။ ထိုစဉ် "သူတို့ရောက်ပြီ" ဟု အော်သံထွက် လာရာ နားနေချိန်ဖြစ်သော်လည်း စင်္ကြံသို့ပြေးကြည့်ကြသည်။ ကျွန်တော်တို့အခန်းမှာ ဆေးခန်းနှင့်အလှမ်းကွာသဖြင့် မိတ်ဆွေ တစ်ဦးထံမှ မှန်ပြောင်းငှားကြည့်မှ သူနာပြုဆရာမ သုံးဦး လမ်းလျှောက်သွားသည်ကို မြင်လိုက်ရရုံသာရှိသည်။ စစ်မြေတွင် ဖြစ်တတ်သည့်အတိုင်း အမိမြေကိုလွမ်းစိတ်က နိုးကြွလာပြန်



သည်။ နောက်နှစ်ရက်အကြာတွင် ဆေးရုံမှဆင်းခွင့်ပေးလိုက်၍ ကျွန်တော့တပ်ခွဲသို့ပြန်ရသည်။ သူနာပြုဆရာမများနှင့် တွေ့ဆုံ ပြောဆိုရန် အခွင့်မသာသည့်အတွက် အနည်းငယ်တော့စိတ် မကောင်းဖြစ်ရပါသည်။ ဆေးရုံက ကောင်းမွန်စွာပြုစုကုသ ပေးမှုကြောင့် ကျွန်တော် ထပ်မဖျားတော့သဖြင့် ဝတ်စုံဖြူဝတ် ဓာတ်မိမယ်များနှင့် ဆုံစည်းနိုင်ဖို့ဝေးခဲ့ပါသည်။

၁၉၄၂ခုနှစ် နွေတွင် ကျွန်တော်တို့တပ် ပြည်မြို့တွင် အခြေပြုလျက်ရှိပါသည်။ စစ်တိုက်ဖို့မရှိသဖြင့် နေ့စဉ်ဆိုသလို အားလပ်ကြပါသည်။ တာဝန်တစ်စုံတစ်ရာ မကျလျှင် ကြိုက် သလို အချိန်ကိုအသုံးချနိုင်ကြပါသည်။ အချို့ကတော့ စစ်တုရင် သို့မဟုတ် ဂျပန် "ဂိုး"[၁] ကစားနည်းတို့ဖြင့်အချိန်ဖြုန်းနေ လေ့ရှိကြပါသည်။ အချို့ကမူ ကဗျာစပ်နည်း၊ သီချင်းဆိုခြင်း ဂျပန်ရိုးရာ ကနည်းများ သင်ကြပါသည်။ ကျွန်တော်ကတော့ ရန်ကုန်တွင် ပုံနှိပ်ထုတ်ဝေသည့်"မြန်မာသတင်းစာ"[၂] တွင် ဓာပတ်ပရိသတ်အတွက် ကော်လံ၌ ဆောင်းပါးများ ရေးပို့ရန် စိတ်ပါပါသည်။ ဆောင်းပါးအတိုအထွာရေးရာ၌ ကျွန်တော်၏ ပထမဆုံးအတွေ့အကြုံပင်ဖြစ်ပါသည်။ ကျွန်တော် ပထမဦးဆုံး ပို့လိုက်သည့်ဆောင်းပါးသည် နောက်ဆယ့်ငါးရက်အကြာတွင် သတင်းစာထဲ၌ပါလာပြီးနောက် တစ်ခုပြီး တစ်ခုကို လက်ခံ ထည့်သွင်းပေးပါသည်။ ကျွန်တော်ရေးလိုက်သော ဆောင်းပါး များကို သတင်းစာတွင် ပုံနှိပ်စာလုံးများအဖြစ် တွေ့ရသောအခါ

---

၁။ ကျောက်ခဲအဖြူအမည်းတို့ဖြင့် ကြက်ခြေ ၃၆၁ခုပေါ်တွင် တစ်ဖက် သား၏ ကျောက်ခဲနှင့် နယ်မြေအများဆုံးပတ်မိအောင် မိမိကျောက်ခဲ များ ခင်းကျင်းရသည့် ကစားနည်း။

၂။ Burma Newspaper

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဖြစ်ရပါသည်။ ဆောင်းပါးတစ်ပုဒ်ကို လက်ခံသည့်အခါတွင် မြန်မာပြည်ရှုခင်း ပို့စကတ်သုံးခု ကျွန်တော့်ထံ ပို့ပေးလေ့ရှိပါသည်။ ကျွန်တော်သည်အခြားသော ထူးခြားစိတ်ပါဝင်စားဖွယ် မရှိသဖြင့် ဤကိစ္စသည် ကျွန်တော့်အတွက် တစ်ခုတည်းသော စိတ်ကြည်မွေ့စရာပင်ဖြစ်ပါတော့သည်။

၁၉၄၃ ခုနှစ် နွေသမယတွင် ကျွန်တော်၏ တပ်မှူး ဗိုလ်ကြီးအာဗေထံဝင်၍ ကျွန်တော် ပြည်မနိုင်ငံသို့ ပြန်ရမည် ဖြစ်ကြောင်း သတင်းပို့ပါသည်။ သူက "မင်းမှာရှိပြီးဖြစ်တဲ့ စာပေအထုပ်ပါရမီဟာ မိခင်နိုင်ငံမှာ အသုံးဝင်တာကို မင်းတွေ့ရမှာပါ"ဟုပြောလိုက်ရာ ကျွန်တော့် ဝါသနာကို သူသိနေကြောင်း ဖွင့်ဟလိုက်ခြင်းသည် ကျွန်တော့်ကို ဘဝင်ခိုက်သွားစေတော့သည်။

ကျွန်တော် စင်္ကာပူမှ တန် ၁၅,၀၀၀ သင်္ဘောကြီးနှင့် လိုက်ပါ၍ ထွက်ရသည့်အချိန်မှာ ၁၉၄၃ခုနှစ် စက်တင်ဘာလ ကုန်ပိုင်းတွင် ဖြစ်ပါသည်။ ကျွန်တော်နှင့် "တစ်လှေတည်းစီး" ရဲဘော်ရဲဘက်များမှာ ၁၉၃၈ ခုနှစ်တွင် စစ်မှုထမ်းရန်ဆင့်ဆိုခေါ်ယူလိုက်သူများဖြစ်ကြ၍ တပ်ထဲတွင် ငါးနှစ်နီးပါး တာဝန်ထမ်းဆောင်ပြီးသူများ ဖြစ်ကြပါသည်။ ကျွန်တော်တို့ ဤသို့ သင်္ဘောဖြင့်ပြန်သည့်အချိန်တွင် အမေရိကန် ရေငုပ်သင်္ဘောများ၏ အန္တရာယ် ပေါ်ပေါက်နေသောအချိန်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့ သင်္ဘောအပါအဝင်ဖြစ်သော သင်္ဘော ၆ စင်း ယာဉ်တန်းအနက် ကျွန်တော်တို့သင်္ဘောတစ်စင်းသာ ပြဿနာမပေါ်ဘဲ ဂျပန်နိုင်ငံသို့ ချောချောမောမောပြန်ရောက်ပါသည်။ ရှိမိုနိုဆကီးဆိပ်ကမ်းတွင် ဆိုက်ရန် တစ်ရက်သာ လိုသော အချိန်တွင် ကျွန်တော်တို့ ရဲဘော်တစ်ဦးမှာ သူလိုက်ပါ



လာသည့် နံချာချာ အခန်းတွင်းမှာပင် ငှက်ဖျားရောဂါဖြင့် သေဆုံးသွားပါသည်။ အောက်တိုဘာလ ၄ ရက်နေ့ နံနက် အာစောဖြစ်၍ သူ၏အရပ်တွင် ဆန်စပါးများမှည့်ချိန်ဖြစ်ပေရာ နှစ်စဉ်ကျင်းပနေကျ နွေနှောင်းပွဲတော် ဆင်ယင်လျက်ရှိနေကြမည့်ဖြစ်လေသည်။ ကျွန်တော်တို့ သူ့အတွက် စိတ်မကောင်းဖြစ်ခြင်းဖြစ်ရပါသည်။ မိခင်နိုင်ငံတွင် ဆိုက်ရောက်ရန်တစ်ရက်မျှသာအလိုတွင် ဤသို့ ဆုံးပါးရန် ရှိလာသည့်အခါ သူမည်မျှ ခံပန်းတနည်းဖြစ်ရှာမည်ကို ကျွန်တော်တို့ သဘောပေါက်မိပါသည်။ စင်္ကာပူမှ စထွက်စဉ်က တက်တက်ကြွကြွနှင့် သူက စစ်ထဲမှထွက်ခွင့်ရပြီးနောက် အေးအေးချမ်းချမ်းနေရတော့မည်ဟု စိတ်ကူးယဉ်ခဲ့သည်ကို ပြန်သတိရမိနေပါသည်။ ယခုတော့ ရဲဘော်များက စစ်အခမ်းအနားဖြင့်သင်္ဂြိုဟ်ရာ၌ တီးမှုတ်သည့် ဆွေးမြေ့ဖွယ်ရာ စစ်ချီသီချင်းကို တီးမှုတ်ဆဲတွင် သူ့ရုပ်အလောင်းအား လှိုင်းထန်နေသည့် ဂျပန်ပင်လယ်ထဲသို့ နှင်းအပ်လိုက်ရလေပြီတည်း။

○

## ၃၅။ ငါးဖမ်းခြင်း

တပ်ကြပ်ကြီးအီဆာဝို အိုက်ဟားရား၊ တပ်ခွဲ(၈)၊ ရင်း(၃)၊ အမှတ်(၅၅)တောင်ပေါ်ပစ် အမြောက်တပ်ရင်းကြီး၊ တပ်မ (၅၅)

မန္တလေး၊ ရခိုင်

ကျွန်တော်တို့သည် တရုတ်တပ်များကို ရှမ်းကုန်းပြင်မြင့်ဒေသတွင် လိုက်တိုက်ပြီးနောက် မန္တလေး တောင်ဘက် ကီလိုမီတာ ၂၀ ခန့်တွင်ရှိသော မြစ်ငယ်သို့ ၁၉၄၂ ခုနှစ် မေလ

www.burmeseclassic.com

www.burmeseclassic.com



၂၉ရက်နေ့တွင် ရောက်ရှိအခြေပြုပါသည်။ ကျွန်တော်တို့ကို အရာခံဗိုလ် အိုဂါတ ဦးဆောင်သောအဖွဲ့ကနေရာချထားပေးရာ ကျွန်တော်တို့တပ်ခွဲကို ယခင် ဗြိတိသျှရထားစက်ဆရာများ နေခဲ့သည့် အိမ်ကောင်းရာကောင်း ဆယ်လုံးတွင် နေရာချထား ပေးပါသည်။ ကျွန်တော်တို့အိမ်ကြားတွင် ငါးမိတာခန့် ဖြက်ရှိ ချောင်းကလေးတစ်ချောင်း စီးဆင်းနေရာ ရေတော်တော်နက် သဖြင့် ငါးခူနှင့်ငါးရံ့များကို အားသည့်အခါ မျှားကြပါသည်။ မြက်ခင်း ကျယ်ကျယ်ပြန့်ပြန့်ရှိသဖြင့် တုံးတင် စည်းရိုးခတ်ပြီး ကျွန်တော်တို့ မြင်းများကို စားကျက်တွင် လွှတ်ထားပါသည်။ မြင်းများသည် သူ့အစုနှင့်သူ ပြေးကာလွှားကာနှင့် သူတို့ ဇာတိရပ်မြေ ဟိုက်ကိုင်းဒိုး၊ ကျူးရှူးတို့သို့ ပြန်ရောက်ပြီ ဟု ထင်မိကောင်းထင်မိကြမှာ ဖြစ်ပါသည်။

ကျွန်တော်တို့မြစ်ငယ်သို့ ရောက်ပြီး အသားကျစတွင် ဂျပန်မှ တပ်သားသစ် ၁၅ယောက် အင်အားဖြည့်ရောက်လာ သဖြင့် ကျွန်တော်တို့စာများ၊ သက်သာချောင်ချိမှု အထုပ်များရ ကြပါသည်။ ကျွန်တော်တို့အများစုအတွက် ကျွန်တော်တို့မိခင် နိုင်ငံကို ယခင်ခုနစ်လခန့် ထွက်ခွာလာချိန်မှစ၍ ဦးဆုံးရသည့် စာပင်ဖြစ်သည်။ လူတိုင်းဖောက်ဖွင့်ပြီး စာကို တစ်လုံးချင်း အခေါက်ခေါက် ဖတ်ကြသည်။ ပျော်စရာသတင်း ပါသလို စိတ်ညစ်စရာသတင်းလည်းပါနိုင်သည်ဖြစ်သော်လည်း စာဖတ် ပြီးကြသောအခါ လူတိုင်းပင် အိမ်သတင်းကြား၍ စိတ် သက်သာရသွားပုံပေါက်ကြသည်သာပင်။ ကျွန်တော်တို့ မိဘ ဆွေမျိုး မိတ်သင်္ဂဟများထံ ပို့စကတ်များပို့ခွင့်ရသော်လည်း စစ်ရေးကိစ္စ လျှို့ဝှက်ထားရသဖြင့် "တောင်ဘက်ပိုင်းနိုင်ငံ များ"တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်ဟုသာ ရေးကြ



သည်၊ ကျွန်တော်တို့ကတော့ ဂျပန်ပြည်နှင့် အလှမ်းကွာ သော မြန်မာပြည်သို့ရောက်နေကြောင်း ပြောပြချင်လှသည်။ တစ်နေ့တွင် ကျွန်တော်တို့၏ တပ်မမှူး ဒုဗိုလ်ချုပ်ကြီးတာကဲ ဒါ တပ်စစ်ရောက်လာရာ တပ်ရင်းကြီး တပ်မှူးက ကျွန်တော် တို့ တပ်ခွဲကို တန်ပြန်တိုက်ပွဲစစ်ရေးပြကို သရုပ်ပြခိုင်းသည်။ ကျွန်တော်တို့က ခြေလျင်နှင့်ပူးပေါင်း၍ အမြန်ပစ်ခတ်ပေးနိုင် သည်ကို ဗိုလ်ချုပ်ကြီးက ကျေနပ်သွားဟန်တူပါသည်။

ကျွန်တော်တို့၏တပ်ခွဲမှူးသည် စစ်သည်များ၏ ကျန်းမာ ရေးကို အစဉ်ဂရုစိုက်သူဖြစ်သည်။ ထို့ပြင် သူသည်ငါးဖမ်းရန် ဝါသနာ ပါသည်။ တစ်နေ့တွင် သူက ချောင်းမှ ကျွန်တော်တို့ စခန်းချရာသို့ ရေလွှဲဖောက်လုပ်၍ ငါးဖမ်းမည်၊ ဤနည်းဖြင့်သာ တပ်ခွဲအတွက် အသားဓာတ်ရနိုင်မည်ဟု ဖြစ်ကြောင်း ပြော၍ ကျွန်တော့်ကို ဆက်လုပ်ရန် အမိန့်ပေးပါသည်၊ ကျွန်တော့် စိတ်ထဲတွင် ဤနည်းဖြင့် ငါးဖမ်း၍ရနိုင်ပါ့မည်လားဟု မယုံ တစ်ဝက် ယုံတစ်ဝက်နှင့်ပင် အခြားသော တပ်စိတ်များမှ လွှတ်ပေးသူ ရဲဘော်များနှင့် ချောင်းကို ပိတ်ရန်တိုင်များစိုက် ပါသည်။ ညနေပိုင်းတွင် ဆည်တိုင်များတန်းချပြီး၍ ပျဉ်ပြား များဖြင့် တစ်ဖက်ခြမ်းဆည်ကို ပိတ်ရင်း တစ်ဖက်တွင် ရေလွှဲ မြောင်းဖောက်၍ စားကျက်မြေထဲသို့ ရေသွင်းလိုက်ပါသည်။ ရေကိုစားကျက်မြေထဲတွင် တစ်ညသိပ်ထားပြီး နောက်တစ်နေ့ မနက်တွင်ချောင်း အကြေဘက်သို့ ပြန်ဖောက်ထုတ် ပေးလိုက် ပါသည်။ နှစ်နာရီခန့်ကြာသောအခါ မြက်ပင်များ ပြန်ပေါ် လာသည်အထိ ရေစစ်သွားသည်တွင် စင်တီမီတာ ၃၀ ခန့် [1]

---

[1] တစ်ပေခန့်.

www.burmeseclassic.com

www.burmeseclassic.com



ငါးရံ့ကြီးများအပါအဝင် ငါးများ ရေဆွဲပိုက်၊ တစ်ပိုက်အပြည့် ရ၍ တစ်ရက်စာအတွက် ငါးရပါသည်။ နောင်နေ့များတွင်လည်း အလားတူဆက်ရပါသည်။

တစ်နေ့တွင် ချောင်းရေမှာ သိသိသာသာပင် ကျသွား ကြောင်းတွေ့ရ၍ တပ်ခွဲမှူးကို ကျွန်တော် သွားသတင်းပို့ပါ သည်။ တပ်ခွဲမှူးက စိတ်လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ရေ ဖောက်ထုတ်ဖို့ပြင်ထားရန် ကျွန်တော့်ကိုမှာပြီး မြင်းစီး၍ တပ်ရင်းရုံးသို့ ထွက်သွားပါတော့သည်။ မကြာမီ သူပြန်လာပြီး "ငါးဖမ်းစစ်ဆင်ရေးကို ငါကိုယ်တိုင်ကွပ်ကဲမယ်"ဟု ပြောပါ သည်။ သို့နှင့် အခြားတပ်ခွဲများမှ ကိုယ်စားလှယ်များလည်း ရောက်လာကြ၍ တပ်ခွဲသုံးခွဲကို ငါးပေးရန် နေရာအသီးသီး ခွဲဝေပေးပါသည်။ ကျွန်တော်တို့ တပ်ခွဲကတော့ အကောင်းဆုံး အကွက်အကွင်းကို ရလိုက်သည်မှာကား အထူးပြောရန်လိုမည် မထင်ပါ။ ကျွန်တော်တို့တပ်ခွဲအတွက် ချောင်းကြမ်းပြင်၌ ထဲမှ ငါးများကို လိုက်ကောက်ယူရာ စည်ကြီး ၆ လုံးစာ ရလိုက် ပါသည်။ တပ်ခွဲမှူးကတော့ မပြောပနိုင်လောက်အောင် ပီတိ ဖြာလျက် ထောက်ပံ့ရေးကိုင်သော တပ်ကြပ်ကြီး ကူရိုခါးဝါးကို ငါးကိုင်ပြီး ငါးခြောက်လှမ်းခိုင်းပါတော့သည်။ မကံသည်မှာ တပ်ကြပ်ကြီး ကူရိုခါးဝါးမှာ ဂျပန် ဗုဒ္ဓဘာသာဘုန်းကြီး ဖြစ် နေ၍ ငါးသတ်ဖို့ရာ မဖြစ်နိုင်ပေ။ သူ အကျပ်ရိုက်နေမည်ကို တွေးမိသဖြင့် ကျွန်တော်က ကူလုပ်ပေးပါမည်ဟု ကမ်းလှမ်း လိုက်သည်။ ထိုငါးခြောက်ကို ကျွန်တော်တို့ လက်ငင်းစားသုံး ရသည်သာမက ပထမအကြိမ် ရခိုင်စစ်ဆင်ရေးအတွင်း ခရီးထေ မနားမနေ ချီတက်ရာ၌ အလွန်အသုံးတည့်ကာ ကျွန်တော်တို့ အတွက် တစ်ခုတည်းသော အသားဓာတ်ပါသည့် အစားအစာ



...င် အသုံးတော်ခံခဲ့သည်။ ငါးခြောက်အပြင် ဂျပန် ပုံစံ ...ချောင်းများကိုလည်း လက်လှမ်းမီရာပစ္စည်းများဖြင့် လုပ် ...ရာတွင် တပ်ခွဲမှူးကပါ ဝင်ကူပြီး တပ်ရင်းကြီး တပ်မှူး ...ည်း မှုလိုက်ရာ တပ်မှူးကြီးကလည်း မြန်မာပြည်တွင် ...ဂျပန် ဟင်းလျာမျိုးကို မမျှော်လင့်ဘဲကြုံရ၍ သဘောကျ ...လေသည်။

○

## ၃၆။ အတူရှိသော

တပ်သား ယိုရှိယာကီ မဆူးဒါး၊ တပ်ခွဲ(၇)၊ ရင်း(၂)

အမှတ် (၁၁၂) ခြေလျင် တပ်ရင်းကြီး၊ တပ်မ (၅၅)

ရခိုင်၊ ပုသိမ်

၁၉၄၂ ခုနှစ်အောက်တိုဘာလတွင် ကျွန်တော်တို့သည် ...ိုင်းတွင် တပ်ရင်းကြီးဌာနချုပ်နှင့် အတူရှိနေပြီး အလံ ...အနားနှင့် အခြားအခမ်းအနားများကို ကျင်းပခဲ့ကြသည်။ ...ာပြည်ကိုအောင်မြင်စွာသိမ်းပြီးဖြစ်၍ ဂျပန်နိုင်ငံသို့ ပြန်ဖို့ ...ကို စစ်သည်များအတွင်း စိတ်အားထက်သန်စွာ ဆွေးနွေး ...ရှိကြသည်။ နိုဝင်ဘာလကုန်ပိုင်းတွင် ကျွန်တော်တို့ ...ခဲ့သည် ပုသိမ်သို့သွားပြီး နယ်မြေလုံခြုံရေးတာဝန်ကို ...ယူရသည်။ ယင်းသို့ရှိစဉ် ကျွန်တော့်ကို မြစ်ဝကျွန်းပေါ် ...တွင် စီရင်စု[2] ငါးခုကို အုပ်ချုပ်ရသော စစ်အုပ်ချုပ်

---

...နိုင်ကို ဆိုလိုဟန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေးမှူး မာကီနို၏ အကူရဲဘော်အဖြစ် တာဝန်ယူရန် တပ်ခွဲမှ လွှတ်လိုက်သည်။

အုပ်ချုပ်ရေးမှူးသည် နှစ်ထပ်အိမ်ကြီး တစ်ခုတွင် တစ်ဦး တည်းနေသည်။ ကျွန်တော်နှင့်အတူ အရာရှိသော်လည်းကောင်း မိမိထက် ဝါရင့်သည့် စစ်သည်သော်လည်းကောင်း မရှိသဖြင့် သက်သောင့်သက်သာနှင့် ပျော်ရွှင်စွာအချိန်ကုန်လွန်ရသည်။ နေ့စဉ် ကောင်းကင်မြင့်မှ ဖြတ်သန်းသွားသော ရန်သူလေယာဉ် တစ်စင်းနှစ်စင်းမျှသာ ရှိသဖြင့် အေးအေးချမ်းချမ်းရှိပါသည်။ ကျွန်တော်သည် စစ်သားတစ်ယောက်သာဖြစ်၍ အုပ်ချုပ်ရေးမှူး ဘာလုပ်နေသည်ကို မသိပါ။ သူက အင်္ဂလိပ်လို၊ တရုတ်လိုနှင့် မြန်မာလို ပြောတတ်သည်။ ယူနီဖောင်းကို မည်သည့်အခါမှ မဝတ်။ သူသည် မြန်မာလိုဝတ်၍ နံနက်၉ နာရီတွင် ရုံးတက်ကာ အိမ်သို့ ညနေ ၄နာရီ ၅နာရီလောက်တွင် ပြန်ရောက်သည်။ ပြီးလျှင် ဟိုတယ်တစ်ခုခုတွင် အထက်တန်းလွှာမှမြန်မာများနှင့် တွေ့ရန်ပြန်ထွက်သွားလေ့ရှိပြီး ည ၁၁နာရီခန့်မှ အိမ်ပြန်လာ လေ့ရှိသည်။ အိမ်တွင် ကျွန်တော်နှင့်အုပ်ချုပ်ရေးမှူးတို့အပြင် ကုလားထမင်းချက်တစ်ဦး၊ မြန်မာ ယာဉ်မောင်းတစ်ဦးနှင့် သန့်ရှင်းရေးတစ်ဦးတို့ ရှိကြသည်။ ယခင် ၁၉၄၀ပြည့်နှစ်က ကျွန်တော်သည် တပ်ရင်းမှူး၏ ဆက်သားတာဝန် ထမ်းဆောင် ဖူးပါသည်။ သို့သော် ယခုလုပ်ရသည့် အလုပ်နှင့် သဘာဝချင်း အားဖြင့်အလွန်ကွာခြားပါသည်။ အုပ်ချုပ်ရေးမှူးက ကားကို ကိုယ်တိုင်မောင်း၍ နေ့ရောညပါ အလုပ်လုပ်သည်။ ကျွန်တော် မြို့ထဲသို့ ဈေးဝယ်ရန် မြန်မာယာဉ်မောင်း မောင်းသည့်ဆိုင် ကားနှင့်ထွက်သည့်အခါတွင် စစ်သည်များက အရာရှိကြီးတို့၏



ကားတော်ယာဉ်ဖြစ်ရမည်ဟု ယူဆကာ အလေးပြုလေ့ ရှိကြ သည့်အတွက် ကျွန်တော် စိတ်မသိုးမသန့် ဖြစ်ရပါသည်။

မြန်မာ မြေပိုင်ရှင်ကြီး သို့မဟုတ် အရာရှိကြီးတစ်ဦး နှင့်ပတ်သက်သော အမျိုးသမီးများသည် နို့၊ ပြာ၊ မရန်း ပိုးဖဲ ထော်ကောင်း စားလှနှင့် ညှပ်ဖိနပ်စီးကာ ရောက်လာတတ်ကြ ပါသည်။ ညှော်ခန်းတွင် စန္ဒရားနှစ်လုံးရှိရာ ၎င်းတို့အားလုံး စန္ဒရားတီးတတ်ကြပြီး တစ်ခါတစ်ရံတွင် ကျွန်တော်ဆိုသည့် စစ်ချီသီချင်းများအလိုက် တီးပေးပါသည်။ ကျွန်တော်၏ တာဝန်မှာ သူတို့ပြန်သည့်အခါ စီးကရက် တင်္ဂတောင့်စီ လက်ဆောင်ပေးလိုက်ရန်ပင်ဖြစ်ပါသည်။ (အိမ်ထဲတွင် စီးက ရက်ဘူးများ အတောင့်ပေါင်းများစွာ ရှိပါသည်။)

အုပ်ချုပ်ရေးမှူးသည် ငှက်ဖျားပြန်ထ၍ ကိုယ်ချစ် ချစ်တောက်ပူနေသောအခါ မြေပိုင်ရှင်ကြီး၏ ဇနီးနှင့် သမီး တို့ကလာရောက်၍ တစ်ပတ်ကြာ ပြုစုပေးကြပါသည်။ အနီးတွင် အရာသူကြီး တစ်ဦး၏ ခမ်းနားသော အိမ်တစ်အိမ်ရှိရာ ထိုအိမ်တွင် ကျွန်တော်တို့ နေ့လယ်စာစားရလေ့ ရှိပါသည်။ ထိုအိမ်မှ အမျိုးသမီးမှာ အသားညိုဂျပန်မ တစ်ဦးပုံ ပေါက်၍ နေ့စဉ် ကျွန်တော့်ထံလာ၍ ရိသဲ့သဲ့လုပ်ကာ စီးကရက်ဘူးများ ယူသွားလေ့ရှိပါသည်။

အိမ်ကို မြန်မာယောကျ်ားများ အလာနည်းသော်လည်း ဘရုတ်များ နေ့စဉ်အဝင်အထွက်ရှိပါသည်။ ကြည့်ရသည်မှာ သူတို့သည် လက်ဆောင်ယူလာကြကာ ယခင်က ဗြိတိသျှတို့ ပိုင်သည့် ဟိုတယ်များ၊ စက်ရုံများနှင့် အခြားပစ္စည်းများကို အသုံးပြုခွင့်လာတောင်းကြခြင်းဖြစ်သည်။ အုပ်ချုပ်ရေးမှူးသည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တော်နည်းဖြင့် ဖဲကစားရင်းရှုံး၍ စက်ရုံကို တရုတ်လက်ထဲသို့လွှဲပေးခြင်းများလားဟု ထင်ရပေသည်။ တနင်္ဂနွေနေ့များတွင် တပ်ကြပ်ကြီး အိုနီဇာကာနှင့် တပ်သား ခါနာအိရှိတို့လာပြီး ကျွန်တော်နှင့် လေပစ်ကြပြီး သူတို့ပြန်သည့်အခါ ကျွန်တော်က လက်ဆောင်အများအပြားပေးလိုက်လေ့ရှိပါသည်။ တစ်နေ့တွင် တပ်ကြပ်ကြီးအိုနီဇာကာက အုပ်ချုပ်ရေးမှူး၏ ဆိုဒင်ကားကိုမောင်းရာတွင် မတော်တဆ အနည်းငယ် ခိုက်မိသွားပါသည်။ ထို့အတွက် ကျွန်တော် ပယ်ပယ်နယ်နယ် အဆိုအဆဲခံရပါသည်။

တစ်ညနေတွင် ရုပ်ရည်လှပသည့် မြန်မာအမျိုးသမီး တစ်ဦး အိမ်ကိုလာလည်ပါသည်။ အုပ်ချုပ်ရေးမှူးက ထိုအချိန်တွင် ဟိုတယ်တစ်ခု၌ အစည်းအဝေးတက်ရောက်နေ၍ ဧည့်သည်သည် ညနေ၉နာရီအထိ ဧည့်ခန်းတွင်စောင့်နေပါသည်။ (ထိုအမျိုးသမီးသည် အုပ်ချုပ်ရေးမှူးနှင့် ညနေပိုင်းတွင် လာတွေ့ကာ စကားစမြည် ပြောလေ့ရှိပါသည်။) ထိုညတွင် ၁၀နာရီခွဲ၌ အုပ်ချုပ်ရေးမှူး ပြန်ရောက်သောအခါထို အမျိုးသမီးလာ၍ ခဏကြာနေသွားကြောင်းသတင်းပို့လိုက်ပါသည်။ စစ်အုပ်ချုပ်ရေးရုံးရှိ အာမခံသေတ္တာမှ သော့ကို ရှာမတွေ့ကြောင်း သူက ပြောပါသည်။ အာမခံသေတ္တာထဲတွင် ယန်းငါးသောင်းကျော်ရှိရာ ထိုအခါက တပ်သား တစ်ဦး၏လစာမှာ ၁၃ယန်းမျှသာဖြစ်၍ နည်းနည်းနောနော ငွေမဟုတ်ပေ။ ကျွန်တော်တို့လိုက်ရှာကြသော်လည်းမတွေ့။ သို့နှင့်အုပ်ချုပ်ရေးမှူးက သူ့လုံချည်ထဲတွင် ပစ္စတိုတစ်လက်ကိုဝှက်ယူကာ ကျွန်တော့်ကိုလည်း ရိုင်ဖယ်ယူလာရန်ပြောပြီးနောက် သူကိုယ်တိုင် ကားမောင်း၍ ပုသိမ်မြို့ ဆင်ခြေဖုံးရှိ ရွာကြီးတစ်ရွာသို့ သွားကြပါသည်။



ရွာအဝင်ဝတွင် မြန်မာလူငယ်များက ဝါးချွန်များကိုင်ကာ ကင်းစောင့်နေကြသည်။ အုပ်ချုပ်ရေးမှူးက သူတို့ကို တစ်စုံတစ်ရာပြောပြီး အိမ်ကြီးတစ်အိမ်ထဲသို့ ဝင်သွားကာ သူ့မိတ်ဆွေအမျိုးသမီးနှင့် စကားပြောပါသည်။ သူပြောပြ၍ သော့ကိုဧည့်ခန်းရှိ မှန်ကြီးနောက်တွင် ဝှက်ထားခဲ့ကြောင်း ကျွန်တော်သိရပါသည်။ ကျွန်တော်တို့လည်း အမြန်ပြန်၍ သူပြောပြလိုက်သည့်အတိုင်းရှာရာ ပြန်တွေ့ရမှ သက်ပြင်းချနိုင်ကြပါတော့သည်။ ကရင်များမှာ ဗြိတိသျှဘက်တော်သားများ ဖြစ်၍ ၎င်းတို့ထဲတွင် သူလျှိုများရှိကြောင်း ကျွန်တော်ကြားရပါသည်။ ကျွန်တော်သည် ဤသို့ သာယာချမ်းမြေ့စွာ အချိန်ကုန်လွန်လျက်ရှိစဉ် ရခိုင်ဘက်၌ ဗြိတိသျှတို့က ပိုမိုလှုပ်ရှားလာပါသည်။ ကျွန်တော်တို့တပ်ခွဲလည်း ရခိုင်သို့ အမြန်ချီတက်ရန် အမိန့်ရပါသည်။ ကျွန်တော်က တပ်ခွဲရှိရဲဘော်အပေါင်းအသင်းများနှင့် နေ့ခွဲနိုင်သဖြင့် အုပ်ချုပ်ရေးမှူးက သူနှင့်ဆက်နေဖို့ပြောသည့်ကြားမှ ဖွတ်ပြန်ခွင့်တောင်းလိုက်ပါသည်။ နောက်ဆုံးတွင် အခြား၊ တပ်တစ်တပ်မှ လူစားရောက်လာသဖြင့် ကျွန်တော့်တပ်ခွဲသို့ ကျွန်တော်ပြန်ရောက်ပါသည်။ ကျွန်တော့်အတွက် နေမှုထိုင်မှုသည်ကား ကောင်းကင်ဘုံနှင့်ငရဲတမျှ အပြောင်းအလဲကြီး ပြောင်းလဲသွားပါတော့သည်။

ဝ

www.burmeseclassic.com

www.burmeseclassic.com



## ၃၇။ တပ်များအားရေပေးဝေခြင်း

ဒုဗိုလ် ရှိဂျိရို ယိုရှိနို၊ အမှတ် (၁၁) ကပ်ရောဂါကာကွယ်ရေးနှင့် ရေပေးဝေရေးတပ်

### တောင်ကြီး၊ ဟူးကောင်း၊ မိတ္ထီလာ

ကျွန်တော်၏ မွေးရပ်ဌာနေမှာ မတ်ဆုတိုဥ ခေါ် ဂျပန်ပြည် အလယ်ပိုင်းရှိ နယ်ရုံးစိုက်ရာမြို့ဖြစ်ပါသည်။ ကဗျာဆရာ တစ်ဦးက ဤမြို့၏ တည်နေရာနှင့် အသက်သွေးကြောတို့ နှင့်စပ်လျဉ်း၍ "ဟောကု" ခေါ် ဝဏ္ဏ ၁၇ လုံးစပ် လင်္ကာပေါင်း များစွာသီကုံး၍ အမွှမ်းတင်ခဲ့သော မြို့ဖြစ်ပါသည်။ ကျွန်တော် သည် အလယ်တန်းကျောင်းအောင်မြင်ပြီးသောအခါ ကာနာ ဝါဇာရှိ ဆေးဝါးဖော်စပ်မှု တက္ကသိုလ် ဆက်တက်ကာ ဆေး ပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီ တစ်ခုတွင် အလုပ်လုပ်လျက် ရှိပါသည်။ ထိုအချိန်က ယောက်ျားအားလုံးတပ်ထဲမဝင်မနေရ စစ်မှုထမ်းကြရပါသည်။ ကျွန်တော်သည် ဆေးစစ်ရာတွင် အဆင့် "က ၁" သတ်မှတ်ခြင်းခံရသဖြင့်ဘယ်တော့ ဆင့်ခေါ် မည်ကို ငံ့လင့်နေရပါသည်။ ၁၉၄၁ ခုနှစ်မတ်လတွင် မတ်ဆု မိုတိုဥ အခြေစိုက်သည့် အမှတ် (၅၀) ခြေလျင်တပ်ရင်းကြီးတွင် စစ်ထဲဝင်ပါသည်။ အရန်တပ်မတော်အရာရှိ ဝင်ခွင့်စာမေးပွဲကို ဖြေဆိုအောင်မြင်သဖြင့် တိုကျိုရှိ စစ်ဘက် ဆေးတက္ကသိုလ်၊ ထို့နောက် စစ်ဆေးရုံများတွင် သင်တန်းတက်ရပါသည်။

ကျွန်တော်သည် ဗိုလ်လောင်းအရာရှိ (လက်တွေ့တွင် ဗြိတိသျှ ကြည်းတပ် ဒုတိယဗိုလ်နှင့် ညီမျှသည်) အဖြစ် ပြန်တမ်းဝင် ခန့်အပ်ခြင်းခံရပါသည်။ ၁၉၄၂ခုနှစ် ဇူလိုင်လ



င် မြန်မာပြည် တောင်ကြီးမြို့တွင် အခြေပြုလျက်ရှိသော တ်(၁၁)ကပ် ရောဂါကာကွယ်ရေးနှင့် ရေပေးဝေရေး ်တွင် တွဲဖက်သည့်အမိန့်ထွက်လာပါသည်။ ကျွန်တော်သည် များကို နှုတ်ဆက်ပြီးနောက် ကျွန်တော်၏အဖွဲ့တွင်ပါဝင် များ စုလျက်ရှိရာ တိုကျိုမြို့သို့သွားပါသည်။

၁၉၄၂ခုနှစ် သြဂုတ်လ ၁၅ ရက်နေ့တွင် စစ်ဝတ်စုံ ပြည့်ဖြင့် ရှိနာဂါဝါးဘူတာရုံသို့ ချီတက်သွားကြပြီး ယူဂျင်း သို့ သွားမည့် ရထားကို တက်ကြပါသည်။ ယူဂျင်းနာဆို သည်မှာ ဟီရိုရှီးမားမြို့အနီးရှိ ဆိပ်ကမ်းဖြစ်ပါသည်။ ဤသယ် ယူဆောင်မှု ကဏ္ဍကို ကွပ်ကဲမှု တာဝန်ယူရသော တပ်မှူးက ၏ တပ်ရေးအဖြစ် ကျွန်တော့်ကို တာဝန်ပေးပါသည်။ ဤသို့ တပ်ရေးခန့်အပ်ရခြင်းမှာ ကျွန်တော့်အသံ အောင်သည့် အတွက်ပင်ဖြစ်ပါသည်။ ထိုညဥ့် နောက်တစ်နေ့ သင်္ဘောပေါ်သို့ တက်မိတွင် တပ်မှူးနှင့် စစ်သည်အများစုတို့ လိုက်ပါမည့် သင်္ဘောတွင် အားလုံးမဆံ့သဖြင့် ကျွန်တော်နှင့် စစ်သည်အချို့ မှာ အခြားသင်္ဘောတစ်စင်းပေါ် ခွဲတင်ရန် စီစဉ်လိုက်ပါသည်။ ကျွန်တော်သည် အရာရှိ အသစ်ကျပ်ချွတ် တစ်ဦးအနေဖြင့် ကျွန်တော့် ရဲဘော်များအတွက် သကြားလုံးနှင့် စီးကရက်တို့ကို စီစဉ်မပေးနိုင်သည့် ခွကျကျ အခြေအနေမျိုးနှင့် ကြုံရပါသည်။ သင်္ဘောပေါ်တွင် ထမင်းစားရန် စီစဉ်ပေးမည်ဖြစ်သော်လည်း ဤသို့သော ခိမ်ခံပစ္စည်းကလေးများကိုမူ မိမိအစီအစဉ်ဖြင့် ယူဆောင်လာကြရမည်ဖြစ်သည်။

ကျွန်တော်အပါအဝင်အင်အား ၆၀ တို့မှာ တန်၅,၀၀၀ တန်သင်္ဘောပေါ်စီးကြရသည်။ သင်္ဘော ၈ စင်း ပါဝင်သည့်

www.burmeseclassic.com

www.burmeseclassic.com



ဤယာဉ်တန်းကို ရေငုပ်သင်္ဘော လိုက်စစ်ရေယာဉ်က အစောင့် လိုက်ပါပြီး တဖြည်းဖြည်း တအိအိခုတ်ရင်း ဖော်မိုဆာကျွန်း သို့ ရောက်လာကြသည်။ ဤနေရာတွင် ငှက်ပျောသီးတော်တော် များများဝယ်၍ ရဲဘော်များကို ကျွေးလိုက်နိုင်သဖြင့် အတော်ပင် ဟန်ကျသွားသည်။

စက်ကဲ့ပူသို့ဆိုက်ပြီး ငါးရက်နေကြရသည်။ ဆိပ်ကမ်းတွင် ပျက်စီးနစ်မြုပ်နေသော ရေယာဉ်များက စစ်ဖြစ်နေသည်ကို သတိရစေသည်။ သို့သော် စီးကရက်နှင့် နို့ဆီဘူးများဝယ်၍ ရသေးသည်။ ကျွန်တော်တို့ ရန်ကုန်သို့ ခရီးဆက်ကြပြီး ထိုမှ သာစည်သို့ ရထားစီးသွားကြရာ ဘူတာတွင် တပ်က စစ်ကား ကြီးများနှင့်လာကြိုသည်။ ကျွန်တော်တို့သည် တောင်ကြီးမြို့သို့ ၁၉၄၂ခုနှစ် စက်တင်ဘာလ ၂၁ရက်နေ့တွင်ရောက်ကာ တပ်မှူး ဒုဗိုလ်မှူးကြီး အိနိုယူးထံ သတင်းပို့ကြသည်။ ကျွန်တော်နှင့် ပါလာသူတို့အနက် သုံးနှစ်ကြာမျှ ပြင်းထန်စွာတိုက်ခိုက်ရသော စစ်ကြီးအပြီးတွင် အင်အားထက်ဝက်မျှသာ မိမိတို့နိုင်ငံသို့ ပြန်ရောက်နိုင်ကြတော့သည်။

ကပ်ရောဂါကာကွယ်ရေးနှင့် ရေပေးဝေရေးတပ်မှာ ၁၉၃၇ခုနှစ်တွင် ရှန်ဟိုင်း၌ ဂျပန်တပ်များက တိုက်ပွဲဆင်နွှဲ နေစဉ် ကာလဝမ်းရောဂါ ဖြစ်ပွားခဲ့သည်မှ ဤတပ်ကို တစ်ဘာသာ ထူးခြားစွာ ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ ဆရာဝန် ခုနစ်ဦးနှင့် ဆေးဖော်စပ်မှု ပညာရှင်တစ်ဦးအပြင်အခြားအရာရှိ ၃ ဦးနှင့် စစ်သည် ၂၅၀ တို့ဖြင့် ဖွဲ့စည်းထားသည်။ (ရွှံ့ရေ မှပင်ဖြစ်စေ) ရောဂါပိုးမွှား ကင်းသည့်ရေ ဖြန့်ဖြူးနိုင်ရန် ကြွေထည် အဏုစစ်များကိုသုံးသည်။ ပြုပြင် မွမ်းမံထားသော



သတ်မော်တော်ယာဉ်များတွင် အလိုအလျောက် အဖန်ဖန် ပြန်လည်သုံးနိုင်သော ရေစစ်လေးစုံစီဖြင့် တစ်နာရီလျှင် တန် စစ်ပေးနိုင်ပါသည်။ ထို့ပြင် ဝန်တင်မြင်းဖြင့် သယ်ယူ နိုင်သော ၉၀ ကီလိုဂရမ်လေးသည့် ရေစစ် စခုတို့ဖြင့် တစ် လျှင် လီတာ ၇၂၀ စစ်ပေးနိုင်ပါသည်။

ဤရေစစ်တို့သည် ယခင်က ကျောက်ချဉ်နှင့် "ထုံးကလို ရိုက်ဒ်"တို့ဖြင့် ဓာတ်ပြုပြီးကျိုခြင်း လုပ်ငန်းစဉ်ထက် ပို၍ ထိရောက်မှုရှိပါသည်။ ခေါက်နိုင်သော ဒန်ကျည်းပေါင်တွင် ရှင်ဆိုင်းထားနိုင်သည့် ပတ္တူကြန်ပေါင်း ၃၀ ရှိ၍ ပခုံးဖြင့် သယ်ပိုးနိုင်သည့် ရေအိတ် ၇၀ ရှိသည်။ တောင်ကြီးတွင် တပ်မှူးက သီးခြားအိမ်တစ်အိမ်တွင်နေပြီး ထိုအိမ်၌ အရာရှိ များ စုပေါင်းစားသောက်ကြသည်။ ကျန်အရာရှိ အားလုံးသည် ကျောင်းကျောက်ရုပ်တုများဖြင့် အလှဆင်ထားသော ဥယျာဉ် နှင့် သာယောင့်သာယာရှိလှသော အိမ်ကြီးတစ်အိမ်တွင် ပေါင်း ကြသည်။ ထိုအိမ်တို့မှာ သိမ်းယူသည့် အိမ်များ မဟုတ်ဘဲ ငှားနေသည့် အိမ်များဖြစ်၍ နဂိုရှိသည့်အတိုင်းကို ပြောင်းလဲပြင်ဆင်ခြင်းမပြုဘဲ ဂရုတစိုက် ထိန်းသိမ်းသုံးစွဲကြ ရပါသည်။ အိမ်ထဲတွင် "ဗစ်ထြိုလာ" ဓာတ်စက်ကြီးတစ်ခုနှင့် ဝင် ဓာတ်ပြားတစ်ပုံတစ်ခေါင်းကြီးတွေ့ရသဖြင့် ကျွန်တော် တို့အားလုံး ဝမ်းမြောက်ကြပါသည်။ ကျွန်တော်နှင့်တစ်ခန်း တည်းနေသည့် ဆရာဝန် ကာနီချီ ချိုးဗားသည် ဤအဆင့်မြင့် သည့် ဓာတ်ပြားသိုက်ကို အလွန်သဘောတွေ့အားရလှ၍ ရှိသမျှ ဓာတ်ပြားများကို စာရင်းတစ်ခုပြုစုပါသည်။ ဂန္ထဝင် ဂီတ၌ ဝါသနာထုံ၍ ယင်းဓာတ်ပြားစုဆောင်းသူ ဂျပန်များ ရှိသော်လည်း ဤမျှများပြား၍အဆင့်အတန်းမြင့်သည့် ဓာတ်ပြား

www.burmeseclassic.com

www.burmeseclassic.com



အစုအဝေးမျိုး မကြုံဖူးကြပါ။ ပိုင်ရှင်မှာ လူနေမှုအဆင့်မြင့်၍ အကောင်းကြိုက်တတ်သူဖြစ်ကာ ဂီတကိုနှစ်နှစ်ကာကာ မြတ်နိုးသူတစ်ဦးဖြစ်မည်မှာသေချာလှပါသည်။ ဤမျှလောက် တန်ဖိုးရှိသော ဓာတ်ပြားများကို ချန်ထားရသည့်အတွက် သူမည်မျှနှမြောမည်ကို တွေးမိ၍ သူ့အတွက် ကျွန်တော် စိတ်မကောင်းဖြစ်မိပါသည်။ ၁၉၄၃ ခုနှစ်တွင် ကျွန်တော်တို့ ပြင်ဦးလွင်သို့ ပြောင်းရသည့်အခါတွင် စစ်အစိုးရထံသို့ ဤပစ္စည်းများမည်မျှအရေးပါသည်ကို အလေးအနက် အသိပေးကာ ပိုင်ရှင်ထံသို့ ပြန်လည်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းဖော်ပြ၍ လွှဲပြောင်းပေးခဲ့ပါသည်။ အကယ်၍ ပိုင်ရှင်လက်ဝယ်သို့ ပြန်ပေးနိုင်ခဲ့ပါက သူလို ဂီတချစ်မြတ်နိုးတတ်သော ဂျပန်များလည်းရှိကြောင်းသိသွား၍ ဝမ်းမြောက်ပေလိမ့်မည်။

ဤတပ်၏ စစ်မှတ်တမ်းမှ ကောက်နုတ်ချက်အမှတ် (၁၁) ကပ်ရောဂါကာကွယ်ရေးနှင့် ရေပေးဝေရေးတပ်ကို ၁၉၃၈ ခုနှစ်တွင် တိုကျိုတွင် တည်ထောင်ပြီးနောက် တရုတ်ပြည်တောင်ပိုင်း၌စဝင်သည်။ ၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၈ရက်နေ့တွင် ဤတပ်မှ တစ်စိတ်တစ်ပိုင်းသည် မလေးရှားမြောက်ပိုင်း ခိုတာဘာရူး ၌ ကမ်းတက်ဝင်ရာတွင် ရေယာဉ်အားလုံးမှာ ဗြိတိသျှလေကြောင်းတိုက်ခိုက်မှုကြောင့်ပျက်စီးသွားသည်။ ဤတပ်မှ အင်အားစု အများစုသည် အမှတ်(၁၈) တပ်မနှင့်အတူ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကမ်းပေါ်တက်ကြကာ စင်္ကာပူသို့ ချီတက်ကြသည်။ ကတ္တရာလမ်းမများပေါ်တွင် ကျွန်ုပ်တို့၏ လော်ရီအဟောင်းကြီးများမှာ စက်ကုန်ဖွင့် မောင်းနှင်ကြရသည်၊



စင်္ကာပူမြောက်ဘက် ရေလက်ကြားတစ်ဖက်ကမ်းပေါ်ရှိ ဘာရူးသို့ ကျွန်တော်တို့ရောက်သောအခါ မြန်မာပြည်သို့ ရန်အမိန့်ရသဖြင့် နောက်ပြန်လှည့်ကြရသည်။ ရထားပေါ် ကြကာ ထိုင်းနိုင်ငံ ပိသနုလောက်သို့ ဖေဖော်ဝါရီလ ရက်နေ့တွင်ရောက်သည်။ လော်ရီကားများနှင့် ရေစစ်ကားများကို ကြံ့ခိုင်ရေးလုပ်ပြီးနောက် မြန်မာပြည်ဘက်သို့ တက်ကြသည်။ လူစီးကားငယ်များနှင့် ဆေးတွဲမော်တော်ဆိုင်ကယ်များကို လော်ရီကားကြီးများပေါ်တင်၍ ရေစစ်ကားလေးစင်းကို တွေ့အကြုံအရင့်ဆုံး စစ်သည်များက မောင်းကြသည်။ ဖြစ်သည့် နောက်ပိုင်းတွင် ဂျပန်နှင့်ထိုင်း အင်ဂျင်နီယာများက တောင်တန်းများကို ဖြတ်သန်း၍ အမြန်ဖောက်လုပ်ထားသော လမ်းမှာ အတက်အဆင်းကြမ်း၍ အကွေ့အကောက်လှသည်။ ကျွန်တော်တို့ ခရီးစမထွက်မီ ရက်အနည်းကမှ လမ်းကို လော်ရီကားကြီးများ မောင်းခွင့်ပြုခဲ့ခြင်းဖြစ်သဖြင့် လမ်းလုပ်ငန်းအပြီးမသတ်နိုင်သေး လုပ်ကိုင်နေဆဲပင်ဖြစ်သည်။ ထိုင်း-မြန်မာ နယ်နိမိတ်ကိုအကူးတွင် ခက်ခက်ခဲခဲ ရှိလှသည်မှာအကယ်ပင်ဖြစ်တော့သည်။

လမ်းခရီးတွင် ကမ်းပါးစောက်ထဲသို့ထိုးကျ သွားသော လော်ရီကားများကိုမြင်ရကာ တစ်နေရာတွင် တောမကြီးထဲတွင် သစ်သားတံတားပါသွားတော့မည့်ကိန်းဆိုက်နေပေရာ ရေကို တမျှော်တခေါ်ချောက်ထဲဆင်းခပ်ရမည်ဖြစ်၍ သဲနှင့်ပက်၍ ငြိမ်းသတ်ကြရသည်။ နယ်နိမိတ်ကိုကျော်ခဲ့သည့် နောက်တွင် လမ်းသည် တဖြည်းဖြည်းလျှောဆင်းသွားသည်။ စကတ် အနီဆောင်ဝတ်ထားသူတစ်ဦးဟု လှမ်းမြင်လိုက်ရသူမှာ အနီးရောက်သည့်အခါမှ ယောကျ်ားဖြစ်မှန်း သိရသည်။ သို့နှင့် မိတို့

www.burmeseclassic.com

www.burmeseclassic.com



တပ်ပိုင်ယာဉ်တစ်စီးမျှ ဆုံးရှုံးမှုမရှိဘဲ မြန်မာပြည်သို့ ဝင်ေ
နိုင်သည့်အတွက် စိတ်သက်သာမှုရကြသည်။ ကျွန်တော်မ
တပ်စိတ်သည် မော်လမြိုင်မြို့တွင် မြို့ကိုရေပေးနိုင်ရေးအတွ
ရက်အနည်းငယ်ကြာမျှ နေကြသည်။ မြို့သောက်ရေကန်
ပင်မပိုက်လိုင်းကို ဖောက်ခွဲဖျက်ဆီးထားသဖြင့် အမြင့်တွ
တည်ရှိနေသော အဆိုပါကန်သို့ ရေစစ်ယာဉ်မှ ရေစက်ဖြ
ရေမှုတ်တင်ပေးရသည်။

ကျွန်တော်တို့ဆက်လက်ချီတက်ကြရာတွင် လမ်းပေါ်
အလောင်းများ၊ ပျက်စီးနေသော တင့်ကားများ၊ သံချပ်ကာ
ယာဉ်များကို သဲသဲမဲမဲတိုက်ပွဲများဖြစ်ပွားခဲ့သည့်စစ်တော
နှင့် ပဲခူးတစ်ဝိုက်တွင်တွေ့ရသည်။ ကျွန်တော်တို့တပ်မှ ဗိုလ်
မတ်ဆုတာနီ ဦးဆောင်သော ရှေ့ပြေးအဖွဲ့သည် မတ်လ
ရက်နေ့၌ ရန်ကုန်မြို့ကိုရောက်ကာ ပါစချာဓာတ်ခွဲခန်း၊ ဆေး
ကောလိပ်၊ အရပ်ဘက်ဆေးရုံနှင့် ကူးစက်ရောဂါကု ဆေးရုံ
တို့ကို တပ်အတွက် သိမ်းယူထားလိုက်သည်။ မင်္ဂလာဒုံလေ
ဆိပ်တွင် ရေစည်ကြီးများတင်ထားသော လော်ရီကား လေးစီး
ရလိုက်ရာ စစ်သည်များ၏ ရေဘူးတို့ကို တိုက်ရိုက်ရေထည့်
နိုင်ရန်အလို့ငှာ ပိုက်တန်းနှင့် ရေပိုက်ခေါင်းများကို လျှပ်စစ်
ဂဟေဖြင့် ဆက်ပေးလိုက်သည်။ ထိုကားကြီး လေးစင်းအနက်
နှစ်စင်းမှာ နောင်တွင် ပျဉ်းမနားတိုက်ပွဲ၌ ဗြိတိသျှတို့၏
တင့်ကားမှ အမြောက်မှန်၍ ပျက်စီးသွားခဲ့သည်။

ရန်ကုန်တွင် ဖမ်းဆီးရမိပစ္စည်းများထဲမှ ဝီစကီ၊ ချော့က
လက်ပြားများ ချူးဝင်းဂမ်းများ ခွဲတမ်းရကြသည်။ တစ်ဦးလျှင်
ချူးဝင်းဂမ်း ဖာနှစ်ဖာကြစီ ရကြ၍ ယင်းကပ်စေးနဲ့ကို စားကြ



ရာတွင် ဝမ်းဒလဟောပန်းကုန်ကြသည်။ ထိုအခါမှ ကျွန်တော်
တို့၏ ဆေးဖော်စပ်မှု ပညာရှင် ဗိုလ်က ထို ကပ်စေးနဲ့မှာ
သာမန်စာချူးဝင်းဂမ်းမဟုတ်ဘဲ ကလေးများအတွက် ထုတ်လုပ်
ထားသည့် ဝမ်းနုတ်ဆေးပါသော ချူးဝင်းဂမ်း[၁] များဖြစ်မှန်း
သိကြရသည်။

ကျွန်တော်တို့တပ်သည် အမှတ်(၁၈) တပ်မနှင့်မြောက်
ဘက်သို့ ဆက်တက်သွားကြသည်။ ထိုအချိန်မှာ ဧပြီလဖြစ်၍
အပူရှိန်ပြင်းထန်ကာ ခြောက်သွေ့ဆုံးရာသီဖြစ်သဖြင့် ရေရနိုင်မည့်နေရာရှာရေးသည်
ကျွန်တော်တို့အတွက် အဓိက ပြဿနာပင် ဖြစ်တော့သည်။
ရွာသားများသုံးသည့် ရေတွင်းကို ကျွန်တော်တို့ ရှာတွေ့သည့်
တိုင်မကြာမီ ခန်းသွားတတ်သဖြင့် ရေပြန်စိမ့်ထွက်လာသည်
အထိစောင့်နေကြရပြန်ပါသည်။ ရေငတ်နေသည့် စစ်သည်
များ၏ လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးရခြင်းမှာ
အလွန်မလွယ်သောကိစ္စ ဖြစ်ပေသည်။ မန္တလေးကို သိမ်းပြီး
သည့်နောက်တွင် တပ်သည် တောင်ကြီးတွင် အခြေစိုက်ကာ
တပ်စိတ်များကို မြို့အချို့တွင် လိုအပ်သလို ထားခဲ့သည်။
နောက်ပိုင်းတွင် ထိုင်းနိုင်ငံ၌ ချန်ထားရစ်ခဲ့သည့် ပစ္စည်းများ
ကျွန်တော်တို့ထံ ပို့ပေးသည်။ တပ်ကို စတင်တည်ထောင်စဉ်က
ပါရှိခဲ့သော အကြပ်စစ်သည် ၃၀ တို့မှာလည်း ဂျပန်သို့ပြန်ခွင့်
ရကြသည်။ ၁၉၄၂ ခုနှစ် စက်တင်ဘာလတွင် ရောက်လာ
သော ဗိုလ်လောင်းအရာရှိ ယိုရှိနို ခေါင်းဆောင်သော အဖွဲ့ဖြင့်
၎င်းတို့ကို အစားထိုးပါသည်။

---

၁။ Brooklax ချောကလက် ဝမ်းနုတ်ဆေးပြားများလောဟု တွေးစရာ
ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၃၀။ တောင်ကြီးမှ ကလေးဝသို့

တပ်သား ခင်ကီချို ယတ်ဆူးဒါး၊ အမှတ် (၁၁) ကပ်ရောဂါ
ကာကွယ်ရေးနှင့်ရေပေးဝေရေးတပ်၊ တပ်မ(၁၈)
တောင်ကြီး၊ ကလေးဝ ဟူးကောင်း၊ မိတ္ထီလာ

မန္တလေးကိုသိမ်းပြီးသည်အထိ တပ်မ(၁၈)နှင့် မြောက်
ဘက်သို့ချီပြီးသည်နောက် ၁၉၄၂ခုနှစ် ဇူလိုင်ထဲ၌ မြန်မာပြည်
အရှေ့အလယ်ပိုင်းခန့်ရှိ တောင်ကြီးမြို့တွင် ကျွန်တော်တို့၏
တပ်အခြေစိုက်ရသည်။ ကျွန်တော် အပါအဝင် ဖြစ်သည့်ရောဂါ
ကာကွယ်ရေး အဖွဲ့သည် တောင်ကြီးမြို့တစ်ဝိုက်ရှိ ရွာများသို့
သွားရောက်ပြီး ကာကွယ်ဆေးထိုးပေးခြင်း ကျန်းမာရေးအခြေ
အနေလေ့လာခြင်းတို့ကို ဆောင်ရွက်ရသည်။ ကျွန်တော်တို့ကို
လုပ်ငန်းကျွမ်းကျင်သည့် မြန်မာနှင့် အိန္ဒိယနွယ်ဖွား သူနာပြု
ဆရာမချောချောကလေးများက ပါဝင်ကူညီကြသည့်အတွက်
စိတ်ချမ်းမြေ့စရာပင်ဖြစ်တော့သည်။ ဒေသအာဏာပိုင်တို့က
ရွာသူကြီးကို ကြိုတင်အကြောင်းကြားထား၍ပင် ထင်ပါသည်
ကျွန်တော်တို့ ရွာတစ်ရွာသို့ရောက်လျှင် ဘုန်းကြီးကျောင်း
ဝင်းရှိ သစ်ပင်ကြီး တစ်ပင်အောက်တွင် ကျွန်တော်တို့ စတည်း
ချရန် ရှင်းလင်းထားပြီးဖြစ်နေပါသည်။ ကျွန်တော်တို့ ရောက်
လျှင် ရွာရှိ သားသည်အမေများက ၎င်းတို့၏ကလေးများကို
ပွေ့ချီ၍လည်းကောင်း၊ လက်ဆွဲ၍လည်းကောင်း ရောက်လာ
ကြပါသည်။ ကျွန်တော်တို့က ဝမ်းရောဂါကာကွယ်ဆေးထိုး
နှံပေးပါသည်။ သွားကိုက်သက်သာစေသည့် ဆေးများ အရေပြား
အနာရောဂါကုဆေးများဖြင့် ရွာသူရွာသားများကို ကုသပေးပါ



သည်။ ဆေးထိုးလျှင်နာသဖြင့် မကြိုက်ကြသော်လည်း သောက်
ဆေး၊ စားဆေး၊ လိမ်းဆေးတို့ဖြင့် ကုသမှုများကို ကျေးရွာ
သူထုက လိုလားမှုရှိကြပါသည်။

ကျွန်တော်တို့ကို တစ်နေ့လျှင် တစ်ရွာ၊ နှစ်ရွာမျှသာ
တာဝန်ပေးသဖြင့် ကျွန်တော်တို့သည် မွန်းလွဲ၂နာရီ ၃နာရီခန့်
ဆိုလျှင် လုပ်ငန်းသိမ်းနိုင်ကြပါသည်။ ထိုအခါမျိုးတွင် မြို့
သူကြီး၊ ရွာသူကြီးတို့က ကျွန်တော်တို့ကို သူတို့အိမ်သို့
ဖိတ်မန္တကပြု၍ခေါ်သွားပြီး မြန်မာအစားအစာတို့နှင့် ဧည့်ခံကြ
ပါသည်။ ကျွေးမွေးသည်တို့ကိုစားရင်း ချောမောလှပသည့်မြန်မာ
အမျိုးသမီးများနှင့် ကလေးတို့ကို ကျွန်တော်တို့ များမကြာသေး
မီက သင်ထားသည့်မြန်မာစကားဖြင့် ပြောရသည်မှာ ပျော်စရာ
ကောင်းပါသည်။ မြန်မာစကားကို ကောင်းကောင်းပြောတတ်
အောင် လေ့ကျင့်ရန်အခွင့်အလမ်းလည်းဖြစ်ပါသည်။ ကြမ်းတမ်း
သည့် ကျွန်တော်၏ စစ်သားဘဝတွင် ဤသို့အေးချမ်း
သာယာ၍ နေနိုင်ခဲ့သော အချိန်ကလေးမှာ မမေ့နိုင်အောင်
အမှတ်ထင်ထင် စွဲကျန်လျက်ရှိပါသည်။ သို့သော် ၁၉၄၂ခုနှစ်
နှောင်းပိုင်းကာလ ရောက်သည့်အခါ ကျွန်တော်သည် ဘပ်သား
တာကဲ့ဥချိနှင့်အတူ ကလေးဝသို့ လမ်းဖောက်မည့် အင်ဂျင်နီယာ
တပ်နှင့် လိုက်ပါရန် တာဝန်ကျသောအခါ ဤကဏ္ဍဆုံးခန်း
တိုင်ခဲ့ပြန်ပါသည်။

ကျွန်တော်တို့ ဤသို့ တောင်ကြီးမှ မထွက်မီ တပ်
အသီးသီးမှ ရွေးချယ်ခံရသည့် စစ်သည်အနုပညာရှင်တို့က
သီချင်း၊ ပြဇာတ်၊ ဟာသတင်ဆက်မှုတို့ဖြင့် ပျော်ဖြေမှုဧည့်ခံပွဲ
ကျင်းပပါသည်။ ဂျပန်ဘာသာသင်ကျောင်းမှ ကျောင်းသူ
ကျောင်းသားကလေးများကပါ ပါဝင်ပျော်ဖြေကြရာ ကျွန်တော်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တို့ စစ်သားများများမှာ သူကလေးတို့၏ သီဆိုကပြမှုတွင်
ရယ်ရွှင်ပျော်မြူးရသလို၊ လွမ်းဆွေးရသည်လည်း ရှိခဲ့ပါသည်။
သူတို့ဇာတ်ခုံပေါ် ရောက်လာပြီးလျှင် အကြီးဆုံး ယောက်ျား
ကလေးက"အလေးပြု"ဟု ဂျပန်လို သူ ရိုးရိုးသားသား နား
လည်သည့်အတိုင်း တိုင်ပေးလိုက်သောအခါ ဝိုင်းဦးညွှတ်
လိုက်ကြပြီးနောက် "ကျွန်တော် ကျွန်မတို့က မကျွမ်းကျင်
သော်လည်း သီဆိုကပြဖျော်ဖြေကြပါမယ်။ နိပွန်စစ်သည်တော်
တို့ကသဘောတွေ့မယ်ဆိုပါရင် ကျွန်တော် ကျွန်မတို့အတွက်
ဝမ်းသာစရာပါပဲ။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ကြပြီး စိတ်ဓာတ်
အပြည့်နဲ့တိုက်ပွဲဝင်ပါလေတော့" ဟု ဆန္ဒပြုလိုက်ကြသည်။
ဝတ်ကောင်းစားလှနှင့် မိန်းကလေးများက ကျွန်တော်တို့
မူလတန်း ကျောင်းသားဘဝက သီဆိုခဲ့သော လက်ကကလေးများ
နှင့် စစ်သီချင်းအချို့ကို ရွတ်ဆိုပြကြသည်။ ဤသီချင်းများမှာ
ကျောင်းက သင်ပေးလိုက်သော သီချင်းများဖြစ်ကြ၍ "ဖေဖေဟာ
သန်မာလိုက်ထာ"၊ "ခြေလျင်စစ်သားတာဝန်" စသောသီချင်း
တို့၏အဓိပ္ပာယ်ကို နားမှလည်နိုင်ပါမည်လားဟု တွေးနေမိ
သည်။

သူတို့တစ်ဦးချင်း သီချင်းဆိုကြသော အခိုက်တွင်
ကျွန်တော်တို့မွေးရပ်မြေတွင် ကျန်ရစ်သည့် သားသမီး၊ ညီငယ်
နှမငယ်တို့ကို အောက်မေ့သတိရမိစေပါသည်။ မြန်မာပြည်၏
တောင်ပေါ်ဒေသမှ ဤမျှငယ်ရွယ်သည့် ကလေးများ၏ ပါးစပ်
တို့မှ ဂျပန်သီချင်းများကို ကြားရလိမ့်မည်ဟု အိပ်မက်ပင်
မမက်ခဲ့ဖူးပေ။ ကလေးများ၏ဖျော်ဖြေမှုသည် သာယာချမ်းမြေ့
ဖွယ်ရာပင်ဖြစ်၍ ကျွန်တော် လက်ခုပ်ကို တွင်တွင်သာ တီး
လျက်နေပါသည်။ ထိုနောက်တွင် စစ်တီးဝိုင်းတစ်ဝိုင်းက



...ောင်လွမ်းသည့် ရဲတိုက်ပြို" ဟူသော လူကြိုက်များသည့်
...ကို တီးမှုတ်စဉ် မြန်မာမိန်းကလေးတစ်ဦးက တေးသွားနှင့်
...ဖျော်ဖြေသည်။ သူ၏ချစ်စဖွယ်ကဟန်ကို ယနေ့အထိ
...ဆော်မမေ့ပါ။ ဂျပန်ဘာသာသင်ကျောင်းကို ကျွန်တော်တို့
...တ်ပြီး မကြာမီ တောင်ကြီးတွင်ဖွင့်လှစ်သည်။ မိကောင်း
...တို့၏သားငယ်သမီးငယ်တို့ကို လာသင်စေရန်စည်းရုံး၍
...ဆောင်လိုက်ခြင်းဖြစ်သည်။ တပ်ကြပ် ကိုဟီယာမာ၏
...သန်စွာသင်ကြားပေးမှုဖြင့် လေးလတာအတွင်း ဂျပန်စကား
...ကြားတတ်မြောက်မှု မှတ်တိုင်ဟုပင်ဆိုရချေမည်။

ကျွန်တော်သည် အင်ဂျင်နီယာတပ်မှ ထရပ်ကားနှင့်
...ပါရာ၌ တောင်ကြီးကအထွက် ကျင်တွယ်ပုံလမ်းသုံးခွဆုံ၌
...ပ်ဆင်းလာကြသော မြန်မာသူနာပြုဆရာမများနှင့်ဆုံမိရာ
...တို့က ကျွန်တော့ကို လက်ဆွဲနှုတ်ဆက်ကာ လိုက်ပို့ကြသည်။
...သည်မှာ တောင်ကြီးမြို့ကို ကြည်နူးဖွယ် သတိရစရာများ
...တ်ဖြစ်စဉ် တစ်ရပ်ပင်ဖြစ်တော့သည်။

ကျွန်တော်သည် အမှတ်(၁၂) အင်ဂျင်နီယာတပ်ရင်းကြီးမှ
...ခွဲ(၃) တွင် ဆေးတပ်သား ယိုရှိကာဝါနှင့် တွဲလုပ်ရပြီး၊
...တော်၏ ရဲဘော်တပ်သား တာကဲ ဥချိကမူ ထိုတပ်မှ
...ခွဲ(၂)တွင် တွဲဖက်၍ တာဝန်ထမ်းဆောင်ရသည်။ ကျွန်တော်
...ည့်ပထမဆုံးတာဝန်မှာ ရေဦး တံတားဆောက်လုပ်ရေး
...င်န်းခွင်၌ ရွှေ့ပြောင်းဆင်နိုင်သည့် ကြွေထည်ရေစစ်ဖြင့်
...က်ရေ ဖြန့်ဖြူးပေးရန်ပင်ဖြစ်သည်။ ကျွန်တော်က ချောင်း
...တွင် ကျင်းတစ်ကျင်းတူး၍ ရေစစ်ကိုဆင်လိုက်ပြီး နေ့စဉ်
...င်ဖြင့် သောက်ရေဖြန့်ပေးသည်။ တပ်ခွဲမှူးနှင့် အင်ဂျင်
...ာ ရဲဘော်များက ပထမတွင် ကျွန်တော်၏ လုပ်ရပ်များကို

www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြ ငေးငေးကြည့်နေရာမှ နောက်တွင် စိတ်ချလက်[illegible] သောက်သုံးလာကြသည့်အခါတွင် တိုးပွားလာသော တော[illegible] ဆိုမှုကြောင့် ကျွန်တော်မှာ လက်မလည်နိုင်အောင် ရှိသည်[illegible] ကျွန်တော်လည်း အင်ဂျင်နီယာတပ်လုပ်ငန်း၏ ကြမ်းတမ်းသေ[illegible] သဘာဝကို သဘောပေါက်သွားသည်။ သူတို့သည် မြစ်ထဲ[illegible] ကိုယ်တုံးလုံး ဆင်းကြကာ ပိုင်ရိုက်ကြ၊ လေးလံသောပစ္စည်း[illegible] များကိုထမ်းကြ၊ တံတားများ ထိုးကြနှင့် ပင်ပင်ပန်းပန်းလုပ်[illegible] ရသည်။ တံတားဆောက်လုပ်ရေး လုပ်ငန်းမှာ ရက်သတ္တနှစ်ပ[illegible] နှင့် ပြီးစီးသွား၍ ရွှေဘိုသို့ ဆက်သွားကြသည်။ စိမ့်[illegible] တောကြီးထဲတွင် လမ်းဆက်ဖောက်ကြရသည်။ ၃လမျှ တပ[illegible] တပ္ပန်း လမ်းဖောက်ကြသည်မှာ ဒီဇင်ဘာလတွင်မှ လမ်း[illegible] ခန်းတိုင်ရာ ကလေးဝသို့ရောက်သည်အထိပင်။ ထိုအတော[illegible] အတွင်း၌ တပ်ခွဲရွှေ့ပြောင်းရာ ကျွန်တော်ကလိုက်၍ ရော[illegible] ရာတွင်ရေထွက်မည့်နေရာလိုက်ရှာပြီးလျှင် ရေစစ်ကို ပြောင်းရွှေ့ ဆင်ပြီး သောက်ရေထုတ်ပေးသည်။

ကလေးဝတွင် ရှိစဉ် ကျွန်တော့တပ်စိတ်မှ လူအများ[illegible] စုသည် အမှတ် (၅၅)ခြေလျင်တပ်ရင်းကြီးနှင့်အတူ မန္တလေး[illegible] ရေယာဉ်များဖြင့် ရောက်လာကြသည်။ ကျွန်တော်တို့သည် မြစ်သာမြစ်အနီး ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် နေရသည်[illegible] စရောက်၍ ထမင်းအိုးတည်နေစဉ် မီးခိုးကိုမြင်လိုက်၍ထင်သည် ဗြိတိသျှလေယာဉ်များက လာပစ်သည်။ ကျွန်တော်တို့ အံ့အား သင့်ကာ အကာအကွယ်ယူလိုက်ကြသည်။ နောက်နေ့များ တွင်ကား လေကြောင်းတိုက်ခိုက်မှုကို နေ့နှင့်အမျှ ကြုံ တော့သည်။

○



# ၃၉။ ဗိုလ်ချုပ်ကြီးဆာကူရိုင်း

ဒိုင်အိအိချိ ဆူဂျိမိုတို၊ အမှတ်(၃၃)တပ်မ၊ တပ်မမှူး၏ တပ်ရေး

တရုတ်ပြည်၊ ရွှေတောင်၊ စစ်ကိုင်း၊ တစ်ဒင်

၁၉၄၂ခုနှစ် ဇူလိုင်လတွင် အမှတ် (၂၁၅) ခြေလျင် တပ်ရင်းကြီးမှ ကျွန်တော်ပါဝင်သော တပ်ခွဲ(၅)သည် ရေဦးတွင် စခန်းချထားလျက်ရှိပါသည်။ မြန်မာပြည်ကို သိမ်းပြီးဖြစ်၍ ရည်မှန်းချက်ပြည့်ဝခဲ့ပြီဖြစ်ရာ ကျွန်တော်တို့သည် စိတ်လွတ် ကိုယ်လွတ်ပင်ရှိပါသည်။ တစ်နေ့တွင် တပ်ရင်းမှူး ဗိုလ်မှူး ဆာတို ခေါ်ခိုင်းသဖြင့် သွားတွေ့ပါသည်။ တပ်ရင်းကြီး၏ တပ်မှူးပါ ဗိုလ်မှူးဆာတိုနှင့်အတူရှိနေကာ ကျွန်တော်သည် တပ်မမှူး ဒုတိယဗိုလ်ချုပ်ကြီး ဆာကူရိုင်၏တပ်ရေးတာဝန် ထမ်းဆောင်ရမည်ဖြစ်ကြောင်း ပြောပါသည်။ ကျွန်တော်က အရန်တပ်မတော်အရာရှိတစ်ဦးမျှသာဖြစ်၍ ဤမျှအရေးကြီး သည့် ရာထူးနှင့် သင့်တော်မည်မဟုတ်ကြောင်း လေပြည်ထိုး၍ အာဒကတက်ကြည့်ပါသည်။ သို့သော် "ဒါအမိန့်ပဲ"ဟု ဆို လိုက်သည့်အတွက် စိတ်မပါဘဲနှင့်ပင် လက်ခံလိုက်ရပါသည်။ တရုတ်ပြည်၊ နောက် ယခုအပိုင်းတွင် ဘီးလင်း၊ စစ်တောင်း၊ ရွှေတောင်၊ သတိုးတန်းနှင့် မုံရွာတို့၌ ပြင်းပြင်းထန်ထန် တိုက်ခဲ့ရသော တိုက်ပွဲများတွင် တိုက်ဖော်တိုက်ဖက်များဖြစ် သည့် ကျွန်တော့်တပ်စုမှ ရဲဘော်များကို နှုတ်ဆက်ခွဲခွာရာတွင် ကျွန်တော် စိတ်မကောင်းပါ။ ကျွန်တော့်အတွက် တစ်ခု တည်းသော စိတ်သက်သာဖွယ်ရာမှာ တပ်ခွဲတွင် သုံးနှစ်ခွဲမျှ တာဝန်ထမ်းဆောင်ခဲ့သော ဝါရင့် စစ်သည်များကို ထွက်ခွင့်ပြု

www.burmeseclassic.com

www.burmeseclassic.com



တော့မည်ဖြစ်ရာ မကြာမီ အိမ်ပြန်ကြရတော့မည်ဆိုသော သတင်းပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်ကြီး ဆာကူရိုင်သည် တပ်စစ်ထွက်နေသဖြင့် စစ်ကိုင်းတွင် သတင်းပို့ရပါသည်။ ကျွန်တော့်လိုအရာရှိငယ်များအနေဖြင့် တပ်မမှူးကဲ့သို့ "တိမ်တိုက်မက" ရာထူးကြီးမြင့်သူတစ်ဦးနှင့် တွေ့ဆုံမိရန်လမ်းမရှိပါ။ စစ်ကိုင်းတွင်သွားရောက် သတင်းပို့စဉ်က ဗိုလ်ချုပ်ကြီးမှာ ခပ်မှောင်မှောင် ခပ်ကျဉ်းကျဉ်း အခန်းကလေးထဲတွင် ရှိနေစဉ်ဖြစ်၍ ကျွန်တော်က သံတိုင်ပမာ တောင့်တောင့် သတိဆွဲလျက် အလေးပြုရာတွင် "ရောက်လာတာ ဝမ်းသာတယ်ဟေ့၊ မင်း တာဝန်ကို ထုံးစံအတိုင်းလုပ်" ဟု သူ၏ ဣန္ဒြေရင့်ကျက်သော မျက်နှာတွင် ကြင်နာသော အပြုံးရိပ်သန်းလျက် ဗိုလ်ချုပ်ကြီးက ဆိုပါသည်။ ကျွန်တော်မှာ ရှေ့တန်းတိုက်ပွဲအတွေ့အကြုံသာရှိပြီး ဘာလုပ်ရမည်ကို မသိသော်လည်း "မှန်ပါ၊ ဗိုလ်ချုပ်ကြီး သဘောပေါက်ပါတယ်" ဟု ရှိသေစွာ လိုက်လိုက်လျောလျော ဖြေလိုက်သည်။

နောက်ရက်အနည်းငယ် ကြာလျှင် ကျွန်တော့်နေရာတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုတင့်ကားတပ်သို့ ပြောင်းရမည့် ဗိုက်တာနာကာနှင့် ကျွန်တော့်ကို ဗိုလ်ချုပ်ကြီးက ရေနံချောင်းရှိ သူ၏နေအိမ်တွင် သူနှင့် ထမင်းစားရန် ခေါ်ပါသည်။ "မင်း ဆာကေ သောက်သလား" ဟု ကျွန်တော့်ကိုမေးရာ ကျွန်တော်က သောက်တတ်ကြောင်းပြန်ဖြေပါသည်။ "မင်းဟာ ငါ့ရှေ့မှာ သောက်တတ်ကြောင်း ပြောတယ်ဆိုတော့ ကောင်းကောင်း သောက်တတ်တာဖြစ်မှာပေါ့" ဟု ပြောပါသည်။ ကျွန်တော်သည် ကျွန်တော်တို့တပ်ရင်းကြီးမှ စွမ်းရည်ချီးကျူးမှတ်တမ်းတင်ခြင်း ခံရသူထဲမှ အသက်ရှင်နေသူ နှစ်ဦးအနက် ကျွန်တော်သည်



...ဦးဖြစ်သည်။ တိုက်ပွဲတိုက်ရာတွင် နာမည်ကောင်းရသဖြင့် ...ချုပ်ကြီးက ရွေးလိုက်ကြောင်း နောင်တွင် သူများပြော၍ ...လာရပါသည်။

ဗိုလ်ချုပ်ကြီး၏နေ့စဉ်လုပ်ငန်းစဉ်မှာ နံနက်စောစောတွင် ...ါသည်။ နံနက် ၈နာရီခန့်တွင် အိမ်မှထွက်ခွာပြီး မြင်းကို ...နာရီခန့်စီးပါသည်။ ထိုအခါတွင် မြင်းတပ်စုမှ တပ်စိတ် ...စိတ်က အစောင့်လိုက်ပါသည်။ ထိုမှ တပ်မဌာနချုပ်ရုံးသို့ ...န်းသွားပြီး စစ်ဆင်ရေး စီမံချက်တင်ပြလွှာများကို အတည် ...ချက်ပေးရန် စိစစ်ပါသည်။ သူ၏အခန်းနှင့် ကပ်လျက် ...ခန်းမှာ တပ်ရေးရုံးခန်း ဖြစ်ပါသည်။ တပ်မဦးစီးချုပ်နှင့် ...နမှူးများသည် ဤအခန်းသို့လာရောက်၍ တပ်မမှူးရှိ၊ မရှိ ...၍ ၎င်းတို့၏ တင်ပြချက်များကို တပ်မမှူးက အတည်ပြု ...ရေးအတွက် ဝင်တွေ့ပြီး ရှင်းလင်းတင်ပြနိုင်ရန် ဝင်လာတတ် ...ပါသည်၊ အချို့အရာရှိများကတော့ "ဆူဂီမိုတို၊ တပ်မမှူး ...ပြုချက်ရအောင် မင်းလုပ်ပေး"ဆိုပြီး တင်ပြလွှာကို ကျွန်တော် ...ထားခဲ့လေ့ ရှိပါသည်။ နံနက်ပိုင်းလုပ်ငန်းဆောင်တာများ ...လျှင် တပ်မမှူးသည် မြင်းစီးပြီး အိမ်ပြန်ပါသည်။ ဤအခါ ...င်မှ ကျွန်တော် တစ်ယောက်တည်းသာ သူနှင့် လိုက်ပါရ ...သည်။ တပ်မမှူးအိမ်မှာ မြစ်ကမ်းပါးရှိ နှစ်ထပ်အိမ်ကြီး ...ပါသည်။ မြေညီထပ်ညာဘက်ပိုင်းတွင် ၆၅ စတုရန်းမီတာ ...ရှိသော အခန်းဖြစ်၍ ပြောင်းရွှေ့ရောက်ရှိ၊ ထွက်ခွာသော ...ရာရှိတို့က ဂါရဝပြုသည်ကို လက်ခံရာနှင့် လက်အောက်ခံ ...ပ်မှူးများအတွက်ညှိခံပွဲကျင်းပရာလည်းဖြစ်သည်။ ဘယ် ...က်တွင် ၃၇ စတုရန်း မီတာခန့်ရှိ ကျွန်တော်၏ ရုံးခန်းရှိကာ ...င်း၏ နောက်ဘက်တွင် ၂၇စတုရန်းမီတာခန့် အခန်းတစ်ခန်း

www.burmeseclassic.com

www.burmeseclassic.com



ရှိပါသေးသည်။ အပေါ်ထပ်တွင် ၆၅ စတုရန်းမီတာခန့် ညှော်ခန်းနှင့် ၄၆ စတုရန်းမီတာခန့် ကျယ်သည့်အိပ်ခန်းတစ်ခန်း ပေါင်း နှစ်ခန်း ရှိပါသည်။ ဗိုလ်ချုပ်ကြီးသည် ဆိုဖာပေါ်တွင် ဘောင်းဘီတိုဝတ်လျက် စာဖတ်နေလေ့ရှိပါသည်။ သူ၏ဦးစီး အရာရှိများက သူအိမ်ပြန်နားနေခိုက်တွင်ပင် စာများယူလာ တင်ပြလေ့ရှိကြပါသည်။ တစ်ခါတွင် ကျွန်တော်က သူနားနေရာ သို့စာကို ယူသွားပြီး တင်ပြရာ သူက ပြုံး၍“ ငါကိုယ်တုံးလုံး နေတာ ခွင့်လွှတ်ကွာ ”ဟု ဆိုကာ မတ်မတ်ထိုင်၍ဖတ်ပါသည်။ သူ၏ကိုယ်ရေးလက်ထောက်ဖြစ်သူ ကျွန်တော်တစ်ဦးတည်းပင် ရှိသဖြင့် လဲလျောင်းရင်းပင် ဖတ်နိုင်မည် ဟုတွေးမိသော်လည်း ရုံးစာကို အိပ်လျက်ဖတ်လျှင် ရိုင်းရာကျမည်ဟု သူက ယူဆ သည်လည်းဖြစ်နိုင်ပါမည်။ သူက ကျွန်တော့ကိုဖြစ်စေ၊ အကူ ရဲဘော်ကိုဖြစ်စေ “ကျေးဇူးပဲ”၊ “ကောင်းတယ်ဟေ့” စသဖြင့် ညင်သာသောအသံဖြင့် အမြဲရည်မွန်စွာ ပြောဆိုလေ့ရှိသည်။

သူ့အိမ်တွင် အကူရဲဘော် ၃ ယောက်၊ ယာဉ်မောင်းရဲဘော် တစ်ယောက်နှင့် ကျွန်တော် စုစုပေါင်း၆ ယောက်နေကြပါသည်။ အောက်ခန်းတွင် တပ်မှူးများအတွက် ညှော်ခံပွဲပြုလုပ်သည့် အခါ ကျွန်တော်တို့အိမ်တွင် မိန်းကလေးမရှိဘဲ တပ်မှူးများ ကလည်း ဗိုလ်ချုပ်ကြီးရှေ့တွင် ယောကျ်ားချင်း ဆာကေငှဲ့ ပေးရိုး မရှိသဖြင့် ကျွန်တော်က လိုက်၍ငှဲ့ပေးရသည်။ ပွဲပြီး သွားသည့် နောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီးက ကျွန်တော်တို့ အတွက် “ပဲစားပွဲ”ကို အစေခံအခန်းတွင် လုပ်ပေးလေ့ရှိပါသည်။ သူသည် ဆာကေတစ်ပုလင်းနှင့် စကားပြောလိုက် အားရပါးရ ရယ်လိုက်နှင့် စိတ်လွတ်ကိုယ်လွတ်နေတတ်ပါသည်။ သူ့သား



သမီးအရင်းများနှင့်ကျိုစယ်သည့်အတိုင်း ငယ်ရွယ်ပြီးမနူးမနပ် ရှိသည့် ရဲဘော်များအပေါ်ကြင်နာတတ်ပါသည်။ တပ်သားကူရို အားဝမှာ အဆိုတော်အဖြစ် အသက်မွေးခဲ့သူဖြစ်၍ တပ်သား ဘာတိုမှာ တရုတ်ကဗျာကို ဟန်ကျပန်ကျရွတ်တတ်ရာ သူတို့ ထိုသို့ဆိုသည့်အတွက် ဗိုလ်ချုပ်ကြီးက အားပေးစကားပြောပြီး ဆာကေတစ်ခွက်စီ ဆုချသည်ကို ပျော်တပြုံးပြုံးဖြစ်နေတတ် ပါသည်။

ဗိုလ်ချုပ်ကြီးက သူ့အိမ်သို့မည်သည့်အမျိုးသမီးကိုမျှ လာခွင့်မပေးပါ။ သူက ကျွန်တော့ကို ဤသို့ဆိုပါသည် “တို့ ရဲဘော်တွေက တပ်မမှူးကို ဘုရားလောက် မှတ်တာ။ သူတို့ အားကုတ်ကျားခဲတိုက်နေရတဲ့အချိန်မှာလည်း ငါက သူတို့ကို ကူညီလိမ့်မယ်လို့ ယုံကြည်ကြတယ်။ ငါ့အမိန့်အရ တိုက်ပွဲ တိုက်ကြရင်း အသက်ဆုံးပါးရတာတွေလည်း ရှိမယ်။ ဒါကြောင့် မိန်းမတွေနဲ့ ပွဲတက်ပျော်နေမယ်ဆိုရင် ငါ့ကို ခွင့်လွှတ်စရာ မရှိဘူး”။ သို့သော် ဤသံမဏိစည်းကမ်းကို တစ်ကြိမ်လျှော့ ပေါ့ပေးခဲ့ခြင်းတော့ရှိပါသည်။ တစ်နေ့တွင် နှစ်သစ်ကူးဆိုရန် မိန်းကလေး နှစ်ယောက် ရောက်လာကြပါသည်။ သူတို့မှာ ဂျပန်မများ မဟုတ်ဘဲ အင်္ဂလိပ်-မြန်မာကပြားမများ ဖြစ်ကြပါ သည်။ အသက်၁၈နှစ်ခန့်ရှိကြပြီး ကပြားဖြစ်သည့်အလျောက် အလွန်လှကြပါသည်။ သူတို့မှာ ဦးစီးချုပ်က ထုတ်ပြန်ပေးသည့် အမိန့်ကြောင့် ဣန္ဒြေမပျက်နေနိုင်ခဲ့၍ ဤသို့ကာကွယ်ပေး သည်ကို ကျေးဇူးတင်ကြောင်း လာပြောခြင်း ဖြစ်ပါသည်။ ဤစစ်၏သဘောအရ လူမျိုးအချင်းချင်း ပြန်လည်သင့်မြတ်မှု အတွက် ကောင်းမည်ဖြစ်၍ ၎င်းတို့ကို အတွေ့ခံသင့်ကြောင်း ကျွန်တော်က ဗိုလ်ချုပ်ကြီးကိုတင်ပြပါသည်။ ဗိုလ်ချုပ်ကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်နိုင်ငံတွင် စစ်သံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အတွေ့အကြုံနောက်ခံကြောင့်လောမသိ ၎င်းတို့ကို ယဉ်ကျေးဖွယ်ရာ လက်ခံတွေ့ဆုံလိုက်ပါသည်။ ဌာနချုပ်ကို နောင်အခါကလောသို့ပြောင်းရာတွင်လည်း အဆိုပါမိန်းကလေးတို့ကလည်း ကလောသို့လိုက်လာကြပါသည်။

ကျွန်တော်သည် သေနတ်ကိုင်တပ်ခွဲမှလာသူဖြစ်၍ မြင်းမစီးဖူးပါ။ဗိုလ်ချုပ်ကြီးသည် ကျန်းမာရေးအတွက် နေ့စဉ်မြင်းစီးသဖြင့် မြင်းတပ်တပ်စုမှူး ဗိုလ်ခါနဲကိုကို မြင်းစီးသင်ပေးဖို့ ပြောရာ မြင်းစီး ကျွမ်းကျင်သူ တစ်ယောက်ဖြစ်ရန် ၃ နှစ်လေ့ကျင့်ဖို့လိုမည်ဟု ပြောပါသည်။ ဗိုလ်ချုပ်ကြီး၏မြင်းမှာ တောင့်တောင့်ထွားထွားကြီး နှင့် အမွေးအမှင် နုးညံ့သည်။ ကျွန်တော့်မြင်းအမည်မှာ"ဆာကူရိုင်းကိုး"ဖြစ်နေ၍ ဗိုလ်ချုပ်ကြီးနှင့်အမည်ချင်းဆင်နေသဖြင့် ကျွန်တော် နာမည်ကိုခေါ်ဖို့ခက်နေသည်။ အသက် ၁၇နှစ်ရှိပြီဖြစ်၍လည်း အရွယ်တော်တစ်ဆိတ်ဟိုင်းပြီဟု ဆိုရပေမည်။ သို့ရာတွင် ဤမြင်းသည် ကောင်းမွန်စွာလေ့ကျင့်ထားသောမြင်းဖြစ်၍ စပိန်မြင်းအလှရှုပြေးဟန်ကဲ့သို့ အလှပြပြေးနည်းကို သူ့ဘာသာသူ ပြေးတတ်သည်။

တစ်နေ့တွင် ဖျော်ဖြေရေးအဖွဲ့တစ်ဖွဲ့ ရေနံချောင်းသို့ရောက်လာကာ မြင်းပြိုင်ကွင်းနှင့် မျက်နှာချင်းဆိုင် တပ်ပိုင်ဟိုတယ်တွင်တည်းနေရာ၊ ကျွန်တော်တို့မြင်းစီးသည်ကို ထိုအဖွဲ့မှ အမျိုးသမီးများက ထွက်ကြည့်လေ့ရှိသည်။ ထိုနောက် ဦးစီးအရာရှိတစ်ဦးက ကျွန်တော်တို့နှင့် မလာစဖူးဘဲ ဗွေဆော်ဦးလာပြီးမြင်းစီးသည်။ သူသည် အသက် သုံးဆယ်ဝန်းကျင်ရှိမည်ဖြစ်၍ အမျိုးသမီးများကို အစွမ်းပြလို၍ ဖြစ်မည်ထင်



သည်။ ဤတွင် ကျွန်တော့်မြင်းက အလှပြပြေးနည်းများကို တစ်ခုပြီးတစ်ခု လုပ်ပြတော့သည်။ သို့နှင့် မိန်းကလေးများ အမြင်တွင် ကျွန်တော့်ကို မြင်းစီး အကျွမ်းကျင်ဆုံးဟု ထင်မှတ်သွားပေလိမ့်မည်တည်း။

ဗိုလ်ချုပ်ကြီးသည် လစာ ထုတ်သည့် အခါတိုင်း၌ ကျွန်တော့်ကို ယန်း ၁၀၀ ပေးပြီး "ငါ့ကိုယ်ရေးကိုယ်တာ အသုံးစရိတ်တွေကို ဒီအထဲကပေး" ဟု ပြောတတ်ပါသည်။ ကျွန်တော်သည် လူမှုထုံးစံများနှင့် မကျွမ်းဘဲတပ်ထဲရောက်လာသူဖြစ်၍ ဤသို့ လစဉ်ရသောငွေထဲမှ ဗိုလ်ချုပ်ကြီး၏ ကိုယ်ရေးအသုံးစရိတ်များကိုကျခံရန်ဖြစ်သည်ဟု သဘောပေါက်မိ၍ ဟိုတယ်နှင့် စားသောက်ဆိုင်များတွင် တစ် (ဘောက်ဆူး) ပေးခြင်း၊ ရထားစားသောက်ခန်း၌စားခြင်း စသည့်အသုံးစရိတ်များအတွက် ထုတ်ပေးပါသည်။ နောက်ပိုင်း၌ သိရသည်မှာ အရာရှိကြီးများမှာ အထူးလျှို့ဝှက် ရန်ပုံငွေမှ စီးပွားရေးကုမ္ပဏီများတွင် ထားရှိသည့် ညှော်ခံစရိတ်မှ ဤကဲ့သို့သော ကိစ္စများအတွက် ကျခံနိုင်ကြောင်းဟူသော အချက်ပင်ဖြစ်သည်။ သို့သော် ဤနည်းကို ကျွန်တော်က မသိသေးသည့်အပြင် သူ၏ မြင့်မြတ်သော စိတ်နေသဘောထားကြောင့် ကျွန်တော်က ဤရန်ပုံငွေကို သုံးမိလျှင်လည်း ဗိုလ်ချုပ်ကြီးက ဆူကောင်း ဆူပေလိမ့်မည်ဟုလည်း ယခုတိုင်တွေးထင်မိသည်။

သူသည်လက်ရေးလှ ရေးရာတွင်လည်း ခံ့ညားသောဟန်နှင့် အလွန်ကျွမ်းသည်။ မြန်မာပြည်တွင် အောင်ပွဲဆင်ပြီးသည်နောက်တွင် ရေနံချောင်း၌ အေးချမ်းစွာနေရသည့် ကာလများလည်းရှိခဲ့သည်။ မြန်မာပြည်စစ်မြေတွင် ကျဆုံးခဲ့သူတို့၏ ဆွေမျိုးမိဘများက သချိုင်းဂူတွင် ကမ္ပည်းထိုးရန် စာတန်း

www.burmeseclassic.com

www.burmeseclassic.com



ပေးရေး အကူအညီတောင်းလေ့ ရှိကြသည်။ ဤကိစ္စကို သူကလည်း လိုလိုလားလားလုပ်ပေးပြီး ကျန်ရစ်သူ မိသားစုများထံ ကမ္ဘည်းရေးထိုးပို့ပေးပါသည်။ ထိုအချိန်က အောင်ပွဲမော်ကွန်း ဗိမာန်တည်ဆောက်ကာ တစ်လက်စတည်းအားဖြင့် ကျဆုံးသူ စစ်သည်အားလုံးအတွက် အမှတ်တရအထိမ်းအမှတ်အဖြစ်ပါတည်ဆောက်ရန် စီမံချက်ရေးဆွဲကြပါသည်။ ဗိုလ်ချုပ်ကြီးအနေဖြင့် ရှေ့ဆက်၍ ပိုမိုပြင်းထန်စွာ တိုက်ရမည့်အရေးရှိသေး၍ စောလွန်းသေးသည်ဟု သဘောရသော်လည်း စစ်သည်တို့၏ စိတ်ဓာတ်ကို မြင့်တင်ကောင်း မြင့်တင်ပေးနိုင်မည်ကိုလည်းထည့်တွက်၍ သဘောတူလိုက်ပါသည်။ တစ်ချိန်တည်းတွင် ထိုဗိမာန်အနီးတွင် ကျဆုံးသွားသော ဗြိတိသျှ အညတရစစ်သည်များအတွက် ရည်မှန်း၍ အမှတ်တရ ဗိမာန်တစ်ခုဆောက်လုပ်စေခဲ့ပါသည်။ (ဤအမှတ်တရဗိမာန် ဆောက်လုပ်ခဲ့ခြင်းကို မောင့်ဘက်တန်က အလေးထားခဲ့သည်ဟု သိရပါသည်။ စစ်အပြီးတွင် ဗိုလ်ချုပ်ကြီးကို မန္တလေးစစ်သုံ့ပန်းစခန်း၌ အထူးဂရုစိုက်ထားသည်ဟုလည်း ကျွန်တော် ကြားသိခဲ့ရပါသည်။)

၁၉၄၃ ခုနှစ်မတ်လတွင် ဗိုလ်ချုပ်ကြီးဆာကူရိုင်သည် သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးတာဝန် ထမ်းဆောင်ရန် တပ်ပြောင်းရပါသည်။ ဗိုလ်ချုပ်ကြီးကို တိုကျိုသို့ကျွန်တော်လိုက်ပါပို့ဆောင်ပေးရန် အမိန့်လည်း ရပါသည်။ ရန်ကုန်မှ စင်္ကာပူသို့ အမှတ် (၁၅) တပ်မတော် တပ်မှူး ဗိုလ်ချုပ်ကြီးအီဒါ (နောင်တွင် ယင်းရာထူးကို ဗိုလ်ချုပ်ကြီးကာဝါဘေက ဆက်ခံသည်) နှင့် လေယာဉ်တစ်စင်းတည်းကျပါသည်။ လေယာဉ်ပေါ်သို့တက်စဉ် ဗိုလ်ချုပ်ကြီးဆာကူရိုင်၏လက်ဆွဲသေတ္တာ



...လုံးအနက် တစ်လုံးပါမလာကြောင်းသိရပါသည်။ ကျွန်တော် ... ထိုလက်ဆွဲသေတ္တာကို ရအောင်ရှာပြီးနောက် လေယာဉ် ... တင်ပေးလိုက်ရန် လေဆိပ်ဝန်ထမ်းများအား မှာပါသည်။ ...နောက် ဗိုလ်ချုပ်ကြီးထံ စိတ်မသက်သာစွာဖြင့် သွားသတင်း... ဗိုလ်ချုပ်ကြီးကမူ အေးအေးဆေးဆေးပင် ထိုသတင်းကို ...က်ခံလိုက်ပါသည်။ ထိုသို့သတင်းပို့သည်ကို ဗိုလ်ချုပ်ကြီး ...ဒါကလည်း ကြားရာတွင် "မကြာမီ ပို့ပေးလိုက်မှာပါ" ဟု ...န်တော့်ကို နှစ်သိမ့်စကားပြောပါသည်။ ဗိုလ်ချုပ်ကြီးအီးဒါးမှာ ...မန်အားဖြင့် ရှုတင်းတင်းနှင့် ဘာသိဘာသာ နေတတ်၍ ...ကပ်ရခက်ပုံပေါက်သော်လည်း ယခုအခါတွင်မူ ညင်သာစွာ ...ဏာသက်ပုံ ပြလျက်ရှိသည်။ စင်္ကာပူမှ ဂျပန်သို့လေယာဉ် ...တွင်လည်းဗိုလ်ချုပ်ကြီးအီဒါနှင့်ပြန်ဆုံရာ၌ ဗိုလ်ချုပ်ကြီးက ...က်ဆွဲသေတ္တာကိစ္စမေးရာ ကျွန်တော်က ပြန်ရပြီဖြစ်ကြောင်း ...ပြောသောအခါ စာနာသည့်အပြုံးဖြင့် "ဒါဆို သိပ်ကောင်းတာ ...ပဲ" ဟု ပြောပါသည်။ အရာရှိကြီးများအပေါ် မိမိတို့၏အမြင် ...သည် အခြေအနေလိုက်၍ ကွဲပြားပေလိမ့်မည်ဟု ကျွန်တော် ...တွေးထင်မိပါသည်။

တိုကျိုရောက်သောအခါ ဆက်တာဂါယာရှိ ဗိုလ်ချုပ်ကြီး၏ နေအိမ်တွင် တည်းရန်ခေါ်သွားပါသည်။ ကျွန်တော့်အတွက် သီးခြားအခန်းတစ်ခန်းကို ပေးပါသည်။ သူ၏သမီးအခန်းဟု ထင်ရပါသည်။ သက်သောင့်သက်သာ အိပ်နေစဉ် ...ကြောင်းရန် အစမ်းလေ့ကျင့်မှုအတွက် ဥသြဆွဲရာ ကျွန်တော် ...အိပ်ရာမှထ၍ ယူနီဖောင်းကောက်ဝတ်လိုက်ပါသည်။ ဗိုလ်ချုပ်ကြီး၏သမီးက သူ့ လေကြောင်းရန် ဦးစွပ်နှင့် အိတ်တို့ကို ...ယူရင်း "ရှင်ကတော့ မလာဘဲနေလို့ရပါတယ်" ဟု ညင်သာ

www.burmeseclassic.com

www.burmeseclassic.com



ဗွာပြောပါသည်။ သို့သော် စစ်သားတစ်ယောက် အနေဖြင့် ဤသို့သော လေကြောင်းရန် လေ့ကျင့်မှုတွင် ပါဝင်လိုက်နာသင့်သည်ဟု ယူဆသဖြင့် ကျွန်တော် သူ့နောက်လိုက်သွားပါသည်။ သတ်မှတ်နေရာသို့ရောက်သောအခါ ဗိုလ်ချုပ်ကြီးသည် အရပ်ဝတ် ဝတ်လျက် သူ၏အိမ်နီးချင်းများနည်းတူတန်းစီနေသည်ကိုတွေ့ရ၍ အံ့သြမိပါသည်။ အမည်ခေါ် လူစစ်သည့်အခါ နောက်ဆုံးက စစ်ဝတ်စုံဖြင့် တန်းစီနေသော ကျွန်တော့်ထံ ရပ်ကွက်ခေါင်းဆောင်က အထင်ကြီးသွားပုံပြပါသည်။ နာမည်ကျော် တပ်မတစ်ခု၏ တပ်မမှူးဖြစ်သူ ဒုဗိုလ်ချုပ်ကြီးတစ်ဦးသည်လည်းဤတန်းထဲတွင်ရှိနေပြီး သူ့နာမည်ကို ခေါ်လိုက်သောအခါ တည်တည်ငြိမ်ငြိမ် ပြန်ထူးလျက်ရှိသည်ကိုမူ သူသိမိဟန်မတူကြောင်း တွေးမိ၍ ပြုံးလိုက်ပါသည်။ ဂျပန်လူ့အသိုင်းအဝိုင်းတွင် စစ်ဗိုလ်များကို အထူးလေးစားသည့် အချိန်တွင် ကျွန်တော်တို့ ဗိုလ်ချုပ်သည် အိမ်တွင် ရိုးရိုးအရပ်သားအသွင်ဖြင့်သာ နေထိုင်လျက်ရှိပါသည်။

ကျွန်တော်သည် မြန်မာပြည်သို့ပြန်လာပြီး တပ်မ (၃၃) တပ်မမှူး၏ တပ်ရေးတာဝန်ကို ဗိုက်ချုပ်ကြီး ဂင်ဇိုယာနာဂီ၏ လက်အောက်တွင်ဆက်လက်ထမ်းဆောင်ကာ ထိုနောက်တွင် ဗိုလ်ချုပ်ကြီး နိုဗူအိုတာနာကာ လက်အောက်၌ စစ်ကြီးပြီးသည်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကျွန်တော်တို့ အင်ဖားတွင် စစ်ရှုံးသည့်နောက်ပိုင်း ၁၉၄၅ ခု ဧပြီ၌ ကလောကို တစ်ခေါက် ဖြတ်၍သွားကြရသောအခါတွင် ကနဦးက ဆိုခဲ့သော ကပြားနှစ်ယောက်အနက်မှတစ်ဦးသည် ကလေးငယ်ကိုချီလျက် ဆုတ်လာသော ဂျပန်တပ်များကိုလမ်းဆားမှ လှမ်းမျှော်ကြည့်နေသည် ဆိုသော သတင်းတစ်ရပ်ကို ကျွန်တော် ကြားလိုက်ရပါသည်။



ကလေးမှာ ဂျပန်စစ်တပ်မှ ဆရာဝန်တစ်ဦးနှင့်ရသော ကလေးဖြစ်သည်ဟု သိရပါသည်။ အားအင်ချည့်နဲ့စွာဖြင့် ဆုတ်လာသော ဂျပန်စစ်သည်များထဲတွင် သူ၏ ချစ်လင်ကိုပြန်တွေ့ရရေးကိုမူ ကျွန်တော် မသိတော့ပါ။

၀

## ၄၀။ ခြံခံတပ် နောက်လိုက်ခန်း

ဒုတပ်ကြပ် ရှင်ဆာကု ဟုန်မာ၊ စက်သေနတ်တပ်ခွဲ(၂)၊ ရင်း(၂)
အမှတ် (၂၁၅) ခြေလျင်တပ်ရင်းကြီး၊ တပ်မ(၃၃)
မုံရွာ၊ တမူး၊ ရှမ်း

ကျွန်တော်တို့တပ်မှာ မုံရွာမြို့တွင် အေးချမ်းစွာ နယ်မြေစိုးတာဝန်များကို ထမ်းဆောင်နေစဉ် ဗြိတိသျှတပ်တစ်တပ်က မြန်မာပြည်ထဲသို့ထိုးဖောက်ဝင်လာကြောင်း သတင်းရပြီး ၁၉၄၃ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မိမိတို့ ရင်း(၂)သည် မုံရွာမှနေ၍ ပင်လယ်ဘူး၏အရှေ့တောင်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာရှိ ကန့်ပလူဘူတာသို့ ဆိုက်ပါသည်။ မတ်လ ၃ ရက်နေ့တွင် ကျွန်တော်တို့၏တပ်ရင်းမှူး ဗိုလ်မှူးအိချိရိ ဆိုသည် တောတွင်းတစ်နေရာ၌ ဂေါ်ရခါးတပ်နှင့် မမျှော်လင့်ဘဲဖြစ်သည့် တိုက်ပွဲတွင် ကျဆုံးခဲ့ပါသည်။ ဤရန်သူကို ချောင်ဖမ်းရန် စက်သေနတ် တပ်ခွဲမှ ကျွန်တော်အပါအဝင် ၁၁ ယောက်ကို တပ်ခွဲ(၇)တွင် တွဲပေးကာ ယူးမြစ်ဘက်သို့ ချီတက်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အခြေပြုရမည့် ရွာသို့ရောက်သည့်အခါတွင် ရန်သူ့အရိပ်အရောင် ဘာမျှမတွေ့ရပါ။ ရွာက ကျွန်တော်တို့ ကြိုဆိုကြပြီး ယိမ်းအကများဖြင့် ဖျော်ဖြေကြပါသည်။ သို့သော် နောက်တစ်နေ့ ကျွန်တော်တို့ နိုးလာကြသောအခါ မိန်း ကလေးတစ်ယောက်မျှမရှိ၊ နောက်များမကြာမီ ကျန်တစ်ရွာ အလျှိုအလျှို ပျောက်ကုန်သည်။ ထိုအချိန်အထိ ကျွန်တော် ရှိသည်ကို ရန်သူ့ထံပေါက်ကြားသွားပြီဟု ကျွန်တော်တို့ မ မိသေးပါ။ ကျွန်တော် အတွင်းခံဘောင်းဘီနှင့် အိပ်နေတု အခါတွင်မှ ဗြိတိသျှလေယာဉ်သံများကြားရပါသည်။ ကျွန်တော် တို့ ခေါင်းပေါ်မှဖြတ်၍နောက်ပိုင်းကို ဗုံးသွားကြဲရန် ဖြစ်သည် ထင်၍ ပထမကာဂရုမစိုက်ပါ။ သို့သော် တစ်စုံတစ်ရာ ထူးခြ သည်ကို သတိထားမိ၍ အိမ်ပြင် ထွက်ကြည့်လိုက်သောအခ လေယာဉ်များက ကျွန်တော်တို့ ရောက်နေသော ရွာပေါ်ဝဲနေမှ တွေ့ရပါသည်။ သို့နှင့် "လေကြောင်းရန်"ဟု အော်ပြီးသ ပေးလိုက်ရာ အတွင်းခံဘောင်းဘီကိုယ်စီဖြင့် ကျွန်တော်တို့ ရွာထဲမှ ထွက်ပြေးကြပါသည်။

ထိုခဏတွင် လေယာဉ်တစ်စင်းက ကျွန်တော်တို့ဆီ ထိုးစိုက်လာရာ " မြန်မြန်တောထဲကို ရှိတဲ့အတိုင်းပြေးကြ ဟု ကျွန်တော်က လှမ်းအော်လိုက်ပါသည်။ ကျွန်တော်တို့ သေနတ်များနှင့် စစ်ပစ္စည်းတန်ဆာပလာတို့ကို အိမ်ပေါ်ထား ခဲ့ပြီး အလွတ်ထွက်ပြေးကြပါသည်။ ကျွန်တော်တို့ မီတာ မျှ မရောက်တတ်သေးမီ ရွာလယ်ကောင်တွင် ဗုံးနှစ်လုံးကျ ပေါက်ကွဲပါတော့သည်။ ဒုတိယလေယာဉ်ကလည်း စ၍ ဆင်းနေပြီဖြစ်ကာ အိမ်တစ်လုံး မီးစွဲလောင်ပြီး၊ အုန်း တစ်ပင်လည်း လဲကျသွားပါသည်။ ကျွန်တော်တို့ တော



လှုပ်မယှက် ထိုင်ကြည့်နေကြပါသည်။ မီးလောင်သည်မှာလည်း ပေါက်သလို ကြောက်မက်ဖွယ်ပင် ဖြစ်ပါသည်။ စတုတ္ထ လေယာဉ်က ဗုံးကြဲပြီးသောအခါ အိမ်ထဲမှ ကျွန်တော်တို့၏ သေနတ်၊ ခဲယမ်းမီးကျောက်တန်ဆာပလာများကို သွားယူကြ သည်။ ကျွန်တော်တို့တောထဲပြန်ဝင်လိုက်သည်နှင့် လေယာဉ် များက ၂၀ မမ စက်အမြောက်တို့ဖြင့် မြေကိုပွစာကြဲအောင် ရစ်ပစ်ပါတော့သည်။ သို့သော် ကံကောင်းထောက်မ၍ ထိခိုက်ရှုနမှု မရှိပါ။ လေယာဉ်များပြန်သွားသည့် အခါတွင်မူ ရွာရှိအိမ်ခြေတစ်ဝက်မှာ ပြာကျသွားပြီဖြစ်သည်။

ထိုနောက်တပ်ခွဲ(၇)မှ ဆက်သားရောက်လာပြီး အရှေ့ မြောက် တစ်ကီလိုမီတာခန့်အကွာရှိ တောထဲသို့ ဝင်ခိုင်းရာ နေရာရောက်သည့်အခါတွင် စခန်းချခဲ့သော လက္ခဏာများ နှင့် မြင်းချေးပုံများကို တွေ့ရသည်။ ရန်သူ့ခြေရာလက်ရာ များပင်ဖြစ်မည် ယူဆရသည်။ သစ်တောရိပ်ကောင်းပြီး ရေရ နိုင်သောနေရာလည်း အနီးတွင်ရှိသည်။ ရန်သူသည် လျှို့ဝှက် ဆင်ရေး ဝင်လာခြင်းဖြစ်၍ ရွာရှောင်ကာ ဂျပန်တပ်သို့ သတင်းမပေါက်အောင် ကြိုးပမ်းမည် ဖြစ်သည်။ ကျွန်တော် တို့သည် ထိုနေ့တစ်နေ့လုံး ရွက်ထည်တဲဆောက်ခြင်း၊ အိမ်သာ တူးခြင်းတို့ဖြင့် အချိန်ကုန်ခဲ့သည်။ လေယာဉ်တစ်စင်း နောက် ပြန်လာပြီး ရွာပေါ်နိမ့်နိမ့်ပျံသွားသည်။ သို့သော် ဗုံးကြဲပစ် ခတ်ခြင်း မပြုပေ။ ရန်သူသည်အနီးအနားတွင်ပင် ရှိနေသဖြင့် လေယာဉ်ဝဲခြင်းဖြစ်မည်ဟု ကောက်ချက်ချလိုက်သည်။

နောက်တစ်နေ့တွင် တိုက်ပွဲဝင်ရန် အမိန့်ရသည်။ ကျွန်တော်တို့သည် ဟန်းကောများကို ပုံဖျက်ပိုက်ကွန်တို့ဖြင့် ထုပ်၍ ရေဘူးနှင့် ကျည် ၁၅ တောင့်သာ သယ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာတွင် နွေပေါက်ချိန်ဖြစ်၍ ချောင်းမျက်နှာပြင် မီတာ ၃၀ ကျယ်၍ စင်တီမီတာ ၃၀ ခန့်သာ နက်သည်။ ထိုနေရာ၏ ညာဘက်တွင် စိမ့်တောကြီးရှိကာ ထိုနောက်တွင် အုန်းပင်များတွေ့ရသဖြင့် ရွာဖြစ်မည်ဟုမှန်းဆရသည်။

ထိုအခိုက် ရှေ့ပြေးတပ်စိတ်ကစပြီး ပြေးတက်ကာ "ရန်သူ"ဟု တစ်ယောက်ယောက်က အော်သည်ကိုလည်း ကြားလိုက်ရသည်။ ဖြစ်ပုံမြန်ဆန်လွန်းလှ၍ ကျွန်တော်တို့ ပစ်ခွင့်မရလိုက်။ ရန်သူသည် စိမ့်တောထဲသို့ တိုးဝင်သွားကြသည်။ အင်အားမည်မျှလောက်ရှိမည် မသိပါ။ တပ်စုမှူးက မခိုင်းသော်လည်း ကျွန်တော်က စက်သေနတ်ကို လူ ၄ယောက်ဖြင့်သယ်သွားနိုင်အောင် ဆင်ထားသည်။ တပ်ခွဲ(၇) တပ်ခွဲမှူး ဗိုလ်တာကီဇာဝါက စိမ့်တောကိုဝိုင်းထားခိုင်းကာ ကျွန်တော်တို့ စက်သေနတ်ကို ချောင်းကမ်းပါးရှိ ချောက်တစ်ခုအလယ်တွင် တင်ထားသည်။ မိနစ်အနည်းငယ်ခန့်ကြာသည့်အခါ ရှေ့မီတာ ၄၀ခန့်အကွာမှ ကိုင်းပင်များကျိုးသံကြားရသည်။ ကျွန်တော်တို့၏ စီမံချက်မှာ စက်သေနတ်၊ ဖုံးလောင်ချာများနှင့်ပစ်၍ ရန်သူက မိမိတို့၏အင်အားကို အရှိထက်များသည်ဟု အထင်ကြီးသွားစေရန်ပင်ဖြစ်သည်။ ထိုနောက်တွင် သေနတ်ကိုင်တပ်စိတ်များက လိုက်တိုက်ရန်ဖြစ်သည်။

ကျွန်တော်စက်သေနတ်ဖြင့်အသံကြားရသည့်နေရာသို့ ၅တောင့်ပစ်လိုက်သည်။ ဖုံးလောင်ချာများလည်းပစ်ကြသည်။ ဤတွင် ရန်သူစစ်သားများ တစ်ဦးပြီး တစ်ဦးပေါ်လာကာ အားလုံးကို သွေးထွက်သံယိုမရှိဘဲ ဖမ်းလိုက်နိုင်သည်။ ဗိုလ်တာကီဇာဝါ၏ စီမံချက်သည် အောင်မြင်ခဲ့ပေပြီ။ ရန်သူကို



ည်းလမ်းသို့ခေါ်သွားပြီး ပါလာသည့်ပစ္စည်းများကိုရှာရာတွင် တို့အနက် ဝါအရင့်ဆုံးမှာ ဆေးဆရာဝန်တစ်ဦးဖြစ်ပြီး လာအိတ်နှင့် ငွေဒင်္ဂါး၂၀၀ကျော်ပါလာကြောင်းတွေ့ရသည်။ ၁ကီလိုမီတာခွဲခန့်ဝေးသည့် တောင်ခြေသို့ ကျွန်တော်တို့ င်းကြပါသည်။ ထိုနောက် နှစ်ရက် သုံးရက်တွင် ရန်သူ့ တင်းမရဘဲ ဖြစ်နေသည်။ စတုတ္ထနေ့ ဖြစ်မည် ထင်သည် ကျွန်တော်တို့ စက်သေနတ် ချိန်ထားသည့်လမ်းအတိုင်း ရန်သူ ယောက် အေးအေးဆေးဆေး ရှေ့နောက်တစ်ဦးချင်း တန်းစီ၍ လာသည်။ ကျွန်တော်တို့အားလုံး အာရုံစူးစိုက်ကာ စိတ်တင်း က်ရှိကြသည်။ ရန်သူသည် မိမိတို့နှင့် မီတာ ၂၀၀ မျှသာ တော့သည်။ ထိုအချိန်အထိ ရန်သူက ကျွန်တော်တို့ရှိသည် မရိပ်စားမိသေး။ တစ်ဘက်တွင် ချောင်းရှိပြီး အခြား ဖက်တွင် ကိုင်းတောရှိသည်။ ကျွန်တော်တို့ သေနတ်ကိုင် စိတ်များက လုံ့စွပ်ထိုးရန် အသင့်ဖြစ်နေကြသည်။ န်တော်က ရန်သူကို ကွက်တိချိန်ထားရင်း တပ်မှူး၏ မိန့်ကို စောင့်နေသည်။ ဗိုလ်တာကီဇာဝါက "ပစ်"ဟု အမိန့် လိုက်သည်နှင့် အပစ်ခလုတ်ကို ကျွန်တော် နှိပ်လိုက်သည်။ သော် ကျွန်တော် တစ်ချက်မပစ်နိုင်မီတွင် ရန်သူအားလုံး ပေါ်ဝပ်ပြီးသား ဖြစ်နေသည်။ ရေမျောကမ်းတင် သစ်လုံးများ း တွင်ရှိနေသဖြင့် ရန်သူသည် သစ်တုံးများ နောက်တွင် ခိုလိုက်သည်။ ၎င်းတို့ကို လှန့်ပစ်ပစ်လျှင် ကောင်းမည် ဟု ကျွန်တော်က တပ်စိတ်မှူးနှင့် ဆွေးနွေးနေစဉ် ဆာကာမာကီက ဂျပန်ဓားရှည်ကိုဝင့်လျက် ရောက်လာပြီး နတ်ကိုင်တပ်စိတ်များက ကျားတက်ထိုးစဉ် ကာပစ်ပစ်ပေး ပြောသည်။ လမ်းပေါ်မှ လူ ၅ယောက် ၆ယောက်ခန့်က

www.burmeseclassic.com

www.burmeseclassic.com



စပြေးရန်လုပ်သည်နှင့် ကျွန်တော်က အတောင့်၂၀ခန့် ပစ်လိုက် သည်။

ရေမျောကမ်းတင်သစ်ပုံနောက်မှ တုတ်တွင်ပိတ်စ ချည်၍ထောင်ပြလာသည်။ သေနတ်ကိုင်တပ်စုလည်း လုံ တပ်လျက်တက်သွားရာ သစ်ပုံနောက်ရှိ ရန်သူ ၈ ယောက် စလုံးကို ရလိုက်သည်။ အလံဖြူထောင်ပြသူမှာ အရာရှိဖြ ပါသည်။ ကျန် ၁၅ ယောက်ကမူ ကိုင်းတောထဲသို့ ပြေးဝင် သွားခဲ့ပြီဖြစ်လေသည်။ ညသန်းခေါင်ခန့်တွင် ကျွန်တော်တို့ စက်သေနတ်နှင့် မီတာ၅၀ခန့်အကွာတွင် ချောင်းထဲ၌ လ လျှောက်နေသံကြား၍ အားလုံးနေရာယူကြပါသည်။ သို့သော် ပိန်းပိတ်အောင်မှောင်နေ၍ ရှေ့ ၁၀ မီတာကိုပင် မမြင်ရပါ သူတို့ ကံကောင်းသွားသည်။ အိန္ဒိယသို့ ၎င်းတို့ ဘေးမသိရ မခဘဲ ရောက်သွားနိုင်ကြလိမ့်မည်ထင်ပါသည်။

ညကအိပ်ရေးပျက်သဖြင့် နောက်တစ်နေ့နံနက်စာစားပြီး တစ်ရေးအိပ်နေကြစဉ် ၁၀နာရီခန့်တွင် ကင်းကအချက်ပေး နိုးလာကြပါသည်။ ရန်သူ ၇ ယောက် ၈ယောက်ခန့် သေနတ် လွယ်လျက် အေးအေးလူလူ လျှောက်လာသည်ကို တွေ့ရ သည်။ ရေမျောကမ်းတင်သစ်ပုံ အနားထိ သူတို့ကို လာခွင့် လိုက်လျှင် မနေ့ကကဲ့သို့ပင် အကာအကွယ်ယူပြီး တောထဲ ဝင်ကာလွတ်သွားပေမည်။ ကျွန်တော်က ရှေ့ဆုံးမှလာနေသူ ခါးတည့်တည့်ကို ချိန်ထားလိုက်သည်။ သို့မှသာ ရှေ့ဆုံး ထိုးဝပ်လိုက်သည့်တိုင်အောင် စက်သေနတ်ကျည်များက နော မှလိုက်လာသူတို့ကို မှန်ပေလိမ့်မည်။ "ချိန်ပြီးအသင့်" ကျွန်တော် သတင်းပို့လိုက်သည်။ သို့သော် ပစ်မိန့်ပေးရန် တပ်စုမှူးက ပစ်မိန့်မပေးသေး။ အမိန့်ရမှသာ ကျွန်



စောင့်ရပါမည်။ သို့သော် ဖြစ်ချင်ရာဖြစ် ဆူလျှင်လည်း အဆူခံ လိုက်မည်ဟုကျွန်တော်က ပိုင်းဖြတ်လိုက်ပြီး အပစ်ခလုတ်ကို နှိပ်လိုက်သည်။ ရှေ့ဆုံးမှ သုံးယောက် တစ်ယောက်ပြီး တစ်ယောက် လဲကျသွားသည်။ ထိုအခါနောက်ပိုင်း၌ဝပ်နေသော သူများကိုချိန်၍ အတောင့် ၃၀ ခန့် ထပ်ပစ်လိုက်ပါသည်။ ဤတွင် တပ်ခွဲ(၇)က ရန်သူထံတက်သွားရာ နှစ်ယောက်သေ ဆုံး၍ ငါးယောက် ဒဏ်ရာရကြောင်း တွေ့ရပါသည်။ ဤတွင် ဗုံ၊ ၉၂ စက်လတ်၏ ထိရောက်မှုကို ကျွန်တော် အထင်ကြီး သွားပါတော့သည်။ ယမန်နေ့က ဖမ်းမိသူများနှင့် ယနေ့ ဒဏ်ရာဖြင့်မိသူ ဗြိတိသျှ စစ်သားများကို မော်လိုက်ရှိ တပ်ရင်း ဌာနချုပ်သို့ ပို့ဆောင်ပေးလိုက်ပါသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

# ၄

# ရခိုင်စစ်ဆင်ရေး

၁၉၄၃ ခုနှစ် ဇန်နဝါရီ မှ ၁၉၄၄ ခုနှစ် မတ်

www.burmeseclassic.com

www.burmeseclassic.com



## ၄၁။ ခမ်တွေသို့

တပ်ကြပ်ကြီးနာအိုယူကီအိုင်ကား၀၊ စက်သေနတ်တပ်ခွဲ(၂)၊ ရင်း(၂)
အမှတ်(၂၁၃)ခြေလျင်တပ်ရင်းကြီး၊ တပ်မ(၃၃)

တရုတ်၊ ရန်ကုန်၊ ဒုံပိုက်

ကျွန်တော်တို့သည် တရုတ်ပြည်မှ တပ်မ (၃၃) ၏
နောက်ဆုံး နောက်ချန်အဖွဲ့အဖြစ် ထွက်လာကာ မော်လမြိုင်မှ
ရေယာဉ်စီး၍ ရန်ကုန်သို့ ရောက်လာခဲ့သည်။ ထိုမှ ပဲခူးတွင်
တစ်ပတ်ကြာမျှနေရပြီး ခဲယမ်းနှင့် ရိက္ခာထုတ်ရသည်။ ၁၉၄၅
ခုနှစ် ဧပြီလ ၁၄ ရက် နေ့တွင် မော်တော်ယာဉ်ပို့ဆောင်ရေး
တပ်ခွဲမှ လော်ရီကားကြီးများဖြင့် တပ်ခွဲ(၅)၊ အင်ဂျင်နီယာ
တပ်စုတစ်စု၊ လေယာဉ်ကွင်းမြေပြင် ဝန်ထမ်းတပ်စု တစ်စုနှင့်
ရေဒီယိုဆက်သွယ်ရေး တပ်ဖွဲ့တစ်ဖွဲ့တို့ပါပါသည်။

ပြည်မြို့တွင် ခေတ္တနားပြီးနောက် ရခိုင်ရိုးမကို ည
အမှောင်ထဲတွင် စဖြတ်ကြသည်။ လမ်းက အလွန်ကျဉ်းမြောင်း
ကောက်ကွေ့ကာ မတ်စောက်လှသည်။ ၁၅ ရက်နေ့ နံနက်
၃ နာရီတွင် ကျွန်တော်တို့တပ်ခွဲမှူး ဗိုလ်အာဗေးစီးလာသော
မော်တော်ယာဉ်ချောက်ထဲ ထိုးကျသွားရာတွင် တပ်ခွဲမှူးပွဲချင်း
ပြီး ဆုံးသွားသည်။ ကျွန်တော်တို့ တောင်ကုပ်သို့ မွန်းတည့်
ပိုင်းတွင်ရောက်ကာ ထိုမှစ၍ တောတောင်ထူလှသော နယ်မြေ
ကြမ်းတမ်းလှသည့်ခရီးဝေး ချီတက်ကြရသည်။ ကြေးနန်းတိုင်
များအတိုင်း ရှသွားလမ်းကလေးရှိသော်လည်း ကျွန်တော်
နယ်ခံလမ်းပြတစ်ယောက်ခေါ်ရသည်။ ကျွန်တော်တို့ ကိုယ်



တွင် ၁၀ ရက်စာ ရိက္ခာထမ်းလျက် ချောင်းအတန်တန်
တောအထပ်ထပ်ကို နေပြင်းပြင်းပူချိန်၌ ဖြတ်ကြရသဖြင့်
ကုန်လက်ပန်းကျနေကြသည်။

မေလ ၂ရက်နေ့ညနေပိုင်းတွင် ကုလားတန်မြစ်ကို အရပ်
လှေများနှင့်ကူးကြသည်။ မြစ်မှာ ၄ ကီလိုမီတာ ခန့်ကျယ်သဖြင့်
လှေကိုလှော်ကူးရာတွင်အချိန်ကြာပါသည်။ မြင်းများနှင့်ခဲယမ်း
များကို လှေပေါ်မှချနေစဉ် ရန်သူ၏တိုက်ရေယာဉ် ၄ စင်း
ထက်လာပါသည်။ ကျွန်တော်တို့သည်လှေများကို ကမ်းဘေး
တောထဲတွင် ဝှက်ထားရာ ကံကောင်းထောက်မ၍ ရန်သူက
တွေ့မသွားရပေ။ နောက်တစ်ရက် နံနက်စောစောတွင် တိုက်
ရေယာဉ်များ တစ်ဖန်ရောက်လာကြပြန်သည်။ ကြည့်ရသည်မှာ
ငင်းတို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုရှိဟန်မတူပေ။ ကျွန်တော်
တို့ကို ရေ့ပြေးရေယာဉ်၏ ရှက်တိုင်အောက်နားသို့ ချိန်ပစ်
ခိုင်းသည်။ ကျွန်တော်တို့၏ စက်လတ် ၄ လက်၊ ဗုံးလောင်ချာ
၄ လက်၊ စက်ကလေးနှင့်ရိုင်ဖယ်များသည် မီတာ ၁၅၀အတွင်း
ရောက်လာသည်အထိစောင့်နေကြပြီးမှပစ်ရာ ရေယာဉ်မှ မီးခိုး
လုံးလုံးများ ထွက်လာသည်တွင် ပြန်ကွေ့ကာ စက်ကုန်ဖွင့်မောင်း
ပြေးလေတော့သည်။ ထိုနေ့နေ့ခင်းပိုင်းတွင် ဂျပန်ဗုံးကြဲလေ
ယာဉ်များ၊ တိုက်လေယာဉ်များ ကျွန်တော်တို့ ခေါင်းပေါ်မှ
ကျော်၍ တောင်ဘက်သို့ စစ်တွေမြို့ကို ဗုံးကြဲတိုက်ခိုက်ရန်
သွားပါသည်။ ဗုံးချ၍ တလိပ်လိပ်တက်လာသော မီးခိုးမည်း
ကြီးက လေယာဉ်ကွင်းရှိရာကို ညွှန်နေသကဲ့သို့ ရှိပါသည်။
ကျွန်တော်တို့ ကင်းထောက်လေယာဉ်က ပို့ပေးသည့် သတင်း
အရ မီးလောင်သွားသော ရေယာဉ်မှာ မြစ်အကြော ကီလိုမီတာ
အနည်းငယ်ခန့်အကွာတွင် မြုပ်သွားသည်ဟုသိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မေလ ၄ ရက်နေ့ နံနက်စောစောပိုင်းတွင် လက်နက်အပြည့်အစုံဖြင့် စစ်တွေလေယာဉ်ကွင်းကိုဝင်ရာတွင် ရန်သူကိုမတွေ့ရဘဲ မီးလောင်ပျက်စီးနေသော ဗြိတိသျှလေယာဉ် စစင်းမှအပရှင်းနေသော အမာခံခင်း လေယာဉ်ပြေးလမ်းများသာတွေ့ရပါသည်။ ထိုမှမြို့ထဲသို့ဝင်ရာ လူသူကင်းမဲ့လျက် အားလုံးတိုက်ပွဲကိုရှောင်ရန် သမ္ဗန်များဖြင့် ထွက်ပြေးသွားဟန်ရှိသည်။ ကျွန်တော်တို့ တပ်စုမှာ မြို့လယ်ရှိ ဆေးရုံတွင် နေထိုင်ကြကာ လွတ်လပ်စွာ ဟိုဟိုသည်သည် သွားရသည့်အရသာကို ခံစားရပါသည်။ ဘီအိုင်အေတစ်ဖွဲ့ လှေဖြင့် ရောက်လာကြပါသည်။ ၎င်းတို့မှာ ကျွန်တော်တို့လောက် လေ့ကျင့်သားမရသေးသဖြင့် ကျွန်တော်တို့ကဲ့သို့ မလျှောက်နိုင်ကြသေးပါ။ နောက်တစ်နေ့တွင် ဂျပန်ကင်းထောက်လေယာဉ်နှင့် တိုက်လေယာဉ်အချို့လေယာဉ်ကွင်းတွင် ဆင်းလာကြပါသည်။ အမှတ်(၅)တပ်မ (လေတပ်)၏ တပ်မှူးက လေယာဉ်ဖြင့်လာပြီး ကျွန်တော်တို့၏တပ်မှူးကိုအားပေးစကားပြောသွားကြောင်းကြားရပါသည်။ နောက်ရက်အနည်းငယ်အကြာတွင် ကာတို တိုက်လေယာဉ်အုပ်ရောက်လာပြီး စစ်တွေတွင် စခန်းချသဖြင့် ကျွန်တော်တို့ ဝမ်းမြောက်ကြပါသည်။

ဒေသခံလူထုသည် တစ်ယောက်စ နှစ်ယောက်စပြန်လာကြပါသည်။ ကျွန်တော်တို့ တပ်များက ၎င်းတို့၏ နေအိမ်အချို့တွင် ဝင်နေလျက်ရှိသော်လည်း သူတို့က ဂျပန်တပ်မတော်ကို ကြိုဆိုပုံမရပါ၊ ဖော်ရွေပုံပင် ရပါသည်။ လူလတ်တန်းစား အချို့က အင်္ဂလိပ်လိုပြောတတ်သော်လည်း အများမှာရခိုင်သံဖြင့်ပြောသည့်အတွက် ၎င်းတို့နှင့် စကားပြောဖို့မလွယ်



ပါ။ ဇွန်လတွင် အင်ဂျင်နီယာတပ်ခွဲတစ်ခွဲနှင့် ကျွန်တော်တို့တပ်ရင်းကြီးမှ တပ်ခွဲ(၆)သည် လေယာဉ်များဖြင့် ရောက်လာကြပါသည်။ ကျွန်တော်တို့ ၂၁ရက်တိုင်တိုင် အပြင်းချီတက်ပြီးမှရောက်လာသည်နှင့်စာလျှင် သူတို့သည် တောင်ငူမှ ၃နာရီရှည်သော ခရီးဆန့်ခဲ့ကြရပါသည်။ အင်ဂျင်နီယာတပ်က ကျွန်တော်တို့အတွက် ဤသဲမြေပြီးသောကျွန်းတွင် ကွန်ကရစ် ဘန်ကာများဆောက်လုပ်ပေးပါသည်။

၀

## ၄၂။ ဒုံဗိုက်

တပ်သားကျော် တာကီးယို ခါဝါကာမီ၊ တပ်ခွဲ(၁၂)၊ ရင်း(၃)

အမှတ်(၂၁၃)ခြေလျင်တပ်ရင်းကြီး၊ တပ်မ(၃၃)

### တရုတ်ပြည်၊ ရခိုင်၊ တစ်ဒင်

၁၉၄၂ခုနှစ် အောက်တိုဘာလတွင် ကျွန်တော်တို့၏ ရင်း(၃) သည် အောင်လံမြို့မှ စစ်တွေသို့ ပြောင်း၍ ကျွန်း၏အနောက်ကမ်းတွင် ခံစစ်နေရာများတည်ဆောက်ကြပါသည်။ နှစ်သစ်ကို ဆန်မုန့်ချိုနှင့် အဖျော်ယမကာတို့ဖြင့် ကြိုဆိုခဲ့ကြပြီးနောက် ကျွန်တော့်တပ်စုကို တပ်ခွဲမှ ထုတ်နုတ်လိုက်ပြီး တပ်ခွဲ(၁၀) နှင့် (၁၁) တို့မှ ထုတ်နုတ် တပ်စုတစ်စုစီနှင့်အတူ တပ်ခွဲတစ်ခွဲဖွဲ့၍ စက်သေနတ် တပ်စုတစ်စု၊ ဗြိတိသျှတို့ထံမှ ရမိထားသည့် ၄၇ မမ စက်အမြောက်နှင့် စိန်ပြောင်းတို့ဖြင့် ဖွဲ့စည်းထားသော အမြောက်တပ်စိတ်၊ တင့်ကားဖျက် အမြောက်

www.burmeseclassic.com

www.burmeseclassic.com



တပ်စိတ်၊ ဆရာဝန်တစ်ဦးနှင့် ရေဒီယိုဆက်သွယ်ရေး အပါအဝင် စုစုပေါင်းအင်အား ၂၅၀ ခန့်ရှိသော စုပေါင်းစပ်ပေါင်းတပ်ခွဲဖွဲ့လိုက်ပါသည်။

ရှေ့ပြေးတပ်စု၏အကာအကွယ်ပေးမှုဖြင့် ဇန်နဝါရီလ ၄ ရက်နေ့ညတွင် ကျွန်တော်တို့သည် မယူကျွန်းဆွယ်၏ တောင်ဘက်စွန်းဖြစ်သည့် အငူမော်သို့ကူးကြပါသည်။ ထိုမှ ဒုံပိုက်သို့ ဆက်လက် ချီတက်ကြရာ နာရီပြန် တစ်ချက်တီးခန့်တွင် တပ်ခွဲတစ်ခွဲခန့်ရှိပြီး ဘရင်းကယ်ရီယာများပါသော ရန်သူတစ်ဖွဲ့နှင့်တိုးမိပါသည်။ တစ်နာရီခန့် တိုက်ပွဲဖြစ်ပွားပြီးသည့်အခါတွင် ကျွန်တော်တို့၏ အနီးကပ်တိုက်ခိုက်မှုကြောင့် ကယ်ရီယာနှစ်စီးပျက်စီးသွားသည်တွင် ဆုတ်သွားကြပါသည်။ ကျွန်တော်တို့၏ တပ်ခွဲမှူး ဗိုလ်ဝါတာနာဘေ၏ လည်မျိုကို ထုတ်ချင်းပေါက်မှန်၍ ကျဆုံးသွားသည်တွင် ဒုဗိုလ် အာစာနိုက ကွပ်ကဲမှုယူပါသည်။

ကျွန်တော်တို့၏ ရှေ့တန်းခံစစ်စည်းဖြစ်သော ချောင်းငယ်ကလေးတစ်ခုကို ရောက်သောအခါ တပ်မှူးက ခံစစ်ဆင်ရန်ဘန်ကာများကို ချောင်း၏တောင် ဘက်ကမ်းပါးအတိုင်း ဆောက်လုပ်ခိုင်းသည်။ ကျွန်တော်တို့ တပ်စုသည် ထိုခံစစ်မျဉ်း၏ ဘယ်ဘက်အစွန်ဆုံးနေရာ ပင်လယ်ကမ်းစပ်နှင့်အနီးဆုံးတွင်ကျသည်။ ချောင်းသည် ၅ မီတာ မှ ၈ မီတာ အထိဖြက်ရှိ၍ ကျွန်တော်တို့ဘက်တွင်ကမ်းပါးသည် ၂မီတာမှ ၃မီတာ ခန့်မြင့်၍ မတ်စောက်ကာ တစ်ဖက်ကမ်းမှာမူ မီတာ ၆၀၀ခန့် အထိ ကျယ်ပြောသော ကွင်းပြင်ရှိသည်။ ကျွန်တော်တို့သည် တရုတ်ပြည်တွင်ရှိစဉ်က ဘန်ကာဆောက် နေကျဖြစ်သော်လည်း



ထိုအခါတွင် ဗြိတိသျှတို့ဘက်၌ အမြောက်ကြီးများ ရှိမည်ဟု မျှော်လင့်ရသဖြင့် နေ့ရောညပါ မနားဘဲ ပိုခိုင်မာအောင်လုပ်ကြသည်။

ဇန်နဝါရီ ၇ ရက်နေ့ နေထွက်ချိန်မှစ၍ ရန်သူက ကျွန်တော်တို့စခန်းကို နှစ်နာရီကြာမျှ အမြောက်များဖြင့် အပြင်းအထန်ပစ်သည်။ ကျွန်တော်တို့သည် သဲ၊ ဖုန်၊ ပေါက်ကွဲမှုများမှ မီးခိုးမှိုင်းတို့နှင့် အလူးလူးဖြစ်နေသည်။ နောက်ရန်သူများလျှင်တက်လာကာ ကျွန်တော်တို့ကို ချေမှုန်းနိုင်ရန်ကြိုးစားကြသည်။ ကျွန်တော်တို့ ရှိသမျှပစ်အားနှင့် သွန်ပစ်ပြီးနောက် လက်ပစ်ဗုံးများနှင့်ပစ်ကာ ဆက်၍ အနီးကပ် လက်တစ်ကမ်း တိုက်ပွဲဆင်နွှဲကာ တွန်းလှန်လိုက်ပါသည်။ နောက်တစ်လော လက်နက်ကြီးများဖြင့် ပစ်ရာတွင်မှု ကျွန်တော်တို့ တပ်စိတ်၏ ပစ်ကျင်းထဲတွင် ကျည်တစ်တောင့်ကျ၍ ၂ယောက်ကျဆုံးကာ ၂ယောက် ပြင်းထန်စွာ ဒဏ်ရာရပြီး တစ်ယောက်မှာ ဒဏ်ရာအနည်းငယ်ရပါသည်။ ကျွန်တော်တို့ တပ်စုတွင် ဦးဆုံးထိခိုက်ဆုံးပါးမှုဖြစ်၍ တစ်ကြိမ်တည်း ၅ယောက်ထိသည်မှာ ကြီးမားသော ထိခိုက်ရှနမှုပင် ဖြစ်ပါသည်။ ဂျပန်နိုင်ငံရှိ မိဘများကို တသမြည်တမ်းရင်း ဆုံးပါးသွားရှာသော မိမိတို့၏ငယ်ရွယ်သော ရဲဘော်များအတွက် ဝမ်းနည်းကြေကွဲစရာပင်ဖြစ်တော့သည်။ ရန်သူ့လက်နက်ကြီးပစ်ခတ်မှုကို လက်တုံ့မပြန်သည်မှာ စိတ်တိုစရာကောင်းလှပေသည်။ နောက်ဘက်ဆီမှ ကျွန်တော်တို့၏ တောင်ပေါ်ပစ်အမြောက်များက ဘာလုပ်နေသနည်း။ ရန်သူ့နေရာကို တစ်တောင့်လောက် အနည်းဆုံးပစ်နိုင်ဖို့ကောင်းပါသည်။ ကျွန်တော်တို့၏လေယာဉ်များသည်လည်း ဘယ်ဝယ်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဆီရောက်နေသည် မသိ။ ဤအရေးပေါ် အခြေအနေ မည်သို့ရှန်းထွက်ရပါမည်နည်း။ ကျွန်တော်တို့ ရှေ့တည့်တည့် ၄ မီတာအကွာတွင် အမြောက်ကျည်တစ်တောင့်ကျကွဲသည် သည်အခါတွင်တော့ တပ်စိတ်မှူး တပ်ကြပ်ကြီး ကိုဂျိုး အပါအဝင် အားလုံးအထိအခိုက် မရှိ။ ခံစစ်ဆင်ခြင်းနှင့်ပ သက်၍ ထိုညနေပိုင်းတွင် နောက်ဆုံးအမိန့်ထွက်လာသည်

၁။ ရန်သူက လက်နက်ကြီးများနှင့် စုပစ်ပစ်နေ တပ်စုတစ်စုလျှင် ကင်းတစ်ယောက်ကိုသာ လက်ရှိနေရာတွင် ထားပြီး ကျန်အင်အားများသည် အနီးရှိ လိုဏ်ဂူများထဲတွင် ခိုအောင်းကြမည်။

၂။ ရန်သူလက်နက်ကြီးများက နောက်သို့ကျော် လာသည့်အခါတွင် အားလုံးက ရှေ့ဆုံးတန်းဘန်ကာများတွင် နေရာယူကြပြီး အားလုံးပြိုင်တူပစ်ရန် အချက်ပေးမည်ကို စောင့်နေမည်။

၃။ စက်သေနတ်တပ်စုမှူး ဒုဗိုလ်ခါယာနိုသည် သူ၏ စက်လတ်များကို ရန်သူက မိမိတို့နှင့်မည်သည့်အခါ၌ လို သည့်အကွာအဝေးရောက်သည်ကို ဆုံးဖြတ်၍ ပစ်မိန့်ပေးမည် ထိုအခါတွင် သေနတ်ကိုင်တပ်စု အားလုံးကပါ ပစ်မည် ရန်သူက ကျွန်တော်တို့ကို ဇန်နဝါရီ ၈၊ ၉၊ ၁၈ နှင့် ၁၉ရက် နေ့တို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၊ ၂ နှင့် ၃ ရက်နေ့ တို့တွင် လည်းကောင်း ပြင်းပြင်းထန်ထန် တိုက်သည်။ တိုက် သည့်အခါတိုင်းတွင် ရန်သူက ၂ နာရီ၊ ၃နာရီကြာမျှ အမြောက် များနှင့် ပစ်ပြီးနောက် သူ၏ ခြေလျင်တက်လာသည့်အခါ ကျွန်တော်တို့က လိုဏ်ဂူများထဲမှထွက်ပြီး သဲသဲမဲမဲအနီးကပ်



တိုက်ပြီးလျှင် လန့်ထွက်သွားအောင် တိုက်ထုတ်လိုက်သည်။ ပြင်ရန်သူ အဖွဲ့ငယ်များသည် ညတိုင်းလိုပင်လာ၍ တိုက် သည်။ သူတို့၏အလောင်းများ ကောက်ရန်ဖြစ်မည်ဟုယူဆ သည်။ ကျွန်တော်တို့ကလည်း ယင်းတို့ထံမှ ရိက္ခာနှင့်ခဲယမ်း များရယူရန်ည ညထွက်လေ့ရှိသည်။

တပ်ကြပ်ကြီး နာဂါစုက ဦးဆောင်သော သယ်ယူပို့ဆောင် ရေးအဖွဲ့က နောက်ပိုင်းတွင် ထမင်းချက်ပြီး ဒီရေစစ်သွားသည့် အချိန်တွင် ကမ်းသောင်အတိုင်း ထမ်းပြီးယူလာကာ တစ်ဦးလျှင် ထမင်းဟန်းကောတစ်လုံးနှင့် ရေတစ်ဘူးစီ ညတိုင်းလာပေး သည်။ သောင်ပြင်ကို ရန်သူက အချိန်မှန် အမြောက်နှင့်ပစ်လေ့ ရှိသည့်အပြင် ရန်သူက မိမိတို့၏ နောက်ကျော တစ်စိတ်တစ် ဒေသတွင် ဝင်လာလေ့ရှိသဖြင့် ဤတာဝန်မှာ အန္တရာယ်သေး သည်မဟုတ်၍ ကျွန်တော်တို့က ဤသို့ အစာရေစာ ပို့ပေး သည်ကို အူလှိုက်အသည်းလှိုက် ကျေးဇူးတင်လျက်ရှိကြသည်။ ညတိုင်းတွင် ကျွန်တော်တို့သည်မိမိတို့၏ဘန်ကာကိုပြင်ဆင်၍ ခိုင်မာအောင်မွမ်းမံခြင်း၊ ပုံဖျက်ရာတွင် သုံးသည့် သစ်ခက် သစ်ရွက်များကိုအသစ်လဲခြင်း နှင့်တစ်ခါတစ်ရံတွင် အငူမော်သို့ သွားပို့ရင်း လက်ပစ်ဗုံးများ၊ ဘီစကွတ်ရိက္ခာများထုတ်ခြင်းဖြင့် အားလပ်ပေ။ ထို့ပြင် မိမိတို့နောက်ပိုင်းတွင် ရန်သူပစ်ခတ်မှု ကြီးခြင်းတို့ကို လမ်းလွှဲရန် ပစ်ပေါက်များအပြည့်အစုံပါသော ဘန်ကာအတုများ ဆောက်ကြရသေးသည်။

ဖေဖော်ဝါရီလ ၁၆ရက်နေ့တွင် ရန်သူ၏ အမြောက် ပစ်ခတ်မှုပြန်စရာတွင် တပ်သားနိရှိနို မှန်သွားသဖြင့် ကင်းစောင့် ဘန်ကာသို့ ကျွန်တော်တက်သွားသည်။ ကျည်တစ်တောင့်သည်

www.burmeseclassic.com

www.burmeseclassic.com



ပစ်ပေါက်မှုဝင်လာပြီး သူ၏သံခမောက်နှင့် ခေါင်းကို ဖောက်
သွားသည်။ ကျွန်တော်တို့ ရဲဘော်တစ်ယောက်ထပ် ဆုံးရှုံးရပြ
သည်မှာ အလွန်စိတ်မကောင်းစရာပါ။။ နံနက်၁၀နာရီခန့်တွင်
"သောင်ပြင်မှာ ရန်သူကယ်ရီယာတွေ" ဟု အော်ဟစ်သတိပေး
လိုက်သည်။ တပ်သားကျော် အိုဒါနိုက သူ၏စက်သေနတ်ကို
ပင်လယ်ဘက်လှည့်၍ ချိန်ထားလိုက်သည်။ ဘရင်းကယ်ရီယာ
ပထမတစ်စီး နောက်ထပ်လေးစီး ကျွန်တော်တို့ထံ တည့်တည့်
လာနေသည်။ ယင်းကယ်ရီယာများနောက်တွင် ခြေလျင်တပ်
တစ်စုခန့်ပါလာသည်။ အိုဒါနိုက ၎င်းတို့ကို ပစ်သောအခါ
၎င်းတို့က ကယ်ရီယာနောက်တွင် အကာအကွယ်ယူလိုက်
ကြသည်။ ကျွန်တော့်တပ်စိတ်မှ ရိုင်ဖယ်သေနတ်သမားများ
ပင်ပန်းနွမ်းရိနေကြသည့်ကြားမှ အားတင်းကာ ပစ်ပေးလျက်
ရှိကြသည်။ ထိုစဉ် ရှေ့ဆုံးမှ ကယ်ရီယာသည် ရုတ်တရက်မီး
ထလောင်တော့ရာ ကျန်ယာဉ်များလည်း နောက်လှည့်ပြန်တော့
သည်။ ခြေလျင်ပါလိုက်ဆုတ်သွားသည်နှင့် ရန်သူကိုတွန်းလှန်
နိုင်လိုက်ပြန်သည်။ ဖြစ်ပုံမှာ ကျွန်တော်တို့ဘက်မှ စက
အမြောက်၏ ဦးဆုံးပစ်ချက်ဖြင့် ကယ်ရီယာမှန်သွားခြင်းဖြစ်
လေသည်။ သောင်ကမ်းပါးရှိမိမိတို့ ဘန်ကာများကို နေ့စဉ်လာ
တိုက်သော ရန်သူတို့အား ၎င်းတို့၏ စက်သေနတ်များနှင့်
စက်အမြောက်တို့ဖြင့် တွန်းလှန်မောင်းထုတ်ပေးသည့် စက
သေနတ်တပ်စုအား ကျွန်တော်တို့က ကျေးဇူးတင်ကြပါသည်။
ကျွန်တော်တို့ ရဲဘော်များ၏မျက်နှာများ သည်လည်း မည်းတူး
နေကြကာ သေကံမရောက် သက်မပျောက်ကြသည်ကို တိတ်
တဆိတ် ဝမ်းသာနေကြရပါသည်။



မည်သည့်အကြောင်းရင်းရှိသည်မသိ ရန်သူက ကျွန်တော်
တို့ကို သောကြာနေ့များနှင့် ဂဏန်း[၈] ပါသောရက်များတွင်
သဲသဲမဲမဲအမြောက်များနှင့်ထုလေ့ရှိပါသည်။ တစ်နေ့တွင်
မနက်ပြန် ၁၈ ရက်နေ့ပါလား ငါသေနေ့စေ့ပြီး ငါ့ကို
ဆုကူနီ ဗိမာန်မှာများမြှုပ်နှံမှာလား" ဟု တွေးနေမိသည်။
တရက်ပင် ကွာလှမ်းလှသည့်ဇာတိမြေမှ မိခင်၏မျက်နှာကို
ယောင် လာပြီးမျက်ရည်လည်မိသည်။ အမေကျန်းမာပါစေ
သာ ဆုတောင်းနိုင်တော့သည်။

ဖေဖော်ဝါရီ ၁၈ ရက်နေ့ နံနက်စောစောအချိန်တွင်
ပ်ကြပ်ကြီး ကိုဂျီးမားက ကင်းစောင့်လျက်ရှိသည်။ တပ်စိတ်
တွင် လူနည်းနေသဖြင့် တပ်စိတ်မှူးကိုယ်တိုင်လည်း ကင်း
င့်ကြရသည်။ ကင်းလဲချိန်မှာ နံနက် ၅နာရီဖြစ်၍ မထိုးမိ
စ်ကြို၍ ကျွန်တော်သွားလဲသည်။ ကျွန်တော်ရောက်
ိုက်ပင် နောက်ဘက်ရွာတွင် အမြောက်ဆန်တစ်လုံးကျ
သည်။ ထိုနောက်တွင် ပြိုင်၍ တရစပ်စပစ်တော့သည်။
တ်သျှ–အိန္ဒိယတပ်က အမြောက်ဆန်ကို မိုးရွာသည့်အလား
သဲမဲမဲပစ်ခတ်ပုံကို စာဖွဲ့၍ပင် မပြောပြတတ်ပါ။ ဒုံပိုက်
တ်ပွဲတွင်ကိုယ်တိုင်ပါဝင်ခဲ့ဖူးသူများသာလျှင် နားလည်ခံစား
ပါလိမ့်မည်။ နောက်ပိုင်းတွင် "အင်ဖားစစ်ဆင်ရေး" ၌
ျွန်တော်ပါဝင်ခဲ့ရာ၌ကြုံရသည်မှာ ဒုံပိုက်တွင် အပစ်ခံရသော
မြောက်ဆန်မိုးလောက် မပြင်းထန်ပါ။ တစ်နည်းပြောရလျှင်
မတွက်နိုင်လောက်အောင်များသည့် စည်တို့ကို တစ်ပြိုင်
ည်း ထုနေသည်နှင့် တူပါသည်။ နောက်သို့လှည့်ကြည့်လျှင်
ကြောင်းကြောင်းထနေသောဖုတ်လုံးကြီးကြောင့်ဘာမျှမမြင်ရ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။ တစ်နာရီလျှင် အမြောက်ဆန် ၅၀၀ မှ ၆၀၀ခန့် ကျ ကွဲလျက်ရှိမည်ဟု ကျွန်တော်တို့မှန်းပါသည်။ ထို့ပြင် ဗြိတိသျှ ဗုံးကြဲတိုက်လေယာဉ်တို့က လာပြီးဗုံးကြဲ စက်သေနတ်ဆွဲလျက် ရှိသေးသည်။ ကျွန်တော်တို့တပ်စုတွင်း၌ပင် တပ်စိတ် တစ်ခုနှင့် တစ်ခု အဆက်အသွယ်ပြတ်နေပြီး ရန်သူကယ်ရီယာနှင့် ခြေလျင် တပ်တို့က ကမ်းသောင်ဘက်မှ တက်လာကာ ကျွန်တော်တို့ ခံစစ်စည်းထဲကိုပင့်ရောက်နေပါသည်။ ကျွန်တော်တို့က စက် သေနတ်ဖြင့်ပစ်သော်လည်း မထူးလှပါ။ မိမိတပ်စိတ်မှ အား ဘက်ဘန်ကာများကို ခေါ်ကြည့်ရာတွင်လည်း ဖြေသံမထွက် လာပါ။ ကျွန်တော်က "တပ်စုမှူး"ဟု လှမ်းအော်ခေါ်သော်လည်း သေနတ်သံများကိုသာကြားနေရပါသည်။

ကျွန်တော်တို့တပ်စုတွင် ဤဘန်ကာထဲမှ ကျွန်တော်တို့ သုံးယောက်သာ အသက်ရှင်ကျန်နေရှေသလား။ ဒုတပ်ကြပ် အီရှိ၊ အိုဒါနိုနှင့် ကျွန်ခတော်တို့သုံးဦးသား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ နေကြသည်။ အခြားဘန်ကာများသို့ လှမ်းခေါ်ကြည့်သော်လည်း ပြန်ထူးသံထွက်မလာပါ။ အမြောက် ပစ်ခတ်မှုစဲသွားသည်နှင့် ရန်သူခြေလျင်က ဝင်တိုက်တော့သည်။ ကျွန်တော်တို့တွင်ရှိသော စက်သေနတ်တစ်လက်တည်းဖြင့် မနား တမ်းပစ်ပြီး လက်ပစ်ဗုံးများနှင့်ပေါက်၍ တွန်းလှန်ပစ်နိုင်ရုံ မျှသာရှိသည်။ အိုဒါနိုက "ခါဝါကာမီ" ဟု ခေါ်လိုက်ရာ ကျွန်တော်က"ဘာလဲ" ဟု မေးသည်တွင် "နှစ်တောင့်မှုးကျည် ထိုးနေတယ်" ဟု ဖြေပါသည်။ ကျွန်တော်တို့ မြေတွင်ချ၍ စက်သေနတ်ကိုပြင်နေစဉ် ကျွန်တော်တို့ရှေ့တွင် စိန်ပြောင်းဗုံး တစ်လုံးလာကျပြီး အိုဒါနို၏ပါးနှင့် ဘယ်ဘက်မျက်မျက်စိတို့မှ သွေးယိုစီးနေသည်ကို တွေ့ရပါသည်။ ချက်ကောင်း မှန်ခြင်း



တ်၍တော်ပါသေးသည်။သို့သော် သူသည် မျက်စိမမြင်ဘဲ နေသည်။ ကျွန်တော်တို့သည် စက်သေနတ်ကို တစ်စက္ကန့် ကျပြီးမှသာ အောက်ချ၍ပြင်ခဲ့လျှင် ကျွန်တော်တို့သုံး ယောက်သား ယာဆူကူနိဗိမာန်တွင် ကမ္ပည်းတင်ခံကြတော့ မှာ မလွဲပေ။ ကျွန်တော်တို့ဘန်ကာရှေ့နှစ်မီတာ အကွာတွင် တပ်ကြပ်ကြီးတစ်ဦး လဲသေနေရာသူ၏ ဘယ်လက်တွင် ထားသော ငွေရောင်လက်ပတ်နာရီက နေရောင်တွင်လင်း လျက်။

ထိုအချိန်အထိ ကျန်တပ်စိတ်များနှင့်တပ်စုမှူးတို့ကို ဆက်သွယ်၍မရဘဲရှိရာ အားလုံးကျဆုံးကုန်ခြင်းဖြစ်နိုင်ပါမည်။ သို့သော် စက်သေနတ်တပ်စုက ဆက်လက်တိုက်နေခြင်းမှာ အားတက်စရာပင်ဖြစ်ပါသည်။ ကျွန်တော်တို့ တပ်စု၏ခံစစ် စည်းပေါက်ကာ ရန်သူသည် ကျွန်တော်တို့နောက်ပိုင်းတွင် လည်းကောင်း ဘယ်၊ ညာရှိ ဘန်ကာများတွင်လည်းကောင်း ရောက်နေကြပါသည်။ အိုဒါနိုက"စက်သေနတ်အတွက် ကျည် ၁၀ ကျန်တယ်" ဟုပြောပါသည်။ ကျွန်တော်က ကျွန်တော်နှင့် အီရှိ၏ လက်ကျန်ကျည်ကိုရေကြည့်ရာ ၄၅တောင့်နှင့် လက်ပစ် ဗုံး ၄ လုံး ရှိကြောင်းတွေ့ရပါသည်။ ကျွန်တော်တို့ မည်သို့လုပ် ကြရမည်နည်း။ အကယ်၍ ရန်သူကမနက်ဖြန် တစ်လောထပ် တက်လာလျှင် ကျွန်တော်တို့ အတွက်ဤတွင် နိဂုံးချုပ်ရန်သာရှိ တော့သည်။

နေလုံးနီကြီးသည် မိုးကုပ်စက်ဝိုင်းအောက်ငုပ်လျှိုးသွား ပြီ။ အမြောက်သံသေနတ်သံများလည်းစဲသွားပေပြီ။ လောက ကြီးသည် ဆိတ်ငြိမ်လျက်ရှိနေသည်။ ကျွန်တော်တို့ သုံးယောက်

www.burmeseclassic.com

www.burmeseclassic.com



သား ဘာဆက်လုပ်သင့်သည်ကို ဆွေးနွေးလိုက်ကြရာ ရန်သူက နောက်ထပ် တစ်ကြိမ်ထိုးစစ်ဆင်လာလျှင် စက်သေနတ်ကို နောက်ဆုံးကျည်ကုန်သည်အထိ ပစ်ပြီးနောက် လက်ပစ်ဗုံးများဖြင့် ကိုယ့်ဘာသာ ကိုယ်သတ်သေကြမည်ဟု ဆုံးဖြတ် လိုက်ကြသည်။ ဤသို့ဆုံးဖြတ်ပြီးသည်တွင် စိတ်ထဲတွင် ပေါ့ပါးသွားသလိုလည်း ခံစားမိသည်။ အီရှိက စီးကရက်ရှိသေးသလားဟု မေးရာ ကျွန်တော့် အိတ်ကပ်များထဲ နှိုက်ကြည့်သည်တွင် နှစ်လိပ်သာ ရှာရသဖြင့် တစ်လှည့်စီ သောက်လိုက်ကြသည်။ ကျွန်တော့်အတွက် ထိုစီးကရက်အရသာကိုမမေ့နိုင်မည်မထင်ပါ။ မနက်ဖြန် ငါသေရတော့မည်ဟု စဉ်းစားလိုက်သောအခါတွင် စိတ်ထဲ၌တစ်မျိုးကြီးဖြစ်သွားသည်။ အိမ်တွင်ရှိနေမည့်မိခင်ထံ အောက်မေ့မိသောအခါ မျက်ရည်တစ်ပေါက်က ပါးပြင်ပေါ်သို့ ဆင်းသွားသည်။ ထိုညက အေးချမ်းတိတ်ဆိတ်လိုက်သည်မှာ နေ့လယ်က ပြင်းပြင်းထန်ထန်တိုက်ခဲ့သည်ဆိုလျှင် မယုံနိုင်လောက်စရာပင်ဖြစ်ချိမ့်မည်ဟုထင်မိသည်။ ရန်သူစစ်သားများလည်း ယခုအခါမည်သို့ရှိကြမည်ကိုလည်း ကျွန်တော် မှန်းဆမိပါသေးသည်။

အိုဒါနိုနှင့်ကျွန်တော်က ရှေ့မျက်နှာစာဘက်ကို စောင့်ကြည့်နေစဉ် အီရှိက နောက်ဘက်ကို စောင့်ကြည့်ပါသည်။ ကျွန်တော်လည်း ပြင်းပြင်းထန်ထန်တိုက်ပွဲဝင်ရသည့် ပင်ပန်းမှုဒဏ်ဖြင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသည်မှာ မည်မျှကြာသည်မသိ အီရှိက ခြေနှင့်ကန်နှိုးလိုက်မှ နိုးလာပြီး သူပါးစပ်က မပြောဘဲလက်ညှိုးဖြင့် ထိုးပြသည်ကိုကြည့်လိုက်ရာတွင် စစ်သားတစ်အုပ် ကုန်းကုန်း ကုန်းကုန်းနှင့် တက်လာနေကြသည်ကို တွေ့ရပါသည်။ အိုဒါနိုက သူ့စက်သေနတ်ကို ပစ်ရန်ပြင်ဆင်



လိုက်သည်။ ကျွန်တော်တို့အတွက် နောက်ဆုံးအချိန် ဆိုက်ရောက်လေပြီ။ ကျွန်တော်က အိုဒါနိုနှင့်အီရှိတို့ကို လက်ပစ်ဗုံးတစ်လုံးစီ ကမ်းပေးလိုက်ရာ သူတို့က ခေါင်းညိတ်ကာ ဘာမျှမပြောတော့ဘဲယူလိုက်ကြသည်။ ရန်သူက ချောင်းကို ကူးသည်နှင့် စပစ်ကြမည်၊ ကျွန်တော်ကလည်း ပိုသည့်လက်ပစ်ဗုံးတစ်လုံးကို ပစ်လိုက်မည်ဟု စဉ်းစားထားသည်။ အီရှိက သေနတ်တစ်ချက်ပစ်ပြီး"အိုဒါနို"ဟု အော်လိုက်သည်။ ထိုစဉ် "မိတ်ဆွေတပ်" ဟူသော အသံများပေါ်လာသည်။ ကျွန်တော်တို့မှာ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း မျက်ရည်မဆည်နိုင်ဘဲ ဘန်ကာထဲတွင် ငုတ်တုတ်သာနေလျက်ရှိကြသည်။

တပ်မ (၅၅) မှ အရာခံဗိုလ်တစ်ဦး အနီးကပ်လာပြီး "ဘယ်နှယောက်နဲ့ ထိန်းထားကြသလဲ" ဟု မေးရာ အီရှိက "သုံးယောက်" ဟု ဖြေလိုက်ပါသည်။ ကူကယ်မည့်သူများ ရောက်လာကြပေပြီ။ သေရတော့မည်ဟု ပေယျာလကန်ထားပြီးခါမှ "မိတ်ဆွေတပ်"ဟူသော အသံကိုကြားလိုက်ရ၍ အတိုင်းမသိဝမ်းမြောက်ရသည်မှာ ယနေ့အထိပင်အမှတ်ထင်ထင်ဖြစ်နေပါတော့သည်။

အရှေ့ကောင်းကင်ပြင် ထွန်းပလာချိန်တွင် ရန်သူအားလုံး ဆုတ်သည်။ ဤအခွင့်ကောင်းကိုယူ၍ အိုဒါနိုက စက်သေနတ်ဖြင့်ပစ်၍ ကျွန်တော်က ကျန်နေသည့်လက်ပစ်ဗုံး အားလုံးကို ပစ်ထည့်လိုက်ရာ ရန်သူအချို့ကို သတ်နိုင်လိုက်သည်။ ကျွန်တော်တို့ အခြေအနေမှာ အလွန်ကောင်းသွားပြီဖြစ်ရာ ကျွန်တော်တို့တပ်မှ ကျန်ရဲဘော်များနှင့် တပ်စုမှူးများလည်း ကံကောင်းပါစေဟု ဆုမွန်တောင်းလိုက်ပါသည်။ အရာခံဗိုလ်က

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သုံးယောက်ကိုမူရင်းတပ်ခွဲတွင် ပြန်သတင်းပို့ရန် ပြောပါသည်။ ကျွန်တော်တို့ ညနေစောင်းသည်ထိ စောင့်ပြီး သောင်ကမ်းစပ်အတိုင်း အငူမော်သို့လမ်းလျှောက်ပြန်ကြပါသည်။ ရန်သူကိုကျော်ပေး၍ ထွက်လာရသည်မှာ အထူးအဆန်းဖြစ် နေပြီး ရန်သူက ယခင်ကလို အမြောက်နှင့်ဘယ်တော့ပစ်လာ ထိမ့်မည်နည်းဟု စိတ်တထင့်ထင့်ဖြစ်နေကြရပါသည်။ သို့သော် အားလုံးတပ်ခွဲသို့ပြန်ရောက်ကြကာ ဒုတပ်ကြပ်အိရှိက တိုက်ပွဲ အခြေအနေကိုကွပ်ကဲရေးမှူးထံ သွားရောက်အစီရင်ခံပါသည်။ သို့နှင့် စစ်ဆင်ရေးတစ်ခုပြီးဆုံးခဲ့ပါသည်။

○

## ၄၃။ အင်အင်သို့ တိုက်ပွဲများ

အလုပ်သင်ဗိုလ် ဆာတိုရ အီနာဇာဝါ၊ တပ်ခွဲ(၁)၊

ရင်း(၁) အမှတ် (၁၁၂)ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၅၅)

ရခိုင်၊ ပျဉ်းမနား၊ မော်ချီး

ကျွန်တော်သည် ၁၉၄၁ခုနှစ် ဒီဇင်ဘာလတွင် စီးပွားကူးသန်းကောလိပ်မှ ဘွဲ့ယူပြီးနောက် ဂျပန်ဘဏ်တွင် သုံးပတ်မျှသာ အလုပ်ဝင်ရသေးချိန်တွင် စစ်မှုထမ်းရန်ဆင့်ဆိုသဖြင့် ၁၉၄၂ခုနှစ် ဖေဖော်ဝါရီ၁ရက်နေ့တွင် တပ်ထဲဝင်ကာ တိုယိုဟာရှိ အရန်တပ်မတော် ဗိုလ်သင်တန်းကျောင်းမှ ၁၉၄၂ခုနှစ် အောက်တိုဘာလတွင် အလုပ်သင်ဗိုလ်အဖြစ် ကျောင်းဆင်း ပါသည်။ အလုပ်သင်ဗိုလ်မှာ ဗြိတိသျှကြည်းတပ်၌ ဒုဗိုလ်



အဆင့်နှင့် တူညီပါသည်။ ကျွန်တော်အပါအဝင် ကျောင်းဆင်း ဆော် ၂၄ ယောက်တို့သည် ဒီဇင်ဘာလ၁၉ရက်နေ့တွင် အမှတ် (၁၁၂) ခြေလျင် တပ်ရင်းကြီးသို့ ပြောင်းမိန့်ထွက်ပြီးနောက် ညည်လျားလှသော သင်္ဘောခရီးဖြင့် စင်္ကာပူ၊ ရန်ကုန်၊ တောင်ကုပ် တို့မှတစ်ဆင့် ၁၉၄၃ ခုနှစ် မတ်လ ၄ ရက်နေ့တွင် စစ်တွေသို့ ဆိုက်ရောက်ပါသည်။ ဂျပန်တို့၏ "၃၁ စစ်ဆင်ရေး" ခေါ် ထေမအကြိမ် ရခိုင်ထိုးစစ် စတင်ခါစပင်ဖြစ်သည်။ ကျွန်တော် တို့သည် ထိုညက တပ်ရင်းကြီးဌာနချုပ်သို့သွားရာ တပ်ရင်းကြီး အလံကို ဖယောင်းတိုင်မီးဖြင့် ခံ့ထည်စွာတွေ့မြင်ကြရပါသည်။

ကျွန်တော်တို့သည် အဖွဲ့လိုက် သုံးရက်ကြာမျှ ရှင်းလင်း သွန်ကြားမှုများကိုနာယူကြပြီးနောက် ကျွန်တော်သည် တပ်ရင်း ကြီး ဌာနချုပ်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်ရှိ တပ်ခွဲ(၁) မှ တပ်စု(၁) တပ်စုမှူးတာဝန်ကိုယူရပါသည်။ ထိုတပ်ခွဲ၏အင်အား အများစုမှာ ကျောက်ဖြူကျွန်းတွင် ရေယာဉ်စောင့်နေဆဲဖြစ် ပါသည်။ ကျွန်တော့်အထက်တွင် တပ်ခွဲမှူးဖြစ်စေ၊ တပ်ရင်းမှူး ဖြစ်စေ ထိန်းကျောင်းလမ်းပြပေးမည့်သူမရှိသဖြင့် ကိုယ်ပိုင် အတွေ့အကြုံမရှိသေးသော အရာရှိဖြစ်စ တစ်ဦးအနေဖြင့် စိတ်အိုက်လျက်ရှိပါသည်။

မတ်လ ၉ရက်နေ့တွင် ဖယောင်းစက္ကူဖြင့်မူပွားထားသော မြေပုံတစ်ချပ်ဖြင့် တစ်ဦးတည်း လျှောက်လာစဉ် စပါးထား ရွာအဝင်ဝ၌ ကျွန်တော်၏တပ်စုမှ ရဲဘော်တစ်ဦးနှင့် တွေ့ပါ သည်။ ရွာထဲ၌ ကျန်ရဲဘော်များနှင့်တွေ့၍ ကျွန်တော်က တပ်စု၏ကွပ်ကဲမှုကို ယူလိုက်ပါသည်။ ကျွန်တော်မှာ ရောက် ခါစဖြစ်၍ မရောက်ခင်က တပ်စုကို ဦးဆောင်နေသူ တပ်ကြပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးယာမာမိုတိုကို တပ်စိတ်(၁)သို့ ပြန်မပို့သေးဘဲ ကျွန်တော်၏ အကြံပေးအဖြစ် ခေတ္တခေါ်ထားလိုက်သည်။ ရန်သူ့တပ်စခန်းမှာ စပါးထားရွာ၏ အနောက်မြောက် တစ်ကီလိုမီတာ အကွာရှိ တောင်ကုန်း ၁၀၅ တွင် သံဆူးကြိုးကာရံထားလျက်ရှိသည်။ ကျွန်တော်၏ တပ်စိတ် ၃ စိတ်မှာ ရွာတွင် အကြီးဆုံးသော အိမ်ကြီးတစ်ခုအောက်တွင် ကျင်းတူးနေရာယူထားပြီး ဒုတိယ တပ်စိတ်မှာ စပါးထားမြစ်တစ်ဖက်ကမ်း၌ ရန်သူ့တောင်ကုန်း ၁၀၅နှင့်ယှဉ်လျက်ရှိသော တောင်ကုန်းတွင် နေရာယူထားသည်။ နောက်တစ်နေ့တွင် ရိက္ခာသယ်ယူလာသည့် ကျွန်တော့် ရဲဘော် နှစ်ဦးနှင့်အတူဒုတိယတပ်စိတ် ထံသွားကြည့်သည်။ ၎င်းတို့၏ တောင်ကုန်းပေါ်တက်နေကြစဉ် ကုန်းပေါ်မှ မိမိတို့၏ ရဲဘော် များ၏ စပစ်ခြင်းကို ခံရသည်။ ကျွန်တော်တို့ လမ်းမှားပြီး ရန်သူကို ဆိုင်ထားသည့်ဘက်မှ တက်မိ၍ ဤသို့အပစ်ခံရခြင်း ဖြစ်ပေသည်။ ကျွန်တော်တို့ ပြားနေအောင် ဝပ်လိုက်ကြပြီး "မိတ်ဆွေ" ဟု အသံပြုလိုက်ကြသည်။ ကျွန်တော့်လူများကပင် ကျွန်တော့်ကို ဗွေဆော်ဦး ပစ်ခတ်မှုအောက် အတွေ့အကြုံ ရအောင် ဇာတ်သွင်း ပေးလိုက်ကြပြီတည်း။ သို့နှင့်ကျွန်တော် ကုန်းထိပ်သို့ရောက်သောအခါတွင်လည်း ရန်သူက သေနတ်သံ ကြားရ၍ စိုးရိမ်သည့် သဘောဖြင့် ထင်ပါသည် စိန်ပြောင်းဖြင့် ကုန်းကိုပစ်တော့သည်။ ရဲဘော်သီးသီး ပစ်ကျင်းရှိ၍ ကျင်းထဲ ဝင်အောင်း နေနိုင်ကြသော်လည်း ကျွန်တော့်အတွက် ကျင်းမရှိ သဖြင့် အနည်းငယ်ခွက်ဝင်နေသည့် နေရာတစ်ခုတွင် မှောက် လျက် ပြားနေအောင်ဝပ်ရသည်။ လက်နက်သံတို့ကို တဖြည်း ဖြည်း ခွဲတတ်လာသောအခါတွင် ရောက်လာတော့မည့် ဗုံးသည် မိမိအပေါ်တွင်ကျလေမည်လားဟု တွေးကြောက်စရာတစ်ခု



ဖြစ်လာသည်။ သို့သော် လက်နက်ကြီးပစ်ခတ်မှုမှာ သိပ်မကြာခင် ပြီးသွားသဖြင့် ကျွန်တော် စိတ်သက်သာမှုရကာ တစ်သက် တာတွင် ပထမဦးဆုံး လက်နက်ကြီး အပစ်ခံရသည့် အတွေ့ အကြုံလည်းရသွားလေသည်။

မတ်လ ၁၁ ရက်နေ့တွင် ဗြိတိသျှ ဗုံးကြဲလေယာဉ်ငယ် ၆ စီး လာ၍ စပါးထားရွာကလေးပေါ် ဗုံးကြဲသွားသည်။ ကျွန်တော်တို့နေသည့် အိမ်ကိုမမှန်သော်လည်းအနီးရှိအိမ်ကို မှန်၍ ကြေမွသွားသည်။ ထိုနောက် ရန်သူတိုက်လေယာဉ် ၈ စင်းလာ၍ မြေကြီးနားကပ်ပျံကာ ပစ်ခတ်ကြသည်။ လေယာဉ်မှ ကျလာသော ကျည်ခွံများသည် သွပ်မိုးပေါ် တဝွမ်းဝွမ်းကျ လျက်ရှိသည်။ ၂၀ မမ စက်အမြောက်များဖြင့်လည်း ပစ်ရာတွင် ကျွန်တော်တို့ရှိရာ အိမ်တိုင်ကို ဖောက်သွားပြီး ဖုတ်တထောင်း ထောင်းထလာကာ ပစ်ကျင်းများထဲ၌ ကျွန်တော်တို့အသက်ရှူ ရှုန်းကျပ်လာကြသည်။ အိမ်ပေါင်း ၆ အိမ် မျှသာရှိသည့် ရွာ ကလေးကို တစ်နာရီကြာမျှ ဗုံးကြဲပစ်ခတ်ကြသည်။ ကျွန်တော် တို့အားလုံး ပစ်ကျင်းများထဲတွင် ဝပ်နေကြ၍ မည်သူမျှ ထိခိုက်မှု မရှိကြ၊ ပစ်ကျင်းကတုတ်များ၏ တန်ဖိုးကိုလည်း နားလည်လာတတ်ကြလေသည်။

မတ်လ ၁၂ ရက်နေ့တွင် စပါးထားရွာ၏ အနောက် မြောက်ဘက်ရှိ ရန်သူကိုတိုက်ရန် အမိန့်ရသည်။ ကျွန်တော် ဦးဆုံးဝင်ရမည့် တိုက်ပွဲဖြစ်သည်။ ကျွန်တော့်ကို နည်းပေး လမ်းပြမည့် တပ်ခွဲမှူးသော်လည်းကောင်း၊ အခြားခေါင်းဆောင် တစ်ဦးဦးသော်လည်းကောင်း မရှိသော်လည်း ကျွန်တော် သေ လိုက သေပါစေဟု ရဲရဲရင့်ရင့် ဆုံးဖြတ်ချက် ချလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကသင်ပေးလိုက်သည့် အခြေခံတပ်ဖြန့်ပုံဖြင့် တပ်ဖြန့်ကာ ချီတက်ကြသည်။ ဗုံးလောင်ချာများ ပစ်ပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်တော်က ဂျပန်ဓားရှည်ကို ဆွဲထုတ်လိုက်ပြီး "ကျား"ဟုအော်ပြီး လှံစွပ်တက်ထိုးကြသည်။ သို့သော် ရန်သူ နေရာတွင် တစ်ဦးတစ်ယောက်မျှ မတွေ့ရပေ။ သို့နှင့် တပ်စိတ် (၃) ကို ထိုနေရာတွင် ထားခဲ့ပြီး ကျန်တပ်စု အင်အားဖြင့် စပါးထားသို့ပြန်ကြသည်။

နောက်တစ်နေ့တွင် တောင်ကုန်း ၁၀၅ ကို ညတိုက်ပွဲဖြင့် တိုက်ခိုက်သိမ်းပိုက်ရန် အမိန့်ရပြီးနောက် ရေဒီယို ဆက်သွယ်ရေး ပစ်ဖွဲ့တွဲပေးသည်။ နေဝင်ရီတရောတွင် မြစ်ကူး ပစ္စည်းတပ်ခွဲမှ အင်ဂျင်နီယာတစ်ဖွဲ့ ခေါက်လှေဖြင့် တက်လာကြသည်။ ကျွန်တော်တို့ကလှေကို ကမ်းပေါ်ထမ်းတင်၍ မြောက်စူးရှူး အတိုင်းတက်ကာ စပါးထားချောင်းထဲတွင် လှေကိုရေထဲချသည်။ ယင်းလှေဖြင့် တပ်စုကို တစ်ဖက်ကမ်းသို့ အခေါက်ခေါက် ကူးပေးပြီးနောက် အင်ဂျင်နီယာအဖွဲ့က လှေကိုယူ၍ ပြန်ကြသည်။

ထိုနောက် တပ်စုကို ထီးပုံဖြန့်၍ တောင်ကုန်း ၁၀၅ ဆီသို့ ချီတက်ကြသည်။ ရန်သူ့နေရာနှင့်မီတာ ၂၀၀အကွာတွင် အစမ်းသဘောဖြင့် ဗုံးတစ်လုံးပစ်ကြည့်ရာ၌ တုန့်ပြန်ချက်မရှိပေ။ ကျွန်တော်တို့ မနားတမ်း ပြေးတက်သွားကြသော်လည်း ကုန်းပေါ်တွင် ရန်သူမရှိတော့ချေ။ ယခင် ၄ ရက်က ဤကုန်းပေါ်မှ ကျွန်တော်တို့ကို စိန်ပြောင်းဖြင့် ပစ်ခဲ့သည့် ကုန်းပင် ဖြစ်သည်။ သို့နှင့် ပထမတိုက်ပွဲနှစ်ပွဲစလုံးတွင် ရန်သူ၏ ခုခံတိုက်ခိုက်မှုကို မကြုံရဘဲ ကျွန်တော် အသက်ဘေးနှင့်လည်း ဝေးခဲ့သည်ဟု ဆိုရပေမည်။ ဤကာလအတွင်းတွင် ကျွန်တော်



နှင့် ဗိုလ်သင်တန်းကျောင်းဆင်းဖက် နှစ်ဦးမှာ တိုက်ပွဲတွင် ကျဆုံးခဲ့ကြလေသည်။

မတ်လ ၁၇ ရက်နေ့ မွန်းလွဲ၂နာရီတွင် မယုမြစ်ကို ကူး၍ ထီးဆွဲသို့ရောက်ရာ ဂိုဒေါင်များ၌ စားစရာများ တွေ့ရရာတွင် ကျွန်တော် အချိုမစားရသည်မှာ အတော်ကြာပြီဖြစ်၍ နို့ဆီဘူးတစ်ဘူးပြီး တစ်ဘူး ဖောက်သောက်လိုက်တော့သည်။ မတ်လ ၂၂ ရက်နေ့တွင် ပြင်တော၏ အရှေ့တောင်ဘက်ရှိကုန်းမှ မယုမြစ်ကိုကူးမည့်ဆဲဆဲတွင် တပ်ခွဲ(၁) ၏အင်အားအများနည်း ဒုဗိုလ် ဆူကူးဒါး ကွပ်ကဲလျက် ရောက်လာသည်။ သို့နှင့် ကျွန်တော်သည် အထက်အရာရှိ တစ်ဦး၏ ကွပ်ကဲမှုအောက်တွင် ပထမအကြိမ်နေဖူးခဲ့သည်။ ယခုအထိတပ်စုမှ တစ်ဦး တစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရသေးသည်မှာလည်း ကံကောင်းသည်ဟုပင် ဆိုရပေမည်။

မှတ်ချက် ॥ ॥ ကျွန်တော်နှင့် စစ်တွေသို့ အတူတူရောက်သည့် အရာရှိ အသစ်စက်စက် အယောက် ၂၀ အနက် စုစုပေါင်း ၁၁ ယောက်မှာ တိုက်ပွဲ၌ ကျသွားကြသည်။ ငါးယောက်မှာ ဒဏ်ရာပြင်းပြင်းထန်ထန်ရ၍ ဂျပန်နိုင်ငံသို့ပြန်ပို့လိုက်ရသည်။ ကျွန်တော် အပါအဝင် ၄ ယောက်မှာ ဒဏ်ရာရပြီး စစ်ဆေးရုံတင်ရသော်လည်း ပြန်ကောင်းလာသည့်အခါ ရှေ့တန်းပြန်နိုင်ခဲ့ကြသည်။ ပေါင်းရုံးကြည့်လျှင် ၂၀ လုံး ဒဏ်ရာရကြသည်ချည်းပင်ဖြစ်သော်လည်း မှန်သည့်နေရာအနည်းငယ်လွဲရုံမျှဖြင့် ကြုံရသည့်ကြမ္မာချင်း တစ်ဦးနှင့်တစ်ဦး မတူဘဲ ရှိချေသည်။ (အထက်ပါစာရင်း၌ မဖော်ပြနိုင်သူ ၄ ဦးတို့၏ သတင်းကိုမူ ကျွန်တော်မရရှိခဲ့ပါ။)

www.burmeseclassic.com

www.burmeseclassic.com



# ၄၄။ မြင်းခွာတောင်တန်း

တပ်ကြပ် ရှိုဟီချိ နာမီကိုရှိ၊ တပ်ခွဲ(၁)၊ ရင်း(၁)၊
အမှတ်(၁၁၂)ခြေလျင်တပ်ရင်းကြီး တပ်မ(၅၅)
အင်းဒင်၊ ရခိုင်

၁၉၄၃ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ကျွန်တော်တို့သည် အင်းဒင်ရွာ၏ အနောက်မြောက် မီတာ ၅၀၀ ခန့်ဝေးသော မြင်းခွာပုံ တောင်ကုန်းပေါ်တွင် ရှိကြပြီး စိန်ပြောင်းများဖြင့် အဆက်မပြတ်အပစ်ခံနေကြရသည်။ ကျွန်တော်မှာ တပ်စိတ် (၃) တပ်စိတ်မှူးဖြစ်၍ အကြပ်သင်ကျောင်းမှ ဆင်းလာသည်မှာ ၃လသာရှိသေးသည့် ခေါင်းဆောင်အသစ်စက်စက် ဖြစ်နေပါသည်။ ကျွန်တော်တို့သည် မယူမြစ်ကို မတ်လ ၂၄ ရက်နေ့က ကူး၍ မတ်စောက်လှသည့် မယူတောင်တန်းကို တောတိုးဖြတ်ကာ အနောက်ဘက်တောင်ခြေသို့ မတ်လ ၃၁ ရက်နေ့တွင် ရောက်သည်။ ဧပြီလ၃ရက်နေ့တွင် ဒုဗိုလ်ဆူကူးဒါးမှာ ချောင်းပစ်ခံရသည့်အတွက် အလုပ်သင်ဗိုလ်အီနာဇာဝါသည်သာ တပ်ခွဲတစ်ခွဲလုံးတွင် တစ်ဦးတည်းသော ထူထူထောင်ထောင်ရှိသည့် အရာရှိအဖြစ် တပ်ခွဲမှူးတာဝန်ယူထားရသည်။ ကျွန်တော်တို့ မြင်းခွာတောင်ကုန်းသို့ ညနေစောင်းမှရောက်ခြင်းဖြစ်ကာ နောက်တစ်နေ့နံနက်မှစ၍ တစ်နေ့လုံး လက်နက်ကြီးဖြင့် အပစ်ခံနေရသည်။ ပစ်ကျင်းထဲမှ ထွက်လိုက်သည်နှင့် အန္တရာယ်ရှိသည်။ ဧပြီလ၅ ရက်နေ့ ရောက်သောအခါ ကျွန်တော်တို့တွင် ရိက္ခာပြတ်၍ ရေလည်းငတ်နေကြသည်။ ကျွန်တော်တို့ မြောက်ဘက်၌ စီးနေသော အင်းဒင်ချောင်းမှာ ဒီရောက်ချောင်းဖြစ်၍ ရေငန်ပြီး



သောက်သုံးရန် မသင့်ပေ။ ထိုနေ့ မွန်းလွဲပိုင်းတွင် ရန်သူက အရောက်တိုက်နေစဉ် "တပ်စိတ်မှူး နာမီကိုရှိ တပ်စုမှူးထံ သတင်းပို့ပါ" ဟု ဆက်သားက လာပြောသဖြင့် တပ်ကြပ်ဒိုကုဒါကို တပ်စိတ်တာဝန်ယူထားရန်မှာပြီး တပ်စုမှူး ယာမာမိုတိုထံ သွားသတင်းပို့ပါသည်။ ကျွန်တော်တို့ တပ်ရင်းကြီးက ဧပြီလ ၆ ရက်နေ့ အရုဏ်မတက်မီ အင်းဒင်ခွင်ကို တိုက်မည်ဖြစ်ရာ ကျွန်တော့် တပ်စိတ်သည် ရှေ့ပြေးတပ်စိတ်ဖြစ်မည်၊ ကျွန်တော်တို့တပ်ခွဲ(၁)ကို ရင်း(၃)နှင့် တွဲထားကြောင်းတို့ကို သူက ပြောပြပါသည်။ ထိုအမိန့်ကိုရသည်နှင့် ကျွန်တော် စိတ်ကုန်သွားပါသည်။ ဒီညပဲ သေရတော့မည်ဟု တွက်၍ သေချင်းတရားကို ဘုရားအလိုတော်အတိုင်းပါပဲဟု လက်ခံလိုက်သည်။ ထိုနောက် ဤအမိန့်ကို ကျွန်တော့် ရဲဘော်များအားသို့ မည်သို့ပြောရပါအံ့နည်းဟု အပြန်ပြန်အလှန်လှန် တွေးနေမိသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်က တပ်ရာထူးအားဖြင့် တပ်စိတ်တွင် အကြီးဆုံးဖြစ်သော်လည်း အသက်အငယ်ဆုံးလည်းဖြစ်၍ ဝါအားဖြင့်လည်း အနုဆုံးဖြစ်သည်။ ဂျပန်စစ်သည်များကြားတွင် ရာထူးထက် တစ်ရုံတစ်ယောက်က တပ်ကျွေးသည့်ထမင်း မည်မျှစားခဲ့ပြီးပြီ ("ပဲချိုး"မည်မျှတက်နေပြီ) ဆိုခြင်းကို ပိုအလေးထားကြသောကြောင့်ပင် ဖြစ်သည်။

ကျွန်တော့် တပ်စိတ် (၃) နေရာသို့ ပြန်ရောက်သည့်အခါတွင်မူ ပေါ်ပေါက်လာသည့် အခြေအနေကို ကျွန်တော် လက်ခံနိုင်လောက်သည့် စိတ်ထားမွေးနိုင်လာသည်။ သို့သော် "ဘာကြောင့် တို့ကိုမှရွေးခိုင်းရတာလဲ "ဟု စောဒကတက်နေသေးသည်။ ကျွန်တော့် လူတွေကတော့ " တို့ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကသာ အစိမ်းသက်သက်မဟုတ်ရင် ဒီလိုအန္တရာယ်များ
ရှေ့ပြေးတပ်စိတ်တာဝန်ကို လွတ်အောင်ရှောင်နိုင်မှာပေါ့” 
တွေးကောင်း တွေးကြပေလိမ့်မည်ဟု သူတို့အတွက် စိတ်
ကောင်းဖြစ်နေမိသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့ တပ်ခွဲ
ရင်း(၃)တွင် ခေတ္တတွဲဖက်ရသောတပ်ဖြစ်၍ ရှေ့ပြေးတပ်စိတ်
တာဝန်ကို ရင်း(၃)မှ တပ်စိတ်တစ်ခုခုကိုသာ ပေးသင့်သည်
စိတ်ထဲ၌ ထင်မြင်နေမိပါသည်။ ကြမ္မာလေပဲလားဟုသာ ဆို
ပါတော့သည်။

ကျွန်တော်က မိမိတပ်စိတ်ရှိရာသို့ ခပ်သုတ်သုတ်ပြ
သွားပါသည်။ တပ်စိတ်ကို ခံစစ်အနေအထားဖြင့် မိမိ
ကျင်းတွင် မိမိ တစ်ဦးစီ ပြန့်ကျဲနေရာ တစ်နေတည်းတွင်
စုစည်း ပြောရန်မဖြစ်နိုင်ဘဲ ရန်သူလက်နက်ကြီး အပစ်ပါးသည်
အချိန်တွင် တစ်ဦးစီထံ သွားသွား၍ ယခုည ညတိုက်ပွဲလုပ်
ဖြစ်ကြောင်း ၊ မိမိလက်နက်ခဲယမ်း ဝတ်စား တန်ဆာပလာတို့
ပြင်ဆင် စစ်ဆေးရန်၊ ညအချိန်တပ်ဆင်ရမည့်သင်္ကေတ စသည်
တို့ကို တစ်ဦးချင်းလိုက်ပြောရသည်။ ရန်သူကဆက်၍ လက်နက်
ကြီးဖြင့် ပစ်ခတ်နေပြီး ညနေပိုင်းရောက်သည့်အခါ ပိုထန်လာ
သည်ဟု အောက်မေ့မိသည်။ ထိုနောက် ရန်သူများ တက်လာ
ကျွန်တော်တို့ဘက်မှ ဗုံးလောင်ချာများနှင့် ပစ်သည်။ ပထ
ပြိုင်ပစ်လိုက်သော ဗုံးများမှာ မရောက်သော်လည်း နောက်
လိုက်သည့်ဗုံးများ ၎င်းတို့အနီးတွင်ကျသဖြင့် ရန်သူပြန်ဆုတ်
သွားသည်။ ရန်သူနှင့် မျက်နှာချင်းဆိုင် ဆင်ခြေလျှောတွင်
သစ်ပင်မြက်ပင်များပေါ် လက်နက်ကြီး ကျည်ကျ၍ ပြော
တလင်းခါလျက် တောင်ကုန်း၏ ပုံစံပင်လျှင် ရုပ်ပျက်ဆင်းပျက်
ဖြစ်နေသည်။ ကျွန်တော်တို့ဘက်မှ ဒဏ်ရာရသူများနှင့် ကျ



သူအလောင်းများကို ကျောဘက် ဆင်ခြေလျှောရှိ လက်ကျန်
သစ်ပင်တို့၏အရိပ်အောက်၌ ထားရသည်။

အင်းဒင်ခွင်မှာ တောင်နှင့်မြောက်တန်းနေသော အိမ်တန်း
သုံးခုရှိ၍ ယင်းတို့ကို အင်းဒင်အရှေ့ရွာ၊ အလယ်ရွာနှင့်
အနောက်ရွာဟူ၍ ကျွန်တော်တို့က အမှတ်သညာပေးထားသည်။
ကျွန်တော်တို့၏ရည်မှန်းချက်မှာ အင်းဒင်အရှေ့ရွာဖြစ်သည်။
ညအမှောင် မကျမီကလေးတွင် ကတုတ်တစ်ခု၌ တပ်စိတ်
တစ်စိတ်လုံးကို စုရုံးလိုက်ပြီး ကျွန်တော်က “သေသေချာချာ
နားထောင်ကြပါ၊ ဒီညလုပ်မဲ့ ညတိုက်ပွဲမှာ တို့ဟာ ရှေ့ပြေး
တပ်စိတ်ဖြစ်တယ်။ ကျွန်တော်ဟာ ဒီတပ်စိတ်ကို ဦးဆောင်
ရတာ မကြာသေးပေမဲ့ ခင်ဗျားတို့က ကျွန်တော့် အမိန့်ကို
လိုက်နာပြီး ကောင်းကောင်းတိုက်ပွဲဝင်ခဲ့ကြတယ်။ ကျွန်တော်
ကျေးဇူးတင်ပါတယ်။ လာမဲ့တိုက်ပွဲရဲ့ ရလဒ်ဟာ ဒီတပ်စိတ်ရဲ့
ဦးဆောင်မှုအပေါ်မှာ တည်မှာဖြစ်ပါတယ်” ဟု ပဏာမပျိုး
ပြီးနောက်ဆက်၍ “ဒီညမှာ ခင်ဗျားတို့ရဲ့အသက်ကို ကျွန်တော့်
ဆီ ယုံယုံကြည်ကြည် အပ်နှံကြပါ။ ဒီတိုက်ပွဲက အသက်နဲ့ကိုယ်
အိုးစားမကွဲဘဲ ပြန်ရောက်ဖို့မမြင်ဘူးလို့ တွေးကြရင်တော့
ခင်မရောက်မီ မြားကုန်တဲ့သဘောဖြစ်မှာပဲ။ တိုက်ပွဲတိုက်တာ
အနိုင်ရဖို့ပဲ။ အနိုင်ရဖို့ဆိုဟာ ပေါ့ပေါ့တန်တန် အသေခံလိုက်
ဆို့ ရရိုးမရှိဘူး။ ဒါကြောင့် ကျွန်တော့် ညွှန်ကြားချက်များကို
သေသေချာချာ နားထောင်ကြပါ။ ကျွန်တော်တို့ဟာ ရန်သူ့
စစ်ကျင်းတွေ ရောက်တဲ့အထိ ရန်သူမသိစေဘဲ ချဉ်းကပ်နိုင်ဖို့
အရေးကြီးပါတယ်။ ကျွန်တော်တို့ တက်လုံစွပ်ထိုးတဲ့အခါ
နောက်က တပ်ရင်းကြီးရဲ့အင်အားအများစုဟာ အတူပါလာမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကမျှ သေချင်ကြတာ မဟုတ်ဘူး။ ဒါကြောင့် ဖြစ်
မယ်ဘာဆိုရင် ခင်ဗျားတို့အားလုံးအတွက် ကျွန်တော့် အသ
ကိုပဲ ပေးလှူလိုက်ချင်ပါတယ်။ ဘယ်သူ တစ်ဦး တစ်ယော
မကျဆုံးစေချင်ပါဘူး။ ကျွန်တော်တို့တပ်စိတ်ဟာ တပ်ရင်း
တစ်ခုလုံးအတွက် ရှေ့ဆောင်လမ်းပြဖို့ တာဝန်ကို ဖြေ
မြောက်စွာ ထမ်းဆောင်နိုင်ကြမယ်ဆိုရင် ကျွန်တော်တို့နာ
တွေဟာ ရာဇဝင်တွင်ရစ်မှာပဲ။ ကျွန်တော်တို့ သခ်န်းစာ
ဖြစ်တဲ့အတိုင်း အောင်မြင်မှုရဲ့ သော့ချက်ဟာ ကျွန်တော်
တပ်စိတ်မှာ တစ်ဦးမကျန် စည်းလုံးညီညွတ်မှု ခိုင်မာဖို့ပါ
ကျွန်တော်တို့ ရန်သူထုထဲကို မီးကျီးလုံးလို ဆူးဆူးရှား
ထိုးဖောက်ဝင်ကြမယ်။" ကျွန်တော်ဤသို့ပြောနေစဉ် ကျွန်
ရဲဘော်များက စိတ်ပိုင်းဖြတ်ထားပြီးဖြစ်ပုံရကာ နာရီပိုင်းအတွ
သေမည်ရှင်မည် အဆုံးအဖြတ် ခံယူရမည့် တိုက်ပွဲကိုဝင်ကြ
တော့မည်ဖြစ်သည့်တိုင် ရွှင်ရွှင်ကြည်ကြည်နှင့် သက်သော
သက်သာ ရှိနေကြပါသည်။

သိပ်မမှောင်သေးမီ သံခမောက်နောက်တွင် အဖြူရော
ပိတ် သို့မဟုတ် စက္ကူလေးထောင့်ပုံကို ကပ်လိုက်ကြသည
ညတိုက်ပွဲအတွက် စစ်ဝတ်တန်ဆာပစ္စည်းများ ပြင်ပြီး မ
စစ်ခိုင်းလိုက်ပါသည်။ သားရေဖိနပ်များအစား အသံလုံသ
ခြေစွပ်များ ဝတ်ဆင်ရပါ သည်။ ခြေစွပ်မရှိလျှင် သားရေဖိနပ်
လုံစွပ်အိမ်များကဲ့သို့ အဝတ်စဖြင့် ပတ်ထားရသည်။ အသံ
နည်းနည်းမျှ မထွက်အောင် စည်းသင့်သည်ကိုစည်း၊ ဆို့သ
သည်ကိုဆို့ကြရသည်။ ထိုညအတွက် မေး–ဖြေ စကားဝှက်မှာ
"ဖူကုရိ" (အိတ်)နှင့် "နေဇုမိ" (ကြွက်) တို့ ဖြစ်ကြောင်း
ပြန်စစ်ဆေးအတည်ပြုကြရသည်။ နောက်ဆုံးပိတ်အနေဖြင့်



သည့်တပ်ဖြန့်ပုံကို ကျွန်တော်က ရှင်းပြသည်။ "ကျွန်တော်
ဟာ ရှေ့ပြေးတပ်စိတ်ဖြစ်လို့ တပ်ရင်း ပင်မတပ် အရှေ့
ာ ၂၀၀ ကိုက်ပြီးတက်မယ်။ ကျွန်တော် ဦးဆောင်မှာဖြစ်ပြီး
ဘော့်နောက်က ခြေလှမ်း ၃ လှမ်းလောက်စီ တစ်ယောက်
တစ်ယောက်ခွာပြီး ရန်သူနှင့် မီတာ ၁၀၀ လောက်ရောက်
အထိ လိုက်လာကြမယ်။ ဒုတပ်ကြပ် အိုကူဒါက နောက်
ာ ပိတ်လိုက်မယ်။ ကျွန်တော့်လက် မြှောက်ပြတဲ့အခါ
ပေါင်တန်းပုံကို တိတ်တိတ်ဆိတ်ဆိတ်ဖြန့်မယ်။ ကျွန်တော်
"တက်" လို့အော်တဲ့အခါ အားလုံးလုံစွပ်တက်ထိုးကြမယ်။
တော်"တက်"လို့ မအော်မချင်း ရန်သူ့ရှေ့မှာ မတ်တတ်
ပ်ပါနှင့်။ တောက်လျှောက် တွားတက်ကြမယ်။ ရန်သူက
တော်တို့ တက်လာမည့်လမ်းကို မျှော်မှန်းပြီး သေနတ်
ကို ပုံသေပစ်ကြောင်း ဆင်ထားမှာဖြစ်တယ်။ မတ်တတ်
တာနှင့် အပစ်ခံရမှာပဲ။ တွားတက်ဖို့အပြင် တခြားနည်းလမ်း
ပါဘူး။ ခင်ဗျားတို့ခေါင်းပေါ်ကျည်ဆန်တွေ မိုးပက်သလို
ပေစေ မရပ်ပါနှင့်၊ တွားတက်နေသမျှ ကျည်ဆန်တွေဟာ
ါင်းပေါ်က ပျံသွားနေဖို့ပဲ ရှိပါတယ်။ ဒီအတောအတွင်း
ယ်လိုဆက်လုပ်သင့်တယ်ဆိုတာ စဉ်းစားနိုင်ပါသေးတယ်။
စွပ်တက်မထိုးမီ သေသွားရင် အသက်တစ်ချောင်း အလဟဿ
။ လုံစွပ်ထိုးရင်း သေတာကမှ အကျိုးရှိဦးမှာပါ။ ကျွန်တော်
ာတဲ့အတိုင်း လုပ်ကြမယ်လို့ ယုံပါတယ်။"

ကျွန်တော်တို့ကြမ္မာကို အဆုံးအဖြတ်ပေးမည့် အချိန်ကား
စ်စတစ်စ နီးကပ်လာလေပြီ။ ရန်သူတို့၏ တိုက်စစ်ကို
လင့်ရင်း နေရသည်မှာ နေ့တာကုန်ခဲလှသည်။ ည ၁၀ နာရီ
ော်မှ သောင်ပြင်အနီးစုရပ်တွင် စုကြသည်။ လက္ခယ်ဖိ

www.burmeseclassic.com

www.burmeseclassic.com



ရက်၏ညသည် ပိန်းပိတ်လုနီး မှောင်သဖြင့် ရင်းချာသူ တစ်ယောက် ရှေ့တစ်မီတာတွင် ရှိနေစေကာမူ ဘယ်သူဘယ်ဝါဟု မခွဲခြားနိုင်။ အမိန့်ပေးဖို့စောင့်နေကြရသည်။ နာရီပြန်နှစ်ချက်တီးတွင် "တက်" ဟူသော အမိန့်ရသည်။ ကျွန်တော်တို့တပ်ခွဲက အရှေ့အင်းဒင်ရွာကို နှစ်ဖွဲ့ခွဲပြီး တိုက်ရန်ဖြစ်ရာ ကျွန်တော်တို့တပ်စုမှာ ရွာမြောက်ဘက်ပိုင်းကို ဝင်ရန်ဖြစ်သည်။ ရွာဘက်သို့ မိနစ်၃၀ခန့် တိုးမိသည့်အခါ နောက်မှ "ဒုတပ်ကြပ် နောက်မှာ မပါလာ"ဟု လက်ဆင့်ကမ်းပေးလိုက်သော သတင်းရသည်။ ကြားလိုက်သည်နှင့် ငါပွဲပျက်အောင်လုပ်မိပြီလား ဟုမိမိကိုယ်မိမိ အပြစ်တင်မိရာမှ ယခုမှ လိုက်ရှာဖို့အချိန်လည်း မရှိတော့ လိုက်ရှာရန်လူလည်း မချန်နိုင်တော့၍ ရှိသည့်အတိုင်းပင် ဆက်လိုက်လာရန် နောက်ပိတ်ဆုံး လိုက်လာသူအထိ ပြန်မှာလိုက်ကာ တစ်လှမ်းချင်း ဂရုတစိုက် ဆက်တက်သည်။

စထွက်သည်မှ တစ်နာရီခန့်ကြာသောအခါ အရှေ့ရွာကို ကြယ်ရောင်မှုန်မှုန်ပျပျအောက်မြင်ရသည်။ ထိုစဉ် ရှေ့နောက် တစ်ယောက်တန်းထဲမှ တိမ်းဖည်ထွက်၍ ရန်သူထောင်ထားသော တိုက်ကြိုး စသည့်သတိပေးကိရိယာကို တိုးမိသည် ထင်ပါသည် ဂျောက်ဂျောက်ဂျက်ဂျက်သံ တစ်ခုကြားလိုက်ပြီးနောက် ရန်သူ့မောင်းပြန်၊ စက်သေနတ်တို့ဆွဲသံ ပေါ်လာသည်။ အခြေအနေစိုးရိမ်စရာဖြစ်သော်လည်း ထူးထူးခြားခြားပင် စိတ်အေးလက်အေးဖြင့် တပ်စိတ်ကို တစ်ဦးချင်း ထောင့်သပ်အနေအထားဖြင့် တွားတက်ရန်အမိန့်ပေးလိုက်သည်။ တပ်စုမှူးက အမိန့်ပေးသည်နှင့် ကျွန်တော်ကလည်း"တက်၊ တက်" ဟု အသံကုန်အော်လိုက်ရာ တပ်စိတ်က သူ့ထက်ငါ ဦးအောင် ပြေးတက်ကြသည်။ အနီးကပ်တိုက်ပွဲမှာ မည်မျှကြာသည်မသိ



ရွာထဲတွင် နာရီပေါင်းများစွာကြာသည်ထင်ရသည်။ ကျွန်တော့်စိတ်ထဲတွင်တော့ သူသေကိုယ်သေအနိုင်ကြမည်ဟု စိတ်ထဲ၌ကြွနေသည်။

တိုက်ပွဲမည်မျှကြာသွားသည်မသိ သော်လည်း ရန်သူ၏ တိုက်ခိုက်မှုမှာ တဖြည်းဖြည်းအားပျော့လာသည်။ မှောင်မိုက်နေပင်ဖြစ်ရာ ရန်သူသည် ရွာထဲ၌ တစ်နေရာရာတွင် ပုန်းနေလိမ့်မည်ဟု မသင်္ကာဖြစ်မိသည်။ ထိုနောက် ကျွန်တော်တို့ကို ရွာတောင်ဘက်စွန်းတွင် စုရန်အမိန့်ပေးသဖြင့် ထွက်လာရာတွင် တပ်စုမှူးသည် သတိလစ်လျက် ၎င်းကို ကျပန်း စီစဉ်ထားသည့် ထမ်းစင်ဖြင့် သယ်လာသည်ကို တွေ့ရသည်။ ကျွန်တော်တို့သည် အရှေ့တောင်ဘက်သို့ တစ်ကီလိုမီတာခန့် ဆုတ်လိုက်သောအခါ နေစထွက်ချိန်တွင် မီတာ၂၀ခန့် မြင့်သော တောင်ကုန်း ကလေးသို့ရောက်သည်။ ကျွန်တော်တို့ ပစ်ကျင်း တူးနေစဉ် ရန်သူက ကျွန်တော်တို့ကို ပြတ်တောင်း အမြောက်နှင့်ပစ်ပြီး ဗြိတိသျှ စစ်သားအချို့က တောင်ကုန်းပေါ်တက်ရန် ကြိုးပမ်းကြသည်။ ကျွန်တော်တို့က စက်သေနတ်နှင့် ရိုင်ဖယ်သေနတ်တို့ဖြင့်ခုခံပစ်သည်မှာ သေနတ်ပြောင်းများ ချစ်ချစ်တောက်ပူသည်အထိပင် ဖြစ်သည်။ ရန်သူ ဆုတ်သွားသော်လည်း စိန်ပြောင်းများနှင့် အကြီးအကျယ် ပစ်သည်မှာ တောင်ကုန်း၏ မူလသဏ္ဍာန်ပင် ပြောင်းသွားလေမည် ထင်ရသည်။

မွန်းလွဲပိုင်းတွင် ကျွန်တော်တို့ တောင်ကုန်းပေါ်မှ ကြည့်သည်တွင် ရန်သူသည် ခမ်းခမ်းနားနားစစ်ရေးပြသည့်နယ် ချီတက်လှုပ်ရှားမှု တပ်အခင်းအကျင်းဖြင့် မြောက်ဘက်သို့တက်

www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။ ကျွန်တော်တို့၏ လက်ပစ်ဗုံး လောင်ချာ
လည်းမမိသည်သာမက ပြန်ပစ်လာမည့် တုံ့ပြန်ပစ်ခတ်
ကျွန်တော်တို့ သေသွားနိုင်ပေမည်။ တောင်ပေါ်ပစ်အမြော
များကို တမ်းတလိုက်ကြသည်မှာလည်း မောရုံသာ အဖ
တင်သည်။ အကယ်ပေါ်မလာကြ။ ရန်သူက တောင်ချော
ထဲမှ ထွက်ပြေးလွတ်မြောက်သွားသည်ကို ဘာမျှမလုပ်နိုင်လို
သည်ကို ခံပြင်းလှသည်။ ညနေပိုင်းတွင် လက်နက်ကြ
ပစ်ခတ်မှု ရပ်စဲသွားရာ ကျွန်တော်တို့သည် ကမ်းခြေသောင်ပြ
အနီး နေရာသစ်သို့ ပြောင်းရွှေ့နေရာယူပြီးက ကျွန်တော်
မိခင်တပ်ရင်းနှင့်ပေါင်းလိုက်ကြသည်။

○

## ၄၅ ။ ရန်သူ အရာရှိ ထက်နှက်ချခြင်း

အလုပ်သင်ဗိုလ် ယိုရှိကိဆိုင်တို၊ တပ်ခွဲ(၄)၊ ရင်း(၂)၊

အမှတ်(၁၁၂)ခြေလျင်တပ်ရင်းကြီး တပ်မ(၅၅)

အင်းဒင်

၁၉၄၃ ခုနှစ် ဧပြီလ၅ ရက်နေ့ညည၌နက်ပိုင်း
မြင်းခွာတောင်ကုန်းမှ ကမ်းခြေသောင်ပြင် အနီးရှိ စုရပ်
သွားရောက်ရာတွင် တပ်ခွဲ(၁)မှ အီနာဇာဝါ[1] နှင့် ခဏ
မိကြပါသည်။ တပ်ခွဲ(၄)၏ရှေ့ပြေးတပ်စုအဖြစ် ကျွန်
တပ်စုမှူးဖြစ်သော တပ်စုအတွက် အင်းဒင်အနောက်
ရည်မှန်းချက်အဖြစ် ပေးထားသည်။ ကျွန်တော်တို့နှင့်အ

၁။ ပုံပြင် ၄၃ ပြန်ပြောပြသူ အလုပ်သင်ဗိုလ်အီနာဇာဝါ



တပ်ခွဲ (၆)သည် ကျွန်တော်တို့ ဘယ်ဘက်မှ လိုက်ပါမည် ဖြစ်သည်။ သန်းခေါင် အလွန်တွင် ကျွန်တော်တို့ကို စထွက် ခိုင်းရာ သောင်ပြင်ကိုဖြောင့်၍ ရွာဆီသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ကြသည်။ မည်မျှကြာအောင် လမ်းလျှောက်လာသည် မသိ ပိန်းပိတ်အောင် မှောင်နေသည့် အမှောင်ထုအတွင်းတွင် ရှေ့ဆုံးက ကျွန်တော်သည် စိတ်ကိုမြဲ့နေအောင် သွေးထားလျက် ဦးဆောင်လာခဲ့သည်။

ရုတ်တရက်ပင် ဘယ်ဘက်မှ စက်လတ်ပစ်သံကြား ရပြီး မီးကျည်တန်း ထွက်ပေါ်လာသည်။ ရန်သူက ကျွန်တော်တို့ လာသည်ကို ရိပ်မိသွားပြီလားဟု ပထမစိုးရိမ်မိသော်လည်း ခဏအကြာတွင် သေနတ်သံစဲသွား၍ ခေတ္တမျှအသက်ရှူချောင် သွားပါသည်။ ကျွန်တော်တို့ မီတာ ၅၀ခန့် ဆက်တက်သွား သည့်အခါတွင်မူ ရန်သူ၏ဖြန့်ပစ်ခြင်းကို ခံရပါသည်။ လက်ပစ် ဗုံးများလည်း တသောသော ကျလာပေါက်ကွဲကာ ခေါင်းပေါ်၌ ကျည်ဆန်များ တဝေါဝေါဝဲပျံလျက်ရှိကြသည်။ ကျွန်တော်တို့ ရဲဘော်အချို့ "အား"ဟု မြည်တမ်း၍ ခွေလဲကုန်သည်။ "စက် သေနတ်တွေ ရှေ့တင်၊ ခြေလျင်အမြောက်တွေ ရှေ့တင်" ဟု ကျွန်တော်က တောင်းလိုက်ရာ တပ်ခွဲမှူးက ရှေ့ပို့ပေးပါသည်။ အမြောက်များက ကျည်ကို စနက် သုည စက္ကန့်ထား၍ ပစ်ကြ ရသည်။ မှောင်မိုက်နေ၍လည်းကောင်း၊ အနီးကပ် တိုက်ပွဲဖြစ် နေ၍လည်းကောင်း ရန်သူက တင့်ကားနှင့် အမြောက်များကို မသုံးနိုင်ဘဲရှိသည်၊ ကျွန်တော်တို့ သဲပြင်ပေါ် ပြားနေအောင် ဝပ်ကာ ရန်သူ့ပစ်ကျင်း၊ ကတုတ်များဆီသို့ ဆက်လက် ချဉ်း ကပ်ကြပါသည်။ အတွေ့အကြုံနုသေးသော ရဲဘော်တစ်ဦးက

www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှား၍ လက်ပစ်ဗုံးတစ်လုံးကိုပစ်ရာတွင် ရှေ့နားကပ် ကျကာကွဲသည့်အတွက် ကျွန်တော့် ညာဘက်လက်ကို အစ တစ်စ လာမှန်သည်။ ကျွန်တော်တို့သည် လက်တစ်ကမ်း တိုက်ရန် ဆက်တိုးသွားစဉ် အရုဏ်တက်လာ၍ ရန်သူ့တပ်ဖြန့် ပုံကို မြူထဲ၌ ဝိုးတိုးဝါးတားမြင်လာကြရသည်။ ကျွန်တော်တို့ အတွက် ဗြိတိသျှတင့်ကားများ၏အန္တရာယ်ကို ကြောက်ရသည်။ ရွာထဲတွင် တင့်ကားအချို့ရှိမည် မှန်းရသော်လည်း (အကယ် တွင်မူ ဘရင်းကယ်ရီယာများသာရှိသည်) ငြိမ်နေ၍ မောင်းနှင် တိုက်ခိုက်မည့်ယာဉ်သားများ တခြားရောက်နေ၍သော်လည်း ကောင်း၊ သေကုန်၍သော်လည်းကောင်း ဖြစ်လေမည်ဟု ယူဆ ရသည်။ နေထွက်၍ လင်းကျင်းလာသောအခါ ဗြိတိသျှ လေယာဉ်များ အချိန်မရွေးလာတိုက်တော့မည်ဟု စိုးရိမ်နေမိ သည်။ ဖြာလာသော နေရောင်ထဲတွင် ကျွန်တော်တို့က အင်းဒင်ရွာခွင်ကို တော်တော်များများသိမ်းမိထားကြောင်း တွေ့ ရသည်။ သို့သော် ကျွန်တော်၏ခြောက်ကပ်နေသော ဦးနှောက်က ရန်သူ့အခြေအနေကို မှန်ကန်စွာမသုံးသပ်နိုင်တော့ချေ နံနက် ၈နာရီခွဲသည့်တိုင် ရန်သူလေယာဉ်များ မပေါ်လာပေ။

ကျွန်တော်တို့သည် ကျည်ဆန်ကုန်သလောက် ဖြစ်နေ သည်။ တော်ပါသေးသည် ရန်သူ၏ပစ်ခတ်မှုကလည်း ပြောက်တိ ပြောက်ကျား ဖြစ်လာသည်။ ထိုစဉ်တွင် ဆက်သားရောက် လာပြီး တပ်ခွဲမှူးထံမှ "ရန်သူကို လက်နက်ချဖို့အကြောင်းကြား" ဟူသော မှာကြားချက်ပါလာသည်။ ရုတ်တရက်မှ အင်္ဂလိပ်လို မတတ်တတတ်နှင့် ပြောရမည်ကို ရန်သူ့သေနတ်ပြောင်းများ ရှေ့ ထရပ်ရမည်ထက် ဖြူနေမိသည်။ သို့သော် မတတ်နိုင်ပြီ။ ကျွန်တော်က ကိုယ်ကိုအနည်းငယ်မတ်လိုက်ပြီးနောက် "ဒီနေရာ



ကျွန်တော့်လက်ထဲရောက်နေပြီ ဆက်မတိုက်ဘဲ လက်လျှော့ လိုက်တော့" ဟု တတ်နိုင်သမျှ ပီသအောင်ကြိုးစား၍ အင်္ဂလိပ် လိုပြောလိုက်ပါသည်။ ထိုနောက် နေပူကျဲကျဲထဲတွင် ပစ်ခတ်သံ ပျောက်သွားပါသည်။ ပြီးလျှင် ကျွန်တော်၏ ဘယ်ဘက်ရှိ ...ကာမှ လူတစ်စုသည် အေးဆေးတည်ငြိမ်စွာဖြင့် ထွက်လာ ပါသည်။ ထိုလူစု၏အလယ်မှ အပူပိုင်းဒေသ စစ်ဝတ်စုံကို ...ထားသော အရပ်ကောင်းကောင်းနှင့်ပုဂ္ဂိုလ်မှာ တပ်မှူး ဖြစ်ပုံရရှိ၍ သူ၏ညာဘက်မှ အရာရှိတစ်ဦးသည် ဗြိတိသျှ အလံကို သတင်းစာပတ်၍ ကိုင်လာလျက် စစ်သည်အချို့လည်း ပါသည်။ ကျွန်တော့်ရှေ့မီတာ ၂၀ခန့်အကွာတွင်ရပ်၍ ကျွန်တော့် ...အတ္တာရပ်ခံချက်ကို လက်ခံမည်ဟု ပြောပါသည်။ အနီးသို့ ဆက်လက်လာကြရာ ကျွန်တော် မတ်တတ်ရပ်လိုက်သည်။ ...ပ်မြင့်မြင့်ဗြိတိသျှ အရာရှိကြီးက ပွင့်လင်းသောအကြည့်ဖြင့် ...ဆိုနေသောသူ့အရပ်မှ ကျွန်တော့်ကို အောက်ငုံ့ကြည့်ကာ ...ဆွဲနှုတ်ဆက်ရန် လက်ကမ်းလိုက်ပါသည်။ ကျွန်တော်က ...ထောင့်နီဖြင့် စိမ်းစိမ်းကြည့်ကာ " ခင်ဗျားတပ်မှူးလား" ဟု မေးလိုက်ပါသည်။ သူက တည်ကြည်စွာဖြင့် မှန်ကြောင်း ...ဖြေပါသည်။ ပြီးလျှင် သူ၏ပစ္စတို၊ လက်ပတ်နာရီနှင့် ...လိုက်အိမ်မြှောင်နှစ်ခုကို ကမ်းပေးပါသည်။ ကျွန်တော်က သူ၏ ရာထူးတံဆိပ်ကိုမမှတ်မိ၍ သူ၏အသက်နှင့် ပုံပန်းကို ကြည့်၍ ဗိုလ်မှူးအဆင့်ရှိမည်ဟု ယူဆလိုက်ပါသည်။ ကျွန်တော့် ...တော်များက သူတို့ကိုဝိုင်းထားလိုက်ပါသည်။ ထိုစဉ် တပ်ခွဲ ...တက်လာ၍ သူတို့ကို လွှဲပြောင်းပေးလိုက်ပါသည်။ အရပ် မြင့်မြင့်အရာရှိကြီးက ကျွန်တော့်တပ်ခွဲမှူးကို မည်သည့်အဆင့် ...ကြောင်းမေးရာ ၎င်းက "ဗိုလ်ကြီးပါ" ဟုဖြေလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ၎င်းတို့ကို တပ်ရင်းကြီး ဌာနချုပ်သို့ခေါ်သွား[illegible] သည်။ ထိုနောက် ရန်သူ့တန်ပြန်တိုက်စစ်ကို မအားနိုင်အောင် တွန်းလှန်နေရပါသည်။ သိမ်းပြီးမြေကို လက်မလွှတ်စေရ[illegible] ရန်သူ၏ ခံကတုတ်များနှင့် ပစ်ကျင်းများကို မိမိတို့ အသုံးပြု[illegible] ခုခံနိုင်ရန် ပြင်နေရသည်နှင့် မအားပါ။ ဘန်ကာတစ်ခုတွင် ဗြိတိသျှစစ်သည်တစ်ဦးမှာ ရေဒီယိုနားကြပ် တပ်ထားရင်း သေနေပါသည်။

ခဏအကြာတွင် ကျွန်တော်တို့ ခံစစ်နေရာပေါ်သို့ ရန်သူက အပြင်းအထန် ပစ်ပြီးနောက် ဗြိတိသျှ သံချပ်ကာ[illegible] ကားများက လာရောက်ပစ်ခတ် တိုက်ခိုက်ပါတော့သည်။ ၎င်းတို့ကို မိုင်းကပ်ရန် ဘန်ကာထဲမှ ထွက်တိုက်သူ ၅ယောက်[illegible] မှာလည်း သူတို့ပစ်လိုက်သည့် အမြောက်ဆန်မှန်၍ တစ်[illegible] ခဏတွင်း ကျကုန်ပါသည်။ ဘန်ကာကို အမြောက်ဆန်မှန်၍ ပျက်စီးသွားပြီး ကျွန်တော်လည်း ကျည်အစအန ဆယ်ခုမ[illegible] မှန်၍ သွေးအလိမ်းလိမ်းဖြင့် သတိလစ်သွားပါသည်။

နောက်တစ်နေ့ ကျွန်တော် သတိပြန်လည်မှ သိရသည်မှာ ခုံညားတည်ငြိမ်လှသည့် အရာရှိကြီးမှာ တပ်မဟာ (၆) တပ်[illegible] မဟာမှူးဗိုလ်မှူးချုပ် ကဗင်းဒစ်ရှ်ဖြစ်ကြောင်း၊ အလံကို သယ်[illegible] လာသူမှာ သူ၏ တပ်ရေး ဗိုလ်ကြီး ဖဲန်ရှော ဖြစ်ကြောင်းဝင်[illegible]

○



## ၄၆။ မိမိတပ်၏ကျည်သင့်၍ ဆုံးပါးရသူ

ဗိုလ်တာဒါဟီးရို အိုဂါးဝ၊ ဆေးတပ်ဖွဲ့၊ အမှတ်(၁၁၂)
ခြေလျင်တပ်ရင်းကြီးဌာနချုပ် တပ်မ (၅၅)

၁၉၄၃ ခုနှစ် ဧပြီလ ၃ ရက်နေ့ "လင်းအားကြီး အချိန်တွင် တပ်ရင်းကြီးဌာနချုပ်၊ ရင်း(၃)တို့နှင့်အတူ မြင်းခွာ တောင်ကုန်းဟု ခေါ်သော ၁၅ မီတာ ခန့်အမြင့်ရှိပြီး မီတာ ၁၀၀ ခန့်ရှည်သည့် ပစောက်ပုံတောင်ကုန်းသို့ ရောက်ကြသည်။ ကျွန်တော့်တပ်ဖွဲ့တွင် ကျွန်တော်၊ ဆရာဝန် ဒုဗိုလ် အီရှိကာဝါ နှင့် လက်ထောက်နှစ်ယောက်တို့ ပါဝင်ကြသည်။ ဧပြီလ ၃ ရက်နေ့တွင် နံနက် ၉ နာရီ သို့မဟုတ် ၁၀ နာရီမှ စ၍ ကုန်းပေါ်သို့ စိန်ပြောင်းဗုံးများ တသောသောကျလာသည်မှာ နေဝင်မိုးချုပ်သည်အထိ ၈ နာရီခန့်ကြာသည်။ အံ့စဖွယ် ရှတ်တရက် ပစ်ခတ်မှု ရပ်ဆိုင်းသွားပြီးနောက် တောင်ကြော အနီးအနားဆီတွင် ဗြိတိသျှ စစ်သားများကို တွေ့ကြရသည်။ ကျွန်တော်တို့ရဲဘော်များ တောင်ကုန်းကို လုံ့စွပ်တက်ထိုးကာ လက်တစ်ကမ်းတိုက်ပွဲ ပြင်းပြင်းထန်ထန်ဖြစ်ပြီးနောက် ဗြိတိသျှ တပ်မှ ကျဆုံးသူ အလောင်းများ မကောက်နိုင်ဘဲ ဆုတ်သွား ကြသည်။

ဤသို့ ရန်သူ့တိုက်စစ်ကို ရင်ဆိုင်ရသည်နောက်တွင် ကျွန်တော်တို့၏ ရေဘူးများကို ဧပြီလ ၂ ရက်နေ့ နံနက်က ဖြည့်ပြီးသည့်နောက်တွင် ထပ်မဖြည့်ရသေးသဖြင့် ရေငတ် လျက်ရှိကြသည်။ အနီးရှိ အင်းဒင်ချောင်းရေမှာလည်း ငန်ပြင်း ဖြစ်နေ၍ အခြားရေရနိုင်မည့် နေရာကိုရှာလည်းမတွေ့။ စစ်သည်

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကိုယ်ခန္ဓာတွင် ရေပြတ်နေ၍ ခြေလက် မသယ်ချင်သလိုဖြစ်နေကြသည်။ အချို့က သစ်ရွက်များပေါ်မှ နှင်းဥ နှင်းပေါက်ကလေးတစ်ပေါက်မျှကို ကျုံးနိုင်ဖို့ အားထုတ်လျက်ရှိကြသည်။ ဧပြီလ ၄ ရက်နေ့လယ်ပိုင်းတွင် ချောင်းမြောက်ဘက်၌ ရေချိုအိုင်ကလေးတစ်အိုင် တွေ့ရသော်လည်း ဗြိတိသျှ တပ်များကလည်း ထိုအိုင်မှာပင် ရေလာခပ်ကြသဖြင့် ရေကြည် တစ်ပေါက်ရနိုင်ရန်အရေး အသက်ကိုဖက်နှင့် ထုပ်၍ ခပ်ကြရသည်။

ဧပြီလ ၅ ရက် ညဉ့်နက်ပိုင်းတွင် တပ်ရင်းကြီးက အင်းဒင်ကို စတိုက်သည်။ တပ်ရင်းကြီးဌာနချုပ်သည် ရင်း (၂) နှင့် လိုက်ပါသွားကာ ရင်း (၃) အင်အား အများစုသည် တောင်ကုန်းကို ထိန်းထားရန်၊ ဒဏ်ရာရလူနာများအတွက် လုံခြုံမှုပေးရန် ကျန်ရစ်ပါသည်။

အင်းဒင်အနောက်ရွာ၏ တောင်ဘက်စွန်းသို့ ရောက်သောအခါ မြောက်ဘက်သို့ ဆုတ်နေသည့် ဗြိတိသျှတပ်အများ သောင်ကမ်းပြင် တစ်လျောက် တွေ့ရသည်။ တပ်ရင်းကြီး၏ တပ်မှူးဗိုလ်မှူးကြီး တာနာဟာရှိက ၎င်းတို့ကို မတိုက်ခိုင်းဘဲ ကျင်းတူးခိုင်းသည်။ တပ်ခွဲ(၄)မှ ဒဏ်ရာရ စစ်သည်အချို့ကို ရေခန်းနေသော အိုင်တစ်ခုတွင်ထားပြီး ဆေးကုသပေးလျက် ရှိသည်။ ထိုစဉ် စစ်သုံ့ပန်းအချို့ကို တပ်ခွဲ(၄)က ခေါ်လာရာ ၎င်းတို့အဖွဲ့မှာ တပ်မဟာမှူး ဗိုလ်မှူးချုပ် အာရ်ဗီစီ ကဗင်းဒစ်ရှ် နှင့် သူ၏ ဦးစီးအဖွဲ့ဖြစ်ကြောင်းသိရသည်။

မကြာမီ ခွဆုံဘက်မှ ကယ်ရီယာတစ်စင်း ဝေါခနဲထွက်လာပြီး ယာဉ်ထဲမှ နှစ်ယောက်က ခေါင်းထောင်၍ ထောင်၍



ကြည့်ရင်း စက်ကုန်မောင်းလာကာ ကျွန်တော်တို့ အုံအား သင့်လျက် ကြည့်နေစဉ်အတွင်းမှာပင် အလယ်ရွာနှင့် အရှေ့ရွာကြားဝင်၍ ထိုလမ်းအတိုင်းပင် ပြန်ထွက်သွားခဲ့သည်။ မကြာမီ လက်နက်ကြီးကျည်များ ကျွန်တော်တို့အပေါ် ကျလာသည်။ တပ်မှူးကြီးက ဌာနချုပ်ကိုရွှေ့ရန် ဆုံးဖြတ်လိုက်၍ ဆက်သွယ်ရေးတပ်ဖွဲ့ ဦးဆောင်၍ အလယ်ရွာသို့ ပြောင်းကြသည်။ ထို့နောက် ဌာနချုပ်အဖွဲ့သည် သုံ့ပန်းများ နောက်မှ ပါလျက် လိုက်သွားသည်။ ကျွန်တော်ကမူ ဒဏ်ရာရသူအချို့ကို ပြုစုကုသဆဲဖြစ်၍ အနည်းငယ်နောက်ကျ၍ ရောက်သည်။ ဘေးဘီတွင် ဗုံးဆန်၊ အမြောက်ဆန်များ ပေါက်ကွဲနေ၍ ကျွန်တော်သည် မမြင်မကန်းနှင့် အလယ်ရွာသို့ ရောက်သွားသည်။ တပ်မှူးကြီးကို ကျွန်တော် လိုက်ရှာသော်လည်း မတွေ့ပါ။ ကျွန်တော့်ခြေထောက်နားတွင် စက်သေနတ်ကျည် လာမှန်၍ ဖုန်မှုန့်တဖွားဖွားပန်းထနေသည်။ ဘယ်ဘက်တွင် ကတုတ်တွေ့သဖြင့် ခုန်ဝင်လိုက်ရာ အထဲတွင် ရင်း (၂) မှ ခေတ္တလာသူ နှစ်ယောက်နှင့် သွားဆုံမိသည်။ ကျွန်တော်က ဤနေရာတွင် ခေတ္တခိုပြီး တပ်မှူးကြီးထံ သွားပူးပေါင်းမည် ကြံသော်လည်း ကျည်ကျများနေသဖြင့် မသွားနိုင်ခဲ့ပေ။ ယမ်းခိုး ယမ်းငွေ့နှင့် ဖုန်မှုန်တို့ဖြင့် အင်းဒင်အလုံးကို ဖုံးလွှမ်းလျက်ရှိသည်။ မြင်းခွာတောင်ကုန်းတွင် ရန်သူ့လက်နက်ကြီးပစ်ခတ်မှု အလွန်ပြင်းထန်သည်ဟုဆိုနိုင်သော်လည်း ယခုပစ်ခတ်လိုက်သည်မှာ တရစပ်တစ်သွန်တည်း ပစ်နေခြင်း ဖြစ်သည်။ ပထမဆုံး တောင်ဘက်မှ မြေပြင်ပစ် အမြောက်များနှင့် စိန်ပြောင်းများဖြင့် ပစ်သည်။ ထို့နောက် ကျောက်ပန်းတောင်း အမြောက်ကြီးများကပါပါလာသည်။ တစ်ခုမဟုတ် တစ်ခုတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ခေါင်းပေါ်ကျလာတော့မည်မှာမလွဲဟု စိတ်ထဲတွေးမိကာ ကျလာလျှင်လည်း အခုတော့ မကျပါစေနှင့်ဦးဟု ဆုတောင်းနေမိသည်။

ညနေစောင်းတွင် ကျွန်တော်တို့နောက်နားရှိ တဲတစ်လုံး မီးထလောင်ရာ သစ်မိုးထားသော ကျွန်တော်တို့ ကတုတ်ကို ကူးမိလျှင် အကုန်လောင်ကျွမ်းတော့မည်ဖြစ်သည်။ သတိထားပြီး ပြူကြည့်ရာ မီးသွေးတောင့်ကဲ့သို့ အပေါက်အပေါက်များနှင့် မီးခိုးဖုံးများကို ပတ်လည်၌တွေ့ရသည်။ မီးခိုး၏နောက်ကွယ်တွင် ရန်သူတက်လာလိမ့်မည်လားဟုတွေး ၍ ရင်ထဲတွင် တင်းကျပ်လာသည်။ သို့သော်ဤသို့ဖြစ်မလာခဲ့။ ကမ်းသောင်ပြင်တွင် ရန်သူ့တပ်များသည် စစ်ကြောင်းပုံဖြင့် မြောက်ဘက်သို့ ချီတက်လျက်ရှိရာ နောက်ခံဆည်းဆာရောင် တလွင်လွင်တွင် မျက်စိပသာဒ ဖြစ်ဖွယ်ရှုခင်းကိုသာ ငေးမောနေရတော့သည်။

ထိုနောက် ဗိုလ်မှူးကြီးကို လိုက်ရှာရာ အရှေ့ရွာတွင် တွေ့သည်။ သူ့ညာလက်ဖျံကို ကျည်ဆန်ဖောက်သွား၍ ဖြစ်ကတတ်ဆန်း ပတ်တီးစီးထားသည်ကို တွေ့ရ၏။ ကျွန်တော့်ကို အသက်မသေဘဲပြန်တွေ့ရသည်ကို သူက ဝမ်းမြောက်လျက်ရှိသည်။ ကျွန်တော့် တပ်ဖွဲ့ထဲမှ မာစတာဆာဂျင်[၁] ကာဆာဟာရာကိုသာ ဒဏ်ရာဖြင့်တွေ့ရပြီး ဒုဗိုလ် အီရိုကာဝါနှင့် ဆေးတပ်သား တာနာကာတို့ကိုမူ ဘယ်ဆီရောက်နေမှန်းမသိရ၍ စိတ်ပူနေမိသည်။

တိုက်ပွဲကားပြီးလေပြီ။ တိုက်ပွဲဒဏ်ကြောင့် စိတ်ပန်းလူပန်းဖြစ်နေသော ကျွန်တော့်မှာကား မနားနိုင်သေး။ ဆေး

---

၁။ တပ်ခွဲတပ်ထောက်တပ်ကြပ်ကြီးအဆင့်နှင့် မတိမ်းမယိမ်း ညီမျှသော တပ်ကြပ်ကြီးအဆင့်



တပ်ဖွဲ့တွင် ထူထူထောင်ထောင် ကျွန်တော်တစ်ဦးတည်း ကျန်အဖြင့် ရှိသမျှအလုပ်ကို ကျုံးလုပ်ရတော့သည်။ ဆက်သွယ်ရေးတပ်ခွဲမှ သူနာပြုတပ်သားနှစ်ဦး၏ ကျွမ်းကျင်သော အကူအညီဖြင့် ဒဏ်ရာရသူများကို တစ်ဦးပြီးတစ်ဦး ကုသပေးနေရတော့သည်။ ညနေမိုးချုပ်လုတွင် ပျောက်ချက်သားကောင်းနေသော ကျွန်တော့်လူနှစ်ယောက်ကို လိုက်ရှာရာတွင် အင်းဒင်ရွာတစ်ခုလုံး ရစရာမရှိအောင် ပျက်စီးနေသည်ကို တွေ့ရသည်။ သက်ငယ်အိမ်အားလုံးလိုလိုပင် မီးလောင်ကျွမ်းကုန်၍ သစ်ပင်တို့တွင် ပင်စည်များ ဟက်တက်ကွဲကာ သစ်ကိုင်းများကျိုးပြတ်ကျနေသည်။ ဟိုနေရာ သည်နေရာတွင် ကျည်ကွဲရာတွင်းကျင်းများ ပြန့်နှံ့နေသည်။ ကျွန်တော်တို့နှင့် ဗြိတိသျှတို့၏ စစ်သည်အလောင်းများကို မကောက်နိုင်သေးဘဲ ပြန့်ကျဲနေသည်။ အလောင်းကောင်များ၏ပုပ်နံ့ကိုရ၍ လိုက်လာသော ထင်းတတစ်အုပ်ကလည်း လေထဲ၌ဝဲလျက် အနိဋ္ဌာရုံမြင်ကွင်းသည် လောကငရဲပမာ အရုပ်ဆိုးလှသည်။ သူ၏သံခမောက်ကို ဆောက်မှန်သော ကျည်စက ခေါင်းကို ခြေမွထားလျက်ရှိသော အီရိုကာဝါ၏အလောင်းကို ပထမတွေ့ရသည်။ သူနှင့် ကပ်လျက် ဗြိတိသျှ ဗိုလ်မှူးချုပ်သည်လည်း အသက်ကုန်နေသည်။ အလယ်ရွာတွင် ကျွန်တော့်ဆေးတပ်သား တာနာကာသည် ဝမ်းဗိုက်ကို တိုက်ရိုက်မှန်ထားသော ဒဏ်ရာဖြင့် လဲနေသည်။ တန့်သည့်နေရာမှာ ကျွန်တော် အကာအကွယ်ယူသည့် နေရာ၏ မြောက်ဘက် ၁၀ မီတာ အကွာတွင်ရှိသည်။ ဂျပန်ထုံးစံနှင့်အညီ ကျဆုံးသူနှစ်ဦး၏ လက်သန်းများကိုဖြတ်ယူကာ မီးသဂြိုဟ်လိုက်သည်။ သူတို့၏အလောင်းများကို အနီးရှိ ဆက်သွယ်ရေးမြောင်းထဲတွင်မြှုပ်နှံကာ မြေပုံများပေါ်၌ ကျွန်တော်က သစ်သား

www.burmeseclassic.com

www.burmeseclassic.com



ပြားပေါ်တွင် အမည်ကို ခဲတံဖြင့် ရေးသားကာ အမှတ်အသာ ပြုလိုက်သည်။ ဆေးလိပ်သောက်တတ်သူတို့အတွက် စီးကရ များ မီးညှိကာ တင်ပေးထားလိုက်သည်။ အူတကြုတ်ကြုတ် ဆာလောင်မွတ်သိပ်လျက် ကျဆုံးသွားရှာသူတို့အတွက် ထမင်း တစ်ဇွန်းမျှ ကျွန်တော် မပေးကမ်းလိုက်နိုင်သည်မှာကား ဝမ်းနည်း ဖွယ်ရာကောင်းလှပေသည်။

တပ်ရင်းကြီး၏ တပ်မှူးနှင့် ကျွန်တော်သည် အိရိုက ဝါ၏ အလောင်းနှင့် ၁၀ မီတာခန့်အကွာရှိ ဗိုလ်မှူးချ ကဗင်းဒစ်ရှ်၏ အလောင်းကို စစ်ဆေးကြည့်ကြပါသည်။ သူသည် အရှေ့ရွာ၏ ဇဟိုချက်မှ အနောက်ဘက်သို့ မီတာ၂၀ခန့် တွ သည့် လယ်ကွက်ထဲ၌ လဲနေပြီး ဦးခေါင်းသည် ညာဘက် စဉ်းငယ်လှည့်လျက် အရှေ့တောင်ဘက်သို့ တည်ထားသည် သူ့ကိုယ်တွင် အဆုတ်ကို ဖောက်သွားသော ကျည်စတစ်ခ အဆုတ်နှင့် နှလုံးတို့ကို ဖြတ်မှန်သွားပုံရသည်။ သူနှင့် အိ ကာဝါတို့မှာ ပြိုင်လျက်သား အနေအထားဖြင့် လဲနေသည် ထောက်၍ ကျည်ဆန်တစ်ခုတည်းမှ ထွက်လာသည့် ကျည်စ မှန်သည်ဟုခန့်မှန်းရသည်။ သူသည် ဂျပန်စံတော်ချိန် မွန်းတည့် ခန့်က ဗိုလ်မှူးကြီးနှင့် အလယ်ရွာမှ အရှေ့ရွာသို့ ကူးကြ သေဆုံးခဲ့သည်ဟု တွက်ဆရပါသည်။

ဧပြီလ ၉ရက်နေ့တွင် အမှတ်(၄)စစ်မြေပြင်ဆေးရုံ တပ်နယ်ဆေးထည့်ခန်း (ကြားစခန်း) တစ်ခုကို စစ်တွေ အင်းဒင်တွင် လာရောက်ဖွင့်လှစ်ပါသည်။ ကျွန်တော့် လူ အားလုံးကို ထိုစခန်းသို့ လွှဲပေးလိုက်ပါသည်။ ဗိုလ်မှူးကြ တာနာဟာရှိကို ဆေးရုံတင်ရန် စီစဉ်သော်လည်း သူ၏ တာ သိမှု စိတ်ဓာတ်ပြင်းပြမှုကြောင့် ဆေးရုံတက်ရန် ငြင်းဆ



ကျွန်တော်တို့၏ကူသပေးမှုဖြင့်ပင် တပ်ရင်းကြီး(၁၁၂)က မေလ လယ်တွင်ဘူးသီးတောင်–မောင်တောမျဉ်းအထိ သိမ်းပြီး၍ ရခိုင်စစ်ဆင်ရေး ပထမအဆင့် ပြီးသည်အထိ ဆက်လက် တွပ်ကဲလျက်ရှိပါသည်။ ထိုနောက်တွင် ငှက်ဖျားဝင်၍ စစ်တွေ ဆေးရုံကို တင်လိုက်ရပါတော့သည်။

တပ်ရင်းကြီး (၁၁၂) အင်းဒင်၌ မည်မျှထိခိုက်ကျဆုံးမှု ရှိခဲ့သည့် စာရင်းအတိအကျမရှိပါ။ ကျွန်တော့် အကြမ်းခန့်မှန်း ခြေအရ ဧပြီ ၃ ရက်မှ ၆ ရက်အတွင်း အင်းဒင်၌ စစ်သည် ၁၅၀နှင့် အရာရှိ ၁၀ ကျဆုံးကာ ဒဏ်ရာရသူ ၃၀၀ ရှိ၍ ရခိုင် စစ်ဆင်ရေး ပထမအဆင့်တစ်ခုလုံးမှ ကျဆုံး ၃၀၁နှင့် ဒဏ်ရာရ ၅၆၀ ၏ထက်ဝက်မျှ ရှိလေသည်။

၀

# ၄၅။ ခြေအောက် ခစ်ဆင်မှု

ဒုတပ်ကြပ် တိုယိုအိခယိ ကာတိုဥ၊ တပ်ခွဲ(၁)၊ အမှတ်(၅၅) ပို့ဆောင်ရေး တပ်ရင်းကြီး၊ တပ်မ (၅၅)

ရခိုင်

၁၉၄၃ ခုနှစ် နှစ်လယ်ပိုင်းတွင် ကျွန်တော့်ကို တပ်ကြပ်ကြီး တော်ဆူယိုနှင့်အတူ ဟီကာရီကီးကန်းသို့ လွှတ်လိုက်ပါသည်။ ဟီကာရီကီးကန်းမှာ တပ်များ၏စစ်ဆင်ရေးကို အထောက်အကူ ပြုရန်နှင့် အိန္ဒိယ၏ လွတ်လပ်ရေးကြိုးပမ်းမှုကို အကူအညီ ပေးရန်ဖွဲ့စည်းထားသောအဖွဲ့ ဖြစ်ပါသည်။ ဟီကာရီကီးကန်းကို

www.burmeseclassic.com

www.burmeseclassic.com



ဝါဆေးဒါး တက္ကသိုလ်ဆင်းလည်းဖြစ်၍ အိန္ဒိယ နိုင်ငံအရေး
အခင်းများ၌ ကျွမ်းကျင်သူလည်းဖြစ်သော ဗိုလ်ကြီး ရှင်ဂိုဟာ
တိုရီက ဦးဆောင်လျက်ရှိပါသည်။ သူ့အဖွဲ့ထဲတွင် ဘုန်းကြီး
မာရူယာမ ဂျိုရှိုး၊ စကားပြန်နှစ်ယောက်၊ မြန်မာလက်ထောက်
ငါးဦး၊ တပ်ကြပ်ကြီးနှင့် ကျွန်တော်တို့ဖြစ်ပါသည်။ ဘုန်းတော်
ကြီးမှာ သာသနာပြန့်ပွားရေးကိစ္စဖြင့် မြန်မာနိုင်ငံတွင် နှစ်ရှည်
လများ နေထိုင်လျက်ရှိသူဖြစ်ပါသည်။ မက္ကာမြို့ရှိ အစ္စလာမ်
ဘာသာရေးတက္ကသိုလ်မှ ဘွဲ့ရတစ်ဦးဖြစ်သော ဟာဂျိကာယာ
ဘူကီသည်ကား သီးသန့်အိမ်တစ်လုံးတွင်နေကာ ဗိုလ်ကြီး
ဟာတိုရီနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အိန္ဒိယ
အမျိုးသား တပ်မတော် (အိုင်အင်အေ) မှ ဗိုလ်မှူး မိဆရာ
ခေါင်းဆောင်သော အင်အား ၂၀၀ သည် ၁၉၄၃ ခုနှစ် ကုန်
ပိုင်းတွင် ရောက်လာကြပါသည်။ အိုင်အင်အေကို မာလာယုနှင့်
စင်္ကာပူတွင် ဂျပန်တို့ထံလက်နက်ချခဲ့သော အိန္ဒိယတပ်မတော်မှ
မိမိတို့ဆန္ဒအလျောက် ကူးဝင်လာသူ အများစုဖြင့် ဖွဲ့စည်းထားပြီး
(“နေတာဂျီ”ခေါ်) ဆူဘာ့စ် ချန္ဒရာဗို့စ်က ဦးဆောင်ပါသည်။
၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ဗိုလ်ကြီး ဟာတိုရီ
နှင့်အတူ အလွန်အန္တရာယ်များလှသော စစ်ဆင်ရေးတာဝန်
တစ်ရပ်ကို ထမ်းဆောင်ရန် အမိန့်ရပါသည်။ ကျွန်တော်တို့သည်
မိုးချုပ်ချိန်တွင်စ၍ ဗိုလ်မှူးမိဆရာ၊ စကားပြန်တစ်ဦးနှင့် အိုင်
အင်အေ စစ်သားအနည်းငယ်ဖြင့် ပွိုင့် ၁၈၀၀ တောင်ကုန်းကို
စတက်ပါသည်။ ထိုတောင်ကုန်းသည် တောအလွန်ထူပြီး
မျောက်အုပ်များကို လမ်းတွင်တွေ့ရပါသည်။ ယင်းပွိုင့် ၁၈၀၀ရှိ
အိန္ဒိယတပ်သို့“နေတာဂျီ”က သဝဏ်ပေးပို့ခဲ့ရာတွင် ၎င်းတို့၏
တုံ့ပြန်ပုံအရအလားအလာကောင်းကြောင်း၊ ဗြိတိသျှတပ်မှာ



သည် ဌာနချုပ်သို့သွားနေ၍ ဤညတွင် သူရှိနေမည်မဟုတ်
ကြောင်းတို့ပင် ဖြစ်ပါသည်။ ကျွန်တော့်တာဝန်မှာ အကယ်၍
ဆက်စပ်ရေး မပြေလည်ဘဲ ပျက်ပြားခဲ့သော် သူ့ကို စောင့်ကြပ်
ဆီးရန်နှင့် စခန်းသို့ မိမိအစီအစဉ်ဖြင့်ပြန်ရန် ဖြစ်ပါသည်။
တပ်ကြပ်ကြီးမတ်ဆူယိုနှင့် အိုင်အင်အေ အင်အား ၁၀ ယောက်
တို့က လမ်းခုလတ်တွင် အပြန်ခရီးအတွက် အကူအညီလိုက
ဆီးရန် စောင့်နေကြမည် ဖြစ်သည်။ အကယ်၍ အစီအစဉ်
မအောင်မြင်က ပစ္စတိုသုံးချက်ဖောက်၍ အချက်ပေးရန်ဖြစ်သည်။

ကျွန်တော်တို့ ဆက်တက်သွားရာ ရန်သူ၏ ကာကင်း
အဖွဲ့ထံရောက်ကြပါသည်။ အိန္ဒိယစစ်သားတစ်ဦးက ဒန်ခွက်ဖြင့်
ရေထည့်၍ “ပါနီ”ဟု ဆိုပြီး ကျွန်တော့်ကို ကမ်းပါသည်။
ရေခွက်ထဲတွင် ခြင်လောက်လမ်းများ ကျွမ်းထိုးလျက် တွေ့ရ
သဖြင့် ဗိုလ်ကြီးကို ကြည့်လိုက်ရာ သူက ချက်ချင်းပင်
“သောက်လိုက်”ဟုပြောပါသည်။ ကျွန်တော်လည်း တစ်ကျိုက်
တည်းဖြင့်သောက်ချလိုက်ပါသည်။ ပြီးလျှင် တတ်သမျှကုလား
စကားကို အိတ်သွန်ဖာမှောက်သုံး၍ “ ဗာဟုတ် မေရဗာနီ”
(ကျေးဇူးကမ္ဘာ) ဟု ပြောရာ ကင်းအဖွဲ့က လက်ခုတ်တီးကြပြီး
ဝိုင်း၍လက်ဆွဲနှုတ်ဆက်ကြပါသည်။ ထိုနောက် သူတို့၏ဌာန
ချုပ်သို့ ဆက်သွားကြပါသည်။ ရောက်သောအခါ ဗိုလ် ဂါဂျာ
ဒါးလ်ဆင် ဆိုသူက ကျွန်တော်တို့ကို တွေ့ပါသည်၊ ပထမတွင်
ဗိုလ်ကြီးဟာတိုရီက စကားပြန်ဖြင့်ပြောပြီး ဗိုလ်မှူး မဆရာက
လိုက်လိုက်လှဲလှဲတိုက်တွန်းပါတော့သည်။ ကျွန်တော်က အိန္ဒိယ
တပ်မှူး၏မျက်နှာကို အလစ်မပေးဘဲ အကဲခတ်လျက်ရှိရာမှ
ပြောရင်းပြောရင်း စိတ်ချနိုင်မည့်အလားအလာ တွေ့လာရပါ
သည်။ ဗိုလ်ဂါဂျာဒါးလ်ဆင်က သူ့လူအားလုံးပင် အိုင်အင်အေ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြမည် ဟုဆိုကာ သူ့လက်အောက်တပ်မှူးများကို ခေါ်မေး ရာတွင် ၎င်းတို့ကပါ အတည်ပြုကြပါသည်။ သို့ဆိုလျှင် သူတို့တပ်စွဲထားရာကို ဂျပန်တပ်က မကြာမီတိုက်ရန်ရှိသဖြင့် ဆောလျင်စွာ စွန့်ခွာသင့်ကြောင်း ပြောပါသည်။ ထိုနောက် ၎င်းတို့သည် ကျွန်တော်တို့ဘက်မှ တစ်ဦးက လမ်းပြပေးသည့် အတိုင်း ဂျပန်တပ်စခန်းတစ်ခုသို့ ထွက်သွားပါတော့သည်။

ကျွန်တော်သည် တပ်မ(၅၅) ဌာနချုပ်သို့ ဗိုလ်ကြီး ဟာတိုရီနှင့် အခြားသူများအပါအဝင်သွားရာ တပ်မမှူး ဒုဗိုလ် ချုပ်ကြီး ဟာနာယက ဤသို့ ထူးချွန်ပြောင်မြောက်စွာ စွမ်း ဆောင်သည့်အတွက် ကျေးဇူးတင်ကြောင်း ချီးမွမ်းပြောကြားပါ သည်။ သမိုင်းတွင် အင်အားများစွာသာသော တပ်က လူတစ်ဦး တစ်ယောက်ထံ လက်နက်ချဖူးသော သာဓကမရှိပေ။

ဟီကာရီကီးကန်းတွင် ကျွန်တော် လပေါင်းနှစ်ဆယ်ကို ကရုဏာတရားပြည့်ဝလှသည့် ဗိုလ်ကြီးဟာတိုရီ၊ ဘုန်းတော်ကြီး မာရူယာမကဲ့သို့သော ပုဂ္ဂိုလ်များနှင့်အတူတကွ နေရသည်မှာ ပျော်ရွှင်ချမ်းမြေ့စရာပင် ဖြစ်ပါတော့သည်။

○



## ၄၀။ အလှည့်အပြောင်းဖြစ်သည့် ဆင်ခွယ်ရတိုက်ပွဲ

ဒုတပ်ကြပ် တိုရှိယူကီ ဆာကာနို၊ တပ်ခွဲ (၄)၊ ရင်း (၁)၊
အမှတ်(၂၁၄) ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၃)
တောင်ဘာဇာ၊ ဘူးသီးတောင်၊ တစ်ဒင်

လာမည့်စစ်ဆင်ရေးကြီးတွင် "ရန်သူ့အချက်အချာ ရာကို တည့်တည့်မတ်မတ် ဝင်တိုက်။ ကိုယ့်ရဲဘော် လဲကျ ကို ပြုစုမနေနှင့်၊ ရှေ့ကိုသာဆက်တက်။ လက်ပစ်ဗုံးခုနစ် စိနဲ့ ကျည်သယ်နိုင်သမျှယူသွား၊ ရိက္ခာ ၃ ရက်စာသာယူ။ မလောက်ရင် ရန်သူ့ရိက္ခာ ကိုယ့်ရိက္ခာလုပ်" ဟု ပြင်းထန် သည့် အမိန့်ကိုရကြသောအခါ ကျွန်တော်တို့ အဖို့ အိမ်ပြန် မ်းမရှိတော့ဟု တွက်ကြကာ အကယ်၍ မိမိတို့အလောင်းကို ကာက်နိုင်လျှင် အိမ်သို့ပြန်ပို့နိုင်ရန် လက်သည်း၊ ဆံစတို့ကို ပ်ကာ စက္ကူဖြင့်ထုပ်၍ နောက်တန်းသို့ ပို့လိုက်ကြသည်။ န်တော့်သံခမောက်ထဲတွင် ကျွန်တော့်မိသားစုဓာတ်ပုံကို ညှပ် သွင်းထားလိုက်သည်။

၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလ ၃ရက်နေ့ ညဥ့နာရီတွင် တို့နေရာအသီးသီးမှ တပ်ခွဲဌာနချုပ်တွင် စုလိုက်ကြသည်။ မည့်တိုက်ပွဲအတွက် အသင့်ဖြစ်စေရန် ရိုယ်ဖယ်သေနတ် တွင် လုံ့စွပ်တပ်ကြပြီး သေနတ်ကိုယ်ထည်မှ ရောင်ပြန် ပ်နိုင်စေရန် ရွှံ့သုတ်ကြသည်။ သတ္တုအစိတ်အပိုင်းတို့မှ သံမထွက်စေရန် စီမံဆောင်ရွက်ကြသည်။ ထိုနောက် တပ်ခွဲမှူး ကာဝါက လမ်းညွှန်စကား မှာကြားသည်မှာ "ဒီစစ်ဆင်

www.burmeseclassic.com

www.burmeseclassic.com



ရေးမှာ ရဲဘော်တိုင်းဟာ မိမိတို့အသက်သွေးနဲ့ ငါ့ကို ဆုတောင်း မင်္ဂလာပြုကြပါစို့လား" ဟု ဆိုရင်း မျက်ရည်ဖြိုင်ဖြိုင်ကျလာ သည်။ ထိုနောက် ယူလာသော ကြွေပန်းကန်ငယ် ဆယ်ခ ခန့်ဖြင့် ခွက်လှည့်ကာ ဂျပန်ဆာကေ အရက်ကို တစ်ငုံမျှ သောက်ကြသည်။ အားလုံး သောက်ပြီးသောအခါတွင် ပန်း ကန်လုံး ကလေးများကို ကျောက်တုံးတစ်တုံးတွင် ပစ်ခွဲလိုက် ကြသည်။ ဤသည်ကား အသေအကြေတိုက်ရမည့် တိုက်ပွဲသို့ မဝင်မီ လုပ်လေ့ရှိသော ဓလေ့တစ်ရပ်ပင် ဖြစ်သည်။

ကျွန်တော်တို့သည် ဘူးသီးတောင်မြောက်ဘက်ရှိ ကြဲလျ နေသော သစ်ပင်တစ်ပင်ထိပ်တွင် ပေါက်လျက်ရှိသော တောင် ကုန်းဆီသို့သွားကြသည်။ အခြားတပ်ဖွဲ့များလည်း ဤနေရာသို့ ဦးတည်လာနေကြသည်။ ကျွန်တော်တို့သည် တောင်ကုန်း၏ တောင်ဘက် ဆင်ခြေလျှောတွင် မှောက်လျက်နေရာယူထား ကြသည်။ ကျွန်တော်တို့ စောင့်နေကြစဉ် ရန်သူ၏စိန်ပြောင်း များက မိနစ် ၂၀ လျှင် တစ်လုံးခန့် တောင်ထိပ်ကိုပစ်လျက် ရှိပြီး ကုန်း၏အခြားဘက်တွင် ပေါက်ကွဲသံများကိုကြားရလျက် တစ်ခါတစ်ရံတွင်မှ ဗုံးများက ကျွန်တော်တို့နောက်သို့ ကျော် ကျလျက်ရှိသည်။ ကျွန်တော်တို့၏ စက်သေနတ်တပ်ခွဲရှိရာတွင် တစ်လုံးကျ၍ အပျက်အစီး တော်တော်များသွားသည်။ ဤသို့ ရန်သူက အချိန်မရွေးလက်နက်ကြီးဖြင့် ပစ်နေသည့်နေရာတွင် ခုနစ်နာရီကြာမျှ စောင့်နေရသည်မှာ စိတ်ကိုညှဉ်းဆဲမှုတစ်ရပ်ပင် ဖြစ်သည်။ အမြောက်ဆန်တစ်ခုမှာ ကျွန်တော်၏ နောက်ဘက်သို့ ကျကွဲရာတွင် အမြောက်ကျည် အစအနများ ကျွန်တော့် ခေါ ထောက်ပေါ်သို့ပင် ကျလာခဲ့သည်။ "ထွက်ဖို့ပြင်ကြ" ဟု တိုးတိုးနှင့်မာမာ ပြောသံကြားမှ စိတ်သက်သာမှုရတော့သည်။



ထိုအချိန်တွင် လမင်းက အနောက်ဘက် တောင်တန်းများပေါ် တွင် သာနေဆဲဖြစ်၍ ရန်သူ၏ ခံစစ်ကြောင်းကို ထိုးဖောက် နိုင်ပါ့မည်လားဟု စိုးရိမ်မိကြသည်။ ကျွန်တော်တို့ တန်းစီ ထားသည့်နေရာမှာ မိမိတို့ရဲဘော်များ ထိမှန်လဲရာနေရာဖြစ်၍ သွေးနံ့ဖြင့် ညှီနေသည်။

နာရီပြန် ၃ ချက်တီး အချိန်တွင် ကျွန်တော်တို့သည် ၄ တန်းပြိုင် တပ်ဖြန့်၍ ရန်သူဆီသို့ စတင်ချီတက်ကြသည်။ တောင်တန်း အထက်နားဆီတွင် ဝင်းဝင်းပပ လသာနေဆဲဖြစ်၍ မြန်မြန်ဝင်သွားပါစေဟု တောင့်တနေကြရပါသည်။ သို့သော် လည်း နံနက်စောစော ကျတတ်သည့် မြူကြန့်လန့်ကာက တာဝန်မပျက် ကျလာကာ လွှမ်းခြုံပေးလိုက်သဖြင့် တော်ပေ သေးသည်။ တပ်ခွဲ(၆)က ရှေ့ပြေးတပ်ခွဲဖြစ်၍ နောက်မှ ကျွန်တော်တို့တပ်ခွဲ(၄)က လိုက်ပါလျက် နောက်မှ အခြားတပ်ဖွဲ့ များပါလာသည်။ ကျွန်တော်တို့ ထိုအချိန်တွင် စိုးရိမ်ရသည့် ကိစ္စမှာ ကျွန်တော်တို့၏ စစ်ဖိနပ်များက မြက်ဖုတ်များကို နင်းလိုက်သည့်အခါတွင် အသံထွက်လာနိုင်ခြင်းပင် ဖြစ်တော့ သည်။

ကျွန်တော်တို့သည် ရန်သူ၏ခံစစ်စည်းနှင့်မီတာ ၁၀၀၊ ထိုနောက် မီတာ ၅၀ ကပ်လာသည်အထိ ရန်သူ၏တုံ့ပြန်မှု မကြုံရပေ။ ကျွန်တော်တို့သည် တောင်နှင့်မြောက် အလျား တော်တော်ရှည်တန်းနေ၍ မီတာ ၇၀ ခန့်မြင့်သည့် တောင်ကုန်း နှစ်ခုကြားမှ ခြေသံလုံလုံ ဝင်ကြသည်။ အင်အားတော်တော် များများဖြင့် ရှေ့နောက်တစ်ယောက်တန်း ၄ တန်း စစ်ကြောင်း ပုံဖြင့် ဝင်လာနေသော ကျွန်တော်တို့ကို ရန်သူက ဘာကြောင့် မသိလေသနည်း ဟု စိတ်ထဲတွင် အံ့သြမိနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့နယ်မြေထဲသို့ တစ်ကီလိုမီတာခန့် ဝင်လိုက်မိသောအခါတွင် မိမိတို့ဘယ်ဘက်တွင် မီးရောင်တစ်ခုမြင်ရသည်။ ထိုနေရာ၌ အိပ်ပျော်နေသည်ဟု ယူဆရသော ရန်သူကင်းစောင့်ကို မိမိတို့ရှေ့ပြေးတပ်စုက လှံစွပ်ဖြင့်ထိုးသတ်ထားခဲ့သည့်နေရာ ဖြစ်သည်။ ကျွန်တော်တို့သည် လမ်းလျှောက်လိုက်၊ အပြေးကလေးတက်လိုက်ဖြင့် မနားတမ်းသုတ်သုတ်နှင်လျက်ရှိသည်။ သို့နှင့် ရန်သူ၏ ဌာနချုပ်ရှိမည်ထင်ရသော တောင်ဘဇာနှင့် ၂ကီလိုမီတာခန့် အကွာသို့ ရောက်သည်တွင် အရဏ်ကျင်းတော့သည်။

ကျွန်တော်တို့သည် အလွန်ပင်ပန်းနေပြီး ဟိုတိုက်သည်တိုက်နှင့် တက်သုတ်နှင်လာသည်မှာ နာရီတော်တော်ကြာခဲ့ပေပြီ။ ထိုစဉ် တပ်ရင်းမှူးက ကျွန်တော်တို့တပ်ခွဲကို ရှေ့ပြေးတပ်ခွဲတာဝန် လဲယူခိုင်းသဖြင့် တပ်ခွဲ(၄)[၁]ကို ကျော်ရန် မြန်မြန်ပြေးတက်ကြရပါသည်။ တောင်ဘဇာရွာကို မရောက်မီ မယူမြစ်ထဲသို့စီးဝင်သည့် ချောင်းတစ်ခု ခံနေသော်လည်း ရေနည်းချိန်ဖြစ်၍ ကျွန်တော်တို့ချောင်းထဲ ခုန်ဆင်း၍ လမ်းလျှောက်ကူးသွားကြပါသည်။ မတ်စောက်သည့် မြောက်ဘက်ကမ်းပေါ်တက်နေစဉ် လေယာဉ်အများ ပျံလာသံ ကြားရပါသည်။ ရုတ်တရက် ရန်သူလေယာဉ်များဖြစ်မည် ထင်မိသော်လည်း လေယာဉ်တောင်ပံများပေါ်တွင် နေဝန်းနီတံဆိပ်တွေ့ရ၍ ဂျပန်လေယာဉ်များ အမှန်ပင်ဖြစ်နေပါသည်။ ရန်သူလည်း ပစ်ခတ်မှုချက်ချင်းပင် ရပ်ဆိုင်းသွား၍ လေကြောင်းအကူ မည်မျှထိရောက်မှုရှိသည်ကို ကျွန်တော်တို့ သဘောပေါက်မိသွားပါသည်။

---

၁။ ရှေ့စကားအရ တပ်ခွဲ(၆)ကို တပ်ခွဲ(၄)က ကျော်တက်ရန်သာ ဖြစ်ပါမည်။



သို့သော် ကျွန်တော်တို့၏ လေယာဉ်များကို ယေဘုယျအားဖြင့် တွေ့ရသည်မှာ နည်းပါသည်။ ကျွန်တော်တို့ တောင်ဘဇာကို ရသောအခါ ရန်သူ့လက်နက်အများအပြား ရလိုက်ပါသည်။ ထိုနောက်တွင် ဆင်စွယ်ရာဘက်သို့ ဆုတ်ခွာနေသည့် ရန်သူနောက် လိုက်တိုက်ပါသည်။ ဆင်စွယ်ရာသို့ရောက်၍ ရွာကို ရံလျက်ရှိသော တောင်ကြောများပေါ်မှ ကဲကြည့်လိုက်သောအခါတွင် ချိုင့်ကလေးထဲတွင် လေယာဉ်ပစ် အမြောက်အများပင် တွေ့ရပါသည်။ ခဏအကြာတွင် ဆင်စွယ်ရာဘက်မှ ကျွန်တော်တို့ကို လက်နက်ကြီးများနှင့်ပစ်၍ အနီးတွင် ကျရောက်ပေါက်ကွဲကာ တပ်ရင်းမှူးနှင့် တပ်ခွဲမှူးတို့ ဒဏ်ရာရသွားပါသည်။ ကျွန်တော်တို့ပါသမျှ လက်နက်များဖြင့် စုပစ်ကြသည့်အခါ ရန်သူစစ်သားများ ဟိုဟိုသည်သည် ထွက်ပြေးကြသည်ကိုတွေ့ရပါသည်။

ကျွန်တော်တို့တပ်ခွဲသည်ဘူးသီးတောင်မြောက်ဘက်ရှိ တပ်စခန်းသို့သွားကြ၍ ရိက္ခာနှင့် ခဲယမ်းများထုတ်ကြရပါသည်။ ထိုနောက်တွင် ကွေ့ကွေ့ကောက်ကောက် စီးဆင်းနေသော ကျည်တောက်ချောင်းအတိုင်းသွား၍ ချောင်းကမ်းမှ ဆင်စွယ်ရွာကို အနောက်ဘက်၌ ရံကာထားလျက်ရှိသော တောင်ကြောပေါ်တက်နေကြရာ ရန်သူက စိန်ပြောင်းများဖြင့် မကောင်းသူထိပ်ကောင်းသူထိပ်သဘော အလျဉ်းသင့်သလို ပစ်ခြင်းခံနေကြရပါသည်။

ကျွန်တော်တောင်ကြောပေါ်မှ ကြည့်လိုက်သောအခါ ချိုင့်ထဲရှိ ရန်သူကို ကျွန်တော်တို့ တပ်များက ပတ်ပတ်လည်ဝိုင်းထားလျက်ရှိသည်ကို တွေ့ရပါသည်။ ညအခါတွင် ရာနှင့်ချီသော တင့်ကားနှင့် သံချပ်ကာကားများက ချိုင့်ဝှမ်းအလယ်ရှိ

www.burmeseclassic.com

www.burmeseclassic.com



တောင်ကမူကလေးကို စေ့နေအောင် ပတ်ရှုလျက်နေရာယူကြကာ ခိုင်ခိုင်ခံ့ခံ့ ခံစစ်ရပ်ဝန်း တစ်ရပ်ဖန်တီးလိုက်ပါသည်။ ပို့ဆောင်ရေးလေယာဉ်ကြီးများသည် ချိုင့်ပေါ်မှ ဖြတ်ပျံရင်း ထောက်ပံ့ပစ္စည်းတောင်ပုံရာပုံ မှုချပေးပါသည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ညတွင် ပွိုင့် ၁၀၃၃ နှင့် ဆက်သည့် တောင်ကြောပေါ်သို့ ကျွန်တော်တို့ ရောက်ကြပါသည်။ ထိုနောက်တွင် ကျွန်တော်တို့လာလမ်းကိုပင် မမှတ်မိနိုင်လောက်အောင် မှောင်နေသဖြင့် လထွက်လာသည်အထိ စောင့်ရင်းနားနေကြပါသည်။ အကောအဝှမ်း၊ အမို့အမောက်တို့ဖြင့်ပြီးသော တောင်စောင်း၏ ပဏ္ဏာကြမ္မလာ မြေမွေ့ရာတွင် ကျောပိုးအိတ်ကို မချွတ်ဘဲ၊ ရိုင်ဖယ်ကို ရင်ခွင်ဝယ်ပိုက်လျက် လှဲလျောင်းရင်း အိပ်ပျော်သွားပါသည်။ အတန်ကြာလျှင် အရိုးခိုက်အောင် အေးသဖြင့် ကျွန်တော် နိုးလာပါသည်။ ပြန်အိပ်ရန် ကြိုးစားနေစဉ် လက်နက်ကြီးပစ်သံ သုံးချက်ကြားလိုက်ပြီးနောက် လျှပ်ပြက်သကဲ့သို့ ဝင်းလက်ကာ နားကွဲမတတ် ပေါက်ကွဲသံများလည်း ပေါ်ထွက်လာပါသည်။ ကျွန်တော်တို့သည် ချိုင့်ခွက်များထဲဝင် အောင်းနေကြလျက် နောက်ဘာဖြစ်ဦးမည်ကို ငံ့လင့်နေကြပါသည်။ ကျွန်တော်တို့ထဲမှ အချို့ဒဏ်ရာရနိုင်ဖွယ်ရှိသည်ဟု ကျွန်တော်တွေးမိသော်လည်း ငြိမ်ငြိမ်ဆိမ်ဆိမ်ပင်ရှိနေပါသည်။

ထိုနောက်မှ ဆေးရဲဘော် ဟာယာရှိက လှမ်း၍ "တပ်ခွဲ (၄)က ဘယ်သူတွေရှိသလဲ။ ကွပ်ကဲမှုကတော့ တစ်ယောက်မှ မကျန်တော့ဘူး" ဟု အော်လိုက်သည်ကို ကြားရပါသည်။ တပ်ခွဲရုံး အလယ်တည့်တည့် အမြောက်ဆန်ကျခဲ့ရာ ၉ ဦးကျ၊ ၅ ယောက် အပြင်းအထန်ဒဏ်ရာရ၍ တပ်ခွဲမှူးနှင့် ဆေးရဲဘော် နှစ်ယောက်တို့သာ မထိမခိုက်ဘဲ ကျန်ပါသည်။ ထိုအထဲတွင်



အိမ်နီးချင်းဖြစ်သည့် တပ်ကြပ်ကြီး နာဂါအို ပါသွားသဖြင့် စိတ်ထိခိုက်ရပါသည်။

ဒဏ်ရာရသူတို့ကို နောက်ပိုင်းသို့ပြန်ပို့ပြီးနောက် တပ်ရင်းကြီး (၁၁၂)၊ မတ်ဆုကီဟီရာ တပ်ရင်း (ရင်း ၁) မှ လူများနှင့် တွေ့ရာ ကျွန်တော်တို့ခွဲရုံးပြုတ်ခဲ့သည့် ပွိုင့် ၁၀၃၃မှာ ရန်သူ့ လက်နက်ကြီးပစ်ခတ်မှု ကိုဖိတ်ခေါ်ရန်ရည်ရွယ်ချက်ဖြင့် ဂျပန်အလံ တစ်ခုကို တမင်တကာ ထောင်ထားသော တောင်ထွတ်ဖြစ်ကြောင်း ၎င်းတို့ထံမှ ကြားလိုက်ရသည်။ ကျွန်တော်တို့၏ ခြေလျင်တပ်ပေါင်းစုမှူး[1] ဗိုလ်ချုပ် ဆာကူရိုင်၏ လက်သုံးတော် စစ်နည်းဗျူဟာတစ်ရပ်ပင်ဖြစ်ကြောင်း သဘောပေါက်မိလိုက်ကြပြီး ကျွန်တော်တို့ကလည်း ကံဆိုးမိုးမှောင်ကျ၍ ဤနေရာကိုမှ တက်ယူမိခြင်း ဖြစ်ပေသည်။ ချိုင့်အတွင်းမှ အနောက်ဘက်သို့ တစ်ခုတည်းဖြစ်သော ထွက်လမ်းကို စိုးမိုးထားသော လမ်းဆုံနေရာကို ကျွန်တော်တို့ တက်ယူလိုက်ကြသည်။ တောင်ပေါ်ဒေသတွင် ၎င်းတို့ရနိုင်မည့် အချိန်အနည်းအကျဉ်းအတွင်း ဤမျှ ဖြူးသည့်လမ်း ဖောက်လုပ်နိုင်ခဲ့ခြင်းကို ကျွန်တော်တို့ အံ့သြရသည်။ ကျွန်တော်တို့သည် တောင်စောင်းတွင် ခံစစ်အဆောက်အအုံများ ဆောက်လုပ်၍ ညညများတွင် စီးနင်းတိုက်ရန် အဖွဲ့ငယ်များလွှတ်သည်။ သို့သော် ရန်သူက တင့်၊ သံချပ်ကာ အင်အားတောင့်သဖြင့် မတိုးနိုင်ဘဲ ပြန်လာကြရသည်။

---

၁။ ဂျပန်တပ်မတစ်ခုသည်အင်အား ကြီးမားသော စစ်ကြောင်းတစ်ခု ထုတ်နုတ်၍ စစ်ဆင်ရေးဝင်ရန်ရှိသည့်အခါ လိုအပ်သည့် အင်အားများဖြင့် စုဖွဲ့ထားသည့် ခြေလျင်တပ်ပေါင်းစုကို ဗိုလ်ချုပ်တစ်ဦးက ဦးဆောင်၍ တိုက်ပွဲဝင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် ကျွန်တော်တို့ နောက်ပိုင်းမှ စိန်ပြောင်းဖြင့် အပစ်ခံရသည်။ "ရန်သူတိုက်စစ်" ဟု တစ်ဦးဦးက အော်သံကြားလိုက်ရ၍ ကြည့်ရာတွင် ရန်သူများအနီးသို့ ရောက်နေကြောင်းတွေ့ရသည်။ ထို့ကြောင့် လက်ပစ်ဗုံးဖြင့် တုင်တွင်ပေါက်ကာ စက်သေနတ်၊ ရိုင်ဖယ်တို့မှလည်း တရစပ် ပစ်၍ တိုက်ထုတ်ကြရသည်။ တော်တော်ကြာကြာခုခံတိုက်ခိုက်မှပင် နောက်ဆုံး၌ ရန်သူ ဆုတ်သွားခဲ့သည်။ ကျွန်တော်တို့ ဂျပန်များက ဗြိတိသျှနှင့် အိန္ဒိယတပ်များကို ဝိုင်းမိပြီဟု ထင်နေကြသည့် အချိန်မှာပင် ရန်သူက ကျွန်တော်တို့ကို ဝိုင်းပတ်တိုက်စစ်ဆင်ခဲ့သည်။ ကျွန်တော်တို့ဘက်မှ တော်တော်များများပင် ကျသူကျ ဒဏ်ရာရသူရ ဖြစ်ကုန်သည်။ ကျွန်တော်၏ ညာဘက်ခြေညှိုးကိုလည်း စိန်ပြောင်းဗုံးစ ထိမှန်သွားခဲ့သည်။

ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျွန်တော်တို့ ယူထားသော ခံစစ်နေရာများကို မတ်ဆုတ်ဟီရာ တပ်ရင်းသို့ လွှဲပြောင်းပေးပြီးနောက် အရှေ့ဘက်သို့ ထွက်ကြရသည်။ ကျွန်တော့် ညာဘက် ခြေထောက်မှာ ပတ်တီးစီးထား၍ စစ်ဖိနပ်ကို မစီးနိုင်သည့်အတွက် ဖိနပ်ကို ခါးတွင် တွဲလောင်းချည်၍ ခြေလျင်ချီတက်သည်။ ဒဏ်ရာရသူတို့ကို ကြံရာကျပန်း လုပ်ထားရသည့် ထမ်းစင်များဖြင့် သယ်လာသည်။ ပွိုင့် ၁၀၃၃ မှ တောင်ဘက်ရှိ တောင်ကြောပေါ်သို့ရောက်ချိန်တွင် မြောက်ဘက်ကောင်းကင်ပြင်မှတဝီဝီမြည်သံကြား၍ ကြည့်လိုက်ရာ လေယာဉ် ၂၀ ခန့် ပျံသန်းလာသည်ကို မြင်ရသည်။ ကျွန်တော်တို့ကို ကျော်သွားပါစေဟု ဆုတောင်းကြရာ၌ ဆုတောင်း မပြည့်ကြပေ။ ကျွန်တော်တို့အပေါ် ထိုးဆင်းလာကြပြီး တဝိုးဝိုးမြည်နေသော မည်းမည်းအရာဝတ္ထုများ ချတော့သည်။



ကျွန်တော်တို့ကို ၎င်းတို့က တွေ့သွားပြီး ဘယ်သူဘယ်ဝါဖြစ်သည်ကိုလည်းသိသွားကြပြီတည်း။ ကြဲချလိုက်သည့် ဗုံးများ မြည်ဟည်းပေါက်ကွဲသည့်အခါ ကျွန်တော် မြေကြီးပေါ် ပြားပြားဝပ်၍ နားနှစ်ဖက်ကို ပိတ်ထားလိုက်သည်။ ထောင်းထောင်းထနေသော ဖုတ်တောထဲတွင် ညည်းသံများ ဟိုနေရာ ဒီနေရာ ပေါ်လာသည်။ ကျွန်တော်ကတော့ လွတ်ခဲ့ပြီဟု သိလိုက်ရသည်။ ထိုနောက် ဒဏ်ရာပြင်းသူတို့ကို ထမ်းစင်နှင့် ထမ်း၍ သာမန်ကာလျှံကာမျှ ဒဏ်ရာရသူတို့မှာမူ တောင်ဝှေး ထောက်၍ လမ်းလျှောက်လိုက်ကြရသည်။

ကျွန်တော်တို့ ပွိုင့် ၁၀၃၃ ကို ခြေကုန်သုတ်၍ ဖြတ်စဉ်တွင် ရန်သူက စိန်ပြောင်းများနှင့်ထပ်ပစ်ပြန်ရာ နှစ်ယောက် ထိမှန်ကျဆုံးသည်။ ထမ်းစင်ထမ်းရသည့် လူတန်းကလည်း ပိုရှည်လာပြန်သည်။ ကျွန်တော်တို့ရိက္ခာပြတ်၍ ထမင်းမစားရသည်မှာ နှစ်ရက်ရှိသည်။ ဤသို့ ပင်ပန်းအားကုန်သည့်အထဲ အစာရေစာ ငတ်ပြတ်နေသူများက တောင်ပေါ်ဒေသတွင် လူနာကို ထမ်းစင်ဖြင့် ထမ်းသွားရသည်မှာ စစ်ရှုံး၍ ပြန်လာရသူတို့ပုံ ပေါက်နေသည်။

ထိုနောက်တွင် ရန်သူ့ကာကင်း တစ်နေရာကို ဖောက်ထွက်လာပြီးနောက် ဘူးသီးတောင်ရှိ စခန်းသို့ ပြန်ရောက်ကြပါသည်။ ကုလားတန်မြစ်ဝှမ်း အတွင်းသို့ အမှတ် (၈၁) အနောက် အာဖရိကတပ်မက မြောက်ဘက်မှ ဝင်လာလျက်ရှိနေရာ ခေတ္တမျှနားပြီးနောက် ယင်းခွင်သို့ ထွက်ကြရလေသည်။

၁

www.burmeseclassic.com

www.burmeseclassic.com



## ၄၉။ ဘူးသီးတောင်သို့ရိုးကြမ်း

ဒုဗိုလ် ဆာတိုရု အိနာဇာဝါ၊ တပ်ခွဲ(၁)၊ ရင်း(၁)၊ အမှတ်(၁၁၂)
ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၅၅)

### ရခိုင်၊ ရှေ့တန်းမြစ်ဝကျွန်းပေါ်ဒေသ

၁၉၄၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့ နံနက် ၃ နာရီမှ စ၍ ထွက်လာရာ ဖေဖော်ဝါရီလ ၆ ရက်နေ့ မွန်းတည့်ချိန်ခန့်တွင် ပွိုင့် ၁၀၇၀ တောင်ထွတ်သို့ ရောက်ရာ ကျွန်တော့်တပ်စုက အင်ဂျင်နီယာတပ်စု ထက်ဝက်နှင့်အတူ ကျည်တောက်ကျော်လမ်း တောင်ဘက်၌ ပိတ်ဆို့ထားရန် ညွှန်ကြားချက်ရပါသည်။

ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက်စောစောပိုင်းတွင် ဆင်စွယ်ရသို့ ကားလမ်းကို ဖောက်ခွဲဖျက်ဆီးပြီး၊ ကျွန်တော်တို့က တောင်ကမူများပေါ်တွင် ပစ်ကျင်းများ တူးကြပါသည်။ အောက်ခံမြေ အလွန်မာကျစ်နေသဖြင့် ပင်ပန်းကြီးစွာ တူးကြရပါသည်။ နံနက် ၁၀နာရီတွင် တင့်ကားငါးစင်း ခြေလျင်အင်အား ၂၀ လိုက်ပါလျက် ကျွန်တော်တို့ဘက် ဦးတည်တက်လာသည်ကို အံ့ဩဖွယ်ရာ တွေ့ရပါသည်။ ၎င်းတို့သည် လမ်းကို ဖြတ်တောက် ဖောက်ခွဲထားသည့်နေရာ ရောက်လျှင် ရပ်၍ ကျင်းကြီးကို ငုံ့ကြည့်နေကြပါသည်။ဒုတပ်ကြပ် အိုနိုက ချောင်းပစ်၍ အိန္ဒိယ စစ်သားတစ်ဦးသေပြီး တစ်ဦးဒဏ်ရာရပါသည်။ ဘယ်က ပစ်လိုက်သည်ကို ၎င်းတို့ မမှန်းတတ်သဖြင့် တောင်ကုန်းပေါ် ဟိုဟိုဒီဒီ တင့်ကားအမြောက်များဖြင့် ပစ်ပြီး



ပြန်သွားကြပါသည်။ ကျွန်တော်တို့ဘက်တွင် ထိခိုက်ဒဏ်ရာရခြင်း မရှိပါ။

ကျွန်တော်တို့ ခံစစ်နေရာယူထားရာကို တင့်ကားများက အမြောက်ဖြင့်ပစ်သည်မှာ ဖေဖော်ဝါရီလ ၂၀ ရက်နေ့အထိဖြစ်၍ နှစ်ပတ်မျှကြာပါသည်။ ဆိုးရွားလှသည့် အတွေ့အကြုံတစ်ရပ်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့က ရန်သူတက်လာကသိနိုင်အောင် ကင်းတစ်ယောက်သာထားပြီး ကင်းတာဝန်မကျသူများ မိမိတို့ ခံကတုတ်ပစ်ကျင်းများထဲတွင် ခိုနေကြပါသည်။ ဖေဖော်ဝါရီလ ၁၈ရက်နေ့တွင် တံတားခင်းတင့်ကား လာပြီး လမ်းကိုဖောက်ခွဲဖြတ်တောက်ထားသည့်ကျင်းကြီးကို တံတားထိုးလိုက်ပါသည်။ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် တင့်ကား ၁၀ စင်း လာပြီး မိမိတို့နေရာကို အမြောက်ဖြင့်ပစ်ပါသည်။ စက်သေနတ်များကလည်း အထောက်အကူပစ်ပေးပါသည်။ ကျွန်တော်၏ပစ်ကျင်း တစ်ဝက်ခန့် ပဲ့ကြေသွားပြီး ကျောပိုးအိတ်လည်း တစ်စစီ ပွင့်ထွက်သွားပါသည်။ တစ်နေ့လုံး လက်နက်ကြီးများဖြင့်အပစ်ခံရ၍ ညကျလျှင် လမ်းနှင့် မီတာ ၅၀၀အကွာသို့ ပြောင်းနေကြရပါသည်။

ဖေဖော်ဝါရီလ ၂၁ရက်နေ့တွင် ကျွန်တော်တို့ စွန့်ခဲ့သည့် ယခင်နေရာများကို ရန်သူက ပစ်ခတ်လျက် ရှိပါသည်။ ကျွန်တော်တို့ နေရာပြောင်းလိုက်မိသည်မှာ မှန်သွားသည်ဟု ကျွန်တော် တွေးမိနေပါသည်။ ညနေ၃နာရီတွင် ကျွန်တော်တို့ တပ်ခွဲနှင့် အဆက်အသွယ်ရ၍ ပွိုင့် ၁၀၃၃ တောင်ကုန်း၏ တောင်ဘက် ဆင်ခြေလျှောသို့ ပြောင်းရန်အမိန့် ရပါသည်။ ရောက်သည့်အခါ တပ်ခွဲ(၁)မှ အင်အား အများစုဖြင့် နေရာယူထားသည်ကိုတွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တပ်မက ဆာကူရိုင်းစစ်ကြောင်းကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဆုတ်ရန် တပ်မက အမိန့်ပေးထားပြီဖြစ်ကြောင်းလည်း သိရပါသည်။ သို့နှင့် ကျွန်တော်တို့သည် တောင်ပေါ်လူသွားလမ်းများအတိုင်းဆင်းရင်း ဗြိတိသျှတို့၏ ထိုးစစ်များကို တန်ပြန်တိုက်စစ်ဆင်ရင်း သွားကြပါသည်။ မတ်လ ၁ရက်နေ့ အရုဏ်မတက်မီတွင် ရန်သူမသိခင် ဘူးသီးတောင် – မောင်တော ကားလမ်းကိုဖြတ်၍ ဘူးသီးတောင် အနောက်ဘက် ၂ ကီလိုမီတာ အကွာရှိ ဂျပန်တပ်စခန်းသို့ ရောက်ကြပါသည်။ ထိုအခါမှ ယခင်က ရန်သူကြားလျှင် မိမိတို့နေရာ သိသွားမည်စိုး၍ တစ်ယောက်နှင့် တစ်ယောက် လေသံဖြင့် တီးတိုးပြောနေကြရာမှ မိတ်ဆွေအချင်းချင်း ဟက်ဟက်ပက်ပက် ပြောဆိုရယ်မောနိုင်ကြပါတော့သည်။

○

# ၅

## အင်ဖားနှင့်ကိုဟီးမား

၁၉၄၄ ခုနှစ် မတ်လမှ ဇွန်လ

www.burmeseclassic.com

www.burmeseclassic.com



## ၅၀။ ဆင်ချယ်တိုက်ပွဲ

တပ်ကြပ်ကြီး ခါနိုယူရှီ နာကာဟာရာ၊ တပ်ခွဲ(၄)၊ ရင်း(၁)
အမှတ်(၂၁၅) ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၃)

မုံရွာ၊ တစ်ဒင်

၁၉၄၃ ခုနှစ် အောက်တိုဘာလတွင် ကျွန်တော်တို့ တပ်ရင်းသည် မုံရွာမှ ကလေးမြို့ခွင်၊ ထိုမှ ဒေါလောင်းသို့ ပြောင်းရွှေ့အခြေပြု၍ မတ်လ ၆ ရက်နေ့မှ စ၍ မဏိပူမြစ်ပေါ်ရှိ မှုယ်ဘိမ်းသို့ လှို့ဝှက်စွာ ကပ်ထားပါသည်။ ကျွန်တော်တို့သည် မြစ်ကို အင်ဂျင်နီယာတပ် ရော်ဘာလှေများနှင့် မတ်လ ၉ ရက်နေ့ နေမထွက်မီကူး၍ အနီးရှိတောထဲ၌ ညမိုးချုပ်သည်အထိ ပုန်းလျှိုးနေကြပါသည်။

ထိုစဉ်က ဗြိတိသျှလေယာဉ်တစ်စင်းသည် ကျွန်တော်တို့ရှိရာ နေရာပေါ်မှ မိနစ်၂၀ကြာမျှ ဝဲသော်လည်း ကျွန်တော်တို့ကို တွေ့ မသွားပါ။ အရာရှိများအပါအဝင် ကျွန်တော်တို့သည် တစ်ဦးလျှင် ရက် ၂၀စာ ရိက္ခာ၊ ခဲယမ်းနှင့် အခြားပစ္စည်းကိရိယာများကို ကျောပိုး အိတ်ဖြင့် ခါးချည့်အောင် ထမ်းကြရပါသည်။

ကျွန်တော်တို့သည် မဏိပူရမြစ် အနောက်ဘက် တောင်တန်းထဲတွင် နေ့ရောညပါ ချီတက်ကြပါသည်။ မတ်လ ၁၃ ရက်နေ့တွင် ကျွန်တော်တို့ တပ်ခွဲ(၄) သည် စက်လတ်တပ်စု တစ်စု၊ ရေဒီယိုဆက်သွယ်ရေးတပ်ခွယ်တစ်ခုနှင့်အတူ ရှေ့ပြေး ချီတက်ကာ မိုင်တိုင် ၁၀၀ တောင်ဘက်ရှိ တောင်ကုန်းတစ်ခုကို



ခုခံတိုက်ခိုက်မှုများများ ရင်မဆိုင်ရဘဲ သိမ်းလိုက်နိုင်ခဲ့ပါသည်။ တပ်ခွဲမှူးက တပ်ခွဲရှိ ဗုံးလောင်ချာအားလုံးကိုစုလိုက်ပြီး ၎င်းတို့ကို ကွပ်ကဲရန် ကျွန်တော့်ကို တာဝန်ပေးပါသည်။ ဤသို့ စုစည်းပြီးပစ်ခတ်ခြင်းကြောင့် ပိုမိုထိရောက်ကြောင်း တွေ့ရပါသည်။ ကျွန်တော်သည် တပ်ခွဲ၏ကွပ်ကဲမှု ရုံးတွင် လက်နက်တာဝန်ခံဖြစ်ပါသည်။

မိမိတို့၏တပ်စု(၃)သည် ပွိုင့် ၅၁၉၇ တောင်ထွတ်တွင် နေရာယူထားပြီး ကျွန်တော်တို့သည် ထိုနေရာမှ မတ်လ ၁၄ ရက်နေ့ နံနက်စောစောတွင် ထွက်ခွာ၍ အနောက်ဘက်မြစ်ဝှမ်းမှ အင်ဖားသို့သွားသည့် လမ်းမပေါ်သို့ မိုင်တိုင်၁၀၀တွင် ဖောက်ထွက်ရာ ရန်သူအဖွဲ့ငယ် တစ်ခုကိုတွေ့၍ တိုက်ထုတ်လိုက်ပြီးနောက် လမ်းမမြောက်ဘက်သို့ ဆက်တက်ပါသည်။ လမ်းအနောက်ဘက်တွင် တောင်ကုန်းတစ်ကုန်းကိုတွေ့ရာ ကျွန်တော်တို့အတွက် ရည်မှန်းချက်ဖြစ်သော ပွိုင့် ၅၇၀၈ ဖြစ်မည်ဟုထင်၍ (အမှန်မှာ ပွိုင့် ၅၇၀၈ ၏တောင်ဘက်ရှိ တောင်ကုန်းဖြစ်ပါသည်) တောင်ကုန်းပေါ်တပ် ဖြန့်နေရာယူပြီး တစ်ယောက်စာ ပစ်ကျင်းများကို ကမန်းကတန်း တူးကြပါသည်၊ မတ်လ ၁၅ ရက်နေ့ ညနေပိုင်းတွင် လမ်းအတိုင်း တင့်ကားသုံးစင်း ဝင်လာကာ ကျွန်တော်တို့ကို မမြင်မိဘဲ တောင်ဘက်သို့ ဆက်ဆင်းသွားပါသည်။ တပ်ခွဲမှူးက အဆိုပါ တင့်ကားများ အပြန်တွင် ၎င်းတို့ကို တိုက်ခိုက်ရန်ရည်မှန်း၍ ကျွန်တော့်ကို အနီးကပ်တိုက်မည့်အဖွဲ့ ဖွဲ့ခိုင်းပါသည်။ ကျွန်တော်က ဤအဖွဲ့ကို ဦးဆောင်မည်ဟု ဆန္ဒပြုသဖြင့် တပ်စု(၁)နှင့်(၂)တို့မှ တပ်သားတစ်ဦးစီ တွဲပေးပါသည်။ ကျွန်တော်တို့ တင့်ဖျက်မိုင်းနှစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



နှင့် သံလိုက်မိုင်းနှစ်လုံး ယူသွားကာ သင့်တော်မည့်နေရာကို လိုက်ရှာပါသည်။ ကျွန်တော်တို့က မြေပြင်အနေအထားကို မှန်ကန်စွာ အသုံးချပါက ရည်ရွယ်ချက်အောင်မြင်ပြီး အသက် ဘေးလည်း ကင်းဝေးမည်ဖြစ်ကြောင်း တပ်သားနှစ်ယောက်ကို ကျွန်တော်က ရှင်းပြပါသည်။ အမှတ်(၃) တင့်ကားမျိုးကို မိုင်ပိုင်နိုင်နိုင် ဖျက်ဆီးနိုင်ရန် သံလိုက်မိုင်းနှစ်ခုကို ပူးကပ်ထား လိုက်ပါသည်။ မကြာမီ တင့်ကားများလည်း တောင်ဘက်မှ ပြန်တက်လာကြပါသည်။ ကျွန်တော်က ရှေ့ဆုံးတင့်ကားကို တာဝန်ယူ၍ နောက်နှစ်စင်းကို တပ်သားနှစ်ယောက်ကို တာဝန် ပေးလိုက်ပါသည်။ ကျွန်တော် ပစ်လိုက်သော သံလိုက်မိုင်း များသည် တင့်ကားနောက်မြီးပိုင်းတွင် သံလိုက်ဖြင့် ကပ်ပါ သွားကာ ပေါက်ကွဲသည်တွင် တင့်ကား မလှုပ်ရှားနိုင်တော့ပါ။ ကျန်တင့်ကားနှစ်စင်းကို တိုက်ခိုက်မှုမှာကား မအောင်မြင်ပါ။ ဒုတိယ တင့်ကားသည် ရှေ့တက်ပြီး ပျက်သွားသော တင့်ကားကို ကာကွယ်ထားစဉ် တတိယတင့်ကားက မြောက်ဘက်သို့ ဆက် တက်သွားပါသည်။ ဒုတိယတင့်ကားသည် အမြောက်နှင့် စက်သေနတ်ကို ပတ်ပတ်လည် ပစ်နေပါသည်။ ကျွန်တော်က တင့်ဖျက်မိုင်း တစ်လုံးကို ယူထားကာ တပ်သားနှစ်ယောက်ကို တပ်ခွဲတွင်အခြေအနေသတင်းပို့ခိုင်း လိုက်ပါသည်။

ထိုအချိန်တွင် အလင်းရောင်ရှိနေသေး၍ ချိုင့်ခွက်ကလေး တစ်ခုတွင် နေရာယူ၍ ပစ်ခတ်မှုစဲသည်အထိ စောင့်နေလိုက် ပါသည်။ တော်တော်ကြာကြာစောင့်နေမှ အပစ်စဲသွားပါသည်။ ထိုစဉ် မိုးရွာလာကာ ထိုနောက် မှောင်အတိကျ၍ ပစ်ခတ်မှု လျှပ်စစ်မိုးကြိုးကဲ့သို့ ဝင်းလက်သည့် မီးလျှံနှင့် ထစ်ချုန်းသံ



များကသာ တစ်ချက်တစ်ချက် ဖောက်လျက်ရှိပါတော့သည်။ အတန်ကြာသော်လျှင် ပစ်ခတ်မှု စဲပြန်၍ တင့်ကားထဲမှ ဒီယိုကြေးနန်း မော့စ်ဖြင့် ပို့သံပေါ်လာပါသည်။ ထိုနောက် မှောင်မိုက်နေသည့် ညကမ္ဘာလာအောက်တွင် အားလုံးတိတ်ဆိတ် သွားသည်။ ကျွန်တော်က တင့်ကားကို ပကတိ အမှောင်ထဲတွင် ချဉ်းကပ်၍ လက်ဖြင့် စမ်းကာသက်သက်ဖြင့် ချိန်းကြိုးပြား ကြားတွင် မိုင်းကိုညှပ်ထားခဲ့သည်။ ကျွန်တော်က တပ်ခွဲ ကို အခြေအနေသွား သတင်းပို့ကာ တင့်ကားကို စက်လတ် ဖြင့်ပစ်ရန် အကြံပြုသော်လည်း အားလုံးအိပ်စက်နေကြပြီဖြစ်၍ နက်ခင်းတွင်မှ ဤကိစ္စကို ဆောင်ရွက်ရန် သဘောရကြသည်။

နောက်တစ်နေ့ ကျွန်တော်တင့်ကားကို ချဉ်းကပ်ကြည့် ရာတွင် ရန်သူအချို့တင့်ကားတွင်း၌ ရှိနေသည်ကို သိရသည်။ ၎င်းနှင့်စက်လတ်ဖြင့် ပစ်စမ်းကြည့်သည့်အခါ ကျွန်တော် မှန်းဆ သည့်အတိုင်း တင့်ကားကလည်း ပြန်ပစ်ရင်း စတင်ရွေ့လျား လိုက်သည်နှင့် တင့်ဖျက်မိုင်းက ထကွဲပြီး ဆက်မသွားနိုင်တော့ ပေ။ သို့သော် ဆက်ပစ်နေပြီး ကျွန်တော်တို့ ရှေ့တည့်တည့်မှ ပြင်းပြင်းထန်ထန်ပစ်ခတ်မှုခံနေရသည်။ ကျွန်တော်က အဆိုပြု သည်နှင့် ကျွန်တော့်ကို ရဲဘော်နှစ်ယောက်နှင့် တိုက်ခိုင်းလိုက် သည်။

ကျွန်တော် ချဉ်းကပ်သွားသောအခါ တင့်ကားအတွင်း ငြိမ်သက်နေသည်။ ရန်သူ ထွက်ပြေးသွားပြီထင်၍ သေနတ်ဒင် ဖြင့် ဆုံလည်ကို ခေါက်ကြည့်ရာတွင်လည်း တုံ့ပြန်မှုမရှိပေ။ ထို့ကြောင့် တင့်ကားကိုသိမ်းထားပြီးကြောင်း ရဲဘော်တစ်ယောက်ကို သတင်းပို့ခိုင်းလိုက်သည်။ သို့သော် တပ်ခွဲမှူး ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်တွင် ဆုံလည်ကလည်လာသဖြင့် ကမန်းကတန်း ရဲဘော် နှစ်ယောက်ကို သံလိုက်မိုင်းဖြင့် တင့်ကားနောက်ပိုင်းကိုပစ်ပြီး မှောက်နေခိုင်းလိုက်သည်။ မိုင်းထကွဲသည်တွင် ဗြိတိသျှနှစ်ဦး ပါသည့် ယာဉ်သား ၆ ဦးသည် မလွယ်ပေါက်မှ ထွက်လာကြပြီး ကျွန်တော့်ရှေ့မှောက်မြောင်းထဲတွင် ဝပ်နေကြသည်။ ကျွန်တော် ရှိမှု သတိမထားမိသဖြင့် ကျွန်တော်က ရိုင်ဖယ်ဖြင့် တစ် ယောက်လျှင် တစ်တောင့်ကျစီဖြင့် ပစ်ချလိုက်သည်။ ကျည်အိမ် ထဲမှ ငါးတောင့်ကုန်၍ ကျည်ပြန်ဖြည့်နေစဉ် ကျန်ငေါ်ရခါး စစ်သားက စက်သေနတ်ငယ်ဖြင့် မြောင်းထဲမှ ခုန်ထွက်လာရာ သူ့ကိုပါ ပစ်ချလိုက်သည်။

တင့်ကားပေါ် တက်ကြည့်သောအခါ သံလိုက်မိုင်း ကွဲရာမှ အင်ဂျင်ခန်းမှာ မီးလောင်နေပြီး ထိုအကြောင်းကြောင့် ယာဉ်သားများထွက်လာခြင်းဖြစ်သည်ကို သဘောပေါက်လိုက် မိသည်။ သို့နှင့် ရန်သူ့တင့်ကားနှစ်စင်းကို သိမ်းနိုင်လိုက်ပါ သည်။

ကျွန်တော်တို့ ယူထားသည့်နေရာကိုရန်သူက ဟောင်ဝစ္စာ အမြောက်များ၊ စိန်ပြောင်းများနှင့် ပြင်းပြင်းထန်ထန် ပစ်ခတ် ပါသည်။ စိန်ပြောင်းဖြင့် ပစ်သည့် မီးကျည်ဗုံးများကြောင့် ပတ်ဝန်းကျင်ရှိ သစ်ပင်မြက်ပင်များ မီးလောင်ကျွမ်းလျက် ရှိသည်။ မိမိတို့ရှေ့ မျက်နှာစာတွင် တူးသံ ဖို့သံများကြားရ သည့်နောက်တွင် စက်သေနတ်၊ ရိုင်ဖယ်တို့နှင့်အပစ်ခံရသည်။ ညတွင်း၌ပင် ရန်သူက လင်းကျည်ပစ်၍ ဟောင်ဝစ္စာအမြောက် များနှင့် ပစ်ပါသည်။ ရန်သူ့ အမြောက် ပစ်ခတ်မှုက မိမိတို့ ခံစစ်နေရာကိုကျော်၍ ချိုင့်ဝှမ်းထဲကျသဖြင့် ကံကောင်းသည်



ဟုဆိုရပါမည်။ အမြောက်ဆန် တိုက်ရိုက်မကျဘဲ အစအန များသာ ကျွန်တော်တို့နေရာပေါ် လွင့်စဉ်ကျပါသည်။ အမြောက် ဆန်များသာ တိုက်ရိုက်စုပြုံကျမည်ဆိုပါကအကျအဆုံး အလွန် များနိုင်ပါမည်။

မှိုင့် ၅၁၉၇ တောင်ကုန်းရှိ မိမိတို့ တပ်စု(၃) သည် တော်တော်အထိနာ၍အကျအဆုံးများရှိသည်ဟု သိရပါသည်။ ကျွန်တော်တို့ မနားတမ်း အတိုက်ခံနေရပြီး ထိခိုက်ရှနမှုများ လာသဖြင့် ထမင်းချက်ရန် ချောင်းသို့သွား၍ ရေမခပ်နိုင်တော့ပါ။ သို့နှင့် ဆန်ကို မချက်ဘဲ လေးရက် အစိမ်းလိုက် ဝါးစားကြရ သည်။ နောက်ပိုင်းတွင် တပ်ရင်းဌာနချုပ်နှင့်ဆက်မိ၍ တစ်နေ့ တစ်ကြိမ် ဟန်းကောဖြင့် ထမင်းချက်ပြီး ပို့ပါသည်။ ရသည့် ထမင်းသည် တစ်ဦးလျှင်တစ်နပ်စာမျှသာရှိပါသည်။ သို့သော် ခဲယမ်းကိုကောင်းစွာ ပြန်ဖြည့်နိုင်ခဲ့ပြီး တောင်ပေါ်ပစ်အမြောက် တစ်လက်လည်း ပို့ပေးပါသည်။

ရန်သူတို့ခြေလှမ်း မည်သို့လာဦးမည်ကို တွေးနေစဉ် ရန်သူ ခြေလျင်နှင့် တင့်ကားပေါင်း၍တိုက်စစ်ဆင်လာပါသည်။ ရန်သူ့ခြေလျင်ကို တင့်ကားနှင့် ပိုင်းခြားထားရေးသည် ပဓာနဖြစ် မည်ဟု ကျွန်တော် တွေးမိပါသည်။ သို့နှင့် တပ်ခွဲရုံး အောက် နားတွင်ရှိသော ချိုင့်ထဲတွင် ဗုံးလောင်ချာများစုထားကာ ပစ်စရာ မကျန်သည်အထိ တင့်ကားများကို ပစ်ခိုင်းထားပါသည်။ တောင်ပေါ်ပစ်အမြောက်မှာ တင့်ကားများနှင့်ကပ်လွန်း၍ ပစ်ဖို့ အခြေအနေမပေးပေ။ ထို့ကြောင့် ကျွန်တော်က တင့်ကားကို မိုင်းကပ်၍ ခွဲမည်ဟု ပြော၍ သံလိုက်မိုင်းနှစ်လုံးယူပြီး ထွက် လာပါသည်။ တင့်ကားမှ မီတာ ၂၀ အကွာပုန်းကျင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



ဝင်၍ မသိအောင် အသာခိုနေလိုက်ပါသည်။ တင့်ကားသည် ဆုံလည်ကို တစ်ဖက်သို့လှည့်၍ တပ်စု(၁)ကို လှမ်းပစ်နေပါသည်။ တင့်ကားကို မည်ကဲ့သို့ကပ်ရပါလိမ့်နည်းဟု စီးကရက် တစ်လိပ်ကိုသောက်ရင်း အကြံထုတ်နေမိသည်။ တင့်ကား ယာဉ်သားများသည် မိမိပစ်ခတ်နေသည့် ပစ်မှတ်ကို အာရုံပြု နေကြမည်ဖြစ်ရာ ဆုံလည်အမြောက် လှည့်ထားသည့် ဦးတည် ရာကို မူတည်၍ ဖြစ်ပေါ်နေမည့် မျက်ကွယ်ထောင့် အတွင်းမှ ချဉ်းကပ်နိုင်မည်ဖြစ်သည်ကို တွေ့ရသည်။ သို့နှင့်တင့်ကား အမြောက် မိမိဘက်နှင့်တခြားစီရှိသည့် အနေအထား၌ နှစ်လုံး ပူးထားသော သံလိုက်မိုင်းတွဲကို တင့်ကား နောက်မြီးပိုင်းသို့ ပစ်ပေါက်လိုက်သည်။ ထိုနောက် မိမိပုန်းကျင်းထဲပြန်ဝင်နေ လိုက်ပါသည်။ မိုင်းများကွဲသည့်အခါ တင့်ကားက ဆုံလည် အမြောက်ကိုထောင်၍ ဆုံလည် ဘယ်ညာလှည့်လျက် သူ၏ အဖော်ကိုအချက်ပြနေပုံရပါသည်။ ကျန်တစ်စင်းက ထိုနောက် လှည့်ပြန်သွားပါသည်။ ကျွန်တော်က တင့်ကားတစ်စင်း ဖျက်ဆီးပစ်ပြီးကြောင်း သတင်းပို့လိုက်ပါသည်။ တင့်ကား ရန်သည်လောလောဆယ် ဒုက္ခအပေးနိုင်ဆုံးရန်ဖြစ်၍ ၎င်းက ကျွန်တော် သတင်းပို့လိုက်သည့်အခါ ဝမ်းသာသွားပါသည်။ သို့သော် ကျန်နေသည့်တင့်ကားကို ခံစစ်နေရာကောင်း တစ်ခု အဖြစ် ရန်သူကသုံးနိုင်မည့် အခြေအနေရှိသဖြင့် ခါတ်ဆီဗုံး များဖြင့် ဖျက်ဆီးရန် ကျွန်တော်က တာဝန်ယူလိုက်ပါသည်။ ခါတ်ဆီဗုံးကိုယူ၍ ယခင်နည်းအတိုင်း တင့်ကားကို ချဉ်းကပ် ပြီးနောက် စနက်ကို မီးရှို့ကာ ချိန်းဖုံးပေါ်တက်၍ အပေါက် ထဲသို့ ပစ်သွင်းလိုက်ပါသည်။ တင့်ကားသည် မီးလောင်ကာ မီးခိုးမည်းများ အလိပ်လိပ်ထွက်လာပါသည်။ သို့သော် ယာဉ်သား



များမထွက်လာကြပါ။ နောက်ပိုင်းတွင် ကျွန်တော်တို့ တပ်ခွဲ (၄)ကို ရန်သူတင့်ကားများ လာမတိုက်တော့ပါ။

ဤသို့ ကျွန်တော်တို့က ထိခိုက်ရှနမှုမရှိဘဲ တင့်ကား များကို ဖျက်ဆီးနိုင်ခဲ့သည်မှာ ပထမအချက်အနေဖြင့် မြေပြင် အနေအထားက မညီမညာ အဖုမ်းအကောများရှိခြင်းကြောင့် ပင်ဖြစ်၍ ဒုတိယအချက်မှာ တင့်ကားနှင့် ခြေလျင် ပူးပေါင်း မတိုက်နိုင်အောင် ဗုံးလောင်ချာများကို ရက်ရက်ရောရော အသုံး ပြုနိုင်ခဲ့ခြင်းကြောင့်ပင်ဖြစ်ပါသည်။ နောင်တွင် အင်ဖားအနီးရှိ (ကော်ကဒန်၏ မြောက်ဘက်) နာရင်ဂျီယာလ်တွင် ရန်သူ တင့်ကားများကို ရင်ဆိုင်ရသည့်အခါ၌ ဗုံးလောင်ချာများကို ထိရောက်စွာ မိမိတို့ လိုအပ်သည့်အတိုင်း မသုံးနိုင်သည့် အခါတွင် ကျွန်တော်တို့ တိုက်ထုတ်ခြင်းခံရပါသည်။

ကျွန်တော်တို့ကို ခြေလျင်နှင့် အမြောက်ပစ်ခတ်မှုတို့ ဖြင့်ကား ဆက်လက်မလျှော့တမ်း ချေမှုန်းလျက်ရှိရာ မိမိတို့ ဘက်မှ ထိခိုက်မှုများလာကာ မိမိတို့ ခံစစ်အနေအထားတွင် ဟာကွက်က များနေပါသည်။ ရန်သူကသာ အတည်တကျ နောက်ထပ် လာတိုက်ဦးမည်ဆိုလျှင် အလွယ်တကူပင် ကျွန်တော်တို့ ချေမှုန်းခြင်းခံရဖွယ်ရှိပါသည်။ မတ်လ ၂၅ ရက် နေ့တွင် ကျွန်တော်တို့ မျှော်လင့်နေကြသော ခွာရန်အမိန့်ကို ရပါသည်။ ညအမှောင်ထဲတွင် ခွာစစ်ဆင်၍ တပ်ရင်းကြီး ဌာနချုပ်တွင် သွားပေါင်းပါသည်။ လွန်ခဲ့သော နှစ်ပတ်က မဏိပူရမြစ်ကိုကူးစဉ်က တိုက်ခိုက်ရေးအင်အား ၉၀ ခန့်အနက် ထိုအချိန်တွင် ၂၀ ကျော်ရုံမျှသာကျန်ပါတော့သည်။

○

www.burmeseclassic.com

www.burmeseclassic.com



# ၅၁။ ဆန်ရွှတ်နှင့် ကိုယ်ပီးဓား

ဗိုလ်ကြီး ရှိဆာကု ကာမေယာမာ၊ ရင်း(၃)၊
အမှတ် (၅၈) ခြေလျင်တပ်ရင်းကြီး တပ်မ (၃၃)
ထိုင်းနယ်စပ်၊ ရောဝတီမြစ်

အထက်ပါ တိုက်ပွဲများတွင် ကျွန်တော်၏ မိခင်တပ်ဖြစ်သော အမှတ်(၅၈) ခြေလျင်တပ်ရင်းကြီးမှ ရဲဘော်အားလုံးနီးပါးမှာ ကျဆုံးခဲ့ကြသည်။ အသက်ရှင် ကျန်ရစ်သူ အနည်းမျှသာရှိသည့်အနက် အပါအဝင်ဖြစ်သူ ကျွန်တော်က လုပ်လည်းလုပ်နိုင်၍ လုပ်လည်း လုပ်သင့်သည်မှာ ကျဆုံးသူရဲဘော်တို့ကို မမေ့ရန်ပင်ဖြစ်သည်။ ကျွန်တော့်စိတ်ရင်းအတိုင်း ပြောရလျှင် ကျွန်တော့်ဆန္ဒမှာ “မိမိတို့၏ ရဲဘော်များ စစ်ကြီးအတွင်းက မည်သို့အသက်ရှင်ရပ်တည်ကြကာ မည်သို့ကျဆုံးခဲ့ကြသည်”ကို ကျွန်တော်တစ်ဦးတည်းသာမက များနိုင်သမျှ များသောပရိသတ်ကြီးက အမှတ်ထင်ထင် သတိရနေစေလိုခြင်းပင်ဖြစ်ပါသည်။

ကျွန်တော်တို့၏ မိခင်တပ်ရင်းကြီးကို ဗုဒ္ဓဘာသာထွန်းကားရာ နီဂါးတား စီရင်စုတွင် တည်ထောင်ပါသည်။ ဤစီရင်စု၌ အိမ်တိုင်းလိုလိုပင် သေးငယ်သော်လည်း သေသပ်သပ္ပာယ်သည့်ဘုရားကျောင်းဆောင်များ တည်ထားကာ မိမိတို့ဘိုးဘွားဘီဘင်တို့ကိုပါကိုးကွယ်ကြပါသည်။ သို့ရာတွင် စစ်မှုထမ်းရန် ဆင့်ဆိုခေါ်ယူခြင်း ခံရသူတို့မှာ ငယ်ငယ်ရွယ်ရွယ်လူပျိုလူလွတ်များဖြစ်ကြ၍ ယင်းဘိုးဘွားဘီဘင်စာရင်းတွင်ပါဝင်သူများမဟုတ်ပေ။ သူတို့၏မိဘများသည်လည်း ကွယ်လွန်



ကုန်ပြီဖြစ်ကာ ဤလူငယ် အသိုင်းအဝိုင်းတို့က မမြင်ဖူးလိုက်သည့် ဦးလေး၊ ဘထွေးမျှလောက်သာ မိသားစုများအဖြစ်ကျန်ရှိနိုင်မည်ဖြစ်ရာ ၎င်းတို့သည် သေသောသူ ကြာလျှင်မေ့ဟု ဆိုစကားရှိသည့်အတိုင်း သူတို့သတင်းသည် စုပ်စမြုပ်စပျောက်ကွယ်သွားရန်သာရှိပေသည်။

စစ်ကြီးအတွင်းက ကျဆုံးခဲ့သူအများစုမှာ အသက် ၂၀ မှ ၂၂ နှစ်အတွင်း လူငယ်များဖြစ်ကြသည်။ မိမိနိုင်ငံအရေးကြုံနေရချိန်တွင် သူတို့က နိုင်ငံကို ကာကွယ်သည့် အနေဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ မိမိတို့နိုင်ငံသည် နိုင်ငံခြား ကျူးကျော်တိုက်ခိုက်မှုကို ရင်ဆိုင်နေရဆဲ၌ ဆက်လက်ရပ်တည် ရှင်သန်နိုင်မှုအတွက် လက်တစ်လုံးမျှသာ လိုတော့သောအချိန်ဖြစ်၍ အရေးအလွန်ကြီးနေသည့်အခါသမယဟုပင် သူတို့ယူဆခဲ့ကြသည်။ ဤသို့သော အခြေအနေမျိုး၌ လူငယ်အုပ်စုက မိမိတိုင်းပြည်အတွက် လက်နက်ကိုင် တိုက်ပွဲဝင်ကြရမည်မှာ သဘာဝပင်ကျပေသည်။ ထို့ပြင် သူတို့ဇာတိမြို့ရွာမှ ထွက်ခွာလာကြသည့်အချိန်တွင် ဒေသခံများ၊ ကျောင်းသူ ကျောင်းသားများက သီချင်းများဆိုကာ၊ အလံများဝှေ့ရမ်းကာ စစ်ထွက်သူများကို လက်ခုတ်သြဘာတို့ဖြင့် ထောမနာပြုခဲ့ကြသည်မဟုတ်ပါလား။ ဤသို့လျှင် စစ်သည်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်ဆွေရပ်မျိုးများအကြား သံယောဇဉ်နှောင်ကြိုးများသည် ပို၍ပင် ခိုင်မာသွားပေတော့သည်။ မည်သူကမျှ သေလိုကြသည်မဟုတ်ပါ။ သို့သော် စစ်သားတို့မှာ တိုက်ပွဲသို့ အသက်ကို ပဓာနမထားဘဲ မိမိတို့တာဝန်ကျေပွန်စေရန်နှင့် ကျန်ရစ်သူမိဘပြည်သူတို့၏ လိုလားချက်တို့ကို ဖြည့်ဆည်းနိုင်ရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



ရဲရဲရင့်ရင့် တိုက်ပွဲဝင်ကြသည်။ အသက်နှင့် အိုးစားမကွဲလိုသည့် ဆန္ဒကို နှိပ်နင်းနိုင်ခဲ့လှသဖြင့် ရန်သူ့နေရာကိုတက် ကျားထိုးရာ၌ နောက်ဆံတင်းမှုကလေးများပေါ်လာနိုင်သည်။ ပြုံးရင်းသေသူဟူ၍ မရှိ။ ဤအလေ့ကို ကျော်လွှားနိုင်ခဲ့သည့် သတ္တိပြောင်လှသော ရဲဘော်များကို မမေ့လှုပြီ။ ကျွန်တော့်အနေဖြင့် သူတို့ဘယ်လိုနေ၍ ဘယ်လိုတိုက်ခဲ့ကြကာ ဘယ်လိုအသက်ပေးလှူသွားခဲ့ကြသည်ကို ယခုသိကြသည်ထက် ပိုမိုကျယ်ပြန့်စွာ သိရှိကြအောင် အသိပေးလိုပါသည်။

ကျွန်တော်မှာ အရန်တပ်မတော်၏ ပထမကဏ္ဍတွင် အရာရှိတစ်ဦးဖြစ်နေပါသည်။ ထိုအချိန် ၁၉၃၀ အစပြုသည့် နှစ်များက စစ်တက္ကသိုလ်ဆင်း အရာရှိဦးရေနှင့် မလုံလောက်သဖြင့် အသက် ၁၇ နှစ်၊ ၁၈ နှစ်ရှိ အလယ်တန်းကျောင်းအောင်မြင်ပြီးသူများသည် အရန်ကြည်းတပ်တွင် အရာရှိအဖြစ် ခန့်အပ်ရေးအတွက်လျှောက်ထားနိုင်ကြသည်။ တရုတ်နှင့် စစ်ပွဲက ပို၍နယ်ကျယ်လာသောအခါ အလယ်တန်းကျောင်းပြီးသူများကို အရန်တပ်မတော်အရာရှိအဖြစ် လျှောက်ကြရန် တွန်းအားပေးသည်အထိဖြစ်သည်။ ကျွန်တော့်ကို ၁၉၃၈ခုနှစ် ဒီဇင်ဘာလတွင် စစ်မှုထမ်းရန်ဆင့်ဆိုလိုက်ပြီး လပေါင်း၂၀ ကြာသည့်သင်တန်းတက်ပြီးသည်တွင် အလုပ်သင်ဗိုလ်အဖြစ်ခန့်အပ်သည်။ ကျွန်တော် ပထမဆုံး ခြေလျင်တပ်စုမှူးအဖြစ် အမှတ်(၅၈)ခြေလျင်တပ်ရင်းကြီးတွင် တာဝန်ကျသည်။ ခြေလျင်တပ်စု တစ်စုတွင် ၁၃ယောက်စီဖြင့် ဖွဲ့ထားသော တပ်စိတ် ၄ စိတ်ရှိသည်။ ဂျပန်ကြည်းတပ်တွင် သေနတ်ကိုင်တပ်စု ၃ စုဖြင့် တပ်ခွဲကိုဖွဲ့၍ တပ်ရင်း တစ်ရင်းတွင် တပ်ခွဲ ၃ ခွဲမှ ၅ခွဲ အထိရှိသည်။ တပ်ရင်း ၃ ရင်းနှင့် အထောက်အကူတပ်တို့ဖြင့်



တပ်ရင်းကြီးကိုဖွဲ့စည်းသည်။ ဤသို့သော တပ်အဖွဲ့စည်းတို့တွင် ကျွန်တော်သည် တပ်စုမှူး၊ သယ်ယူပို့ဆောင်ရေးတပ်ဖွဲ့တပ်မှူး၊ တပ်ရင်းမှူး၏ တပ်ရေးနှင့် တပ်ခွဲမှူးတာဝန်များကို အဆင့်ဆင့် ထမ်းဆောင်ခဲ့ပါသည်။

ဂျပန်လို "စစ်ဆင်ရေး ယူ–ဂို" ဟု တရားဝင်တွင်သည့် အင်ဖားစစ်ဆင်ရေးမှာ မြန်မာပြည်ကို ကာကွယ်ရန်ဖြစ်သည်ဟု ဆိုပါသည်။ သို့သော် ကျွန်တော်တို့အနေဖြင့် မတ်စောက်ကြမ်းတမ်းသော ရခိုင်ရိုးမတောင်ကို အရှေ့မှ အနောက်သို့ ကီလိုမီတာ ၂၀၀၀ခန့် ဖြတ်သန်းရမည်ဖြစ်၍ လွယ်လွယ်ကူကူနှင့် အောင်ပန်းကို ဆွတ်နိုင်မည်မဟုတ်ဟု တွက်ကြပါသည်။ ရိက္ခာ၊ ခဲယမ်းနှင့် အခြားမရှိမဖြစ် ပစ္စည်းများကို ထောက်ပံ့ပေးရေးမှာ အခရာဖြစ်၍ မိမိတို့ ကိုယ်ပေါ်တွင် နှစ်ပတ်စာရိက္ခာ၊ ခဲယမ်း၊ ဂေါ်ပြားများနှင့် အဝတ်အစား စုစုပေါင်း ကီလိုဂရမ် ၄၀ မှ ၅၀စီ နင့်နေအောင် သယ်ကြရသည်။ ဝန်လေးလွန်းသဖြင့် ထိုင်နားပြီးလျှင် မိမိတို့ဘာသာ မထနိုင်တော့ဘဲ တစ်ယောက်ယောက်ကဆွဲထူပေးရပါသည်။ အရာရှိကြီးများက နွားများဖြင့် ထောက်ပံ့ပစ္စည်းများ သယ်မည်ဟု စီမံကိန်းချလိုက်သော်လည်း မြန်မာပြည်မှ နွားအများမှာ လှည်းဆွဲသည့်နွားများဖြစ်၍ ဝန်တင်နွား မဟုတ်ကြခြင်းကြောင့် ကျောပေါ်ဝန်များများတင်မရပါ။ ကျွန်တော်တို့ ရင်း(၂) ကို နွား ၇၀၀ တွဲပေးပြီး သေနတ်ကိုင်တပ်ခွဲ ၄ ခွဲ အနက်မှ တစ်ခွဲကို (ဝန်တင်) ပို့ဆောင်ရေးတပ်ခွဲအဖြစ် ဖွဲ့စည်းပါသည်။ ဤတပ်ခွဲမှ စစ်သည်များသည် နွားများကို ဝန်တင်နိုင်အောင် ခဲရာခဲဆစ် လေ့ကျင့်ကြရသည်။ အဘယ်ကြောင့်ဆိုသော် နွားများသည် ပန်းပြီဆိုလျှင် ပေကတ်ကတ်နှင့် မထုံတတ်သေး

www.burmeseclassic.com

www.burmeseclassic.com



နေတတ်ကြသည်။ တပ်မှူးကြီးများ စိတ်ကူးယဉ် ဖဲရိုက်ခြင်းသည် ခက်ခဲကြမ်းတမ်းသည့် လက်တွေ့ဘဝ အခြေအနေနှင့် အလှမ်းကွာလှသည်။

ဆန်ရှတ်။ ၁၉၄၄ခုနှစ် မတ်လ ၁၅ရက်နေ့တွင် ကျွန်တော်တို့ ရင်း(၂)သည် တပ်မ (၃၁)နှင့် တပ်မ(၁၅) တို့မှ အခြားတပ်များနည်းတူ ချင်းတွင်းမြစ်ကိုဖြတ်၍ အနောက်ဘက်သို့ ဦးတည်ချီတက်လျက်ရှိသည်။ ကျွန်တော်တို့သည် မတ်စောက်သည့်တောင်တန်းများကို တက်ချီတစ်ခါ ဆင်းချီတစ်လှည့်ဖြင့် ဗြိတိသျှတပ်များကသော်လည်းကောင်း လေယာဉ်များကသော်လည်းကောင်း နှောင့်ယှက်ခြင်းမရှိဘဲ ချီတက်ခဲ့ကြသည်။ ၆ ရက်ကြာ ခရီးပြင်း ချီတက်မိကြသည်တွင် ကိုဟီးမားမှ ဆန်ရှတ်သို့ လမ်းပေါ်ရှိ အွတ်ကရူးခေါ် ရွာကလေးထဲသို့ရောက်ကြသည်။ ဗြိတိသျှတို့သည် လွန်ခဲ့သည့် နာရီအနည်းငယ်ခန့်ကမှ ဤရွာကို စွန့်ခဲ့ပုံပေါက်၍ ရွာသည် မီးလောင်လျက်ရှိသည်။ ရန်သူက သူတို့၏ စားနပ်ရိက္ခာများအားလုံးကို ဖျက်ဆီးသွားကြောင်း ဝမ်းနည်းဖွယ်ရာ တွေ့ရသော်လည်း တပ်ကြပ်ကြီးတစ်ဦးကမူ ဝစ္စကီ တစ်ပုလင်း ရှာတွေ့ပြီး ခြေလျင်တပ်ပေါင်းစုမှူး ဗိုလ်ချုပ်မီယာဇာကီကို ပေးပေးရန်ပြောသည်။ ဗိုလ်ချုပ်ကို ဝစ္စကီပုလင်းပေးလိုက်ရာ ဗိုလ်ချုပ်က သဘောကျသွားပုံပေါက်သည်။

ကျွန်တော်တို့သည် ခရီးပြင်း နှင်လာရသည့်အတွက် ပင်ပန်းကာ အွတ်ကရူးရွာ အရှေ့က တောင်ကုန်းကို ပြေးတက်လာကြရ၍ နားဖို့သာ စိတ်စောနေကြသည်။ သို့သော် ကျွန်တော် ဗိုလ်ချုပ်မီယာဇာကီထံသို့ ရောက်သည့်အခါတွင်သူက ဆုတ်ခွာနေသော ဗြိတိသျှတပ်များကို လိုက်တိုက်ပြီး ဆန်ရှတ်ကို



သိမ်းရန်အမိန့်ပေးသည်။ ထိုအချိန်က ဆန်ရှတ်သည် တပ်မ (၁၅)၏ စစ်ဆင်ရေးနယ်မြေထဲတွင်ရှိ၍ ကျွန်တော်တို့ တပ်မ (၃၁)က တက်တိုက်ရမည့်ရည်မှန်းချက်နေရာ မဟုတ်ကြောင်း ကျွန်တော်မသိသေးပါ။

ဤလုပ်ရပ်ကြောင့်နောင်တွင် အကြီးအကျယ်ပြဿနာ ဖြစ်သည်။ ကျယ်ပြန့်လှသည့် စစ်ဆင်ရေးနယ်ဝန်း၌ တပ်မတစ်ခုချင်းအလိုက် စစ်ဆင်ရန် နယ်မြေအသီးသီး သတ်မှတ်ပြီးဖြစ်ရာ မူလသတ်မှတ်ချက်မှ လွှဲပြောင်းလိုပါက တပ်မတော်ဌာနချုပ်ထံတင်ပြ၍ သဘောတူညီချက်တောင်းရမည်ဖြစ်သည်။ ကျွန်တော်သည် တပ်ရေးအနေဖြင့် စစ်ဆင်ရေးရည်မှန်းချက်သည် ကိုဟီးမားဖြစ်ကြောင်းကြားသိထားသော်လည်း စစ်ဆင်ရေးနယ်အတိုင်းအတာ မည်မျှရှိသည်ကိုမသိပါ။

မတ်လ ၂၁ ရက်နေ့ ညနေတွင် ဆန်ရှတ်ရွာကို ကျွန်တော်တို့ သိမ်းပိုက်ရာ၌ ရန်သူ၏ အဓိကခံစစ်ယူထားရာနေရာမဟုတ်ကြောင်း သိရသည်။ သို့နှင့် ရွာအနောက်မြောက်ရှိ တောင်ကုန်းကိုတိုက်၍ ရန်သူ၏တောင်ဘက်မျက်နှာစာတွင် ခြေကုပ်ရလိုက်ပါသည်။ ရန်သူသည် နောက်တစ်နေ့မိုးသောက်ချိန်တွင် ပြင်းပြင်းထန်ထန် တန်ပြန်ထိုးစစ်ဆင်လာပါသည်။ ဤတိုက်ပွဲသည် ကျွန်တော်တို့အတွက် ဗြိတိသျှ–အိန္ဒိယတပ်တို့နှင့် ဖွဲ့ဆော်ဦးတိုက်ရသည့် အတွေ့အကြုံဖြစ်ပြီး ယခင်ကတိုက်ခဲ့ဖူးသော တရုတ်တပ်များမှာ ကျွန်တော်တို့လောက် လက်နက်မကောင်းသည့်တပ်များဖြစ်ရာ ယခုအတွေ့အကြုံနှင့် စာလျှင် တခြားစီ ဖြစ်နေသည်။ တပ်ရင်းမှူးက ရန်သူတပ်အခြေအနေကို လေ့လာပြီးနောက် တပ်ခွဲ(၈) ဦးဆောင်၍ တပ်ခွဲ(၅) နှင့် (၆) တို့က နောက်မှ အစဉ်အတိုင်း လိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ညတိုက်ပွဲကို လာမည့်ညတွင် တိုက်ရန် စီစဉ်လိုက်သည်။ တရုတ်ပြည်အတွေ့အကြုံအရ ညတိုက်ပွဲအောင်မြင်မည်ဟုဝင် ယုံကြည်နေကြသည်။ သို့သော် ရန်သူဘက်တွင် မောင်းပြန် သေနတ်များ အရေအတွက်အားဖြင့် မယုဉ်သာအောင် များစွာ ရှိနေသဖြင့် မိမိတို့ဘက်တွင် ထိခိုက်ဆုံးရှုံးမှု ပိုနိုင်မည်ဟုကား မျှော်မှန်းထားသည်။ လက်တွေ့တွင် တပ်ခွဲ(၈) က ရန်သူ၏ ရှေ့ဆုံးခံစစ်စည်းကို ဖောက်နိုင်ခဲ့၍ တပ်ခွဲ(၅) နှင့် (၆) တို့က ဆက်တက်ဖို့ ကြိုးစားသောအခါ ရန်သူက သွန်းချလိုက်သော ကျည်ဆန်မိုးကြောင့် မတက်နိုင်ကြပေ။ ကျွန်တော်တို့တက်ဖို့ ကြိုးပန်းချက်များမှာ စိတ်သာရှိသည် မကြုံဖူးအောင် ပြင်းထန် လှသော ရန်သူ၏ပစ်အားကြောင့် ခေါင်းမော်ကြည့်ရန်ပင် အခြေအနေမပေးပေ။

တပ်ရင်းမှူးဗိုလ်မှူးနာဂါတသည် “တပ်ခွဲ(၈) ရဲဘော် တွေရဲ့အရိုးကို ဖြစ်တဲ့နည်းနဲ့ ကောက်ကြရမယ်၊ တပ်ရင်း တစ်ရင်းလုံးပဲ” ဟု တဖွဖွပြောရင်း လည်ပင်းကို ကျည်ဖောက် သွားကာ သေွးယိုစီးလာသည်။ သို့သော် ကျွန်တော်က ပတ်တီး စည်းပေးမည်ဟု ပတ်တီးကို ထုတ်လိုက်သောအခါ “ငါ့ကို ဂရုစိုက်စရာမလိုဘူး၊ အပေါ်ယံ ရှတာလောက်ပဲ၊ တပ်ရေးတာ တိုက်စစ်ကို စီစဉ်တိုက်” ဟု ပြောနေရာ ရဲဘော်တစ်ဦးကို ပတ်တီးစည်းခိုင်းပြီး တပ်ခွဲ(၅)နှင့် (၆)တို့မှ တပ်ခွဲမှူးတို့ထံ တိုင်ပင်ရန် ကျွန်တော် တွားသွားပါသည်။ နှစ်ဦးစလုံးကပင် “တို့နည်းနည်းဆုတ်လိုက်ပြီးမှ ပြန်တိုက်ကြည့်သင့်တယ်။ အခု အတိုင်းဆက်နေရင် အားလုံးချေမှုန်းခံရလိမ့်မယ်” ဟုပြောရာ ကျွန်တော်ကလည်း သဘောတူသည်နှင့် တပ်ရင်းမှူးကိုပြန် သတင်းပို့ပါသည်။ ကျွန်တော် သတင်းပို့သည်ကို နားထောင်



ပြီးနောက် ထိုးစစ်ဆင်နိုင်မည့်အခြေအနေမရှိကြောင်း သဘော ပေါက်သောအခါ တပ်ရင်းမှူးသည် သူ၏ လက်အောက် ငယ်သားများ ရှေ့မှောက်တွင်ပင် မျက်ရည်ဖြိုင်ဖြိုင်ကျလာပြီး “တပ်ခွဲ(၈)က ဗိုလ်ဇန်နဲ့ ရဲဘော်တွေရဲ့အရိုးမကောက် နိုင်တာ တတော့ ရှက်စရာကောင်းလှတယ်”ဟု ပြောနေသဖြင့် သူ့ကို “ခဏတော့သည်းညည်း ခံလိုက်ပါဦး၊ ကျွန်တော်တို့ ထွက်ပြေးဖို့ မဟုတ်ပါဘူး”ဟု နှစ်သိမ့်ရပါသည်။ နံနက်ခင်း မြူအကျတွင် ကျွန်တော်တို့သည် ရန်သူ့တောင်ကုန်းကိုမျက်နှာမူထားသည့် ဆင်ခြေလျှောသို့ ခွာလိုက်ပြီးနေရာယူထားကြပါသည်။ မတ်လ ၂၃ ရက်နံနက်ခင်းတွင် ဖြစ်သည်။

ထိုနေ့ပိုင်းတွင် ရန်သူက ကျွန်တော်တို့ ယူထားသည့် နေရာမှ တိုက်ထုတ်ရန်ကြိုးစားသဖြင့် တိုက်ပွဲဆက်ဖြစ်ပါသည်။ ထိုအချိန်တွင် မိမိတို့တွင် စက်လတ် ၅ လက် ရှိနေပါသည်။ သို့သော် လေကွဲကျည် ပစ်နိုင်သည့် အမြောက်များ လမ်းဆိုး သဖြင့် မရောက်သေးဘဲရှိရာ ရန်သူ၏ စိန်ပြောင်းပစ်ခတ်မှုကို ငုံ့ခံရုံမှလွဲ၍ ဘာမျှမတတ်နိုင်ပါ။ တိုက်ရိုက်ပစ်လိုက်သည့် နိမ့်နိမ့်နှင့် ကျည်သွားလမ်းဖြောင့်သည့် ကျည်ဆန်များကို ရင်တားအနောက်အကာအကွယ် ယူနိုင်သော်လည်း အထက်မှ ကျလာသည့် စိန်ပြောင်းဗုံးများမှ အကာအကွယ် မရှိပါ။ ကျွန်တော်နှင့် တပ်ရင်းမှူးမှာ ရန်သူ ကတုတ်ကျင်း တစ်ခု ထဲတွင်နေကြသည်။ ညနေစောင်းသောအခါ ဆင်နွှဲမည့် ည တိုက်ပွဲအတွက် စစ်ဆင်ရေးအမိန့် ဖြန့်ချိရန် တပ်ခွဲမှူးများထံ သွားတွေ့ရပါသည်။ ကျွန်တော်သည် ဆက်သွယ်ရေးမြောင်း အတိုင်းသွားရာတွင် ရဲဘော် ၅ ယောက် ဝပ်နေသည်ကို တွေ့ ပါသည်။ စစ်မြေပြင်တွင် စစ်သည်များ အထိးကျန်ပါလို

www.burmeseclassic.com

www.burmeseclassic.com



အားငယ်ပြီး အုပ်စုဖွဲ့နေလေ့ရှိပါသည်။ ကျွန်တော်က လူ
နေဖို့ပြောရှုမဆုံးမီ ကျွန်တော်နှင့် ၎င်းတို့အကြား အမြောက်ဆ
တစ်တောင့်ကျလာကာ ၅ယောက်စလုံး သေဆုံးသွားသည်
ကျွန်တော်က ရန်သူရှိရာဘက်သို့ မျက်နှာလှည့်ထားချိန်ဖြစ်
မျက်နှာတွင် အမြောက်ဆန် အစအနများ မှန်သွားသည်
ကျွန်တော် မမြင်တော့၊ ပါးစပ်ကိုလည်းဟမရ၊ ဒဏ်ရာအ
အထားအရ သွေးထိန်း ပတ်တီးကိုလည်း စည်းရန် မဖြစ်
သို့နှင့် ကျွန်တော့် ချွေးသုတ်ပဝါနှင့် ဒဏ်ရာကိုဖိထားရသည်
နလုံးနှင့်ပို၍နီးရာဒွ် သွေးကြောကို ဖိထားရန်မှာလည်း လေ
ဆို့သွားမည်စိုးရသည်။ ထိုစဉ် စက်သေနတ်သမားရဲဘော်
ကျွန်တော့်အဖြစ်ကိုမြင်၍ မျက်နှာကို သူ၏ပဝါဖြင့် လာပ
ပေးရာ သွေးထွက်လျော့သွားတော့သည်။ ရန်သူက နီးက
နေသဖြင့် သူ့ကို စက်သေနတ်ဆီ ပြန်သွားခိုင်းလိုက်သည်
စက်သေနတ်သမားရဲဘော်သည်သူ၏လက်နက်ကို ထိရောက်
သုံး၍ ရန်သူ့ထိုးစစ်ကို တန့်လိုက်နိုင်သည်ကိုလည်း တွေ့ရသည်

နောက်တစ် ည မတ်၂၄ တွင် ကျွန်တော်တို့ ထိုးစစ်
ဟန့်နေသည့် ရန်သူ၏ ဘေးနံနေရာကို ညတိုက်ပွဲဖြင့် စီးန
တိုက်ခိုက်သည်။ တပ်ရင်းမှူး၊ တပ်ခွဲ(၅) တပ်ခွဲမှူးနှ
ကျွန်တော်တို့အတူရှိနေကြသည်။ ကျွန်တော်က တပ်ရေးဖြစ်
တပ်ရင်းမှူးနှင့်အတူရှိနေရသည်။ ထိုစဉ် လက်ပစ်ဗုံးနှစ်လုံးသည
ကျွန်တော်တို့ လူစုဆီသို့ ဆင်ခြေလျှောအတိုင်း တန်းတ
မတ်မတ် တလိမ့်လိမ့်ကျလာသည်။ တပ်ရင်းမှူးက တစ်လုံး
ကောက်ပြီး ရန်သူဘက်သို့ ပြန်ပစ်လိုက်သည်။ ကျွန်တော်
လက်ထဲတွင် ဓားရှည်ကို ကိုင်ထားလျက်သားဖြစ်နေ၍ ခြေ
ခတ်ထုတ်လိုက်ရသည်။ ကျွန်တော် ခတ်ထုတ်လိုက်သော



လက်ပစ်ဗုံးဖြင့် ရန်သူစစ်သားတစ်ယောက် သေသွားမည်ဟု
ယူဆရသည်။ စစ်မြေပြင်၏ ဥပဒေသမှာ "သင်ရန်သူကို
သတ်လျှင် ရန်သူက သင့်ကို သတ်လိမ့်မည်" ဟူသည်။
ထို့ကြောင့် စစ်သည် ဒုစရိုက်ပင် ဖြစ်သည်။ စစ်ကြောင့်
ကျွန်တော်တို့ သတ်ကြရသည်။ စစ်ကြီးအတွင်းက ကျွန်တော်၏
ရဲဘော်ရဲဘက်များ တဖြုတ်ဖြုတ်ကျကုန်ကြသည်။ ကျွန်တော်၏
အလှည့်လည်း နေ့လား ညလားဆိုသလိုပင် ဖြစ်သည်။
သို့သော်လည်း ဤမျှနီးသော်လည်း ကျွန်တော်တို့သည် ရန်သူကို
ဆက်တိုက်နေကြရသည်။ ဤသို့ တက်မတိုက်လျှင်လည်း
စစ်နိုင်ရန် အလားအလာ မည်သို့လျှင်ရှိပါအံ့နည်း။ တက်တိုက်
ပြီဆိုတော့လည်း ဦးလည်မသုန် ခံတိုက်မည်သူတို့နှင့် တိုးရပြန်
ပါသည်။

လူတို့ကို အနိဋ္ဌာရုံ ဝဲဩဃထဲသို့ စစ်က တွန်းပို့လိုက်ခြင်း
ဖြစ်သည်။ လူ၏စိတ်ထဲတွင် ဗုဒ္ဓရှင်တော်မြတ် ကိန်းဝပ်
သည့်နည်းတူ မာရ်နတ် နတ်ဆိုးတို့လည်း ဝင်အောင်းနေ
ပါတ်ကာ တစ်ချိန်နှင့်တစ်ချိန် စိတ်နေသဘောက ပြောင်းလဲ
တတ်သည်။ သို့သော် စစ်ပတ်ဝန်းကျင်က လူတို့ကို ဆိုး
သွမ်းအောင် ဖန်တီးသည်။ ကျွန်တော် အထက်တွင် ဆိုခဲ့သည့်
အတိုင်း လက်ပစ်ဗုံးကို ရန်သူထံသို့ ကန်ပို့ပေးလိုက်သောအခါ
ပစ်ပြီး ၇စက္ကန့်အကြာတွင် ကွဲရန် စနက် [၁] ပါသည်ဖြစ်၍
သူက ပြန်ကန်ထုတ်ရန် အချိန်မရတော့ပေ။

---

၁။ အီးဝိုင် ရိုင်ဖယ်ကဲ့သို့ဗုံးခွက်ဖြင့်ပစ်ရသော လက်ပစ်ဗုံးဖြစ်ဖွယ်ရာ
ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့ဘက်သို့ ကျွန်တော်တို့က လက်ပစ်ဗုံးများ မ
တမ်း ပစ်သွင်းလျက်ရှိရာ အဆက်မပြတ် ဗုံးကွဲသံအောက်တွင် ရန်သူသည် စိတ်စနောင့်စနင်းဖြစ်လာဟန်ရှိသည်။ ဤအခွင့် ကောင်းကိုယူ၍ တပ်ရင်းမှူးကထပြီး "တက်ထိုး" ဟု အော် သူကိုယ်တိုင် ရှေ့ဆုံးက ပြေးတက်သွားပါတော့သည်။ ရန်သူ့ စခန်းကို သိမ်းပြီးနောက် တပ်ခွဲ(၆)ကို တပ်ဖြန့်၍ ရန်သူ၏ တန်ပြန် ထိုးစစ်ကို ကာကွယ်ရန် နေရာချထားပါသည်။ အတန်ကြာ အနေအထား အနည်းငယ် တည်ငြိမ်သွားသော အခါ တပ်ရင်းမှူးအား ကျွန်တော့်အမြင်ကို "နောက်တစ်ခါ လုံးစုပ်တက်ထိုးတဲ့အခါ တပ်မှူးက တပ်ခွဲမှူး၊ တပ်စုမှူးတို့ နောက်က လိုက်စေလိုပါတယ်။ ကျွန်တော်တို့ တပ်ရင်း စစ်သည်အားလုံးအတွက် စိတ်ဓာတ်မြင့်မားနေဖို့ တပ်မှူးရှိ လိုပါတယ်" ဟု တင်ပြလိုက်သည်။ သူက ခေတ္တမျှတွေ ကြင်နာသော အကြည့်ဖြင့် "မင်းအမြင်ကို ငါသဘောပေါက် တယ်။ ငါ့ရဲဘော်တွေကို ပိုပြီးရွတ်ရွတ်ချွံချွံတိုက်အောင် တွန်း တင်ဖို့ မလိုလားပါဘူး။ ဒါပေမဲ့ တို့တပ်မှူးများရဲ့မာန်ကိုတော့ ငါအလေးထားရလိမ့်မယ်" ဟု ပြောပါသည်။

မတ်လ၂၅ရက်နေ့တွင် ကျွန်တော်တို့ ယမန်နေ့ည တက်သိမ်းထားသော ခြေကုပ်စခန်းမှ တပ်ခွဲ(၅)သည် ရန်သူ တက်တိုက်ရာ၌ ရန်သူ၏မောင်းပြန်နှင့် စက်သေနတ်တို့ ပစ်အားကို မကျော်လွှားနိုင်ဘဲ ရန်သူ၏ ရှေ့ခံစစ်စည်း မရောက်သေးမီ အကျအဆုံးများစွာဖြင့် လန်လာပါသည်။ မတ်လ ၂၆ ရက်နေ့ နံနက်၄နာရီတွင် တပ်ခွဲ(၆)မှ လက်ကျန် အင်အား ၅၀ ခန့်နှင့် တပ်ခွဲ(၁၁)မှ အင်အား ၁၀၀ ခန့်သည် ဘုရားရှိခိုးကျောင်း တစ်ဝိုက်နေရာယူထားသော ရန်သူတို့



တပ်ခွဲ(၁၁) တပ်ခွဲမှူး ဗိုလ်အိုဆာမုနီရှီးဒါးက ဦးဆောင်၍ တိုက်ရာတွင် ရန်သူ၏နေရာ အချို့အဝက်ကို သိမ်းနိုင်ခဲ့သည်။ ရန်သူက ပြင်းပြင်းထန်ထန် တန်ပြန်ထိုးစစ်ဆင်ရာတွင် ဗိုလ်နီရှီးဒါး ဒဏ်ရာပြင်းထန်စွာရသည်။ ရဲဘော်များလည်း တစ်ယောက်ပြီးတစ်ယောက် ကျကုန်သည်။ ညနေရောက်သည့် အခါ တိုက်ပွဲဝင်နိုင်မည့်သူ နှစ်ဆယ်ခန့်သာ ကျန်တော့သည်။ သို့နှင့် တပ်ရင်းကြီးတစ်ခုလုံးတွင် ဖြစ်ညှစ်ထုတ်ရသမျှ သနားစရာ အင်အားအနည်းငယ်မျှဖြင့် နောက်ဆုံးအကြိမ် ညတိုက်ပွဲ ဆင်နိုင်ရန် ပြင်ဆင်လျက်ရှိသည်။

ကျွန်တော်တို့သည် မတ်လ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့ အထိ ညတိုင်း ညတိုက်ပွဲ ဆင်နွှဲခဲ့ရာတွင် ညတိုင်းပင် အကျ အဆုံးများသည်။ သို့သော်လည်း ကျွန်တော်တို့ ဖွတ်တိုးတိုက် ခဲ့သည်။ တိုက်ပွဲဖြစ်နေစဉ်အတွင်း၌ အခြေအနေအမှန်ကို သဘောပေါက်နိုင်ရန် ခဲယဉ်းလှသည်။ ကျွန်တော်တို့ အခြေ အနေကို ဆိုးနေမှန်း အသေအချာသိသော်လည်း ရန်သူ၏ အခြေအနေကိုမူ မသုံးသပ်နိုင်ပါ။ သို့နှင့် ဆန်ရှတ်ရှိ ရန်သူသည် ရုတ်ပြေးလွတ်မြောက်သွားပါသည်။ ကျွန်တော်တို့က ၅ ည ဆက်တိုက် ညတိုက်ပွဲဖြင့် ထိုးစစ်ဆင်ခဲ့ရာ ရန်သူသည် ဆက်တိုက်အိပ်ရေးပျက်သည်နှင့် နောက်ဆုံး စိတ်ဓာတ် ပျက် ပြား၍ ဆုတ်သွားခဲ့ဟန် တူပါသည်။ အမြောက်ကျည်များ၊ ဗုံးကြီးများ၊ အိန္ဒိယ တပ်မှ ဒဏ်ရာရထားသူများ စသဖြင့် ပစ်စ်ချန်ထားခဲ့ကြသည်။ အချို့မှာ ငြိမ်ဆေးတိုက်ကျွေးထား သဖြင့် အိပ်မောကျနေရာ ပြန်နိုးလာမှ ဂျပန်တို့လက်ထဲရောက် မှန်းသိရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကျဆုံးသွားသူ ဗိုလ်ဗန်၏အလောင်းကို သူ၏မားရှည်နှင့်တကွ စောင်ဖြင့် ကောင်းမွန်သေသပ်စွာ ထုပ်ပြီး မြေမြှုပ်သင်္ဂြိုဟ်ထားသည်ကို တွေ့ရသဖြင့် စိတ်ထဲတွင် အထင်ကြီးသွားပါသည်။ ရဲဘော်များလည်း အား… စိတ်လှုပ်ရှားသွားကြပါသည်။ ရန်သူက ကျွန်တော်တို့တပ်မှူးကို အရေးတယူလေးစားမှုပြခဲ့သဖြင့် တပ်ရင်းကြီး တပ်မှူး… ဒဏ်ရာဖြင့်ရမိသူများကို ကောင်းမွန်စွာ ကုသပေးရန်၊ သုံ့ပန်းများကိုမသတ်ရန် အမိန့်ထုတ်ပြန်ပါသည်။ မိမိဘက်မှ ရဲဘော်… အကျအဆုံးများသော ကျားကုတ်ကျားခဲတိုက်ရသော တိုက်ပွဲများပြီးလျှင် ရဲဘော်များအနေဖြင့် စိတ်လှုပ်ရှားကာ ရန်သူအပေါ် နာကြည်းသည့်စိတ်ဖြင့် အားကိုးရာမဲ့ဖြစ်နေသော သုံ့ပန်းများကို သတ်သည်အထိ ဖြစ်တတ်သည်။ ယင်းသို့ဖြစ်သည့်အခါ ကျွန်တော်တို့၏ တပ်မှူးများက အသိတရားရှိရှိဖြင့် စစ်သည်တို့ကို ထိန်းထိန်းသိမ်းသိမ်းလုပ်ပေးသည်။ ဒဏ်ရာပြင်းသော ရန်သူစစ်သားများကို ဂျပန်စစ်မြေပြင်ဆေးရုံသို့ ပို့ပေးသည်။

ချင်းတွင်းမြစ်ကို ဖြတ်စဉ်က ၈၅၀ ရှိသော မိမိတို့ တပ်ရင်း အင်အားသည် ၁၂ရက်အကြာ ယခုအခါတွင် … ထောင်ထောင် ၄၂၅ သာ ကျန်တော့သည်။ ပြန်းတီးအင်အား… အလွန်အကျွံများနေကာ သာမန်အားဖြင့် တပ်ရင်း၏ တိုက်ခိုက်ရေး အင်အားမရှိတော့ ဟု ဆိုကြပေမည်။ ထို့ကြောင့် … ဝန်တင်များနှင့် တပ်ခွဲကို နွားများ ချန်ထားခဲ့ပြီး ပင်မတပ် လာပေါင်းရန် အမိန့်ပေးလိုက်သည်။ ဝန်တင်ထားသည့် … များက မတ်စောက်သည့် တောင်စောင်းများကို မတက်နိုင်သ…



အလျောက် ခရီးမပေါက်သဖြင့် ၎င်းတို့မှာ ကျွန်တော်တို့နောက်အတော်ပင် ပြတ်ကျန်နေကြသည်။ ကျွန်တော်တို့ တပ်ကို ပြန်လည်ဖွဲ့စည်း၍ သိမ်းမိသည့် လက်နက်များဖြင့် အင်အားဖြည့်တပ်ဆင်ကာ ရည်မှန်းချက် ကိုဟီးမားသို့ ဦးတည်ထွက်ကြလေသည်။

ကျွန်တော်တို့ တပ်ရင်းမှူးသည် လည်ပင်းကို ဖောက်မှန်ထားသော်လည်း ဆေးရုံတက်ရန် ငြင်းဆန်လျက် ရှိသည်။ ကျွန်တော်ရသည့် ဒဏ်ရာကြောင့် မျက်စိနှင့်ပါးစပ်ကို ခက်ခက်ခဲခဲ ဖွင့်နေရသဖြင့် ကုသမှုခံယူလိုသော်လည်း တပ်မှူးက ရှေ့ဆက်၍ တိုက်ရမည့် စစ်တလင်းသို့ ဆက်ချီတက်ဦးမည် "မင်းကောဘယ်လိုလဲ" ဟု ဆိုသောအခါ "ကျွန်တော် တပ်မှူးနှင့်အတူလိုက်ပါမယ်" ဟု စိတ်မပါလှသော်လည်း ပြောရတော့သည်။ သို့နှင့် တပ်မှူးနှင့် ကျွန်တော်တို့သည် ဖုတ်ပြိတ္တာများနှင့်မခြား ပတ်တီးအဖွေးသားပတ်၍ ကိုဟီးမားသို့ ဆက်လက်ချီတက်ကြလေသည်။ ကျွန်တော် ရထားသော ဒဏ်ရာကြောင့် အစာကိုမဝါးနိုင်ပါ၊ သို့ကြောင့် ရသမျှအာဟာရမှာ ခေါင်းမော့ထားပေးစဉ် တစ်ယောက်ယောက်က ပါးစပ်ထဲ ငုံ့ပေးသည့် နို့ရည်ပင်ဖြစ်သည်။ ရန်သူထံမှ နို့ဘူး အများအပြား ရထား၍ပင်ကံကောင်းသေးတော့သည်။

ကိုဟီးမားမှာ လူဦးရေ ၄,၀၀၀ ခန့်ရှိသော ရွာကြီးဖြစ်ပြီး စစ်တကောင်းမှ မီးရထားလမ်းဆုံးဖြစ်သော ဒီမာပူ မှ အရှေ့ဘက်သို့ ဖောက်ထားသော ကားလမ်းဖြင့် ကီလိုမီတာ ၁၄၀ ခန့် အကွာတွင် တည်ရှိသည်။ ထိုကတ္တရာလမ်းဖြင့် ကိုဟီးမားမှ တောင်ဘက်သို့ ဆက်သွားလျှင်အင်ဖားသို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုဟီးမားမှတစ်ဖန် အရှေ့ဘက်သို့ပေါက်သော လမ်းတစ်လမ်းလည်း ရှိနေပြန်သဖြင့် ကိုဟီးမားသည် လမ်းသုံးခွဆုံရာဖြစ်သည်။ ဗြိတိသျှ ကြည်းတပ်မှ ဂိုဒေါင်များလည်း ကိုဟီးမားတွင် ရှိသည်။ ကိုဟီးမားရွာသည် လမ်းမ၏အရှေ့ဘက်တွင်ရှိ၍ ဗြိတိသျှခံစစ်စခန်းများသည် လမ်းမ၏အနောက်ဘက်ရှိတောင်ကုန်းများပေါ်၌ရှိသည်။

ကျွန်တော်တို့သည် လမ်းအတိုင်း တက်၍ ဧပြီ ၅ ရက်နေ့တွင် ဂျီပီတီတောင်ကြော [1] (ထွေ/ပို့ကြော) ရှိ ရန်သူ စခန်းလျားများကို သိမ်းလိုက်သည်။ ရန်သူက တန်းလျားအနောက်မြောက်ဘက်ရှိ "ဝက်ခြံကုန်း" [2] သို့ ဆုတ်သွားရာ ထိုနေရာကိုလည်း ထိုနေ့၌ပင် ကျွန်တော်တို့ သိမ်းနိုင်လိုက်သည်။ သို့သော် စစ်သည် ၁၁၀ တို့၏ အသက်ကို ရင်းနှီးလိုက်ရသည်။ ရန်သူ့ခံစစ် တစ်နေရာတည်းကို ထိုးဖောက်နိုင်ရန် ဤမျှလောက်ပင် ရင်းနှီးလိုက်ရပေသည်။

ကျွန်တော်က ကိုဟီးမားရှိ စစ်မြေတလင်းရှိ တောင်ကုန်းများကို တောင်ဘက်မှစ၍ "ဆိတ်"(အကျဉ်းတောင်ကုန်း) [3] "မြင်း"(လုပ်ငန်းပစ္စည်းစတို) [4]၊ "နွားလား" (ရှေ့တန်းရိက္ခာတပ်) [5] မျောက်(ကူကီးကင်းတဲ) [6] နှင့် "ခွေး"(တပ်မြို့ကုန်း) [7]

၁။ GPT = General Purpose Transport (ridge)
၂။ Pimple
၃။ Jail Hill
၄။ Detail Issue Store
၅။ Field Supply Depot
၆။ Kuki Piquet
၇။ Garrison Hill



ဟု၍ အမည်ပေးလိုက်သည်။ ကျွန်တော်တို့သည် ရန်သူ့တောင်ကုန်းများကို တစ်ခုချင်းတိုက်၍ ဧပြီ ၆ရက်နေ့တွင် ရင်း(၃)က ကိုဟီးမားရွာကို သိမ်းသည်။ ဧပြီလ ညနေပိုင်းတွင် တပ်ရင်းမှူးနှင့် ဗိုလ်ကြီးနာဂါယာသည် မြင်းတောင်ကုန်း၌ ရန်သူတပ်ဖြန့်ထားပုံကို သွားရောက် ထောက်လှမ်းရာတွင် ရန်သူ့နေရာတစ်ခုရှေ့သို့ ရုတ်တရက် ရောက်သွားခဲ့သည်။ ကျားရှေ့ မှောက်လျက်လဲသည့် အခြေအနေမျိုး ဆိုက်သွားသဖြင့် တပ်မှူးက ချက်ချင်းပင် တက်တိုက်ရာ ထိုနေရာကို သိမ်းမိသည်။ သို့သော် လက်ပစ်ဗုံးက သူ့ခေါင်းကို မှန်လိုက်သဖြင့် ကျဆုံးသွားတော့သည်။ ထိုအချိန်တွင် ကျွန်တော်သည် လာမည့်ထိုးစစ်အတွက် နောက်ရောက်လာသော အင်အားများကို ဖွဲ့စည်းလျက် နောက်ပိုင်းတွင်ကျန်ရစ်သည်။ ကျွန်တော် ပြေးတက်သွားသောအခါ သူသည် ရွက်ထည်တဲကြက်သည့် ဝါးလုံးနှစ်ချောင်းဖြင့်ပြီးသည့် ထမ်းစင်ပေါ်တွင် အသက်ဝိညာဉ်ကင်းမဲ့လျက် လဲလျောင်းနေပြီတည်း။ ကျွန်တော်သည် ရနံ့သင်းသည့် "ကင်မိုမိုင်း" အဖြူ [1] ပန်းရိုင်းကလေးများ တစ်ဆုပ်စာမျှကိုသာ သူ၏နှာခေါင်းနားတွင် တင်ပေးရုံမျှသာ တတ်နိုင်တော့သည်။ ထိုညနေပိုင်းတွင် ရန်သူကို တက်လုံ့စွပ်ထိုးနိုင်ရန် ဦးစားပေးရမည့်တာဝန် ရှိနေပေသေးသည်။ သူ့အလောင်းမှ လက်သန်းတစ်ချောင်း ကိုဖြတ်ယူ၍ မီးသင်္ဂြိုဟ်ပြီးနောက် ထိုလက်သန်းအရိုးကို သူ၏မိသားစုထံ ပြန်ပို့ရေးအတွက် တစ်ယောက်ကို တာဝန်ပေးလိုက်ရသည်။

၁။ camomile or chamomile

www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်း မှူးသည် အကယ်ပင် လေးစားထိုက်သည့် ပုဂ္ဂိုလ်ဖြစ်သည်ကို ကျွန်တော် အလိုက်အသည်းလိုက် ယုံပါသည်။ တပ်ရင်းမှူး တစ်ဦးအနေဖြင့် မိမိလက်အောက် ငယ်သားများ ရှေ့တွင် မျက်ရည်စက်လက်ဖြင့် "ငါ့ ရဲဘော်တွေရဲ့ အရိုးကို ငါသွား ကောက်ဖို့ကောင်းတယ်။ ငါမင်းတို့ အရိုးတွေ မကောက် နိုင်တာ ခွင့်လွှတ်ကြပါ" ဟု မြည်တမ်းသည့် လူမျိုးရှားပေ လိမ့်မည်။ ဤမှူးရိုးစင်း၍ ဟိတ်ဟန်ကင်းသူတစ်ဦးပါ။ သူ့နောက် လိုက်ရမည်ဆိုလျှင် ကျွန်တော့်အနေဖြင့် ဘယ်မဆိုလိုက်ပါရန် အသင့်ရှိ ပါသည်။ စစ်ရာဇဝတ်မှု ဖော်ထုတ်လိုသူများက စစ်တပ်ဆိုလျှင် လူမဆန်၊ ဝင်စွက်တတ်သည်၊ ဥပါယ်တံမျဉ် များသည်ဟု စွဲချက်တင်လိုကြသည်။ သို့သော် ဤအချက်သည် မှန်ကန်မှုမရှိ။ မှန်သည်ဆိုလျှင် ရန်သူကိုရင်ဘတ်ပေး၍ မည် သူက တက်လုံစွပ် ထိုးလိမ့်မည်နည်း။ ကျွန်တော်တို့သည် ရုပ္ပဘီဘော်လုံး ကစားနေသည့်အလား ရင်ပေါင်တန်း တန်းစီ၍ တက်လုံစွပ်ထိုးကြသည်တွင် တစ်ဦးနှင့် တစ်ဦး ယုံကြည်မှု နားလည်မှု၊ ရဲဘော်စိတ်ဟူသော လူလူချင်းဆက်ဆံမှု၌ အထွတ် အထိပ်သို့ ရောက်အောင် ဖော်ထုတ်ထားခြင်း မရှိဘဲ တုန်ရီ ဆုတ်ဆိုင်းလိုသည့်သဘာဝကို ကျော်လွှားနိုင်မည် မဟုတ်ချေ။

ကျွန်တော် အထက်တွင် ပြောခဲ့သည့်အတိုင်း စစ်ဆို သည်မှာ ဒုစရိုက်အလုပ်ပင်ဖြစ်သည်။ သို့သော် ကျွန်တော်တို့ တပ်မတော်တွင် စစ်သည်များသည် ပေးအပ်သော တာဝန်ကို "ကျွန်တော်တို့လုပ်မှဖြစ်မည်ဆိုလျှင်တော့ ကျွန်တော်တို့ ဘေး အန္တရာယ်ကို မမှုပါ " ဟု ဆိုရင်း အသက်စွန့်၍ ထမ်းကြပါ သည်။ တပ်ရင်းမှူးကျသည့် စစ်တန်းလျားတောင်ကုန်းကို ဧပြီလ ၆ ရက်နေ့တွင်သိမ်းကာ အခြားတပ်တစ်တပ်က ထိုနေ့



တွင်ပင် ဆိတ်တောင်ကုန်းကို သိမ်းနိုင်ခဲ့ပါသည်။ ထို့နောက် ဧပြီလ ၇ ရက်နေ့တွင် မြင်းတောင်ကုန်းကို ကျွန်တော်တို့ တပ်ရင်းက တိုက်ပါသည်။ ဆိတ်(အကျဉ်းထောင်ကုန်း) တွင် ကျောပိုးအိတ်များကို ချွတ်ထားခဲ့ပြီး မြင်း(လုပ်ငန်းပစ္စည်းစတို) တောင်ကုန်း အနောက်ဘက်စောင်းကို သိုသိပ်စွာကပ်ထားကြ ပါသည်။ ထိုဆင်ခြေလျှောတွင် ရိက္ခာထောက်ပံ့ရေး ပစ္စည်း များနှင့် ခဲယမ်းမီးကျောက်ဂိုဒေါင်များ ယာဉ်ထားသိုရာစခန်းတို့ ရှိနေပါသည်။ ကျွန်တော်တို့က ရန်သူ မရိပ်မိအောင်ဝင်ကာ အလစ်အငိုက်ဖမ်းနိုင်ခဲ့ပြီး ဂိုဒေါင်များကိုသိမ်းလိုက်နိုင်ပါသည်။ ကျွန်တော်တို့ အလွန်ပျော်ကြပါသည်။

ဤကဲ့သို့ သတင်းမျိုးကို အထက်လူကြီးများကလည်း ကြားလျှင် ဝမ်းမြောက်ကြမည်ဖြစ်၍ တပ်ရင်းကြီး၊ တပ်မှူးထံ သို့ လက်ဆင့်ကမ်း တင်ပြလိုက်ပါသည်။ တပ်မှူးကြီးလည်း အလွန်အားရကာ အခြေအနေကို လာကြည့်ပြီး အထက်သို့ ဆက်တင်ပြနိုင်ရန် တကြွကြွဖြစ်နေပါသည်။ သူက တပ်ရင်း ဌာနချုပ်သို့ တက်သွားပါတော့သည်။ ထိုကြောင့် နောင်တွင် ပြဿနာပေါ်ပါသည်။ ထိုအထိ အခြေအနေကောင်းဆဲပင် ဖြစ်သော်လည်း တောင်ထိပ်နှင့် မိမိတို့လက်ရှိနေရာကြားတွင် ခံစစ်မျဉ်းအဆင့်ဆင့် ရှိနေသေးသည်။ ကျွန်တော်တို့က မှန်မှန် ရှေ့တိုးယူရင်း ရန်သူ့ခံစစ်နေရာများကို ချေမှုန်းလျက် ရှိ သော်လည်း ဆက်ဖြိုရန် အများအပြားပင် ကျန်နေသေးသည်။

အကယ်၍ တောင်ထွတ်အထိ မသိမ်းနိုင်သေးခင် နေထွက်လာ မည်ဆိုပါက "နွားလား"(ရှေ့တန်းရိက္ခာတပ်) ကုန်းမှ မိမိတို့ နောက်ကျောများကို ပစ်မှတ်အဖြစ် အသုံးပြု ကြပေလိမ့်မည်။ တောင်ထိပ်နားဆီမှ လက်ပစ်ဗုံးသံ များကို

www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသဖြင့် အားလုံးသိမ်းမပြီးရသေးပုံ ပေါက်သည်။ တပ်ရင်းကြီး တပ်မှူး၊ တပ်ရင်းမှူးနှင့် ကျွန်တော်ပါ ဤအခြေအနေကြောင့် စိတ်ပူနေကြသည်။ တောင်ကုန်းတစ်ခုလုံးကို နေမထွက်မီ သိမ်းပြီးရန် မျှော်လင့်ထားသော်လည်း အကယ်၍ မသိမ်းနိုင်ပါက ကျွန်တော်တို့ ပစ်ကျင်းများ တူးကာ နေ့ခင်းတွင် ဆက်တိုက်နိုင်ရန် ပြင်ဆင်သင့်ကြောင်း ကျွန်တော်က တင်ပြလိုက်သည်။ "မြန်မြန် သိမ်း၊ ရှေ့မြန်မြန်ဆက်တက်" ဟူသော ဆောင်ပုဒ်နှင့်အညီ တက်တက်ကြွကြွတိုက်ပွဲဝင်နေသောအခါ "မိုးမပြိုဘူး၊ ပြိုခဲ့သော်" ဆိုသကဲ့သို့ အခြားအစီအစဉ်များကိုလည်း ပြင်ထားဖို့ မေ့တတ်သည်။ ကျွန်တော်က တပ်ခွဲမှူးများကို ဤကိစ္စပြောရန် ကိုယ်တိုင် ထွက်ခဲ့ပါသည်။

တောင်ထိပ်နေရာမှ ရန်သူသည် ချောင်ပိတ်မိနေသော သားကောင်ကဲ့သို့ ပစ်အား တွင်တွင်သုံး၍ ဖိပစ်နေသည်။ ကျွန်တော်တို့ အတွက်တွားတက်ရန်ပင် လမ်းမရှိဘဲ နှစ်ဖက်လုံး မဆုတ်သာ မတက်သာဘဲ ရှိနေကြသည်။ ကျွန်တော်က ရနိုင်သမျှ အကာအကွယ်ကို ကုတ်ကတ်ယူရင်း ရိက္ခာဂိုဒေါင်ရှိ ဟာရိဗ္ဗချိ၏ စက်သေနတ် တပ်စုထံ ပြေးသွားလိုက်သည်။ ထိုနေရာက "နွားလား" ကုန်းကို ရင်ဆိုင်ထားသည်။ ထိုနေရာတွင် အိန္ဒိယစစ်သား ဆယ်ယောက်ခန့် ကြောင်တက်တက်နှင့် ထိုင်နေကြသည်ကို တွေ့သဖြင့် ၎င်းတို့ကို မသတ်ရန်၊ သို့သော် ထွက်မပြေးစေရန် မှာပါသည်။

နေပွင့်လာသည်နှင့် အမျှ "နွားလား" တောင်ကုန်းမှ ကျွန်တော်တို့ကိုပစ်ခတ်မှု ပစ်အား ပို၍ ပို၍ ထန်လာပါသည်။ ထိုကာပစ်အောက်တွင် ရန်သူတို့သည် ချိုင့်ဝှမ်းထဲမှ တွားတက်လာပြီး လက်ပစ်ဗုံးများသုံးကာ ပြင်းပြင်းထန်ထန်တန်ပြန်



ထိုးစစ်ဆင်ပါတော့သည်။ ဤနေရာကိုသာ သူတို့ လက်ထဲရောက်သွားပါက တောင်စောင်းအတိုင်း ဆက်တက်သွားလျှင် တောင်စောင်းပေါ်ရှိ မိမိတို့တပ်သည် တပ်ရင်းကြီးမှူး၊ တပ်ရင်းမှူးတို့အပါအဝင် ပြုတ်ရန်သာရှိတော့မည်။ ဖြစ်သည့်နည်းနှင့် ၎င်းတို့ ဆက်မတက်လာနိုင်အောင် တားထားရမည်ဖြစ်သည်။ သို့နှင့် စက်သေနတ်တပ်စုကို "ဒီတောင်ကုန်းကို အသက်နဲ့လဲပြီး ကာကွယ်ကြ" ဟု ပြောကာ "ငါမင်းတို့နဲ့တိုက်မယ်။ ငါနဲ့အတူ တိုက်ရင်းသေကြမယ်" ဟု ပြောလိုက်သည်။ မူလထွက်လာစဉ်က တောင်ထိပ်တွင် ရန်သူနှင့် ကျားကုတ်ကျားခဲတိုက်နေသူများကို ပစ်ကျင်းတူးကြရန် မှာဖို့ဖြစ်သော်လည်း ဤနေရာတွင် ပိုပြီးအရေးကြီးနေသဖြင့် ဆက်နေရန် ဆုံးဖြတ်လိုက်သည်။ တစ်ခါတစ်ရံ လက်ပစ်ဗုံးပစ်လိုက်ဖြင့် ကျွန်တော်ပါ ဝင်တိုက်နေလိုက်သည်။

စက်သေနတ်နှစ်လက်နှင့် စက်သေနတ်တပ်ခွဲ [၁] သည် တည်တည်ငြိမ်ငြိမ်ဖြင့် ကောင်းစွာတိုက်ပွဲဝင်လျက် ရှိသည်။ သူတို့သည် ရန်သူစစ်သားများအနီးအထိ အကပ်ခံပြီး သေသေချာချာ ချိန်ပစ်ပြီးနောက် လက်ပစ်ဗုံးများသုံး၍ တိုက်ရာ ရန်သူ တက်တိုက်တိုင်း တွန်းလှန်နိုင်ကာ ရှေ့တွင်ရန်သူ့အလောင်းများ ပုံနေသည်။ တပ်စိတ်မှူးကာဝါဆေ၏ ခေါင်းကို ဖောက်မှန်သွားပြီး နောက်တပ်စိတ်မှူး တစ်ဦးမှာလည်း ဗုံးစကပေါင်ကို ဖြတ်မှန်သဖြင့် လဲကျသွားသည်။ သို့သော် ရဲဘော်အားလုံး မိမိတို့နေရာကို ဆက်ထိန်းကြသည်။ ထိုစဉ် တောင်ထိပ်နားရှိမိမိတို့၏ရဲဘော်များမှာ လက်ပစ်ဗုံးများသုံး၍ သဲကြီး

၁။ ရှေ့တွင် ဆိုခဲ့သည့် စက်သေနတ်တပ်စု ဟူသောအဆိုက ပိုဖြစ်ဖွယ်ရာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မဲကြီး တိုက်နေကြဆဲ ဖြစ်သည်။ သူတို့ နောက်ကျောကို "နွားလား" တောင်ကုန်းမှ လှမ်းပစ်နေသည်ကိုလည်း ခံနေကြရသည်။ ဧပြီလ ၇ ရက်နေ့ နံနက် ၉ နာရီတွင် "ဘန်ဇိုင်း" အော်သံဖြင့် သေသေကျေကျေ လုံးစွပ်တစ်လောထိုးပြီးနောက် တပ်ခွဲ(ဖ)မှာ ကုန်သလောက်နီးပါးဖြစ်သွားကာ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေသည်။

နံနက် ၁၀နာရီနောက်ပိုင်းမှစ၍ အထူးသဖြင့် စစ်ဝတ်ဂိုဒေါင်နှင့် ရိက္ခာဂိုဒေါင်များပေါ်အမြောက်ဆန်များ၊ ဗုံးဆန်များပိုကျလာသည်။ ထိုကြောင့် သုံ့ပန်း ၁၀ယောက်မကနှင့် အစောင့်တစ်ယောက်တို့ ပွဲချင်းပြီး သေကုန်သည်။ သုံ့ပန်းများမှာ မိမိတို့ဘက်က ပစ်လိုက်သော ကျည်မှန်၍ပင် အသက်ဆုံးပါးရသည်။ စစ်ဆိုသည်မှာ ဤသို့ပါတကား။

အမြောက်ပစ်ရာတွင် မီးကျည်များပါ ရောပစ်သဖြင့် တပ်ရင်းကြီးဌာနချုပ်နှင့် တပ်ရင်းဌာနချုပ်တို့ရှိရာ စစ်ဝတ်ဂိုဒေါင် မီးလောင်သည်။ ထိုနောက် စက်သေနတ်တပ်စုရှိရာ အနောက်ရိက္ခာ ဂိုဒေါင်သည် အမိုးကစ မီးလောင်ကာ နောက်ပိုင်းတွင် ဂိုဒေါင်တစ်ခုလုံး တောက်လောင်နေလေတော့သည်။ တာရှည်ဆက်နေပါက မိမိတို့ပါ မီးမြိုက်ခံရမည့်ကိန်း ရှိနေ၍ အရှေ့ဘက် ရိက္ခာဂိုဒေါင်သို့ပြောင်းရန် ဆုံးဖြတ်လိုက်သည်။ ထိုဂိုဒေါင်မှာ ရန်သူ့နေရာနှင့် အနီးဆုံးဖြစ်၍ အမြောက်စိန်ပြောင်းဒဏ်နှင့် မီးရှို့ခံရခြင်း သက်သာလိမ့်ဦးမည်ဟု တွက်လိုက်သည်။ သို့သော် တောင်ကုန်းပေါ်မှ ရန်သူက မိမိတို့ခုန်ထွက်၍ ယာဉ်ရပ်ကွင်းကိုဖြတ်ကူးသည်နှင့် ချောင်းပစ်ရန်စောင့်နေသည်။ သို့ပေမဲ့လည်း ကျွန်တော်တို့ ရဲဘော်များက



တိုက်ပွဲအတွေ့အကြုံ ဝပြီးသားဖြစ်၍ လူနာများနှင့် စက်သေနတ်များကို ချက်ချင်းပင် သေသေသပ်သပ်နှင့် ရွှေ့ထုတ်လိုက်သည်။ လူနာကို ကျောပိုးရင်း ကွင်းပြောင်ကို ဖြတ်သည့်ကိစ္စမှာ အန္တရာယ်များလှသော်လည်း စနစ်တကျနှင့် ပြီးမြောက်သွားသည်။

မီးသည် ယမ်းတိုက်သို့ ဆက်ကူးသွားပြီး အမြောက်ဆန်ဗုံးဆန်များ ထကွဲသည်။ မွန်းတည့်ချိန်ခန့်တွင် တပ်စုမှူးဟာရှိဂူချိ၏ ခေါင်းကို ကျည်ဆန်မှန်သည်။ ရဲဘော်များသည် အကာအကွယ် ပိုရန်းနီး တကုပ်ကုပ် တရွရွ ဖြစ်နေကြသည်။ တစ်နေရာမှ တစ်နေရာသို့ ကူးသည်နှင့် "မြင်း"နှင့် "နွားလား" ကုန်းနှစ်ခုစလုံးမှ ချောင်းပစ်ခံရမည်မှာ သေချာသလောက်ဖြစ်သည်။ သို့သော် ဤကဲ့သို့ ကျဉ်းထဲကျပ်ထဲရောက်ကြသည့်အခါ မိမိရောက်နေသည့်နေရာသည် အကာအကွယ်မဲ့ရာတွင် အဆိုးဆုံးနေရာ ဖြစ်သည်ဟု ထင်တတ်ကြသည်။ တိုက်ပွဲဖြစ်ပွားချိန်တွင် ကျီးလန့်စာစားဖြစ်ကာ ပကတိ အခြေအနေကို လျစ်လျူရှုပြီး ထင်ရာစိုင်းတတ်သည်။ ယခုအဆင့်တွင် ရန်သူကို ထိထိရောက်ရောက် ခုခံနိုင်မည့် တစ်ခုတည်းသောနည်းလမ်းမှာ တစ်ပေါင်းတစ်စည်းတည်း ညီညီညာညာ ခံတိုက်ကြဖို့ပင်ဖြစ်သည်။ အားကိုးအားထား ပြုနိုင်အောင် ကွပ်ကဲမည့် တပ်မှူးလိုနေပြီဖြစ်သည်။ အရာရှိထဲမှ တစ်ဦးတည်း ကျန်ရစ်သူကျွန်တော်သည် ဓားရှည်ကို ဆွဲထုတ်လျက် "တပ်ရင်း တပ်ရေးငါ ဗိုလ်ကာမေယာမာက ရဲဘော်တို့ကို ကွပ်ကဲမယ်။ တပ်ခွဲတိုင်းက ရှင်ကျန်နေသူတိုင်း ကိုယ့် လူနာတွေ ခေါ်လာပြီးငါ့ဆီမှာ စုကြ" သို့နှင့် ထူထူထောင်ရှိသူ ၃၀ ခန့်နှင့် ဒဏ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ရသူ ၃၀ ခန့် ကျွန်တော့်ထံတွင် စုမိပါသည်။ ကျွန်တော်က ဂိုဒေါင်၏ တံစက်မြိတ်အောက်တွင် ပတ်လည် ခံစစ်ကျင်း တူးစေကာ "မြင်း"နှင့် "နွားလား" ကုန်းထိပ်များကို စက် သေနတ် နှစ်လက်စီ ချိန်ပြီးဆင်ထားစေပါသည်။ ဒဏ်ရာရ သူများကို အလယ်တွင် စုထားလိုက်ပါသည်။ ဂိုဒေါင်ထဲမှ သကြားနှင့် ပဲကျပ်ပျဉ်အိတ်များကိုထုတ်၍ စည်းဝိုင်း ပတ်လည် ချကာ လုံခြုံစွပ်ဖြင့် တူးယူရသည့် မြေစာဖြင့် ဖုံးလိုက်ကြသည်။ မတ်တတ်ရပ်လိုက်သည်နှင့် ချောင်းပစ်ခြင်း ခံရမည်ဖြစ်၍ မှောက်လျက်မြေကို တူးရသဖြင့်လည်းကောင်း အလွန်မာသော မြေသားဖြစ်၍လည်းကောင်း ခက်ခက်ခဲခဲလုပ်ရသည့် လုပ်ငန်း ဖြစ်ပါသည်။ ကျွန်တော်က "ရန်သူက အသင့်စောင့်နေတာမို့ ဒီကထွက်ဖို့ကြိုးစားတာနဲ့ ပစ်သတ်ခံရမှာပဲ။ တို့လူနှာ ရဲဘော် တွေနဲ့ ဌာနချုပ်ရဲ့လုံခြုံမှုအတွက် နောက်ဆုံးတစ်ယောက်တည်း ကျန်သည့်တိုင်အောင် ဒီနေရာကို ဆက်ထိန်းကြရမှာပဲ။" ဟု လူတိုင်းကိုမှာ ထားရသည်။

ကျွန်တော်တို့ နေရာယူထားသည့်အနီးအနားရှိ ထရပ် ကားကြီးများ မီးလောင်ရာမှ အပူရှိန်ကြောင့် ကတုတ်ရင်တား အဖြစ်ပုံထားသော သကြားအိတ်၊ ပဲအိတ်များ မီးထလောင်ရာ နို့ဘူးများမှ နို့ရည်ဖြင့် ငြိမ်းသတ်ကြရသည်။ မခံမရပ်နိုင် အောင်ပင် ပူပြင်းလှ၍ ကျွန်တော့်မျက်နှာမှာ တစစ်စစ်ကိုက်ကာ သတိလစ်တော့မတတ် ဝေဒနာခံစားနေရသည်။ ရဲဘော်တို့သည် မိမိနှင့်ကပ်လျက် ရဲဘော်၏ ကျောပေါ် မီးတောက်မီးစကျ လာလျှင် ငြိမ်းပေးကြရန် ကျွန်တော်က ခိုင်းလိုက်သည်။

ရန်သူသည် ဂိုဒေါင်နှင့် အရှေ့ယွန်းယွန်းတည်ရှိသော တောင် ကုန်းမှ လာတိုက်ကြရာတွင် ဂိုဒေါင်အမိုးကိုကျော်၍



လက်ပစ် ဗုံးများဖြင့်ပစ်ရာ အမိုးနှင့် ဆောင့်ကာ ဆောင့်ကာ ကျွမ်းထိုး၍ ကျွန်တော်တို့ ခေါင်းပေါ် ကျလာလျက် ရှိသည်။ ထို့ကြောင့် ဤဘေးမှကာကွယ်ရန် ကျွန်တော်တို့ ကိုယ်ပေါ်တွင် ရွှက်ထည်တဲ ပတ္တူစကိုဖြန့်ကြက်မိုးထားခြင်းဖြင့် ခေါင်းပေါ်ကျ လာမည့် လက်ပစ်ဗုံးများသည် ဖြန့်ကြက်ထားသော ရွက်ထည် ပေါ်ထောက်၍ ခုန်ပျံကာ ကျော်ထွက်သွားတော့သည်။ "တိုက်စစ်ဟာ အကောင်းဆုံး ခံစစ်ဆင်နည်းပဲ" ဟု ဆိုကာ ရန်သူ့ ခြေသံကြားရလျှင်၊ သို့မဟုတ် "မြန်မြန်၊ မြန်မြန်" ဟု တိုက်တွန်းသံများကြားရလျှင် သတ်မှတ်ထားသူက လက်ပစ် ဗုံးဖြင့် ပစ်ရန်၊ သို့မဟုတ် ဗုံးလောင်ချာဖြင့်ပစ်ရန် မှာထားပါ သည်။ ကျွန်တော်တို့က မှောက်လျက်အနေအထားဖြင့် လက်ပစ် ဗုံးကို ဝေးဝေးမပစ်နိုင်လျှင် ကိုယ့်လက်ပစ်ဗုံးဖြင့် ပြန်ပေါက် သည်ကို ခံရမည်။ ကျွန်တော်ကိုယ်တိုင်လည်း မိမိရဲဘော် တစ်ဦးက ပစ်လိုက်သော လက်ပစ်ဗုံးမှအစဖြင့် ဒဏ်ရာရခဲ့ ပါသည်။

ထို့ကြောင့် လက်ပစ်ဗုံးပစ်ရန် ဒုတပ်ကြပ် တာနာကာ ကို သတ်မှတ်ပေးထားပါသည်။ သူသည်မပစ်မီ လက်ပစ်ဗုံးကို သူ၏နဖူးနှင့်ကပ်ထားပြီး "တပည့်တော်ရဲ့ ရွာဦးကျောင်းမှ ဘုရားရှင်မပါ" ဟု တိုင်တည်ပြီးမှ ခေါင်မိုးကိုကျော်၍ပစ် လွှတ်လိုက်သည်။ မည်သူမဆို အရေးကြုံလာလျှင် ဘုရားကို တတတ်ကြသည်သာဖြစ်သည်။ သူသည် သူ့ကိုပေးထားသည့် တာဝန် ကျေကုံစေရမည်ဟူသော တာဝန်ကို လေးစားသည့် စိတ်ဖြင့် ဤသို့တိုင်တည်ပြီးမှ ပစ်ခြင်းဖြစ်သည်။ ကျွန်တော် တို့လည်း သူပစ်လိုက်သည့်ဗုံး မြောက်တက်ကာ ပြန်ဆင်း

www.burmeseclassic.com

www.burmeseclassic.com



သွားသည့် ဖုံးသွားလမ်းကို လိုက်ကြည့်မိနေကြသည်။ ဤနည်းဖြင့် ကျွန်တော်တို့သည်ည နေလောက်အထိ ဆက်ထိန်းထားနိုင်ပေမည်။ သို့သော် ယခုအခါတွင် ထူထူထောင်ထောင် လုပ်နိုင်ကိုင်နိုင်သူဆို၍ ၁၈ ယောက်မျှသာ ကျန်တော့သည်။

ယနေ့အတွက် တိုက်ပွဲအခြေအနေအစီရင်ခံစာကိုရေးထားဆက်သားဖြင့် တပ်ရင်းဌာနချုပ်သို့ ပို့လိုက်သည်။ ရန်သူသည် ကျွန်တော်တို့ ဂျပန်ကဲ့သို့သာ တက်တိုက်ခဲ့ပါက ပြုတ်ပြုတ်ပြန်းဖို့သာ ရှိတော့သဖြင့် သူတို့အောက် အင်အားနည်းသည့် ကျွန်တော်တို့အတွက် ကံကောင်းသည်ဆိုရပေမည်။ ကျွန်တော့် လူများကို ကျွန်တော်က "တို့တပ်မှူးက တို့ကိုပစ်ထားမယ် မဟုတ်ဘူး။ ဆက်ထိန်းထားကြ။ တို့သတ္တိပြကြစို့" ဟုဆိုကာ အားပေးရင်း တိုက်တွန်း လိုက်ပါသည်။

တပ်ရင်းမှူးက တွား၍ကျွန်တော်တို့ထံ တက်လာရာ သူ လှုပ်ရှားနိုင်ရန် ကျွန်တော်တို့က လက်ပစ်ဗုံးဖြင့် ကာပေးပစ်ပေးပါသည်။ သူက "အခြေအနေဘယ့်နှယ်လဲ" ဟု ကျွန်တော့်ကိုမေးရာ၊ ကျွန်တော်က "မြင်တဲ့အတိုင်းပါပဲ၊ ရန်သူကို တက်တိုက်ဖို့တော့ ကျွန်တော်တို့ မစွမ်းတော့ပါဘူး" ဟု ဖြေလိုက်ပါသည်။ သူသည်လည်း လက်လျှော့လိုက်ပြီး ပြန်ခွာသွားပြလိုက်ပါသည်။ ကျွန်တော့်လူများကိုတော့ ကျွန်တော်တို့ ဆက်တိုက်ဦးမည်၊ သို့သော် မိမိတို့အတွက်ဝန်ကိုသက်သာစေရန် ဒဏ်ရာရသူများကို ပထမ တစ်သုတ်လွှတ်ပြီး ကျဆုံးသူတို့၏အလောင်းမှ သက်ဆိုင်ရာ ကျန်ရစ်သူ မိသားစုများထံ အရိုးကောက်၍ ပို့နိုင်ရေးအတွက် အလောင်းများကို သင်္ဂြိုဟ်ချရန်ရှိကြောင်း ရှင်းပြလိုက်သည်။



တိုက်ပွဲခွင်တွင် စစ်သား တစ်ယောက်သည် "ငါဒါလုပ်သင့်တယ်"၊ "ငါဒီနေရာကို ခုခံကာကွယ်ထားရမယ်" စသဖြင့် မိမိတာဝန်အပြင် ဘာမျှ ခေါင်းထဲထည့်လေ့မရှိပေ။ သို့သော် သူ့ကို ခွာစစ်ဆင်မည်ဟု ပြောလိုက်သောအခါ သူသေးမှ လွတ်မြောက်သွားခဲ့ပြီ ဟု အတွေးဝင်ကာ အသက်ရှင်ကျန်နိုင်ရေးဘက်သို့ အာရုံရောက်သွားသည်နှင့် ရဲစွမ်းသတ္တိပမာဏ လျော့ပါး ဆုတ်ယုတ်သွားတော့သည်။ ထို့ကြောင့် အလောင်းဦးရေ တစ်ဝက်မျှသယ်ချပြီး သွားသည့် အခါမှ စိတ်မသက်သာဖြင့် ကျွန်တော်တို့ တက်လုံ့ စွပ်ထိုး၍ အောင်မြင်နိုင်ရန် အခြေအနေမပေးတော့၍ နောက် ထပ်တက်တိုက်ဖို့ မကြိုးပမ်းသင့်တော့ကြောင်း ပြောပြလိုက် သည်။ ပြီးလျှင် ကျန်အလောင်းများနှင့် စက်သေနတ်များကိုထမ်း၍ ဆင်းကြသည်။ ကျွန်တော်သည်း အလောင်းတစ်လောင်းကိုထမ်းပြီး ဆင်းသည်။ နိုးနေသည့်ကလေးကို ချီရ သည်ထက် အိပ်မောကျနေသော ကလေးကို ချီရလျှင် ပိုလေးသကဲ့သို့ လူသေကောင်ကို ထမ်းရသည်မှာ လေးပင်လှသည်။ ကျွန်တော်က ကျောပေါ်တင်ပိုးသွားသောအခါ သူ့ခေါင်းက ကျွန်တော့် ကုပ်ပိုးကို လာလာဆောင့်သည်။ သူ့အနေအထားကို ပြောင်းပြီးသယ်လိုက်လျှင် လည်ပင်းအောက်ကို လာဆောင့်နေပြန်သည်။ နာလည်းနာ ဝမ်းနည်းဖွယ်ရာလည်း ဖြစ်မှဖြစ်ရလေခြင်း။

ကျွန်တော် တပ်ရင်းဌာနချုပ်သို့ ရောက်သောအခါ တပ်မှူးသည် ဆက်သားတစ်ဦးတည်းသာ အဖော်ပြုလျက် ကျွန်တော့်ကို စောင့်နေကြောင်း တွေ့ရသည်။ ဧပြီလ ၈ ရက်နေ့ မိုးလင်းလုလုအချိန်တွင် ဖြစ်သည်။ ရဲဘော်များကို ညနေမိုင်းအထိ အိပ်ခွင့်ပြုထားသော်လည်း အရာရှိများမှာ လာမည့်

www.burmeseclassic.com

www.burmeseclassic.com



တိုက်စစ်အတွက် စီမံချက်များ ချမှတ်ပြင်ဆင်နေကြရသည်။ တိုက်ပွဲဖြစ်သည့်အခါတွင် မိမိဘက်က ဒုက္ခဆင်းရဲခံနေကြရ သကဲ့သို့ ရန်သူမှာလည်း ဒုက္ခဆင်းရဲခံစားနေရသည်ပင်။

ခံစစ်ဆင်သူဘက်က ပို၍သာကများရမည်မှာ သဘာဝ ပင်ဖြစ်၍ တပ်မှူးက ရန်သူတောင်ကုန်းကို ထိုညနေတွင် တိုက်ရန် ဆုံးဖြတ်ထားသည်။ သို့သော် ကျွန်တော်တို့၏ တပ်ရင်းမှာ ထိခိုက်ကျဆုံးမှုများနေ၍ တက်တိုက်နိုင်မည့် ဦးရေ မရှိသလောက်ပင် နည်းနေသည်။ ထို့ကြောင့် တပ်ရင်းကြီး တပ်မှူးက ၎င်း၏ ဆက်သွယ်ရေးတပ်ခွဲကို ကျွန်တော်တို့ တပ်ရင်းတွင် အင်အားဖြည့်ပေးလိုက်သည်။ အလွန် အရေး ကြီးသော ဆုံးဖြတ်ချက်တစ်ရပ် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဆက်သွယ်ရေးရဲဘော်များ ကျကုန်လျှင် တပ်ရင်း ကြီးသည် စနစ်တကျ ဆက်လက်တိုက်ပွဲဝင်နိုင်ရန် လိုမည့် ဆက်သွယ်မှု ရနိုင်တော့မည်မဟုတ်သဖြင့် ဖောင်ဖျက်လိုက် သည်နှင့်တူပေမည်။

နောက်ဆုံး တက်တိုက်ရာမှ ရခဲ့သော သခ်ိန်းစာမှာ တရုတ်ပြည်အတွေ့အကြုံအရ ညတိုက်ပွဲဟူသော ပွဲတွေ့ပွဲရ နည်းမှာ မိမိတို့ထက် အင်အားတောင့်သည့်ပြင် မောင်းပြန် လက်နက်အရေအတွက်လည်းပိုမိုများသည့် ရန်သူကိုမူ မနိုင်နိုင် ဟု လက်ခံခဲ့ရပေသည်။ သို့နှင့် ကျွန်တော်တို့တွင်ရှိသော တင့်ဖျက်အမြောက်များ၊ စက်လတ်များ၊ စက်ကလေးသေနတ် များ၊ ဗုံးလောင်ချာနှင့် ၂ လက်မ စိန်ပြောင်းတို့ကို စာရင်းချ၍ လက်နက်တစ်ခုချင်းအတွက် ပစ်မှတ်သီးခြားသတ်မှတ်ပေး သည်။ ဤအကူပစ် လက်နက်များကို "ဆိတ်"(အကျဉ်းထောင်



ကုန်း) တွင်တင်၍ ကျွန်တော်က ကွပ်ကဲရသည်။ တပ်ရင်း များက ဆက်သွယ်ရေးတပ်ခွဲနှင့် တပ်ရင်းမှ လက်ကျန်အင်အား တို့နှင့် "နွားလား" (လုပ်ငန်းပစ္စည်းစတိုကုန်း) ကို တက်တိုက် သည်။ ရန်သူ့ခံစစ် စည်းအတန်တန်ကို ဖောက်ပြီးနောက် တောင်ထိပ်ကို သိမ်းမိသည်။ သို့သော် တပ်အင်အားကား ကုန်လေပြီ၊

ဧပြီ ၁၃ ရက်နေ့တွင် ရန်သူ့ဆုတ်လမ်းကို ဖြတ်တိုက်ရန် အလွှတ်ထားသော တပ်ခွဲ(၇) ပြန်ရောက်လာသည်။ ဧပြီလ(၁၆) ရက် ညတွင် ရန်သူ့လက်နက်နေရာတို့ကို ကျွန်တော်တို့က လက်နက်ကြီးများနှင့် ထပ်ဖြည့်ပေးထားသည့် တောင်ပေါ်ပစ် အမြောက်များနှင့် ပစ်နေစဉ် တပ်ရင်းကြီးဌာနချုပ်မှ တပ်စု တစ်စု အင်အားဖြည့်ပေးထားသော တပ်ခွဲ(၇) သည် "တက် တက်" ဟု ကြွေးကြော်ပေးပြီး တက်ကြသည်တွင် ရန်သူသည် ကြောင်သွားကာ ကူကီးကင်းတဲတောင်ကုန်းဘက်သို့ ကြော အတိုင်း ဆုတ်သွားကြသည်။

ကျွန်တော်တို့လည်း ထက်ချပ်မကွာလိုက်ရာ "နွားလား" တောင်ကုန်းသာမက ကူကီးကင်းတဲ တောင်ကုန်းကိုပါသိမ်းနိုင် လိုက်သည်။ နေပွင့်လာသည့်နောက်တွင်ကား ဂျော့ဆိုးမား တောင်ကုန်းမှ အမြောက်များက ယခုသိမ်းလိုက်သည့် တောင် ကုန်းများကို အငြိုးကြီးနှင့် မနားတမ်းပစ်တော့သည်။ မီးကျည် အမြောက်ဆန်များကြောင့် ကျွန်တော်တို့ ယူထားသည့် နေရာ များမှာ တဟုန်းဟုန်းတောက်လောင်နေတော့သည်။ ခေါင်မိုးများ ကျခဲ့သည်ကို ငြိမ်းသတ်ရင်း ကျကုန်သည်များလည်း ရှိသည်။ မှန်မှာ တက်တိုက်စဉ်က ကျဆုံးသည့်ဦးရေထက် သိမ်းပြီး နောက်ပိုင်းမှ ကျဆုံးသည့်ဦးရေက ပိုများပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဧပြီ ၁၉ ရက်နေ့တွင် ရန်သူ့တင့်ကားများ မိမိတို့ ရှေ့ ထားသောနေရာများကို ပထမဦးဆုံးလာတိုက်သည်။ ကျွန်တော် တို့ တင့်ဖျက်အမြောက်က ရှေ့ဆုံးမှတက်လာသော တင့်ကားကို မှန်အောင်ပစ်နိုင်ခဲ့သော်လည်း ထိခိုက်ပျက်စီးမှုမရှိခဲ့။ အနီးကပ် တိုက်ခိုက်ရေးအဖွဲ့များက ဓာတ်ဆီဗုံးများဖြင့် ကမ်းပါးပေါ်မှ ဆင့်ကားပေါ်သို့ ပေါက်ချ၍ တင့်ကားက ခေတ္တမျှ ငံ့သွားစဉ် ရဲဘော်တစ်ဦးက တင့်ကားကိုပြေးကပ်ကာမိုင်းဖြင့် ချိန်းကြိုးကို ဖောက်ခွဲဖြတ်တောက်လိုက်သည်။ သူခများကား ပြန်မလာနိုင်ရှာ တော့ပေ။

တင့်ကားအတွင်းမှ ယာဉ်သားများအနက် ပြေးထွက်လာ သူများသည်လည်းကောင်း၊ စက်သေနတ်ကို ဆက်ပစ်နေကြ သူများသည်လည်းကောင်း မိမိတို့ချောင်းပစ်မှုကြောင့် အားလုံး သေသည်။ ကျန်တင့်ကား နှစ်စင်းမှာလည်း ပြန်လှည့်သွား တော့သည်။

ဧပြီလ ၂၃ ရက် ညတွင် တပ်ခွဲ(၇)မှ ကျန်သည့် အယောက် ၃၀ သော အင်အားဖြင့် မြို့စောင့်တပ်ကုန်း၏ စက်သေနတ်များနှင့် တောင်ပေါ်ပစ်အမြောက်၏ လက်ကူ ကျည်ငယ်တို့၏ပစ်ကူဖြင့် တက်တိုက်ရာ ရန်သူ့ ရှေ့တန်းခံစ ကျင်းများကို သိမ်းနိုင်လိုက်သည်။ သို့သော် တပ်ရင်းကြီး (၁၁၈) မှ တပ်ခွဲတစ်ခွဲက တောင်ထိပ်သို့ ဆက်တိုက်ရာတွင်မူ ရန်သူသိုလှောင်ထားသော ဓာတ်ဆီပီပါများ မီးလောင်ကုန်ရာ တောင်ထိပ်သို့ တက်နိုင်သည့်လမ်းများအတိုင်း မီးလျှံများ လိမ့်ဆင်းလာသည်တွင် ချဉ်းကပ်ရာလမ်းများ ပိတ်ရုံမော နေ့ခင်းကြောင်တောင်ကဲ့သို့ လင်းထိန်လျက်ရှိသဖြင့် ချေမှုန်း



ရေးအဖွဲ့ကို တောင်ထိပ်မှ ကောင်းစွာချိန်ပစ်နိုင်သဖြင့် တပ်မှူး လည်းလက်လျှော့ကာ တပ်ခေါက်လိုက်ရတော့သည်။

ဤသို့တက်တိုက်ပြီးသည့်နောက်တွင် မူလက အင်အား ၁၈၀ စီရှိသော ကျွန်တော်တို့၏ သေနတ်ကိုင်တပ်ခွဲများမှာ တပ်ခွဲ(၅)တွင် ၄ ယောက်၊ တပ်ခွဲ(၆)တွင်လည်း ၄ ယောက်၊ တပ်ခွဲ(၇)တွင် ၁၆ ယောက်နှင့် တပ်ခွဲ(၈)တွင် တစ်ယောက်မျှ မကျန်တော့ပေ။ စက်သေနတ်တပ်ခွဲတွင် ၃၅ယောက်ကျန်ပြီး တပ်ရင်း အမြောက်တပ်စုတွင် ၁၅ ယောက်သာ ကျန်သည်။ ဤမျှလောက် နည်းပါးနေသည့် အင်အားဖြင့် ကျွန်တော်တို့ တပ်ရင်းမှာ ထိုးစစ်ဆင်နိုင်ခြင်းငှာ မတတ်နိုင်တော့ပေ။ ကျွန်တော်တို့၏ ရည်မှန်းချက်တာဝန်မှာ ရန်သူတပ်များ အင်ဖား သို့ မသွားနိုင်အောင် ဖြတ်တောက်ထားရန်ဖြစ်၍ ခံစစ်အသွင် ဖြင့် ဆက်တိုက်ရတော့သည်။

ရန်သူက လူ့အသက်ကို တန်ဖိုးထားသည်မှာ ကျွန်တော် တို့အတွက် ကံကောင်းသည်ဟု ဆိုရပါမည်။ သူတို့က ကျွန်တော်တို့နေရာကို လာတိုက်သည့်အခါတွင် လက်ဖြောင့် ပစ်ခြင်းအားဖြင့် ဆုတ်သွားစေနိုင်သည်။ နောက်တစ်နေ့တွင် လေယာဉ်များနှင့် လာရောက်ဗုံးကြဲမည်၊ လက်နက်ကြီးများဖြင့် ပစ်မည်၊ သို့မဟုတ် ဝိုင်းထားကာ ကျွန်တော်တို့၏ ခံကတုတ် များကို ဖျက်ဆီးနိုင်ပြီဆိုက ရန်သူခြေလျင် တက်လာတတ် သည်။ သို့ရာတွင် ကျွန်တော်တို့က တဒိုင်းဒိုင်း ခုခံပစ်လိုက် သောအခါ ပြန်ဆုတ်သွားတတ်သည်။ အကယ်၍သာ သူတို့က ကျွန်တော်တို့ အနီးကပ်ရောက်သည်အထိ တက်လာမည်ဆိုလျှင် ကျွန်တော်တို့သေမည်မှာ သေချာလှသည်။ သို့သော် ၎င်းတို့က

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဂျပန်တို့ကဲ့သို့ လုံ့ခွပ်တက်ထိုးလေ့ မရှိသဖြင့် ကျွန်တော်တို့ သေမှာ မစိုးရိမ်ရပါ။ ကျွန်တော်တို့ ပစ်ကျင်းအကတုတ်တို့ကို တိုက်ရိုက်လက်နက်ကြီးမှန်သည်မှအပ သေဖို့ရာမရှိပါ။ ဤသို့ဆိုသော်ငြားလည်း အကယ်၍သာ လွင်ပြင်မြေအနေအထားမျိုးသာဆိုလျှင် ရန်သူ့တင့်ကား တိုက်ခိုက်မှုအောက်တွင် ကျွန်တော်တို့အားလုံး သေရှာလားရန်သာရှိပေမည်။ ရှေ့တွင်ဖော်ပြခဲ့သည့် အခြေအနေမျိုး၌မူ ကျွန်တော်တို့သည် ကတုတ်၊ ပစ်ကျင်းများမှ ကိုဟီးမား တောင်ကုန်းဒေသတွင် တပ်မ(၃၁)က ခွာစစ်ဆင်ခိုင်းသည့် မေလ၁၃ ရက်နေ့အထိလည်းကောင်း၊ အာရာဒူရာ တောင်တန်းဒေသတွင်လည်း ဇွန်လ ၃ရက်နေ့အထိလည်းကောင်း ခံစစ်ဆင်နွှဲနိုင်ခဲ့ကြသည်။

ကျွန်တော်တို့က ဆက်လက်တိုက်ပွဲဝင်ခဲ့ကြသော်လည်း အောင်ပွဲရရန် အလားအလာမရှိသော အခြေမျိုးတွင် တစ်ယောက်ပစ်ကျင်းထဲတွင်ထိုင်ကာ ထီးတည်းနေရသည်မှာ စိတ်ပျက်ဖွယ်ရာကောင်းလှသည်။ ကျွန်တော်တို့ ကျည်ဆန်ကုန်၍ ရိက္ခာပြတ်သည့်အခါများတွင် ရန်သူ့စခန်းကို ညတွင်း၌ သွားတိုက်ပြီး မိမိတို့သေနတ်ဖောက်၍ ရန်သူဆုတ်သွားသောအခါ ရိက္ခာ၊ ခဲယမ်း၊ လက်ပစ်ဗုံးတို့ကို ရသမျှယူလာပြီးနောက်တစ်နေ့ ပြန်သုံးကြရသည်။ ဤနည်းဖြင့် တစ်နေ့ချင်းတစ်နေ့ချင်း အသက်ဆက်၍ ကြံ့ကြံ့ခံကာတိုက်ပွဲဝင်လာကြသော်လည်း တစ်ဦးစ နှစ်ဦးစ ဒဏ်ရာရ၊ ကျဆုံးကြသည်မှာ မလွှဲဧကန်ပင်ဖြစ်၍ တစ်နေ့ရာလျှင် ခုနစ်ယောက်စီ ရှစ်ယောက်စီမျှဖြင့် ကာကွယ်ထားရသည်။ ဤသို့လျှင် တစ်ဦးချင်းအလိုက်



မိုတ်မသုန်ကြိုးပမ်းရင်းမှာပင် ရင်နင့်ဖွယ်ရာများ ကြုံရသည်။ မိမိကလဲသည်နှင့် မိမိရဲဘော်က မိမိအတွက်ပါ ကျိုးလုပ်ရသည်ကို မိမိကလည်း ဝင်ကူခြင်းငှာ မတတ်သည့် အခြေအနေက ပို၍ပင် ရင်နင့်ဖွယ်ရာကောင်းလှသည်။ ထို့ကြောင့် ရဲဘော်တစ်ယောက်က ပြင်းထန်သည့်ဒဏ်ရာ ရလာသည့်အခါ မိမိ၏ရဲဘော်များအတွက် အလုပ်ပိုပေးမိသလိုဖြစ်၍ ဝမ်းနည်းပက်လက် ဖြစ်နေတတ်ကြသည်။ "ကျွန်တော့်ကို ခွင့်လွှတ်ကြပါ၊ ကျွန်တော် သေရမှာ စိတ်မကောင်းပါဘူး" ဟု ကျန်ရဲဘော်များအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေလို၍ ခွင့်လွှတ်ရန်တောင်းပန်ကာ ငိုမြည်တမ်းရင်း ဆုံးပါးသွားသူများလည်းရှိသည်။ စစ်မြေတလင်းက ဤကဲ့သို့ အာဇာနည်စိတ်ဓာတ်ရှိသူများ အသက်ကို ဝါးမျိုခြင်းမှ ကာကွယ်ခြင်းငှာလည်း မည်သို့မျှ မတတ်နိုင်ပေ။

ကျွန်တော်တို့သည် စားနပ်ရိက္ခာပြတ်လပ်နေကြသည်။ ပိုစိတ်ညစ်စရာကောင်းသည်မှာ ကျည်ကုန်နေခြင်းပင်ဖြစ်သည်။ ယင်းသို့တိုင်အောင် ကျွန်တော်တို့ ထွက်ပြေးဖို့ ယောင်၍များပင် စိတ်မကူးမိပါ။ တကယ်အားဖြင့်လည်း ကျွန်တော်တို့ တပ်ကို ရန်သူက တိုက်လှန်မောင်းထုတ်၍ ဆုတ်လာကြခြင်းမဟုတ်ပါ။ တပ်မ(၃၁) တပ်မမှူးဖြစ်သူ ဒုတိယ ဗိုလ်ချုပ်ကြီး ကိုတိုကု ဆိုက်တိုးက မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်ကို ရဲရဲရင့်ရင့် ချမှတ်လိုက်သည့်အတွက် မြန်မာပြည်ဘက် ပြန်လှည့် ထွက်လာခြင်းသာဖြစ်ပေသည်။

ကျွန်တော်တို့သည် ရွှံ့ဗွက်တို့ဖြင့် ပြီးသော တောင်တန်းကြီးများအတိုင်း၊ မိုးထဲရေထဲ စိုရွှဲလျက် အားအင်ကုန်ခမ်းကာ

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်က အပြတ်ပြတ်ဖြင့် ချင်းတွင်းမြစ်ပေါ်ရှိ ကျွန်တော်တို့၏ စခန်းရှိရာသို့ ၁၉၄၄ ခုနှစ် ဇူလိုင်လနှောင်းပိုင်းတွင် ပြန်လည်ရောက်ရှိကြလေသည်။

၀

## ၅၂။ တပ်ရင်း တစ်ရင်း အတွက်အားနှစ်ရိုက္ခာ

အစမ်းခန့်ငွေစာရင်းအရာရှိ မာဆာအို ဟိရာကူဗို၊

ရင်း(၃)၊ အမှတ်(၅၈)ခြေလျင်တပ်ရင်းကြီး၊ တပ်မ (၃၁)

ကိုဟီးမား၊ မြို့သာ၊ မော်ချီး၊ ဘီးလင်း၊ သထုံ

အမှတ် (၅၈) ခြေလျင်တပ်ရင်းကြီးမှ ရင်း(၃)သည် မိုင်း ၇၃၇၈ တောင်ကုန်း နှင့် ဆန်ရှတ်တို့တွင် တိုက်ခဲ့ပြီးနောက် မော်ရွာမှတစ်ဆင့်ပန်း၍ ကိုဟီးမားသို့ တက်သည်။ ကျွန်တော်တို့၏ ရင်း(၂) သည် ထိုအခိုက်တွင် ကိုဟီးမား-အင်ဖားလမ်းဘက်သို့ ဆက်သွားသည်။ နောက်ပိုင်းမှ မည်သည့်ထောက်ပံ့မှု မျိုးမျှ မရနိုင်မည့်အခြေအနေမျိုးတွင် ကျွန်တော်သည် တပ်ရင်းရှိ အရာရှိစစ်သည်ပေါင်း လူအင်အား ၁,၀၀၀ တို့အတွက် တာဝန်ရှိသော ငွေစာရင်းအရာရှိဖြစ်နေပါသည်။

ကျွန်တော်တို့သည် ကိုဟီးမားတောင်ကြော၏ အရှေ့မြောက်ဘက်တွင်ရှိသည့် ဂျပန်အခေါ် ကိုဟီးမားရွာဟု တွင်သည့် နာဂရွာသို့ ၁၉၄၄ခုနှစ် ဧပြီ ၅ရက်နေ့ နံနက်လင်းအားကြီးတွင် ခြေသံလုံလုံဖြင့် ရောက်သွားရာ ရန်သူကို အငိုက်



ဖမ်း၍ စီးနင်းနိုင်လိုက်ပါသည်။ ကျွန်တော့်အတွက် ဝမ်းသာအားရဖြစ်ရသည်မှာ ဆန်နှင့်ဆား အပြည့်နှင့် ဂိုဒေါင် အလုံး ၂၀ သိမ်းနိုင်လိုက်ခြင်းပင်ဖြစ်ပါသည်။

ဤရိက္ခာကို လုံခြုံစွာသိမ်းဖို့လိုမည်ဟု ကျွန်တော် တွေးမိပါသည်။ သို့နှင့် ဂိုဒေါင်ထဲမှဆန်ကို ညတွင်းချင်း သယ်ထုတ်နိုင်ရန် လူအင်အားကို တပ်ရင်းမှူးထံ သွားတောင်းပါသည်။ ထိုအခါ တပ်ရေးဗိုလ်ကြီးက ရဲဘော်များမှာ တောင်ပေါ်ခရီးကြမ်းကို ပင်ပင်ပန်းပန်း ချီတက်လာခဲ့ရသဖြင့် အိပ်မောကျနေကြပြီဖြစ်သည်။ သည့်ပြင် နောက်တစ်နေ့လုပ်လျှင်လည်း ရနိုင်သဖြင့် မပေးနိုင်ဟု အပြတ်ငြင်းပါသည်။ သို့သော် ကျွန်တော်က မလျှော့ဘဲ သူနှင့်ဆက်၍ ပြင်းပြင်းထန်ထန် ငြင်းခုံနေသဖြင့် နောက်ဆုံးတွင် တပ်ရင်းမှူးက လူ ၅၀ ပေးလိုက်ပါသည်။ ကျွန်တော်က ထိုလုပ်အားပေးများကိုကွပ်ကဲ၍ ဆန်နှင့်ဆား တတ်နိုင်သမျှကို လျှို့ထဲ သယ်ချထားလိုက်ပါသည်။ နောက်တစ်နေ့ နံနက်တွင် ဗြိတိသျှလေယာဉ်များက လာပြီး ဂိုဒေါင်များကို ဗုံးကြဲကြရာ ကျန်နေသမျှအားလုံး ပြာကျသွားပါသည်။ ကျွန်တော် ညက ယခုထက်ပိုသယ်ခဲ့လျှင် အကောင်းသားဟု နောင်တရပါသည်။

တပ်ရင်းက ကိုဟီးမားတောင်ကြောကို လမ်းခွမှနေ၍ တက်တိုက်နေစဉ် ကျွန်တော်နှင့်လူအင်အား၁၅ ယောက်အဖွဲ့က နေဝင်သည်နှင့် ညလုံးပေါက် ထမင်းချက်၍ သောက်ရေကျိုကြသည်။ ရဲဘော်တစ်ယောက်အတွက် ထမင်းဆုပ်ကြီး နှစ်လုံး၊ သောက်ရေတစ်ဘူးတို့ကို ရှေ့တန်းအထိ သယ်ပို့ပေးပါသည်။ ရဲဘော်များက ထမင်းဆုပ်ကြီးများကိုဖဲ့၍ ဖဲ့၍စားကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အမိကရင်ဆိုင်ရသည့် ပြဿနာမှာ ထမင်းဆုပ်များနှင့်စားရန် ဘာဟင်းမျှစီစဉ်မပေးနိုင်ခြင်းဖြစ်သည်။ ကျွန်တော်တို့ မိုင်၂၀ ခန့်ကွာသည့်ရွာမှ ဝက်များ ဝယ်ယူကာ နတ်စပါးများကိုလည်း ကွင်းထဲမှရှာကာ ဆားနှင့်ပြုတ်ပြီး ဟန်းကောထဲထည့်ပေးပါသည်။ တစ်ခါတစ်ရံတွင် တပ်မရိက္ခာတပ်သို့သွားလျှင် အနည်းငယ်မျှသာဖြစ်သော်လည်း တင်းတိမ်လောက်သော ဆန်ခွဲတမ်းကလေး ရပါသည်။ ကျွန်တော် ရန်သူ့ဂိုဒေါင်မှ ရိက္ခာရှာပေးခဲ့၍ဖြစ်သည်။ ဇွန်လ ၁ ရက်နေ့၌ ခွာစစ်ဆင်ရန် ကျွန်တော်တို့အမိန့်ရသည်အထိ ဆန်အနည်းငယ်မျှ ကျန်နေသေးရာ တပ်ရင်းရှိရဲဘော်အားလုံးကို အညီအမျှ ခွဲဝေပေးလိုက်ပါသည်။

○

## ၅၃။ ချင်းတွင်း အနုန် ဒမိုးကြမ်း

တပ်သားကျော် မာနဘူး ဝါဒါ ၊ ပို့ဆောင်ရေးတပ်စိတ်၊ ရင်း(၃)
အမှတ်(၁၃၈) ခြေလျင်တပ်ရင်းကြီး၊ တပ်မ(၃၁)
ကိုဟီးမား

၁၉၄၂ ခုနှစ်ဇူလိုင်လတွင် စစ်ထဲဝင်ရန် ကျွန်တော် ငယ်စဉ်ကနေခဲ့သော နာရာမြို့ရှိ အမှတ်(၁၃၈) ခြေလျင်တပ်ရင်းကြီးသို့သွားရာတွင် အဖေ့ကို မလိုက်လာလိုစေ သော်လည်း အဖေက လိုက်ပါလာကာ ဆာရူဆာဝါ ကန်အနီးရှိ ကျွန်တော့် အသိ နေထိုင်ရာ ယာမာဒါယ တည်းခိုခန်းတွင် ညအိပ် တည်းခိုကြပါသည်။ နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့ သားအဖသည် တာကာဟာတာရှိ ယင်းတပ်ရင်းကြီး၏ ဌာနချုပ်သို့သွားကြပါသည်။ ဂိတ်ဝရောက်သည့်အခါ "ဖြူရိုရှိကီ"ခေါ် အဝတ်အစားလိပ်သည့် အထည်စဖြင့် လိပ်ထားသော ကျွန်တော့်ကိုယ်ပိုင်ပစ္စည်းများ အဖေ့ကိုပေးခဲ့ပါသည်။ နောက် ၃ ရက်အကြာတွင် ကျွန်တော့်တပ်သည် တရုတ်ပြည်အလယ်ပိုင်းစစ်မျက်နှာသို့ ခရီး၏ပထမအဆင့်အဖြစ် နာရာဘူတာရုံသို့ချီတက်ကြပါသည်။ ကျွန်တော်တို့ထွက်မည့်နေ့ကို မိဘများထံ အကြောင်းကြားရန်အမိန့်ပေးသဖြင့် အိမ်သို့ပို့စကတ်တစ်ခု ပို့လိုက်ပါသည်။ ဘူတာရုံ အနီးတွင် ကျွန်တော်၏ မိထွေးနှင့် ဖအေတူ မအေကွဲနှမတို့ကို တွေ့မိသော်လည်း လူကျပ်ခဲနေသဖြင့် လှမ်းကြည့်ရုံသာ ကြည့်နိုင်လိုက်ပါသည်။ ရထားဖြင့် ဟီရိုရှီးမား စီရင်စုရှိ ကူရေးမြို့သို့ရောက်လျှင် စစ်သည်တင် သင်္ဘောကြီးပေါ်တက်ကြရသည်။ တရုတ်ပြည်သို့ပင်လယ်ခရီးမှာ လှိုင်းလေကြမ်း၍ သင်္ဘောသည်မော့တစ်ချီ စိုက်တစ်လှည့်၊ လူးကာလိမ့်ကာနှင့် ခုတ်နေရာ အများပင် လှိုင်းမူးကြပြီး ကုန်းပေါ်ပြန်ရောက်ရန်သာ စိတ်စောနေလျက်ရှိကြသည်။ ကျွန်တော်တို့သင်္ဘောသည် အပြောကျယ်သည့် ယန်စီမြစ်ကြီးကိုဆန်တက်ကာ ဒါအစ်ဆု ခေါ်ညစ်ပတ်စုတ်ချာလှသည့် ဆိပ်ကမ်းတွင် ကမ်းကပ်ပါသည်။ နေဝင်ဖျိုးဖျ ဆည်းဆာချိန်တွင် မြစ်တစ်ဖက်ကမ်း တောင်တန်းများပေါ်၌ အမြောက်ပြောင်းဝမှ မီးတလက်လက်ပြက်သည်ကို မြင်ရ၍ တရုတ်ပြည်နယ်စပ်သို့ ရောက်ပြီဖြစ်ကြောင်းသိလိုက်ရသည်။

နောက်သုံးလတွင်း ကျွန်တော်တို့သည် ဒါအစ်ဆု တစ်ဝိုက်တွင် အပြင်းအထန် လေ့ကျင့်ရေး ဝင်ကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၃ ခုနှစ် ဇန်နဝါရီလထဲတွင် စစ်သည်တင် သင်္ဘောဖြင့် ခရီးစထွက်ကြရသည်။ ထိုင်ဝမ်ကျွန်း၌ ကီးလုံတွင် ရိက္ခာနှင့် ရေဖြည့်ပြီးနောက် ဘယ်ဆီဆိုက်မည်ကို ကျွန်တော်တို့ မသိကြဘဲ ခရီးဆက်ခဲ့ပါသည်။ ကျွန်တော်တို့ တောင်ဘက်သို့ ချီးချလိုက်မည်ဆိုလျှင် ဂျာဗားကျွန်းသို့ရောက်မည် သို့မဟုတ် အနောက်သို့ ဦးတည်သွားမည်ဆိုလျှင် စင်္ကာပူမှ တစ်ဆင့် မြန်မာပြည် စစ်မျက်နှာဖြစ်လိမ့်မည်ဟု သဘောရကြသည်။ သင်္ဘောသည် အနောက်သို့လှည့်ခုတ်ကာ ဖေဖော်ဝါရီလကုန်လောက်တွင် စင်္ကာပူတွင်ဆိုက်၍ ဆင်းကြကာ ဆီလန်ဂါ ပြည်နယ်ရှိ ခီလန်သို့ ခရီးဆက်ကြပါသည်။ ကျွန်တော်တို့သည် ကွန်မြူနစ်တို့၏ ဂျပန်ဆန့်ကျင်ရေး တပ်နှင့် တစ်ကြိမ်တိုက်ပွဲ ဖြစ်ပြီးနောက် မြန်မာပြည်သို့ ကျွန်တော်တို့ တပ်ရင်းကြီး ဦးတည်ကြပါသည်။

၁၉၄၃ ခုနှစ် မေလတွင် ဗြိတိသျှ စစ်သုံ့ပန်းများက “တစ်၊ နှစ်၊ သုံး” ဟု စည်းချက်ကျကျ ဂျပန်လိုအော်နေသံများကြားရပါသည်။ ထိုနောက် နေပူစပ်ခါးထဲတွင် လန်ကွတ်တီ ဝတ်လျက် မီးရထားသံလမ်းများ၊ ဇလီဖားတုံးများကို ထမ်းနေသည့် အလုပ်ကြမ်းတစ်ဖွဲ့ကို တွေ့ရပါသည်။ သူတို့ အားလုံးသည် ချွေးသံတရွှဲရွှဲနှင့်ရှိနေသည်။ ဗြိတိသျှ စစ်သား တစ်ဦးက ကျွန်တော့်ထံလာ၍ “ဂျပန်မာစတာ၊ ကျွန်တော့်ကို စီးကရက်တစ်လိပ်ပေးပါ” ဟု တောင်းသည်။ သူသည် ၁.၈ မီတာခန့် အရပ်မြင့်သည်။ နေ့စဉ်အလုပ်ကြမ်းလုပ်ရ၍ ပိန်ပိန်ပါးပါး ကျစ်ကျစ်လျစ်လျစ် ရှိသည်။ ဆံပင်အညိုရောင်နှင့် အသက် ၂၂နှစ်၊ ၂၃ နှစ်ခန့် ရှိမည်ဟု မှန်းရသည်။ ၎င်းတို့မှာ မြန်မာပြည်ထဲတွင် တံတားထိုးနေသော အဖွဲ့ဖြစ်သည်။ ၎င်းတို့



ထိုးနေသော သစ်သားတံတားမျိုးသည် နောင်အခါတွင် “ကွေ့မြစ်ပေါ်မှတံတား” ရုပ်ရှင်၌ ကျော်ကြားမှုရမည် ဖြစ်သည်။

ကျွန်တော်က ရင်ဘတ်အိတ်ထဲမှ စီးကရက် အချို့ကို ယူ၍ သူ့ကိုပေးလိုက်ကာ ကျွန်တော်လည်း တစ်လိပ်ကို ဖွာနေသည်။ သူက စီးကရက်ကို ခင်ခင်မွတ်မွတ် ရှိုက်ကာ ရှိုက်ကာ မီးခိုးခေါင်းတိုင်ပမာ မှုတ်ထုတ်နေသည်။ ကျွန်တော်တို့ တစ်ဦးနှင့်တစ်ဦးစကားမပေါက်သော်လည်း ခြေဟန်လက်ဟန် ဖြင့် အချီအချ ပြောနိုင်ကြသည်။ ခဏကြာလျှင် သူက ရင်ကို ကော့လိုက်ပြီး “ဂျပန်တပ်မတော်ကို ဗြိတိသျှတပ်မတော်က မလွဲမသွေနိုင်မှာပဲ” ဟု ပြောပါသည်။ တကယ်တော့သူသည် ကျွန်တော့် စီးကရက်ကို သောက်ရင်း ဒီလို မပြောသင့်ပါ၊ ကျွန်တော်က စိတ်တိုတိုနှင့် “ ဂျပန်ကနိုင်မှာ သေချာတာပေါ့” ဟု ပြန်ပြောလိုက်သည်။ သူခေတ္တမျှ ငြိမ်နေပြီးမှ “ဂျပန် တပ်ဟာ မီးရထားလမ်းကို ဒီလိုလူအားသက်သက်နဲ့ ဖောက် လုပ်နေသရွေ့ ဗြိတိသျှတပ်ကို ချေမှုန်းနိုင်မှာ မဟုတ်ဘူး။ ဗြိတိသျှတပ်မတော်သာဆိုရင် ဒီလိုခဲရာခဲဆစ်လုပ်ငန်းမျိုးမှာ လူအင်အားမသုံးဘဲ စက်အင်အားကိုသုံးမှာ” ဟု မှတ်ချက်ချ ပါသည်။

ကျွန်တော်က ဂျပန် တို့၏ စစ်ဆင်ရေးများနှင့် ပတ်သက် ၍ မည်သို့မျှ ခံစားချက်မရှိသော်လည်း သူ့အဆိုကို လက်ခံနိုင် ပါသည်။ ကျွန်တော်တို့ ခဏကြာမျှဆက်စကားစမြည်ပြောကြ ပြီးနောက် ကျန်းမာအောင်နေဖို့၊ စစ်ကြီး ဘယ်တော့ပြီးမည် မပြောနိုင်၍ ခါးတောင်းကျိုက် မဖြုတ်စတမ်း ကြိုးပမ်းကြဖို့ ပြောကာ အပြုံးချင်းဖလှယ်၍ လက်ဆွဲနှုတ်ဆက်ပြီးခွဲခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဖြစ်စဉ်သည် မိနစ် ၂၀ မျှသာကြာပါသည်။ သို့သော် နောင် အင်ဖားတွင် ဂျပန်တပ်မတော်ချေမှုန်းခြင်းခံရသောအခါ သူ့စကားကို ပြန်သတိရမိပါသည်။ သူ့အမိနိုင်ငံ၏ ကောင်း ကွက်များကို ဤသို့ ခိုင်ခိုင်မာမာ ပြောရဲသည့်အတွက် သူ့ကို ကျွန်တော် ခင်မင်လေးစားမိပါသည်။ "မနေ့က ရန်သူဟာ မနက်ဖြန်မှာ မိတ်ဆွေပဲ" ဟူသော ဂျပန်ဆိုရိုးစကား ရှိသည် မဟုတ်ပါလား။

၁၉၄၄ ခုနှစ် မတ်လ ၁၅ရက်နေ့သည် ကျွန်တော့်အတွက် မည်သည့်အခါမျှ မေ့နိုင်မည် မဟုတ်သောနေ့ပင် ဖြစ်သည်။ ထိုနေ့သည် ကျွန်တော်တို့ ချင်းတွင်းကို ဖြတ်ကျော်ကြသည့် နေ့ပင်ဖြစ်သည်။ အင်ဖားစစ်ဆင်ရေး၏ ပထမခြေလှမ်းအဖြစ် ချင်းတွင်းမြစ်ကြီးကို ထမန်သီမှ ကျွန်တော်တို့ကူးရာတွင် နွေ ရာသီဖြစ်၍ လမ်းလျှောက်ကာကူးနိုင်လောက်အောင် ရေနည်း လျက်သည်။ ကျွန်တော်တို့တပ်ရင်းကြီးသည် ရခိုင်ရိုးမ အခြား တစ်ဖက်ရှိ ဗြိတိသျှနှင့် အိန္ဒိယတပ်များကို တိုက်၍ အိန္ဒိယ နိုင်ငံ မဏိပူရပြည်နယ်ရှိ ကိုဟီးမားကို သိမ်းရန် တပ်မ(၃၁)၏ ထိုးစစ်ကို ရှေ့ဖျားမှဦးဆောင်ရန်ပင် ဖြစ်လေသည်။

ကျွန်တော်တို့သည် ရက်၂၀စာ ရိက္ခာ နှင့် နွားတစ်အုပ် တို့ဖြင့် ဤစစ်ဆင်ရေးကိုစဝင်ခဲ့သည်။ ကျွန်တော်တို့ အိန္ဒိယ နယ်စပ်သို့ ဦးတည်၍ ချီတက်လျက်ရှိကြသည်။ ကျွန်တော် တို့သည် နွားတစ်အုပ်ကို ခက်ခက်ခဲခဲ မ,ရင်း စစ်ဆင်ရေးဝင် ရခြင်းမှာ မတော်တရော်ကိစ္စဖြစ်သည်။ သို့သော် ကျွန်တော် တို့သည် ရခိုင်ရိုးမကို ကုတ်ကုတ်ကတ်ကတ် တက်နေစဉ် နောက်ပိုင်းမှ ပို့ပေးသော စားနပ်ရိက္ခာ ဟူ၍ ဘာမျှမရှိ၊ ကျွန်တော်တို့ကား အနိုင်တိုက်ဖို့သာ စိတ်ကူးလျက်ရှိသည်။



ရှုံးပွဲနှင့်ကြုံဖို့ နည်းနည်းမျှ မစဉ်းစားသဖြင့် ရန်သူ၏ခုခံမှုကို ဝယ်ရှားကာ ဖောက်ဝင်ခဲ့ကြသည်။

တိုက်ပွဲဝင်ရသည့်အခြေအနေမှာ မဖြစ်နိုင်လောက်အောင် နီးပါး ဆိုရှားခက်ခဲလှသည်။ မီတာ ၃,၀၀၀ အမြင့်ရှိသော တောင်တန်းကြီးများကို ရေခဲပမာအေးစက်နေသည့် တိမ်တိုက် တောင်ခိုးများက အုပ်မိုးထားသည်။ သစ်ပင်၊ ကျောက်ဆောင် ကျောက်တုံးများကို ရေညှိ၊ လေသိုက်တို့ဖြင့် ဖုံးလွှမ်းလျက် ရှိသည်။ ဤမျှမြင့်သည့်နေရာတွင် မီးခြစ်ဆံတို့သည် တောက် ပြီးသည်နှင့်ငြိမ်းသည့် အတွက်ထမင်းချက်ရန်၊ ရေကျိုရန် မီး ဖို၍ မရပေ။ ကျွန်တော်တို့နှင့် ပါလာသော နွားများ၊ မြင်းများ ချောက်ထဲကျသွားလျှင် မတ်စောက်လွန်း၍ ပါသွားသော ရိက္ခာပစ္စည်းတို့ကို ပြန်ကောက်ရန် မစဉ်းစားနိုင်ပေ။ ဆုံး သည်သာ။ ရန်သူ့အလောင်းကောင်များကလည်း လမ်းဘေးတွင် ပုပ်ပွလျက်မြင်မကောင်း။ အနောက်ဘက်သို့ လှမ်းမျှော်ကြည့် လျှင်ကား တိဗက်နှင့် ဟိမဝန္တာတောင်တန်းများရှိရာကို မျက်စိ တဆုံး ကျယ်ပြောသည့် တိမ်လွှာတိမ်လိပ် ပင်လယ်ကြီးက ဆလျက် လွှမ်းကာထားသည်။

ဤမျှလောက်မြင့်မားမတ်စောက်သည့် တောင်ပေါ်ဒေသ သို့ တောင်တက်ရန် ပစ္စည်းအဝတ်အစားမပါဘဲ စေလွှတ်ကာ ကျွန်တော်တို့ စစ်သားများပင် ခက်ခက်ခဲခဲကုတ်ကတ်တက် ရသည့် ကျောက်ဆောင်ပေါ်များ၌ မတ်စောက်သည့် တောင် ဘန်းများပေါ်သို့ နွားအုပ်လိုက် မောင်းတင်ခိုင်းလောက်အောင် အသုံးမကျသည့် ကျွန်တော်တို့ ဗိုလ်ချုပ်ကြီးများအား အချင်းချင်း အကြား၌ ပယ်ပယ်နယ်နယ်ဝေဖန်ကြသည်။ ဆေးတပ်သားများ အတွက်ကား ပို၍ပင်ဆိုးသေးသည်။ သူတို့သည် ဖျားသူနာ၊

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရလူနာတို့အားမှလိုက်ပြီး အကြိမ်ကြိမ် ခြေချော်လိုက် လျှောပါသွားလိုက်၊ ချော်လဲလိုက်ဖြင့် ဒုက္ခပိုရောက်ကြသည်။

ရက်ပေါင်းများစွာ ကျားကုတ်ကျားခဲတိုက်ပြီးနောက် ဧပြီလလယ်တွင် ကိုဟီးမားမြောက်ဘက်ရှိ တောင်ကြောများကို သိမ်းနိုင်ပြီးဖြစ်သည်။ သို့သော် ထိုအချိန်တွင် တပ်ရင်းကြီး (၁၃၈)တွင် ရိက္ခာ ဗလာနတ္ထိဖြစ်နေပေပြီ။ ဗြိတိသျှတို့က တို့၏ ထောက်ပံ့ရေးစခန်းများကို မီးရှို့ဖျက်ဆီးခဲ့ပြီဖြစ်၍ ဆန်တစ်စေ့၊ ကျည်တစ်တောင့်မျှပင် ကျွန်တော်တို့အတွက် မချန်ထားပေ။ ကျွန်တော်နှင့် ကျွန်တော့်ရဲဘော်တစ်စု ရန်သူ့စခန်းတွင် အပတ်တကုတ် လိုက်ရှာရာမှ အမဲစဉ်းကော်ဘူး သုံးဘူးမျှသာရသည်။

ဤသို့အခြေအနေမျိုးတွင် ဆက်တိုက်ဖို့ မျှော်လင့်နိုင်ပါဦးမည်လား။ ဧပြီ ၅ ရက်နေ့ရောက်သောအခါ ကျွန်တော်တို့တွင် ရိက္ခာပြတ်လေပြီ။ ဧပြီလ တတိယပတ် ရောက်သည့်အခါတွင် အနည်းငယ်မျှသော ဘီစကွတ်မုန့်နှင့် အမဲစဉ်းကောကို ချွေတာစားရင်း ငတ်ပြတ်ဆာလောင်မှုကို နှစ်သိမ့်လျက်သာနေကြသည်။

ရန်သူက မိမိတို့ကို တက်မတိုက်မီ ခြေဆင်းအမြောက် အကြီးစားအမြောက်များ၊ အလတ်စားအမြောက်များဖြင့် အခင်းအနားဖွင့်လှစ်လေ့ရှိသည်။ ကျွန်တော်တို့ကမူ တစ်နေ့လျှင် အမြောက်ဆန် အနည်းငယ်မျှသာ ချွေပစ်၍ တုံ့ပြန်နိုင်သည်။ ထိုစဉ် ဗြိတိသျှတို့က အတောင့်ပေါင်း ရာထောင်ချီ၍ မိုးလို ရွာချလိုက်သည်သာ ဖြစ်သည်။ ဤသို့ မီးတဟုန်းဟုန်း မုန်တိုင်းကျလာချိန်တွင် ပြေးကာလွှားကာ အမောတကော အကာ



အကွယ်ရှာကြရသည်။ အမြောက်ဆန်များ ကွဲရာမှ ဖြာထွက်လာသော အစအနများက အဟုန်ပြင်းစွာဖြင့် ဝင်လာရာ ခေါင်းတခြား ကိုယ်တခြားဖြစ်သူဖြစ်၊ ဝမ်းဗိုက်ပွင့်သူပွင့်၊ ခြေလက်ပြတ်သူပြတ်နှင့် မည်မျှကြောက်မက်ဖွယ်ကောင်းသည်ကို မပြောပြတတ်ပါ။ ကျွန်တော်တို့မျက်စိအောက်တွင်ပင် ရန်သူက တပ်အင်အားဖြည့်၊ ခဲယမ်းလက်နက် ဖြည့်တင်းပြီး မကြာမီ ဝင်တိုက်သည်ကိုကြုံကြရသည်။ မွန်းလွဲ ၃နာရီလောက်တွင်မှ လက်ဖက်ရည်သောက် တစ်ထောက်နားသည်ကို မိမိတို့မှန်ပြောင်းများ၌တွေ့ရသည့်အခါတွင်မှ ရန်သူ့အမြောက်ဒဏ်မှ သက်သာရာရကြပါသည်။ ကျွန်တော်တို့ လက်ထဲရှိ ရိုင်ဖယ်များဖြင့် ထိထိရောက်ရောက်ပစ်နိုင်ရန် မမီသည့် အကွာအဝေး၌ ရှိနေ၍ လက်ပိုက်ကြည့်နေရန်သာ ရှိပါသည်။

ကိုဟီးမားကို ကာလကြာမြင့်စွာ ရုံထားသည့် အချိန်တွင် ရန်သူတိုက်လေယာဉ်များက မိမိတို့နှင့် မျက်နှာချင်းဆိုင်ရှိ တောင်ကမ်းပါးယံကိုဖြတ်၍ ပျံကာ ပို့ဆောင်ရေးလေယာဉ်များက ၎င်းတို့ရှေ့တန်းတပ်များကို လက်နက်ခဲယမ်းနှင့်ရေ ချပေးပါသည်။ ကျွန်တော်တို့သည် အမဲသား၊ ငါး၊ ဆန်၊ ရိုင်ဖယ်နှင့် စက်သေနတ်များအတွက် ကျည်မရှိသည့်ဘဝတွင် ငေးကြည့်နေရုံမျှအပ ဘာမျှမတတ်နိုင်ပါ။ တစ်ခါတစ်ရံတွင် ကျွန်တော်တို့၏နေဝန်းနီတံဆိပ်ပါ တိုက်လေယာဉ်များသည် လေယာဉ်ပစ်စက် အမြောက်များ သဲသဲမဲမဲပစ်သည့်ကြားမှ ကျွန်တော်တို့ကို လာရောက်ကူညီပစ်ခတ်ပေးပါသည်။ သို့သော် ခဏမျှသာနေနိုင်ကြပြီး ကိုဟီးမားတောင်ကြောမှဝေးရာသို့ ပျောက်ကွယ်သွားကြပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဖြစ်ပွားနေဆဲ တစ်ချိန်တွင် ကျွန်တော်တို့၏ တပ်မှူး ဗိုလ်မှူး ရှိဘာဇာကီသည် လက်ပစ်ဗုံးမှန်၍ ကျဆုံးသွားခဲ့သည်။ အချိန်မှာ အင်ဖားစစ်ဆင်ရေးကို စတင်လိုက်ပြီး နောက်တစ်လအကြာ ဧပြီလ ၁၈ ရက်နေ့တွင် ဖြစ်ပါသည်။ ကျွန်တော်တို့သည် စိတ်မချမ်းမသာနှင့်ပင် နောက်တစ်နေ့နေ့ သူ၏နေထိုင်ရာဒေသရှိ သင်္ချိုင်း၌ ဂုဏ်ပြုထားရှိနိုင်ရန် သူ၏ လက်ကိုဖြတ်၍ မီးသင်္ဂြိုဟ်ကြပါသည်။ တစ်နေ့တွင်လည်း ကျွန်တော်တို့ တောလမ်းအတိုင်း ချီတက်နေစဉ် ရှေ့ပြေးက သစ်ပင် နှစ်ပင်ကြားတွင် ဆင်ထားသော စနက်ရှားနန်းကြိုးကိုဝင် တိုက်မိရာ ထောင်ထားသော လက်ပစ်ဗုံးများထကွဲပြီးနောက် စက်သေနတ်များဖြင့်လည်း အပစ်ခံရပါသည်။ ကျွန်တော်တို့ ရဲဘော်အချို့ကျသွားသည်။ ကျွန်တော်မှာမူကား နောက်မြီးမှ လိုက်လာရသူဖြစ်၍ဘာမျှ မဖြစ်ပါ။

မေလအလယ်တွင် ဗြိတိသျှ တပ်မ(၂)က ကိုဟီးမား တောင်ကြောကိုပြန်သိမ်းနိုင်ခဲ့သည်မှာ အမှန်အားဖြင့် ဆန်းလှသည် မဟုတ်ပါ။ ကျွန်တော်တို့ဘက်မှ ဆုံးရှုံးမှုမှာ ကြောက်မက်ဖွယ်လိလိပင်ဖြစ်သည်။ ကျွန်တော်တို့ စစ်သည်များက သတ္တိ ပြောင်ပြောင်ဖြင့် မဆုတ်မနစ်တိုက်သော်လည်း ရိက္ခာဆိုသည်မှာ ဗလာ၊ အမြောက်ပစ်စရာနတ္ထိ၊ ရိုင်ဖယ်၊ စက်သေနတ်ကျည်ပင် လက်ကျန်မရှိတော့ဘဲ တိုက်ကြရသည်။ နောက်ဆွယ်ဝန်ထမ်း တပ်များ၏ ထောက်ပံ့မှုကိုလည်း မရခဲ့ပေ။ ဤသို့သော အခြေ အနေမျိုးတွင် ၎င်းတို့မည်ကဲ့သို့ ဆက်တိုက်နိုင်ကြလိမ့်မည်နည်း။ မုတ်သုံရာသီစပြီဖြစ်၍ ကိုဟီးမားဒေသကလည်း ကမ္ဘာပေါ်တွင် မိုးအများဆုံးဒေသဟူ၍ အကျော်ဇေယျ နာမည်တစ်လုံးနှင့် ဒေသပင်ဖြစ်သည်။ မစဲဘဲရွာသည့် မိုးဒဏ်ကို ကာကွယ်စရာ



မရှိ၊ သစ်ပင်အောက်ခိုလျှင် ရန်သူ၏ အမြောက်ဆန်များက ထိုသစ်ပင်သာမက ဝန်းကျင်ရှိ အရာအားလုံးကို ချေမှုန်းလိုက်သည်သာ။ ကောင်းကွက်တစ်ခုတော့ရှိပါသည်။ မိုးရွာနေဆဲတွင် အမြောက်ပစ်ခတ်မှု အရှိန်လျော့သွားတတ်သည်။ သို့သော် စဲသွားလျှင် နဂိုအတိုင်းပြန်ပစ်တော့သည်။

မိုးထဲတွင် ထမင်းချက်၍မရပါ။ တစ်ခါတစ်ရံ ကျွန်တော်တို့သည် အောက်ခြေခြုံပိတ်ပေါင်းတို့ကိုစု၍ မီးဖိုကာ သစ်ရွက် အစ်ဖုတို့ကို ပြုတ်ဖြော၍ ပြင်းပြလှသော ဆာလောင်မွတ်သိပ်မှုကို ဖြေသိမ့်ရန် တစ်ခုတည်းသောနည်းအဖြစ် ဝါးမျိုကြရသည်။ ရန်သူက အမြောက်နှင့် တစ်ဖန်ဆက်ပစ်သည့်အခါ "ရေမျောက် ဆောင်ချောက်" ဟု အမည်ပေးထားသည့် တစ်ယောက်ပစ်ကျင်း အသီးသီးတွင် ဝင်နေကြရသည်။ ဒလဟောရွာသည့်မိုးကြောင့် ကျင်းများလည်း ရေပြည့်နေရာ ကျင်းထဲရပ်နေသူ၏ ရင်ခေါင်း အထိ ရောက်နေသည်။ ကျွန်တော်တို့မှာ သည်းညည်းခံနိုင်မှု၏ အဆုံးစွန်ဖြစ်သော စံချိန်သို့ ရောက်နေပေပြီ။

အင်ဖားစစ်ဆင်ရေး စခါစတွင် အင်အား ၃,၈၀၀ရှိသော ကျွန်တော်တို့၏ တပ်ရင်းကြီးမှာ ဗိုလ်ချုပ်ကြီး [1] က ဆုတ်ခွာရန် အမိန့်ပေးလိုက်သည့်အချိန်တွင် အသက်ရှင်နေသူ ရာဂဏန်း အနည်းငယ်မျှသာ ကျန်ပါသည်။ မိုးမှအကာအကွယ် မရှိသော ကျွန်တော်တို့၏ စစ်ဖိနပ်များမှာ ဆွေးမြေ့ကုန်ပြီဖြစ်၍ ကိုင်း ကောက်ရိုးတို့နှင့် စည်းနှောင်ထားရကာ မတ်စောက်သည့်အထဲ ဖြင့်ချော်နေသော လှုသွားလမ်း၌ ကျည်မရှိတော့သည့် ရိုင်ဖယ်

---

[1] တပ်မ(၃၁) တပ်မမှူး ဒုတိယဗိုလ်ချုပ်ကြီးဆာတိုကို ရည်ညွှန်းခြင်း ဖြစ်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com



သေနတ်များကိုထမ်းရင်း ချည့်နဲ့နွမ်းလျနေသော မိမိတို့ခန္ဓာ ကိုယ်ကို ဝါးလုံးတောင်ဝှေးဖြင့်မှေး၍ တရွေ့ရွေ့ လှမ်းကြ ရသည်။ ကျွန်တော်တို့၏ဆေးတပ်သားများသည် ဒဏ်ရာရသူ များကို ထမ်းစင်ဖြင့်ထမ်းရင်း လမ်းလျှောက်နိုင်သည့် လူနာ များကိုတွဲခေါ်ရင်း ခြေချော် တစ်လိမ့်၊ လဲချည် တစ်လှည့်ဖြင့် ခရီးဆက်ကြရသည်။ အချို့မှာ သူတို့ကိုယ်တိုင်ပင် အားအင် ချည့်နဲ့နေကြသဖြင့် တဗိုင်းဗိုင်းလဲလျက်ရှိကာ ကိုယ်စီထမ်း နှစ်ပါးစလုံး သံပတ်ကုန်သည့်အခြေဆိုက်နေသဖြင့် လူနာအား ညည်းညူအော်ဟစ်နေသောအခါ" သိပ်မညည်းနေနှင့်၊ ငါတို့ လွှတ်ချလိုက်ရုံပဲ၊ မင်းရော ထမ်းစင်ရော ချောက်ထဲဝဲဆင်း သွားမှာ" ဟု ပြောလေ့ရှိသည်။

ရေခဲတမျှအေးသော မိုးရေပေါက်များက မညှာမတာ ကျွန်တော်တို့ကိုယ်ပေါ် တပေါက်ပေါက်ကျလျက် ရှိသည်။ ကျွန်တော်တို့ ခန္ဓာကိုယ်မှာ နေ့ရောညပါ စိုရွှဲနေကာ ရိုးတွင်း ချဉ်ဆီထိစိမ့်အောင် အေးလှသည်။ မိုးဒဏ်ခဏမျှဖြစ်ဖြစ် သက်သာရာရမည်ဆိုလျှင် ဘယ်လိုနေရာမျိုးမဆို ခိုဝင်ရန် ချောင်းလျက် ရှိကြသည်၊ တစ်ခါကတောထဲတွင် ရွက်ထည်တဲ တစ်လုံးတွေ့၍ ဝင်ကြည့်ရာတွင် အထဲ၌ သူနာပြု ဆရာမ နှစ် ယောက်တို့၏အလောင်းများကို တွေ့ရသည်။ ရခိုင်တောင် တန်းကိုဖြတ်၍ ဤမျှဝေးခေါင်သည့်နေရာတွင် အမျိုးသမီး များကို ဤသို့တွေ့ရသည်မှာ ယူကျုံးမရဖွယ် စဉ်းစား၍ပင် မရနိုင်သော ကိစ္စပင်ဖြစ်သည်။ တပ်မတော်က ဤအမျိုးသမီး များကို လုံခြုံရာသို့ဘာကြောင့် မပို့ထားနိုင်ရသနည်းဟု အချင်း ချင်း မေးမြန်းဝေဖန်ကြသည်။ နောက်တဲတစ်လုံးတွင်လည်း မိမိကိုယ်ကိုမိမိ သတ်သေလိုက်သည့် စစ်သားသုံးယောက်တို့၏



အလောင်းများကိုလည်းတွေ့ရသည်။ သေဆုံးနေသည့် သူနာပြု ဆရာမကလေးများနှင့် မိမိကိုယ်ကိုမိမိ သတ်သေလိုက်ကြ သည့် စစ်သည်တို့၏ အလောင်းများကဲ့သို့သော အနိဋ္ဌာရုံ မြင်ကွင်းများကို မည်သို့လျှင် စိတ်အာရုံမှ ဖယ်ရှား၍ရနိုင် ပါအံ့နည်း။ သို့နှင့် ကျွန်တော်ကတော့ အသက်မသေဘဲ လွတ် မြောက်ရမည်ဟု သန္နိဋ္ဌာန်ချလိုက်တော့သည်။

သေဘေးမှလွတ်မြောက်ရန် ဘောမဲ့ရာမြေသည် တောဖုံး နေသည့် ဤရခိုင်တောင်တန်းကြီး၏ ထိုမှာဘက်၌ တည်ရှိ သည်။ မိုးထဲ၌ထိုင်ချရန်ပင် နေရာရှားသည့်အတွက် မတ်တတ် ရပ်လျက်ပင် ခေတ္တမျှ ငိုက်မျဉ်းကြရသည်။ ကျွန်တော်တို့၏ ရှေ့မှထွက်လာသူ ရဲဘော်များအနက်မှ သွားရင်းအသက် ကုန်သွား သူတို့၏အလောင်းကောင်များကြောင့် လမ်းဘေး ပတ်လည်ရှိနေကာ မိုးရေထဲ၌ အပုပ်နံ့က လှိုင်နေသည်။ အချို့မှာ တစ်ပိုင်းတစ်စ အရိုးကျလျက်ရှိသည်။ ကျွန်တော်တို့မှာ တောင်ဝှေး ထောက်ကာထောက်ကာ သွားသည့်တိုင် ရေစား၍ ပေါ်နေသည့် ကျောက်တုံးများ၊ ငေါထွက်နေသည့် သစ်မြစ် များနှင့်တိုးမိလျှင် တစ်လှမ်းချင်း မနည်းအားတင်း၍ လာရသော ကျွန်တော်တို့မှာ မဟာန်နိုင်ဘဲ အလောင်းများအကြား ဟပ်ထိုး လိမ့်ကျတတ်သေးသည်။

အလောင်းများထဲမှ ထွက်လာသော ထောင်သောင်း ချီသည့် လောက်တို့မှာ ရေစီးတွင် မျောပါလျက်ရှိကြသည်။ အချို့မှာ အရိုးကျရုံမကနေလျက်ထား၍ ဖွေးဖွေးဖြူသည့် အရိုးစုပင်ဖြစ်နေပေပြီ။ ဒူးလောက်နက်သည့် ရေထဲ၌ ဖြူရော် နေသည့် စစ်ဝတ်စုံသာကျန်တော့သည့် အရိုးပဒေသာ မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်မှာ ကျွန်တော့်မျက်စိထဲ၌ ယခုအထိ မထွက်နိုင်ဘဲ ရှိပါသည်။

ကျွန်တော်တို့၏ တပ်မမှူးမသေဘဲ ကျန်သူတို့ကို မီအောင် လိုက်ရင်း ရေဆာလာသဖြင့် ရေကြည်တစ်ပေါက်မျှ ရလိုရငြား လိုက်ရှာရင်း ကျောက်ပပ်ကြားအက်ထဲမှ ထွက်လာသည့်စမ်းဟု ထင်ရသည့်ရေထွက်မှ လက်တစ်ခုပ်ခံ၍ သောက်မည်လုပ်စဉ် လောက်များ ပေါ်လောတက်လာသည်ကိုမြင်မိ၍ လွှင့်ပစ်လိုက် ရသည်။ သေသေချာချာကြည့်လိုက်သည်တွင်မှ စစ်သားဆယ် ယောက်ထက်မနည်း အရိုးကျလျက်ရှိနေသည့် ချောင်းကလေး ဖြစ်မှန်းသိရသည်။ အရိုးစုများ အထက်ဆန်တက်သွားမှ ကျွဲများက ရေဆင်းသောက်သည့်နေရာတွင် သောက်ရေရ တော့သည်။

ကျွန်တော်တို့သည် လူသေအလောင်းများ ပြန့်ကျဲလျက် ရှိသော ဆုံးနိုင်ခဲ့သည့် လမ်းအတိုင်း လျှောက်၍သာလာကြ ရသည်။ စားစရာမရှိသလောက်ဖြင့် ကျိန်းစပ်နေသော ခြေဖဝါး များဖြင့်၊ မသယ်ချင်လောက်အောင်ပန်းလျနေသော ခြေထောက် တို့ဖြင့် တောင်ဝှေးများထောက်ကာထောက်ကာ ရက်ပေါင်း မရေမတွက်နိုင်အောင် တနုံ့ခွေခွေလှမ်းရင်း တုန်ဟဲသို့ရောက် ကြသည်။ အိမ်သုံး၊ လေးအိမ်ရှိသော်လည်း ရွာသား တစ်ယောက် မျှ မတွေ့သဖြင့် တစ်နေရာရာ ပုန်းနေကြမည်ဟုတွက်မိသည်။ ငွေစာရင်း အရာရှိ ဆာဆာကိုင်နှင့် အဖွဲ့က ကုန်းကြောင်း ဆက်နှင်ကြမည်ဖြစ်သော်လည်း ပို့ဆောင်ရေး တပ်စိတ်မှူး တပ်ကြပ်ကြီး မာဆူး၃ါး၊ ဖူကူရှီးမား၊ ကာနိုနှင့် ကျွန်တော် အပါအဝင် လေးယောက်တို့က သောင်ထွတ်အထိ ချင်းတွင်း မြစ်ကို စုန်မျှောရန်ဆုံးဖြတ်လိုက်ကြသည်။ သောင်ထွတ်ရောက်



လျှင် စားစရာရလိမ့်မည်ဟု မျှော်လင့်ကြသည်။ ကျွန်တော်၏ အဖော်များမှာ ကျွန်တော်ထက် ၇ နှစ်စီ ၈နှစ်စီ အသက် အရွယ်အားဖြင့် ကြီးကြပြီး အတွေ့အကြုံအားဖြင့်လည်း ပိုရှိ ကြသည်။ စထွက်ရန်ပြင်ချိန်မှာ ညနေ ၃ နာရီရှိနေရာ ဖောင် ဖွဲ့ပြီး တုန်ဟဲမှ နေမဝင်မီထွက်ရန် အချိန်မရှိသလောက်ပင် ဖြစ်သည်။ ကျွန်တော်တို့ ဝါးတောထဲဝင်၍ အချင်း ၅ စင်တီ မီတာ မှ ၇ စင်တီမီတာ ( ၂ လက်မ ကျော်ကျော် ) အလျား ၅မီတာ (၁၅ပေခန့်) ဝါးအလုံး ၃၀ ဖြင့် ဖောင်ဖွဲ့သည်။ ညနေ ၅ နာရီခန့်တွင် ဖောင်ကိုရေချရန် အသင့်ဖြစ်နေချိန်တွင် မှောင်နေပေပြီ။

မိုးလယ်ရောက်နေပြီဖြစ်၍ မြစ်ရေသည် အုတ်ခဲရောင် သန်းနေပြီး ရေစီးမြန်ကာကြမ်းသည်။ ရေမော် ရေတိမ်ပိုင်း၌ လှိုင်းခေါင်းဖြူ ဂယက်ထနေသည်။ ဖောင်ကိုရေစီးထဲတွန်းချ၍ “သွားကြစို့” ဟု ဆိုကာ ဖောင်ပေါ်တွယ်တက်လိုက်ကြသည်။ သို့ရာတွင် လူအလေးချိန်ကို ဖောင်ကမနိုင်သဖြင့် ထိုင်လျက် ခါးအထိ ရေထဲနစ်နေသည်။ သို့နှင့်ကမ်းပြန်ကပ်ပြီး နောက်ဝါး အလုံး ၂၀ ပြန်ခုတ်ကာ ဖောင်တွင် တွဲချည်လိုက်မှ ဟန်ကျသွား တော့သည်။ ရေစီးသန်သည့်မြစ်အလယ် ရောက်သည့်အခါ ကျွန်တော်တို့ ခြေထောက်ပိုင်းသည် ရေအမြဲလိုလိုဖုံးနေသည်။ ကျွန်တော်တို့တွင် နာရီမပါ၍ ဘယ်လောက်ကြာသွားသည် မသိပါ။ မှောင်ကလည်း မှောင်နေသဖြင့် ည ၁၀ နာရီခန့် ရှိမည် မှန်းရပါသည် မိုးတဝေါဝေါရွာလာကာ မိုးကောင်းကင် နှင့် ကြယ်ကလေးများကိုပါ ဖုံးကွယ်သွားခဲ့သည်။ အသည်း ခိုက်အောင် ချမ်းလာ၍ ခေါင်းချင်းဆိုင်ကာ ပူးကပ်နေကြ သော်လည်း ခိုက်ခိုက်တုန်လျက်ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရှေ့ညာဘက်တွင် နီရဲနေသော မီးဖိုကိုမြင်လိုက် မိသည်။ "ဒီမီးဟာ တို့ရည်မှန်းချက်ရောက်ပြီဆိုတဲ့ နိမိတ်ပဲ" ဟု မာဆူးဒါးက ဆိုသည်။ ဖူကူရှီးမားက "ရောက်တာတော့ မြန်ပါလား ကုန်းပေါ်ကဆိုရင် တစ်ပတ်လောက်ကြာမှာ" ဟု ပြောသည်။ ကျွန်တော်တို့လည်း ဖောင်ကိုကမ်းကပ်ဖို့ ကြိုးစား ကြသည်။ တတ်နိုင်သမျှ မီးပုံနှင့်နီးအောင် ကပ်လိုကြသည်။ ကမ်းပေါ်က ရဲဘော်များကလည်း ကျွန်တော်တို့ကိုမြင်၍ ကူညီဖို့ဆင်းကာ ကြိုကြသည်။ သို့သော် ရေစီးက ဖောင်ကိုမြစ် လယ်သို့ တွန်းပို့လိုက်သဖြင့် ဖောင်နှင့်ဆက်မျောပါသွားကြ ပါသည်။ ကျွန်တော်တို့ ဆာလောင်နေကြသော်လည်း ဆန် အနည်းငယ်သာ ကျွန်တော့်အိတ်ထဲ၌ပါသည်။ ဆန်စေ့များမှာ ရေစို၍ နူးနေသော်လည်း စားစရာဟူ၍ ဤဆန်သာရှိသဖြင့် ဝေမျှပြီးကြွက်များပမာ ဝါးစားလိုက်ကြသည်။

"တို့ဖောင်ကို လှော်ခတ်ပြီး ကမ်းကိုကပ်ဖို့တော့ လမ်း မမြင်ဘူး၊ ဒါကြောင့် ကမ်းဘက်နီးသွားတဲ့အခါ ကမ်းပေါ် ရောက်အောင် မင်း ရေကူးသွားမလား၊ ကာနိုနဲ့ ငါကတော့ ရေမကူးတတ်ဘူး၊ ဒီတော့ မင်းကို ကြိုးချည်ပေးလိုက်မယ် ကမ်းပေါ်ရောက်ရင် ဖောင်ကိုဆွဲ ကပ်ပေးပေါ့" ဟု တပ်စိတ် မှူးက ကျွန်တော့်ကိုပြောပါသည်။ ကျွန်တော်က ကြိုးကို ရှည် သွားအောင် ဆက်လိုက်ပြီး တစ်စကိုခါးတွင် ချည်လိုက်ပါ သည်။ ဖောင်သည် ကမ်းနှင့် ၁၀မီတာ ခန့်သာ ကွာသော အနေအထားသို့ ရောက်လာသည်။ သို့သော် ထိုထက်ပိုကပ်၍ မရဘဲ ကြိုးကလည်း မမှီတမှီဖြစ်နေသည်။ သို့နှင့် ကျွန်တော်က "ကျွန်တော် ခုန်ဆင်းတော့မယ်၊ နစ်သွားရင်တော့ ကြိုးနဲ့ပြန် ဆွဲတင်ပါ" ဟုမှာပြီး လန့်ကွတ်တီသာ ဝတ်လျက်ရေထဲသို့ ခုန်



ဆင်းလိုက်သည်။ ကျွန်တော်သည် အနီးဆုံးကမ်းနေရာသို့ အားကုန်ကူးသော်လည်း ရေစီးကို မလွန်နိုင်သဖြင့် ယက်ကန် ယက်ကန်နှင့် တဖြည်းဖြည်းရေထဲနစ်ကာ ရေတော်တော်များများ မျိုချမိသည်တွင်မှ ဖောင်ပေါ်ပြန်ဆွဲတင်လိုက်ကြပါသည်။ ဖူကူရှီးမားက "ကျွန်တော့်အလှည့်ပဲ"ဟုဆိုသဖြင့် ကျွန်တော့် ခါးမှကြိုးကို ဖြုတ်ပေးလိုက်ပါသည်။ သူက သွက်လက်စွာ ရေထဲငုပ်သွားပြီး ကျွန်တော်တို့ရှေ့ ၇ မီတာ၊ ၈မီတာခန့်တွင် ပြန်ပေါ်လာရာ သူလုပ်နိုင်လိမ့်မည်ဟု ကျွန်တော် အားတက် သွားပြီး "ရေမော်ကိုဖြတ်ပြီး ကမ်းပေါ်တက်လိုက်၊ ကျွန်တော် တို့လည်း ခင်ဗျားနောက်က တအားလှော်ပေးမယ်"ဟု အော်ပြီး အားပေးလိုက်ပါသည်။ နောက်ဆုံး နှစ်မီတာ သုံးမီတာခန့်ကို ခက်ခက်ခဲခဲကူးရပုံပေါက်သည်။ သို့သော် တစ်နည်းနည်းဖြင့် တော့ရောက်သွားပါသည်။ ကျွန်တော်တို့ ဖောင်လည်း ကမ်း နှင့် အတော်နီးနေပေပြီ။ ကာနိုက "ကြိုးကို သစ်ပင်မှာ ချည်လိုက်" ဟု လှမ်း၍ပင် ပြောလိုက်ပါသည်။ သို့သော် ဖူကူရှီးမား ကမ်းပေါ် ကုတ်ကတ်တက်စဉ် ခလုတ်တိုက်မိ သည်တွင် ကိုယ်တွင် မချည်ဘဲ လက်ထဲ၌ ကိုင်ထားသော ကြိုးစလွတ်သွားကာ ဖောင်လည်း တဝဲလည်လည်နှင့် မြစ် လယ်သို့ ပြန်ထွက်သွားပါသည်။ သူသည် လန့်ကွတ်တီသာ ဝတ်လျက် ကမ်းပါးအတိုင်း ပြေးလိုက်ရင်း "ဝါဒါဖောင်ကို ကမ်းဘက်ပြန်လှော်လာခဲ့" ဟု မှာသော်လည်း ကျွန်တော် တို့လည်း မကပ်နိုင်သည်နှင့် ဖောင်ပေါ်ရှိ သူ့အဝတ်အစားများ ပြန်ရနိုင်ဖို့လက်လျှော့ကာ လန့်ကွတ်တီနှင့်ပင် တောထဲပြေးဝင် ပျောက်ကွယ်သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် သူ့အတွက် ဘာမျှမလုပ်ပေးနိုင်သဖြင့် မြစ်ပြင်ကို ငေးငိုင်လျက်ကြည့်နေကြသည်။ တော်တော်ကြာမှ ကာနိုက "သူတော့ ဒုက္ခပါပဲ။ လန်ကွတ်တီတစ်ခုတည်းနဲ့ ညဆိုချမ်းနေရှာမှာပဲ။ စားစရာလည်း ဘယ်ကရမှာလဲ" ဟုဆိုကာ နောက်မှ "သူ ကြံဖန်တော့ဖြစ်သွားမှာပေါ့လေ" ဟု သူ့အမေးကို သူပဲပြန်ဖြေလိုက်ပါသည်။ ဆရာကြီးက ခေတ္တငြိမ်နေပြီးမှ "လူသေကောင်ဆီက အဝတ်အစား သူယူမှာပေါ့" ဟု ပြော၍ ဤမထူးမည့်ကိစ္စကို ပြည်ဖုံးကားချလိုက်လေတော့သည်။ ကျွန်တော်က ဖူကူရှီးမားကို ကျွန်တော်တို့ တပ်မတို့ ပြန်မိအောင် ဘုရားမ,ပါဟု ဆုတောင်းလိုက်ပါသည်။ (နောင်အတော်ကြာမှ ဖူကူရှီးမားသည် စစ်ကိုင်းအနီး တောတွင်းတစ်နေရာတွင် အဖျားနှိပ်စက်၍ သေဆုံးသည်ဟု သိရရာ သူ ဤမျှဝေးဆးရောက်အောင် သွားနိုင်သည်မှာ အံ့သြဖွယ်ကောင်းပါပေသည်။)

မိုးလည်း သဲသဲမဲမဲဆက်ရွာနေရာ ရေစီးအား ကောင်းကောင်းနှင့် ဖောင်သည် ညအမှောင်ထုကို မြားတစ်စင်းပမာ တစ်ရှိန်ထိုး တရိပ်ရိပ်ပြေးလျက်ရှိသည်။ ကျွန်တော်တို့ သုံးယောက်သားသည် အချမ်းဒဏ်ကို တတ်နိုင်သမျှ ခုခံရင်း လက်ပိုက်ကာ ကွေးလျက်နှင့် နှုတ်ဆိတ်လျက် လိုက်ပါလာကြရာမှ ကာနိုက ရွာသားများက စစ်တောင်းအောက်ဆက်၍ ဖောင်မျှောရန်မသင့်ကြောင်း စစ်တောင်း အောက်ဘက်တွင် မြစ်ပြင်အပြည့်မျှ ဝဲကြီးရှိရာ ဖောင်ကိုစုပ်၍ ချေဖျက်ကာ ဖောင်ပေါ်ပါသူအားလုံး သေရန်သာရှိသည် ဟုပြောဖူးကြောင်း ဖောက်သည်ချပါသည်။ သူကဆက်၍ "ယူးချောင်းနဲ့ချင်းတွင်းဆုံရာ ယူးဝကိုရောက်ရင် စေတီဖြူဖြူကလေးကို တွေ့ရလိမ့်



မယ်။ အဲဒီမှာ မိုးတွင်းဆိုရင် အမေရိကက နိုင်ယာဂရာ ရေတံခွန်လောက်တောင် ဒီဗလဝါမှုခဝဲသြဲဃရဲ့ အသံက မြည်ဟည်းတာ။ အဲဒီမြစ်ဆုံမတိုင်မီ မဖြစ်မနေ တို့ကမ်းကပ်ရမယ်" ဟုဆိုသည်။

ညသည်ပိန်းပိတ်အောင်မှောင်နေသည်။ ဘယ်အချိန်ရှိသည်ကို မသိနိုင်ပြီဖြစ်သည်မှာ နေဝင် မဝင်ကိုပင် မခန့်မှန်းနိုင်ကြပါ။ သို့သော် မိုးသည် ရုတ်တရက်ရပ်သွားကာ ဖောင်ကို လှိုင်းပုတ်သံမှအပ လောကကြီးသည် ထူးခြားစွာ တိတ်ဆိတ်လျက်ရှိပါသည်။ ထိုအချိန်သည် မွန်းတည့်လား သန်းခေါင်လား မပြောတတ်ပါ၊ မြစ်ကိုမိုးထားသော တိမ်တိုက်မည်းမည်းကြီးက တစ်လောကလုံးကို မင်းမှုလျက်ရှိနေပါသည်။ ထိုနောက်မှ ကမ္ဘာမြေထုထဲမှ ငလျင်က တောင်ကြီးကမ်းပါး ကိုင်လှုပ်ရာမှတော်လည်းသံအလား၊ တဝုန်းဝုန်းတဝေါဝေါ ရေတံခွန်ကြီး ရှေ့တွင်ရှိနေသည့်အလား ကြောက်မက်ဖွယ်ရာ အသံကြီးပေါ်ထွက်လာပါသည်။ အထိတ်တလန့်နှင့် နှလုံးခုန်ရပ်သွားသကဲ့သို့ပင် ဖြစ်ပါသည်။ ကျွန်တော်တို့ကို ကြမ္မာငင်လေပြီလား။ ဖောင်၏အရှိန်သည်လည်း ပိုမြန်လာကာ အသံကြီးပေါ်တွက်နေရာနှင့်နီးလာသည်နှင့်အမျှ မြည်ဟည်းသံကလည်း ပိုပြီးကျယ်လောင်လာသည်။ အချိန်မနှောင်းမီ ဖောင်ကိုရပ်ဖို့ လိုလေပြီ။ သို့သော် ဘယ်လိုရပ်ရအံ့နည်း။ ထိုအခိုက် ညာဘက်တွင် ထုံးဖွေးဖွေးနှင့် စေတီတစ်ဆူကို မြင်ကြရသည်။ စစ်တောင်းသို့ ရောက်လေပြီ ရေစီးထဲတွင် ပေယျာလကန် သဘောထားလိုက်ရုံသာရှိတော့သည်။ ရွာသားများက သတိပေးခဲ့သည့် မြစ်နှစ်မြွာဆုံရာသို့ ရောက်ကြတော့မည် ဖြစ်သည်။ ထိုအခိုက် ဖောင်သည် ရုတ်တရက်တန့်သွားသည်။ ကာနိုက

www.burmeseclassic.com

www.burmeseclassic.com



သစ်သားတုံးတစ်ခုကို ရေထဲပစ်ချလိုက်ရာ ဖောင်အောက်တွင် မလှုပ်မယှက်ပေါလောပေါ်နေသည်။ ထိုသို့ရှိရာမှ ဖောင်သည် ရုတ်တရက်ပင် အသက်ပြန်ဝင်လာသလို လှုပ်ရှားစပြုသည်။

ထိုအခိုက်တွင် သစ်တုံးကြီးတစ်တုံး ဖောင်နားသို့လာသည်နှင့် အရှိန်သတ်ရန်ရည်ရွယ်၍ ကျွန်တော်သည် ကြိုးခွေကို စဖွယ် သိုင်းလျက် ရေထဲဆင်း၍ သစ်တုံးဆီသို့ကူးသွားကာ ဖောင်ဆီ ဆွဲယူသွားပြီး ဖောင်နှင့်တွဲချည်လိုက်သည်။ ယင်းသို့ ချည်ပြီးသည်နှင့် မကြာမီ ရေမှုန်ရေစိုင်ဖွေးဖွေး ထနေသော ဝဲကြီးခွင်ထဲသို့ရောက်ကာ ဖောင်မှ ဝါးလုံးချင်းကြိတ်သံ တကျွိကျွိနှင့် ဖောင်သည် ချာလည်လိုက်ကာ ပါသွားတော့သည်။ ဖောင်တစ်စစီ ကွဲမထွက်ပါစေနှင့်ဟုသာ ဆုတောင်းရင်းနှင့် ပန်းလွန်း၍ အိပ်ပျော်သွားတော့သည်။ ကာနိုက ကျွန်တော့်ကို နှိုးလိုက်ချိန်တွင် အန္တရာယ်ဝဲကြီး၏ စက်ကွင်းမှဖောင်သည် လွတ်လာခဲ့ပြီဖြစ်သည်။ သို့သော် စိတ်ပန်းလူပန်းဖြစ်နေကြပြီ ဖြစ်၍ ကျွန်တော်တို့ သေဘေးမှ လွန်မြောက်ခဲ့သည့် အရသာကို မြည်းပြီးသည်နှင့် မွေ့မွေ့စုန်လျက်ရှိသော ဖောင်ပေါ်တွင် စိတ်ချလက်ချ အိပ်စက်ကာပါသွားကြတော့သည်။

ထိုနောက် ဖောင်ကိုအရှိန်သတ်ပေးနေသလိုဖြစ်သည့် သစ်လုံးကြီး၏အခန်းကဏ္ဍပြီးဆုံးသွားပြီဖြစ်၍ ဖြေလွှတ်သင့် မသင့် ကျွန်တော်က ကာနိုကိုမေးရာ ကာနိုက "တို့ဖောင်စီးတဲ့ စခန်း မြန်မြန်ဓာတ်သိမ်းဖို့လိုပြီ၊ ဖြုတ်လိုက်တော့" ဆိုသဖြင့် ဖြေလွှတ်လိုက်ရာ သစ်လုံးသည် ဖောင်နောက်တွင် မျောကျန် နေသည်။ အရုဏ်ကျင်းလာသည်နှင့်အမျှ တောဖုံးနေသည့် အပိုင်းမှ လွင်ပြင်ပိုင်းသို့ ရောက်လာပြီဖြစ်၍ တော၏အစိမ်း ရင့်ရောင်မှ အရောင်တဖြည်းဖြည်းဖျော့လာသည်။ အမှောင်



ထဲတွင် မြစ်ကမ်းဘေး၌ ကမ်းပါးစောက်ကြီးပမာ ပေါ်လာသည့် ဆေတိဖြူဖြူကိုလည်း မမြင်ရတော့ပေ။ ကျွန်တော်တို့မှာ အိပ်မက်ဆိုးမက်ရာမှ နိုးထလာသူပမာဖြစ်နေကြသည်။

ယခုအခါ ကျွန်တော်တို့ စိတ်အိုက်စရာဖြစ်ရသည်မှာ ရုန်သူလေယာဉ်က ဖောင်ကိုတွေ့မသွားမီ ကမ်းကပ်နိုင်ရေးပင် ဖြစ်သည်။ ရေစို၍ပွနေသော ဆန်စေ့နည်းနည်းစီ ကျွန်တော်တို့ ဝါးစားကြသည်၊ ဆရာဝန်နားကြပ်တစ်ခုနှင့် မားတစ်ချောင်း ရေထဲကျပြီး ဆုံးခဲ့သည်။ အစိတ်အပိုင်းအချို့ကို ဆင်စွယ်ဖြင့် လုပ်ထားသော နားကြပ် ဖြစ်သည်။ ထိုပစ္စည်းနှစ်ခုစလုံးကို ဒေါက်တာ ကာဂျိတာနီက ကျွန်တော့်ကို ပေးထားခြင်းဖြစ်၍ ကျွန်တော် စိတ်မကောင်းပါ။ နေကလည်းပို၍ပို၍ ပူပြင်းလာသည်မှာ တောင်ပစ္စိဖိတ်သမုဒ္ဒရာထဲရောက်နေပြီလား အောက်မေ့ရသည်။ ကျွန်တော်ဝတ်ထားသော ပတ္တူဖိနပ်ကို ချွတ်လိုက်ရာ ခြေဖဝါးအရေပြားသည် ဖိနပ်တွင်ကပ်၍ ကွာထွက်သွားသည်၊ ရေထဲစိမ်ထားသည်မှာ ကြာလွန်း၍ နူးအိသွားခြင်းကြောင့် ဖြစ်သည်။ တပ်စိတ်မှူးနှင့် ကာနိုတို့ခြေထောက်များကား ဤသို့မဖြစ်ပါ။ ကျွန်တော့်ခြေထောက်မှာ နာကျင်လွန်း၍ နေလှန်းထားရသည်။

ထိုနောက် အံ့ဖွယ်ကောင်းလေစွ၊ ဖောင်သည်အလိုလို မြက်ပင်များပေါက်နေသည့် ညာဘက်ကမ်းနားသို့ ကပ်သွားသည်။ ကျွန်တော်လည်း ခြေထောက်နာနေသည်ကို သတိမေ့ပြီး အမှတ်တရမဲ့ ကြိုးစတစ်ဖက်ကိုကိုင်ပြီး ၁၀ မီတာခန့် အကွာရှိ သစ်ပင်၌ ချည်မည်ဟု ရေထဲခုန်ဆင်းလိုက်သည်။ အကယ်တွင်မူ သစ်ရွက်ကြွေများနှင့်သေနေသည့် သစ်ခြောက် သစ်ပင် အစုအဝေးထဲသို့ မြေမာထင်၍ ခုန်ချမိခြင်းဖြစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဒိုက်ထဲ၌မြုပ်ဝင်သွားပါသည်။ ရေအိုက်သည့်နေရာဖြစ်၍ထင်တော်သေးသည် ကမ်းပါးသို့ရောက်အောင် ရုန်းနိုင်ခဲ့သည်။ သို့ရာတွင် တစ်မီတာမျှမြင့်သော ကမ်းပါးပေါ် ကုတ်ကပ်တက်ရန်ပင် အားမရှိတော့၍ ဖောင်ပေါ်ရှိကန်နီက ပြန်ဆွဲတင်ရသည်။

ကျွန်တော် တစ်နာရီခန့်နားပြီးမှ သစ်ရွက်သစ်ခက် ဒိုက်ပြင်ပေါ် အသာတွားရင်း ကမ်းပေါ်ရောက်ကာ သစ်ပင်တွင် ဖောင်ကြိုးကို ချည်နိုင်လိုက်သည်။ ထိုနောက်ဖောင်မှ ဝါးလုံး အချို့ကိုယူပြီး ဖောင်မှကမ်းသို့ ကုန်းပေါင်ထိုးလိုက်ရာ ကမ်းပေါ်သို့ လမ်းလျှောက်တက်နိုင်ကြတော့သည်။ ဤတွင်မှ ဆူးအပြည့်နှင့် ကြိမ်ပိုက်တောတွင် ကပ်မိလျက်သားဖြစ်ကြောင်း သိရ၍ ရှင်ကြီး ကိုးမိခါမှ ကျားထက်ဆိုးမှန်းသိရသလို အဖြစ်မျိုးကြုံရတော့သည်။

ကာနီက "ဝါဒါ မင်းဒီမှာနေ၊ ဆရာကြီးနဲ့ငါ လိုက်ကြည့်ဦးမယ်"ဟုဆိုကာမြန်မာရှာသားများကိုင်လေ့ရှိသည့် ဓားတစ်ချောင်း နှင့်ထွက်သွားကြသည်။ တစ်နာရီခန့်အကြာတွင် ချွေးသီးချွေးပေါက်တရွှဲရွှဲဖြင့် သူတို့ပြန်ရောက်လာကြသည်။ "တို့လမ်းလိုက်ရှာတာ ဟိုတစ်ဖက်မှာ တောက်လျှောက်ရေပြင်ခံနေလို့ ဒီရေပြင်ကို ကူးမှပဲ တို့ကမ်းပေါ်ရောက်မှာ၊ တို့မင်းကို ကျောပိုးသွားမယ် မင်းက ဟိုရောက်ရင် ဖြတ်ကူးပေါ့" ဟု ၎င်းတို့က ရှင်းပြသည်။ ဤမျှလောက် ပူချစ်အိုက်စပ်သည့် တောထဲတွင် လမ်းလိုက်ရှာခဲ့သည့် ၎င်းတို့ကို ကျွန်တော်က ကျေးဇူးတင်ကြောင်း ပြောပါသည်။

ကျွန်တော်တို့ ခဏတစ်ဖြုတ် နားပြီးနောက် ကာနီက ကျွန်တော့်ကိုထမ်းကာ ကြိမ်ပိုက် တောကိုခုတ်ထွင်ထားသော



လမ်းအတိုင်း မိနစ်၄၀ ခန့် သယ်သွားသည့်အခါ သစ်ပင်ကြီးများပေါက်နေသည့် ရေအိုင်ကြီး တစ်ခုပမာရှိသော ရေကြီးကွင်းသို့ရောက်သည်။ ရေကြည်နေ သဖြင့် အောက်မြေသားအထိမြင်ရသည်။ ဆရာကြီးနှင့် ကာနီတို့ကိုတင်ပြီး ကျွန်တော်က ရေကူးရင်း ဆွဲသွားရန် ဖောင် ကလေးနှစ်ခုခန့် လိုမည်ဖြစ်သည်။ ဖောင်များဖွဲ့ပြီးသည်နောက်တွင် ဖောင်ပေါ်၌ ရှိစုမဲ့စု ပစ္စည်းများတင်ကာ တစ်ဖက်က ကျွန်တော့်ခါးတွင် ချည်ပြီးနောက် တစ်ဖက်ကမ်းသို့ ရေကူးသွားလိုက်သည်။ ရောက်သည့်အခါ ပစ္စည်းများကိုဖောင်ပေါ်မှချလိုက်ပြီးနောက် ၎င်းတို့က အခြားတစ်ဖက်၌ ချည်ထားသော ကြိုးစဖြင့် ဆွဲယူလိုက်သည်။ ထိုနောက် ဆရာကြီးက ဖောင်ပေါ်တက်ပြီး ကျွန်တော်က ဖောင်ကို ဆွဲယူလိုက်သည်။

ထိုနောက် ကာနီကူးရန် အလှည့်ဖြစ်သည်။ သူက ဖောင်ပေါ်တက်ရန် ကြိုးစားသည့်အခါ သူက ဆရာကြီးထက် ကိုယ်အလေးချိန်ပိုများသဖြင့် ဖောင်မှောက်မလိုဖြစ်ရာ "မင်းတက်ပြီး သိပ်မလှုပ်နဲ့. ဖောင်စောင်းသွားရင် တွယ်သာထား တို့ဆွဲယူမယ်" ဟု ဆရာကြီးက လှမ်းမှာရသည်။ သို့နှင့် သူတို့ကို သည်မှာဘက်ကမ်းရောက်သည်အထိ တဖြည်းဖြည်း ဆွဲယူလိုက်ပြီးသည်နောက်တွင် ခြေကုန်လက်ပန်းကျကုန်ပြီဖြစ်၍ ထိုနေ့ဘာမျှဆက်မလုပ်နိုင်ကြတော့ပေ။

ညနေမိုးမချုပ်မီတွင် သစ်ရွက်များပုံပြီး မွေ့ရာလုပ်ကာ ကျောဆန့်ကြသည်။ ဤတွင်နေ့အချိန်၌ တောအတွင်း အိုက်စပ်စပ်ရှိသော်လည်း ညမိုးချုပ်လျှင် ချမ်းစိမ့်လာသဖြင့် မီးလှုံလိုကြသည်။ ဆရာကြီးက သူ့အိတ်ထဲမှ ကျည်တစ်တောင့်

www.burmeseclassic.com

www.burmeseclassic.com



မီးခြစ်ဆံ ၃ ချောင်း၊ ခြစ်ရန် ၁ စင်တီမီတာ ပတ်လည်ခန့် ယမ်းပြားထုတ်လိုက်သည်။ သစ်ရွက်ခြောက် လက်တစ်ဆုတ်စာခန့်ဖြင့် မီးမွေးသည်ကို ကျွန်တော်တို့ မျှော်လင့်ချက်ကြီးစွာ ကြည့်နေစဉ် မီးထတောက်ကာ ခဏအကြာတွင် မီးပုံ၌ ကျွန်တော်တို့၏ ရွှင်လန်းသော မျက်နှာများကို တွေ့ရပေတော့ သည်။

"ဆန်များ ကျန်သေးသလား ဝါဒါ" ဟု ဆရာကြီးက မေးရာ ကျွန်တော်က "နည်းနည်းတော့ရှိဦးမယ်" ဟုဖြေလိုက် ပါသည်။ "ဒါဆို ဆန်ပြုတ်ကျဲကျဲကလေးကျိုလိုက်စို့"ဟု ဆို လိုက်ပြီး မကြာမီ ဆန်ပြုတ်ရည်ကျဲကျဲကလေးကို မှိဝဲကြရ ပါသည်။ ဆားမပါသော်လည်း ဝမ်းထဲ၌ ပူနွေးသော အရသာ သည် တစ်ကိုယ်လုံး ပျံ့နှံ့သွားတော့သည်။ မီးဖို၏ အနွေး ဓာတ်ဖြင့်နောက်တစ်နေ့ နံနက်အထိ ကောင်းစွာ အိပ်စက်နိုင် ကြလေသည်။ ကျွန်တော်တို့သည် တောထဲလျှောက်သွားရင်း သစ်ပင်များမှ ပုရစ်ဖူးကလေးများကို လက်လှမ်းမီသည့် တစ်မျိုး တည်းသော အာဟာရအဖြစ် ဆွတ်၍စားကြသည်။ ရှေ့ရှောက် ဘယ်လိုဆက်စခန်းသွားသင့်သည်နှင့် ပတ်သက်၍ ကာနီက ဖောင်ဖြင့် ဆက်မျှောလိုသော်လည်း ကျွန်တော်က တောထဲမှပင် ရွာတစ်ရွာသို့ပေါက်အောင် လမ်းရှာသွားလိုရာ နောက်ဆုံး၌ ဤနည်းဖြင့် ဆက်ကြရန် သဘောတူလိုက်ကြသည်။

နေ့လယ်ခန့်တွင် ကျွန်တော်တို့သုံးဦးသားသည် နှစ်မီတာ ခန့်ကျယ်သည့် ချောင်းကလေးစီးဆင်းနေသော တောင်ကြား တစ်ခုသို့ ရောက်ကြပါသည်။ ကျွန်တော်တို့ ပင်ပန်းလွန်း၍ ကျောက်တုံးများပေါ် ချော်လဲလိုက် ခလုတ်တိုက်လိုက်ရှိရာ တစ်ယောက်ကို တစ်ယောက် မှီတွယ်၍ လျှောက်လာကြပါသည်။ ကျော်လွှားရသည့် အခက်အခဲကြီးမားလွန်းသည့်အခါ ချောင်း ခွင်ကိုခွာ၍ အောက်ဘက်နားသို့မှန်းကာ ပန်း၍ခရီးဆက် ကြသည်။ ဤနည်းဖြင့် တစ်ကွေ့ပြီးတစ်ကွေ့ကျော်လာကာ နောက်ဆုံး ချောင်းသည်၁၀မီတာခန့်အကျယ်ရှိလာသည့်အခါ ချောင်းကမ်းပါးမှာ သဲပြင်ကလေးဖြစ်လာ၍ လျှောက်သွားရန် အဆင်ပြေလာပါသည်။ ထိုနောက် ခွေးဟောင်သံကြားရ၍ နားစိုက်ထောင်လိုက်သောအခါ ဝါးခုတ်သံပါကြားရပါသည်။ အသံရှိရာသို့လိုက်ရာ မျှစ်တူးနေသော ရွာသားနှစ်ယောက်ကို ခွေးတစ်ကောင်နှင့်အတူတွေ့ပါသည်။ ရွာသားများက "ဘယ်လို ဖြစ်လာကြသလဲ၊ ဂျပန်စစ်သားတွေနဲ့ တွေ့ရမယ်လို မမျှော် မှန်းခဲ့ဘူး" ဟုပြုံးရယ်၍ပြောကြပါသည်။ ဆရာကြီးက "ဒီနားမှာ ရွာမရှိဘူးလား"ဟုမေးသောအခါ သူတို့က "နောက် ၄ ကီလို မီတာလောက်သွားရင် ရွာတွေ့မယ်။ ဒါပေမဲ့ ရွာသား တစ်ယောက်မှ ရှိမှာမဟုတ်ဘူး။ လေယာဉ်ကြောက်လို့ သူတို့ တောထဲမှာပုန်းနေကြတယ်"ဟုဖြေပါသည်။ ကျွန်တော်တို့က ထမင်းမစားရသည်မှာ ရက်အတော်ကြာပြီဖြစ်ကြောင်း ပြော သောအခါ သူတို့က ရွာထဲတွင် ဆန်နှင့်အရိုးရမည်ဖြစ်ကြောင်း သူတို့လမ်းပြမည်ဖြစ်ကြောင်းပြောပါသည်။ နေဝင်တော့မည် ဖြစ်ကြောင်းပြောပြီး သူတို့က ခပ်သွက်သွက်နှင်ပါတော့သည်။ ဆရာမာဆူးဒါးနှင့် ကာနီတို့ကတော့ မီအောင်လိုက်နိုင်ကြ သော်လည်း ကျွန်တော့်အတွက်ကတော့ ဘယ်နည်းနှင့်မျှ မဖြစ် နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကာနိုက "ဝါဒါ မင်းမီအောင် တတ်နိုင်သမျှ မြန်မြန်လိုက်" ဟုဆိုသော်လည်း ကျွန်တော့်ခြေထောက်များက လေးလံလျက်ရှိကာ နာလည်းနာလှပါသည်။ သို့နှင့် မှောင်ရည်ပျိုးလာသည်တွင် ၎င်းတို့၏ပုံသဏ္ဌာန်များသည် တဖြည်းဖြည်းမှေးမှိန်ကာ ပျောက်ကွယ်လုမတတ်ဖြစ်သွားပါသည်။ ည ၈နာရီထိုးလောက်မှထင်ပါသည် ရွာသို့ ကျွန်တော် ရောက်လာကာ "ဆရာကြီး ရှိလား။ ကာနီ ရှိသလား" ဟု မေးရာ "တို့ဒီမှာဟေ့" ဟူသော ထူးသံကြားရ၍ စိတ်ချသွားရပါသည်။ သူတို့နှစ်ယောက်နှင့် ရွာသားနှစ်ယောက် ရောက်နေသည့်အိမ်မှာ ခြေတံရှည်အိမ်ဖြစ်၍ အိမ်အောက်တွင် ဝက်များ၊ နွားများထားသည်ဖြစ်ရာ အိမ်ပေါ်သို့ လှေကားထစ်များ ထွင်းထားသည့်သစ်လုံးကို မတက်နိုင်၍ ကျွန်တော့်ကို ဆွဲပြီးတင်ကြရပါသည်။ အိမ်ပေါ်ရောက်သည်နှင့် လုံခြုံပြီဆိုသောအသိကြောင့် ကျွန်တော်သည် အာဟာရပြတ်ရသည့်အထဲ ငှက်ဖျားနှင့် ဝမ်းကိုက်နာတို့ နှိပ်စက်မှုဒဏ်ဖြင့် သတိလစ်သွားပါသည်။

ထိုညတွင် ကျွန်တော်တို့ ရှည်ကြာစွာ မျှော်လင့်တောင့်တခဲ့ရသော ထမင်းကို ကာနိုက ချက်ပေးသည်။ ကြံသကာကို ဟင်းလုပ်စားသည့်အတွက်မနိပ်လှ။ သို့သော် ထမင်းပူပူနွေးနွေးကလေး လွေးရသည်မှာ အဓိကဖြစ်သည်။ မည်သို့ပင်ရှိစေ ကျွန်တော်က ငှက်ဖျားတက်နေ၍ တစ်စေ့မျှပင် မစားနိုင်ခဲ့ပါ။ နောက်တစ်ညတွင် ကျွန်တော် အဖျားတက်ကာ သေမည်လား ရှင်မည်လား လွန်ဆွဲနေသည့်အခြေသို့ဆိုက်ခဲ့သည်။ ဝမ်းကိုက်နာဖြင့် ဝမ်းဒလဟောသွားနေသည့်ကြား အာဟာရပြတ်၍ ကျွန်တော့်မှာ အားကလည်း ကုန်နေပါသည်။ ခြုံစရာစောင်



ရှိပဲ ကြမ်းပြင်သက်သက်ပေါ်တွင် လှဲရင်း ကျွန်တော်သည် ခိုက်ခိုက်တုန်လျက်ရှိသည်။ ကာနိုက "မင်း ထမင်းမစားရင် သေလိမ့်မယ်၊ ထမင်းစားရမယ်" ဟုဆိုကာ ခွံ့ပေးသော်လည်း ကျွန်တော် မေ့မြောသွားပြန်သည်။

ကျွန်တော် လဲနေသည်မှာ ဘယ်နှရက်ကြာသည် မသိပါ ဆရာကြီးနှင့်ကာနီတို့က ဆန်ပြုတ် တိုက်သော်လည်း ကျွန်တော် မျိုနိုင်ပါ။ ကျွန်တော် မြင်လည်းမမြင်၊ ကြားလည်းမကြား၊ ပါးစပ်ကလည်း ဘာမျှမပြောနိုင်တော့။ ထိုနောက်မှ အံ့ဖွယ် တစ်ပါး။ ကျွန်တော် အာရုံပြန်ခံစားလာနိုင်သည်။ ဒယီးဒယိုင်နှင့် ကျွန်တော် မတ်တတ်ထလိုက်သည်။ ငှက်ဖျား မရှိတော့။ မျက်စိထဲ ရှီးတိုးရိပ်တိပ်နှင့် ပတ်ဝန်းကျင်ကို ကြည့်ရာတွင် ကွင်းပြင်နှင့် သစ်ပင်များပေါ် နေပူနေသည်ကို မြင်မိသည်။ တောင်ဝှေးနှင့်ထောက်ပြီး ခြေလှမ်းကြည့်သည်။ မီတာ ၃၀ခန့် တစ်လှမ်းချင်း လျှောက်မိသည်ထင်သည် အိမ်ဘေးရှိမြက်ခင်း ပေါ်တွင် လှဲပြီးနားရသည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိပါ။ နိုးလာသည့်အခါတွင် ကျွန်တော့်ပါးစပ်အနီးတွင် ငှက်ပျောဖက်နှင့် ထမင်းကို တွေ့ရပါသည်။ ရွာသားတစ်ယောက်က ဖြစ်စေ၊ ဘုန်းတော်ကြီးတစ်ပါးကဖြစ်စေ သူ့အတွက် ထမင်းထုတ်ကို ဖြေ၍ ကျွန်တော့်ကို ကျွေးခဲ့ဟန်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်၏နှုတ်ခမ်းတွင် ထမင်းစေ့ကပ်နေသည်ကို တွေ့ရခြင်းကြောင့်ပင်။ ကျွန်တော်က ထိုထမင်းကို တဖြည်းဖြည်းမြုံ့ရင်း သနားကြင်နာတတ်သော မြန်မာလူမျိုးတို့ကို ကျေးဇူးတင်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရက်အနည်းငယ်ကြာသောအခါ ကာနိုက "တို့ဒီမှာ အဖျားပျောက်တဲ့အထိ မစောင့်နိုင်ဘူး။ တို့သွားမှ ဖြစ်မယ် မင်းကို တရှုတ်တိုက် ဆွဲခေါ်ရ ခေါ်ရ စစ်မြေပြင်ဆေး ရောက်တဲ့အထိ သွားကြရလိမ့်မယ်" ဟုပြောပါသည်။ သို့သော် ကျွန်တော် အားပြန်မပြည့်သေးဘဲ နေလည်းမကောင်းသေး မိအောင်မလိုက်နိုင်ပါ။ ဤတွင် ကာနိုက ကျွန်တော့်ကို လည် ကုပ်မှဆွဲကာ အတင်းလျှောက်ခိုင်းပါသည်။ ကျွန်တော့် စိတ် ထဲတွင် ရှိသည့်အတိုင်း "ကျွန်တော့်ဘာသာ နေပါရစေ ကျွန်တော် အိပ်ချင်သလောက် ဒီတောထဲမှာ အိပ်ဦးမယ်" ဟု ပြောရာ ကာနိုက "မင်းတယ်မိုက်ပါလား။ ငါမင်းကို လွှတ်လိုက် တာနဲ့ မင်းအိပ်တော့မှာ ပြန်နိုးတာနဲ့ကို သေမှာ။ မင်းဆက် လျှောက်ရမယ်" ဟုဆိုကာ ကျွန်တော့်ကို တရှုတ်တိုက်ဆက် ခေါ်သွားပါသည်။

တစ်ခါတစ်ခါတွင် သူက သစ်သားတုတ် တစ်ချောင်း ကောက်ယူပြီး ကျွန်တော် အိပ်မည်ကြံသည်နှင့် ကျွန်တော့်ကို ရိုက်ပါသည်။ ကျွန်တော် သူ့ကို တော်တော်မုန်းမိပါသည်။ သို့သော် တစ်ဖက်တွင် ကျွန်တော့်ကိုကယ်ဖို့ သူ ကြိုးပမ်းနေ သည်ကိုလည်းသိ၍ ကျေးဇူးတင်မိပါသည်။ ဆယ်ရက်အကြာ တွင် စစ်မြေပြင်ဆေးရုံတစ်ရုံရှိရာ ကလေးဝသို့ ရောက်ကြပါ သည်။ ကျွန်တော့်အပေါ် ဆရာကြီးနှင့် ကာနိုတို့ အလွန်ပင် ကျေးဇူးကြီးလှပါပေသည်။

၀



## ၅၄။ မြင်း နှင့် နွား

ဗိုလ်ကြီး ဆိအိရယို ယာမာရှိတား၊ တိရစ္ဆာန်ဆေးကုဌာန၊ တပ်မ(၁၅)

ပင်လယ်ဘူး၊ အင်တိုင်းကြီး

၁၉၄၃ ခုနှစ် မတ်လအတွင်းတွင် ကျွန်တော်သည် တရုတ်ပြည်အလယ်ပိုင်း နန်ကင်းမြို့ရှိ တပ်မ (၁၅) ဌာနချုပ်၏ တိရစ္ဆာန်ဆေးကုသမှုဌာနသို့ ပြောင်းရွှေ့ရပါသည်။ ကျွန်တော် သည် တရုတ်ပြည်တွင် သုံးနှစ်မျှတာဝန်ထမ်းဆောင်ပြီးဖြစ်၍ ဂျပန်တွင် တာဝန်ကျမည်ဟု မျှော်လင့်ထား၍ လည်းကောင်း ဌာနချုပ်တွင် မနေဖူးသေးသဖြင့်လည်းကောင်း စိတ်အနည်းငယ် ပျက်မိပါသည်။ နန်ကင်းမြို့သို့ရောက်သောအခါ တပ်မမှူး၊ ဒုဗိုလ်ချုပ်ကြီးယာမာဥချိနှင့် တိရစ္ဆာန်ဆေးကုဌာနမှူး ဒုဗိုလ် မှူးကြီး ကီယိုဆိ ဆာကာတတို့ထံ သတင်းပို့ပါသည်။ ဗိုလ် ချုပ်ကြီးယာမာဥချိသည် ကြည်းတပ်စစ်ဦးစီးတက္ကသိုလ်တွင် ပထမစွဲခဲ့သူဖြစ်ပြီး အမေရိကန် ကြည်းတပ် ဦးစီးတက္ကသိုလ် သင်တန်းဆင်းတစ်ဦးလည်းဖြစ်ကာ ဝါရှင်တန်မြို့တော်ရှိ ဂျပန် သံရုံးတွင် စစ်သံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သူဟု သိရပါသည်။ သူသည် ထွားကျိုင်းသူတစ်ဦးမဟုတ်၊ ပုပုညှက် ညှက် ဖြစ်သည်။

သူထမ်းဆောင်ခဲ့သည့် တာဝန်များအရ သူသည် တိုက် ခိုက်ရေးတပ် တပ်မှူးတစ်ယောက်မဟုတ်ဟု အချို့က သဘော ထားကြသော်လည်း ကျွန်တော့်အမြင်တွင် စစ်သားပီသသူ တစ်ဦးဖြစ်၍ ကျွန်တော်လေးစားသူ တစ်ဦးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ကြီးပြီးသည့်နောက် အိမ်ထောင်ပြု၍ သားဦးရသောအခါ ဗိုလ်ချုပ်ကြီး အမည်နှင့်ဆင်တူ မာဆာဘူမိ ဟု အမည်မှည့်ခဲ့ပါသည်။ နန်ကင်းတွင်ရှိစဉ် အမြောက်နှင့် ထရပ် ကားကြီးများ ဖြည့်တင်းပေးသည့်ပြင် မြင်းများကိုလည်း ဖွဲ့စည်းပုံအပြည့် ဖြည့်ပေးသဖြင့် ကျွန်တော် ဝမ်းမြောက်လျက်ရှိသည်။

၁၉၄၃ခုနှစ် ဖွန်လတွင်မှ ထိုင်းနိုင်ငံသို့ ချီကြရမည် ဖြစ်ကြောင်း အမိန့်ရရှိသည်။ သို့သော် တပ်မကိုပြောင်းရွှေ့ရေး အတွက် ပြင်သစ် အင်ဒိုချိုင်းနားဒေသမှ ဂျပန်သို့ဆန်သယ်သည့် သင်္ဘောများကို သတ်မှတ်ပေးသည့်အတွက် တစ်ပိုင်းတစ်စစီ ခွဲ၍ အလီလီရွှေ့ရသည်။ ဂျပန်သို့ဆန်ပို့ပြီးလျှင် သင်္ဘောတွင် လူနှင့်မြင်းတင်ရန် ပြင်ဆင်ပြီးနောက် တပ်ရိက္ခာစစ်ပစ္စည်း တို့ကို တင်ပြီးလျှင် ရှန်ဟဲသို့ဆိုက်၍ တပ်အင်အားအချို့ကို တင်ပြီး ဆေးဂုံမြို့သို့ပြန်ကာ တပ်ကဆင်းသွားပြီးလျှင် စစ်သည် အိပ်ခန်းစသည်တို့ကိုပြန်ဖြုတ်ပြီး ဆန်တင်ကာ ဂျပန်သို့ခရီး ဆက်ပြီးနောက် ယခင်က အတိုင်းသံသရာ တစ်ခေါက်လည် ပြန်သည်။ ဤနည်းဖြင့် တစ်ပိုင်းတစ်တစ်စီ ခွဲသယ်ယူခြင်း ဖြစ်ရာ တပ်မတစ်ခုလုံး ရွှေ့ပြီးရန် အချိန်တော်တော်ယူရလေ သည်။

ဩဂုတ်လတွင် ကျွန်တော် ဆေးဂုံမြို့သို့လေယာဉ်ဖြင့် သွားရသည်။ နွားများအတွက် သံခွာများ ဝယ်ရန်တာဝန်ဖြင့် သွားရခြင်းဖြစ်သည်။ အင်ဖားစစ်ဆင်ရေးစသည့်အခါ မြန်မာ–အိန္ဒိယနယ်စပ်ရှိ တောင်တန်းကြီးများကိုဖြတ်၍ ရိက္ခာပစ္စည်း များ သယ်ရန် နွားများကို သုံးမည်ဖြစ်၍ ဤကိစ္စပေါ်လာခြင်း ဖြစ်သည်။ ဆေးဂုံတွင် အသင့်လုပ်ပြီး သံခွာများ မရနိုင်သဖြင့် အရပ်ထဲမှ သံသွန်းဖိုသို့သွားကာ နမူနာပြ၍ လုပ်ခိုင်းရသည်။



သူတို့ကလည်း တစ်ခါမျှ ဤကဲ့သို့ သံခွာမလုပ်ဘူးသဖြင့် လုပ်ငန်းမှာ သိပ်မတွင်လှပါ။

ထိုမှ ကျွန်တော်သည် ထိုင်းနိုင်ငံမြောက်ပိုင်းသို့ ရထားဖြင့် ဆက်သွားပြီး နိုဝင်ဘာလတွင် မြန်မာပြည်သို့ အမြန်ဆုံး သွားရန် အမိန့်ရပါသည်။ သို့နှင့်ညလုံးပေါက်မောင်း၍ နေ့တွင် တောထဲ၌ ထိုးအိပ်သည့် ထရပ်ကားတစ်စီးနှင့် ကျွန်တော် လိုက်သွားပါသည်။ တစ်နေရာတွင် ထောက်ပံ့ရေးတပ်က ကျွေးလိုက်သော လိမ္မော်သီးမှာ အရသာရှိလှပြီး ချယ်ရီပန်းများ ပွင့်နေသည်ကိုလည်း ဟိုနေရာ သည်နေရာတွေ့ရသဖြင့် အမိ နိုင်ငံကို ပြန်သတိရမိပါသည်။ နှစ်ဆန်းတစ်ရက်နေ့အကြိုညတွင် ပြင်ဦးလွင်တွင်ရှိရာ ဗြိတိသျှ လေယာဉ်များက ဗုံးကြဲ၍ ကောင်းချီးပေးသွားသည်။

နောက်တစ်နေ့ ညနေပိုင်းတွင် မန္တလေးကိုဖြတ်ကာ ဧရာဝတီမြစ်ကူးဆိပ်သို့ ရောက်ရာတွင် တစ်ဖက်ကမ်း၌ စိမ်းညို့သော တောင်တန်းများပေါ်တွင် ထုံးဖွေးဖွေးစေတီများ နှင့် ပန်းရလှသည်ကို ရှုမဆုံးဘဲရှိနေစဉ် လေယာဉ်အချက်ပေး ဥဩသံကြားမှ စစ်မီးလောင်ဆဲ ပစ္စုပ္ပန်ကာလ ... ပြန်လည် သတိရမိတော့သည်။ မြစ်ကူးတံတားကို ဗုံးအမြဲချလျက်ရှိကာ ပြန်မပြင်နိုင်ဘဲရှိ၍ ညကျမှ ကူးတို့ဖြင့် စစ်ကိုင်းဘက်သို့ ကူး ရသည်။ ထိုမှ ရွှေဘိုသို့ ကားဖြင့်ဆက်သွားရာ တောတွင်း ဖောက်ထားသော မြေလမ်းမှ မောင်းရာ၌ ဖုန်တသောသောနှင့် ရှိသည်။ ညအိပ်နေကြစဉ် မျောက်တစ်အုပ်က သစ်ပင်များပေါ်မှ ဘက်ွကွ နှင့်ဖြတ်သွားကြသည်ကိုကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ဘူး၏အရှေ့ဘက် ဧကီလိုမီတာခန့်တွင် အခြေစိုက်ထားသည့် တပ်မဌာနချုပ်သို့ ၁၉၄၃ခုနှစ်[၁] ဇန်နဝါရီလ ၁၀ရက်နေ့တွင် ကျွန်တော် ရောက်ပါသည်။ ဌာနချုပ်လက်အောက်ဌာနများမှာ ထန်းလက်မိုး ဝါးကာ အဆောက်အအုံများ ဖွင့်လှစ်ထားကြပြီး ရန်သူ့လေကြောင်းတိုက်ခိုက်မှုကို ရှောင်ရှားနိုင်ရန် တောထဲ၌ ဟိုနေရာ သည်နေရာ ဖြန့်ခွဲထားပါသည်။

တစ်ညတွင် ကျွန်တော်သည် ဦးစီးချုပ်ထံသို့ အမိန့်နာခံရန် သွားပြီးနောက် အပြန်လျှောက်လာရာတွင် သစ်ပင်ကြီးတစ်ပင်နှင့် ဝင်တိုက်မိကာ ဖယောင်းတိုင်လွတ်ကျသွားကာ ပိန်းပိတ်အောင် မှောင်နေသော အမှောင်ထုထဲတွင် ပြန်ရှာမရတော့ပါ။ ကျွန်တော်နေသောအိမ်မှာ အနီးတွင်ပင်ရှိမည်ဖြစ်၍ လိုက်ရှာကြည့်ရာ ညလုံးသာပေါက်သည် မတွေ့။ နေထွက်တစ်ပြူတွင်မှ ကျွန်တော့်ရှေ့ ပက်ပင်းမှာပင် ရှိကြောင်းသိရသည်။ တောထဲ၌ တစ်ညလွန်မြောက်ရသည်မှာ ဆိုးရွားလှသည်။ ထိုအချိန်က တပ်များသည် ထိုင်းနိုင်ငံမှတစ်ဆင့် ဝေးလံခက်ခဲစွာ လာကြရသည်ဖြစ်၍ အင်အားတစ်ဝက်မျှသာ ရောက်သေးရာ တပ်များသယ်ပို့ရေးကို ဦးစားပေးလုပ်နေရသဖြင့် ရိက္ခာစသည့်ထောက်ပံ့ရေး၊ ပစ္စည်းများကို မစုပုံနိုင်သေးပေ။ ထိုကြောင့် စားနပ်ရိက္ခာပြတ်သည့်အဖြစ်ကို ရင်ဆိုင်နေရသည်။ ဌာနအလိုက် မျောက်ဥ၊ ကျွေးဥများ တူးဖော်စားရန် အကွက်များကို တောင်စောင်းတွင် ဝေပုံကျ သတ်မှတ်ပေးထားရသည်။ ဤအခြေအနေသည် ကျွန်တော် တရုတ်ပြည်၌ ကြုံခဲ့ရသည့်

---

[၁] ဖြစ်စဉ်များဆက်စပ်မှုအရ ၁၉၄၄ ခုနှစ် ဖြစ်ဖွယ်ရှိပါသည်။



အခြေအနေနှင့် ကွာခြားလှသဖြင့် အသက်နှင့်ကိုယ် အိုးစားမကွဲဘဲ အိမ်ပြန်ရောက်နိုင်ပါမည်လားဟု သံသယ စိတ်များပင် ဝင်လာသည်။

တီရစ္ဆာန်ဆေးကုဌာန၏ အရေးကြီးသော တာဝန်တစ်ရပ်မှာ စတင်တော့မည့် အင်ဖားစစ်ဆင်ရေးအတွက် နွားများဝယ်ယူစုဆောင်းရေးပင်ဖြစ်သည်။ အမှတ်(၁၅)တပ်မတော်က သတ်မှတ်ပေးသည့်ခွင့်၌ ဒုဗိုလ်မှူးကြီးဆာကာတာက သူ၏ရဲဘော်တစ်ဖွဲ့နှင့် တစ်ရွာဝင် တစ်ရွာထွက် နွားလိုက်ဝယ်ရာ ကောင်ရေ ၁,၀၀၀ ခန့်ရပါသည်။ တပ်မတော်က ရည်မှန်းထားသည့် အကောင်ရေ ၂၀,၀၀၀နှင့်တော့ မနီးစပ်ပါ။ စစ်ဆင်ရေး စီမံချက်အရ နွားများဖြင့်ရိက္ခာ တင်ဆောင်၍ စစ်ဆင်ရေးဝင်ကာ ရိက္ခာကို စားသုံး၍ကုန်သည့်အခါတွင် အမဲပေါ်၍ ရိက္ခာအဖြစ် ဆက်လက်စားသုံးရန်ဟူသော ရှေးက မွန်ဂိုစစ်ဘုရင် ဂျေရာဇ်ဂျင်းဂျစ်ခန်၏ကျင့်ထုံးကို အမှတ်(၁၅) တပ်မတော် တပ်မှူးကြီး ဒုဗိုလ်ချုပ်ကြီးမူတာဂူချိက ပြန်လည်ဆန်းသစ်လိုက်သော နည်းပရိယာယ်ပင် ဖြစ်ပါသည်။ ဇန်နဝါရီလကုန်ခန့်တွင် အမှတ်(၁၅) တပ်မတော်၏ တိရစ္ဆာန်ဆေးကုဌာနသို့ ကျွန်တော် ပြောင်းရွှေ့မိန့်ထွက်ပါသည်။ ပြင်ဦးလွင်သို့ အမြန်ဆုံး သတင်းပို့ရမည် ဖြစ်ပါသည်။ ကျွန်တော်က အလွန်အရေးကြီးသည့် စစ်ဆင်ရေးကြီးတစ်ရပ်တွင် ချင်းတွင်းမြစ်ကို တိရစ္ဆာန်များ ဖြတ်ကူးရေးအတွက် ပြင်ဆင်နေဆဲဖြစ်သည့်အပြင် တပ်မသို့ ရောက်သည်မှာလည်း တစ်နှစ်ပင်မရှိသေးဟု အယူခံဝင်သော်လည်း ဗိုလ်မှူးကြီးဆာကာတာ ဖျောင်းဖျလွှတ်လိုက်သဖြင့် ယခင် ၃ ပတ်ခန့်က လာလမ်းအတိုင်း ပြင်ဦးလွင်သို့ပြန်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် လာစဉ်က တစ်ညတာ တည်းခိုခဲ့ရပြီး နောင်ပြန်ရောက်ဦးမည်ဟု မမျှော်မှန်းခဲ့သော ပြင်ဦးလွင်သို့ ကျွန်တော် ပြန်ရောက်သည်။ ဤမြို့သည် ဂျပန်ပြည်ရှိ ကူရိအိဇာဝါမြို့ကဲ့သို့ပင် အပန်းဖြေ နားနေရန်သာယာလှသည့် မြို့ကလေးပင် ဖြစ်သည်။ ပန်းပေါင်း ဝေဝေဆာဆာ ဖူးပွင့်ကာ၊ ရာသီဥတု သာယာလှသဖြင့် ယခင်တာဝန်ကျရာ ရှေ့တန်းဒေသနှင့် ကွာခြားလှသည်။ တပ်မ(၁၅)ကို ကျွန်တော်က အောင်မြင်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါတော့သည်။ ကျွန်တော်သည် မိမိ၏တိရစ္ဆာန်ဆေးကုအဖွဲ့နှင့်အတူ နေချင့်စဖွယ် တိုက်ဖြူကလေးတစ်လုံးတွင် နေထိုင်လျက် အင်ဖားစစ်ဆင်ရေးအတွက် ပြင်ဆင်နေပါသည်။ ထိုအခိုက် မတ်လ၁၅ရက်နေ့တွင် တပ်မ (၁၅)နှင့်တပ်မ(၃၁)သည် ချင်းတွင်းမြစ်ကိုစတင်ကူး၍ တပ်မ (၃၃)က တောင်ဘက်မှ မတ်လ ၈ ရက်နေ့တွင် တက်ရန် ဆုံးဖြတ်ချက်ကျလာခဲ့ပါသည်။

ကျွန်တော့်ကို တပ်မ(၃၁) မြစ်ကူးသည်ကို စစ်ဆေးရန် တာဝန်ပေးလိုက်ပါသည်။ သို့နှင့် တပ်မ(၁၅)မြစ်ကူးသည်ကို စစ်ဆေးရန် တာဝန်ကျသော ဗိုလ်မှူး ယာဆူးဒါးနှင့်အတူ ရထားဖြင့် ပြင်ဦးလွင်မှ မီးရထားဖြင့် ထွက်ကြပါသည်။ စစ်ကိုင်းရောက်ပြီးနောက် ကသာနယ်မြေတွင်းသို့ ဝင်လာသော ဗြိတိသျှလေထီးတပ်များကို တိုက်ရန်သွားမည့် တပ်မ(၁၈)၊ တပ်ရင်းကြီး (၁၁၄)မှ ရင်း(၃)နှင့်အတူ ရထားတစ်စင်းတည်း စီး၍ ထွက်လာပါသည်။ ဤစစ်ဆင်ရေးမှာ ဗိုလ်ချုပ် အော်ဒီဝင်းဂိတ် ကွပ်ကဲ၍ မတ်လ ၁၅ရက်မှစခဲ့သော ဗြိတိသျှတို့၏ မြန်မာပြည်ထဲသို့ လေကြောင်းချီ စစ်ဆင်ရေးကြီးပင် ဖြစ်ပါသည်။ ထိုအချိန်ကမူ ဂျပန်တပ်များက ဗြိတိသျှတို့၏ စစ်ဆင်



ရေး အတိုင်းအတာကို မခန့်မှန်းနိုင်သေးဘဲ အင်ဖားကို မူလ အချိန်ဇယားအရပင် စတင် ထိုးစစ်ဆင်ပါသည်။

ကျွန်တော်သည် ရထားတံခါးပေါက်မှ အပြင်လေ အေးအေးရသဖြင့် တံခါးအနီးတွင် ထိုင်နေရာမှ ဗိုလ်မှူးမတ်ဆူးဒါးနှင့် စကားပြောရန် တွဲအတွင်းပိုင်းသို့ ဝင်လိုက်ပါသည်။ ထိုစဉ်တွင် ရထားသည်တုန်ခါသွားပြီး တွဲသည်ဘေးစောင်းလဲသွားပါသည်။ တံခါးအနီးမှ ရဲဘော်နှစ်ယောက်မှာ တွဲပိ၍ သေဆုံးသွားကြသည်။ တွဲမမှောက်မီ မိနစ်ပိုင်းမျှအကွာတွင် ကျွန်တော် တံခါးနားမှ ခွာခဲ့ခြင်းမှာ ကျွန်တော့်အတွက် ကံကောင်းပေသည်။ ရဲဘော်များ ရထားတွဲများမှ ဆင်းလာပြီး အသင့်နေရာ ယူထားကြသည်။ သို့သော် ရန်သူပေါ်မလာပါ။ ဗြိတိသျှ လေထီးတပ်က ရထားလမ်းကို ဖောက်ခွဲဖြတ်တောက်လိုက်ခြင်းဖြစ်ပေမည်။ ဗိုလ်မှူးယာဆူးဒါးမှာ နံရိုးကျိုးကာ သတိမေ့မျောလျက်ရှိသဖြင့် အခြားဒဏ်ရာရ ရဲဘော်များနှင့်အတူ ခင်ဦးရှိ အခြေစိုက်ဆေးရုံသို့ ပို့လိုက်ရပါသည်။ ကျွန်တော် ခါးမျက်သွားပါသည်။ သို့သော် တာဝန်က ရှိနေသေး၍ ခင်ဦးသို့ ခြေကျင်သွားပါသည်။ ထိုမှ စစ်ထရပ်ကားကြုံဖြင့် ရှေ့တန်းသို့လိုက်ရာ ဟုမ္မလင်းသို့ရောက်သည့်အခါ တပ်မ(၃၁)၏ ဦးစီးအဖွဲ့ထံမှ မြစ်ကူးမှု အခြေအနေများကို ကြားသိရပါသည်။ ပထမတွင် ခြေလျင်က ကူးပြီးနောက် မြင်းများ၊ ထိုနောက်မှ နွားများကို ရေထဲမောင်းချကြပါသည်။ အင်ဂျင်နီယာသတ္တုလှေများဖြင့် ဝန်တင်တိရစ္ဆာန်မောင်းတာဝန်ကျ စစ်သည်များက ထိန်းကျောင်းပေးလျက် လှေများနှင့်ယှဉ်၍ တိရစ္ဆာန်များက ကူးပါသည်။ နွားများ ရေကူးနိုင်သော်လည်း အချို့မှာ ကြောက်စိတ်ဝင်ကာ ကမ္ဘားရှူးတိုး စွပ်တင်၍ အချို့က

www.burmeseclassic.com

www.burmeseclassic.com



မြစ်လယ်ရောက်မှ နောက်ကြောင်းပြန်လှည့်ကာ အချို့မှာ အားကုန်၍ ရေစုန်မျောပါသွားကြသည်။ မြစ်သည် မီတာ၂၀၀မျှ ကျယ်သဖြင့် နွားရောလူပါ ခြေကုန်လက်ပန်း ကျကုန်သည်။ မြစ်ကူးရာတွင် နွားထက် မြင်းများက ပိုကူးရလွယ်သည်။ တိရစ္ဆာန်များ မြစ်ကူးသည်ကို လေ့လာပြီးနောက် ကျွန်တော်သည် ညစိုင်းထွက်သည့် ထရပ်ကားဖြင့် အပြန်ခရီးနှင်ပါသည်။ ဗုံးကြဲလေယာဉ်နှင့် တသီတတန်းဆွဲလာသော စက်မဲ့လေယာဉ် အုပ်စုကြီးတစ်ခု တဝီဝီနှင့် တခမ်းတနားပျံသွားသည်ကို တွေ့ရပါသည်။ နေ့ပိုင်းတွင် ဗြိတိသျှတိုက်လေယာဉ်များသည် စက်သေနတ် တငေါငေါနှင့် ကျွန်တော်တို့ကား သွားနေသည့် လမ်းပေါ်နိမ့်နိမ့်ပျံသည်မှာ မကြာခဏပင်ဖြစ်သည်။ ကံကောင်း၍ ကျွန်တော်တို့စီးလာသော ထရပ်ကားအပျစ်မခံရဘဲ ပြင်ဦးလွင်သို့ ချောချောမောမော ရောက်ပါသည်။ ကျွန်တော်တို့ တိရစ္ဆာန်ဆေးကုအဖွဲ့သည် အခက်အခဲများ ရင်ဆိုင်ကြရသော်လည်း စိတ်ဓာတ်မြင့်မားလျက်ပင်ရှိကြောင်း သတင်းပို့လိုက်ပါသည်။

ကျွန်တော်ပြန်ရောက်ပြီး မကြာမီ တပ်တော်ဌာနချုပ်ကို အင်တိုင်းကြီးသို့ရွှေ့ပါသည်။ အများနည်းတူ ကျွန်တော်လည်း ထရပ်ကားဖြင့် လိုက်ပါသွားပါသည်။ စစ်ကိုင်းကိုဖြတ်၍ ချင်းတွင်းမြစ်ကို ကလေးဝ၌ ဖြတ်သည့်အခါ ၁၉၄၂ ခုနှစ် မေလက ဗြိတိသျှတပ်များ အိန္ဒိယသို့ ဆုတ်ရာတွင် စွန့်ပစ်ခဲ့သော ထရပ်ကားများကိုတွေ့ရပါသည်။ ဗြိတိသျှလေယာဉ်များသည် ကလေးဝသို့ မကြာခဏ ရောက်လာကာ ရိက္ခာပစ္စည်းများ စုပုံထားသည်ကိုတွေ့လျှင် ဗုံးကြဲဖျက်ဆီးပါသည်။ ပစ္စည်းများကို ဖြန့်ခွဲသိုလှောင်ထားရန် မြေပြန့် များများစားစား



မရှိသဖြင့် ဟိုနေရာ သည်နေရာထားစဉ် ဗုံးကြဲဖျက်ဆီးခြင်း ခံရလေ့ရှိပါသည်။ ဗြိတိသျှလေယာဉ်များရန်ကြောင့် ကလေးဝမှ အင်တိုင်းကြီးသို့ လမ်းကျဉ်းကျဉ်းကလေးအတိုင်း ညအခါတွင် မီးရောင်မှိန်မှိန်တစ်လုံးတည်းဖြင့် မောင်းကြရသည်။

ကျွန်တော်တို့ ထရပ်ကားများသည် အခက်အခဲ သိပ်မရှိလှဘဲအင်တိုင်းကြီးသို့ရောက်ကြကာ ထန်းလက်မိုး ဝါးထရံကာ အိမ်ကလေးတစ်ခုတွင် ကျွန်တော်တို့နေထိုင်ကြပါသည်။ အိမ်များမှာ တောနက်နက်ထဲတွင်ဖြစ်၍ ရန်သူမသိစေရန် တစ်အိမ်နှင့် တစ်အိမ်ခြားထားကာ ရေဒီယိုဆက်သွယ်ရေး စက်ကိုမူ ၄ ကီလိုမီတာကျော်ကျော် ခွာထားပါသည်။

ဤသို့ ကြိုတင်ကာကွယ်မှုများပြုခဲ့သော်လည်း ကျွန်တော်တို့ စဝင်သည့်နေ့မှာပင် ဗြိတိသျှကင်းထောက် လေယာဉ်များ ကျွန်တော်တို့ ပေါ်ပျံခဲ့ကြရာ မိမိတို့ဝန်းကျင်တွင်ရောက်နေသော အမှတ်(၁၄)တင့်ကား တပ်ရင်းကြီးက လေယာဉ်များကို သဲသဲမဲမဲဝိုင်းပစ်ကြပါသည်။ ထိုနေ့ မွန်းလွဲပိုင်းတွင် တိုက်လေယာဉ်များ အစောင့်လိုက်ပါလာသည့် ဗုံးကြဲလေယာဉ်အုပ်ကြီး တစ်အုပ်လာပြီး ကျွန်တော်တို့ အိမ်များဝန်းကျင်တွင် ဓာတ်ဆီဖြန်းပြီးနောက် မီးလောင်ဗုံးများချရာ တောမီးလောင်သဖြင့် ကျွန်တော်တို့အိမ် တော်တော်များများ မီးထဲပါသွားပါသည်။ ထိုနောက် တိုက်လေယာဉ်များက ထွက်ပြေးသူများကိုပစ်ရန် ထိုးဆင်းလာကြပါသည်။ ကံကောင်းထောက်မ၍ မီးခိုးဖုံးနေကာ ကျွန်တော်တို့ အဖွဲ့သားများအနက်မှ တစ်ဦးတစ်ယောက်မျှ ထိခိုက်ရှနခြင်း မရှိပါ။ ဝါးအိမ်တစ်လုံးကိုလည်း ထိုနေ့ညနေပိုင်းမှာပင်ပြန်ဆောက်နိုင်ပါသည်။ ဆောက်ရာ၌လည်း လွယ်ကူ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကျွန်တော်တို့ ပစ္စည်းများနှင့် စာရွက်စာတမ်းများ ကိုလည်း ပို့လွှတ်ပြီးပြီဖြစ်၍ ဆုံးရှုံးခဲ့ခြင်းမရှိပါ။ ထိခိုက် ပျက်စီးမှုနည်းပါသည်။

အမှတ်(၁၅)တပ်တော် တပ်မှူးကြီး ဒုဗိုလ်ချုပ်ကြီး မူတာဂူချီသည် ဝါးအိမ်ကလေးတွင်ပင် နေပါသည်။ ကျွန်တော်က သူနှင့် စစ်ရေးစစ်ရာများနှင့်ပတ်သက်၍ ၎င်းနှင့် တိုက်ရိုက် ဆက်ဆံရခြင်း မရှိသော်လည်း စိတ်သဘောထားကောင်းသူ လူကြီးတစ်ယောက် ဖြစ်ပုံပေါက်ပါသည်။ ကျွန်တော် ရာထူး တိုးမြှင့်သည့်အမိန့်ထွက်သည့်အခါတွင် တောကြီးတောင်ကြီးထဲ ရောက်နေ၍ ရာထူးတံဆိပ်အသစ်ဝယ်တပ်နိုင်ခြင်း မရှိပါ။ တစ်နေ့တွင် ဗိုလ်ချုပ်ကြီးကခေါ်သည်ဆို၍ မည်သည့်အတွက် ကြောင့် ခေါ်သည်ကိုမသိဘဲ သွားရာ ဗိုလ်ချုပ်ကြီးက တိုးမြှင့် ခံရသည့် ရာထူးတံဆိပ်ကို ကျွန်တော့်အား ပေးပါသည်။ ဤကဲ့သို့ စာနာစိတ်ရှိသည်ကို ကျွန်တော့် စိတ်ထဲ အမှတ် ထင်ထင် ဖြစ်သွားပါသည်။ သူနေသည့် အိမ်အနီးတွင် သဲဖြူ ခင်း၍ လေးတိုင်စင်ကို မိုးထားသော ရှင်တိုဘာသာ ဘုရား ရှိခိုးဆောင် တစ်ခုလုပ်ထားပါသည်။ နံနက်တိုင်းတွင် ဤ နေရာ၌ ထိုင်၍ သူသည် ရှင်တိုဘုရားရှိခိုးဂါထာများကို ကျယ်ကျယ်ရွတ်ဆိုလေ့ရှိပါသည်။ ဂျပန်တို့၏ ထိုးစစ်နောက် ပိုင်း၌ လန်လာသည်တွင် သူသည် ပို၍ပို၍ ဘုရားရှိခိုးကာ အောင်ပွဲဆွတ်ခူးနိုင်ရန်၊ ဘုရားရှင်ကယ်မရန် အထူးဆုတောင်း လျက်ရှိပါသည်။

ကျွန်တော်ကလေးဝသို့ပြန်၍ ဆေးရုံတွင် ယခင် ၉ လ ခန့်ကမှာခဲ့သည့် နွားသံခွာများကိစ္စ စီမံဆောင်ရွက်ရန်အမိန့်ရ ပါသည်။ သံခွာများထုတ်လုပ်ရာ၌ ကျွမ်းကျင်ထိရောက်မှု



မရှိခြင်းနှင့် သယ်ယူပို့ဆောင်ရေး ညံ့ဖျင်းမှုတို့ကြောင့် အချိန် နှောင်းမှ ရောက်လာခြင်းဖြစ်ပါသည်။ သို့နှင့် ဂျပန်တပ်များ ချင်းတွင်းမြစ်သို့ ရပ်ပျက်ဆင်းပျက် ဆုတ်ခွာရသော အချိန် မတိုင်မီ ကျွန်တော်သည် ကလေးဝမှ ပြင်ဦးလွင်သို့ပြန်နိုင်ခဲ့ ပါသည်။

အင်ဖားစစ်ဆင်ရေးတွင် အမှတ်(၁၅)တပ်မတော်သည် မြင်းနှင့်လား ကောင်ရေ ပေါင်း ၁၂,၀၀၀၊ နွား၃၀,၀၀၀နှင့် ဆင် ၁,၀၃၀ ကို အသုံးပြုခဲ့ပါသည်။ ထိုတိရစ္ဆာန်တို့သည် ချင်းတွင်းမြစ်ကိုဖြတ်ကျော်၍ မတ်စောက်ခက်ခဲသည့် တောများ ထဲသို့ ဝင်ရောက်ခဲ့ကြသည်။ မြင်းများအားလုံး သေကျေကြ သော်လည်း လားအချို့မသေဘဲ ပြန်ထွက်လာနိုင်ခဲ့ကြသည်။ ဂျပန်မြင်းများသည် လားများထက် အရင်သေကြလေ့ရှိသည်။ စစ်ဆင်ရေး စဝင်သည့်ရက်မှ ပျမ်းမျှကြေးအားဖြင့် မြင်း တစ်ကောင်သည် ၅၅ရက် အသက်ရှင်၍ လားတစ်ကောင်လျှင် ၇၃ ရက်မျှ အသက်ရှင်နေနိုင်ခဲ့ကြောင်းတွေ့ရပါသည်။ မှတ် သားဖွယ်ကောင်းသည်မှာ ဤမျှ ခက်ခက်ခဲခဲ သွားလာရသော တောတောင်များ၌ ပင်ပန်းကြီးစွာ အလုပ်လုပ်ကြရသည် အကြားမှ ဆင်အားလုံးလိုလိုပင် ပြန်ပါလာနိုင်ခြင်းဖြစ်ပေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com



## ၅၅။ ဧရာဝတီမြစ်ဝကျွန်းပေါ်မှ ထင်းဆောင့်ရေတပ်ဖွဲ့

ဒုဗိုလ် ဟီရိုရှိ ယိုရှီဒါ၊ အမှတ်(၁၂)ကမ်းခြေစောင့်တပ်ဖွဲ့၊
အမှတ်(၁၃)ရေတပ်စခန်း ဌာနချုပ် တောင်ပိုင်းရေတပ်မတော်
ဒသမသင်္ဘောစု၊ ဂျပန်ရေတပ်မတော်
ရန်ကုန်၊ ပဲခူး၊ စစ်တောင်းမြစ်

၁၉၄၃ ခုနှစ်စက်တင်ဘာလတွင် ကျွန်တော်သည် သတ္တုတွင်းဆိုင်ရာ ဘွဲ့ယူပြီးနောက် ရေတပ်ထဲဝင်ရန် ဆင့်ဆိုခြင်း ခံရသဖြင့် တာတေးယာမ ရေတပ်အမြောက်သင်တန်းကို ၈လ မျှသော အချိန်တိုအတွင်း ယားချပင် မကုတ်နိုင်အောင် တက်သုတ်နှင်ကာဆင်း၍ ၁၉၄၄ ခုနှစ်မေလတွင် ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ခြင်းခံရပြီး ရန်ကုန်မြို့တွင် အခြေပြုလျက်ရှိသည့် အမှတ်(၁၂)ကမ်းခြေစောင့်တပ်ဖွဲ့သို့ သင်တန်းဆင်းဘက်များဖြစ်သည့် အိုနီရှိ၊ ဆာတိုတို့နှင့်အတူ ၁၉၄၄ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ရောက်ရှိပါသည်။

ကျွန်တော်သည် မော်တော်ဘုတ် ၁၀ စင်းကို ကွပ်ကဲရသော တာဝန်ရရှိပါသည်။ သင်တန်း၌ မော်တော်ဘုတ်များ ဆိပ်ခံတွင်ချနည်း၊ ကပ်နည်း၊ လှေလှော်ခတ်နည်းတို့ကို ရက်အနည်းငယ်မျှသာ သင်ယူလေ့ကျင့်ခဲ့ရပြီး ကျွန်တော့်အနေနှင့် လေယာဉ်ပစ် အမြောက်ပညာကို အထူးပြုခဲ့သူဖြစ်၍ စိတ်မကောင်းပါ။ သို့သော် မော်တော်ဘုတ်များအားလုံးတွင် တပ်ဆင်ရသည့် ၁၃ မမစက်သေနတ်ကြီးများကို ကိုင်တွယ်ရသော စစ်သည်များ အားသင်တန်းပေးရန် တာဝန်ကိုပါယူရသဖြင့် တော်ပါသေးသည်။ ကျွန်တော့်အတွက် သိက္ခာမကျရပါ။



ကျွန်တော်ကလည်း ဤတာဝန်ကိုကျေကုံရုံမက ကောင်းမွန်လှစွာ ထမ်းဆောင်ခဲ့ပါသည်။

အမှတ်(၁၂)ကမ်းခြေစောင့်တပ်ဖွဲ့တွင် ကမ်းတက်တပ်စုလေးစု၊ ၂၅ မမစက်သေနတ်ကြီး ၄ လက်စီဖြင့် ဖွဲ့စည်းထားသော တပ်စု ခြောက်စု၊ လေယာဉ်ပစ်အမြောက်တပ်ခွဲတစ်ခွဲ၊ တိုက်ရေယာဉ်တစ်စင်း၊ တော်ပီဒိုတိုက်ရေယာဉ် ၇ စင်း၊ အမ်အယ်လ် ၂ စင်းနှင့် အလျား ၁၅ မီတာ ၊ဝန် ၂၄ မက်ထရစ်တန် တင်နိုင်သော မော်တော်ဘုတ် စစ်ရေယာဉ် ၁၅ စင်း ရှိပါသည်။ ဤအမြောက်များနှင့် စစ်ရေယာဉ်များကို မြစ်ဝကျွန်းပေါ်ဒေသတစ်ဝန်းလုံးတွင် ခွဲဖြန့်ထားသဖြင့် ကျွန်တော်၏ တာဝန်တစ်ရပ်မှာ ယင်းတို့ရှိရာသို့ လိုအပ်သည့် စားနပ်ရိက္ခာ၊ ရေနှင့် ခဲယမ်းများ ပို့ဆောင်ဖြည့်တင်းပေးရန်ဟူသော အရေးကြီးသည့် တာဝန်တစ်ရပ်ရှိနေပါသည်။

ကွန်ရက်ပမာယှက်သန်းလျက်ရှိသော မြစ်ဝကျွန်းပေါ်ဒေသ၏ မြစ်ချောင်းအသွယ်သွယ်တို့တွင် ရေယာဉ်ဖြင့် ကူးလူးဝင်ထွက်သွားလာရာ၌ စိတ်ဝင်စားဖွယ်ရာများစွာတွေ့ခဲ့ရသည်။ တစ်ခါက လမုတောထဲ၌ အကောင်ပေါင်းရာချီရှိသည့် ရေမြွေများသည် လတာပြင်မှ တစ်ပြိုင်တည်းဦးခေါင်းများ ထောင်လျက်နေကြသည်ကိုတွေ့ခဲ့ရသည်။ တစ်ခါကလည်း ညဉ့်နက်ချိန်တွင် အဝေး၌ တံခွန်တိုင်ပုံသဏ္ဍာန် မီးရောင်လင်းလက်နေသည်ကို တွေ့ရသည်။ ရေယာဉ်သား မည်သူမျှ ဤကဲ့သို့သော မြင်ကွင်းမျိုး မမြင်ဖူးပေ။ အရောင်အရ ကျွန်တော့်စိတ်ထဲ၌ မီးလျှံတော့ဟုတ်မည်မထင်ပါ။ သို့နှင့်အနီးသို့ ချဉ်းကပ်ကြည့်သည့်အခါ သစ်ပင်ကြီးတစ်ပင်ကိုဝိုင်းအုံ ထားသည့်ပိုးစုန်းကြူး

www.burmeseclassic.com

www.burmeseclassic.com



တို့မှ အလင်းရောင်က ချောင်းတစ်ခွင်ကို နေ့လယ်ခင်းကဲ့သို့ လင်းနေအောင် ထွန်းညှိပေးထားခြင်းဖြစ်ကြောင်းတွေ့ရသည်။ ထူးခြားသည်မှာ ဆားဘီရှိ အခြားအပင်များတွင် တစ်ကောင် တလေမျှ မရှိကြခြင်းပင်။

ကျွန်တော်ရောက်ပြီး ရက်သတ္တပတ် အနည်းငယ်ကြာသည်နောက် ရေယာဉ်တွင် မိုင်းများအပြည့်တင်၍ ရန်ကုန်မှ မြစ်ဝကျွန်းပေါ်အနောက်တောင်ထောင့်ရှိ ပုသိမ်သို့သွားပို့ရန် တာဝန်ပေးပါသည်။ မိုင်းများကို ဧရာဝတီမြစ်မှ ခွဲဖြာထွက်သည့် မြစ်များအနက် ခက်မကြီးတစ်ခုဖြစ်သော ပုသိမ်မြစ်၌ ချရန်ဖြစ်သည်။ မိုး၍တု မကုန်သေးသဖြင့် ရန်သူလေယာဉ်ရန် မပေါ်နိုင်သေးဟူသော အတွေးဖြင့် နေ့ခင်းစထွက်လိုက်သည်။ ခရီး၏ဒုတိယနေ့တွင် သေနတ်သံများနှင့် လေယာဉ်နိမ့်နိမ့်ပျံသည့် အသံကြားရ၍ ကြည်းတပ် တင်လာသည့် မော်တော်များကို ချောင်းထဲ၌ ရန်သူလေယာဉ်ကတွေ့၍ လိုက်ပစ်ခြင်း ဖြစ်မည်ဟု သုံးသပ်လိုက်သည်။

ရေယာဉ် မာလိန်မှူးကို ကမ်းကပ်ခိုင်းလိုက်ပြီး ဝါးရုံတစ်ခုအောက်တွင် ရေယာဉ်ကို တိုးဝင်ကာ ဝါးရွက် ဝါးကိုင်းများခုတ်၍ ရေယာဉ်ကို ဖုံးကွယ်လိုက်သည်။ ကျွန်တော်နှင့် ကျည်ဖြည့် တပ်သားကျော် ဆူဂျိုတိုမိုသာ ရေယာဉ်ပေါ်နေရစ်ပြီး ကျန်ရေယာဉ်သားများကို ကုန်းပေါ်တက်ပြီး ပုန်းနေစေပါသည်။ ရေယာဉ်ပေါ်တွင် မိုင်းအပြည့်တင်ထားသဖြင့် လေယာဉ်က တစ်ချက်မှန် လိုက်သည်နှင့် ထကွဲပြီး ရေယာဉ်မှာ တစ်စစီ ဖြစ်သွားနိုင်သည်။ သို့သော်ရေယာဉ်ကိုလည်း စွန့်ထားရမည်မှာ စိတ်မသက်သာဖွယ်ရာ ဖြစ်သည့်အလျောက် ကျွန်တော်သည်



လက်ညှိုးကို ၁၃ မမ စက်သေနတ်ကြီး မောင်းခလုတ်ပေါ် တွင်တင်ထားရင်း လေယာဉ် အသံလာရာသို့ ပြောင်းကို လိုက်ချိန်ထားသည်။ ထိုအချိန်က စက်သေနတ်ကိုင်များကို သင်တန်းပေးခါစဖြစ်၍ မည်သူမျှ ထိုစက်သေနတ်၏ ပင့်ကူအိမ်ချိန်ခွက်ကို မနိုင်ကြသေးချေ။

မကြာမီ ကျွန်တော်တို့ မြင်ကွင်းထဲသို့ စက်ခေါင်းနှစ်လုံးတပ် "မော့စကွီးတိုး၁" ဗုံးကြဲတိုက်လေယာဉ် တစ်စင်း ချောင်းအတိုင်း မီတာ ၃၀ခန့် အမြင့်မှ ပျံလာသည်ကိုတွေ့ရသည်။ "ဆူဂျိုမိုတို ဝပ်နေ" ဟု ကျွန်တော်က လှမ်းပြောလိုက်၍ သူက ကျွန်တော့်ခြေရင်းအနီး မှောက်နေသည်။ လေယာဉ် ကိုယ်ထည်အလယ်ကို ကျွန်တော် ချိန်ထားလိုက်သည်။ သို့သော် ခလုတ်ကို မဖြုတ်မီ အခိုက်တွင် လေယာဉ်က ကျွန်တော်တို့ကို တွေ့ပုံ မပေါက်ကြောင်း သတိထားမိလိုက်သည်။ သို့သော် ဦးဆုံးပစ်လိုက်သည့် ကျည်အတွဲက ပစ်မှတ်ကိုမှန်ခဲ့သော် ကျွန်တော်တို့အတွက် ရှုံးပွဲဖြစ်သွားပေလိမ့်မည်ဟူသော အသိကဝင်လာသည်။ ကျွန်တော်ကလေယာဉ်ထဲက လေသူရဲ၏ မျက်နှာကိုမြင်နေရသည်၊ သို့သော် သူကကျွန်တော့်ကို မြင်ဟန်မတူပေ။ ကျွန်တော်က စက်သေနတ်ဖြင့် လေယာဉ်ကို တိတ်ဆိတ်စွာနှင့်ပင် လိုက်ချိန်ရင်း ၁၈၀ ဒီဂရီ ပြောင်းကို လှည့်ပြီးသည့်အခါ မြင်ကွင်းမှ လေယာဉ်ပျောက်ကွယ်သွားတော့သည်။ ကျွန်တော်လည်း မောင်းခလုတ်ပေါ်မှ လက်ညှိုးကို ဖယ်လိုက်တော့သည်။ ကိုယ့်ကိုယ်ကိုယ် စိတ်တင်းထားရသည် မှာ မအောက်မေ့ခဲ့သော်လည်း ဖိလှိုက်ကာ အသက်ရှူပြီးမှ

၁ Mosquito

www.burmeseclassic.com

www.burmeseclassic.com



ဆူဂျီမိုတိုကို "အသက်ဘေးက သီသီကလေးလွတ်ခဲ့ပေါ့"ဟု ပြောလိုက်ရသည်။ နောင်အခါ ဤဖြစ်စဉ်ကို ကျွန်တော်၏ တပ်မှူး ရေတပ်ဗိုလ်မှူးကြီး ကာဝါနိုကို သတင်းပို့သည့်အခါ သူက "မင်း ဒီလေယာဉ်ကို ပစ်ချနိုင်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိဘူးလား" ဟု မေးရာ ကျွန်တော်က "ကျွန်တော်တို့ မိုင်းတွေမပါခဲ့ရင် ပစ်ချမှာပါ။ နောက်တစ်ကြောင်းက မော်စကွီးတိုး လေယာဉ်ဟာ လွယ်လွယ်ကူကူနဲ့ ပစ်ချလို့ မရဘူးလို့ ကြားမိလို့ပါ" ဟု ဖြေလိုက်သည်။ ဗိုလ်မှူးကြီးက ဘာမျှပြန်မပြောဘဲ ခေါင်းညိတ်ရုံညိတ်ပါသည်။

ဗိုလ်မှူးကြီးကာဝါနိုသည် ခေါင်းမာသူတစ်ဦးဖြစ်ကာ ရေတပ်အရာရှိ အများစုကဲ့သို့ လိမ္မာပါးနပ်ခြင်းမရှိပေ။ ကျွန်တော်ကဲ့သို့ ငယ်ရွယ်ပြီး တစ်ကိုယ်ကောင်းဆန်သူ အရာရှိငယ်များမှာ သူရှိနေလျှင် အနေကျုံ့ကြသည်။ သို့သော် ရှေ့တန်းမှပြန်လာသူ မည်သည့်အရာရှိငယ်ဖြစ်စေ သူ့ထံ သွားသတင်းပို့သည့်အခါ ကြည်ရွှင်သော အပြုံးဖြင့် "မင်းတို့လူငယ်တွေလုပ်တာ ကောင်းတယ်ဟေ့" ဟု ဖော်ရွေရင်းနှီးစွာ ဆက်ဆံသဖြင့် သူ့ကို အထင်ကြီး သဘောကျကြသည်။ ဒုဗိုလ်အိုနိရှိသည် ဒလရှိ လေယာဉ်ပစ်အမြောက်စခန်းကို ကွပ်ကဲရသည့်အတွက် သူ့ကို ကျွန်တော် တော်တော်မနာလို ဖြစ်မိပါသည်။ သူ့စခန်းနှင့် ကျွန်တော်၏ မော်တော်ဘုတ်များ ဆိုက်ကပ်ရသည့် ဆိပ်မှာ ရန်ကုန်မြစ် ဟိုဘက်ကမ်း၊ သည်ဘက်ကမ်းဖြစ်၍ သူ့ထံ မကြာခဏ ကျွန်တော်ရောက်ပါသည်။ ယင်းအမြောက်စခန်းတွင် ၈၀ မမ လေယာဉ်ပစ် အမြောက်တစ်လက်နှင့် ဗြိတိသျှလုပ် ၄လက်မ အမြောက်နှစ်လက်ရှိပါသည်။ ၄ လက်မ အမြောက်များ၏ ဆိုက်တို့ကို ဗြိတိသျှတို့က ရန်ကုန်မှ ဆုတ်စဉ်က ဖျက်ဆီးသွားခဲ့၍ ၈၀မမ အမြောက်မှ အချက်အလက်များပေါ် မီ၍ ပစ်ရသည်။ ယင်းသို့ပစ်နိုင်ရန် ၈၀မမအမြောက်ဘက်မှ မြန်မြန်ပို့ပေးရသည်။

၁၉၄၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ဘက်ရှိ စစ်တန်းလျားတွင် ကျွန်တော်နေ့လယ်စာ စားခိုက် ရှေ့တွင် ငှက်ပျောသီးတစ်လုံးပင် မစားရသေးဘဲရှိစဉ် ကင်း၏ လေကြောင်းရန် သတိပေးချက်ကို ကြားရပါသည်။ သို့သော် သိပ်အရေးမကြီးဟုထင်၍ ငှက်ပျောသီးကို စားနေလိုက်ပါသည်။ ထိုစဉ် လေယာဉ်ပန်ကာ တဝီဝီလည်သံသည် ထင်သည်ထက် စော၍ နီးလာသဖြင့် ရှေ့လမ်းမပေါ်သို့ ပြေးဆင်းရပါသည်။ အေးကျင်းထဲဝင်ရန် အချိန်မရတော့၍ လမ်းပေါ်ပက်လက်လှန်ပြီး ကောင်းကင်ကို မော့ကြည့်နေပါသည်။

ငွေရောင်တောင်ပံများ တစ်လက်လက်ဖြင့် ဗုံးကြဲလေယာဉ်တစ်အုပ် တြိဂံပုံ အခင်းအကျင်းဖြင့် ဒလဘက်မှ ပျံလာနေပါသည်။ ယခင် ဘီ-၁၇ ဗုံးကြဲလေယာဉ် ပုံစံနှင့်မတူဘဲ အမြင့် မီတာ ၄,၀၀၀ခန့်မှ ပျံသန်းလျက်ရှိပါသည်။ ထိုစဉ် ဒလဘက်မှ ၈၀ မမ အမြောက်သံကို ကြားရပါသည်။ တစ်မူထူး၍ စူးရှသဖြင့် ၈၀မမ အမြောက်သံကို ခွဲခြားနိုင်ပါသည်။ တစ်ပြိုင်နက်ပင် ရှေ့ဆုံး လေယာဉ်အနီးတွင် လင်းလက်သွားသည်ကို တွေ့လိုက်ရပြီးနောက် ဒုတိယနှင့် တတိယ လေယာဉ်တို့ကိုပါ ကူးစက်၍ ပေါက်ကွဲပါသည်။

၈၀မမအမြောက် ပထမဆုံးပစ်လိုက်သည့်ကျည်သည် မြားဦးပုံ ထိပ်ဆုံးမှ ပျံလာသည့် လေယာဉ်ကို တည့်တည့်ထိ

www.burmeseclassic.com

www.burmeseclassic.com



မှန်သည် ဟု ကျွန်တော် ဆင်ခြင်မိပါသည်။ အဘယ်ကြောင့် ဆိုသော် ရှေ့ဆုံးလေယာဉ် မပေါက်ကွဲမီ လေယာဉ်ပစ် အမြောက်ကျည်ပေါက်ကွဲသည်ကို မတွေ့ရခြင်းကြောင့်ပင် ဖြစ်ပါသည်။ ဤရင်သပ်ရှုမောဖွယ်ရာ မြင်ကွင်းက ကျွန်တော့်ကို ဖမ်းစားလျက်ရှိပါသည်။

မုံးကြီလေယာဉ်ကြီးပျက်ကျသည်ကို ကျွန်တော် ဦးဆုံးမြင်ဖူးခြင်းလည်း ဖြစ်ပါသည်။ ရှေ့ဆုံးလေယာဉ် မှန်သွားပြီး လင်းလက်ကာ မီးခိုးလုံးကြီး အန်ထွက်လာပြီး မီးလျှံများလည်း ပေါ်လာသော်လည်း လေယာဉ်သည် ကွင်းထဲသို့ ဆင်းသက်နေသည့်အလား တဖြည်းဖြည်း နိမ့်ဆင်းလျက် ရှိပါသည်။ နောက်က လိုက်ပါလာသည့် လေယာဉ်များဆီသို့ ပေါက်ကွဲသည့်အဟုန် ကူးစက်ကာ ယင်းတို့ပါ ထပေါက်ကုန်ပါသည်။ ရန်ကုန်မြစ်ပေါ်တွင် ဇယ်များစက်သကဲ့သို့ဆက်တိုက်ဆင့်ပွားဖြစ်စဉ်ဖြစ်ပေါ်နေပါသည်။ အခြားလေယာဉ်များက ၎င်းတို့ပါ ကူးစက်မပေါက်ကွဲစေရန် ဗုံးများကို ဖြုတ်ချလိုက်သည်တွင် ဗုံးများလေထဲ၌ ကျလာသည့်အသံကြားရသည့်ပြင်၊ လေယာဉ်ပစ်အမြောက်ပစ်သံနှင့် ၎င်းတို့၏လေကွဲကျည်များ ပေါက်ကွဲသံများ ရောထွေးလျက် ရှိပါသည်။ မီးလျှံတရဲရဲ မီးခိုးတလိပ်လိပ်နှင့် လေယာဉ်အုပ်စု အခင်းအကျင်းနှင့် မလိုက်နိုင်တော့ဘဲ ကွဲကျန်သည့် လေယာဉ်များမှ လေယာဉ်သားများ လေထီးခုန်ဆင်းလာကြကာ လေထီးများ လေထဲ၌ တလွင့်လွင့်ပါနေကြသည်။

မီးစွဲနေသည့် လေယာဉ်တစ်စင်းမြေပေါ် ပျက်ကျကာ လေယာဉ်လေးငါးစင်းခန့် နိမ့်ဆင်းလာပြီး မြင်ကွင်းမှ ပျောက်



သွားသည်။ နောက်ထပ်လေး၊ ငါးစင်းမှာလည်း မီးခိုးဖြူအူထွက်နေသော်လည်း ပုံမပျက် ဆက်လက်ပျံသန်းရင်း ပဲခူးမြစ်ဘက် ထွက်သွားကြသည်။ ယင်းအုပ်စုသည် ဘိုးအင်း ဘီ ၂၉ ဗုံးကြဲလေယာဉ် ၁၁ စင်းအုပ်စုဖြစ်ကြောင်း သိရသော်လည်း စင်းရေမည်မျှလောက် ပစ်ချခံရသည်ကိုမူမသိပါ။ ကျွန်တော်တို့၏ ရေဒီယိုဆက်သွယ်ရေးရုံးဖမ်းမိသည့် ဒေလီမှ အသံလွှင့်ချက်တွင်မူ "ဂျပန်တို့က လက်နက်သစ်တစ်ရပ်ဖြင့် ပျက်စီးဆုံးရှုံးမှုများစေနိုင်ခဲ့သော်လည်း ကျွန်ုပ်တို့က မဖြုံပါ" ဟုပါရှိပါသည်။ သို့သော်အတန်ကြာသည်အထိ ဒလဘက်သို့ ရန်သူ့လေယာဉ်များ မလာတော့ပါ။

ထုံးစံအတိုင်းပင် ရေတပ်နှင့်ကြည်းတပ် အမြောက်စခန်းများက "ငါပစ်တာ"ဟု ငြင်းခုံတူလုပြောကြရာ နောက်ဆုံးတွင် ကြည်းတပ်အမြောက်စခန်းက မြန်မာပြည်နယ်မြေ တပ်မတော်ကို ကွပ်ကဲသူ ဒုဗိုလ်ချုပ်ကြီးကိမူရာထံမှလည်းကောင်း၊ ဒုဗိုလ်အိုနိရှိနှင့် ၎င်း၏ဒလအမြောက်စခန်းသည် အမှတ်(၁၃) ရေတပ်စစ်ဌာနချုပ်မှူး ရေတပ်ဒုဗိုလ်ချုပ်ကြီးတာနာကာထံမှလည်းကောင်း၊ ချီးကျူးဂုဏ်ပြုလွှာ အသီးသီး ရသွားကြလေတော့သတည်း။

○

www.burmeseclassic.com

www.burmeseclassic.com



## ၅၆။ ဘုရား မျက်နှာထော်လွဲထိုင်တဲ့ လူတစ်စု

အမှုထမ်းစုတပ်ကြပ်ကြီး¹ ယာစုမာဆာနိုရှိဂျီ၊ အမှတ်(၂၀) သီးခြား အင်ဂျင်နီယာ တပ်ရင်းကြီး

ဟောင်ကောင်၊ စင်္ကာပူ၊ မြန်မာပြည်၊ ဂျာဗားကျွန်း

ပစ္စိဖိတ် ဒေသစစ်ပွဲ၏ နောက်ဆုံးအဆင့် ကာလ အတွင်း၌ ဂျပန်တို့က အိန္ဒိယနိုင်ငံ အရှေ့မြောက် အင်ဖားတွင် ထိုးစစ်ကြီး ဆင်နွှဲခဲ့ပါသည်။ ဗြိတိသျှ၊ အိန္ဒိယ မဟာမိတ်တပ် များသည် လေတပ်၏အကူအညီဖြင့် ပြင်းပြင်းထန်တန် တန်ပြန် ထိုးစစ်ဆင်ခဲ့ရာတွင် မြန်မာပြည်တစ်လျှောက်ဆုတ်ခွာရန် ဂျပန် ကြည်းတပ်ကို ၁၉၄၄ ခုနှစ် ဇူလိုင်လ တွင် အမိန့်ပေးလိုက် ပေသည်။ ဤသို့နှင့် ကြုံရသည့် ခွာစစ်ဆင်မှုများအနက် အဆိုးရွားဆုံးနှင့် ထိခိုက်ဆုံးရှုံးမှုအကြီးမားဆုံး ခွာစစ်ဆင်မှု စတင်ခဲ့ပေသည်။

၁၉၄၄ ခုနှစ်မတ်လပိုင်းမှစ၍ ကျွန်တော် ပါဝင်သည့် တပ်စုသည် ပုလဲလမ်းရှေ့တန်းတွင်ရှိသည်။ ဇူလိုင် ၁ရက် နေ့တွင် ဂျပန်တပ်အားလုံး ဆုတ်ခွာသည့်အခါ ကျွန်တော်တို့ တပ်ခွဲမှထဲမှ ကျန်စစ်သည်များနှင့် နိုင်းယှဉ်ချက်အရ ကျန်းမာ

---

၁။ Staff Sergeant



ရေးကောင်းသည် ဟုဆိုရမည့်သူ ဆယ်ယောက်ကို ရွေးထုတ်၍ မုတ်သုံမိုးပြင်း ရွာသွန်းမှုကြောင့် တရဟော ဗလုံထိုး စီးဆင်း နေသော ယူးချောင်းကို လှေများဖြင့် တပ်များကို ကူးတို့ ပို့ပေးပါသည်။

တပ်အားလုံး ကူးပြီးသောအခါ တောင်ပေါ်ကျော်လမ်း များမှနေ၍ ရွှံ့ထဲ ဗွက်ထဲရုန်းကာ ချင်းတွင်းမြစ် အရှေ့ဘက် သို့လျှောက်သွားရပါသည်။ ကျွန်တော်တို့သည် ဆုတ်ခွာလာ သည့်တပ်၏နောက်မြီးမှ လိုက်ပါလာသော အဖွဲ့အဖြစ် မိမိ တပ်နှင့် တစ်ပါတည်း မလိုက်နိုင်ဘဲ ခြေကုန်လက်ပန်းကျကာ ပြတ်ကျန်နေသော ရဲဘော်များစွာတို့ကို တွေ့ရပါသည်။ သူတို့၏ ရဲဘော်ရဲဘက်များ ကိုယ်တိုင်ကလည်း ပန်းလျှနွမ်းနယ်ကုန်ပြီ ဖြစ်၍ တွဲမခေါ်နိုင်ကြတော့ချေ။

မည်သည့်တပ်ရင်းကြီး၏ သန္ဓေဖြစ်သည်ကိုမသိရသော စစ် သည်ပေါင်းများစွာတို့သည် လမ်းပေါ်တွင် တလှုပ်လှုပ် နွမ်းရိစွာ ချီတက်လျက်ရှိသည်။ တိုက်ပွဲ၌ဒဏ်ရာရသူများက စစ်မြေပြင်ဆေးရုံသို့ ဦးတည်လျက်ရှိကြသည်။ ဖျားနာ၍ ရှေ့တန်းတွင်ဆက်နေရန် မဖြစ်သူများလည်းပါသည်။ တပ်များ စ၍ ဆုတ်ခွာလာသည့်အခါ မိမိတပ်နှင့်အတူ မလိုက်နိုင်၍ ပြတ်ကျန်သူတို့ကို သူ့ထိုက်နှင့်သူ့ကံ ပေယျာလကန် ချန်ရစ် ရသည်တွင် ၎င်းတို့နှင့် ရောသွားကြလေသည်။ ၎င်းတို့ အားလုံးနီးပါးမျှသည် အရေအတွက်အားဖြင့် သောင်းနှင့်ချီ၍ သေကျေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းကို "သူကောင်ရုပ်ကြွင်းလမ်းမကြီး" ဟုခေါ်ကြသည်။ ဤတွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်တို့မှာ လူ့ကျင့်ထုံးပြဋ္ဌာန်းချက်ဘောင်တို့ကို ကျူးလွန်လျက်ရှိသည်။ လောကငရဲ၏ နိမိတ်ပုံများဟုဆိုလျှင် မှားမည်မဟုတ်ပေ။ ဤလမ်းတစ်လျှောက် ရုန်းကန်သွားလာနေကြသူ စစ်သည်တို့အားလုံးနီးပါးမှာ အသက်နှစ်ဆယ် ပတ်ဝန်းကျင် လူရွယ်များ ဖြစ်ကြသော်လည်း အဘိုးအိုများပမာ ခါးကုန်းနေကြသည်။ ဆင်းရဲခြင်းတွင်းဆုံးကျနေသည့် မြင်ကွင်း တစ်ရုပ်ပင် ဖြစ်သည်။ သူတို့သည်တစ်ချိန်က အားကောင်းမောင်းသန်နှင့် ပြင်းထန်လှသည့် တိုက်ပွဲကြီးများ ဆက်တိုက်ဆင်နွှဲခဲ့ကြသည်ဟု ဆိုလျှင် မည်သူကမျှ ယုံလိမ့်မည် မဟုတ်ပေ။

ရန်သူစစ်တပ်တို့က ဤလမ်းအတိုင်း ကျွန်တော်တို့ကို လိုက်လံတိုက်ခိုက်ခြင်း ရှောင်ရှားခဲ့ကြသည်။ ဤမျှ ဆိုးရွားလှသည့် အနိဋ္ဌာရုံတို့ကို တွေ့လိုမြင်လိုကြသည် မဟုတ်ပေ။ သူတို့က ဤအပိုင်းကို ကွင်းကာသွားခဲ့ကြသည်။

စစ်ကြီးပြီးသောအခါ ကျွန်တော်၏ အတွေ့အကြုံများကို ပြန်လည်ဖောက်သည်ချရန် ကြိုးစားခဲ့ပါသည်။ သို့သော် မည်မျှပင် ကြိုးပမ်းစေကာမူ လူအများ မြင်လာအောင် မလုပ်နိုင်ဘဲ တစ်ခုခုလိုနေသည်ဟု ခံစားမိပါသည်။ ဟောပြောခြင်းအစား စာရေးပြီးတင်ပြရန်၊ ဓာတ်ပုံများဖြင့် အသိပေးရန် အားထုတ်ခဲ့သော်လည်း မထိရောက်ခဲ့ပါ။ သို့နှင့် ကျွန်တော်က ပုံရေးဆွဲ၍ အတိတ်မှ အရိပ်တို့ကို ပြန်လည်ဖော်ထုတ်ကြည့်ရာ မိတ်ဆွေများက ဤနည်းဖြင့် ဆောင်ရွက်ခြင်းကို အားပေးတိုက်တွန်းကြပါသည်။



ကျွန်တော်ရေးဆွဲလိုက်သည့်ပုံများသည် ကျွန်တော်တို့ကြုံကြိုက်ရသည့် အခြေအနေကို ကွက်ကွက်ကွင်းကွင်းမြင်သာအောင် ဖော်ပြနိုင်ပါ့မည်လားဟု သံသယဖြစ်မိသည်မှာ မှန်သည်။ သို့သော် ထိုစဉ်က ပကတိအခြေအနေကို စဉ်းငယ်မျှပင် သဘောပေါက်စေဦးတော့ ကျွန်တော် ကျေနပ်ပါသည်။ ဤပုံများကို ဆွဲစဉ်၊ ဖြစ်စဉ်ဇာတ်ကြောင်း ပြန်လှန် ရေးသားစဉ်က မကြာခဏ ကျွန်တော် မျက်ရည်ကျမိပါသေးသည်။

ထိုဖြစ်စဉ်များ ကျွန်တော်၏မျက်မှောက်၌ ဖြစ်ပွားနေစဉ်ကမူ မျက်ရည်မကျမိခဲ့ပါ။ ကျွန်တော် ထိုစဉ်က ငယ်သေး၍ ဖြစ်နိုင်ပါမည်။ သို့တည်းမဟုတ် ထိုစဉ်က စစ်နှင့်ပတ်သက်၍ နုနယ်ဉယဉ်သဘောထားမျိုး မထားတတ်၍လည်း ဖြစ်နိုင်ပါသည်။

ကျွန်တော်သည် ယခုအခါ ယခင်ကလို စိတ်မကြမ်းတမ်းတော့ပါ ငယ်တော့သည်လည်း မဟုတ်ပါ။ သို့ဖြစ်၍ ဆုံးပါးခဲ့သော ရဲဘော်များအတွက် ကျသည့်မျက်ရည်တို့ကို ယခုအခါ မထိန်းဘဲ ကျပလေစေဟု သဘောထားနိုင်ခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com





ဤရဲဘော်သည် ဟောင်ကောင်နှင့် စက်ဘမူ တိုက်ပွဲများ၌ အောင်ပန်းဆွတ်ခဲ့သူ ဖြစ်သည်ဟု ကျွန်တော် မည်သို့လျှင် တွေးကြည့်နိုင်ပါအံ့နည်း။

သူ့ကိုကြည့်ရသည်မှာ နက်နက်နဲနဲ တွေးနေပုံပေါက်သည်။ တကယ်တော့ သူသည် မုတ်သုံ၏ ဒဏ်ကို ကောင်းကောင်းကြီး ခံစားခဲ့ရ၍ စိတ်နွမ်းနယ်မှု အဆုံးစွန်သို့ရောက်နေကာ မိုးရေ သူ့ခြေမျက်စိသို့ စီးကျနေသည်ကို တွေတွေကြီး ငေးစိုက်ကြည့်နေခြင်းမျှသာ ဖြစ်သည်။


မြစ်ကူးတို့ဆိပ်အထိ ရောက်နိုင်ပါစေဟု ကျွန်တော်က သူ့အတွက် ဆုတောင်း ပေးသော်လည်း ထိုနေရာသို့ မရောက်ရဲ တစ်မည်ခန့်တွင် လမ်းဘေး၌ သူ အသက်ဆုံးသွားပါသည်။



ထမ်းစင်ကို ထမ်းနေသည့် ရဲဘော်များအနက် တစ်ဦး သေသွားသည်။ ထိုနောက် ထမ်းစင်ပေါ်တွင် လိုက်ပါလာသည့် ရဲဘော်သေသည်၊ ဘယ်သူကမျှ သူတို့ကို မကယ်နိုင်သလို သူတို့ကလည်း ဘယ်သူ့ကိုမျှ မကူညီနိုင်ပါ။ နောက်ဆုံးတွင်တော့ သူတို့အားလုံးပင် သေပွဲဝင်ကြရသည်။

ကျွန်တော်တို့ ဘာမျှမလုပ်ပေးနိုင်ပါလား ဟူသော အသိက ကျွန်တော်တို့၏ စိတ်ကို တဖြည်းဖြည်းလွှမ်းမိုးသွားသည်။

ထွက်ရပ်လမ်းဟူ၍ ကိုယ့်ကိုယ်ကိုယ်သတ်သေရန်သာ ရှိသည်။ နာလန်ပြန်ထူနိုင်ရန် လမ်းမမြင်သည့် သူတို့မှာ ဤလမ်းစဉ်လိုက်ရန် တွန်းအားပို၍ပို၍ ကြုံကြရသည်။



www.burmeseclassic.com

www.burmeseclassic.com





အရိုးပြိုင်းပြိုင်း ခြေထောက် ထော့နဲ့ ထောနဲ့လိုက်၍ လဲရာမှ မထနိုင်သော်လည်း သတိကောင်းဆဲ ဖြစ်သည်။ ကျွန်တော်တို့ ရဲဘော်ဦးရေသည် တစ်စတစ်စတိုးလျက်ရှိသည်။ ဒေသခံများထံမှကြားရသည်မှာ ဤပတ်ဝန်းကျင်သို့ ရောက်ပြီး လျှင် မပြန်လမ်းသို့ အနေးနှင့်အမြန်ရောက်မည်ဟု သိထားသဖြင့် ပြစ်မှု ကြီးကြီးမားမား ကျူးလွန်သူများကို ယခင်က ဤဒေသ၌ နယ်နှင်လေ့ရှိသည်ဆိုသော အချက်ပင်၊ ထိုကြောင့် ဤကဲ့သို့ သောနေရာမျိုးတွင် သေဆောင်နေသော ကျွန်တော်တို့၏ ရဲဘော်များကို ပစ်မထားရက်ပေ။ မဖြစ်ဖြစ်သည့်နည်းဖြင့် သူတို့ကို ကူညီနိုင်ရန်ကြိုးပမ်းရာတွင် ကျွန်တော်တို့သည် အမိန့်ကို မျက်ကွယ်ပြုလေ့ရှိကြသည်။

ဤရဲဘော်က သူ့တွင်ရှိသော ပိုက်ဆံအားလုံးကို သူ့ ရဲဘော် ရဲဘက်များကို ဝေပေးလိုက်ပြီး ရှေ့တန်းမှ ဝေးရာသို့



ရောက်လျှင် တစ်ခုခုဝယ်စားကြရန် ရယ်ရယ်မောမောနှင့် ပြောပြီးနောက် ခဏအကြာတွင် သူသည် လက်ပစ်ဗုံး တစ်လုံးကို ကိုင်ရင်း သစ်ပင်တစ်ပင်အောက်သို့ တရွတ်တိုက်တွားသွား လိုက်သည်။ ရောက်သည်နှင့် မဆိုင်းမတွပင် လက်ပစ်ဗုံးကို ဖောက်၍ သေပွဲဝင်လိုက်သည်။

သူ့လုပ်ရပ်ကို တွေ့လိုက်သည့် ရဲဘော်အချို့က သူ့ကိုယ်မှ အင်္ကျီတစ်စိတ်တစ်ပိုင်းကိုဖြတ်ယူ၍ ထွက်သွားကြသည်။ သူတို့ ဘယ်ကိုမီအောင် လိုက်သွားဟန်ရှိပါသည်။

"ကျွန်တော် ဒီနေ့တော်တော်နေလို့ကောင်းလာတယ်။ ရှေ့ကို သွားနှင့်ဦးမယ်။ ခင်ဗျားတို့ နောက်မှလာမှာပါ" ဟု ပြောပြီးနောက် တစ်ကိုယ်တည်း ထွက်သွားသည်။

နောက် သူ့ကို တစ်ဖန်တွေ့ရသည့် အချိန်တွင် သူအသက် မရှိတော့။ လမ်းအလယ်ကောင်တွင် သူ့ကိုသူ အဆုံးစီရင် လိုက်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သူ့အလောင်းကို ဖြတ်သွားသည့်အခါ ဆောင်ရွက်ဖွယ်ရှိသည်ကို ကျွန်တော်တို့က လုပ်ပေးဖို့ သူ မျှော်လင့်ခဲ့ဟန်တူသည်။ သူသည် လမ်းလျှောက်နိုင်သည့် အခြေအနေရှိသေးသဖြင့် သူ ဤသို့ စိတ်ပိုင်းဖြတ်လိုက်သည်ကို နမြောမဆုံး စိတ်ပျက်မိကြသည်။ သို့သော် သူ၏ စိတ်နေ သဘောထားအရ တပ်အပေါ်တွင် သူသည် ဝန်ထုပ်ဝန်ပိုး ဖြစ်မည်ကို မလိုလားသောကြောင့် ဤသို့ စိတ်ပိုင်းဖြတ် လိုက်ဟန်ရှိပေသည်။ ငယ်ရွယ်သူ ရဲဘော်ကလေးအချို့မှာ သူ့ကို ပွေ့ပိုက်ထားရင်း မျက်ရည်ကျကြသည်။

သူသည် အိမ်ထောင်ရှိပြီး ကလေးများလည်း ရှိသည်။ သဘောကောင်း၍ ဖော်ရွေကာ ကျန်းမာရေးကောင်းစဉ် သန်တုန်း မြန်တုန်းက ထို့ထက်ပင် ဤလက္ခဏာတို့ဖြင့် ပြည့်ဝလျက်ရှိ သေးသည်။

သူ၏အဖြစ်ကိုကြည့်ရင်း အိမ်ထောင်ရှိသူများက လူပျို လူလွတ်တို့ထက်ပင် ပြတ်သေးသည်ဟု ဇဝေဇဝါ အတွေးပေါက် မိပါ တော့သည်။

သူ့ဖြစ်စဉ်ကို မျက်မြင်တွေ့လိုက်ရသည့် အနီး၌ ခေတ္တ နားနေသူ ဖျားနေသည့် ရဲဘော်တစ်ဦးကမူ သေနတ်မောင်းကို သူ့ခြေမဖြင့် ဖြုတ်လိုက်သည်ဟု ပြန်ပြောပြပါသည်။






နောင်တွင် ပိန်ချုံးချည့်နဲ့၍ ပြန်နာလံထူနိုင်မည့်လက္ခဏာ မရှိသူ စစ်သည်တစ်ဦးကို ကိုယ့်ကိစ္စကိုယ် ကြည့်ရှင်းတော့ ဟူသော သဘောဖြင့် စကားဘာမျှ ရှည်ရှည်ဝေးဝေး မပြောဘဲ လက်ပစ်ဗုံး တစ်လုံးပေးသည့် အလေ့သည် ထမင်းစားရေသောက် သဘောမျိုးဖြစ်လာပါသည်။

တစ်ချိတွင်မူ ဤသို့ လက်ပစ်ဗုံး အပေးခံရသည့် ရဲဘော်က ဒေါသတကြီးဖြင့် ဖိနပ်ပြန်စီး၊ ပတ္တီးပြန်ပတ်ပြီး သူ့အရာရှိနောက် တရွတ်တိုက်တွားလိုက်ရင်းနှင့် " ငါ့အပေါ် ခင်းက အခန့်သားစီးပိုးလိုက်တာ ၊ အခုငါ့ကို ဘာလုပ်ပေးသလဲ၊ ခင်းကို ငါသတ်ကို သတ်မယ်" ဟုအော်ဟစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com





စစ်သည်နှစ်ယောက်တွဲ ရင်ခွင်တွင်း လက်ပစ်ဗုံးတို ပင်ဖြုတ်ပြီး ရင်ချင်းအပ်ဖက်လျက် မြိုင်တူ သေပွဲဝင်ခြင်း များလည်း မကြာခဏ ပေါ်ပေါက်တတ်သေးသည်။ နှစ်ယောက် ပြိုင်သတ်သေခြင်းဟု ခေါ်ကြသည်။

ကျွန်တော်တို့ တစ်ချိန်က လမ်းဘေး၌ စတည်းချ နေစဉ် သေနတ်သံ တစ်ချက် နှစ်ချက်ကြားရာ ရန်သူတပ် များတော့ မဖြစ်နိုင်၍ တပ်သားတစ်ဦးကိုသွားကြည့်ခိုင်း လိုက် သည်။



နောက် နာရီဝက်ခန့်တွင် သူပြန်လာပြီး နှစ်ယောက်ပြိုင် သတ်သေကြခြင်းဖြစ်ကြောင်း ပြန်သတင်းပို့သည်။ သူ့လက် ထဲက ဘာလဲဟု ကျွန်တော်က မေးရာ သူက ဖိနပ်တစ်ရံ ဖြစ် ကြောင်း လူသေကောင်ထံမှ ယူလာခြင်းဖြစ်ကြောင်းပြောပါ သည်။ ကျွန်တော်တို့မှာ စစ်ဝတ်တန်ဆာပလာများ လဲလှယ် ဆေးခြင်း မရှိသည်မှာကြာပြီဖြစ်၍ ကျွန်တော်၏ ဖိနပ်တစ်ဖက် မှာပေါက်ပြဲနေပါသည်။

ဤဖိနပ်ယူလာသူ ရဲဘော်မှာ သူ့ရောင်းရင်း အများထက် အသက်ကြီးသော်လည်း သူတပ်ထဲဝင်သည်မှာ မကြာလှ သေးပါ။ အေးဆေးပြီး သိုသိုသိပ်သိပ်နေတတ်သော ဤရဲဘော်က



www.burmeseclassic.com

www.burmeseclassic.com





သေသူရဲဘော်တစ်ဦးထံမှ ဖိနပ်ချွတ်ယူလာသည်ကို ကျွန်တော် အံ့အား သင့်မိပါသည်။ သူကကျွန်တော့်အတွက်ယူလာ သည်ကို သဘောပေါက်ပြီးသူ့စေတနာကိုချီးကျူးသော်လည်း ကျွန်တော် ဤဖိနပ်တို့ကိုဝတ်ရန် စိတ်ကူးမရပါ။ မည်သူစီးသည်ကိုတော့ မမှတ်မိတော့ပါ။

တိမ်လွှာများကြားမှ နေမင်းသည် ထွက်ပြူလာသည်နှင့် ရေစိုဝတ်အစားများကို ချွတ်လှမ်းကြပါသည်။ တစ်နေရာတွင် တပ်တွင်းသုံး ငွေစက္ကူများကို သေသေသပ်သပ် ကျောက်တုံး တစ်ခုပေါ် တင်လှမ်းထားသည်ကို မြင်မိပါသည်။ အသက်ကို လုနေရသည့် အချိန်မျိုးတွင် လောဘမသတ်နိုင်ဘဲ ငွေကို မက်မောနေရသေးသလော ဟု စိတ်ကွက်မိပါသည်။ သို့သော် ဂဃဏန မသိသေးသည့် ကိစ္စဖြစ်၍ သူ့ကို သံသယအကျိုး ခံစားခွင့်တော့ ပေးရပေမည်ဟု နောက်တော့ တွေးမိပါသည်။



ကျွန်တော်ကမူ သွားရင်း ခြောက်သွားမည် သဘောထား၍ ကိုယ်ပေါ်မှ အဝတ်စိုများကို ချွတ်မလှန်းတော့ပါ။

သူ့ပစ္စည်းပစ္စယများကို ဤမျှ သေသေသပ်သပ် ထားတတ်သူ ဘယ်လိုလူမျိုးပါလိမ့်ဟု သိချင်လာပါသည်။ မသန့်ပြန့်လျှင် လုံးဝမနေတတ်သူပေပဲလားဟုတွေးမိပါသည်။ နောက်ရက်အနည်းငယ် ကြာသည့်အခါတွင် ထိုနေရာကို ကျွန်တော် ပြန်ဖြတ်သွားဖို့ကြုံရာ ထိုသူကို ခြောက်ခြောက်သွေ့သွေ့နှင့် သန့်သန့်ပြန့်ပြန့်ဝတ်စားထားသည်ကိုတွေ့ရလိမ့်မည်ဟု ရှာကြည့်လိုက်သည်တွင်မှ သူသည် ကျောက်တုံးကိုဖက်လျက် သေနေမှန်းသိရတော့သည်။ ထိုအခါတွင်မှ သူသည် သွားရတော့မည့် မရဏလမ်းအတွက် ပြင်ဆင်နေမှန်း သဘောပေါက်၍ အံ့သြမိတော့သည်။

တစ်ယောက်ကမူ အားပြတ်ပြီးလမ်းပေါ်မှာပင် သေသွားသည်။ တစ်ခုတည်းသော သူပိုင်ပစ္စည်းဖြစ်သည့် ရွက်ထည်



www.burmeseclassic.com

www.burmeseclassic.com



တဲက သူ့ကိုဖုံးလျက်ရှိသည်။ ကြည့်ရသည်မှာ အခြားသူ တစ်ဦးတစ်ယောက်က လွှမ်းပေးခဲ့ခြင်းမဟုတ်ဘဲ သူသေတော့ မည်ကိုသိ၍ သူကိုယ်တိုင် တဲဖျင်ကို မသေမီ ကိုယ်ပေါ်လွှမ်းခြုံ ခဲ့ဟန်ရှိသည်။

နောက်ရက်များတွင် ထိုနေရာ၌ ပထမအလောင်း တစ်လောင်းတည်းရှိရာမှ နောက်နှစ်လောင်း၊ နောက်သုံးလောင်း တိုးလာသည်။ ၎င်းတို့ကိုယ်စီကိုယ်င ရွက်ထည်တဲစများဖြင့် မျက်နှာကို လွှမ်းလျက်သားရှိကြသည်။ သူတို့မျက်နှာ ပုပ်ပွ လာလျှင် အခြားသူများမမြင်နိုင်အောင် ကာထားဟန်ရှိပါသည်။

သေရန်နီးကပ်လာသည့်အခါ သေသူက လက်ယပ် ခေါ်သည့်အတွက်လော သို့မဟုတ် အသက်ရှင်နေမှု၏ အဆုံး စွန်၌ အထီးကျန်ဘဝကို နှံ့ရှား၍လေလော သေသူရှိရာ ထံပါးသို့ လှမ်းလိုဟန်ရှိကြပေသည်။

ဖျားနေသူစစ်သည်တစ်ဦးက ကျောပိုးအိတ် သုတ်သွား သည်ကို ကျွန်တော် မြင်လိုက်ဖူးပါသည်။ ကျောပိုးအိတ်ရှင်မှာ သေအံ့မူးမူး ဖြစ်နေသော ရဲဘော်တစ်ဦးပင်ဖြစ်၍ သူသည် ကျောပိုးအိတ်ကို ခေါင်းအုံးလုပ်၍ တုံးလုံးလှဲလျက်ရှိသည်။ သုတ်သွားသူ ကိုယ်ပေါ် ဝန်ထုပ်ထပ်ရောက်လာသည်ဖြစ်၍ ဒယီးဒယိုင်နှင့် ဆက်လျှောက်သွားသည်။ နောက်သို့မှ တစ် ချက်မျှပြန်မကြည့်ပါ။

သေခါနီးရဲဘော်ကလည်း စကားပင်မပြောနိုင်တော့၍ သူခိုးကိုဖမ်းပေးရန် အကူအညီတောင်းဟန်ဖြင့် အရိုးပေါ် အရေတင် လက်တစ်ဖက်ကို မ ရုံသာ မ နိုင်ပါတော့သည်။ ကျွန်တော် သူခိုးကိုလိုက်ဖမ်း၍ ကျောပိုးအိတ်ကို ပြန်ယူပေး





ကောင်း ပေးနိုင်မည်ဖြစ်သော်လည်း တစ်စုံတစ်ခုက ကျွန်တော့် ကို တားနေသလို ခံစားမိပါသည်။

ကျွန်တော်သည် ခိုးသူနှင့် အခိုးခံရသူနှစ်ဦးစလုံး၏ဘဝ တကျော ပြင်းပြစွာ တွယ်ကပ်ပုံ ရှုခင်းကို မှင်တက်မိကာ ငေးကြည့်နေမိပါတော့သည်။


ခွာစစ်ဆင်နေစဉ် ကျွန်တော်တို့ တပ်သည် တောတွင်း တစ်နေရာ၌ ဖွင့်ထားသည့် ရှေ့တန်းစစ်မြေပြင်ဆေးရုံ တစ်ခုသို့ ရောက်သွားပါသည်။ ဖျားလူနာ၊ ဒဏ်ရာရလူနာ ရာနှင့်ချီ၍ လမ်းနှစ်ဖက်စလုံးတွင် သစ်ပင်များအောက် လဲလျောင်းလျက် ရှိကြသည်။ သူတို့ကြားတွင် ကြည်းတပ်မှ ခွဲစိတ်ကုဆရာဝန် တစ်ဦးသည် လက်မလည်နိုင်အောင် အလုပ်များနေပါသည်။

ပုလဲမြောက်ဘက် ကျားကုတ်ကျားခဲ တိုက်ရသော တိုက်ပွဲ၌ လက်မောင်းတွင် ဒဏ်ရာရခဲ့သော ကျွန်တော်တို့ တပ်မှ တပ်ကြပ်ကြီးနှင့်ဆုံပါသည်။ သူ့ကို အချိန်မီ ကုသနိုင်

www.burmeseclassic.com

www.burmeseclassic.com





ခဲ့လျှင် အကောင်းပကတိဖြစ်ပြီး ကျွန်တော်တို့ထံကိုပင် ပြန်ရောက်လာလိမ့်မည်ဟု အစက ကျွန်တော် မျှော်မှန်းခဲ့ပါသည်။ လက်တွေ့တွင်ကား သူ၏တံတောင်ဆစ်မှ လည်ပင်းအထိမှာ ခရမ်းရောင်ထလျက် လောက်တက်နေသည်ကိုတွေ့ရပါသည်။ သူ့အတွက် ဤတောင်ကို ကျော်နိုင်မည် မဟုတ်တော့သည်မှာ မြင်သာနေပါသည်။ သူ့မျက်စိများက ငေးကြောင်နေကာ စကားမပြောနိုင်သော်လည်း ကျွန်တော်တို့ကို မှတ်မိပုံဖြင့် ယဲ့ယဲ့မျှ ပြုံးလိုက်သည်ကို တွေ့ရပါသည်။ နောက်ပိုင်း သူ ဘာဖြစ်သည်ကိုတော့ ကျွန်တော် မကြားမိတော့ပါ။


ဒဏ်ရာရသူများက မရမကတောင်ဝှေးထောက်လျက် တရွတ်ဆွဲလာနေကြသော ဆေးရုံ၏အခြေအနေမှာမကောင်းပါ



လူနာများက စိတ်မာတက်ကျမည်ဆိုလျှင် သူတို့ကို အပြစ်တင်နွယ်ရာ မရှိဟု ကျွန်တော်ထင်ပါသည်။

ဖိနပ်မပါသော သူနာပြုတပ်သား တစ်ဦးသည် စစ်မြေပြင်ဆေးရုံ၏ အကန့်တစ်ကန့်သို့ ဝင်လာပါသည်။ သူ့ဘေးလွယ်အိတ်ထဲမှ ဆေးထိုးပြွတ်တစ်ချောင်း ထုတ်ပြီးနောက် သေအံ့မူးမူးဖြစ်နေသော လူနာရဲဘော်များကို ဆေးထိုးပေးပါသည်။ ဆေးထိုးပြီး ၇ စက္ကန့်ခန့်အတွင်းတွင် သူတို့အားလုံး သေမင်းနိုင်ငံသို့ရောက်ကြမည်ဖြစ်ပါသည်။

သူနာပြုက သူ အမိန့်အရ လုပ်နေရခြင်းဖြစ်ကြောင်း ပြောကာ တရားလက်လွှတ် လုပ်နေခြင်းမဟုတ်ဘဲ လူနာများနာကျင်စွာ ခံစားနေရသည့်ဘဝမှ လွတ်မြောက်အောင် ဆောင်ကြဉ်း ပေးရသည့် တာဝန်ဖြစ်ကြောင်း သူ့ကိုသူ ပြန်နားချနေဟန်ရှိပါသည်။ သူ့ကိစ္စ ဆောင်ရွက်ပြီးသည့်နောက်တွင် ကျွန်တော်တို့ကို ကျောခိုင်းထွက်ခွာသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com




"ဟိုနားမှာ သေနေတာ ခင်ဗျားတို့ တပ်ကလူ မဟုတ်လား" ဟု အခြားတပ်မှ စစ်သည်တစ်ဦးကကျွန်တော်တို့ကို မေး၍ လှမ်းကြည့်လိုက်ရာ ဟုတ်သည်မှ သံသယရှိရန်ပင် အကြောင်းမရှိချေ ။ သူသည် သစ်ကိုင်းများနှင့် ချည်၍ဖြန့်ကြက်ထားသော ရွက်ထည်တဲအောက်တွင် လှဲနေပါသည်။

သူသည် အာဟာရချို့တဲ့သည့် ရောဂါဖြစ်ရာတွင် ဝမ်းကိုက်နာပါ တိုးလာ၍ ရှေ့တန်းမှ နောက်ပိုင်းသို့ စောစောပိုင်းက ပို့ထားသူဖြစ်သည့်အတွက် ထိုအချိန်ကဆိုလျှင် ကံကောင်းသူဟု ဆိုရမည်ကဲ့သို့ပင်။ သို့သော် ဤနေရာသို့ရောက်၍ မကြာမီသေရတော့မည်ဟု ရိပ်မိခဲ့သောအခါတွင် တဲကိုပြင်၍ သေမည့်အချိန်ကို တဲအောက်၌ စောင့်နေခဲ့ဟန်ရှိသည် ဟု ကျွန်တော်ထင်မိပါသည်။ သူ၏ကျောပိုးအိတ်ထဲတွင် ပို့စကတ်တစ်ခု၊ သွားတိုက်တံ တစ်ခု၊ သွားတိုက်ဆေး တစ်ဘူးနှင့် ဆင်စွယ်ဆေးတံ တစ်ခု ရှိပါသည်။

ကျွန်တော်တို့က သူ့ကို ကျွန်တော်တို့တပ်မှ အခြားရောင်းရင်းရဲဘော်များကို မြှုပ်နှံထားသည့် မြေပုံများနှင့် ကပ်၍







မမြှုပ်မီ သူ့မိသားစုများထံ ပြန်ပို့ရန် လက်ချောင်း တစ်ချောင်းကိုဖြတ်ယူပါသည်။ ဤကိစ္စမှာ လွယ်ကူသည် မဟုတ်ပါ။ သွေးမရှိတော့သည့် အသားစများက ကွာကွာကျလျက်နေပါသည်။ ထိုအခိုက် လထွက်လာရာ သူ့မျက်နှာပေါ် လပြောက်ထိုးလိုက်သည်တွင် သူ မပွင့် တပွင့် ပြုံးလိုက်သည်ဟု ထင်ယောင်လာပါသည်။ သူ့ရဲဘော်များနှင့် ကင်းကွာလျက် သေပွဲဝင်ခဲ့ရသော်လည်း နောက်ဆုံးတွင် ခင်မင်ရင်းနှီးသူများက သင်္ဂြိုဟ်ပေးလိုက်နိုင်သည်ကို သူကျေနပ်ကြောင်းပြသည့် အနေဖြင့် ပြုံးခြင်းဖြစ်သည်ဟု ကျွန်တော်တို့ကတော့ ယုံကြည်လျက်ရှိပါသည်။

မြစ်ကူးတို့ဆိပ်တွင် ကူးတို့လှေပေါ်တက်နိုင်ရန် သုံးရက်အောက် အနည်းဆုံးတန်းစီစောင့်ကြရသည်တွင် မြစ်ဟိုဖက်သည်ဖက် ဖြတ်ဆွဲထားသော ကောင်းကင် ကြိုးဖြင့် တော်တော်များများ ကူးဖြတ်ရန် ကြိုးပမ်းခဲ့ကြသည်။ မြစ်လယ်သို့ရောက်သည့်အခါ တွဲလွဲခိုကူးသူ၏ ကိုယ်အလေးချိန်ကြောင့်လည်းကောင်း၊ ကြိုးက ခပ်လျော့လျော့ရှိ၍လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com





အိကျလာကာ မြစ်ရေစီးကြောင်းထဲသို့ လူရောက်သွားပြီး ရေစီးသန်မှုကြောင့် ကြိုးကိုကြာကြာဆက်မတွယ်ထားနိုင်တော့ပဲ ရေစီးထဲမျောပါကာ ရေနစ်လေသည်။ ဤဖြစ်ရပ်မျိုးကို အကြိမ်ကြိမ်အဖန်ဖန်ပင် မျက်စိအောက်၌ တွေ့နေရကြသည်။

ဤနည်းဖြင့် ရေနစ်သေသူအားလုံးပင် ကိုယ်တိုင်မျက်ဝါးထင်ထင်မြင်နေရသော ကိစ္စပင်ဖြစ်လျက်နှင့် အဘယ်ကြောင့် ဤမရဏာလမ်းကိုတစ်ယောက်ပြီးတစ်ယောက် လိုက်ခဲ့ကြသနည်း။ မည်သူကမျှလည်း ၎င်းတို့ကို မဟန့်ခဲ့၊ မတားခဲ့ပါ။ သူတို့အားလုံးသည် စိတ်ရူးပေါက်သွားခဲ့ကြလေပြီတည်း။

မိမိတို့တပ်မှကျဆုံးသူများကို စစ်တလင်းနှင့် နီးရာအရပ်တွင် မြှုပ်နှံ၍ စစ်သချိုင်းများ တည်ဆောက်လေ့ရှိသော မဟာမိတ်တပ်များနှင့် တစ်ဘာသာ ခြားနား၍ ဂျပန်သူရဲကောင်း



ထုံးစံမှာ ကျဆုံးသူ သူရဲကောင်း၏ အလောင်းကို မီးသင်္ဂြိုဟ်၍ ကြွင်းသော ရုပ်ကလာပ်ကို မိမိဇာတိရပ်ရွာသို့ ပြန်ပို့ရသည်။ သို့သော် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ကြုံရသည့် အခြေအနေများအရ ဂျပန်တပ်မတော်သည် ဥစ္စာစွမ်းပကားနှင့် အချိန်ကန့်သတ်မှုတို့အရ ဤနည်းဖြင့် ဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းမရှိချေ။ ထို့ကြောင့် ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ သဘောဖြင့် ကျဆုံးသွားသူ ၏လက်ချောင်း တစ်ချောင်းကိုသာဖြတ်ယူ၍ ဂျပန်ရှိ မိသားစုများထံ ကျန်ရစ်သူ ရဲဘော်များက ပို့ပေးသည့်ဓလေ့ ဖြစ်ပေါ်လာခဲ့သည်။

"ကျားဖြူ" အီဒိုခေတ်ကုန် (ခရစ် ၁၈၆၈ ခန့်) ကာလပိုင်းတွင် "ရှိုးဂန်း" ခေါ် စစ်ဗိုလ်ချုပ်ကြီးတို့ အာဏာပိုင်ဆိုင်မှုစနစ်ကိုထောက်ခံသူတို့ကတစ်ဖက်၊ ဧကရာဇ်စနစ်ကို ပြန်လည်အသက်သွင်းလိုသူတို့က တစ်ဖက် စစ်ပွဲများ ဆင်နွှဲခဲ့ကြသည်။ ထိုအထဲတွင် အိုင်ဇုမျိုးနွယ်စုက "ရှိုးဂန်း" စနစ်ကို ထောက်ခံသဖြင့် ၎င်းတို့ လူငယ်လူရွယ်အများပင် စစ်တိုက်ရန် လေ့ကျင့်ကြသည်။ တိုက်ပွဲဖြစ်ရာ၍ ၎င်းတို့၏ ရဲတိုက် မီးလောင်လျက်ရှုံးရန်သေချာသလောက် ဖြစ်လာသည့် အချိန်တွင် "ကျားဖြူ" လူငယ်တို့အထဲမှ ကျန်ရှိနေသူများသည် အီမိုရိတောင်ပေါ်တွင် စိတ်တူသဘောတူ တစ်ယောက်နှင့်တစ်ယောက် သတ်သေလိုက်ကြသည်။[1]

---

၁။ ခရစ်နှစ် အေဒီ ၇၃ တွင် အရှေ့အလယ်ပိုင်းဒေသ ပင်လယ်သေ၏ အရှေ့ဘက်ကမ်းခြေအနီးရှိ တောင်ကုန်းပေါ်တည်ထားသည့် မာဆာဒါ ခံတပ်၌အဝိုင်းခံနေရသော ဂျူးလူမျိုး ၉၆၀တို့က ဝန်းရံထားသော ရောမတပ်ကိုအညံ့ခံမည့်အစား တစ်ဦးကိုတစ်ဦးက သတ်ခိုင်းခြင်းဖြင့် အားလုံးသေပွဲဝင်ခဲ့သည့်ဖြစ်ရပ်နှင့် အလားတူပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၆

# ဆုတ် စစ်

၁၉၄၄ ခုနှစ်၊ ဩဂုတ်မှ ၁၉၄၅ ခုနှစ် ဩဂုတ်

www.burmeseclassic.com

www.burmeseclassic.com



## ၅၇။ ရောကမ်းမှတိုက်ပွဲ

ဒုဗိုလ် ကာဇူအို အီမာအိ၊ တပ်ခွဲ(၁၂)၊ ရင်း (၃)၊
အမှတ်(၂၁၅)ခြေလျင်တပ်ရင်းကြီး
တပ်မ(၃၃)၊ အမှတ်(၁၅) တပ်မတော်

ရောဝတီ၊ ရှမ်း

၁၉၄၄ ခုနှစ်နိုဝင်ဘာလနှောင်းပိုင်းတွင် ကျွန်တော်သည် ဂန့်ဂေါရှိ တပ်ရင်း (၃) သို့ သတင်းပို့ပါသည်။ ဂန့်ဂေါမှာ ကလေးမြို့တောင်ဘက် ၁၁၀ကီလိုမီတာအကွာတွင် ရှိပါသည်။ ရင်း(၃)သည် လူရှိုင်းတပ်မဟာ၊ အမှတ်(၂၈)အရှေ့အာဖရိက တပ်မဟာတို့နှင့် တိုက်ပွဲများဖြစ်ပွားလျက်ရှိပါသည်။ ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလတွင် အင်အားကောင်းသော ဗြိတိသျှလေတပ် တစ်ဖွဲ့ကကျွန်တော်တို့၏စခန်းနေရာကို ခုနစ်ကြိမ်လာရောက် ဗုံးကြဲရာ စခန်းတစ်ခုလုံးကြေမွသွားပါသည်။ တပ်ရင်းကြီး၏ အမိန့်အရကျွန်တော်တို့သည် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် မုံရွာမှ ၅၃ကီလိုမီတာ ကွာဝေးသည့် ရေစကြိုသို့ တိတ်တဆိတ် ရွှေ့ကာ အခြေပြုထားပါသည်။ အင်ဖားစစ်ဆင်ရေး ရှုံးနိမ့်ခဲ့ သည်တွင် ကျွန်တော်တို့တပ်ရင်းသည် လူ၊ လက်နက် ၈၀ ရာခိုင်နှုန်း ဆုံးရှုံးခဲ့ပါသည်။ ယင်းအချိန်တွင် ဆုံးရှုံးခဲ့သည့် လက်နက်များအနက် စက်လတ်နှင့် စက်ကလေးအချို့ကိုပြင် ပေးကာ ဒဏ်ရာရ၍၊ ဖျားနာ၍ ဆေးရုံတက်နေသူအချို့ ပြန် ရောက်လာခဲ့ကြပြီဖြစ်သော်လည်း သေနတ်ကိုင်တပ်ခွဲ တစ်ခွဲ လျှင် လူနှစ်ဆယ်မှ သုံးဆယ်မျှသာ ရှိပါသည်။



ဇန်နဝါရီလနှောင်းပိုင်းတွင် ကျွန်တော်တို့သည် လက်ရှိနေရာမှ မြစ်အကြောအတိုင်း ၁၅ ကီလိုမီတာဝေးသော မြင်းမူ တစ်ဖက်ကမ်းရှိ ကျီကုန်းသို့ ပြောင်းရွှေ့ နေရာယူပါသည်။ ကျွန်တော်တို့၏ ရည်မှန်းချက်တာဝန်မှာ ဗြိတိသျှ-အိန္ဒိယ တပ်များ ဧရာဝတီမြစ်ကို မကူးနိုင်အောင် ဟန့်တားထားရန်ပင် ဖြစ်ပါသည်။

ယခင် နှစ်ရက်က မြစ်ကိုကူးခဲ့ပြီး မီတာ၆၀၀ ကျယ်ပြီး အလျား ၃ ကီလိုမီတာရှည်သော မြစ်သောင်ခုံကြီးတွင် တပ်စွဲ ထားသော ရန်သူအား တိုက်ခိုက်ချေမှုန်းရန် ယိုကိုဟားမား စက်သေနတ်တပ်စုနှင့်အတူ ကျွန်တော်တို့တပ်ခွဲ(၁၂)ကို တာဝန် ပေးပါသည်။

ဤတာဝန်ဖြင့် ထိုးစစ်ဆင်မည့်အင်အား ၄၀ ရှိ အဖွဲ့ကို ကျွန်တော်က ဦးဆောင်၍ သဲပြင်ပေါ်တွားရင်း ရန်သူ့စခန်းကို ချဉ်းကပ်လျက်ရှိပါသည်။ ထိုစဉ် ကျွန်တော့်အနောက်မှ တွား လိုက်လာသော တပ်ကြပ်အီရှိဇာကာက ကျွန်တော့် ခြေယောက် ကိုဆွဲကာ ယှဉ်တက်လာပြီးနောက် "ဗိုလ်ကြီး သိပ်မြန်နေတယ်။ နောက်ကလူတွေနဲ့ အဆက်ပြတ်သွားလိမ့်မယ်" ဟု နားနား ကပ်ပြီးလေသံဖြင့် ပြောပါသည်။ ကျွန်တော်မှာ ဧရာဝတီမြစ် ကမ်းအတိုင်း ခပ်နွေးနွေးရှိသော သဲသောင်ပြင်ပေါ် တွားတက် နေသည်မှာ နာရီဝက်ခန့် ရှိလေပြီ။ ရန်သူ့မြစ်ကူးနေရာ ကူးတို့ကို ညွှန်ပြသည့် ကျွန်တော်တို့ ရည်မှန်းချက်ဖြစ်သော မီးအိမ်မှာ ကျွန်တော် ရောက်နေသည့်နေရာနှင့် ကပ်နေပြီထင် ရသော်လည်း စီမံချက်တွင် သတ်မှတ်ထားသည့်အချိန်အမီ မရောက်မည်ကို ပူပန်ရပါသည်။ တောင်ပေါ်ပစ် အမြောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ညှိထားသည့်အချိန်တွင် ရောက်နိုင်ရန် ကျွန်တော်စိတ်စောလျက်ရှိပါသည်။

ခေတ္တရပ်ပြီးနားဖို့ ကျွန်တော်အချက်ပေးလိုက်ပါသည်။ နားရင်း နောက်လှည့်ကြည့်လိုက်ရာ ကျွန်တော့်ရဲဘော်များ ခြေလှံလက်လှံ တွားလိုက်လာကြသည်ကို မြင်ရပါသည်။ လမ်းမှာ မိုးကုပ်စက်ဝန်းအောက် ငုံ့လျှိုးသွားခဲ့ပြီဖြစ်၍ မောင်ရှင်ဆိုင်းထမ်း စလွယ်သိုင်းထားသော လိပ်ကြယ်က ကောင်းကင်တွင် မင်းမူလျက်ရှိပါသည်။ လူ ၁၀ ယောက်ခန့် ကောင်းစွာတင်နိုင်မည့် ခိုင်ခိုင်ခံ့ခံ့ လှေတစ်စင်း သောင်ပေါ်ဆွဲတင်ထားကာ ပတ်လည်တွင် ခြေရာပွစာကြဲနေသည်ကို တွေ့ရ၍ အနီး၌ ရန်သူကင်းထုတ်ထားနိုင်သည်ဟု တွက်မိပါသည်။ သို့နှင့် ညာဘက်ရှိ ကုန်းပြန့်မိုမိုကို အာရုံစူးစိုက်လိုက်ပါသည်။

ကူးတို့သည် အနီးအပါးတွင်ရှိပုံရသည်။ အမြင့်တွင်တင်ထားသော မီးလုံးတစ်လုံးက လင်းလက်လျက်ရှိသည်။ လျှပ်စစ်မီးစက်ဟု ထင်ရသော စက်က တဝီးဝီးမြည်လျက်ရှိသည်။ ကူးတို့နေရာသည် မိတာ ၂၀၀ခန့်အကွာခန့်ရှိသဖြင့် ဗိုလ်လောင်ချာ အဖွဲ့ကိုနေရာယူစေပြီးနောက် ဆက်၍ တွားတက်သွားရာ ကူးတို့နှင့် မီတာ ၇၀ခန့်အကွာ ချောင်းခြောက်ကလေးထဲ၌ နေရာယူလိုက်ကြသည်။ ကူးတို့သည် ကုန်းပြင်မိုမို၏ အဆုံး သဲသောင်သိမ်သွားသည့်နေရာတွင် ရှိသည်။ စစ်သားများ လှေပေါ်မှ ပစ္စည်းချနေသည်ကိုလည်းကောင်း လေးထောင့်အထုပ်များပုံထားသည်ကိုလည်းကောင်း မြင်နေရသည်။ မီးနီလင်းချီ မှိတ်ချီဖြင့် တစ်ဖက်ကမ်းသို့ အချက်နေသည့်



မျိုးလည်း မြင်ရသည်။ ကျွန်တော်က ဘယ်ညာဖြန့်ခိုင်းရန် တပ်ကြပ်အီရှီဇာကာအား အချက်ပြလိုက်သည်။ ယခုအချိန်အထိ ရန်သူက ကျွန်တော်တို့ရောက်နေမှန်း မသိသေးချေ။ တောင်ပေါ်ပစ်အမြောက်များက စပစ်သည်တွင်မှ ရန်သူကို ကျွန်တော်တို့ တက်လုံ့စွပ်ထိုးရန် ကျုန်တော့သည်။ ကျွန်တော် သက်သောင့်သက်သာဖြစ်သွားသည်။ ဆေးလိပ်သောက်ချင်သည့် စိတ်ကလည်း ထိုအခိုက်ပေါ်လာသည်။ ကျွန်တော်တပ်ခွဲမှူး ဗိုလ်မိဒိုရိကာဝါတက်လာရန် စောင့်နေလိုက်သည်။

ကျွန်တော့်ရှေ့ရှိ မို့မို့စုန့်ထွက်နေသော အပုံကလေးတစ်ခုမှာ ရန်သူကူးတို့စခန်းအစွန်းတွင်ကျနေသဖြင့် ရန်သူကင်းလားဟု မသင်္ကာဖြစ်၍ စုံစမ်းရန် ကျွန်တော် ကပ်သွားလိုက်သည်။ သဲသဲကွဲကွဲမြင်ရသောအခါ သဲအိတ်များပုံထားသည်ကို တွေ့ရသဖြင့် အရန်သင့်ဖြစ်ရန် ဓားရှည်ကိုဆွဲထုတ်လိုက်သည်။ ကျွန်တော် သဲအိတ်များကို လှမ်းပုတ်နိုင်လောက်သည့်အကွာသို့ ရောက်သောအခါ ညာဘက် ချုံဖုတ်ပေါ်မှ ဖြတ်သွားသော အမြောက်ဆန်အသံနှင့် ဆက်တိုက်ကျည်ကွဲရာမှ မီးရောင်ဖြာ သွားသည်ကို မြင်လိုက်ရသည်။ အမြောက်ဆန်သည်ကူးတို့နှင့် အတော်လှမ်းသေးသည့် ကုန်းပြင်မြင့်မြင့်ပေါ်၌ကျသည်။ ထိုနောက် ထပ်၍ "ဒုံး၊ ဒုံး" ဟု အမြောက် ပစ်သံနှင့် မရှေးမနှောင်းပင် လေထဲကျည်ဆန်တိုးသံများ ကြားရကာ ယခုလည်း ပစ်မှတ်ကိုမမိဘဲကျကွဲသည်။ မည်သို့ဖြစ်သနည်း။

အချိန်ကလည်း ညှိထားသည်ထက်စော နေသေးသည်။ ကူးတို့နေရာ၌ ထွန်းထားသော မီးမှာလည်း ဒုတိယကျည်

www.burmeseclassic.com

www.burmeseclassic.com



ကျသည်နှင့် ပိတ်သွားသည်။ သို့သော် ရန်သူက ဆိတ်ဆိတ် နေတုန်းပင်ရှိသည်မှာ အံ့ဖွယ်ရာပင် ဖြစ်သည်။ တတိယ ကျည်ကွဲသည့်အခါတွင် ရန်သူတစ်ယောက် ကျွန်တော့် မျက်စိ ရှေ့၌ထလိုက်ကာ အမြောက်ကျည်ကွဲရာ နေရာကို ကြည့် ပြီးနောက် ကျွန်တော့်ဘက် လှည့်လိုက်သည်ကို မြင်ရသည်။ ကျွန်တော့်ကို မြင်သွားပြီ အထင်ဖြင့် ကျွန်တော် ထလိုက်ပြီး ဓားကို ခေါင်းပေါ်မြှောက်ကာ သံအိတ်ပုံကိုကျော်၍ သူ့ လည်ပင်းကိုခုတ်ချလိုက်သည်။ သူ့ကိုခုတ်မိသည့် အသိကိုလည်း ပြင်းပြင်းပြပြခံစားလိုက်ရသည်။ ရန်သူမှာ ကြီးထွားကြံ့ခိုင် သူဖြစ်၍ တအားကုန်းအော်ကာ ကျွန်တော့်ကို ဝင်လုံး လုပ်သည်။ ကျွန်တော် ခလုတ်တိုက်မိ၍ ထွေးခနဲလဲသွားစဉ် သူပစ်ဖောက်လိုက်သည့် လက်ပစ်ဗုံး ကျွန်တော့်ညာခြေအနီး ကွဲ၍ ဗုံးကွဲသည့်အဟုန်ဖြင့် နောက်ပြန်လန်ကျကာ ပက်လက် ကလေးဖြစ်နေသည်။ ချက်ချင်းထ၍ ဝင်တိုက်ရမည်ဟူသော အသိကခေါင်းထဲဝင်လာသည်။ သို့သော် ကျွန်တော် နားလည်း မကြား၊ မျက်စိလည်းမမြင်တော့။ ကျွန်တော်စက္ကန့်အတော်ကြာ သတိလစ်သွားခဲ့ပုံရသည်။

နောက်ဆုံးတွင် နီနီရဲရဲ လေထီးမီးကျည်ကို အာရုံပြု မိကာ ကျွန်တော် သတိလည်လာခဲ့သည်။ ကျွန်တော်တို့ဘက်မှ မြစ်တစ်ဖက်သို့ လှမ်းပစ်သော စက်သေနတ် မီးကျည်များ ကလည်း ကျွန်တော်၏ ကိုယ်ပေါ်မှ ဖြတ်သွားကြသည်။ ကျွန်တော် သံအိတ်များရှေ့တွင် ပက်လက်လှန်ကာ မြင်နေ သည်မှာ အလွန်လှပါပေသည်။ နောက်တပ်ကြပ် အိမ်ရှီဇာက ကျွန်တော်၏ ညာဘက် တွင်လဲနေသည်ကိုမြင်မိ၍ ကျွန်တော့် နောက်ရှိ ရဲဘော်တစ်ယောက်ကို တပ်ကြပ် အိမ်ရှီဇာကား



ကြည့်ပေးရန် ခိုင်းလိုက်သည်။ အိမ်ရှီဇာကာက ကျွန်တော့် ဘက်သို့သူ့လက်ကို လှမ်းပေးကာသူလည်း ဒဏ်ရာ ပြင်းပြင်း ထန်ထန်ရနေပုံပေါ်သည်။

ကျွန်တော် ကောင်းကောင်းသတိလည်လာသောအခါ ကျွန်တော့်ညာဘက်ခြေထောက်မှာ လှုပ်၍မရတော့ကြောင်း သတိပြုမိသည်။ ကျွန်တော့် ဘယ်ဘက်ခြေထောက်ကလည်း နာနေပြီး စမ်းလိုက်သောအခါ စိုရွှဲနေ၍ သွေးယိုစီးလျက်ရှိမည် ဟု မှန်းရသည်။

မီးကျည်တန်းခေတ္တစဲသွားချိန်တွင် လူနှစ်ယောက် ပြေး သွားသည်ကို မြင်လိုက်ရသည်။ သူတို့သည် သံအိတ်ကတုတ်၏ အခြားဘက်မှ "ယား၊ ယား" အော်၍ လုံ့စွပ်များဖြင့်ထိုးနေ သည်ကိုတွေ့ရကာ လင်းကျည်၏ အလင်းရောင်တွင် ဌာနချုပ် မှ တပ်ကြပ်ကြီး တာကာဟာရှီ၏ ကြောက်မက်ဖွယ် မာန်သွင်း ထားသော မျက်နှာပေးကိုမြင်လိုက်ရသည်။ တပ်ကြပ်ကြီးသည် ဘယ်ဘက်ရှိ ကုန်းမို့မို့ဘက်သို့ ပြေးတက်သွားသည်ကို မြင် လိုက်မိသည်။ ကျွန်တော်သူ့ကို လှမ်းမပြောနိုင်မီ သူ့နောက်က မည်သူမျှ မပါလာဘဲ တစ်ယောက်တည်း ရှေ့ဆက်ပြေးတက် သွားသည်ကို မြင်လိုက်ရပါသည်။

ထိုစဉ် "မြစ်ထဲမှာရန်သူ" ဟု အော်သံပေါ်ထွက်လာပြီး မြစ်ညာဘက်မှ လှေအချို့၏မည်းမည်းသဏ္ဍာန်များ သောင်ပြင် ဘက်သို့ လာနေသည်ကို မြင်လိုက်ရပါသည်။ ကျွန်တော့် အနေဖြင့် ဤလှေများသည် ကူးတို့ကူးရင်း မျောဝင်လာသော လှေများလား၊ ကျွန်တော်တို့ကို တိုက်ဖို့လာနေသည့်ရန်သူလား မဆုံးဖြတ်တတ်၍ "စက်ကလေး" ဟု လှမ်းခေါ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ ဘယ်ဘက်ရှေ့နားရှိ အရိပ်မည်းမည်းတစ်ခုက "စက်သေနတ် ချတ်ယွင်းမှုရှိ" ဟု ပြန်ကြားလာပါသည်။ ကျွန်တော်က "စက်ကလေးကိုဖြုတ်၊ ရှင်း" ဟု ပြန်အမိန့်ပေးလိုက်ပါသည်။ ထိုနောက် ဘာဆက်လုပ်ရမည်ကို စဉ်းစားနေပါသည်။ ထိုစဉ် စိန်ပြောင်းဗုံးများကျလာကာ ယမ်းခိုးနံ့ရလာပါသည်။ စိန်ပြောင်းများမှာ စည်းခုံမြင့် နောက်နားတွင် ရှိနိုင်ပါသည်။

ဗိုလ်ယိုကိုယားမား ကွပ်ကဲလျက်ရှိသည့် စက်သေနတ်တစ်လက်မှာ ကျွန်တော့် ညာဘက် ၅မီတာခန့်အကွာတွင်ရှိပါသည်။ စက်သေနတ်သည် ကျွန်တော်၏ကိုယ်ပေါ်မှကျော်၍ တစ်ဖက်ကမ်းသို့ ပစ်နေပါသည်။ စက်လတ် တစ်လက်ရှေ့တည့်တည့်တွင် ဝပ်စင်းနေရသည်မှာ မသက်သာလှပါ။ စက်လတ်ပစ်ခတ်မှုကြောင့် ဖုတ်တထောင်းထောင်းထအောင် မှုတ်ထုတ်လိုက်သည့် လေအဟုန်နှင့် ဝမ်းတွင်းကလီစာများပါ လွင့်ထွက်သွားမည်လား ထင်ရပါသည်။ ကျွန်တော့် မျက်နှာကို တစ်ဖက်လှည့်၍ ခါးစည်းခံနိုင်ဖို့ ကြိုးစားရပါသည်။ သောင်ပြင်အနီးသို့ကပ်လာသည့် လှေတစ်စင်းမှ လူတစ်ယောက်ထွက်ကျသွားသည်ကို မြင်ရပါသည်။ ယင်းလှေတို့ဖြင့်ရန်သူက စစ်ကူအင်အားဖြည့်ပေးနေသည်ဟုထင်မိပါသည်။ ကျွန်တော့်နားကို ကပ်၍ စက်သေနတ်က ဆက်တိုက်ပစ်နေ၍ ကျွန်တော်နား အူသွားပါတော့သည်။

နောက်စက်လတ်က ကုန်းမြင့်ဘက်သို့ ပြောင်းလှည့်လိုက်သောအခါ ကျွန်တော်နေရာပြောင်းဖို့ အကောင်းဆုံးအချိန်ဖြစ်မည်ဟု ထရန်လုပ်ရာ ညာဘက်ခြေထောက်က နာလွန်း၍ အသာပြန်မှိန်းနေရသည်။ ထိုစဉ် တပ်ခွဲမှူး မိဒိုရိကာဝါ



ရောက်လာပြီး ကျွန်တော့်ဘေးနားထိုးဝပ်လိုက်ကာ "တပ်စုမှူး ဘာဖြစ်သလဲ ဒဏ်ရာရသလား၊ ခြေထောက်လား" ဟု မေးပါသည်။ ထိုနောက် သဲပေါ်တင်ပျဉ်ခွေထိုင်လိုက်ပြီး ရန်သူ့ခံစစ်မျဉ်းဘက်ကို ကြည့်နေပါသည်။ လေထီးလင်းကျည်များကြောင့် ညသည် ထိန်လင်းလျက်ရှိကာ မီးကျည်တို့သည် ထိုမှ ဤမှ နီနီရဲရဲ ကျည်သွားလမ်းကြောင်းများဖြင့် မှောင်မည်းသည့် ညဥ့်ကောင်းကင်ပြင်ကို ရေးခြစ်လျက်ရှိကြသည်။ ရန်သူသည် ကျွန်တော့်ရှေ့ရှိ ကုန်းမြင့်ထက်ပစ်ကျင်း၊ ခံကတုတ်တို့မှ ပစ်နေသည်ကို ကျွန်တော်တို့၏ စက်သေနတ်ကပြန့်ပစ်လျက်ရှိသည်။ ရန်သူဘက်တွင် ရုတ်ရုတ်သဲသဲဖြစ်ကာ အချို့က ကုန်းစောင်းထက်သို့ တက်ပြေးစဉ် အချို့က သဲထဲ၌ ယက်ကန် ယက်ကန်ဖြစ်ကာ အချို့က လက်နက်ချသည့်ပုံဖြင့် လက်နှစ်ဖက်မြှောက်ပြီး မတ်တတ်ရပ်လျက်ရှိသည်။ ဤအချိန်တွင် ရန်သူ့ပစ်ကျင်းများကို တက်ရောက်လုံ့စွပ်ထိုး ချေမှုန်းရန် အကောင်းဆုံးအချိန်ပင် ဖြစ်သည်။ တပ်ခွဲမှူးက "ငါမင်းကို ကူမယ်" နှစ်ကြိမ် လှမ်းပြောသည်။ သူက ကျွန်တော့်ကို "အိမာအိ မင်းဓား ငါ့ကို ငှားစမ်းပါ။ ငါ့ဓား ကျိုးသွားလို့ ငါ တက်ကျားထိုးမယ်" ဟုပြောပါသည်။ ကျွန်တော်က တပ်ခွဲမှူးချောင်းဆိုးသံကြောင့်လှမ်းကြည့်လိုက်ရာ သူ့ပါးစပ်မှသွေးဟု ထင်ရသောအရည် စီးဆင်းလာသည်ကိုမြင်ရ၍ လှမ်းသတိပေးလိုက်မည်ပြုစဉ် ကျွန်တော့်အနား စိန်ပြောင်းဗုံး တစ်လုံး ကျလာ၍ ဗုံးကွဲဒဏ် ခံနိုင်ရန် မျက်နှာကို သဲထဲမြှုပ်ထားလိုက်သည်။ ကျွန်တော် ခေါင်းကို ပြန်ဖော်လိုက်သောအခါ သူ့ကို မတွေ့ရတော့ပေ။ သူမည်သည့်အခြေအနေရှိသည်ကို မမေးနိုင်မီ မီးကျည်များ ကျွန်တော့်အနီးတွင် ပလူပျံသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ စက်လတ်သမားသည် ပစ်ရင်းထိမှန်သေဆုံးကာ အပစ်ခလုတ်ကို ဆက်နှိပ်ထားလျက် ခေါင်းကငိုက်ကျနေ၍ ကျည်ဆန်များက ကျွန်တော့်ရှေ့တွင် လာထောက်နေခြင်းဖြစ်သည်။ လူရိပ်မည်းမည်းတစ်ခုက ကျဆုံးသွားသောစက်သေနတ်သမားကို တွန်းဖယ်လိုက်ပြီးနောက် ဝင်ပစ်၍ မကြာမီ လင်းကျည် သူ့ပေါ်ကိုပစ်တင်လိုက်ပြီးနောက် ရန်သူစက်သေနတ်များက သူ့ကိုပြုပစ်ရာ သူ့မျက်နှာကို ကျည်သင့်ပြီးမှောက်လျက်ထိုးလဲသွားသည်။ သို့သော် ကျွန်တော်တို့ဘက်ကလည်း မပြောဘဲ တတိယတစ်ယောက်က စက်သေနတ်ကိုဝင်ပစ်သည်။ သို့သော် များမကြာမီ ကျည်ကုန်သွား၍ "ကျည်မရှိ" ဟု သတင်းပို့သည်။ တပ်ခွဲမှူးက "စက်သေနတ်ဆုတ်"ဟု အမိန့်ပေးလိုက်သည်။ သူ ထူထူထောင်ထောင်ရှိနေတုန်းပင်ဖြစ်ကြောင်းသိရ၍ ကျွန်တော် စိတ်သက်သာရာရသွားသည်။ စက်သေနတ်သမားသည် ဖြိုးခနဲ စက်သေနတ်ပြောင်းကို ဖြုတ်ယူ၍ မတ်တတ်ရပ်လိုက်သည်။ သုံးချောင်းထောက်ကိုဝင်ထမ်းသူ ရဲဘော်ကမူ ရုပ်ရှင်ကား အနှေးပြန်ပြသကဲ့သို့ တဖြည်းဖြည်းခွေကျသွားသည်။

ရဲဘော်တစ်ယောက် ကျွန်တော့်ထံ တွားတက်လာရာ ဒုတပ်ကြပ်ရှိမာဒါဖြစ်၍ "တပ်စုမှူး ကျွန်တော့်ကို မှန်သွားတယ်"ဟု သတင်းပို့ကာ လက်မောင်းကို ကျွန်တော့် ရှေ့ထိုးပြရာ လက်တစ်ခုလုံး လက်ချောင်းများအထိ မီးလောင်လျက်ရှိပါသည်။ လင်းကျည်မှန်ထားကြောင်း သူ ရှင်းပြပါသည်။ သူ့သဲထဲသို့ လက်မောင်းရင်းအထိ ထိုးသွင်းသော်လည်းငြိမ်းမသွားကြောင်း ပြောပြပါသည်။ ကျွန်တော် ခေတ္တမျှ အမ်းသွားပြီးနောက် "မင်းဆုတ်နိုင်ပြီ"ဟု ပြောလိုက်ပါသည်။



စက်လတ်ကို နောက်ပြန်ဆုတ်ခိုင်းပြီးသည့်နောက်တွင် သောင်ပြင်တွင် ကျွန်တော်တို့ချည်း ဆက်၍ ခံပစ်နေရပါသည်။ သဲကြောင့် ပုံစံ ၁၁ တစ်လက်နှင့် ပုံစံ ၉၉ စက်ကလေးနှစ်လက်တို့ ကျည်ညပ်လျက် ပစ်မရပါ။ လင်းကျည်များကြောင့် တိုက်ပွဲခွင်မှာ နေ့ခင်းပမာလင်းနေပါသည်။ ရန်သူလက်နက်နေရာများကို အကူပစ်လက်နက်ကြီးများသုံး၍ မချေမှုန်းနိုင်ပါက ကျွန်တော်တို့ လုံ့စွပ်တက်ထိုးနိုင်ရန် အခြေအနေမပေးပါ။ ရန်သူ့ပစ်အားကလည်း တစ်စတစ်စ ပိုထန်လာ၍ ကျွန်တော့်ခေါင်းကိုပင် မဖော်နိုင်တော့ပါ။ ထိုစဉ် ဗိုးလောင်ချာတပ်စိတ်ကို အကြောင်းအားလျော်စွာ ပြန်သတိရမိပြီး "ကွပ်ကဲမှုဌာနချုပ် မာစတာဆာဂျင်[၁] မိုရိုဟာရှိ" ဟု ခေါ်လိုက်ပါသည်။ ကျွန်တော့် အမိန့်ကို တစ်ဦးချင်း လက်ဆင့်ကမ်းလိုက်ကြရာ ညာဘက် မီတာ ၃၀ခန့်အကွာမှ "မာစတာဆာဂျင် မိုရိုဟာရှိ ဒီမှာ" ဟူသော ထူးသံကို ကြားရပါသည်။ "ဗိုးလောင်ချာ တပ်စိတ်" ဟု ကျွန်တော်ခေါ်မည်ပြုစဉ် ကျွန်တော့် လက်ပစ်ဗုံး အချို့တစ်ပြိုင်တည်း ထပေါက်ပါသည်။ ပေါက်ကွဲမှု၏ဒဏ်ကြောင့် ကျွန်တော်အသက်ရှူကျပ်ပြီး မေ့မျောသွားပြန်ပါသည်။

ကျွန်တော် ပြန်သတိလည်လာသောအခါ ပတ်ဝန်းကျင် အမှောင်ကျလျက်ရှိသည်။ ကျွန်တော့် ခေါင်းထဲသို့ အသိဉာဏ် အလင်းရောင် ရုတ်တရက်မဝင်လာဘဲ တော်တော်ကြာတွင်မှ ကျွန်တော်တို့၏ တပ်သည် ဆုတ်သွားခဲ့ပြီး ကျွန်တော်သည် ထီးတည်းကျန်နေသူဖြစ်ကြောင်း ရိပ်မိပါသည်။ ကျွန်တော်

---

၁။ Master Sergeant သည် တပ်ခွဲတပ်ထောက်တပ်ကြပ်ကြီးအဆင့်နှင့် အကြမ်းအားဖြင့် တူညီပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ညာဘက်သို့ ရွှေ့လိုက်ပါသည်။ လူသေကောင်အချို့နှင့် တိုးမိသော်လည်း ဘယ်သူဘယ်ဝါမှန်း မသိပါ။ လင်းကျည်ခွံများပြန့်ကျဲလျက် အချို့မှာ ပြာလဲ့လဲ့ရောင် မီးတောက်လောင်ဆဲရှိသည်။ ပက်လက်လန်နေသော အလောင်းတစ်လောင်းတွင် လင်းကျည်မှန်၍ဖြစ်မည်ထင်သည် မျက်နှာကိုမီးလောင်လျက်ရှိရာ အနီးသို့တွားပြီးကြည့်ရာတွင် မာစတာဆာဂျင် မိုရိုဟာရှိဖြစ်ကြောင်းတွေ့ရသည်။ "တပ်ခွဲ (၁၂)၊ တပ်ခွဲ (၁၂)" ဟု ကျွန်တော် အော်ခေါ်လိုက်သောအခါ ကျွန်တော့်အနီးသို့ လင်းကျည် တစ်တောင့် ကျလာပြီး မီးကျည်များကလည်း တဝီဝီဝင်လာသည်။ ကျွန်တော်နောက်သို့ဆုတ်၍ "ဒဏ်ရာနဲ့ ရှိကြသေးသလား၊ တို့ဆုတ်ကြရမယ်"ဟု အော်လိုက်သော်လည်း ဖြေမည့်သူ တစ်ယောက်မျှ မရှိပါ။ ဤမှုများသည့်အလောင်းများအတွက် ကျွန်တော် ဘာမျှမလုပ်ပေးနိုင်တော့ပါ။ ရုတ်တရက် ဖြစ်ပေါ်လာသည့် ကြောက်စိတ်ကိုလည်း ရင်မဆိုင်နိုင်တော့ပါ။

ကျွန်တော်သည် မြစ်ထဲဆင်းလိုက်ရာ တော်တော်ဆင်းသွားသည်အထိ ရေတိမ်တုန်းပင် ရှိသည်။ ကျွန်တော့်ကိုယ်ကို ရေထဲနှစ်လိုက်ကာ ရေတစ်ငုံကိုသောက်ကြည့်ရာတွင် နီမှိုင်းမှိုင်းနောက်ကျိကျိဟု ထင်ရသော်လည်း လန်းဆန်းသွားသည်။ သဲသောင်ကိုမြှောင်လျက် ရေထဲတစ်ပိုင်းဖော့၍ စုန်လိုက်သွားသည်။ ခဏကြာလျှင် မြစ်လယ်ဘက်သို့ ရေစီးဖြင့် မျောပါရာ မနည်း ကမ်းကိုပြန်ကပ်လိုက်ရသည်။ ထော့နဲ့ထော့နဲ့နှင့် သွားနေသော ရဲဘော်နှစ်ယောက်ကို မီလာပြီး တစ်ဦးမှာ တပ်သားအီဂျီမာဖြစ်သည်ကိုတွေ့ရသည်။ ကျွန်တော်တို့အနီး စိန်ပြောင်းဗုံးတစ်လုံးကျလာသည်တွင် တစ်ယောက်က "ဗိုလ်ကြီးရေ



ရောင်လက်နေတယ်" ဟု သတိပေးမှ ကျွန်တော်မားရှည်ကို အလွတ် လက်ထဲဆုပ်ထားဆဲ ဖြစ်သည်ကို သတိမူမိသည်။

ကျွန်တော်တို့ ကျိုကုန်းအနီးရှိ ဘန်ကာသို့ ပြန်ရောက်ချိန်တွင် မွန်းတည့်ခါနီးဖြစ်သည်။ ရင်ဘတ်တွင် ဒဏ်ရာရထားသော တပ်ခွဲမှူးမီဒိုရိကာဝါလည်းရှိနေသည်။ တောင်ပေါ်ပစ်အမြောက်တပ်ဖွဲ့မှူး အာအိုတို ဝင်လာသောအခါ အမြောက်ပစ်ကူ ပစ်ချက်များ မီတာ၃ဝခန့် လျော့ကျနေကြောင်း စိတ်ဆိုးမာန်ဆိုးပြောလိုက်သည်။ သူက "ကျွန်တော် ဆင်ခြေမပေးလိုပါဘူး" ဟု ပြောသည်။ တပ်ခွဲမှူး မီဒိုရိကာဝါက တစ်ခွန်းမျှ မပြောဘဲ မျက်နှာထားထန်တန်နှင့် တွေတွေကြီးကြည့်နေသည်။ ဤတိုက်ပွဲ၌တပ်ခွဲ (၁၂)မှ ၁၄ယောက်နှင့် စက်သေနတ်တပ်ခွဲမှ ၉ယောက်တို့ မပြန်လမ်းသို့ ယွန်းကြလေပြီ။

ရင်း(၃)က ကူးတို့ကို ညတိုက်ပွဲဆက်တိုက်ရန် တာဝန်ရှိသေးရာ တပ်ခွဲ(၉)၊ (၁၀)နှင့် (၁၁)တို့မှ တပ်ခွဲမှူးများက ကူးတို့ဆိပ် အခြေအနေကို တစ်ယောက်ပြီး တစ်ယောက်လာမေးကြသည်။ သူတို့အားလုံးသည် အင်ဖားတွင် တိုက်ခဲ့ကြပြီး ဒဏ်ရာရခဲ့သူချည်းပင် ဖြစ်လေသည်။ ၁၀ စတုရန်းမီတာ ခန့်ကျယ်သော ကတုတ်ထဲ၌ ကျွန်တော်က တိုက်ပွဲအခြေအနေအနည်းငယ်ရှင်းပြရာ တပ်ခွဲမှူး မီဒိုရိကာဝါက ကျွန်တော့်ကို ချီးကျူးအားပေးသည်။ ကျွန်တော်ကိုယ်တိုင်ကတော့ ရခဲ့သည့် ဒဏ်ရာကြောင့် ကောင်းကောင်းလက်စွမ်းမပြလိုက်ရသဖြင့် စိတ်မကောင်းပါ။ ထိုနောက်ပိုင်း ဖေဖော်ဝါရီ ၂၄ ရက်နေ့အထိ တပ်ရင်းက ကူးတို့ဆိပ်ကို အပွဲပွဲတိုက်ခဲ့ရာတွင် အရာရှိနှင့်စစ်သည်တော်တော်များများပင် ကျဆုံးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တပ်မ (၁၈) နှင့် တပ်မ (၄၉) တို့က မိတ္ထီလာမြို့ကို ပြန်သိမ်းရန် တိုက်ကြသည်မှာလည်း အောင်မြင်မှု မရှိသဖြင့် အမှတ်(၂၁၅)ခြေလျင်တပ်ရင်းကြီးသည် ရန်သူနှင့်ခွာ၍ ၁၉၄၅ ခုနှစ်၊ မတ်လ ၃၀ ရက်ည မှောင်မည်းမည်းထဲတွင် အရှေ့ဘက်သို့ ခွာစစ်ဆင်လေသည်။

○

# ၅၀။ ဆော်ဦးလမ်းမ

ဗိုလ်ဆာတိုရု အိနာဇာဝါ၊ ကင်းတပ်စု၊ ဌာနချုပ်၊ တပ်မ(၅၅)

ရခိုင် [၁]

မယုကျွန်းဆွယ်တွင် တိုက်ပွဲများပြင်းပြင်းထန်ထန် တိုက်ပြီးနောက် ၁၉၄၄ခုနှစ် စက်တင်ဘာလတွင် တပ်ရင်းကြီး(၁၁၂)သည် ရေယာဉ်များဖြင့် တောင်ကုပ်သို့ ချီတက်သည်။ ထိုမှ တစ်ဆင့် မြစ်ဝကျွန်းပေါ်ဒေသတွင် အခြေပြုရာ တပ်မဌာနချုပ်သည် ဟသ်ာတတွင်လည်းကောင်း၊ တပ်ရင်းကြီး (၁၁၂)သည် ရေကြည်တွင်လည်းကောင်း တပ်စွဲထားလျက်ရှိသည်။

အောက်တိုဘာလ ၂၄ရက်နေ့တွင် ကျွန်တော့ကို လုံခြုံရေးတာဝန်ဖြင့် ဟသ်ာတမှ တောင်ဘက်သို့ ၄၅ကီလိုမီတာဝေးသောမနဲ့ဖြူ၌ တာဝန်ချလိုက်ပါသည်။ ကျွန်တော်၏ အဓိကတာဝန်များမှာ သတင်းစုဆောင်းပေးရန်နှင့် နယ်မြေအေးချမ်းရေး

[၁] ရခိုင်စစ်ဆင်ရေးများနှင့်ပတ်သက်၍ ပုံပြင် ၄၉တွင် ဖော်ပြထားပါသည်။



ထိန်းသိမ်းပေးရန် ဖြစ်သည်။ ကျွန်တော်သည် တပ်ကြပ်ကြီး ဟာယားရှိနှင့် ရဲဘော် ၆ ယောက်တို့နှင့်အတူ သွားကြသည်။ မြန်မာတွေအကြား အဆင်ပြေစွာဝင်နိုင်ရန်အတွက် ကျွန်တော်က စစ်ဝတ်စုံအစား အင်္ကျီနှင့်လုံချည်ဝတ်ထားပါသည်။

တစ်နေ့၌ ကျွန်တော်သည် မနဲ့ဖြူမှ တောင်ဘက်သို့ ၃၂ ကီလိုမီတာဝေးသော ပန်းတနော်တွင် ရှိနေစဉ် ဗြိတိသျှလေယာဉ် အစီး၃၀ခန့် ဖြတ်ပျံသွားရာ၌တစ်စင်းမှာ ပန်းတနော်၏ အနောက်မြောက်ဘက် ၄ကီလိုမီတာခန့်တွင် အရေးပေါ်ထိုးဆင်းရသည်။ ကျွန်တော်က ရဲဘော်တစ်ဦးနှင့် ပြေးလိုက်သွားရာတွင် လေသူရဲကို ဒေသခံတို့က လှေဖြင့် ပန်းတနော်မြို့နယ်ရုံးသို့ခေါ်သွားနှင့်ပြီဖြစ်ကြောင်း သိရသည်။ ကျွန်တော်ကုန်းကြောင်း ပြန်လျှောက်သွားရာ လေသူရဲသည် ခါးဆစ်၌ဒဏ်ရာရထား၍ မလျှောက်နိုင်ကြောင်းတွေ့ရရာ ပန်းတနော်ရှိ ကုလားဆရာဝန်တစ်ယောက်ကို ကုသပေးခိုင်းလိုက်သည်။ သူနေသားတကျ ဖြစ်သွားသောအခါ ကျွန်တော်က အေးအေးဆေးဆေး စကားစမြည်ပြောသည့်ပုံစံဖြင့် အချိန်အတန်ငယ်နှံစမ်းလိုက်သောအခါ သူသည် တပ်ကြပ်ကြီးအဆင့်ရှိ ဗြိတိသျှလူမျိုး လေသူရဲဖြစ်ကြောင်း စစ်တကောင်းမှ တက်၍ရန်ကုန်ကို တိုက်ခိုက်ရန်လာစဉ် ဤသို့ပျက်ကျခြင်းဖြစ်ကြောင်း သိရသည်။ သူ့ကို စောင့်ကြပ်ပြုစုရန် တပ်သားတစ်ဦးကိုတာဝန်ပေးလိုက်ပြီး ကျွန်တော်တို့နည်းတူ ထမင်းစားနိုင်စေရန် စီစဉ်ပေးလိုက်သည်။

နောက်တစ်နေ့ ကျွန်တော် အလုပ်သိမ်းပြီးသောအခါ လေသူရဲကို လှည်းပေါ်တင်၍ မနဲ့ဖြူရှိ ကျွန်တော်တို့ တပ်သို့ ခေါ်သွားလိုက်သည်။ မနဲ့ဖြူတွင် သုံးရက်ကြာမျှ နားနေပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ရေကြည်သို့ခေါ်သွားပြီး တပ်ရင်းကြီး ဌာနချုပ်သို့ အပ်လိုက်သည်။

ကျွန်တော်က တစ်မျက်နှာစာရှိသည့် အစီရင်ခံစာကိုပါ အပြီးရေးလာကာ အပ်သဖြင့် တပ်ရေးက ဝမ်းသာသွားသည်။ သူ့စကားပြန်နှင့် ထပ်စစ်မေးစရာမလိုတော့ပေ။ လေယာဉ်ပေါ်မှ ရသည့် ရေဒီယိုစက်နှင့် လေထီးကိုလည်းအပ်ပြီး၊ ပစ္စတိုကိုတော့ ကျွန်တော် အသုံးပြုဖို့ ယူထားလိုက်သည်။ ရခိုင်ဘက်တွင် ညတိုက်ပွဲတစ်ပွဲ၌ ကျွန်တော့်ပစ္စတို ကျပျောက်ခဲ့ရာ အစားထိုး ပြန်ထုတ်မရသည့် အတွက်ယူလိုက်ခြင်းဖြစ်သည်။ နိုဝင်ဘာလ နှောင်းပိုင်းတွင် ကျွန်တော့နေရာတွင် အသက်ကြီးကြီး ဗိုလ် တစ်ဦးရောက်လာသဖြင့် ကျွန်တော် တပ်ခွဲ(၁)တွင် တပ်စုမှူး တာဝန်၌ ပြန်ဝင်ပါသည်။

မကြီးကျယ်လှသည့် ရန်သူ၏လေကြောင်း တိုက်ခိုက်မှု မှအပ ကျွန်တော်တို့သည် နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုနိုင်ခဲ့ ကြပါသည်။ ထိုနောက်တွင် ကျွန်တော်တို့သည် လေကြောင်းချီ စစ်ဆင်ရေးကြီးတစ်ရပ်ကို တိုက်ခိုက်ရန် စစ်ကစားမှုတွင် ပါဝင်ခဲ့ကြပါသည်။ အဆိုပါ စစ်ကစားရာတွင် မိမိတို့တပ်မှ လေယာဉ်အားလုံးကို ထည့်သုံးကြရပါသည်။ ဤကိစ္စပြီးသည့် နောက်တွင် တင့်ကား ၃စင်း အပါအဝင်ဖြင့် ကျွန်တော်တို့သည် ပြည်သူတို့အားအင်အားပြသည့်သဘောဖြင့် စစ်ရေးပြ အခမ်း အနားတစ်ရပ်ကို ပုသိမ်မြို့တွင် ကျင်းပခဲ့ပါသည်။

၁၉၄၅ ခုနှစ် ဖေဖော်ရီလတွင် ကျွန်တော်သည် တပ်မ ဌာနချုပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြီး ကင်းတပ်စုမှူး တာဝန်ကို ထမ်းဆောင်ရပါသည်။ ထိုတပ်စုတွင်အင်အား ၅၀ ခန့်ရှိပြီး စက်ကလေးသုံးလက်၊ ဗုံးလောင်ချာ ၃လက်ရှိပါသည်။



တပ်မမှူး၏အခန်း အဝင်ဝနီးတွင် ကင်းမပြတ်ချထားရပြီး လေကြောင်းရန် ကင်းများကိုလည်း ချထားရသည်။ ၁၉၄၅ ခုနှစ် မတ်လတွင် ရန်သူက မိတ္ထီလာကို သိမ်းလိုက်သောအခါ တပ်မဌာနချုပ်နှင့် တပ်မအင်အား သုံးပုံ တစ်ပုံခန့်သည် ပျဉ်းမနားသို့ ကမန်းကတန်းတက်ကြရပါသည်။ အချို့မှာ ကားများဖြင့်၊ အချို့မှာ ရထားဖြင့် သွားကြရသည်။ သို့သော် ဗြိတိသျှတင့်ကားတပ်က ကျွန်တော်တို့၏ခံစစ်စည်းကို အလွယ် တကူပင် ဖောက်ဝင်လာသဖြင့် ကျွန်တော်တို့မှာ ရန်သူ့နောက် ပိုင်းတွင် ကျန်နေရစ်ပါသည်။ သို့နှင့် ကျွန်တော်တို့သည် အရှေ့တောင်ဘက်သို့ဆင်းကာ စစ်တောင်းမြစ်ကိုဖြတ်၍ ဧပြီ ၂၇ ရက်နေ့တွင် တောင်ငူ၏အနောက်ဘက် ၁၂ ကီလိုမီတာ အကွာတွင် တောင်ငူ-မော်ချီးလမ်းပေါ်သွားပေါက်ပါသည်။ တပ်ရင်းကြီး(၁၁၃)သည် မိုင်တိုင် ၃ တွင် ဗြိတိသျှတပ်များ တက်လာက ဟန့်တားခုခံရန် နေရာယူထားပြီး ကျွန်တော်တို့ တပ်မဌာနချုပ်မှာ တောဖုံးလွှမ်းလျက်ရှိသော ကျယ်ပြောသည့် မြေပြန့်တွင် ရန်သူ့လေကြောင်းနှင့် အမြောက်ရန်မှ ကာကွယ်ရန် ကျင်းတူးနေရာယူထားကြပါသည်။

တစ်နေ့ ညနေ ၃နာရီအချိန်တွင် ရန်သူကင်းထောက် လေယာဉ်တစ်စင်းသည် ကျွန်တော်တို့ခေါင်းပေါ်မှ မီတာ၂၀ခန့် အထိ နိမ့်နိမ့်ဆင်းကာ ဖြည်းဖြည်းပျံလာပါသည်။ လေသူရဲက ခေါင်းငုံ့ကြည့်ရာတွင် ကြံတောင့်ကြံခဲ မျက်လုံးချင်းပင် ဆုံမိ ကြရာ ကျွန်တော်ကျောထဲစိမ့်သွားပါသည်။ လေသူရဲကိုဖြစ်စေ၊ လေယာဉ်၏ဆီတိုင်ကီကိုဖြစ်စေ မှန်အောင်ပစ်၍ လေယာဉ်ကို ပစ်ချနိုင်မည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော့်စက်ကလေး သုံးလက်ကို ကျွန်တော် ပစ်မိန့်မပေးရပါ။ ဘာကြောင့် မပေးရသနည်းကိုမူ ၁၉၄၅ ခုနှစ်၌ မြန်မာပြည်တွင် တိုက်ခဲ့သူတို့ သိကြမည်ဖြစ်ပါသည်။ အကယ်၍သာ ကျွန်တော်တို့က လေယာဉ်ကို ပစ်ခဲ့သော် ရန်သူ့အမြောက်ကျည်များနှင့် ဗုံးများက ကျွန်တော်တို့ ခေါင်းများပေါ် ကျလာတော့မည်မှာမလွဲပင်ဖြစ်ပါသည်။ ကျွန်တော့် အနီးတွင် အရာရှိကြီးများပင်ရှိနေသော်လည်း မည်သူကမျှ မပစ်ရကောင်းလားဟု ကျွန်တော့်ကို အပြစ်မပြောပါ။ ရက် အနီးငယ်ကြသည့်အခါ ကျွန်တော်တို့ ထမင်းချက်သည့် မီးခိုးကို ရန်သူမြင်၍ထင်ပါသည်၊ ကျွန်တော်တို့ဌာနချုပ်အရှိ ရှိရာကို အမြောက်ဖြင့်ပစ်ပါသည်။ ညပိုင်းတွင် အချိန်မရွေး ကောက်ပစ်လေ့ရှိ၍ ကျွန်တော်တို့မှာ တစ်ယောက်အိပ်ပစ်ကျင်း များထဲတွင် အိပ်ကြရသည်။ ဗိုလ်ချုပ်ကြီးဟာနာယပင် တပ်မ မှူးတစ်ဦးဖြစ် သော်လည်း အလားတူပစ်ကျင်းထဲတွင် အိပ်ပါ သည်။ သို့နှင့် မေလ ၅ရက်နေ့တွင် မိုင်တိုင် ၁၂ သို့ပြောင်း၍ မေလ ၁၀ရက်နေ့အထိနေပါသည်။ ထိုနောက် မိုင်တိုင်၂၃တွင် မေလ ၃၀ရက်နေ့အထိ နေပါသည်။ ထိုအတောအတွင်း လူ အင်အားဖြင့် တောင်ငူမြို့အရှေ့ဘက်ဆင်ခြေဖုံးရပ်ကွက်ရှိ စခန်းမှ ရိက္ခာနှင့် ခဲယမ်းများကို မိုင်တိုင်၂၃ သို့ ရွှေ့ကြပါသည်။

တောင်ငူနှင့် ကီလိုမီတာ ၁၂၀ ဝေးသည့် မော်ချီးသို့ အဖြိုက်နက်သတ္တုတွင်းအတွက် ဖောက်ထားသည့် လမ်းတစ် လျှောက် ချီတက်ရင်း ဇွန် ၈ ရက်နေ့တွင် ရောက်ပါသည်။ ထိုမှ အရာရှိစစ်သည်တိုင်းသည် ရက် ၂၀ စာ ရိက္ခာကို ပိုး၍ တောင်ကြောသုံးဆင့်ကို တက်လိုက်ဆင်းလိုက်ဖြင့် ရွံ့တော



ဗွက်တော ထူသည့်လမ်းများအတိုင်း ကြမ်းတမ်းလှသည့် မြေပြင်ကိုဖြတ်၍ ချီတက်ကြပါသည်။

တပ်မ(၃၁)နှင့် (၃၃) တို့က ကျွန်တော်တို့ မတိုင်မီ မိုးမကျမီခန့်က ဖြတ်ခဲ့ကြပြီးဖြစ်ပါသည်။ ကျွန်တော်တို့မှာမူ ရာသီဥတုအဆိုးဆုံးအချိန်တွင် ဖြတ်ကြရသည်။ ဤလမ်း၌ ကျွန်တော့်နောက် မီတာအနည်းငယ်အကွာမှ လိုက်လာသော အရာရှိတစ်ဦးမှာ မိုင်းနင်းမိပြီး ပွဲချင်းပြီး သေသွားသည်။ သူက လမ်းဘယ်ဘက်အတိုင်း လျှောက်လာစဉ် နင်းမိခြင်း ဖြစ်ရာ ထိုနေရာကို ကျွန်တော်ညာဘက်မှ ကျော်လာခဲ့သည်မှာ ကံကောင်းသည်ဟုဆိုရပေမည်။ တောင်တန်းဒေသမှ ကျွန်တော် တို့၏ လမ်းပြက ဗြိတိသျှလေယာဉ်မှ လေထီးချပေးသည်ကို မြင်ခဲ့သော်လည်း ပြောက်ကျားများ၏ စခန်းဘယ်မှာရှိသည်ကို မဖော်ထုတ်နိုင်ပါ။

ကင်းတပ်မှ လူအင်အားတစ်ယောက်မကျန် မော်လမြိုင်သို့ ဇူလိုင်လ ၁၂ရက်နေ့တွင် ရောက်ကြပါသည်။ ကျွန်တော် တို့သည် ကီလိုမီတာ ၅၀၀ ရှိသော ခရီးကို ၄၄ ရက်ဖြင့် ပင်ပင်ပန်းပန်းချီတက်လာခဲ့ကြသည်။ မော်လမြိုင်တွင် မိုးလုံ အဆောက်အအုံများတွင် နေကြရသည်။ တပ်သားကျော် အအီးဒါးခမျာမှာမူ ခရီးလမ်းကြမ်းကြီးကို ဖြတ်သန်းလာခဲ့ ပြီးမှ မော်လမြိုင် စစ်ဆေးရုံတွင် သေဆုံးသွားရှာသည်။ ဇူလိုင် ၁၆ ရက်နေ့တွင် မီးရထားဖြင့် မြန်မာ–ထိုင်းနယ်စပ်ကို ဖြတ်၍ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ချီတက်ရန် ပြင်ဆင်နေစဉ် အပစ်အခတ်ရပ်စဲရန် ဧကရာဇ်၏ အမိန့်ကို ကြားသိကြရသည်။

○

www.burmeseclassic.com

www.burmeseclassic.com



# ၅၉။ ဗိုလ်ချုပ်ကြီးနှင့် ဇာတ်သားကလေးတစ်ဦး

ဒုတပ်ကြပ်မာဆာအို ကိုဂျီးမား၊ တပ်ခွဲ(၇)၊ ရင်း(၃)၊ အမှတ်(၅၅) တောင်ပေါ်ပစ်အမြောက်တပ်ရင်းကြီး၊ တပ်မ (၅၅)

ရခိုင်၊ မော်ချီးလမ်း

ပျဉ်းမနားတွင် ဗြိတိသျှတင့်ကားများက ကျွန်တော်တို့ ခံစစ်ကို ထိုးဖောက်လိုက်ပြီးနောက် ကျွန်တော်တို့သည် စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့အကြားမှ တောင်ပေါ်လမ်းဖြင့် မော်လမြိုင်သို့ဆုတ်ရန် အမိန့်ရသည်။ ကျွန်တော်တို့သည် မော်ချီးသို့ ချီသည့်အပိုင်းတွင် လမ်းကောင်းအတိုင်းသွားကြရသည်။ သို့သော် မော်ချီးရောက်သည့်အခါ၌ နောက်တစ်ဆင့်သွားရမည့် ဖာပွန်သို့ အတက်ကြမ်းကြမ်း အဆင်းခက်ခက် တောင်ပေါ်လမ်းများဖြင့် သွားရမည်ဟု သိရသည်။ ဖာပွန်ရောက်မှ ရိက္ခာထုတ်ကြရမည်ဖြစ်၍ ၁၅ ရက်စာ ရိက္ခာကို တနင့်တပိုးသယ်ကာ တစ်ရက်တည်းသာ မော်ချီး၌နားပြီးနောက် တစ်ရက်ဖြစ်သည့် ၁၉၄၅ ခုနှစ်မေလ ၃၀ရက်နေ့တွင် စထွက်ကြသည်။ နာမည်ကြီးသည့် မိုးရာသီရောက်နေပြီဖြစ်၍ နေ့စဉ်ရက်ဆက် မိုးကရွာသည်။ လမ်းက ဗွက်ပေါက်၍ ရွံ့ထဲကုန်းရုန်းကြရသည်။ ကျွန်တော်တို့ တပ်ခွဲ(၇)အတွက် ရိက္ခာနှင့် ခဲယမ်းသယ်ရန် နွား ၆ကောင် ပေးထားသည်။ နွားများရွံ့ထဲ နစ်နစ်နေတတ်ရာ နစ်လျှင်ဆွဲထုတ်ရသည့်အလုပ်မှာ သေချင်စော်နံလောက်သည်။ ကျွန်တော်သည် တပ်ခွဲ၏ နောက်မြီးမှ လိုက်ပြီး ခြေပစ်လက်ပစ်ဖြစ်နေသော ရဲဘော်များ ပြတ်



ကျန်အောင် မောင်းတင်ပေးလျှက်ရှိပါသည်။ အသက်ကြီးကြီး အကူဆေးတပ်သားတစ်ယောက်မှာ တကယ်ပင်အားကုန်၍ ပြတ်ကျန်တော့မလိုဖြစ်နေသည်။ ဆေးအိတ်၊ ရိုင်ဖယ်၊ လုံ့စွပ်နှင့် အိတ်ရှည်တို့ကို လွှင့်ပစ်သည်ကို ကျွန်တော် မတားဘဲ ကြည့်နေပါသည်။ မိမိကိုယ်ကိုမိမိ အဆုံးစီရင်ရန် အရေးကြုံခဲ့သော်ဟူသောသဘောဖြင့် လက်ပစ်ဗုံး တစ်လုံးကိုသာ ချန်ထားသည်ကို တွေ့ရပါသည်။ ကျွန်တော်က သူ၏တင်ပါးကို ဓါးတုတ်နှင့်ရိုက်ကာ "ရှေ့နည်းနည်းပဲ။ မတ်တတ်ထပြီးတက်။ နောက်ပြတ်ကျန်ရင်တော့ သေမှာပဲ"ဟု ဆိုလိုက်ပါသည်။

သူက "ဒီမှာ သေရင်လည်း ကိစ္စမရှိဘူး။ ဆက်မသွားနိုင်တော့ဘူး ဒီမှာပဲနေတော့မယ်"ဟု ငြင်းပါသည်။

"မယားနဲ့ကလေးတွေရှိတာ မမေ့နဲ့ဦးလေ။ ဒီတောကြီးမျက်မည်းထဲမှာ အရိုးကျပြီး နေချင်တာလား"

"ကိုယ့်ကိုယ်ပဲဟာ ထားစမ်းပါ။ မင်း ငါ့ကို တုတ်နဲ့ရိုက်တယ်"

"အရိုက်ခံရတာ မကျေနပ်ရင်၊ အသက်ရှင်နေဖို့လုပ်"

ကျွန်တော်က ဤသို့ တုတ်နှင့်ရိုက်နေသည့်အချိန်တွင် တပ်မမှူး ဒုဗိုလ်ချုပ်ကြီးဟာနာယသည်မြင်းစီးလျက်ဆောမှ ဖြတ်တက်သွားပြီးနောက် ပြန်လှည့်ကာ "ရဲဘော် လာဦး" ဟု ခေါ်ပါသည်။ ကျွန်တော် အံ့အားသင့်သွားပြီး သတိဆွဲကာ အလေးပြုလိုက်ပါသည်။ သူ၏တပ်ရေးဗိုလ်ကြီး အိချိ အိဂုချိက "မင်း နောက်မြီးလိုက် တာဝန်လား။ ဗိုလ်ချုပ်ကြီးက မင်းကို ခိုးရိမ်နေတယ်။ ပြောက်ကျားတွေ သတိထား။ အမြောက်ကျည်တော့ လာမှာမဟုတ်ဘူး ဒါပေမဲ့ နင်းမိုင်းတွေရှိနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တို့ရည်မှန်းချက် မဝေးတော့ဘူး။ သူ့ကို မောင်းတင်လိုက်” ဟု ကျွန်တော့ကို ပြောပါသည်။

“နွားတွေ ရွံ့ထဲက တောက်လျှောက်ဆွဲထုတ်ရတာကြောင့် ရဲဘော်တွေ ပန်းသည်ထက် ပန်းကုန်ပါပြီ၊ ခုရှေ့တွင်ပဲ ဒီနွားတွေ ချန်ခဲ့ပါရစေ”ဟု ကျွန်တော့်နှုတ်က လွှတ်ခနဲထွက်သွားပါသည်။

“မိုက်ပါပေ့ကွာ။ ဒီနွားတွေရဖို့လွယ်တာ မဟုတ်ဘူး။ သူတို့အသုံးဝင်လာမှာပါ။ သူတို့ ဆွဲလို့ရသမျှ ဆွဲလာခဲ့”ဟု ဆိုရာ ကျွန်တော်က ထပ်ပြီး “ကျွန်တော် တောင်းပန်ပါတယ်။ သက်သက်ညှာညှာ စဉ်းစားပေးပါခင်ဗျား” ဟု ဆိုလိုက်ရာ သူသည် ကျွန်တော်၏အသည်းနှလုံးထဲမှ မေတ္တာရပ်ခံနေကြောင်း ရိပ်မိပြီး မိုးထဲတွင် ရွှဲရွှဲစိုလျက်ရှိသော ဗိုလ်ချုပ်ကြီးထံ သွားပြီးနောက် “ဗိုလ်ချုပ်ကြီးက မင်းကို တိုက်ရိုက်ညွှန်ကြားလိမ့်မယ်။ သူ့ဆီ သတင်းပို့” ဟု လှမ်းခေါ်လိုက်ပါသည်။

ဗိုလ်ချုပ်ကြီးက “မင်းဟာ ပြတ်ကျန်တဲ့ ရဲဘော်တွေကို မောင်းတင်ဖို့ လုပ်နေတယ် မဟုတ်လား။ သူတို့ ဝံပုလွေစာ ဘယ်နည်းနှင့်မှ အဖြစ်မခံနဲ့ ကြားလား။ မင်းတပ်ခွဲနဲ့ ဘယ်လောက်ဝေးသေးသလဲ။ နွားတွေဟာ ဝန်တင်တိရစ္ဆာန်အဖြစ်ပဲ ဖြစ်ဖြစ်၊ စားစရာအမဲအနေနဲ့ဖြစ်ဖြစ် အသုံးကျတာမှန်ပေမဲ့ သူတို့အတွက်နဲ့ လူ့အသက်မဆုံးသင့်ဘူး။ လူတွေရဲ့ ခံနိုင်စွမ်းမှာ ကန့်သတ်ချက်ရှိတယ်။ အဲဒီကန့်သတ်ချက်ရောက်နေပြီလို့ မင်းထင်ရင် စွန့်ခဲ့တော့။ ငါဟာနာယက ခွင့်ပြုတယ်” ဟု ကျွန်တော့်ကို ပြောပါသည်။



“ကျေးဇူးတင်ပါတယ်ဗိုလ်ချုပ်ကြီး။ ကျွန်တော်တို့တော့ ကယ်မခြင်းခံရတာပါပဲ”

“မင်းတို့ မလွတ်မြောက်သေးဘူး။ ဆက်ပြီး နည်းနည်း သွားဖို့လိုသေးတယ်။ ဒီတောင်တန်းကို ကျော်မိရင် မင်းတို့အတွက် လှေတွေ စောင့်နေတယ်။ နောင်အချိန်တန်ရင်တော့ မင်းတို့ အိမ်ပြန်ကြရမှာမို့ အားတင်းထားကြ။ ဒီမိုးနဲ့တော့ မင်းတို့ မသေနိုင်ဘူး။ ဒါထက် မင်းနောက်ဆုံးပိတ်ဘဲလား။ နောက်ကျန်ရစ်တာ ရှိသေးလား”

“ဘယ်သူမျှ မကျန်ပါဘူးခင်ဗျား။ ဒါပေမဲ့ တော်တော်များများက ပန်းနေကြပါတယ် ဗိုလ်ချုပ်ကြီး”

“မင်း တော်တယ်။ သွားနိုင်ပြီ”ဟု ခွင့်ပြုလိုက်ပါသည်။

တပ်စုမှူး ဒုဗိုလ်ဟာရာဒါနှင့် တပ်ကြပ်ကြီးအိုဟီတို့က ကျွန်တော်ဗိုလ်ချုပ်ကြီးနှင့် စကားပြောနေသည်ကိုမြင်၍ “မင်း ဗိုလ်ချုပ်ကြီးကို ဘာတွေပြောနေတာလဲ”ဟု လေသံမာမာဖြင့် မေးပါသည်။

“နွားဆွဲတဲ့ ရဲဘော်တစ်ယောက် အားပြတ်ပြီးဆက် မလျှောက်နိုင်တော့လို့ တပ်ရေးဗိုလ်ကြီးကတစ်ဆင့် ဗိုလ်ချုပ်ကြီးကို အခြေအနေတင်ပြလိုက်ပါတယ်။ ကျွန်တော့် ဆုံးဖြတ်ချက်မှားခဲ့ရင် တပ်ခွဲမှူးကို ကျွန်တော် သတင်းသွားပို့ပါမယ်” ဟုရှင်းပြရာ ဗိုလ်ဟာရာဒါက “နားလည်ပြီ။ ငါတပ်ခွဲမှူးကို တင်ပြလိုက်မယ်။ မင်းစိတ်ထဲရှိတာ ရဲရဲဝံ့ဝံ့ပြောလိုက်တာပဲ” ဟုပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းကိုကျော်၍ လွင်ပြင်သို့ ကျွန်တော်တို့ သက်မိသည့်အခါတွင် တပ်ခွဲမှူးက "ဟာရာဒါဆိက ငါ အကြမ်းဖျင်း သိရပြီးပြီ။ မင်း ဖြစ်ပုံကို ငါကောင်းကောင်း သဘောပေါက်တယ်"ဟု ဆိုပါသည်။

ကျွန်တော် ဗိုလ်ချုပ်ကြီးနှင့် တွေ့ရသည့် နေ့ညနေ ပိုင်းတွင် နွားသုံးကောင်မှာ လုံးဝအားပြတ်သွား၍ တပ်ခွဲမှူးအား ကျွန်တော် သတင်းပို့လိုက်ရာ ကျွန်သုံးကောင်ကိုပါ လွှတ် လိုက်ဖို့ အမိန့်ပေးပါသည်။

တစ်ချိန်က တပ်ရင်းရုံးသို့ နေ့စဉ် အမိန့်သွားယူစဉ် တပ်ရေး ဗိုလ်ကြီးနစ်တာက တပ်ရင်းမှူးက ကျွန်တော့်ကို တွေ့ချင်ကြောင်း ပြောပါသည်။ တပ်ရင်းမှူးက ဖျာတစ်ချပ် ပေါ်တွင် ထိုင်လျက်ရှိရာမှ " တစ်လောတုန်းက ဗိုလ်ချုပ် ကြီးကို မင်းအမြင်တင်ပြခဲ့တယ်ဆို" ဟုမေးရာ ကျွန်တော်က "ကျွန်တော်တို့တပ်သားတစ်ဦးဟာ အရာရှိကြီးများကို တိုက်ရိုက် မပြောရမှန်း သိပါတယ်ခင်ဗျား။ ဒါပေမဲ့ ဗိုလ်ချုပ်ကြီး ဖြတ် သွားတုန်း ကျွန်တော် အခြေအနေကို ပြောလိုက်မိပါတယ်။ ကျွန်တော်မှားရင် အပြစ်ပေးပါခင်ဗျား" ဟု ရှင်းပြပါသည်။

"မင်းရဲဘော်တွေအပေါ် လေးလေးနက်နက်ထားတဲ့ စေတနာနဲ့လုပ်ခဲ့တာ ကောင်းပါတယ်" ဟု တပ်ရင်းမှူးက ပြောပါသည်။ ထိုနောက် ကျွန်တော် တပ်မမှူးနှင့် တွေ့ခဲ့သည့် ကိစ္စမှာကျွန်တော့တပ်ခွဲတွင် လူတိုင်း၏ နှုတ်ဖျားတွင် ရေပန်း စားခဲ့ပါသည်။ ဆေးတပ်သားကလည်း ကျွန်တော့်ကို ကျေးဇူး တင်ကြောင်း လာပြောပါသည်။ ကျွန်တော်တို့လည်း ၁၁ရက်ကြာ နှံ့ထဲရုန်းပြီးနောက်မှ တောင်တန်းကို ကျော်နိုင်ခဲ့ကြပါသည်။



အဆုံး၌ ဖာပွန်သို့ဝင်ကြသည့်အခါ ကြံသကာ နှစ်ခဲစီကမ်း ပေးသဖြင့် စားရသည်မှာ လန်းဆန်းသွားပါသည်။

မော်လမြိုင်ရောက်သည့်နောက်ပိုင်းတွင် တပ်ရင်းမှူးက ကျွန်တော့်ကိုချီးကျူးလွှာ ပေးအပ်ပါသည်။ တောင်တန်းများကို ဖြတ်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်မှုအတွက်ဟု ဖော်ပြထား ပါသည်။ ဗိုလ်ချုပ်ကြီးထံ ခွင့်ပြုချက်တောင်းခံပေးသည့် အတွက်တော့ မဟုတ်ပါ။

၁

## ၆၀။ ငရဲသားလက်မှ ထွက်လာရသည့် သူနာပြုဆရာမလေးများ

သူနာပြု ဟိဒေကို နာဂိုင်၊ အမှတ် (၄၉၀) ကယ်ဆယ်ရေးတပ်စိတ် (ဝါကာယာမ) ဂျပန်ကြက်ခြေနီအသင်း

ရန်ကုန်၊ ပေါင်းတည်

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၃၀ရက်နေ့တွင် ဝါကာယာမ ကြက်ခြေနီဆေးရုံနှင့် တွဲထားသော သူနာပြု သင်တန်းကျောင်းမှ ကျောင်းဆင်းပါသည်။ ကျွန်မသည် ထိုအချိန်တွင် အသက်၁၈နှစ်ရှိပြီး ဝမ်းဆွဲဆရာမ သို့မဟုတ် စစ်သူနာပြုလုပ်ရန် ရည်မှန်းထားပါသည်။ သို့သော် မကြာမီပင် ကျွန်မကို အမှတ် (၄၉၀ )ကယ်ဆယ်ရေးတပ်စိတ် (သူနာပြု အဖွဲ့)တွင် စစ်မှုထမ်းရန် ဆင့်ဆိုခြင်းခံရပါသည်။ ထိုတပ် စိတ်တွင် ခေါင်းဆောင် မစ္စတာအိုက်ကေမတ်ဆုနှင့် သူနာပြု ဆရာမမှူး မစ္စ်တိုရှီကို နာကာယိုတို့ ပါပါဝင်ကြပါသည်။ ကျွန်မတို့ကို တူညီဝတ်စုံသစ်များ ထုတ်ပေးပြီးနောက် နိုဝင်ဘာ

www.burmeseclassic.com

www.burmeseclassic.com



လ ၄ ရက်နေ့တွင် ရထားဖြင့် ထွက်ခွာကြရာ မိသားစုများက ဘူတာရုံသို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြပါသည်။ ဝမ်းနည်းပုံ မပြရဟု ကျွန်မတို့ကိုမှာထားသော်လည်း သွယ်ဖြာစီးဆင်းလာသည့် မျက်ရည်တို့ကိုကား မတားနိုင်ကြပါ။

နိုဝင်ဘာ ၆ရက်နေ့တွင် ကျွန်မတို့ အဖွဲ့သည် "အာရေဗျူမာရူး" သင်္ဘောပေါ်သို့ အခြားသောအလားတူ ကယ်ဆယ်ရေးတပ်စိတ် ၉ စိတ်တို့နှင့်အတူ ဝမ်းလိုဏ်ကျဉ်းကျဉ်းထဲတွင် စစ်သားများနှင့် ကျပ်ကျပ်တည်းတည်း လိုက်ပါကြရပါသည်။ ကျွန်မတို့စီးနင်းလိုက်ပါလာသည့်သင်္ဘောသည် သင်္ဘော ၁၁ စင်းပါသော သင်္ဘောယာဉ်တန်း၌ ခုတ်မောင်းနေစဉ် မိမိတို့နှင့် အနီးဆုံး သင်္ဘောမှာ တော်ပီဒိုမှန်၍ ချက်ချင်း နစ်မြုပ်သွားပါသည်။ ဤအနိဋ္ဌာရုံမြင်ကွင်းမှာ ကြောက်မက်ဖွယ်ကောင်းလှပါသည်။ ဒီဇင်ဘာလ ၁ ရက်နေ့တွင် စင်္ကာပူသို့ဆိုက်ရောက်၍ အမှတ်(၃) တောင်ပိုင်းစစ်ဆေးရုံတွင် သူနာပြုအကူများအဖြစ် တစ်လမျှ တာဝန်ထမ်းဆောင်ကြပါသည်။ ထိုဆေးရုံတက်သူအများစုမှာ မြန်မာပြည်မှဆေးရုံ ပြောင်းတက်ရောက်၍ ကုသခံနေရသူများဖြစ်ကြသဖြင့် ထိုဒေသ၏ရာသီဥတုနှင့် အခြေအနေမည်သို့ရှိသည်ကို ကျွန်မတို့အား ပြောပြကြပါသည်။

၁၉၄၄ ခုနှစ် ဇန်နဝါရီလ ၁၆ရက်နေ့တွင် စင်္ကာပူမှ ရထားဖြင့်ထွက်၍ ထိုင်းနိုင်ငံ ချွန်ဖုန်၌ တစ်ပတ်ကြာနေရသဖြင့် အဝတ်လျှော်ချိန်ရကြပါသည်။ ထိုမှ ခရာကျွန်းဆက်၏ အနောက်ဘက်ကမ်းသို့ ထရပ်ကားများဖြင့် ခရီးဆက်ကာ တန် ၄၀၀ သင်္ဘောတစ်စင်းဖြင့် မြန်မာပြည်တောင်ဘက်ပိုင်းရှိ ဆိပ်ကမ်းမြို့တစ်ခုသို့ ပို့ပေးပါသည်။ ထိုမှ သူနာပြုအဖွဲ့ ၉ ဖွဲ့ကို အမိုးမဲ့ပက်လက် ထရပ်ကား၁၄စင်းဖြင့် ရေးမြို့သို့



တင်သွားရာလမ်းတွင်မိုးမိကာ လူစို၍ရွှဲသည်သာမက ကျွန်မတို့နိုင်ငံအလံများမှ ဆေးနီက ကျွတ်၍ ကျွန်မတို့ အဖြူရောင်ဝတ်စုံများတွင် စွန်းထင်းသွားသည်က စိတ်ပျက်စရာပင် ဖြစ်တော့သည်။

ရေးမှ ညတွင်း၌သာ ခုတ်သောရထားဖြင့် ထွက်ကြပါသည်။ လမ်းတွင် ရန်သူ့လေကြောင်းရန်ကိုကား စိတ်မချရသေးဘဲ ဤရန်က တစ်မှောင့် ရထားသံလမ်းများ ပျက်သည်က တစ်မှောင့်ကြောင့် စောင့်နေရသည်ကများပါသည်။ ရန်ကုန်ဝင်သည့်အခါတွင်လည်း ရန်ကုန်ဘူတာကြီးမှာ ဗြိတိသျှဗုံးကြဲလေယာဉ်တို့က မကြာခဏ နှောင့်ယှက်တိုက်ခိုက်လျက် ရှိသဖြင့် မလွကုန်းဘူတာ၌ ဆင်းကြရပါသည်။ ကျွန်မတို့ဝါကာယာမအဖွဲ့နှင့် ကူမာမိုတိုအဖွဲ့တို့က ရန်ကုန်စစ်ဆေးရုံ၌တာဝန်ကျ၍ ကျန် ၆ ဖွဲ့က ပြင်ဦးလွင်သို့ ဆက်တက်ကြပါသည်။

ဆေးရုံတွင် အလုပ်များပါသည်။ သို့သော် ကျွန်မတို့မှာမူ တုပ်ကွေးကြီးဖြစ်၍ ကိုယ်အပူရှိန်ချစ်ချစ်တောက်ကာ ခါးနာပြီး ပါးစပ်ပျက်၍နားနေကြရပါသည်။ ကျွန်မတို့၏ ခေါင်းဆောင်ဆရာနှင့် သူ၏လက်ထောက်တို့ပင် မနေအားတော့။ ဖျားနေသည့် သူနာပြုများ၏နဖူးတွင် ရေဖတ်တင်ပေးကာ အပူရှိန်ကျအောင်ပြုစုပေးခြင်း၊ အပူချိန်တိုင်းခြင်း စသည်တို့ကို ဝင်လုပ် နေရသည်။ ကျွန်မတို့အထဲမှ ရှင်မိဇု တစ်ယောက်မှာ မြစ်ခြောက်နာဖြစ်၍ ဂျပန်သို့လေယာဉ်ဖြင့်ပြန်ရသဖြင့် ကျွန်မက မင်္ဂလာဒုံ လေဆိပ်သို့ လိုက်ပို့နှုတ်ဆက်ရသည်မှာ ဗွေဆော်ဦး စိတ်မကောင်းစရာ အတွေ့အကြုံပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာလတွင် လော်ကား၌ အသစ်တည်ထောင်လိုက်သည့် လော်ကားဆေးရုံခွဲသို့ ပြောင်းကြရသည်။ ထို့နောက် ၁၉၄၅ ခုနှစ် ဇန်နဝါရီလ ၁၈ရက်နေ့တွင် ပေါင်းတည်တွင် ဖွင့်ထားသည့် အမှတ်(၁၁၈) အခြေချစစ်ဆေးရုံသို့ ထပ်ပြောင်းရသည်။ ပေါင်းတည်သည် ဧရာဝတီမြစ်အရှေ့ဘက်၌ ပြည်၏ တောင်ဘက် ကီလိုမီတာ၃၀အကွာတွင်ရှိသည်။ ရှေ့တန်းစစ်မြေပြင်နှင့်နီးသည်။ ဒဏ်ရာရ စစ်သည်တို့မှာ ငေါ်ပြတ်လျက် စိတ်ဓာတ်ကျဆင်းကာ အရိုးပေါ် အရေတင်ဖြစ်နေသည့် သူတို့ကိုယ်ပေါ်တွင်ဝတ်ထားသော စစ်ဝတ်စုံမှာလည်း စုတ်ပြတ်လျက် အကျီလက်မောင်း ဖတ်လတ်ဖတ်လတ်နှင့် တွဲလောင်းကျလျက်ရှိသည်။

ကျွန်မက သူတို့ရောက်လာစဉ် ဟန်းကောတွင် ထမင်းခူးထည့်ပေးရာ "ကျွန်တော် ဒါအားလုံးစားနိုင်ပါသလား" ဟု အတည်မေးကြသည့်အခါတွင် တုန်လှုပ်မိပြီးကွယ်ရာတွင် သွားငိုချလိုက်ရပါသည်။

ပေါင်းတည်တွင် ဆေးရုံက သင်တန်းပေးထားသော မြန်မာအကူ သူနာပြုဆရာမ ၈၀တို့နှင့်လက်တွဲလုပ်ရပါသည်။ သူတို့ဘယ်လောက် အပင်ပန်းခံသည်၊ ဘယ်လောက်တာဝန်သိသည်မှာ အထင်ကြီးလောက်ပါသည်။ တစ်နံနက်တွင် မြန်မာဆရာမလေးတစ်ဦး ကြမ်းပြင်တွင် ငုက်ဖျားတက်နေ၍ ချစ်ချစ်တောက်ကိုယ်ပူလျက်ရှိသော်လည်း မကြာမီမှာ သူထပြီး လူနာများကို အဖျားတိုင်းနေကြောင်း တွေ့ရပါသည်။ ဆရာမလေးတစ်ယောက် လုံချည်အောက်နားကို လူနာ၏ဆီးဝမ်းများနှင့် ပက်လက်အိုးမှ စဉ်သွားစဉ်ကလည်း ဤနွေမပျက်သည်းခံနိုင်



သည်ကိုတွေ့မိပါသည်။ ဆေးရုံတွင် လူနာတစ်ထောင်မျှတက်လျက်ရှိပြီး ဆေးနှင့်ဆေးပစ္စည်းရှားပါးလျက်ရှိသည်။ ဒဏ်ရာများပေါ်တွင် ပိတ်စိမ်းပါး [၁] တစ်စမျှသာ တင်၍ အပေါ်က ငှက်ပျောဖက် အထပ်ထပ်အုပ်ရသည်။

ဖေဖော်ဝါရီလ နှောင်းပိုင်းတွင် ဆေးရုံအဆောက်အအုံအားလုံးကို ပုံဖျက်ရန် အမိန့်ရပါသည်။ ခေါင်မိုးပေါ်ရှိ ကြက်ခြေနီ တံဆိပ်ကိုပါ သစ်ရွက်များနှင့် ဖုံးရပါသည်။ ရှမ်းပြည် တောင်ကြီးမြို့ရှိ ဆေးရုံမှာ ကြက်ခြေနီတံဆိပ်ပြထားသော်လည်း ဂရုမစိုက်ကြဘဲ ဖေဖော်ဝါရီလ ၂၀ရက်နေ့တွင် လေကြောင်းမှ တိုက်ခိုက်ခြင်းခံရပြီး ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဗုံးကြဲလေယာဉ်အစင်း ၅၀ဖြင့် သဲသဲမဲမဲဗုံးကြဲလိုက်ရာတွင် လူနာအများသေဆုံးကြသည်။သူနာပြုဆရာမများအနက် ဆရာမချုပ်ဆိုမိုရှင်နိုဒိုင်ရာ တစ်ဦးသာ ဗုံးစမှန်၍ ညာလက်မောင်းဟက်တက်ကွဲသွားခဲ့သည်ဟု ကြားလိုက်ရသည်။ တောင်ကြီးဆေးရုံမှပြောင်းလာသော မြန်မာသူနာပြု ဆရာမကြီးများက သူနှင့်ရင်းနှီးကြသည်။ ကျွန်မတို့အားလုံးက ဆရာမကြီး မြန်မြန်ဒဏ်ရာပျောက်ကင်းစေရန် ဆုတောင်းကြပါသည်။

ဂျပန်တို့က လေ့ကျင့်ပေးခဲ့သော ဘီအင်အေ တပ်မတော်က မတ်လ ၂၇ ရက်နေ့တွင် ဂျပန်ကိုတော်လှန်၍ မြန်မာတို့က ဂျပန်စစ်သားများကို ဓားနှင့်ခုတ်၊ သေနတ်နှင့်ပစ်လျက်ရှိကာ ယင်းသို့ ဒဏ်ရာရသူများပါဆေးရုံသို့ရောက်လာသည်။ အရေးပေါ်ခွဲစိတ်မှုများ နေ့ရောညပါ လုပ်ကြရ၍ကျွန်မတို့မှာ လက်မလည်နိုင်အောင်ရှိသည်။ ဆေးတပ်သားများအားလုံး ဆေးရုံနှင့်

၁။ cotton gauze

www.burmeseclassic.com

www.burmeseclassic.com



မြို့လုံခြုံရေးအတွက် သေနတ်ကိုင်ကာ ကင်းစောင့်ကြရသည်။ သို့နှင့် ဆေးရုံရှိလူနာအားလုံးအတွက် တာဝန်သည် ကျွန်မတို့နှင့် မြန်မာဆရာမများ၏ခေါင်းပေါ် အားလုံးရောက်လာ၍ ဆေးရုံက တစ်ဖဝါးမျှပင် မခွာနိုင်ကြတော့ပေ။ အရေးကြုံက အသင့်ဖြစ်စေရန် ကျွန်မတို့ ဝါးချွန်ဖြင့် တိုက်ခိုက်နည်း စစ်ရေးပြ ဆင်းကြရသည်။

ဆေးရုံရှိ နာတာရှည်လူနာများကို ရန်ကုန်မှတစ်ဆင့် မော်လမြိုင်သို့ပို့ရန် ကြံရွယ်ရင်းရှိပါသည်။ သို့သော် စီမံချက်အတိုင်း ကားများ မရောက်လာနိုင်ဘဲ ဧပြီ ၂၆ရက်နေ့ ညနေပိုင်းတွင်မှ ကားကြီးအစီး၃၀ခန့် ရောက်လာသည်။ ထိုယာဉ်တန်းကို ဆေးမှူးဒုဗိုလ်အိုင်ဒေက ဦးဆောင်ကာ လူနာ ၃၅၀ ခန့်တင်ပြီး ရန်ကုန်သို့ထွက်ကြသည်။ ရန်ကုန်မှ မော်တော်များဖြင့် မော်လမြိုင်သို့ထွက်ရာ လမ်းတွင် လေကြောင်းမှ အတိုက်ခံရပြီး မော်တော်တစ်စင်း နစ်မြုပ်ကာ လူနာ ၆၀ခန့် သေဆုံးကြသည်။ ဒုဗိုလ်အိုင်ဒေကိုမူ အရပ်မော်တော် တစ်စင်းက ကယ်ဆယ်လိုက်၍ ပေါင်းတည်သို့ပြန်ရောက်လာသည်။ ကျွန်မတို့ကို ထရပ်ကားများနှင့် မော်လမြိုင်သို့လိုက်ရန် မှာသော်လည်း ကျန်လူနာများကိုပြုစုရန် ချန်နေလိုက်ကြသည်။

ဧပြီလ ၂၈ ရက်နေ့တွင် သူနာပြုဆရာမများအပါအဝင် ဆေးရုံအမှုထမ်း၂၂၀ ခန့်နှင့် လမ်းလျှောက်နိုင်သော လူနာ ၇၀၀ ခန့် သည် ပဲခူးရိုးမအရှေ့ခြမ်း တောင်ခြေသို့ဦးတည်၍ ခြေကျင်ထွက်လာကြသည်။ ကျွန်မတို့မှာ ကျွန်းရွက်ဆိုးထားသော ရင်ကွဲရှပ်အင်္ကျီများတွင် ကြက်ခြေနီတံဆိပ်တပ်လျက် ဘောင်းဘီပွကြီးများဝတ်ကာ ပတ္တူဖိနပ်များစီလျက် ဆေးဆိုးထားသော တြိဂံခေါင်းစည်းများဖြင့် အဝေးမှကြည့်လျှင် မိန်းမ



မှန်းမသိအောင် ရုပ်ဖျက်ထားကြသည်။ (နောင်တွင် ဤသို့ ရုပ်ဖျက်ခြင်းကြောင့် ဒုက္ခရောက်မည်ကိုမူ ထိုအချိန်က မတွေးမိကြပေ။) ကျွန်မတို့တစ်သိုက်သည် တစ်အုပ်တစ်သင်းတည်း အသံမထွက်ဘဲ ချီတက်လျက်ရှိသည်။ မှောင်မိုက်သောညဖြစ်၍ ရှေ့လူနှင့် မျက်ခြည်မပြတ်အောင် အမီလိုက်နေကြရသည်။ ခေတ္တနားခွင့်ပေးသည့်အခါ ရောက်ရာတွင်ထိုင်ချပြီး အချင်းချင်း စကားပင် မပြောအားပါ။

မူလက ညောင်လေးပင်မြို့တွင် ဆေးရုံဖွင့်ရန် အစီအစဉ်ရှိသော်လည်း ရန်ကုန်မှပြန်ရောက်လာသည့် ဒုဗိုလ် မာနန်ဂျိ၏ ပြောပြချက်အရ မြို့ထဲတွင် ရတ်ရတ်သဲသဲဖြစ်လျက် မြန်မာပြည် နယ်မြေတပ်မတော် ဌာနချုပ်ကိုလည်း ရွှေ့ထုတ်လျက်ရှိသဖြင့် ဆေးရုံအုပ်က ကျွန်မတို့အဖွဲ့သည် ပဲခူးရိုးမကိုကျော်၍ စစ်တောင်းလွင်ပြင်ကိုဖြတ်ကာ ရှမ်းကုန်းပြင်မြင့်ဆီသို့ ဦးတည်ကြရန် စီမံလိုက်သည်။ မြန်မာသူနာပြုဆရာမများကို ထွက်ခွင့်ပြုလိုက်ပြီးနောက် ၎င်းတို့မိဘရပ်ထံ ပုသိမ်မြို့သို့ သူတို့၏သင်တန်းဆရာ ဆေးတပ်ကြပ်ကြီးအီတိုကို လိုက်ပို့စေသည်။ ကျွန်မတို့က သူတို့ ချောချောမောမော ပြန်ရောက်ကြပါစေဟု ဆုတောင်းပေးလိုက်ကြပါသည်။ ဆရာမလေးတစ်ယောက်ကို အမှတ်တရအဖြစ် ကျွန်မ၏ ချည်ကီမိုနိုကို လက်ဆောင်ပေးလိုက်ပါသည်၊ တပ်ကြပ်ကြီးအီတိုသည် ကျွန်မတို့နှင့်ပြန်မဆုံတော့ဘဲ ဂျပန်နိုင်ငံသို့လည်း ပြန်မရောက်တော့သဖြင့် သူတို့ နောင်ဘာဖြစ်သည်ကို မသိရတော့ပါ။

ကျွန်မတို့ သုံးရက်ကြာမျှနားကြပြီးနောက် ဆက်လက်ချီတက်ကြရာ တစ်နေ့တွင် ခေါင်းဆောင်က ရန်သူစိုးမိုးထားသော ရန်ကုန်–မန္တလေးကားလမ်းမကိုဖြတ်ရန်ရှိကြောင်း ပြော

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကျွန်မတို့ခြေသံလုံလုံနှင့် ချဉ်းကပ်ကြပြီး လမ်းဖြတ်နိုင်မည့်နေရာကိုရှာပြီး ကူးကြပါသည်။ မေလ ၁၈ ရက်နေ့ဖြစ်မည်ထင်ရသော နေ့နံနက် ဖနာရီတွင် ဝဲဒေါင့်ရွာသို့ရောက်ပြီး အချိန်ကြာကြာနားကြရပါသည်။

ကျွန်မတို့အဖွဲ့ကို ဝါးထရံကာ အိမ်တစ်လုံးတွင် နေရာချထားပေး၍ ၂၁ရက်ကြာပြီးမှ အမိုးအောက်တွင် ပြန်နေခွင့်ရကြပါသည်။ ကျွန်မတို့လည်း စိတ်သက်သာမှု အသင့်အတင့်ရကာ ထမင်းချက် အလှည့်မကျလျှင် လမ်းခရီး၌ ပေရေလာသော အဝတ်အစားများကို လျှော်နိုင်ကြပါသည်။ ကျွန်မတို့ စားတော့မည်လုပ်စဉ် ဆေးရဲဘော် တစ်ယောက်က သုတ်သီးသုတ်ပျာ ဖိနပ်စီးနေသည်ကိုမြင်ရ၍ အခြေအနေ မကောင်းတော့ဟု သဘောပေါက်လိုက်သည်။ ထိုနောက်တွင် ကျည်ဖူးများ အိမ်ထဲသို့ တရွှီရွှီ ပျံသန်းဝင်ရောက်လာကြသည်။ "ဆရာမတို့ တောင်ကုန်းတွေဘက်ကိုပြေး" ဟူသော အသံပေါ်လာသည်နှင့် ကျွန်မတို့ကို ကြိုတင်မှာထားသည့်အတိုင်း လူစုခွဲ၍ ပြေးကြသည်။ ကျွန်မကတော့ ကိုင်းတောထဲသို့ ခြေကုန်သုတ်၍ ပြေးဝင်လိုက်သည်။ ကိုင်းတောမှ လှည်းလမ်းတစ်ခုသို့ ရောက်လာရာ ကိုင်းပင်များကြားမှ ဆရာမချုပ်လည်း ပေါ်လာသည်။ သူမျက်မှန်တပ်ထားသည်ကို မတွေ့ရဘဲ စိတ်ဆင်းရဲနေပုံရသည်။ ကျွန်မကိုတွေ့သည့်အခါ "ဟီဒေကိုကိုး"ဟု တစ်ခွန်းသာ ပြောသည်။ စတည်းချခဲ့သောရွာကို ပြန်ကြည့်လိုက်သောအခါ မီးခိုးတလွန့်လွန့်နှင့်တွေ့ရသည်။ ဆရာမချုပ်နှင့် ကျွန်မတို့ စိတ်မသာမယာနှင့် ဆက်လျှောက်ကြသည်။ ဆရာမချုပ်က ခေါင်းဆောင်နှင့် တွေ့ဖို့လိုကြောင်းမျှသာပြော၍ နှုတ်ဆိတ်သွားသည်။



ဆယ်မိနစ်ခန့် ဆက်လျှောက်သွားသောအခါ တာဒါကိုနှင့် ဆုံကြသည်။ ဆရာမချုပ်က တာဒါကိုကို ဖက်ပြီးခဏမျှ ငိုသည်။ ကျွန်မနှင့်တွေ့စဉ်ကကဲ့သို့ မဟုတ်ပါ။ ထို့ကြောင့် ဆရာမချုပ်က တာဒါကိုလောက် ကျွန်မအပေါ် ယုံကြည်မှု မရှိဟုသာ သဘောပေါက်ရတော့သည်။

နောက်အတန်ကြာတွင် ကီယိုမိနှင့် ဆုံကြပြန်သည်။ သူကတော့ ဖိနပ်ဝတ်ချိန်မရဘဲ ထွက်ပြေးလာရ၍ ဖိနပ်မပါပါ။ ကျွန်မတို့ ချောင်းတစ်ခုသို့ရောက်ကြရာ သိပ်မကျယ်လှသော်လည်း ကျွန်မက ရေမကူးတတ်သဖြင့် သွားရမည့် တောင်ကုန်းဒေသနှင့်ဝေးပါပေ့ါဟု စိတ်မကောင်းဖြစ်နေစဉ် မြန်မာအမျိုးသမီးတစ်ဦးရောက်လာကာ ခြေဟန်လက်ဟန်ဖြင့် "အမေရိကန်စစ်သားအများရှိနေ၍ ယခုအချိန်အန္တရာယ်ရှိကြောင်း ညကျမှတို့ မင်းတို့ကိုလှေနဲ့ ကူးပေးမယ်"ဟု အသိပေးပါသည်။

မိုးကောင်းကင် မည်းမှောင်သွားကာ မိုးအကြီးအကျယ်ရွာချပါတော့သည်။ မြန်မာအမျိုးသမီးက ကျွန်မတို့ကို တဲတစ်ခုသို့ ခေါ်သွားပြီးနောက် စောင့်ခိုင်းထားပါသည်။ (နောက်မှ သိရသည်မှာ ထိုအချိန်က ကျွန်မတို့ကဲ့သို့ ဂျပန်သူနာပြုဆရာမ ၈ ယောက်တို့မှာအနီးရှိ ချုံပုတ်များထဲတွင် ပုန်းလျက်ရှိကာ ဂျပန်လိုပြောသံများကို ကြားမိသော်လည်း ဂျပန်လိုကျယ်ကျယ်အော်မခေါ်ရ၍ တော်တော်ကြာသည်အထိ ၎င်းတို့နှင့် မဆုံမိကြပေ)။ ဆယ်မိနစ်ခန့်အကြာတွင် မြန်မာအမျိုးသမီးပြန်ရောက်လာပြီး "ရှင်တို့လို ဝတ်ထားတဲ့ ဂျပန်မတွေဟာ မြစ်တစ်ဖက်ကမ်းမှာ ငိုယိုနေကြလေရဲ့။ လိုက်ခဲ့ လှေနဲ့ပို့ပေးမယ်" ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်းရောက်သည့်အခါ အဖိုးအိုတစ်ဦးက သူ့လှေကို ကျွမ်းကျင်လှစွာ ထိုးဝါးဖြင့်ထိုး၍ တစ်ဖက်ကမ်းသို့ပို့ပေးပါ သည်။ ရောက်သည့်အခါ မျက်ရည်စက်လက်နှင့် ကျွန်မတို့ ကဲ့သို့ သူနာပြုဆရာမ ၆ ယောက်ကိုတွေ့ရပြီး ချောင်းဖြတ် ကူးစဉ် ဆာဒါကိုနှင့် ဖူဆာကိုတို့ နှစ်ယောက်မှာ ရေစီးနှင့် မျောပါသွားခဲ့ကြောင်းသိရပါသည်။

ဆရာမချုပ်က ချောင်းရေပြင်ကို ၅မိနစ် ၁၀မိနစ်ခန့် ငေးစိုက်ကြည့်နေပြီးနောက် "တို့ ဒီမှာ ကြာကြာနေရင် ရန်သူ တွေ့သွားနိုင်တယ်" ဟုဆို၍ ဆက်လျှောက်ကြပါသည်။ မြန်မာ အမျိုးသမီးက ပေးလိုက်သော အထုပ်ကိုဖြေကြည့်ရာ ကြံသကာ နှင့် ထမင်းကို ဖက်ဖြင့် ထုပ်ထားသည်ကိုတွေ့ရ၍ ကျွန်မတို့ ဆယ်ယောက်အဖွဲ့ နည်းနည်းစီ ဝေမျှစားလိုက်ကြပါသည်။ ထိုအခါတွင်မှ ထိုအမျိုးသမီးကို ကျေးဇူးတင်ကြောင်းပင် မပြော လိုက်မိသည်ကို စိတ်မကောင်းဖြစ်ရပါတော့သည်။

ကျွန်မတို့ဆက်သွားရာတွင် စိမ့်တောတစ်ခုကို ဖြတ်ရ ပါသည်။ ထိုနောက် ခြောက်ခြောက်သွေ့သွေ့ လမ်းတစ်ခုပေါ် ရောက်လာကြပါသည်။ ခုနစ်ယောက်မှာ ဖိနပ်မရှိတော့၍ ကိုင်းမြက်ရှသဖြင့် ခြေထောက် သွေးအလူးလူး ဖြစ်လျက်ရှိပါ သည်။ ကျွန်မတို့ ကိုင်းတောတစ်ခုထဲဝင်လိုက်၍ မကြာမီ နေထွက်လာ၍ ဆရာမချုပ်က ထိုင်ချလိုက်သည်တွင် ကျန် ဆရာမများလည်း ထိုင်ချပြီးနောက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော် သွားကြပါသည်။

နောက်တစ်နေ့ နိုးလာကြသောအခါ နေကောင်းကောင်း ပူလျက်ရှိသည်။ ကျွန်မတို့သည် ရှေ့ကဖြတ်သွားသော ရဲဘော်



၄ ယောက်နောက် ကပ်လိုက်ကြသည်။ ဖိနပ်မပါသူတို့က ငှက်ပျောရွက်ဖြင့် ခြေထောက်ကိုစည်းပြီး ဆက်သွားကြသော် လည်း မကြာမီပင် စုတ်ကုန်သည်။ မည်သူမျှမဟဝ့်ဘဲ နှုတ် ဆိတ်စွာနှင့်ပင် အတွင်သာလျှောက်နေကြသည်။ မိုးရွာလာ ပြီးနောက် နေဝင်ချိန်ရောက်သည့်အခါ မြေမွေ့ရာပေါ်တွင်ပင် လှဲလျောင်းအိပ်စက်လိုက်ကြသည်။

နောက်တစ်နေ့ မိုးမရွာပါ။ ရဲဘော်များနောက်ကပင် ကျွန်မတို့ ဆက်လိုက်သွားနေကြပါသည်။ တစ်နေ့ရာအရောက် တွင် စိတ်ထဲထင့်ခနဲဖြစ်၍ ပတ်ပတ်လည် လှေ့လာကြည့်ရာ "ခလစ်၊ ခလစ်" ဟူသော အသံကို အနီမ့်ပိုင်းမှ ကြားရသလို မျက်နှာချင်းဆိုင်ဖက်မှလည်း "ခလစ်၊ ခလစ်"ဟု ကြားရပြန် သည်။ နောက်ရှေ့တွင် ရိုင်ဖယ်သေနတ်ကိုင်ထားသူတို့ကို မြင်ရသည်။ ရုတ်တရက်ဆိုသလိုပင် မြန်မာလူရွယ် လေး၊ ငါးယောက်ခန့် ချုံပုတ်ထဲမှ ထွက်လာကြပါသည်။ ကျွန်မတို့ ဆယ်ယောက်စလုံး တပ်သားကျော်တစ်ဦးရှိရာ ချုံကြီးတစ်ခု ထဲသို့ ပြေးသွားကြသည်။ သူ့ကိုဗိုင်းထိုင်ကာ "ကျွန်မတို့ကို ရှင့်လက်ပစ်ဗုံးနဲ့သတ်ပေးပါလား" ဟု တောင်းပန်ကာ "မြန်မြန်၊ မြန်မြန်" ဟုလည်း လောဆော်လိုက်သေးသည်။ ထိုစဉ် မြန်မာလူငယ်တစ်ယောက်သည် ရိုင်ဖယ်ဖြင့်ချိန်လျက် အနီးသို့ ရောက်နေပြီကို သတိထားမိလိုက်သည်။ ရဲဘော်က သူ့လက်ပစ် ဗုံးကိုကြည့်ပြီး "လက်ပစ်ဗုံးတစ်လုံးတည်းနဲ့ လူဆယ်ယောက် သတ်သေလို့ မရဘူး"ဟု ဆိုလိုက်ပါသည်။

ဆရာမချုပ်က သူ့ခါးပတ်ကိုချွတ်လိုက်ပြီး "ငါ ဒီမှာ ကိုယ့်ဘာသာကိုယ် သတ်သေမယ်ဟေ့ ဟိုက ရဲဘော်"ဟုဆိုစဉ်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချလိုက်ရာ သူ့ကို ဝိုင်းကြည့်နေကြပါသည်။ ရဲဘော်က သူ့ကိုကြည့်လျက် "တို့အားလုံး အလွန်ဆုံး ငါးမိနစ်နဲ့ သတ်သေလို့ရတယ်ဟေ့"ဟု ပြောပြောဆိုဆိုထပြေးပါတော့သည်။ သို့နှင့် အားလုံးခုန်ထပြီး ပြေးကြသည်။ ကီယိုမီနှင့် နောက်တစ်ယောက်ကလွဲ၍ ကျွန်မတို့ ရှစ်ယောက်စလုံး ဆွေးနေသည့် သစ်တုံးတစ်ခုအောက်မှ ငုံ့လျှိုးကာ ပြေးကြသည်။ ဤတွင် မသတီစရာကောင်းလှသည့် တီကောင်ကြီးများနှင့် တိုးမိကြသည်။ ဆူမိက "ဒုက္ခပါပဲ ရွှံ့လိုက်တာ" ဟု ရေရွတ်နေပါသည်၊ ထိုစဉ် ကတိမ်းကပါး လမ်းမှားဝင်လာသည့် ကျည်သင့်၍ ဆရာမချုပ် လဲကျသွားသည်။ ကျွန်မက ခါးပတ်ကို လည်ပင်းတွင် ပတ်ပြီး လေပွန်အစ်ရန်လည်း တစ်ဖက်က ကြိုးစား၍ တစ်ဖက်တွင် ကိုယ့်လျှာကို ကိုယ်ကိုက်ပြီး သေပွဲဝင်ရန်လုပ်နေခိုက် ဂျပန်လို "မိန်းကလေးတို့ မမိုက်ကြပါနဲ့"ဟု ပြောသံကြားမိသည်တွင် ထပြေးပါသည်။ ဆရာမချုပ်က "ဟီဒေကို အဖမ်းမခံနဲ့"ဟုမှာရင်း"ဘန်ဇိုင်း၊ ဧကရာဇ်မင်းသက်တော်ရာကျော်ရှည်ပါစေ" မြည်တမ်းကာ သေသွားသည်။

ကျွန်မ ပြန်သတိလည်လာသည့်အခါတွင် ဒယီးဒယိုင်နှင့် တဲတစ်ခုသို့လိုက်ပါသွားကာ တဲထဲတွင် ကြောင်အမ်းအမ်းနှင့်ထိုင်နေသည်။ ကျွန်မသည် အသတ်ခံရတော့မည်ဟု တွေးမိသော်လည်း စိုးရိမ်ပူပန်မှုတော့ မဖြစ်ခဲ့ပါ၊ ကျွန်မ ဆံပင်တွေ မြင်မကောင်းအောင် ရှုပ်ပွနေသည့် အဖြစ်ကိုပင် ပူပန်နေမိပါသည်။ တစ်ခဏကြာလျှင် ညာပခုံးနှင့် ညာပေါင်တွင် သေနတ်ဒဏ်ရာနှင့် ချီယိုကိုကို မြန်မာတစ်ဦး၏ပခုံးကိုမှေးလျက်ခေါ်လာပါသည်။ ဆူမိကိုကမူ ဒဏ်ရာ ၆ ချက်ရထား၍ မလှုပ်နိုင်သဖြင့် ထမ်းခေါ်လာရပါသည်။



ထိုညနေတွင် "သေသွားတဲ့ မင်းမိတ်ဆွေတွေကို မြေမြှုပ်မယ်" ဟု ကျွန်မကို ပြောပါသည်။ ကျွန်မက ဆရာမချုပ်နှင့် သူနာပြုဆရာမလေးယောက်တို့ကို ကျင်းနက်နက်တူး၍ ဓလေ့ထုံးတမ်းနှင့်အညီ သင်္ဂြိုဟ်နိုင်ရန် သင်္ဂြိုဟ်ရာသို့ ကိုယ်တိုင် လိုက်သွားပါသည်။ မီးသင်္ဂြိုဟ်ပြီးသည့် လက်တစ်ချောင်းစီကို စက္ကူနှင့်ထုပ်၍ ကျွန်မကိုပေးပါသည်။ ဤငါးဦးကို မြှုပ်နှံသည့်နေ့မှာ ၁၉၄၅ ခု မေလ ၂၁ ရက်နေ့ ဖြစ်ပါသည်။ ကျန် ကီယိုမီနှင့်တာဒါကိုတို့ နှစ်ယောက် ဘာဖြစ်သည်ကိုတော့ မသိရပါ။

ကျွန်မတို့သုံးဦးသား တဲထဲတွင် ကျွန်မက အလယ်ကောင်မှ အိပ်၍ ဘေးဘယ်ညာမှ လူနာနှစ်ယောက်ကို ပြုစုပါသည်။ နောက်တစ်နေ့တွင် မြန်မာယောက်ျားနှင့်အတူ အရာရှိလား အကြပ်လားမသိပါ ဗြိတိသျှစစ်သား တစ်ယောက်လာပြီးကျွန်မတို့၏ နာမည်နှင့်တပ်ကိုမေးရာ လိုးလွဲဖြေလိုက်ကြပါသည်။ အရာရှိသည် အနီးရှိတဲတွင် ခြင်ထောင်နှင့် အိပ်ပါသည်။

နောက်တစ်နေ့နံနက်တွင် အရာရှိသည် မြန်မာယောက်ျားနှင့်အတူလာ၍ သူ့အမည်မှာ မိုဖရန် ဖြစ်ကြောင်း မိတ်ဆက်ပါသည်။ ထိုနောက် ဆိုင်းမဆင့်ဗုံမဆင်နှင့် "ဂျပန်တွေ သရဲရှိတယ်လို့ ယုံသလားဟု မေးပါသည်။" ကျွန်မက ချီယိုကိုကို လှမ်းငုံ့ကြည့်လိုက်ပြီး "ဟုတ်တယ် တို့အယူရှိတယ်" ဟုဖြေလိုက်ပါသည်။ ထိုအခါ မြန်မာယောက်ျားက "ကပ်လျက်ရွာမှာ ညက ဂျပန်မိန်းကလေးတစ်ယောက် သေသွားတယ်" ဟုပြောပြပါသည်။ သေသူမှာ တာဒါကိုဖြစ်မည်ဟု ကျွန်မတို့ ထင်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် အလောင်းကို မည်သူမည်ဝါဖြစ်ကြောင်းသိရန် ကျွန်မ သွားမကြည့်ဖြစ်သည်ကို စိတ်မကောင်းဖြစ်မိပါသည်။

အရာရှိက ဆေးပိတ်စိမ်ပါးစများနှင့် ဝွမ်းလိပ်ပေးသဖြင့် ဘောင်းဘီများကိုဆုတ်၍ ပတ်တီးလုပ်ကာ ဒဏ်ရာများကို ပတ်ပေးနိုင်ခဲ့ပါသည်၊ သို့သော် ဆေးမရှိသည့်အတွက် သူတို့အခြေအနေမှာ တိုးတက်မလာဘဲ ပြည်ယိုကာ ကိုယ်ပူချိန် ချစ်ချစ်တောက်လျက်ရှိသည်။ ဆူမိကိုမှာ ဆင့်ကဲအရိုးကျိုး ထား၍ ဆိုးဆိုးရွားရွာဝေဒနာခံစားနေရသော်လည်း အရိုးနေရာ ကျအောင် ပြင်ပေးရန် ဘာကိရိယာမျှ မရှိသဖြင့် မည်သို့မျှ မတတ်နိုင်တော့ပါ။

နှစ်ပတ်အကြာတွင် မိုဖရန်ကလာပြီး လူနာများကို လှည်းနှင့်တင်ပို့လျှင် ဒဏ်ခံနိုင်မည်မဟုတ်သဖြင့် လေယာဉ် အငယ်စားဖြင့် ပို့ပေးမည်ဖြစ်ကြောင်းလာပြောသည်။ လေယာဉ် ပြေးလမ်းကိုလည်း ဖောက်လုပ်လျက်ရှိကြသည်။ တဲစခန်းတွင် ၃ပတ်နေပြီးသောအခါ လေယာဉ်ငယ် ရောက်လာပြီး ကျွန်မ တို့ကို ရန်ကုန်လေဆိပ်သို့ ပို့ပေးသည်။ ထိုမှ ကျွန်မတို့ကို ဆေးရုံတစ်ခုသို့ခေါ်သွားရာ ဂျပန်လက်အောက်ရှိစဉ်က ကူးစက် ရောဂါလူနာများအတွက် သီးခြားဌာနခွဲအဖြစ် အသုံးပြုခဲ့သော ဆေးရုံဖြစ်ကြောင်းတွေ့ရသည်။ ဆေးရုံတွင် ချိုယိုကို၏ပေါင်မှ ကျည်ဖူးကို ခွဲထုတ်၍ ဆူမိကို အရိုးကျိုးသွားသည်ကိုလည်း ပြန်ကောင်းအောင် ဆက်ပေးသည်။ နီဆေးခေါ် ဂျပန်လူမျိုး အမေရိကန်နိုင်ငံသား စကားပြန် တစ်ယောက်လာပြီး ကျွန်မတို့ အဖွဲ့မှ ဝဲဒေါင့်တိုက်ပွဲအပြီး လူစုကွဲသွားသော သူနာပြုဆရာမ ၆ယောက်တို့၏ လက်မှတ်များကိုပြသကာ ၎င်းတို့မှာ ပဲခူးရှိ



ဗြိတိသျှဆေးရုံတစ်ခုတွင် ကောင်းမွန်လုံခြုံစွာရှိကြောင်း သတင်း ပေးသည်။

နောက်နှစ်ရက်အကြာတွင် ဆေးရုံသင်္ဘော တစ်ခုဖြင့် ကာလကတ္တားမြို့သို့ခေါ်သွားရာ ကျွန်မ ၄က်ဖျားတက်ပြီး ဝမ်းလျှော၍ ဆေးရုံတက်ရသည်။ ဆယ်ရက်အကြာတွင် ရထားဖြင့် ဒေလီစစ်ဆေးရုံသို့ ပြောင်းရသည်။ ဆူမိကိုမှာ အခြေအနေ မကောင်းသေးသော်လည်း ကျွန်မနှင့်ချိုယိုကိုတို့မှာ နာလန်ထူနိုင်ကြပြီဖြစ်သည်။

နိုဝင်ဘာလတွင် အိန္ဒိယနိုင်ငံ အလယ်ပိုင်းတွင် ဖွင့် ထားသော ဂျပန်များအတွက်စခန်းသို့ ရထားဖြင့် ပြောင်းကြ ရသည်။ စခန်းသည် သဲကန္တာရကြီးတစ်ခု၏အလယ်တွင်ရှိပြီး သံဆူးကြိုးနှင့်ကာရံထားသည်။ ထိုစခန်းတွင် ကျွန်မတို့အဖွဲ့မှ အက်ဆူကိုနှင့် ဟာရူအိတို့နှင့် ပြန်ဆုံကြရ၍ ဝမ်းသာရသည်။ “ဝဲဒေါင့်တိုက်ပွဲအပြီးမှာ ကျွန်မတို့နဲ့ ဆရာမ ၄ ယောက် ပေါင်း ၆ယောက်တို့ကို မြန်မာပြောက်ကျားများက ဖမ်းသွားပြီး ပဲခူးက ဗြိတိသျှဆေးရုံမှာ ထားတယ်။ အဲဒီမှာ ဂျပန်စစ်သုံ့ပန်း များထဲက လူနာတွေကိုပြုစုရတယ်။ နောက်တော့ တို့နှစ်ယောက် က ဒီလူနာတွေထဲက နာတာရှည် လူနာတွေကို ကာလကတ္တား ပို့ရာမှာ လမ်းမှာကြည့်ပေးဖို့ လိုက်ကြရတယ်။ ကာလကတ္တား ကျတော့ ရဲဘော်တွေနဲ့အတူ မထားတော့ဘဲ ဗြိတိသျှရဲအချုပ်မှာ ချုပ်ထားတယ်။ ဘာကြောင့်ရယ်တော့ မသိဘူး။ တို့လည်း တော်တော်ကသိကအောက် ဖြစ်ကြရတယ်။ အချုပ်ထဲမှာ နှစ်ရက်နေရပြီးတော့ ရထားပေါ်တင်ပေးလိုက်တာ ခုနစ်ရက် ကြာတော့ ဒီရောက်လာပြီး သီးခြားနေရာပေးထားတာပဲ”

www.burmeseclassic.com

www.burmeseclassic.com



ဟု သူတို့အတွေ့အကြုံများကို ပြန်ပြောပြသည်။ စင်္ကာပူ၊ ရန်ကုန်နှင့် အခြားသော တောင်ပိုင်းနယ်မြေများမှ ဂျပန် အရပ်သား နှစ်ထောင်ကျော်၊ ဂျာမန်နှင့်အီတာလျံလူမျိုးအချို့ကို ဤစခန်းတွင်ထားကြောင်း သူတို့က ပြောပြသည်။

အတန်ကြာလျှင် စခန်းရှိဆေးရုံတွင် ဝင်လုပ်လိုကြောင်း ဆန္ဒပြုကြရာ ထိုဆေးရုံရှိ ဂျာမန်ဆရာဝန်တစ်ဦး၊ အိန္ဒိယနှင့် ဗြိတိသျှ သူနာပြုများနှင့် လုပ်ကြရသည်။ မီးဖိုဆောင် တာဝန် ဂျပန်အမျိုးသမီးသုံးယောက်လည်း ရှိသေးသည်။ ဆေးရုံတွင် ဝင်လုပ်၍မကြာမီ မီးနေသည်ကိုပြုစုရာ၌ ကလေးငယ်၏ နူးညံ့သည့်အသားရေနှင့်ထိတွေ့ရသည်မှာ ယခင်က စစ်သားများ ကိုသာပြုစုခဲ့ရသူ ကျွန်မအတွက် အခြားကမ္ဘာတစ်ခုသို့ရောက် သွားသည့်အလားပင် ဖြစ်တော့သည်။

"အောင်ပွဲအုပ်စု"ဟုတွင်သည့် စစ်ကို ဂျပန်က အောင် နိုင်သည်ဟု ယုံကြည်နေသည့် ဤစခန်းထဲမှ ဂျပန်တို့ထံမှ ဂျပန် စစ်ရှုံးသည်ဆိုခြင်းမှာ ရန်သူ၏ဝါဒဖြန့်မှုသာဖြစ်သည်ဟု ဖော်ပြထားသည့် စာကို တစ်နေ့တွင် ကျွန်မတို့ ရပါသည်။ "အရေးနိမ့်အုပ်စု"ဟုတွင်သည့် ဂျပန်အစိုးရက ခြွင်းချက်မရှိ လက်နက်ချလိုက်ပြီဟု အယူရှိသည့်အဖွဲ့ထံမှလည်း စာပို့ပါ သည်။ ကျွန်မတို့ကတော့ သတင်းဘာမျှမရသည့်အတွက် မည်သို့မျှ မဝေခွဲတတ်ကြပါ။ တစ်နေ့တွင် အောင်ပွဲရအုပ်စုက အရေးနိမ့်အုပ်စုကို ဝါးတုတ်များဖြင့် ရိုက်ကြနှက်ကြနှင့် ရန်းရင်း ဆန်ခတ်ဖြစ်ရာ စစ်တပ်ကို ခေါ်လိုက်သည်တွင် ရိုင်ဖယ်များနှင့် မဆင်မခြင်ပစ်၍ နှိမ်နင်းရာ၌ အောင်ပွဲရအုပ်စုမှ ၂၄ယောက် ထိမှန်သေဆုံးသည်။ ပိုဆိုးသည်မှာ မဆိုင်သည့် မိန်းမနှင့် ကလေးများပါ မှန်ကုန်သဖြင့် ဆေးရုံတင်ကြရရာ ကျွန်မတို့မှာ



မအားလပ်နိုင်ဘဲ ရှိပြန်သည်။ ကျွန်မတို့က လူနာများကို ကျွမ်းကျွမ်းကျင်ကျင် ပတ်တီးစည်းပေးသည်ကို မြင်သည့်အခါ ဝါရင့်ကြက်ခြေနီသူနာပြုများဖြစ်ကြောင်း သိသွားကာ စကား ပြန်ဖြင့် လစာ ၁၆ရူပီး ပေးမည်၊ လစာကောင်းပါသည်ဟု စကားပြန်အဆိုရ သိရသည်။ သို့သော် မည်သည့်အကြောင်း ကြောင့်မသိ လစာတော့ ကျွန်မတို့ မရကြပါ။

၁၉၄၆ ခုနှစ် မေလတွင် ကျွန်မတို့ ဤစခန်းမှ ခွာကာ စင်္ကာပူသို့ရောက်၍ သင်္ဘောစောင့်နေရသည်။ ယင်းသို့ရှိစဉ် ဂျပန်လိုမှတ်အောင် ပြောနိုင်သော ဗြိတိသျှဗိုလ်ကြီးအဆင့် ရှိသူ တစ်ယောက်က လာပြီး "ခင်ဗျားတို့ လုပ်ဖော်ကိုင်ဖက် တွေထဲက ဖူဆာကိုနဲ့ ဆူမိတို့ အဆိပ်သောက်ပြီး ရန်ကုန် ဆေးရုံကြီးမှာသေသွားကြတယ်။ ဆရာဝန်တွေက သူတို့အစာ အိမ်တွေကို ဆေးပြီးပိုက်နဲ့ စုပ်ထုတ်ပေမဲ့ အသက်မကယ်လိုက် နိုင်ရှာကြဘူး။ သူတို့နှစ်ယောက်ရေးထားတဲ့ သေကြောင်းကြံ ကြတဲ့အကြောင်း စာနှစ်စောင်ကတော့ ခင်ဗျားတို့မြန်မာပြည် မှာပဲ ရှိနေမယ်ထင်လို့ ရန်ကုန်မှာ မိတ်ဆွေတစ်ယောက်ဆီ အပ်ထားတယ်။ ဂျပန်ပြန်ဖို့စာရင်းထဲမှာ ခင်ဗျားတို့ နာမည်တွေ မြင်မိလို့ လာတွေ့တာ" ဟု ရှင်းပြပါသည်။

ဤသတင်းဆိုးကြီးကိုကြားရ၍ ကျွန်မတို့ မျက်ရည်ကျ ကြရသည်။ ဗိုလ်ကြီးကို ဤသို့လာတွေ့သည့်အတွက် ကျေးဇူး တင်ကြောင်းပြောလိုက်ပါသည်။ သူတို့ ဘာကြောင့်သေကြောင်း ကြံကြသည်ကို တွေးမရပါ။ အထူးသဖြင့် ဖူဆာကိုမှာ စိတ်ခိုင် သူဖြစ်ပြီး "ဘာပဲဖြစ်ဖြစ် အမေတို့ အမေတို့ဆီတော့ ရောက် အောင်ပြန်မယ်" ဟု ပြောလေ့ရှိသူ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့သင်္ဘောဖြင့် ထွက်လာကြရာ သင်္ဘောသည် တစ်ချိန်က တစ်သက်ပြန်ရောက်တော့မည်မဟုတ်ဟုပင် ထင်မိသည့် လွမ်းမောဖွယ်ရာ လှပသည့် မွေးရပ်မြေမှ အိုတာကေ ဆိပ်ကမ်း၌ ၁၉၄၆ ခုနှစ် ဇူလိုင်လ ၂ရက်နေ့တွင် ဆိုက်ရောက်ပါတော့သည်။

၀

## ၆၁။ ဗြိတိသျှဆေးရုံရောက် ဂျပန်သူနာပြုဆရာမလေးများ

သူနာပြု ဖူဆာကို အိုကွိုး၁၊ အမှတ်(၄၉၀) ကယ်ဆယ်ရေးတပ်စိတ် (ဝါကာယာမ) ဂျပန်ကြက်ခြေနီအသင်း

ရန်ကုန်၊ ပေါင်းတည်၊ ပဲခူး

ကျွန်မတို့သည် ပဲခူးရိုးမကိုကျော်ပြီးနောက် ဝဲခေါင့်ရွာရှိ တဲအိမ်တစ်ခု၌ ၁၉၄၅ ခုနှစ် မေလ ၁၈ ရက်နေ့တွင် နားနေစဉ် ရိုင်ဖယ်သေနတ်ကိုင် လူအချို့က ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ပါသည်။ သေနတ်သံများကို ကြားသည်နှင့် ကျွန်မရုပ်အင်္ကျီနှင့် ဘောင်းဘီကောက်ဝတ်၍ ဘာမျှမယူဘဲ တဲထဲမှ ထွက်ပြေးပါသည်။ ကျည်ဖူးများ ကျွန်မနားနားမှ ကပ်ဖြတ်သွားသည်ဟုထင်မိသည်။ ကျွန်မသည် တစ်သက်နှင့်တစ်ကိုယ် ပထမဦးဆုံးသေနတ်နှင့် အပစ်ခံရခြင်းပင် ဖြစ်ပါသည်။ (ခပ်ဝေးဝေးမှ ဖြတ်သွားသော ကျည်ကိုပင် ပွတ်ကာသီကာ လွတ်သည်ဟု ခံစားရလေ့ရှိကြောင်း နောင်တွင် သတိမူမိပါသည်။) ကျွန်မသည် ပြေးနေသော်လည်း ကြောက်လန့်



ရမှန်း မသိသေးပါ။ ရန်သူလေယာဉ်များလည်း ကျွန်မတို့ခေါင်းပေါ်ရောက်လာကြသဖြင့် ဆရာမချုပ်၏ ညွှန်ကြားချက်အတိုင်း ကိုင်းတောထဲပြေးဝင်ကြပါသည်။

ကိုင်းတောထဲတွင် ကျွန်မတို့ ၆ ဦးသား ဆုံမိကြပြီး အရှေ့ဘက်သို့ဖောက်ထွက်ရာ စစ်တောင်းမြစ်ဖြစ်မည်ဟု ထင်ရသော မြစ်တစ်ခုသို့ရောက်၍ တစ်ဖက်သို့ ဖြတ်လျှောက်ဖို့ကြိုးစားကြည့်ရာ နက်လွန်း၍ ပြန်လှည့်လာကြရသည်၊ ဘာဆက်လုပ်ရမည်မှန်းမသိ၍ အကြံအိုက်နေစဉ် မြန်မာနှစ်ယောက်ရောက်လာပြီး လှေနှစ်စင်းဖြင့် မြစ်တစ်ဖက်ကမ်းသို့ ကူးပို့ပေးပါသည်။ ကျွန်မတို့ကို ရွာသူကြီးအိမ်ဖြစ်မည်ဟု ထင်ရသော အိမ်ကြီးကြီးတစ်အိမ်သို့ ခေါ်သွားကာ အိမ်ရှင်တို့က အဝတ်အစား ငှားပေး၍ ကျွန်မတို့ အင်္ကျီဘောင်းဘီ ရေစိုအဝတ်များကိုလည်း သွေ့ပေးကာ ညအိပ်ဖို့အိပ်ရာနေရာပြင်ပေးပြီး ညစာပူပူနွေးနွေးချက်ကျွေးပါသည်။ ပြီးခဲ့သည့်ရက်ပေါင်း၂၀ခန့်တွင် မြေပေါ်အိပ်ခဲ့ကြရသဖြင့် ယခု ဝါးကြမ်းခင်းပေါ် ဖုံပါးပါး၊ ခေါင်းအုံးနှင့် အိပ်ရသည်နှင့်နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါသည်။ ကျွန်မတို့သာစစ်သားဖြစ်ခဲ့လျှင် အန္တရာယ်ကို ရိပ်မိဖွယ်ရာရှိသော်လည်းယခုမူ ကျွန်မတို့က သူတို့၏စေတနာကို ကျေးဇူးတင်စွာဖြင့် လက်ခံမိပါသည်။

နောက်တစ်နေ့စောစော ခရီးဆက်ထွက်ရန် ပြင်သည့်အခါ အိမ်ရှင်က ရိုင်ဖယ်သေနတ်ထုတ်၍ ကျွန်မတို့ကို ချိန်ထားပါတော့သည်။ ကျွန်မတို့မိန်းမသားတစ်သိုက်လည်း ဘာမျှမတတ်နိုင်ကြတော့ပါ။ ညကပင် သူ့လက်ခုပ်ထဲမှ ရေအဖြစ်သို့ရောက်နေပြီတည်း။ ရိုင်ဖယ်သေနတ်များကိုင်လျက် လုံချည်ဖော်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာအချို့က သေနတ်များနှင့်ချိန်ထားပြီး ကျွန်မတို့ကို တန်းစီခိုင်းပါသည်။ ကျွန်မစိတ်ထဲတွင် ရှောင်လွှဲမရနိုင်သော အခြေအနေတစ်ရပ်ကိုကြုံရသည့်အမှတ်ဖြင့် ရင်ထဲတွင် ဟာခနဲ ဖြစ်သွားသော်လည်း အသနားခံဖို့တော့ စိတ်မကူးပါ။ ကျွန်မ ငြိမ်သက်စွာဖြင့်ရပ်နေစဉ် ခေါင်းဆောင်လုပ်သူက ကျွန်မအင်္ကျီပေါ်မှ ကြက်ခြေနီတံဆိပ်ကိုမြင်သွားပြီး “သူနာပြု ဆရာမတွေ” ဟုပြောလိုက်ပါသည်။ သို့နှင့် ကျွန်မတို့မှာ သေနတ်စာကျွေးခြင်း ခံရမည့်ဘေးမှ လွတ်ကာ သိက္ခာ မရှိသည့် စစ်သုံ့ပန်းဘဝသို့ သက်ဆင်းကြရပါတော့သည်။ ကျွန်မတို့သည် တော်တော် လှမ်းလှမ်းတွင်ရှိသည့်တံတားသို့ ခြေကျင်လျှောက်၍ စစ်တောင်း မြစ်ကို ကူးပြီးသည်နောက်တွင် ကားကလေးတစ်စင်းနှင့် ခေါ်သွားကာ မြို့ကလေး တစ်မြို့သို့ရောက်လျှင် နံနက်စာကျွေးပါသည်။ ထိုမှတစ်ဆင့်ဗြိတိသျှတပ်မှ ထရပ်ကားပေါ်သို့ တက်ခိုင်းပြီးနောက် ကားပေါ်အရောက်တွင် ဘာကြောင့်မှန်းမသိ မျက်စိများကို အဝတ်ဖြင့်စည်းပြီးခေါ်သွားပါသည်။ ကျွန်မတို့ အချင်းချင်း တစ်ဦးလက်ကိုတစ်ဦးက ဆုပ်ကိုင်ကာ အားပေးရင်း လိုက်ပါသွားကြပါသည်။

ကျွန်မတို့ ကားပေါ်မှ ဆင်းလိုက်လျှင် အိမ်ခပ်ငယ်ငယ် တစ်ခု၌ နေရာချထားပေးပြီး စောင်များထုတ်ပေးပါသည်။ ဂျပန်တပ်တွင်ရှိစဉ် ဤမျှနုညံ့သည့် စောင်မျိုး မမြင်ဖူးပါ။ တစ်ခဏအကြာတွင် အရပ်ဝတ်အရပ်စားဝတ်လျက် ဗြိတိသျှ ယောကျာ်းတစ်ယောက်ရောက်လာကာ စကားပြန်ဖြစ်ကြောင်း သူ့ကိုသူ မိတ်ဆက်ပြီးနောက် ကျွန်မတို့ကို တစ်ဦးချင်းအမည် မေးပါသည်။ ထိုနောက်တွင် ဗြိတိသျှအရာရှိတစ်ဦး (တပ်မှူး ဖြစ်သည်ဟု နောင်တွင်သိရပါသည်) ကလာ၍ ကျွန်မတို့ကို



တပ်မှူး အမည်၊ လူနာဦးရေ၊ မိမိတို့တာဝန်ကျရာနေရာတို့ကို မေးရာ ကျွန်မတို့က မသိပါဟု ဖွတ်ငြင်းကြပါသည်။ သို့သော် သူက “မင်းတို့ဟာ ဂျပန်ကြက်ခြေနီအသင်း၊ ဝါကာယာမ အဖွဲ့က သူနာပြုဆရာမတွေပါ” ဟုပြောလိုက်သည့်အခါ ကျွန်မ တို့ အံ့အားသင့်ရပါသည်။ ကျွန်မတို့ ဝဲခေါင့်ရွာတွင် ကျန် ရစ်သည့် ပစ္စည်းများအနက် မိမိတို့ ကယ်ဆယ်ရေး တပ်စိတ် မှတ်စုစာအုပ် ကျန်ခဲ့သဖြင့် ထိုစာအုပ်မှ ကျွန်မတို့ မည်သူ မည်ဝါဖြစ်ကြောင်း သိနေနှင့်ပြီ ဖြစ်ပါသည်။ “မင်းတို့ ဂျပန် တွေဟာ အရိုင်းအစိုင်းတွေပဲ။ ကြက်ခြေနီအလံကိုသာ လွှင့် ထားခဲ့ရင် ဒီလို အဖြစ်ဆိုးမျိုးကြုံရမှာမဟုတ်ဘူး” ဟုထပ်ခါ တလဲလဲ ပြောပါသည်။ နောက်ဆုံးတွင် ကျွန်မတို့ မည်သည့် အလုပ်မျိုး လုပ်လိုသနည်းဟု မေးရာ “ကျွန်မတို့ကြက်ခြေနီ သူနာပြုတာဝန် ထမ်းဆောင်လိုပါတယ်” ဟု ဖြေလိုက်ကြပါ သည်။ ဆေးရုံတစ်ရုံတွင် တာဝန် ထမ်းဆောင်ရဖွယ်ရာရှိ ကြောင်း သူက ပြောပါသည်။

ကျွန်မတို့ ခေါင်းဆောင်က “တို့ကြက်ခြေနီတပ်ဖွဲ့ အလံ ကိုလွှင့်ပြီး ရှေ့နောက် တစ်ယောက်တန်းစီသွားကြရင် ရန်သူက မတိုက်ကောင်းပါဘူး” ဟုပြောခဲ့ဖူးသည်ကို ပြန်အမှတ်ရမိစေ ပါသည်။ သို့သော် တကယ်တမ်းအတိုက်ခံရသောအခါအလံလွှင့် ခိုင်းမည့်အစား သူက ရိုင်ဖယ်တစ်လက်ယူ၍ ကျွန်မတို့ ထွက်ပြေးနိုင်အောင် ကာပစ်ပစ်ပေးခဲ့ပါသည်၊ ရုတ်တရက် ကျွန်မတို့ အတိုက်ခံရသည့်အခါလာ တိုက်သူသည် ဂေါ်ရခါး လော၊ ဘီအင်န်အေလော။ ပြောက်ကျားလော ဒေသရှိ လူဆိုး ဓားပြဂိုဏ်းလော မပြောနိုင်သည့်အတွက်ကြောင့် ဖြစ်မည် ထင်ပါသည်။ လူဆိုးဂိုဏ်းများက ဂျပန်တို့ကို သတ်ဖြတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများလုယူသည်ဟု ကြားနေကြရာ လာတိုက်နေသည့် အဖွဲ့သည် ပြောက်ကျားသော်လည်းကောင်း၊ လူဆိုးဓားပြဂိုဏ်းသော်လည်းကောင်းဖြစ်က ကြက်ခြေနီအလံကို အသိအမှတ်ပြုမည့် အလားအလာနည်းခြင်းကြောင့် ဖြစ်နိုင်ပါမည်။

နောက်တစ်နေ့တွင် ကျွန်မတို့ကို ပဲခူးရှိ ဗြိတိသျှစစ်ဆေးရုံသို့ ခေါ်သွားပါသည်။ ရောင်ကိုင်းညစ်ပေနေသော ခြေထောက်များတွင် ဖိနပ်မပါဘဲ၊ ကိုယ်ပေါ်တွင် စုတ်ဖွာဖွန်းထင်းနေသော ဝတ်စုံများ ဆင်မြန်းကာ သွားကြသည်ကို ဗြိတိသျှလူနာတို့က ဆေးရုံပြတင်းပေါက်များမှ ငုံ့ကြည့်နေကြရာ တစ်သက်နှင့်တစ်ကိုယ် ဤမျှ ရှက်ရပြီး စိတ်အားငယ်ရသည့် အဖြစ်မျိုး မကြုံစဖူးပါ။

ကျွန်မတို့ကို အခန်းတစ်ခုသို့ ခေါ်ယူသွားပြီး ရောက်သည့်အခါ ကျွန်မတို့ကို ပြုစုစောင့်ရှောက်ရန် တာဝန်ကျသော အိန္ဒိယလူမျိုးစစ်သားတစ်ဦးထံ စကားပြန်က အပ်နှံပါသည်။ ၎င်းစစ်သားက ရေတစ်ပုံးယူလာပြီး ကျွန်မတို့ ခြေထောက်များကို ဆေးပေးပါတော့သည်။ မိမိတို့ဘာသာ ဆေးကြောမည်ဖြစ်ကြောင်း မနည်း သူ့ကိုခြေဟန်လက်ဟန်ဖြင့် ရှင်းပြရသည်။ လူနာများက သတ္တိကောင်းသည့် ဂျပန်အမျိုးသမီးများအတွက်ဆိုကာ ပတ္တူဖိနပ်များ ပေးကမ်းကြသော်လည်း ဆိုက်ကြီးများ ဖြစ်နေသည်။ ကျွန်မတို့ကို ကြည့်ရှုရန်တာဝန်ကျသည့် စစ်သားက ထမင်းနှင့်ဟင်း အမိုအမောက်ပုံ၍ ဇွန်းဖြေချောင်းနှင့် လာကျွေးရာ စားကောင်းသဖြင့် ခဏနှင့်ပင် ပြောင်သွားရာ နောက်တစ်မည် ထပ်ယူလာပေးပြန်သည်။

ထိုနောက် ဗိုလ်ကြီးအဆင့်ရှိသည့် ဗြိတိသျှသူနာပြုဆရာမက ကျွန်မတို့အတွက် နေရာချပေးသည့် ရွက်ထည်တဲသို့



ခေါ်သွားကာ ၃ရက်နားခွင့်ပြုမည်ဖြစ်ကြောင်း ပြောပါသည်။ သူက ဗြိတိသျှယူနီဖောင်းများနှင့် လေထီးပိတ်စများပေးပါသည်။ ယူနီဖောင်းများကို မိမိတို့ကိုယ်လုံးနှင့် တော်အောင် ပြုပြင်ကာ လေထီးပိတ်စများကိုတော့ အတွင်းခံချုပ်ဝတ်ကြပါသည်။

နားရက်စေ့သည့်အခါတွင် ဂျပန်စစ်သုံ့ပန်းများကို ပြုစုပေးရပါသည်။ သူတို့နှင့် ထိတွေ့ရသောအခါ ဂျပန်သုံ့ပန်းများ မည်မျှ စိတ်ဆင်းရဲလျက်ရှိသည်ကို နားလည်လာရပါသည်။ သူတို့က စကားစမြည် ပြောသည်ဟူ၍ မရှိပါ။ သူတို့နာမည်ကိုပင် ထုတ်မပြောကြပါ။ စုတ်ပြတ်နေသော စစ်ဝတ်စုံများကို ဝတ်လျက် အဖမ်းခံရသည်ကို ရှက်လည်းရှက် ဝမ်းနည်းလည်းနည်းလျက်ရှိကြပါသည်။ သူတို့အတွက် အိမ်ကိုပြန်ရန် လမ်းစပြတ်ပြီဟုပင် ထင်မြင်လျက်ရှိရာ ကျွန်မတို့ထံသို့ပင် ဤအမြင်ကူးစက်လာပါတော့သည်။ ကျွန်မတို့သည် တပ်အတွက် တာဝန်ထမ်းခဲ့သူများဖြစ်၍ စစ်သုံ့ပန်းစာရင်းထဲ ဝင်မည်ဟုပင် နားလည်ထားကြပါသည်။ သို့သော် ဆေးရုံအုပ်ချုပ်သူက "ခင်ဗျားတို့ စစ်သုံ့ပန်းတွေ မဟုတ်ဘူး။ ကျွန်တော်တို့က ခင်ဗျားတို့ကို ဂျနီဗာ အပြည်ပြည် သဘောတူညီချက်အရ အကာအကွယ်ပေးသွားမှာဖြစ်တယ်" ဟုရှင်းပြပါသည်။ သူ၏ သဘောထားကြောင့် ဆေးရုံအမှုထမ်းများနှင့် စကားပြန်တို့က သက်ညှာစွာဆက်ဆံကြသဖြင့် ကျွန်မတို့မှာ တဖြည်းဖြည်း နေသာထိုင်သာရှိကာ အလုပ်လုပ်ရသည်မှာလည်း အဆင်ပြေသွားပါသည်။

ဇွန်လလယ်တွင် အက်ဆုကိုနှင့် ဟာရုအိတို့ကို ရန်ကုန်သို့ နာတာရှည်လူနာများကို စောင့်ကြပ်ပို့ပေးရန် တာဝန်ပေးပါသည်။ ဖြူးစားကြီးထွက်သွားကြရသဖြင့် သူတို့ကို နှုတ်

www.burmeseclassic.com

www.burmeseclassic.com



တောင် မဆက်ဖြစ်ပါ။ ကျွန်မတို့လည်း အနာဂတ်တွင် မည်သို့ဆက်၍ စခန်းသွားကြရမည်ကို စိုးရိမ်စိတ်ပွားလာကြပါသည်။

ဇွန်လနှောင်းပိုင်းတွင် ကီယိုမီသည် တောင်ငူမှ ကျွန်မတို့ရှိရာ ဆေးရုံသို့ ရောက်လာပါသည်။ မမျှော်လင့်ဘဲရောက်လာခြင်းဖြစ်၍ တစ်ဦးကို တစ်ဦး ပွေ့ဖက်လျက် မျက်ရည်တွေတွေ ကျဆင်းလာကြပါသည်။ ကီယိုမီက သူကြုံရသည့်ဖြစ်အင်ကို ဤသို့ ပြန်ပြောပြပါသည်။ "ကျွန်မတို့ ဝဲဒေါင့်မှာ အတိုက်ခံရပြီးနောက် ဆရာမချုပ်နဲ့ ညနေပိုင်းမှာဆုံမိကြသည်။ ယင်းနောက် တောင်တန်းတွေဘက် ဦးတည်ခဲ့ကြတယ်။ နောက် နှစ်ရက်အကြာ ကျွန်မတို့၁၀ယောက်ကို မြန်မာလက်နက်ကိုင်တွေက ဝိုင်းထားတုန်း ကျွန်မတစ်ဦးတည်း အဖော်ကွဲပြီး ရှေ့က တောချုံတွေထဲ တိုးပြေးတဲ့ ဂျပန်စစ်သားတစ်ယောက် နောက်ကို လိုက်ပြေးတယ်။ တောထဲ တဝဲလည်လည်ဖြစ်နေတုန်း ပြောက်ကျားများနဲ့ နှစ်ကြိမ်တိုးပြီး သီသီလေး လွတ်ခဲ့ကြတယ်။ ဆယ်ရက်အတွင်းမှာ ငှက်ပျောသီးအစိမ်းကလွဲလို့ ဘာမျှ မစားရတဲ့အတွက် အာဟာရပြတ်နေကြလို့ အိမ်တစ်အိမ်မှာစားစရာဝင်တောင်းဖို့ ဆုံးဖြတ်လိုက်ကြတယ်။ အိမ်ရှင်များက သနားသွားပြီး ထမင်းနဲ့ ငါးပိ ချကျွေးပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ပါလာတဲ့ပစ္စည်းကိုရှာပြီး လက်ပစ်ဗုံးကိုသိမ်းပြီးနောက် ခြေကျင်ခရီး ငါးရက်ကြာသွားရတဲ့ တောင်ငူက စစ်သုံ့ပန်းစခန်းကို ပို့လိုက်ကြတယ်။ စခန်းရောက်တော့ အတူလာတဲ့ စစ်သားကို တခြားမှာထားပြီး ကျွန်မကို သီးခြားထားတယ်။ နောက် ဒီ ၆ ယောက်အဖွဲ့နာမည်တွေကို ပြတယ်။ ကျွန်မဟာ ကြက်ခြေနီတပ်ဖွဲ့ သူနာပြုမှန်းသိတဲ့နောက်မှာ စစ်ဆေးရုံမှာ ဒဏ်ရာစည်းစရာ ပြင်ဆင်တဲ့ အလုပ်တာဝန်ပေးတယ်။ ရက်နည်းနည်းကြာတော့ အရာရှိတစ်ဦးက ကျွန်မကို ဆေးရုံမှာဝင်လုပ်ဖို့ ပြောတော့ ကျွန်မက လုပ်ဖော်ကိုင်ဖက်တွေရှိရာပဲ သွားချင်တယ်ဆိုတာနဲ့ နောက်တစ်နေ့ ဒီကိုပို့လိုက်တာပဲ။"

www.burmeseclassic.com



သုံ့ပန်းလူနာတို့အနက် ပေါင်းတည် အမှတ် (၁၁၈) အခြေချ စစ်ဆေးရုံတွင် တက်ခဲ့သော ရဲဘော်တစ်ယောက်ပါရာ ၎င်းက ဆေးရုံအုပ် ဆေးမှူး ဗိုလ်မှူး မတ်ဆုမူရာ ဦးစီးသော အဖွဲ့သည် ဝုံဝုံစားစားတိုက်ရင်း ဝဲဒေါင့်တွင် ကျဆုံးခဲ့ကြသည်ဟုသိရပါသည်။ ၎င်းတို့အတွက် ကြေကွဲဝမ်းနည်းရင်း သတင်းမရသေးသည့် လုပ်ဖော်ကိုင်ဖက် ဆရာမများအတွက် စိုးရိမ်လျက်ရှိကြလေသည်။

ရက်အနည်းငယ်အကြာတွင် ရန်ကုန်ရှိ စစ်ဆေးရုံသို့ ဘူနာပြု ဆရာမနှစ်ယောက် ပို့ပေးရမည်ဟု အကြောင်းကြားလာသဖြင့် ဂျပန်ထုံးစံအတိုင်း မြောက်ပန်းလှန်ရွေးရာ ယိုရှိကိုနှင့်ဆာဒါမီ တို့နှစ်ယောက်မဲကျသည်။ တစ်နေ့ပြန်ဆုံကြမည်၊ မည်သို့သော ဆင်းရဲဒုက္ခမျိုး ရင်ဆိုင်ရသည်ဖြစ်စေ အရှုံမပေးစတမ်းဟု ခွဲခွာခါနီး သူတို့ကို မှာလိုက်သေးသည်။

ပဲခူးတွင် ကျွန်မ၊ အာယာကိုနှင့် ကီယိုမီတို့ ကျန်ရစ်သည်။ ထိုနောက်ပိုင်းတွင် ဂျပန်စစ်သားလူနာများ ဆေးရုံသို့ တသောသော ရောက်လာကြသည်။ ကျွန်မတို့မှာလည်း ဝန်နှင့်အားမမျှဘဲ လုပ်ရသည်မှာ နှစ်ညဆက်တိုက် မမေးလိုက်ရသည့် အဖြစ်မျိုး မကြာခဏကြုံကြရသည်။

ထိုအထဲတွင် ကျွန်မတို့ကိုကြည့်ရှုရသည့် မစ္စတာ အမ်ဒင်ခေါ် အိန္ဒိယတပ်စစ်သားက "ဒီနေ့တော့ ကျွန်တော် သိပ်ဝမ်းနည်းတယ်။ ကျွန်တော့်မိတ်ဆွေ သေသွားလို့ ထမင်းလည်း

www.burmeseclassic.com



မစားနိုင်ဘူး၊ အရင်ကလို သီချင်းလည်းမဆိုနိုင်တော့ဘူး” ဆိုပါသည်။ ကျွန်မတို့က သူ့ကို ဖျောင်းဖျနှစ်သိမ့်ဖို့ ကြိုးပမ်းကြပါသည်။ နောက်ရက်အနည်းငယ်ကြာလျှင် ကုလားစစ်သားတစ်ဦးထံမှ ရန်ကုန်သို့ သွားရသည့် ယိုရှိုကိုနှင့် ဆာဒါမိတို့နှစ်ဦး မိမိကိုယ်ကိုမိမိ သတ်သေလိုက်ကြကြောင်း သတင်းကိုကြားရကြသည်။

ယိုရှိုကိုက “ဘယ်လိုဆင်းရဲဒုက္ခမျိုးကြုံရကြုံရ အမေ့ဆီပြန်မရောက် ရောက်အောင်သွားမယ်” ဟု ကျွန်မကို ပြောဖူးသည်ကို သတိရမိသဖြင့် ဘယ်လောက် ဆိုးရွားသည့် အဖြစ်မျိုးနှင့်ကြုံရပါလိမ့် ဟုသာတွေးရင်း ရင်နင့်စရာ ၎င်းတို့၏ဆိုးလှသောကြမ္မာအတွက်နှင့် ဝမ်းနည်းပက်လက် ဖြစ်ရပါတော့သည်။

ဤတွင် မစ္စတာအမ်ဒင်က ဤသတင်းကိုသိပြီး ဖြစ်သော်လည်း ကြင်နာတတ်သော အသည်းနှလုံး၊ စာနာတတ်သော စိတ်ရှိသူဖြစ်၍ အမှန်အတိုင်း ဖွင့်မပြောရက်ခြင်းဖြစ်သည်ကို သဘောပေါက်မိတော့သည်။

ထိုအချိန်ခန့်တွင် နိုင်ငံတကာ ကြက်ခြေနီ အသင်းဝင်အချို့ ကျွန်မတို့ တည်းခိုဆောင် ရွက်ထည်တဲသို့ရောက်လာပြီး ဂျပန်ပြန်လိုသူများရှိက အသင်းက လေယာဉ်ဖြင့် ပြန်နိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်းပြောရာ ကျွန်မတို့က ဒဏ်ရာရ ဂျပန်စစ်သားများကို ဆက်လက်ပြုစုရန် ဆက်နေလိုသေးကြောင်းပြော၍ “အိမ်ပြန်ဖို့တို့ကလည်း အတင်းမတိုက်တွန်းလိုပါဘူး။ ဘာအခက်အခဲများရှိလဲ” ဟု မေးပါသည်။

ကျွန်မတို့က“မရှိပါဘူး။ ဒီမှာအားလုံးက ကျွန်မတို့အပေါ် စေတနာထားပါတယ်။ ကျွန်မတို့က ကျေးဇူးတင်ပါတယ်။”



“ဒီလိုကြားရတာဝမ်းသာပါတယ်”

သို့နှင့် သူတို့လည်း ပြန်ကြသည်။

တစ်နေ့တွင် ကုလားစစ်သားများ အူမြူးလျက်ရှိပြီး စစ်ကြီးပြီးပြီဖြစ်ကြောင်း၊ မကြာမီ အိမ်ပြန်ကြရတော့မည်ဖြစ်ကြောင်းပြောနေသဖြင့် ဂျပန်တို့စစ်ရှုံးချေပြီဟု တွက်မိသည်။

ထိုနောက်တွင် ဘုရားကြီး၌ ဖွင့်ထားသော “ဂျပန်လက်နက်ချများ[1]” စခန်းသို့ပြောင်းကြရပါသည်။ ထိုစခန်းတွင် ဆေးရုံအုပ်မှာ ယခင် တပ်မ(၅၃)၊အမှတ်(၁) စစ်မြေပြင်ဆေးရုံမှ ဆေးမှူး ဗိုလ်မှူး ဘန်ဒို ဖြစ်ပါသည်။ ဆရာဝန်များ၊ ဆေးတပ်သားများ အားလုံးသနားကြင်နာတတ်၍ စိတ်ကောင်းရှိသူများဖြစ်ကြသည်။ အလုပ်လုပ်ရသည်မှာ ဗြိတိသျှတို့၏ ဆေးရုံတွင်လောက် မများလှပါ။ ကျွန်မတို့အတွက် သက်သက်သာသာရှိပါသည်။ သို့သော် ကျွန်မတို့မှာ ဆရာမချုပ်နှင့် ကျန်ဆရာမများအတွက် ရတက်မအေးဘဲ နေ့စဉ်ဆိုသလို သူတို့အကြောင်းပြောမိပြီး စိတ်မကောင်းဖြစ်နေကြပါသည်။

ကျွန်မတို့ ဤဆေးရုံတွင် တစ်နှစ်နီးပါးကြာသောအခါ ဂျပန်သို့ပြန်ရတော့မည်ဖြစ်ကြောင်း အသိပေးရာ ကျွန်မတို့တစ်ဖွဲ့တည်းမှ ကျန်ဆရာမများ၏ အခြေအနေကို စုံစမ်းလို၍ နောက်ဆုံးအသုတ်ဖြင့် လိုက်ပါနိုင်ရေး မေတ္တာရပ်ခံသည်တွင် ခွင့်မပြုပါ။ သို့နှင့် ဆေးရုံသင်္ဘော “အရိမာဆန် မာရူး[2]” နှင့် စင်္ကာပူသို့ပါသွားကြပြီး စင်္ကာပူ၌ သင်္ဘောပြင်နေစဉ် ကျွန်မတို့မှာ ဆေးရုံတစ်ရုံတွင် ဝင်လုပ်ကြရပါသည်။

---

၁။ Japanese Surrendered Personnel

၂။ *Arimasan -maru*

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်နေ့တွင်မူ ကျူရှူးကျွန်းရှိ ဆာဆီဟိုဖွဲ့ ဆိုက်ကပ်၍ မိခင်မြေသို့ပြန်ရောက်ကြပါသည်။

အိမ်ပြန်ရောက်သည့်အခါတွင် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့သော ယိုရှိုကိုအစား ကျွန်မ သတ်သေသွားသည်ဟု ဂျပန်တွင် သတင်းဖြစ်၍ ကျွန်မအတွက်အသုဘအခမ်းအနားကို ယခင် သုံးလခန့်က ကျင်းပခဲ့ကြောင်း သိရပါတော့သည်။ ပြန်မတွေ့ရတော့ပြီဟု စိတ်မကောင်းဖြစ်နေရသောမိဘများမှာ သမီး တုံးကျော်မ ရောက်လာ၍ ပျော်မဆုံး ဖြစ်နေတော့သည်။

အမှတ်(၄၉၀) ကယ်ဆယ်ရေးတပ်စိတ်မှ အောက်ပါ သူနာပြုများသေဆုံးခဲ့ကြသည်။—

၁၉၄၅ ခု မေလ ၁၁ ရက်နေ့တွင် တစ်ဦး ဖျားနာ၊ အားပြတ်၍ ဆုံးသည်။

မေလ ၁၈ ရက်နေ့တွင် ဝဲဒေါင့်ရွာ၌ နှစ်ဦးသေသည်။

မေလ ၁၈ ရက်နေ့မှာပင် စစ်တောင်းမြစ်ထဲ၌ နှစ်ဦး ရေနစ်သေသည်။

မေလ ၂၀ ရက်နေ့တွင် ကျိုရှာ (?) အနီး ၅ယောက် အသတ်ခံရသည်။

မေလ ၂၀ရက်နေ့မှာပင် ကျိုရှာ မှ တစ်ယောက်ပျောက်သွားသည်။

ဇူလိုင်လတွင် ရန်ကုန်၌ နှစ်ဦး မိမိကိုယ်ကို မိမိသတ်သေသွားကြသည်။

မူရင်း ၂၁ ဦးအနက် (ဒဏ်ရာပြင်းထန်စွာရသူ နှစ်ဦး အပါအဝင်) ၈ဦးသာ အသက်မသေ အိမ်ပြန်ရောက်သည်။



တပ်စိတ်မှူးနှင့် လက်ထောက် အမျိုးသားနှစ်ဦးစလုံး ဝဲဒေါင့်တွင် မေလ ၁၈ရက်နေ့၌ သေဆုံးကြသည်။

ကြက်ခြေနီ ကယ်ဆယ်ရေးတပ်စိတ် ၁၅ ခု (သူနာပြုဆရာမ စုစုပေါင်း ၃၁၅ ဦး) မြန်မာပြည်သို့ ထွက်ခွာခဲ့ရာ အခြားတပ်စိတ်များ၌ လေကြောင်းတိုက်ခိုက်မှု သို့မဟုတ် ဖျားနာ၍ သေဆုံးသူ အရေအတွက် အနည်းအကျဉ်းမှလွဲ၍ အားလုံးလိုပင် မိမိတို့အိမ်အသီးသီးသို့ ပြန်လည်ရောက်ရှိကြပါသည်။

၁

## ၆၂။ ဟူးကောင်းတောင်ကြားနှင့် မိတ္ထီလာ

ဗိုလ်ရှူအီချီရို ယိုရှိနို၊ အမှတ်(၁၁) ကပ်ရောဂါကာကွယ်ရေးနှင့် ရေပေးဝေရေးတပ်၊ တပ်မ(၁၈)

တောင်ကြီး၊ ဟူးကောင်းတောင်ကြား၊ မိတ္ထီလာ

၁၉၄၃ ခုနှစ် နိုဝင်ဘာလတွင် ကျွန်တော်တို့၏တပ်သည် ဗိုလ်ချုပ်ကြီးစတီးလ်ဝဲလ်လက်အောက်ရှိ တရုတ်–အမေရိကန် တပ်များကို တိုက်နေသည့်အမှတ်(၁၈) တပ်မနှင့်အတူ မြန်မာပြည်မြောက်ပိုင်းရှိ ဟူးကောင်းတောင်ကြား ဒေသသို့တက်သွားကြပါသည်။ တရုတ်–အမေရိကန်တပ်တို့သည် မြန်မာပြည်မြောက်ပိုင်းတွင်းသို့ အာသံပြည် လီဒိုမှ ကုန်းလမ်းအတိုင်းဝင်လာခဲ့ကြသည်။ ဟူးကောင်းတောင်ကြားသည် ရာသီဥတု ပြင်းထန်၍ ဝမ်းရောဂါနှင့် ငှက်ဖျားတူပြောသည်ဟု နာမည်

www.burmeseclassic.com

www.burmeseclassic.com



ကြီးသောဒေသဖြစ်၍ ကပ်ရောဂါကာကွယ်ရေး လုပ်ငန်းမှာ အဓိက အရေးပါလှသည်။ ရောဂါပေါ်ပေါက်လျှင် အချိန်မီ သိနိုင်ရန်နှင့် တိုက်ခိုက်ရေးတပ်များမှ စစ်သည်များကို သန့်ရှင်းသည့် သောက်ရေ ပေးဝေနိုင်ရန် ကျွန်တော် အားသွန် ခွန်စိုက် ဆောင်ရွက်ရပါသည်။ ဗိုလ်ချုပ်ကြီးအော်ဒီ ဝင်းဂိတ်၏ ခရီးဆေး ထိုးဖောက်ရေးတပ်များက မိမိတို့ထောက်ပံ့ရေးလမ်းကြောင်းကို ဖြတ်တောက်လိုက်သည့်အခါ ကျွန်တော်တို့ ဂျပန်တပ်များ တဖြည်းဖြည်းဆုတ်ခွာစစ်ဆင်ကြရတော့သည်။ စားနပ်ရိက္ခာ ပြတ်၍ တွေ့ကရာ မျောက်ဥနှင့် မျှစ်တို့ကိုပင် မှီဝဲနေကြရပါသည်။ ထိုကြောင့်ကျွန်တော်အားပြတ်ကာ စစ်မြေပြင်ဆေးရုံတွင် နှစ်လကြာ တက်နေရပါသည်။ ကျွန်တော့်တပ်က ရထားလမ်းဆုံးသို့ ဆုတ်ခွာစစ်ဆင်ရမည်ဟူသော သတင်းရသည့်အခါတွင် ဆရာဝန်ထံမှ ဆင်းခွင့် မစောင့်တော့ဘဲ တပ်သို့ပြန်ရာ နောက်ဆုံးဆုတ်ခွာစစ်ဆင်မှုကို မီလိုက်ကာ လှည်းများနှင့် မြင်း ဧကောင်တို့ဖြင့် တင်ယူလာသည့်လူနာများကိုခေါင်းဆောင်၍ ခက်ခက်ခဲခဲပင် ဆုတ်လာရပါသည်။ ဆုတ်ခွာစဉ် ရန်သူ့လေကြောင်းတိုက်ခိုက်မှုကြောင့် ရဲဘော်တစ်ယောက်ကျပြီး မြင်းအားလုံး ဆုံးရှုံးပါသည်။ လူနာများနှင့် အခြေစိုက်စခန်းသို့ ရောက်သည့်အခါတွင် ကျွန်တော်မှာအားပြတ်သွား၍ ပြင်ဦးလွင်ရှိ နာလန်ထစခန်း၌ တစ်လသွားနေရပါသည်။

၁၉၄၅ခု မတ်လ ၁၀ရက်နေ့တွင် အမှတ်(၅၆) ခြေလျင်တပ်ရင်းကြီးထံသို့သွား၍ သောက်ရေပေးဝေရေး စီစဉ်ပါသည်။ တပ်ရင်းကြီးသည် မိတ္ထီလာသို့ ဦးတည်ချီတက်လျက်ရှိရာ ကျွန်တော်နှင့် ၃ယောက်တစ်ဖွဲ့သည် တပ်ရင်းကြီး၏ ဌာနချုပ်



နှင့်အတူ လိုက်ပါသွားပါသည်။ အရုဏ်တက်ချိန်၌ နောက်ခံထန်းတောနှင့် စေတီကလေးတစ်ဆူတို့ဖြင့် ပန်းရလျက်ရှိသော ရွာကလေးတစ်ရွာသို့ ရောက်ပါသည်။ ရွာသည် မိတ္ထီလာမြို့၏ အရှေ့မြောက် ဇကီလိုမီတာခန့်တွင် ရှိပါသည်။ ကံအားလျော်စွာ အမိုးပါသည့် ခပ်တိမ်တိမ် ကျည်ကွယ်ကျင်းတစ်ခုတွင် နေရာ ယူနိုင်လိုက်ပါသည်။ တင့်ကားဖဲ့စ် အမြောက်များကျွန်တော်တို့၏ ညာဘက်တွင်ရှိပြီး ဌာနချုပ်က ကျွန်တော်နောက်နားတွင် ရှိပါသည်။

နေမြင့်လာသည်တွင် ဗြိတိသျှလေယာဉ်များ ကျွန်တော်တို့ ခေါင်းပေါ်လာဝဲကြပြီး တင့်ကားအမြောက်သံများလည်း တဖြည်းဖြည်း နီးလာပါသည်၊ ဂျပန်တင့်ကားပစ် အမြောက်များကလည်း စတင်ပစ်ပါတော့သည်။ ဗြိတိသျှတင့်ကားများက ရွာကိုပတ်ဝိုင်းထားပြီး အမြောက်များဖြင့် ဆက်ပစ်လျက်ရှိပါသည်။ တင့်ကား အမြောက်ဆန်တစ်ခုသည် အနီးရှိ ထန်းပင်ကို မှန်ရာထန်းရွက်ထန်းခက်များ ကျွန်တော်တို့အပေါ် ကျလာတော့သည်။ ခေါင်းပေါ်တွင် ခေါင်ကတုတ်ရှိနေ၍ ကျွန်တော်တို့အတွက် ထိခိုက်မှုမရှိခဲ့ပါ။

ကျွန်တော်တို့၏သေနတ်သံများ၊ စက်ကလေးဆွဲသံများ၊ အမြောက်ပစ်သံများနှင့် တပ်ရင်းကြီးတပ်မှူး၏ အမိန့်ပေးကွပ်ကဲသည့် အသံများ ရောထွေးဆူဝေလျက် ရှိပါသည်။ ပေါက်ကွဲသည့်ကျည်တို့မှ သဲတဖွားဖွား၊ ဖုန်တထောင်းထောင်းနှင့် မီးခိုး တလိပ်လိပ်ထလျက် ရှိသည်။ အမြောက်မှန်ထား၍ ထန်းလည်ဆစ်ကျိုးဖြစ်နေသော ထန်းပင်ပင်စည်များနှင့် ထုံဖွေးဖွေး စေတီအထွတ်ကိုသာ ကျွန်တော် မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်ည ပင်ပန်းခဲ့၍ ကျွန်တော် အိပ်ချင်နေသည်။ ဆာလောင်ခြင်းကားမရှိ။ ကုန်ခဲလှသော ထိုနေ့တွင် တင့်ကား များ မြည်ဟည်းသံ၊ တပ်မှူးကြီး၏ ဟစ်အော်အမိန့်ပေးသံ တို့က လွှမ်းမိုးနေလိုက်သည်မှာ နေလုံးကြီး မိုးကုပ်စက်ဝန်း အောက် ငုပ်လျှိုးသွားမှ အမြောက်ပစ်ခတ်မှု စဲသွားတော့သည်။ ဤတွင် တင့်ကားများက ဆူဆူညံညံတက်လာကြကာ ၄င်းတို့ နောက်မှကပ်၍ ခြေလျင်တက်လာသူတို့က တော်မီဂန်း စက် သေနတ်ငယ်များ ပစ်ရင်း လိုက်လာကြသည်။ ကျွန်တော်တို့ ကို တင့်ကားများက နင်းသွားလိမ့်မည်ဟု စိုးရိမ်နေကြဆဲတွင် ကျင်းအနီးရောက်မှ နောက်ပြန်လှည့်သွားတော့သည်။ ခဏ အကြာတွင် ကျွန်တော်တို့လည်း အလျှိုးအလျှိုး ကတုတ်ကျင်း များထဲမှ ထွက်လာကာ တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း အသက်မသေဘဲ ကျန်ကြသည်ကိုပင် ဝမ်းပန်းတသာ ဖြစ်လျက် ရှိသည်။

တင့်ကားငါးစင်းမှာ မိမိတို့ တင့်ဖျက်အမြောက် မှန်ထား၍ မီးခိုးမည်းများ အူထွက်လျက်ရှိသည်။ သို့သော် မိမိတို့ တင့်ဖျက်အမြောက်များလည်း ချေမှုန်းခံရ၍ ကုန်လုနီးပါး ဖြစ်သည်။ တင့်ဖျက် အမြောက်အဖွဲ့သားများလည်း ဒဏ်ရာ ရသူရှိသော်လည်း ကုသပေးရန် ဆေးမရှိသည်မှာ ဝမ်းနည်း စဖွယ်ပင် ဖြစ်သည်။

ထိုညအတွင်း တပ်ရင်းကြီးသည် ၂ကီလိုမီတာ ဆုတ် သွားသည်။ ကျွန်တော်တို့သည် အစတွင် ရေစည်များကို ကား ပေါ်တင်၍ တပ်ရင်းကြီးအတွက် ရေဝေငှပေးပါသည်။ နောက် ပိုင်းတွင် ရေလာယူသည့်စစ်သည်အုပ်ကို ဗြိတိသျှတို့က ပစ်မှတ်



ပြု၍ အမြောက်နှင့်ပစ်လာရာ ကျွန်တော်တို့က ရေကို အိတ်များ ဖြင့် သယ်၍ ရှေ့တန်းခံစစ်ကျင်းများသို့ လူဖြင့်လိုက်ပို့ပေးပါ သည်။ ပစ်ကျင်းများထဲမှ ရဲဘော်တို့က သူတို့၏ရေဘူးများ ဖြင့် ရေကိုခံယူပြီးနောက် "ကျေးဇူးတင်ပါတယ်" ဟု ပြောကြ သည်။

ရက်အတန်ကြာလျှင် မိတ္ထီလာကို လက်လွှတ်လိုက်ရန် ဆုံးဖြတ်လိုက်ရာ ဆုတ်ခွာစဉ် ရေစစ်ပါသည့် ကားနောက်ဆုံး တစ်စင်းနှင့် ကျန်ကားကြီးအားလုံး လေကြောင်းတိုက်ခိုက်မှု ကြောင့် မီးလောင်ပျက်စီးသွားပါသည်။ ကျွန်တော်တို့သည် စစ်တောင်းရောက်သည်အထိ မြစ်ရိုးတစ်လျှောက် ရွံ့တော ဗွက်တော များထဲမှဖြတ်၍ ခြေကျင်လျှောက်သွားကြပါသည်။

၁၉၄၅ခုနှစ် ဩဂုတ်လ ၁၅ရက်နေ့တွင် စစ်ကြီးပြီးသည့် အခါ ကျွန်တော်တို့ကို "ဂျပန်လက်နက်ချများ" အဖြစ် သတ်မှတ်၍ စခန်းတစ်ခုတွင် ထိန်းသိမ်းထားပါသည်။ တစ်နေ့ တွင် "ကြောင်နက်" ခေါ် အမှတ်(၁၇) အိန္ဒိယတပ်မမှ တပ် မဟာမှူး တစ်ဦးက ကျွန်တော်တို့စခန်းသို့ရောက်လာကာ "ခင်ဗျားတို့ကို စစ်ပွဲမှာ အရေးနိမ့်ပြီး အဖမ်းခံရတဲ့ စစ်သုံ့ပန်း တွေ မဟုတ်ဘူး။ ခင်ဗျားတို့ရဲ့ ကေရာဇ် အမိန့်အရ စစ် ဆက်မတိုက်တာဘဲဖြစ်လို့ ခေါင်းငိုက်စိုက် ချနေဖို့မလိုဘူး။ ကျွန်တော်ကိုယ်တွေ့ ခင်ဗျားတို့နဲ့တိုက်ဖူးတာမို့ ခင်ဗျားတို့ ဂျပန်တွေမှာ စွမ်းရည်သိပ်ရှိတယ်ဆိုတာ သိတယ်။ ခင်ဗျား တို့ နိုင်ငံကိုပြန်ရောက်ပြီး နောင်မှာ ဂျပန်နိုင်ငံကို ထိပ်တန်း နိုင်ငံတစ်ရပ်ဖြစ်လာအောင် လုပ်နိုင်တဲ့ စွမ်းပကားရှိတယ်လို့ ကျွန်တော် ယုံတယ်။ အိမ်ကို ခလုတ်မထိဆူးမငြိ ပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ယုံကြည်မှုရှိရှိ ကောင်းစွာကျင့်ကြံ နေထိုင်သွားကြပါ” ဟုပြောပါသည်။

အောင်နိုင်သူတို့ဘက်မှ အရာရှိကြီးတစ်ဦးက ကျွန်တော်တို့စိတ်နှလုံး နူးညွတ်ကြည်အေးလောက်အောင် ပြောကြားခဲ့သော ပြောင်မြောက်သည့် မိန့်ခွန်းတစ်ရပ်ပင် ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့ ထိုအချိန်အထိ မည်သည့်အချိန်တွင် အိမ်ပြန်ရောက်မည်ကို မမှန်းနိုင်သေးပေ။ မဟာမိတ်တပ်များသိမ်းထားသည့် အမိနိုင်ငံတွင်မည်သို့ အခြေအနေ ရှိသည်ကိုလည်း မသိသေးပေ။ ထို့ကြောင့် ကျွန်တော်တို့ စိတ်ဓာတ်ကျဆင်းလျက်ရှိသည်။ ဤသို့သော အခြေအနေတွင် အထက်ပါမိန့်ခွန်းကိုကြားရသည်မှာ အားတက်ဖွယ်ပင်ဖြစ်သည်။ အမှတ်(၁၇) အိန္ဒိယတပ်မ၏ ကြောင်နက်တံဆိပ်သည် ကျွန်တော်တို့အတွက်မစိမ်းပါ။ ကျွန်တော်တို့ အမှတ်(၃၃)တပ်မ (ကျားဖြူတပ်မ) မြန်မာပြည်ထဲသို့ ၁၉၄၂ခုနှစ်ဆန်းပိုင်း၌ စဝင်ခဲ့သည့်အချိန်မှစ၍ စစ်ကြီးပြီးဆုံးသည်အထိ ကြောင်နက်နှင့် ကျားဖြူတပ်မ ဘတစ်ပြန်ကျားတစ်ပြန် အပွဲပွဲ နွှဲခဲ့ဖူးကြသည်သာဖြစ်သည်။

နောက်ဆုံး ၁၉၄၇ခုနှစ် ဇွန်လ ၁၃ရက်နေ့တွင်မှ “ဂိုက်ဟက္ကံ” အမည်ရှိ အမေရိကန်သင်္ဘောဖြင့်ကျွန်တော်တို့ကို မြန်မာပြည်မှ ဂျပန်သို့ခေါ်ဆောင်သွားရာ ဇူလိုင် ၁၀ ရက်နေ့တွင် ဆိုက်ရောက်ပါသည်။ ကျွန်တော့် မိဘများက သားမောင် ပြန်ရောက်လာ၍ ပျော်တပြုံးပြုံး ဖြစ်နေကြပါသတည်း။

○



# မြန်မာပြည်တိုက်ပွဲစဉ် မှတ်စု

## အပိုင်း(၁)

ရန်ကုန်မြို့ကိုသိမ်းပြီးသည်အထိ ဂျပန်တပ်မတော်သည် တပ်မ (၃၃)နှင့် (၅၅)၊ တပ်မ နှစ်ခုဖြင့် စဝင်လာခဲ့သည်။ ထိုတပ်မနှစ်ခုစလုံးပင် အင်အားရှိရင်း၏သုံးပုံပုံ နှစ်ပုံမျှသာပါလာသည်။ တပ်မ(၃၃)တွင် အမှတ်(၂၁၄) ခြေလျင်တပ်ရင်းကြီး၊ အမှတ်(၂၁၅)ခြေလျင်တပ်ရင်းကြီး၊ အမှတ်(၃၃) တောင်ပေါ်ပစ် အမြောက်တပ်ရင်းကြီးမှ တပ်ရင်း (၃)၊ အမှတ်(၃၃) အင်ဂျင်နီယာတပ်ရင်းကြီးမှ တပ်ခွဲ(၁) နှင့်အခြားတပ်များ ပါသည်။ တပ်မ(၅၅)မှ အမှတ်(၁၁၂) ခြေလျင်တပ်ရင်းကြီး၊ အမှတ်(၁၄၃)ခြေလျင်တပ်ရင်းကြီး၊ အမှတ်(၅၅) တောင်ပေါ်ပစ် အမြောက်တပ်ရင်းကြီးမှ (အမြောက်၁၂လက်ပါသည့်တပ်)၊ အမှတ်(၅၅) မြင်းတပ် တပ်ရင်းကြီးနှင့် အခြားတပ်များ ပါသည်။ ဂျပန်စစ်ကြေညာသည့် ၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၈ရက်နေ့တွင် တပ်ရင်းကြီး (၁၄၃) က ထိုင်းနိုင်ငံတောင်ပိုင်းတွင် ကမ်းပေါ်တက်ထားချိန်ဖြစ်သည်။ တပ်ရင်းကြီး (၁၁၂)သည် အင်ဒိုချိုင်းနား မြောက်ပိုင်းတွင် ရှိနေကာ တပ်ရင်းကြီး (၂၁၄) နှင့်(၂၁၅)တို့သည် တရုတ်ပြည်ထဲတွင် ရှိနေသည်။ ထိုဒေသတို့မှ ယင်းတပ်များသည် ထိုင်းနိုင်ငံအနောက်ခြမ်း အလယ်ပိုင်းမှတစ်ဆင့် ထိုင်းနှင့်မြန်မာနိုင်ငံတို့ကို ပိုင်းခြားထားသော တောင်တန်းများကို ခက်ခဲကြမ်းတမ်းသောခရီးဖြင့် ချီတက်ဝင်ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တပ်မ(၅၅)သည် မော်လမြိုင်ကို ၁၉၄၂ခုနှစ် ဇန်နဝါရီလ၃၀ရက်နေ့တွင် သိမ်းသည်၊ တပ်မ(၃၃)က သံလွင်မြစ်ပေါ်ရှိ ဖားအံကို ဖေဖော်ဝါရီ ၃ရက်နေ့တွင် သိမ်းလိုက်သည်။ ကူးဆိပ် (ဖေဖော်ဝါရီ ၁၂) ၊ ဘီးလင်း ( ဖေဖော်ဝါရီ၁၇–၂၀) နှင့် စစ်တောင်း (ဖေဖော်ဝါရီ ၂၂–၂၃) တိုက်ပွဲများ နောက်ပိုင်းတွင်ဗြိတိသျှ–အိန္ဒိယတပ်များသည် အနောက်ဘက်သို့ ဆုတ်ခွာကြသည်။ မတ်လ၃ရက်နေ့တွင် ဂျပန်တပ်များ စစ်တောင်းမြစ်ကိုဖြတ်ပြီးနောက် တပ်မ(၃၃)သည် တောလမ်းမှ ချီတက်၍ ရန်ကုန်မြို့ကို မတ်လ၈ရက်နေ့တွင်သိမ်းသည်။ တပ်မ(၅၅)သည် ဗြိတိသျှတင့်ကားများ၏ မဆုတ်မနစ် ခုခံတိုက်ခိုက်မှုကို ရင်ဆိုင်ခဲ့ရပြီးနောက် ၎င်းတို့မြောက်ဘက်သို့ ဆုတ်သွားသည်တွင် ပဲခူးကို မတ်လ ၇ ရက်နေ့၌ သိမ်းလိုက်သည်။

အခြားမဲ့၌ ဖော်ညွှန်းထားသည်မှအပ ဂျပန်တပ်မတော်နှင့် တိုက်ခိုက်ခဲ့သော ဗြိတိသျှနှင့် အိန္ဒိယတပ်များမှာ ဒုတိယကမ္ဘာစစ်အတွင်းက အိန္ဒိယလက်နက်ကိုင်တပ်များ၏ တရားဝင်စစ်သမိုင်း၊ မြန်မာပြည်မှဆုတ်ခွာခြင်း ၁၉၄၁–၄၂တွင် ဖော်ပြထားချက်အရ အောက်ပါတပ်များဖြစ်သည်။–

၁၉၄၁ခုနှစ် ဒီဇင်ဘာလတွင် ဂလော်စတာရှားရဲဂျီးမင့်မှ တပ်ရင်း (၁)နှင့် ဘုရင့်ယောက်ရှားရဲဂျီးမင့်မှ တပ်ရင်း(၂) ပေါင်း ဗြိတိသျှတပ်ရင်း နှစ်ရင်း ရှိပါသည်။ ထားဝယ်တွင် ဗမာ့သေနတ်ကိုင်တပ်ရင်း (၃) နှင့် တပ်ရင်း (၆) တို့ရှိပါသည်။

ကူးဆိပ်တွင် အမှတ်(၁၀) ဘလူချီ ရဲဂျီးမင့်မှ ရင်း (၇) ရှိပါသည်။ ဤတပ်မှ အရာရှိ ၁၅ယောက်နှင့် စစ်သည် ၄၀၀ခန့် ထိခိုက်ဆုံးရှုံးကာ ဂျပန်တပ်မှ ၁၇ ယောက် ကျဆုံးပါသည်။



ဘီးလင်းတွင် ဘုရင့် ယောက်ရှားရဲဂျီးမင့်မှ ရင်း(၂) ၊ အမှတ်(၇)ဂေါ်ရခါး သေနတ်ကိုင်တပ်ရင်း၊ ဝေလမင်းသား၏ အမှတ်(၄) ဂေါ်ရခါးသေနတ်ကိုင်တပ်မှ ရင်း(၁) နှင့် အမှတ်(၄) တောင်ပေါ်ပစ် အမြောက်တပ်ခွဲတို့ ရှိသည်။

ဝါးနက်ချောင်း ။ "ထိုည ( မတ်လ၇ရက်) ညဉ့်နက်ပိုင်းတွင် ရန်ကုန်မှ ထွက်လာသည့် နောက်ဆုံးရထား ဝါးနက်ချောင်းတွင် ဆိုက်သည်။ ဤရထားသည် ရန်သူတိုက်ခိုက်မှုကြောင့် ဝါးနက်ချောင်းဘူတာအနီး တံတားတွင် ပျက်စီးသွားသည်။ ထိုရထားနှင့် လိုက်ပါလာသော တပ်ထိန်းတပ်ဖွဲ့နှင့် အရပ်သားဝန်ထမ်းများကို ဂျပန်နှင့်မြန်မာရန်သူတို့ တိုက်ခိုက်ရာ စီးနင်းတိုက်ခိုက်သူများကို ခုခံတိုက်ခိုက်ရာ၌ ၎င်းတို့ နှစ်ဆယ်ခန့်ကျပြီးနောက် တွန်းလှန်နိုင်ခဲ့ပြီး မတ်လ ၈ရက် နံနက်တွင် ဆုတ်ခွာနေသည့် ပင်မအင်အားစုများထံ သွားရောက် ပူးပေါင်းနိုင်ခဲ့သည်။"

ပဲခူးမြောက် (ဘုရားကြီးတစ်ဝိုက်)။ အမှတ်(၇) သံချပ်ကာယန္တရားတပ်ရင်း။

ပဲခူး။ ဂျပန် တပ်ခွဲ(၈) တိုက်ပွဲဖြစ်သည့်နေရာကို ဖော်ပြထားခြင်းမရှိပါ။ ပဲခူးအနောက်မြောက်ဘက် ဖြစ်ဖွယ်ရာရှိသည်။

"(မတ်လ၅ရက်ညနေတွင်) အနောက်ယောက်ရှား ရဲဂျီးမင့်၏ ရင်း(၁) ဌာနချုပ်နှင့် "ဘီ"နှင့်"ဒီ"တပ်ခွဲတို့သည် ပဲခူးအနောက်မြောက်ခြမ်းကို စိုးမိုးထားလျက်ရှိသည်။ "ဘီ" တပ်ခွဲကို မော်လမြိုင်သို့ ရထားလမ်းခွဲရှိရာ ပဲခူးမြောက်ဘက်တွင် လမ်းဆုံလမ်းခွကို ခွထိုင်ခိုင်းထားသည်။"

www.burmeseclassic.com

www.burmeseclassic.com



ကူးဆိပ်တွင် တပ်ရင်းကြီး (၂၁၅)မှ ရင်း (၂)က လှံစွပ်များဖြင့် အသံတိတ် ညတိုက်ပွဲ ဆင်နွှဲခဲ့သည်။ အတိုက်ခံရသည့် ၇/၁၀ ဘလူချီ တပ်ရင်းအတွက် ဖွဲ့ဆော်ဦး အတွေ့အကြုံပင် ဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာပင် တပ်ရင်းကြီး (၂၁၅)မှ ရင်း(၁)သည် ကူးဆိပ်မှ ထွက်ပေါက်ကို ဝင်ပိတ်ထားရာ အိန္ဒိယစစ်သား ၂၃၇ယောက်ကို လက်ရဖမ်းနိုင်လိုက်သည်။ ထို့ပြင် စစ်ကူလာသည့် ဗြိတိသျှတပ်ကိုလည်း တိုက်လွှတ်လိုက်နိုင်ခဲ့သည်။

စစ်တောင်းတံတား။ ။ တံတားထိပ် ရေခကုပ်တိုက်ပွဲကို ဗိုလ်မှူးချုပ်အင်န်ဟူးဂျုန်းစ်က ကွပ်ကဲသည်။ သို့သော် မည်သည့်တပ်ရင်းတပ်ဖွဲ့များပါ ဝင်ခဲ့သည် စသော အသေးစိတ်အချက်တို့ကိုမူ ဆက်လက်ဖော်ပြထားသည်မှအပ မသိရပေ။

“ဝေလမင်းသား၏အမှတ်(၄) ဂေါ်ရခါးသေနတ်ကိုင်တပ်၊ တပ်ရင်း(၁)မှ တပ်ခွဲတစ်ခွဲနှင့် အမှတ်(၃)ဂေါ်ရခါးသေနတ်ကိုင်တပ်ရင်း(၁)မှ ထုတ်နုတ်အင်အားတပ်ဖွဲ့ဖြင့် ဂျပန်တို့၏စက်ကလေးကို ချေမှုန်းဖယ်ထုတ်ရန်ကြိုးပမ်းသော်လည်း အမှောင်ထုနှင့် တောထူထပ်မှုကြောင့် မအောင်မြင်ခဲ့ပေ။”

တပ်မဟာနှစ်ခုခန့် စစ်တောင်းမြစ်အရှေ့ဘက်၌ရှိနေစဉ် စစ်တောင်းတံတားကို အချိန်မတန်မီ ဖောက်ခွဲဖျက်ဆီးလိုက်သည်။ ထိုတပ်များသည် ဂျပန်တို့က ဖေဖော်ဝါရီ ၂၂ရက်နေ့မှစ၍ တက်ထိုင်ထားသော ပွိုင့် ၁၃၅ တောင်ကုန်းရှိ ဂျပန်စက်သေနတ်များ၏ စိုးမိုးမှုအောက်တွင်ရှိနေ၍ တံတားကို မဖြတ်နိုင်ဘဲရှိသည်။ စစ်သည်အများက မြစ်ကိုရေကူး၍ သို့မဟုတ် ဖောင်ဖြင့် ကူးကာ ၁၇၃ ယောက်ကမူ ဂျပန်တို့ထံ လက်နက်ချလိုက်သည်။ ဤတပ်တို့၏ စစ်ကားကြီးများနှင့်



လက်နက်များ ဆုံးရှုံးသွားသဖြင့် မြန်မာပြည်တိုက်ပွဲစဉ်၌ ၁၉၄၂ ခုနှစ်တွင်း အလှည့်အပြောင်းကြီး တစ်ရပ်အဖြစ်တွင်ရစ်သည်။

မတ်လ ၇ ရက်နေ့နံနက်တွင် (၂၁၅) တပ်ရင်းကြီးမှ ရင်း(၃)နှင့် တောင်ပေါ်ပစ်အမြောက်နှစ်လက်တို့က ထောက်ကြံ့နှင့်မှော်ဘီအကြား ပြည်လမ်းကို ပိတ်ထားခဲ့သည်။ ရန်ကုန်မြို့စောင့်တပ်သည် ဗိုလ်ချုပ်ကြီးဆာဟာရိ အလဇန်း၁ါး ပါရှိလျက် လမ်းဆို့ကို ဖယ်ရှင်းရန် ဂျပန်တို့ဆက်သွယ်ရေးလမ်းကို ဖြတ်လိုက်သည့် နောက်တစ်နေ့ နံနက်အထိ ကြိုးပမ်းကြရသည်။ (၂၁၅)တပ်ရင်းကြီးနှင့် (၂၁၄)တပ်ရင်းကြီးမှ တပ်ခွဲ(၃)တို့ကမူ ဤတိုက်ပွဲခွင်ကို ရှောင်ကွင်း၍ ရန်ကုန်မြို့သို့တန်း၍ ဝင်သည်။ ထိုင်း-မြန်မာနယ်စပ်ကိုကျော်ရသည့် လမ်းမှာ မတ်စောက်၍ ရွံ့ဗွက်များသဖြင့် မိုးရာသီအတွင်း မသုံးနိုင်သည့်အတွက် စစ်ပစ္စည်းများနှင့် တပ်အင်အားဖြည့်ရန် ရန်ကုန်မြို့၏ဆိပ်ကမ်းသည် အခရာပင်ဖြစ်သည်။

**အပိုင်း(၂)**

ဂျပန်တပ်မတော်သည် မြန်မာပြည်အတွင်းသို့ အင်အားလျော့ တပ်မနှစ်ခုနှင့် စတင်ဝင်လာခဲ့သည်။ တပ်မ(၃၃)က ရန်ကုန်ကို ၁၉၄၂ခုနှစ် မတ်လ၈ရက်နေ့တွင် သိမ်းပြီးနောက် ဧရာဝတီမြစ်အတိုင်း မြောက်ဘက်သို့ဆန်တက်ကာ တပ်မ(၅၅)က ပဲခူးကိုသိမ်းပြီးနောက် မန္တလေးသို့ ဦးတည်တက်သွားသည်။ ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် တပ်မနှစ်ခု ထပ်ရောက်လာခဲ့သည်၊

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်မှ တပ်မ(၅၆)သည် မတ်လ ၂၄ ရက်နေ့တွင်လည်းကောင်း၊ စင်္ကာပူမှ တပ်မ(၁၈)သည် ဧပြီ ၇ ရက်နေ့တွင်လည်းကောင်းရောက်လာသည်။ ယင်းသို့ရှိစဉ် အင်အား ၅၀,၀၀၀ ရှိသည့် တရုတ်တပ်မတော်တစ်ခုသည် ဝင်လာပြီး ၎င်း၏ အမှတ်(၂၀၀) တပ်မသည် တောင်ငူ၌တက်လာသော ဂျပန်တပ်ဂျိ ဟန့်တားခုခံသည်။ တောင်ငူကိုဂျပန်တို့က သိမ်းပြီးနောက် တပ်မ(၅၅)နှင့် (၁၈)သည် မြောက်ဘက်ဆက်တက်ရင်းအများအားဖြင့် တရုတ်တပ်များနှင့် တိုက်ပွဲများဖြစ်သည်။ ထိုစဉ်တပ်မ(၅၆)သည် ရှမ်းပြည်နှင့် သံလွင်မြစ်ဒေသသို့ အရှေ့မြောက်ယွန်းယွန်း ဆက်တက်သွားသည်။ ပြည်လမ်းအတိုင်းတက်သည့် တပ်မ(၃၃)ကို ၎င်း၏တပ်ရင်းကြီး (၂၁၃)က လာရောက်ဖြည့်လိုက်၍ မူလတပ်ရင်းကြီး သုံးရင်းစလုံးနှင့် ပြည့်စုံသွားကာ ၁၀၅မမမြေပြင်ပစ်အမြောက်များ၊ ၁၅၅မမ ဟောင်ဝစ္စာအမြောက်များ၊ မော်တော်ဘုတ် အစင်း (၄၀)တို့နှင့် ထောက်ကူပေးသည်။ ဗြိတိသျှတို့က ပြည်မြို့ကိုကာကွယ်ရန် ထိုးစစ်အခြေပြုနိုင်ရေး ကြိုးပမ်းရာ၌ တင့်ကား ၁၀ စင်း၊ မော်တော်ယာဉ် အစီး၂၀၀ နှင့် လက်နက်အများအပြားကို မတ်လ ၃၀ရက်နေ့တွင် ဖြစ်ပွားသော ရွှေတောင်တိုက်ပွဲ၌ ဆုံးရှုံးသည်။ မတ်လ ၂၁-၂၄ ရက်တို့၌ ဂျပန်လေတပ်က မကွေးနှင့် စစ်တွေရှိ ဗြိတိသျှလေတပ်စခန်းများကို အင်အားစုစည်းမှုဖြင့်တိုက်ရာ လေယာဉ်တော်တော်များများ ဆုံးရှုံးသွား၍ ဗြိတိသျှ လေတပ်သည် အိန္ဒိယသို့ တပ်ခေါက်သွားလေသည်။

ဂျပန် (၂၁၅) တပ်ရင်းကြီးသည် ကုက္ကိုခွတိုက်ပွဲတွင် အောင်မြင်မှုမရခဲ့သော်ငြားလည်း (၂၁၄)တပ်ရင်းကြီးသည်



ရေနံချောင်းသို့ တိုက်တဆိတ်ဝင်၍ မြို့ကို ဧပြီ၁၉ရက်နေ့တွင် သိမ်းနိုင်လိုက်သည်။ ဗြိတိသျှ တပ်မဟာ(၄၈)သည် ကျောက်ဆည်တွင် ခံစစ်ဆင်၍ ဂျပန်တပ်မ(၁၈)နှင့် (၅၅) တို့ကို ဟန့်တားကာ မြောက်ဘက်ဆုတ်နေသော ဗြိတိသျှနှင့် တရုတ်တပ်များအတွက် ကာပေးထားသည်။ ဂျပန်တို့သည် မြန်မာပြည်၏ ဒုတိယမြို့တော် မန္တလေးကို မေလ၁ရက်နေ့တွင် သိမ်းလိုက်သည်။

တပ်မ(၃၃)သည် မုံရွာကိုမေလ ၂ရက်နေ့တွင်သိမ်း၍ ၎င်း၏တပ်ရင်းနှစ်ရင်းက ချင်းတွင်းမြစ်ရိုးအတိုင်းဆန်၍ အရေးပါသည့် မြစ်ကူးနေရာ ရွှေကျင်ကို မေလ ၁၀ ရက်နေ့တွင် သိမ်းနိုင်သဖြင့် ဗြိတိသျှတို့သည် ၎င်းတို့၏တင့်ကား အစင်းပေါင်း ၆၀နှင့် မော်တော်ယာဉ်အများအပြားကို စွန့်ခါ ခြေလျင်ဆုတ်သွားရလေသည်။

မြန်မာပြည်ရှိ ဗြိတိသျှတပ်သည် မတ်စောက်သော တောင့်တန်းများကိုကျော်ကာ မိုးမကျမီကလေးတွင်အိန္ဒိယနိုင်ငံ အင်ဖားမြို့သို့ ရောက်သည်။ ထို့ကြောင့်ဂျပန်တို့သည် မြန်မာတစ်ပြည်လုံးကို ၁၉၄၂ ခုနှစ်မေလခန့်တွင် သိမ်းပြီးဖြစ်သည်။

ဤဖြစ်စဉ်ဇာတ်လမ်းများအသီးသီးတွင် ဂျပန်တပ်များနှင့် တိုက်ခဲ့သော ဗြိတိသျှ-အိန္ဒိယတပ်တို့မှာ အောက်ပါအတိုင်းဖြစ်သည်-

ရွှေတောင်။ အမှတ်(၇) ဟာဇွာတပ်၊ အမှတ်(၇) သံချပ်ကာ တပ်မဟာ၊ အမှတ်(၁) ဂလော်စတာရှားတပ်၊ အမှတ် (၁)ကင်မာရိုးနီးယန်းတပ်။ အနောက်ယောက်ရှေ့တပ်၊ ဝဲလင်တန်မြို့စားတပ်နှင့် အမှတ်(၄၁၄)အမြောက်တပ်ခွဲ။

www.burmeseclassic.com

www.burmeseclassic.com



ကုက္ကိုခွနှင့် သတိုးတန်း။ တပ်မဟာ (၄၈)နှင့် အမှတ်(၂) တော်ဝင်တင့်ကားတပ်။

ရေနံချောင်း။ ဗမာတပ်မ(၁) (တပ်မဟာ ၁ နှင့် ၁၃)၊ (၇)သံချပ်ကာတပ်ရင်း (၇ ဟာဇွာတပ်မပါ)

ကျောက်ဆည်။ တပ်မဟာ (၄၈) (၁/၄, ၂/၅, ၁/၇ နှင့် ၁/၄ ဂေါ်ရခါးတပ်ရင်းများ)၊ ၇ ဟာဇွာတပ်၊ (၄၁၄) မြေပြင်ပစ်အမြောက်တပ်ခွဲ၊ (၉၅) တင့်ဖျက်အမြောက်တပ်ခွဲ။

မုံရွာ။ ဗမာတပ်မ(၁)၊ တပ်မဟာ(၆၃)၊ တပ်မဟာ (၆၃)၊ အမှတ်(၇)ဟာဇွာ (သံချပ်ကာ)။

ရွှေကျင်။ တပ်မဟာ(၄၈) ၊(၁) ဂျတ် စက်သေနတ်။ အမှတ်(၇) ဟာဇွာ၊ (၃) အိန္ဒိယ အမြောက်တပ်ခွဲ။

**အပိုင်း(၃)**

ဗြိတိသျှကြည်းတပ်နှင့် တရုတ်ကြည်းတပ်တို့က မြန်မာပြည်မှ ဆုတ်သွားသည့်နောက်တွင် ဒုဗိုလ်ချုပ်ကြီးအီဒါ ကွပ်ကဲသည့် ဂျပန်အမှတ်(၁၅)တပ်တော်က တပ်မ (၄) ခုဖြင့် မြန်မာပြည်ကိုသိမ်းပိုက်ထားသည်။ တပ်မ(၁၈)သည် တောင်ကြီး၊ တပ်မ(၃၃) သည် ရေနံချောင်း၊ တပ်မ(၅၅)မန္တလေးနှင့်သိန္နီတွင် တပ်မ(၅၆) ဟူ၍ တပ်မလေးခုကို တပ်ဖြန့်ထားသည်။

၁၉၄၂ ခုနှစ်ဩဂုတ် ၁၀ရက်နေ့တွင်မဟာတ္တမဂန္ဒီ၊ ပဏ္ဍိတ်နေရူးနှင့် များစွာသော အခြားအိန္ဒိယလူမျိုးခေါင်းဆောင်များကို ဗြိတိသျှတို့က ဖမ်းသဖြင့် ဆူပူမှုများ အိန္ဒိယနိုင်ငံတစ်ဝန်း ပျံ့နှံ့သွားပါသည်။ ထိုအချိန်တွင် တောင်ပိုင်းတပ်မတော်က အမှတ်(၁၅) တပ်တော်အနေဖြင့် အိန္ဒိယနိုင်ငံကို ထိုးစစ်



ဆင်နိုင်ရေးအတွက် ပြင်ဆင်ရန် ညွှန်ကြားခဲ့ပါသည်။ တပ်မ (၁၈)က ဟူးကောင်းတောင်ကြားလမ်းမှ တင်စုကြာသို့လည်းကောင်း၊ တပ်မ(၃၃)က အင်ဖားမှတစ်ဆင့် ဒီမာပူသို့လည်းကောင်း ချီတက်ရန်သဘောဖြစ်ပါသည်။ သို့သော် တပ်မ(၁၅) တပ်မမှူး ဒုဗိုလ်ချုပ်ကြီး ရေညာမူတာဂူချီနှင့် တပ်မ (၃၃) တပ်မမှူး ဒုဗိုလ်ချုပ်ကြီး ရှိမိ ဆာကူရိုင်းတို့က ထိုစီမံချက်ကို ဘဝင်မကျကြ၍ ထိုအခါက စစ်ဆင်ရေးမလုပ်ဖြစ်ပေ။

၁၉၄၂ ခုနှစ်နှောင်းပိုင်းသို့ရောက်လျှင် ဗြိတိသျှတို့က ရခိုင်ကို ထိုးစစ်ဆင်လိမ့်မည်ဟုမျှော်မှန်းရသဖြင့် တပ်မ(၅၅)ကို ရခိုင်သို့လွှတ်ရန် ဆုံးဖြတ်လေသည်။ တပ်မ(၁၈)ကိုလည်း မြန်မာပြည် အနောက်မြောက်ပိုင်း၌ ဟူးကောင်းတောင်ကြားဒေသကို ကာကွယ်ထားစေသည်။

ဗိုလ်မှူးချုပ် အော်ဒီဝင်း ဂိတ်သည် "ခြင်္သေ့စ်တပ်[၁]" ဟု တွင်သည့် အင်အား၃,၀၀၀ နှင့် ၁၉၄၃ ခု ဖေဖော်ဝါရီ ၁၄ ရက်တွင် ချင်းတွင်းမြစ်ကိုဖြတ်၍ အရှေ့ဖူးဖူး မြန်မာပြည်ထဲသို့ ဝင်ရောက်လာပါသည်။ ဤတပ်သည် လေကြောင်းထောက်ပံ့ပေးမှုဖြင့် မန္တလေး-မြစ်ကြီးနား ရထားလမ်းကို လေးပတ်မျှ သုံးမရအောင် ဖြတ်တောက်ထား နိုင်ခဲ့ပါသည်။ ခြင်္သေ့စ်တပ်များသည် အိန္ဒိယသို့ မေလ ပြန်ဝင်သည့်အခါတွင် ဝင်ရာ၌ ထိခိုက်ဆုံးရှုံးမှုမှာ ပြန်းတီး အင်အား ၁,၀၀၀ ခန့် ရှိပါသည်။

---

၁။ Chindits

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(၄)

၁၉၄၂ ခုနှစ် မေလ ၄ ရက်နေ့တွင် ဂျပန်ခြေလျင်တပ်စုတစ်စုကဝင်၍ တပ်စွဲပြီးနောက်တွင် တိုက်လေယာဉ်အုပ်တစ်အုပ်ပါလိုက်လာ ပါသည်။ ၁၉၄၂ ခုနှစ် အောက်တိုဘာလတွင် တပ်ရင်းကြီး(၂၁၃) မှ တပ်ရင်းနှစ်ရင်းက လာရောက်အင်အားဖြည့်လိုက်ပါသည်။

အိန္ဒိယတပ်မ (၁၄)သည် ဘူးသီးတောင်–မောင်တောကိုဒီဇင်ဘာ ၁၇ရက်နေ့တွင် တပ်စွဲထားပြီးနောက် စစ်တွေသို့ဦးတည် ဆင်းလာရာ၌ ဂျပန်တပ်များက ဒုံပိုက်နှင့်ရသေ့တောင်တွင် ခုခံဟန့်တားလိုက်ပါသည်။

တပ်မ(၅၅)သည် ၁၉၄၃ ခု ဖေဖော်ဝါရီလတွင် တစ်ပိုင်းတစ်စတစ်စီ ရောက်လာပါသည်။ ၎င်းတပ်မမှ တပ်ရင်းကြီး(၁၁၂)သည် မယူတောင်တန်းကိုဖြတ်၍ အင်းဒင်ကို ဧပြီ ၆ ရက်နေ့တွင် သိမ်းလိုက်ရာ တပ်မဟာ (၆)နှင့်(၄၇) တို့ကိုဆုတ်ခွာစေခဲ့ပါသည်။ ဂျပန်တပ်များသည် ဘူးသီးတောင်–မောင်တောဒေသကို မေလ ၁၄ ရက်နေ့တွင် ပြန်သိမ်းနိုင်ခဲ့ပါသည်။ မိုးရာသီကုန်သည့်အခါ တပ်မ(၅၅)မှ အဓိက အင်အားစုသည် ဗိုလ်ချုပ်တိုကူတာရိုဆာကူရိုင်း ကွပ်ကဲလျက် ဘူးသီးတောင် အရှေ့မြောက်မှ ဗြိတိသျှတို့၏ခံစစ်ကြောင်းကို ခြေလုံစွာဖောက်၍ ၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလ၄ရက် နံနက်တွင် တောင်ဘဇာကို သိမ်းပြီးနောက် အိန္ဒိယ တပ်မ(၇)ကို နောက်ပိုးသိပ် ဝင်တိုက်ရာ ဆင်စွယ်ရချိုင်ထဲတွင် နောက်ကျောမှ



ပတ်ဝိုင်းထားနိုင်ခဲ့ပါသည်။ သို့သော် ဗြိတိသျှတို့၏ "အုပ်ချုပ်မှုခွင် [၁]" မှာ ခိုင်ခိုင်ခံ့ခံ့ စေ့စေ့စပ်စပ် စုစည်းခုခံထားသဖြင့် ဆာကူရိုင်းစစ်ကြောင်းက မည်သို့မျှ ထိုးဖောက်လွှမ်းမိုးခြင်းငှာ မတတ်နိုင်ဘဲ နောက်ဆုံး ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဆုတ်ပေးရတော့သည်။ "ဂျပန်တို့၏စစ်ဆင်ရေးကြီးတစ်ရပ်ကို ဗြိတိသျှတပ်တစ်တပ်က ရင်ဆိုင်ထိန်းထားပြီးနောက် ပီပီပြင်ပြင် အနိုင်ယူလိုက်သည့် ဗွေဆော်ဦးအဆုံးဖြတ်ပေးသောတိုက်ပွဲပင်ဖြစ်သည်" ဟုစလင်းကဆိုခဲ့သည့်အတိုင်းမြန်မာပြည် တိုက်ပွဲစဉ်တွင် အရေးပါသော အလှည့်အပြောင်း တစ်ရပ်ပင်ဖြစ်သည်။

ဂျပန်တို့အထိနာပြီး ပြန်လန်လာရသော်လည်း ဘူးသီးတောင်–မောင်တောကိုမူ လက်ဝယ်ဆက်ယူထားနိုင်ခဲ့သည်။ အမှတ် (၂၆)၊ (၃၆)နှင့် (၂၅) အိန္ဒိယတပ်မတို့၏ထိုးစစ်များကို မိုးကျသည်အထိ ခုခံထားနိုင်ခဲ့သည်။ ကုလားတန်မြစ်ဝှမ်းအတိုင်း ဝင်လာသည့်အမှတ်(၈၁) အနောက်အာဖရိကတပ်မကို "ကိုဘ"စစ်ကြောင်းက မတ်လ ၁ ရက်နေ့တွင် ကျောက်တော်ခွင်၌ ဆိုင်ထားခဲ့သည်။

ကိုဘစစ်ကြောင်းတွင် တပ်ရင်းကြီး (၁၁၁) (အင်အားထက်ဝက်ခန့်လျော့) ၊တပ်ရင်းကြီး (၁၄၃)မှ ရင်း(၂)၊ အမှတ်(၅၅)မြင်းတပ် တပ်ရင်းကြီး၊ အင်အားဖြည့်စစ်သည် ၁,၂၀၀ခန့်ပါသည့် စုပေါင်းစပ်ပေါင်း တပ်ရင်းနှင့် ၁၀၅မမ အမြောက်နှစ်လက် ပါဝင်သည်။ ဂျပန်တပ်များသည် ၁၉၄၄ ခုနှစ် ဒီဇင်ဘာ၂၈ရက်နေ့အထိ စစ်တွေကို ထိန်းထားပြီးနောက် အရှေ့ဘက်သို့ ဆုတ်ကြသည်။

---

၁။ Admin Box

www.burmeseclassic.com

www.burmeseclassic.com



ဤဖြစ်စဉ် ဓာတ်လမ်းတို့တွင် ဂျပန်ကို တိုက်ရာ၌ ပါဝင်ခဲ့သော ဗြိတိသျှတပ်များမှာ။—

ဒုံပိုက်။ အမှတ်(၁၄)အိန္ဒိယတပ်မမှ တပ်မဟာ (၄၇)၊ (၅၅)နှင့်(၆)။

မွိုင့် ၁၀၅ တောင်ကုန်း (ရသေ့တောင်မြို့၏မြောက်)။ တပ်မဟာ(၅၅)မှ ထုတ်နုတ်တပ်အင်အား။

အင်း၁င်။ တပ်မဟာ (၆)။

ဆင်စွယ်ရ။ အမှတ်(၇)အိန္ဒိယတပ်မ။

ကျောက်တော်တောင်ကြားလမ်း။ အမှတ်(၂၅) ဒြက်ဝွန်းတင့်ကားတပ်မှ စုပေါင်းစပ်ပေါင်း တပ်ခွဲတစ်ခွဲ(ဗိုလ်မှူးကျိမ်းစ် အယ်လင်ဆန် ကွပ်ကဲမှုအောက်)

## အပိုင်း(၅)

အမှတ်(၁၅)တပ်တော်၏ သေနာပတိ ဗိုလ်ချုပ်ကြီး မူတာဂုချိ၏အမြင်တွင် မြန်မာပြည်အနောက်မြောက်ရှိ တောတောင် ထူသောဒေသမှာ အဟန့်အတားတစ်ရပ်မဟုတ်၊ ဤအချက်ကို ၁၉၄၃ ခုနှစ်တွင် ဝင်းဂိတ်စစ်ဆင်ရေးက သက်သေထူခဲ့ပြီဖြစ်သည်၊

မြန်မာပြည်ကို ကာကွယ်ရန် အကောင်းဆုံးနည်းမှာ အင်ဖားရှိ ဗြိတိသျှစခန်းကြီးကို တိုက်ခိုက်သိမ်းပိုက်ရန်ပင် ဖြစ်သည်။ အင်ဖားကို သိမ်းပြီးလျှင် နောက်တစ်ဆင့်အနေဖြင့် အာသံနယ်ထဲသို့တိုးချဲ့ပြီးနောက် ယခင်ကွန်ဂရက်ပါတီ၏ ဥက္ကဋ္ဌဟောင်း ဆုဘာ့စ်ချန္ဒြာဗိုစ့် ဦးဆောင်သည့် အိုင်အိင်န်အေ ခေါ် အိန္ဒိယအမျိုးသားတပ်မတော်၏အထောက်အကူဖြင့် အိန္ဒိယနိုင်ငံနှင့်အဝန်း ဆူပူအုံကြွမှု ဖြစ်ပေါ်စေရန် မီးမွှေးပေးခြင်းဖြင့် ဗြိတိသျှတို့ကို အိန္ဒိယမှမောင်းထုတ်ရန်ပင် ဖြစ်လေသည်။



၁၉၄၄ ခုနှစ်မတ်လတွင် ဂျပန်တပ်မ(၃၃)သည် တောင်ဘက်မှဆန်တက်လျက်လည်းကောင်း၊ တပ်မ(၁၅)သည် အရှေ့ဘက်မှလည်းကောင်း အင်ဖားသို့ ဦးတည်ချီတက်လျက်ရှိကာ တပ်မ(၃၁)သည် အရှေ့တစ်ကြောမှပင် ကိုဟီးမား တောင်ပေါ်မြို့ကလေးဆီသို့ ချဉ်းကပ်လျက် ရှိလေသည်။

တစ်ဒင်ကားလမ်းကိုမှီ၍ တက်လာသော တပ်မ(၃၃)ကို အိန္ဒိယတပ်မ(၁၇)က ရင်ဆိုင်ထားသည်။ ဤတပ်မနှစ်တပ်သည် ၁၉၄၂ ခုနှစ်တွင်း ဗြိတိသျှတပ်များ မြန်မာပြည်မှ ဆုတ်ခွာစဉ်ကလည်း ရင်ဆိုင်တိုက်ခဲ့ဖူးသော တပ်များဖြစ်သည်။ ဂျပန်တို့က တပ်မ(၁၇)ကို အစတွင် ဝိုင်းပတ်ထားနိုင်ခဲ့သော်လည်း မချေမှုန်းနိုင်ခဲ့ပေ။ ထိုနောက် တင့်ကားများ၊ အမြောက်များ၏ အထောက်အကူဖြင့် အင်ဖားကိုမီးကုန်ယမ်းကုန် ထိုးစစ်ဆင်ခဲ့သော်လည်း ဗြိတိသျှတပ်မကြီး(၄)က လက်ဦးသွားခဲ့သည်။ ဤနယ်မြေအနှံ့ ကျားကုတ်ကျားခဲတိုက်ခဲ့ကြရာတွင် ဂျပန်တို့ နောက်ဆုံးတွင် ရှုံးပွဲဖြင့် ဓာတ်သိမ်းရလေသည်။

ခြေလျင်တပ် လေးရင်းသာပါသော တပ်မ(၁၅)သည် အင်ဖားအနောက်မြောက်ရှိ တောင်ကြီးကမ်းကြီး တောကြီးမျက်မည်းကိုကျော်လွှားကာ ကိုဟီးမားနှင့် အင်ဖား ဆက်သွယ်ထားသောကားလမ်းမကို ကန်ဂလာတုန်ဗီတွင် ဖြတ်တောက်ပိတ်ဆို့ထားနိုင်ခဲ့သည်။ ဗိုလ်ချုပ်လင်းပိုင်း၌ တိုက်ထုတ်ခံရသည့်အချိန်အထိ ဤနေရာတွင် ခြေကုပ်ယူထားကာ ပိတ်ဆို့ဖြတ်တောက်ထားနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တပ်မ(၃၁)သည် ချင်းတွင်းမြစ်ကိုကူးပြီးနောက် တောင်တန်းကြီးများကို ကျော်ဖြတ်၍ဝင်လာသည်။ ဤတပ်မမှ တပ်ရင်းကြီး(၅၈)ကအုကရုးကိုသိမ်းပြီးနောက်တွင် ဗိုလ်ချုပ်မိယာဇာကီက ဆန်ရှတ်ကို ဝင်တိုက်ရာ၌ မလိုအပ်ဘဲ တစ်ပတ်မျှ နောက်ကျသွားစေခဲ့သည်။ ဤသို့ဗြိတိသျှတို့အတွက် အချိန်ရလိုက်သဖြင့် ခံစစ်ကို ပိုမိုတောင့်တင်းအောင် ပြင်ဆင်နိုင်သွားသည်။

တပ်မ(၃၁)သည် ကိုဟီးမားတစ်ဝိုက်တွင် ဟိုတစ်ကွက် ဒီတစ်ကွက် တောင်ကုန်းကလေး အနည်းငယ်မှအပ သိမ်းနိုင်ခဲ့သည်။ သို့သော် နည်းနည်းနောနောမဟုတ် ရင်းနှီးပြီးမှ ရခြင်းဖြစ်သည်။ ရထားလမ်းဆုံးဖြစ်သော ဒီမာပူမြို့ကို အခြေပြုသော တပ်မကြီး(၄)၏ထောက်ပံ့ဆက်သွယ်မှု လမ်းကြောင်းကိုဖြတ်ကာ အင်ဖားကို ပို၍ ထီးတည်းဖြစ်စေရန် ဖန်တီးနိုင်ခဲ့သည်။ ဗြိတိသျှတို့သည် အင်ဖားကို လေကြောင်းမှသာ ထောက်ပံ့မှု အင်အားဖြည့်တင်းမှုပြုပေးနိုင်သည့် အခြေရှိသည်။

မူတာဂုချိ၏ စီမံချက်အရ တပ်များနှင့်အတူ ယူဆောင်သွားသည့် နွားများကိုပေါ်သည့်အမဲသားဖြင့် ပထမ ထိုနောက်တွင် ဗြိတိသျှတို့ထံမှ ရသည့် စားနပ်ရိက္ခာတို့ကို စားသုံးရင်းတိုက်ရန်ပင်ဖြစ်သည်။ သို့သော် လမ်းခုလတ်တွင် နွားများသေကုန်၍ ဗြိတိသျှတပ်များကလည်း ၎င်းတို့မဆုတ်မီ စုပုံရိက္ခာတို့ကို အများအားဖြင့်ဖျက်ဆီးပြီးမှဆုတ်ခွာကြသည်။ ဤသို့ မတ်စောက်သော တောင်တန်း များကိုဖြတ်သန်း၍ ထောက်ပံ့ရန်ခက်ခဲလှသည့်အလျှောက် တပ်မ(၃၁) တပ်မမှူး ဒုဗိုလ်ချုပ်ကြီးဆာတိုက ဗိုလ်ချုပ်ကြီးမူတာဂုချိထံ ခွင့်မတောင်းတော့ဘဲ



၁၉၄၄ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ကိုဟီးမားမှ ဆုတ်ရန် ဆုံးဖြတ်လိုက်တော့သည်။

ဂျပန်တပ်မ သုံးခုနှင့် အိုင်အင်န်အေတပ်မှ ကျန်အင်အားစုများသည် အငတ်ငတ်အပြတ်ပြတ်ဖြင့် ရောဂါဘယဖိစီးလျက် နွံ့တော ဖွက်တောတို့ကိုဖြတ်၍ မြန်မာပြည်တွင်းသို့ ခွေယိုင်ချည့်နဲ့လျက် ဒယီးဒယိုင်ဝင်လာကြသည်။ ဂျပန်ကြည်းတပ်မတော်အနေဖြင့် အထိနာဆုံးသော ရှုံးပွဲကြီးပင်ဖြစ်တော့သည်။ ဤလေးလအတွင်း ဂျပန်တို့၏ထိခိုက်ရှနသည့်စစ်သည် ၆၀,၀၀၀ကျော်မျှ ရှိသည်။ မူတာဂုချိက ဆုတ်ချိန်တန်လျက်နှင့် မဆုတ်ခိုင်းဘဲ ခေါင်းမာမာဖြင့် ဆက်တိုက်ခိုင်းခဲ့ခြင်းကြောင့်လည်း ထိခိုက်ရှနမှု ပမာဏ ပို၍တိုးလာခဲ့သည်။ ဗြိတိသျှတို့ဘက်တွင်လည်း ထိခိုက်ရှနသူ ၁၇,၀၀၀ကျော်ရှိသဖြင့် ဗြိတိသျှတို့အတွက်လည်း အရင်းအနှီးများလှသည်။

## အပိုင်း(၆)

အင်ဖားမှဆုတ်လာရပြီးသည့်နောက်တွင် ဗြိတိသျှအမှတ်(၁၄)တပ်တော်ကို ဧရာဝတီမြစ်ကမ်း၌ ဟန့်တားထားရန် ဂျပန်တို့က စီမံချက်ချမှတ်လေသည်။ တပ်မ(၁၅)၊ (၃၁)နှင့် (၃၃)တို့ပါဝင်သော အမှတ် (၁၅) တပ်တော်က အင်အားလျော့နေကာ လှုပ်ရှားနိုင်စွမ်း၌ ကန့်သတ်ချက်ရှိသော်လည်း မတ္တရာ၊ စစ်ကိုင်းနှင့် ပခုက္ကူခွင်ကိုလည်းကောင်း တပ်မ(၁၈) နှင့် (၅၆)တို့ပါဝင်သော အမှတ်(၃၃)တပ်တော်က လားရှိုးမှ မန္တလေးမြို့ အရှေ့မြောက်သို့ အကြမ်းမျဉ်းကို ထိန်းထား၍လည်းကောင်း၊ တပ်မ(၅၄)နှင့် (၅၅) တို့ပါဝင်သော အမှတ်(၂၈)

www.burmeseclassic.com

www.burmeseclassic.com



တပ်တော်က ရေနံချောင်း၊ ပုသိမ်နှင့် ရန်ကုန်ကို ထိန်းထားရန်လည်းကောင်း စီမံပါသည်။

၁၉၄၅ ခုနှစ်ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗြိတိသျှ အမှတ်(၂၀)တပ်မသည် ဧရာဝတီမြစ်ကို စတင်ကူးဖြတ်ကာ သုံးပတ်ကြာမျှ တိုက်ပွဲများတိုက်သည့်နောက်တွင် မြစ်ကူးတို့ ခြေကုပ်နေရာ တည်ဆောက်နိုင်ခဲ့ပါသည်။ ဤတိုက်ပွဲများ၌ ဂျပန်တပ်မ(၃၃)မှ တပ်ရင်းနှစ်ရင်းသည် မူလအင်အား ၁,၂၀၀ အနက်မှ ၉၅၃ ဦးဆုံးရှုံးသွားပါသည်။ တပ်မ(၁၇)သည်လည်း ဧရာဝတီမြစ်ကို ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ကူးပြီးနောက် ၄ရက်အကြာတွင် သံချပ်ကာ တပ်မဟာ (၂၅၅) ဦးဆောင်၍ မြစ်ကူးခြေကုပ်မှထွက်၍ မိတ္ထီလာမြို့ကို အငိုက်ဖမ်း သိမ်းပိုက်နိုင်ခဲ့ပါသည်။ ဂျပန်တပ်မ(၁၈)နှင့် (၄၉) တို့က တန်ပြန်ထိုးစစ်ဆင်၍ ပြန်သိမ်းနိုင်ရန် ကြိုးပမ်းသော်လည်း ကျားကုတ်ကျားခဲ တိုက်ပြီးနောက် မတ်လ ၂၈ ရက်နေ့တွင် ပြန်ဆုတ်ကြရလေသည်။

ဗြိတိသျှ တပ်မ(၁၉)သည် တပ်မ(၂)နှင့် (၂၀) တို့၏ အထောက်အကူဖြင့် မန္တလေးကို မတ်လ၁၉ရက်နေ့တွင် သိမ်းနိုင်လိုက်ပါသည်။ ထို့နောက်တွင် ဂျပန် အမှတ်(၁၅)နှင့် (၃၃)တပ်မတော်တို့သည် စစ်တောင်းမြစ် အရှေ့ဘက်ဒေသမှ တစ်ဆင့် တနင်္သာရီနှင့် ထိုင်းနိုင်ငံအတွင်းသို့ ဆုတ်ခဲ့ကြလေသည်။

ဂျပန်အမှတ် (၂၈) တပ်တော်သည် ပဲခူးရိုးမဒေသမှ အင်အား ၃၈,၀၀၀ဖြင့် ၁၉၄၅ ခု ဇူလိုင်လ ၂၀ရက်နေ့တွင် အရှေ့ဘက်သို့ ဖောက်ထွက်ရာ အသင့်စောင့်နေသော တပ်မ



(၁၇)က လိုက်လံတိုက်ခိုက်ရာတွင် စုစုပေါင်း ၁၅,၀၀၀ သာ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းသို့ ကူးသွားနိုင်ခဲ့သည်။

ဩဂုတ်လ ၁၅ရက်နေ့တွင် ဂျပန်ဧကရာဇ်က စစ်ပြီးကြောင်း ကြေညာပြီးသည့်နောက်တွင် ဂျပန်တပ်များကို "လက်နက်ချ ဂျပန်စခန်း"များ၌တဖြည်းဖြည်း စုစည်း လိုက်သည်။ မြန်မာပြည် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ပြီးနောက် ၁၉၄၇ခုနှစ် ဇူလိုင်တွင် ဂျပန်ပြည်သို့ ပြန်ပို့ပေးလိုက်တော့သည်။

မြန်မာပြည်တိုက်ပွဲများတွင် ပါဝင်ခဲ့သော ဂျပန်တပ်များမှ အရာရှိနှင့်စစ်သည် ၃၀၅,၅၀၁ အနက် ၁၈၅,၁၄၉တို့မှာ ကျဆုံး၍သော်လည်းကောင်း၊ ဖျားနာရာမှ သေဆုံး၍သော်လည်းကောင်း ၁၁၈,၃၅၂ ယောက်၊ ရာနှုန်းအားဖြင့် ၃၉ ရာနှုန်းမျှသာ မိမိတို့သက်ဆိုင်ရာအိမ်သို့ ပြန်ရောက်ကြလေသည်။

www.burmeseclassic.com